
http://www.dhammadownload.com

# အရှင်ဝဏ္ဏသီဟာဘိဝံသ

သ.စ.သ.အဓမ္မာစရိယ
ဝိနယပါဠိပါရဂူ
၏

# ဒု,ပါရာဇိကဏ်
## စာစဉ်



၁၃၅၅ ခုနစ် ပို့ချသည်

http://www.dhammadownload.com

## ဤစာအုပ်တွင် . . .

- ဒုတိယပါရာဇိကကဏ်ရှိအဖွင့်အားလုံးကို စာချတန်းစည်းမျဉ်းနှင့် အညီ နံပါတ်စုံ(၇၅)ဝါကျနှင့် ဖြည့်စွက်ချက်(၄+၅+၇+၈) နံပါတ်များဆိုင်ရာ ပုဒ်ပေါင်း (၃၀၀) ကျော်ကို ထိထိမိမိ စီစဉ်ထားပါသည်။
- ပါရာဇိကကဏ် စာဝါကို အခါအခွင့်မသင့်လို့ လိုက်ခွင့် မကြုံခဲ့သော်လည်းကောင်း
- ပါရာဇိကကဏ် မှတ်စုကောင်း မရှိခဲ့သော်လည်းကောင်း
- ပါရာဇိကကဏ် မေးခွန်းလွှာအတွက် စိုးရိမ်စိတ်နှင့် ရင်ထိတ် နေခဲ့သော်လည်းကောင်း

  ဤစာအုပ်သည် မလေ့လာမဖြစ် လေ့လာရမည့် စာအုပ် ဖြစ်သည်။
- ဤစာအုပ်ကို လက်ယာ လက်ဖြင့် ကိုင်မိသောအရှင်- သင်၏ လက်ဝဲလက်သည် "ဓမ္မာစရိယဘွဲ့တံဆိပ်တော်"ကို လက်ခံယူရန် အသင့်ပြင်ထားနိုင်ပြီဟု ဆိုရလောက်အောင် ဤစာအုပ်က တာဝန်ယူသွားပါလိမ့်မည်။ ။


http://www.dhammadownload.com

http://www.dhammadownload.com

# အရှင်ဝေပုလ္လသိဟာဘိဝံသ

သ.စ.သ.ဓမ္မာစရိယ
ဝိနယပါဠိပါရဂူ
၏

# ဒု,ပါရာဇိကာဏ်
ဘာခဍ



[illegible]

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၅၄/၉၄) (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (    / ၉၄) (၁)

–

ပထမအကြိမ်

–

အုပ်ရေ – ၁၀၀၀

–

၁၉၉၄ – ခုနှစ်

–

ဇန်နဝါရီလ

–

ပန်းချီ – ဝေမွန်လင်း

–

အဖုံးရိုက် – စာပေပေါင်းကူးပုံနှိပ်တိုက်

–

စာအုပ်ချုပ် – အောင်မြင့်နှင့်အဖွဲ့

–

တန်ဖိုး – ၁၀၀ ကျပ်

–

ဦးတင်မောင် (၀၂၄၈)၊ စာပေပေါင်းကူးစာအုပ်တိုက်၊ အမှတ်–၉၀ (အောက်)၊ ဝေဇယန္တာလမ်း၊ ၈–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၁၂၅၆–မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၆၄/ စီ၊ ကြာပဒုမ္မာလမ်း၊ ၃/၁ ရပ်ကွက် (ငွေကြာရုံရိပ်သာ)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။ (ဖုန်း–၅၅၉၁၅)

http://www.dhammadownload.com

# စာမိတ်ဆက်

## " စာမိတ်ဆက် "

**ပါရာဇိကကဏ်စာဝါ။** ။ပိဋကတ်ကို ကျမ်းကြီးပေါက်ပဲ သင်သင်, ခေတ်ကာလ အားလျော်စွာ စာမေးပွဲပဲ ဝင်ဝင်, မသင်မဖြစ်ကျမ်းမှာ ပါရာဇိကကဏ်ဖြစ်ပါသည်၊ ဖွင့်နည်းများကစုံလင်လှသလို အထောက်အကူပြုကျမ်းတို့ကလည်း များပြားလှသည်၊ ပါရာဇိကကဏ်ကိုသင်ယူလျှင် ၎င်း၏ အခြေအရံများဖြစ်သော နိဿယ, ဂဏ္ဌိ-စသော မြန်မာနက်ကျမ်းများ၊ ဋီကာ,ယောဇနာ-စသော မာဂဓကျမ်းများကိုပါ တစ်ပါတည်း လေ့လာရသည်၊ ထို့ကြောင့် ပိဋကတ် အဏ္ဏဝါ သမုဒ္ဒရာ ကူးခတ်သူတို့သည် ပါရာဇိကကဏ်တွင် အတွေ့အကြုံ, သက်လုံ, အင်အားတို့ကို ဦးစွာမွေးမြူရသည်၊ ပါရာဇိကကဏ်ကပေးသော ၎င်းအစွမ်းသတ္တိများသည် စာသင်သားများအတွက် တန်ဖိုးမဖြတ်နိုင်သော အမြုတေဖြစ်သည်။

**ပါရာဇိကကဏ်နှင့် ပြည်မြန်မာ။** ။စာသင်သားတိုင်း ပါရာဇိကကဏ်ကို ပိုင်နိုင်ချင်ကြသလို စာချဆရာတော်တိုင်းလည်း နိုင်နင်းချင်ကြသည်၊ ထို့ကြောင့် ပြည်မြန်မာသာသနာ၏ ပရိယတ်ပန်းဥယျာဉ်အတွင်း စာချ,စာသင်နှစ်ဦးသားအမြင်တွင် ပါရာဇိကကဏ်သည် တစ်ပွင့်တည်းသော ပင်မြင့်စံဖြစ်နေသည်မှာ နဂိုယဉ် ပင်ကိုယ်လှ သူ့အစွမ်းအစ၏ နေရာမှန်ပင် ဖြစ်သည်။

**ပါရာဇိကကဏ်နှင့် ခေတ်။** ။ခေတ်အဆက်ဆက် စာသင်သားလောကကိုလွှမ်းမိုးခဲ့သော ပါရာဇိကကဏ်သည် စာရေးသူတို့ခေတ်တွင်လည်း နေရာမယွင်းသေးပါ၊ ပြည်မြန်မာ၏ ထိပ်တန်းစာမေးပွဲများဖြစ်ကြသည့် သက္ကျသီဟ, စေတိယင်္ဂဏ, အစိုးရဓမ္မာစရိယတန်းတို့တွင် အရေးပါသောနေရာမှာ သူဖြစ်နေပြန်သည်။ စာသင်သား အစိတ်အပိုင်း တော်တော်များများက ပါရာဇိကကဏ်အောင်လျှင် စာချတန်းအောင်သည်ဟုပင် သမုတ်ကြသည်၊ဤမျှ ဟိတ်ကြီးသောပါရာဇိကကဏ်၏ဂုဏ်ရည်သည် ၎င်း၏ မေးခွန်းလွှာ တစ်ခုချင်းအပေါ် များစွာတည်ရှိနေသည်၊ ပါရာဇိကကဏ်နှင့် စတင်တွေ့ဆုံစဉ်က ရင်ခုန်ခဲ့ရသောအဖြစ်လေးများကို သတိတရရှိနေသေးသည်၊ "သာမဏေ သက္ကျသီဟ တတိယဆင့်၊ သက္ကျသီဟ, စေတိယင်္ဂဏ, အစိုးရဓမ္မာ စရိယတန်းများကို ဖြေဆိုအောင်မြင်ရန် ကြိုးပမ်းစဉ်က" ဖြစ်ပါသည်၊ စာချဆရာ တော်များထံတွင် ကိုယ်တိုင်လိုက်နေသည်ကို အားမရသေးဘဲ ဘုန်းကြီး (ဦးအဂ္ဂဉာဏာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊မန္တလေး မြို့)လိုက်ခဲ့သော မှတ်စုများကို ထပ်ဆင့်လေ့လာ ကျက်မှတ်သေးသည်၊ ဤသို့ မိတ်ရင်း တမျှရင်းနှီးကျွမ်းဝင်လှစွာ ပေါင်းသင်းထားသောပါရာဇိကကဏ်သည် စာမေးပွဲခန်းတွင်း မေးခွန်း

http://www.dhammadownload.com



ဘဝနှင့် ပြန်လည်ဆုံတွေ့သောအခါ တစိမ်းဆန်သော အမူအရာများကို ပုစ္ဆာနံပါတ်များကြားမှ ပြလာတတ်သေးသည်၊ အလိုက်သင့်ဖြေဆိုနိုင်ခဲ့သော်လည်း စိုးရိမ်စိတ်နှင့် ရင်ခုန်သံသည် စာမေးပွဲခန်းတွင်းသို့ ဝင်သည်မှ ထွက်သည့်တိုင်အောင် ညံနေခဲ့ရသည်၊ ဤအတွေ့အကြုံနှင့် ဤဒုက္ခသည် ဆရာသမားများ၏ စာသင်သားခေတ်၊ မိမိတို့ စာသင်သားခေတ်မှသည် ယနေ့ စာသင်သားများခေတ်တိုင်အောင် ကြုံတွေ့ဆဲ၊ ကြုံတွေ့နေရဦးမည်။

**မိမိနှင့် ပါရာဇိကကဏ်။** ။ဤအတွေ့အကြုံ ဤဒုက္ခတို့သည် ပါရာဇိကကဏ်၏ ပုစ္ဆာနံပါတ်တိုင်းတွင် ပါရှိလာသော အဖုအထစ်ကလေးများကြောင့် ဖြစ်သည်၊ ဤအကြောင်းများကြောင့်ပင် ၁၃၃၉-ခု သာမဏေကျော်တန်းအတွက် အမရပူရမြို့ မဟာဂန္ဓာရုံတိုက် စာချဘုန်းကြီး ဦးပဏ္ဍိတာဘိဝံသ (ယခု နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် ပါမောက္ခချုပ်၊ရန်ကုန်) ထံတွင် ပါရာဇိကကဏ်စာဝါကို စတင်လိုက်ခဲ့ရစဉ်က အနက်နှင့် ဝိဂ္ဂဟများကို အဖွင့်အားလျော်စွာ မရဲတရဲ ဆိုခဲ့ရသည်၊ တစ်ချိန်တွင် ဤအဖွင့်များကို ပိုင်နိုင်ရဲဝံ့စွာ ဆိုနိုင်ရမည်ဟူသော ဆုံးဖြတ်ချက်သည် ထိုသာမဏေဘဝကပင် စွဲမြဲခဲ့သည်။

၁၃၄၂-ခုနှစ် အစိုးရဓမ္မာစရိယတန်းအတွက် ဘုန်းကြီး ဦးကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ ပဓာနနာယကဆရာတော် မဟာဂန္ဓာရုံတိုက်၊ အမရပူရမြို့) နှင့် ၁၃၄၆-ခုနှစ် သကျသီဟ, စေတိယင်္ဂဏ ဓမ္မာစရိယတန်းများအတွက် ဘုန်းကြီး ဦးအဂ္ဂဝံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ တိုက်အုပ်ဆရာတော် ပေါက်မြိုင်တိုက် မန္တလေး) တို့ထံမှာ ပါရာဇိကကဏ်စာဝါကို စာချတန်း စည်းမျဉ်းအားလျော်စွာ "အရှင်အဋ္ဌကထာဆရာ"ဟု ခေါ်ဆိုပြီး လိုက်ခဲ့ရပြန်သည်၊ အသင်အပြ အရှင်းအလင်း နှင့် မှတ်စုပေးပါကောင်းလွန်းကြသောကြောင့် အတုယူအားကျ စိတ်ဝင်စားကာ စာချတန်းစာဝါပို့ချလိုစိတ်များ ရင်မှာတဖွားဖွားပေါ်လာပြီး စိတ်ကူးယဉ်အိပ်မက်များ အခါခါမက်ခဲ့ဖူးသည်၊ ယခု ထိုအိပ်မက်များ အမှန်တကယ် အသက်ဝင်လာပါတော့သည်။

**ပါရာဇိကကဏ် စာသင်သား။** ။စာသင်သားအရေး ကိုယ့်အရေး စာသင်သားဒုက္ခ ကိုယ့်ဒုက္ခ၊ စာသင်သားအပူ ကိုယ့်အပူ-ဟူသောဘဝကို ယူမိထားပြန်တော့ စာသင်သားတို့အရေးကို တွေ့နေရသလို စာသင်သားတို့ဒုက္ခကိုလည်း စာနာမိရပြန်သည်၊ ဤတွင် အစိုးရစာချတန်းဝင် စာသင်သားတို့ကို ဒုက္ခလှလှပေးနေသော ပါရာဇိကကဏ်ကို ရှေ့ဆောင်လမ်းပြအဖြစ် ရှင်းလင်းပေးခဲ့ရသည်မှာ ခြောက်နှစ်ပင် ပြည့်ခဲ့ပြီ၊ တစ်နှစ်လျှင် ပါရာဇိကကဏ်ကျမ်း၏ တင်နေ

http://www.dhammadownload.com



ချက်ကို ပို့ချခဲ့သည်မှာ ယခုဆိုလျှင် နေရာအတော်အသင့် ပေါက်ခဲ့ပြီ၊ ဆရာအဆက်ဆက်၏ မှတ်စုမှတ်ရာများကို မြတ်နိုးလေ့ရှိသောမိမိသည် မိမိ၏မှတ်စုများအပေါ် လေးစားကြသော ပါရာဇိကဏ်စာသင်သားများကို နားလည်စာနာမိသည်၊ ဟိုမှသည်မှ ကူးသူ ကြည့်ရှုကြသူ စာသင်သားများ၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးလိုခဲ့သော်လည်း အရာမထင်ခဲ့၊ ယခုမှပင် အကောင်အထည်ပေါ် တော့သည်။

ဤသို့စီစဉ်ထားသည်။ ။စာရေးသူ ယခုနှစ်ပို့ချသော ဒု-ပါရာဇိကဏ်ကို ပို့ချစဉ်အဖြစ် ထုတ်ဝေလိုက်ပါသည်၊ ဒု-ပါရာဇိကဏ်ဆိုသော်လည်း ပါရာဇိကဏ်တစ်ကျမ်းလုံး၏ မည်သည့်နေရာမှဖြစ်စေ မေးခွန်းလွှာအပေါ် တက်လာမည့် ပုစ္ဆာနံပါတ် (၄+၅+၇+၈)တို့ကို မလွတ်စေရအောင် ရှင်းလင်းဖြေဆိုပေးထားသည်၊ ၎င်းပုစ္ဆာလေးခုအတွက် တစ်ခုလျှင် ပုဒ်ပေါင်း (၃၀၀)ကျော်ကို စုစည်းတင်ပြထားသည်၊ အခြားနံပါတ်များဖြစ်သည့် (၁+၂+၃+၆+၁၀) တို့အတွက်လည်း ဤစာအုပ်ကို ကျေညက်ထားလျှင် တိုက်ရိုက်မတိုးသော်လည်း ပုံစံတူပုစ္ဆာများတို့သာ တွေ့ရပြီး လွယ်ကူစွာ ဖြေဆိုနိုင်ပါလိမ့်မည်၊ ဝါကျအနေဖြင့် နံပါတ်စုံ (၈၄)ဝါကျရှိပြီး အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဂဏ္ဌိ-တို့မှ ရနိုင်သမျှသော နံပါတ်များကို နောက်ဆက်တွဲအဖြစ် စီစဉ်ပေးထားသည်။

တိုက်တွန်းချက်။ ။စာရှုသူတို့အား ကိုယ်တွေ့နှင့်ယှဉ်၍ အကြံပေးလိုသည်မှာ မိမိသည် စာမေးပွဲဝင်စဉ်က စာချဆရာတော်များ၏ မှတ်စုမှအလွတ်ဖြစ်သော တစ်ဝါကျလုံးရှိ ပုဒ်များကို ဝိဂ္ဂဟပြုခြင်း, ဓာတ်+ပစ္စည်းခွဲခြင်း-တို့ကို အသေးစိတ် လေ့လာခဲ့ပါသည်၊ ဝါကျခွဲအားလုံးကို သက်ဆိုင်ရာအဖွင့်အလိုက် အကုန်နီးနီး ကျမ်းတက်ခဲ့ပါသည်၊ ထို့ကြောင့် ဝါကျမတိုးသော်လည်း ဝိဂ္ဂဟနှင့် ဓာတ်+ပစ္စည်းများဆို အကုန်ဖြေဆိုနိုင်ပါသည်၊ စာချရာ၌လည်း ထိုနည်းအတိုင်း ပို့ချခဲ့၍ စာသင်သားများ (၄+၅)နံပါတ်တို့ကို လွယ်လင့်တကူ ဖြေဆိုနိုင်သည်ကိုတွေ့ရ၍ ဤနည်းအတိုင်း စာအုပ်၌စီစဉ်ထားပါသည်၊ ကြိုးစား၍ မှတ်သားလိုက်နာကြရန် တိုက်တွန်းလိုက်ပါသည်။

ရည်ညွှန်းချက်။ ။ဤစာအုပ်သည် ပညာရှင်များအတွက် အားကိုးအားထားပြုလောက်သည့် ကျမ်းတစ်စောင် ပေတစ်ဖွဲ့အဖြစ် မရည်ရွယ်ပါ၊ စာသင်သားတို့မျက်နှာနှင့် နေ့စဉ်တွေ့နိုင်မည့် ကြေးမုံပြင်တစ်ချပ်အဖြစ်သာ ရည်ညွှန်းပါသည်။

http://www.dhammadownload.com

# (ဃ) ဒု-ပါရာဇိကကဏ်စာစဉ်

**ကျေးဇူးရည်မျှော် ပူဇော်ပါ၏။** ။ပါရာဇိကကဏ်နှင့်ပတ်သက်၍ သွန်သင်ပြသ လမ်းညွှန်ပေးခဲ့ကြသည့် အထက်ပါ ဆရာမြတ်တို့၏ ကျေးဇူးအစုံ ပညာဂုဏ်ရည်များအပေါ် ဤစာအုပ်ငယ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

**တောင်းပန်လွှာ။** ။ဤစာအုပ်ပြုစုရေးသားရာတွင် မိမိလက်လှမ်းမှီရာ ကျမ်းစာများကိုသာ အကိုးပြု ကြည့်ရှုရေးသားရ၍ ကွဲလွဲချက်များ ရှိနိုင်ကောင်းရာ၏၊ ကေဝလပရိပုဏ္ဏဂုဏ်နှင့် ပြည့်စုံသော မြတ်ဘုရား၏ ဒေသနာမှတစ်ပါး အလုံးစုံပြည့်စုံသောအရာဟူသည် လောက၌ မည်သည့်အရာမှ မရှိသည်ကို သိနားလည်ပြီး စာနာစွာ ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

**ကျေးဇူးတင်လွှာ။** ။ဤစာအုပ်ဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှ စေတနာ, မေတ္တာရှေ့ထားကာ ဝိုင်းဝန်းကူညီကြသော ကွန်ပျူတာ စာစီနှင့် နေရာအထားအသို အရှင်သောမာနန္ဒ (သာသနဇေ ဓမ္မာစရိယ)၊ အက္ခရာဝလိနှင့် စာမူအချောစစ်ပေးကြသော အရှင်ဝီရိယ, အရှင်ရာဇိန္ဒ, အရှင်တေဇောဘာသ, အရှင်သီဟသူရ၊ ကွန်ပျူတာအလှူရှင် ဦးယုကြည်+ဒေါ်လှလှဝင်း သမီး ရတနာယုကြည်၊ နန္ဒာယုကြည် မိသားစု စမ်းချောင်း နှင့်၊ သဇင်နိပုံနှိပ်တိုက်ပိုင်ရှင် ဦးချစ်သိမ်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ပညာသီဟာဘိဝံသ<br>
ဖုန်း-၅၆၆၁၇၆<br>
၂-၁၀-၉၉ အင်္ဂါနေ့။

http://www.dhammadownload.com

# မာတိကာ (ဃ)


| ဝါကျစဉ် | ဝါကျအမည် | အဋ္ဌကထာစာမျက်နှာ | စာစဉ်စာမျက်နှာ |
|---|---|---|---|
| ၁။ | ရာဇဂဟောတိ | ဋ္ဌ၊၁။၂၄၇ | ၁ |
| ၂။ | တံ ပနေတံ | ဋ္ဌ၊၁။၂၄၇/၈ | ၂၁ |
| ၃။ | သမ္ဗဟုလာ | ဋ္ဌ၊၁။၂၄၈ | ၃၀ |
| ၄။ | သမ္ဘတ္တာတိ | ဋ္ဌ၊၁။၂၄၈ | ၃၇ |
| ၅။ | တိဏကုဋိယော | ဋ္ဌ၊၁။၂၄၈ | ၄၅ |
| ၆။ | နော စေ လဘာပိ | ဋ္ဌ၊၁။၂၄၈ | ၅၀ |
| ၇။ | ကုမ္ဘကာရပုတ္တောတိ | ဋ္ဌ၊၁။၂၄၈/၉ | ၅၆ |
| ၈။ | တိဏကုဋိယော ဘိန္ဒိတွာ | ဋ္ဌ၊၁။၂၄၉ | ၆၀ |
| ၉။ | တေ ပန ဘိက္ခူ | ဋ္ဌ၊၁။၂၄၉ | ၆၃ |
| ၁၀။ | ယာဝတတိယကန္တိ | ဋ္ဌ၊၁။၂၄၉ | ၆၇ |
| ၁၁။ | ကုမ္ဘကာရကမ္မေ | ဋ္ဌ၊၁။၂၄၉ | ၇၃ |
| ၁၂။ | အဘိရူပါတိ | ဋ္ဌ၊၁။၂၅၀ | ၇၇ |
| ၁၃။ | ကိံ တော် ဘိက္ခဝေ | ဋ္ဌ၊၁။၂၅၀ | ၈၂ |
| ၁၄။ | အနုဒ္ဒယာတိ | ဋ္ဌ၊၁။၂၅၀ | ၈၇ |
| ၁၅။ | ဣဒံ ဝုတ္တံ ဟောတိ | ဋ္ဌ၊၁။၂၅၀ | ၉၀ |
| ၁၆။ | ဓဝံ ဓနိယံ ဂရဟိတွာ | ဋ္ဌ၊၁။၂၅၀ | ၉၅ |
| ၁၇။ | သေသာနံ သိက္ခာပဒံ | ဋ္ဌ၊၁။၂၅၁ | ၉၉ |
| ၁၈။ | ကသ္မာ ပန ဘဂဝါ | ဋ္ဌ၊၁။၂၅၁ | ၁၀၃ |
| ၁၉။ | စီဝရဿ ကပ္ပသုတ္တကံ | ဋ္ဌ၊၁။၂၅၂ | ၁၀၇ |
| ၂၀။ | သေနာသနေ ပန | ဋ္ဌ၊၁။၂၅၄ | ၁၁၀ |
| ၂၁။ | ဓဝံ ဘိန္နာယ ပန | ဋ္ဌ၊၁။၂၅၅ | ၁၁၄ |
| ၂၂။ | ဝဿကာရော | ဋ္ဌ၊၁။၂၅၅ | ၁၂၀ |
| ၂၃။ | အနုသညာယမာနော | ဋ္ဌ၊၁။၂၅၅ | ၁၂၄ |
| ၂၄။ | အဒ္ဒသ ခေါ | ဋ္ဌ၊၁။၂၅၅/၆ | ၁၂၈ |
| ၂၅။ | ဣယံ | ဋ္ဌ၊၁။၂၅၆ | ၁၃၁ |
| ၂၆။ | တေသံ မယာ သန္တာယ | ဋ္ဌ၊၁။၂၅၆ | ၁၃၅ |
| ၂၇။ | လောမနေ တွံ မုတ္တောသိ | ဋ္ဌ၊၁။၂၅၆ | ၁၃၉ |
| ၂၈။ | မနုဿာ ဥဇ္ဈာယန္တိ | ဋ္ဌ၊၁။၂၅၆ | ၁၄၃ |
| ၂၉။ | ရညော ဒါရုနိ | ဋ္ဌ၊၁။၂၅၇ | ၁၄၇ |
| ၃၀။ | တတ္ထ မာဂဓော | ဋ္ဌ၊၁။၂၅၈ | ၁၅၁ |

http://www.dhammadownload.com

## (ဍ) ဒု-ပါရာဇိကကဏ်စာစဉ်


| ဝါကျစဉ် | ဝါကျအမည် | အဋ္ဌကထာစာမျက်နှာ | စာစဉ်စာမျက်နှာ |
|---|---|---|---|
| ၃၁။ | ပဥ္စမာသကော ပါဒေါ | ဋ္ဌ၊၁။၂၅၈ | ၁၅၄ |
| ၃၂။ | ရဇကတ္ထရဏံ | ဋ္ဌ၊၁။၂၅၈ | ၁၅၉ |
| ၃၃။ | ဂါမော နာမ | ဋ္ဌ၊၁။၂၅၉ | ၁၆၃ |
| ၃၄။ | ဂါမူပစာရော | ဋ္ဌ၊၁။၂၅၉ | ၁၆၇ |
| ၃၅။ | ဣဒါနိ အဒိန္နံ | ဋ္ဌ၊၁။၂၆၀ | ၁၇၀ |
| ၃၆။ | ထေနော | ဋ္ဌ၊၁။၂၆၂ | ၁၇၄ |
| ၃၇။ | ထေယျသင်္ခါတံ | ဋ္ဌ၊၁။၂၆၂ | ၁၇၈ |
| ၃၈။ | ကာလော | ဋ္ဌ၊၁။၂၆၆ | ၁၈၁ |
| ၃၉။ | အဂ္ဃော | ဋ္ဌ၊၁။၂၆၇ | ၁၈၅ |
| ၄၀။ | ပရိဘောဂေါ | ဋ္ဌ၊၁။၂၆၇ | ၁၈၈ |
| ၄၁။ | အက္ခဒဿ | ဋ္ဌ၊၁။၂၆၈ | ၁၉၁ |
| ၄၂။ | ဟနေယျုံ | ဋ္ဌ၊၁။၂၆၉ | ၁၉၅ |
| ၄၃။ | တတြာယံ | ဋ္ဌ၊၁။၂၇၂ | ၁၉၉ |
| ၄၄။ | ဣတရံ ပန | ဋ္ဌ၊၁။၂၇၃ | ၂၀၄ |
| ၄၅။ | အတ္တနော ဘာဇနံ | ဋ္ဌ၊၁။၂၇၅ | ၂၀၇ |
| ၄၆။ | ဖန္ဒာပေတိ | ဋ္ဌ၊၁။၂၇၅ | ၂၁၀ |
| ၄၇။ | သုတ္တာရုဠှ | ဋ္ဌ၊၁။၂၇၅/၆ | ၂၁၃ |
| ၄၈။ | မဟာအဋ္ဌကထာယံ | ဋ္ဌ၊၁။၂၇၆ | ၂၁၇ |
| ၄၉။ | ယောပိ ထေယျစိတ္တေန | ဋ္ဌ၊၁။၂၇၇ | ၂၂၁ |
| ၅၀။ | ဩမဋ္ဌံ နာမ | ဋ္ဌ၊၁။၂၇၈ | ၂၂၅ |
| ၅၁။ | ဥမ္မဋ္ဌဿ | ဋ္ဌ၊၁။၂၇၈ | ၂၂၉ |
| ၅၂။ | ရိတ္တကုမ္ဘိယာ | ဋ္ဌ၊၁။၂၇၉ | ၂၃၂ |
| ၅၃။ | ဘိန္ဒတိ ဝါ | ဋ္ဌ၊၁။၂၇၉ | ၂၃၆ |
| ၅၄။ | တတ္ထ ပုရိမဒွယံ | ဋ္ဌ၊၁။၂၇၉ | ၂၃၉ |
| ၅၅။ | ပါဠိယံ ဒုက္ကဋံ | ဋ္ဌ၊၁။၂၇၉/၈၀ | ၂၄၃ |
| ၅၆။ | အယံ ပနေတ္ထ | ဋ္ဌ၊၁။၂၈၀ | ၂၄၆ |
| ၅၇။ | ပဥ္စရေ ဋ္ဌိတံ | ဋ္ဌ၊၁။၂၈၁ | ၂၅၁ |
| ၅၈။ | စီဝရဝံသေ | ဋ္ဌ၊၁။၂၈၃ | ၂၅၄ |
| ၅၉။ | ဘိတ္တိခီလေ | ဋ္ဌ၊၁။၂၈၄ | ၂၅၇ |
| ၆၀။ | တတ္ထ ဇာတကံ | ဋ္ဌ၊၁။၂၈၅ | ၂၆၁ |

## မာတိကာ


| ဝါကျစဉ် | ဝါကျအမည် | အဋ္ဌကထာစာမျက်နှာ | စာစဉ်စာမျက်နှာ |
|---|---|---|---|
| ၆၁။ | ခုဒ္ဒကမာတိကာသု | ဋ္ဌ၁။၂၈၈ | ၂၆၄ |
| ၆၂။ | နာဝဋ္ဌေ ပထမံ | ဋ္ဌ၁။၂၈၉ | ၂၆၈ |
| ၆၃။ | ယော ပန တီဏ္ဍေ | ဋ္ဌ၁။၂၉၀ | ၂၇၃ |
| ၆၄။ | ဣဒါနိ သီသေ | ဋ္ဌ၁။၂၉၃ | ၂၇၅ |
| ၆၅။ | အယံ ပန သုဒ္ဓသီသ | ဋ္ဌ၁။၂၉၃/၄ | ၂၇၈ |
| ၆၆။ | အာရာမံ အဘိယုဉ္ဇတိ | ဋ္ဌ၁။၂၉၄/၅ | ၂၈၁ |
| ၆၇။ | အာမိကံ ပရာဇေတိ | ဋ္ဌ၁။၂၉၅ | ၂၈၅ |
| ၆၈။ | အဘိယောဂေပိ | ဋ္ဌ၁။၂၉၆ | ၂၈၉ |
| ၆၉။ | တတ္ထ ပုဗ္ဗဏ္ဏံ | ဋ္ဌ၁။၂၉၆ | ၂၉၃ |
| ၇၀။ | အရညဋ္ဌေ | ဋ္ဌ၁။၂၉၈ | ၂၉၇ |
| ၇၁။ | ဝနဿ ပတိ | ဋ္ဌ၁။၃၀၃ | ၃၀၀ |
| ၇၂။ | သုက်ံ တတော | ဋ္ဌ၁။၃၁၄ | ၃၀၃ |
| ၇၃။ | ရာဇဂ္ဂံ ဘဏ္ဍံ | ဋ္ဌ၁။၃၁၄ | ၃၀၆ |
| ၇၄။ | ဣတော ပရသ္မိံ | ဋ္ဌ၁။၃၁၆ | ၃၀၉ |
| ၇၅။ | ဒွိပဒေသု | ဋ္ဌ၁။၃၁၈ | ၃၁၃ |
| ၇၆။ | ဩစရတိ | ဋ္ဌ၁။၃၂၀ | ၃၁၆ |
| ၇၇။ | ဩဏိံ ရက္ခတိ | ဋ္ဌ၁။၃၂၁ | ၃၁၉ |
| ၇၈။ | သံဝိဓာယ အဝဟာရော | ဋ္ဌ၁။၃၂၁ | ၃၂၂ |
| ၇၉။ | သင်္ကေတကမ္မံ | ဋ္ဌ၁။၃၂၂/၃ | ၃၂၆ |
| ၈၀။ | နိမိတ္တကမ္မံ | ဋ္ဌ၁။၃၂၃ | ၃၃၀ |
| ၈၁။ | မူလဋ္ဌဿ အာပတ္တိ | ဋ္ဌ၁။၃၂၄ | ၃၃၃ |
| ၈၂။ | အမိဝတ္ထော | ဋ္ဌ၁။၃၂၉ | ၃၃၆ |
| ၈၃။ | အဘိန္နေ သရီရေ | ဋ္ဌ၁။၃၂၉/၃၀ | ၃၃၉ |
| ၈၄။ | စောရေဟိ ဥပဒ္ဒုတံ | ဋ္ဌ၁။၃၄၅ | ၃၄၃ |

http://www.dhammadownload.com

http://www.dhammadownload.com



# ၃ - ပါရာဇိကကဏ်စာစဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စာချတန်းမေးစဉ်

နက်, တက်, ဝါက်, ဉာဉ်, ပုဒ်, အာ, ဖြတ်, နည်း, ပါဌ်, နေတ္တိ, မေးစဉ်သိ။

### စာချတန်းအောင်မြင်ရန်

* အနက်ကျေဘိ၊ဖြေနည်းသိ၊ဖြေ၏တစ်ဝက်သာ။
* သဒ္ဒါပိုင်မှု၊တစ်ဝက်ရ၊မှုချအောင်နိုင်မှာ။
* သို့မဟုတ်လျှင်၊စာပွဲဝင်၊အသင်ကျရှုံးမှာ။

### ဒုတိယပါရာဇိက
### ဝါကျစဉ်(၁)

(က) ရာဇဂဟောတိ ဖဝံနာမကေ နဂရေ၊
(ခ) တဥ္ဟိ မန္ဓာတု မဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ။
(ဂ) အညေပေတ္ထ ပကာရေ ဝဏ္ဏယန္တိ၊
(ဃ) ကိံ တေဟိ၊
(င) နာမမေတံ တဿ နဂရဿ။ (ပါ၊ဌ၊၁။၂၄၇)

### နံပါတ် (၁)

၁။နိဿယအရှိအတိုင်း အနက်ပေးခြင်းသည် ပါဠာနုသာရီ အနက်ပေးနည်း မည်၏။ (ပါဠိစဉ်အတိုင်း အစဉ်လိုက်၍ အနက်ပေးခြင်းတည်း)

(ခ) ဝါကျသို့ ဟိတ်သမ္ဗန်ခံအနက်ပေး. .

ပရိဂ္ဂဟိတတ္တာ-ဟူသော ဟိတ်ပုဒ်၏သမ္ဗန်ကို တံ-ပုဒ်ကိုရှု၍ "တဿ နဂရဿ" ဟု ပြင်လျှက် သမ္ဗန်ခံရမည်။

(ဂ) အညအပါဒါန် အညေပိ-တဥ္ဟိ မန္ဓာတု မဟာဂေါဝိန္ဒာဒီဟိ-စသော အဖွင့်မှ တစ်ပါးလည်းဖြစ်ကုန်သော။

နိယံ။ ။ဟိတ်ဆိုက်လေရာ၊ကြိယာ၏၊ပကတိမှန်၊ကတ္တား, ကံ၊ဟိတ်၏သမ္ဗန် ခံမြဲတည်း။

http://www.dhammadownload.com



ကတ္တားဟော ဝါကျ၌ ပကတိကတ္တား၊ ကံဟောဝါကျ၌ ပကတိကံ တို့သည်၊ဟိတ်သမ္ဘန် ဖြစ်ပါသည်။ဤ၌ ကံဟောဝါကျဖြစ်သောကြောင့် ဓာံပုဒ်တံကို ဟိတ်ပြင် ထားပါသည်။

(ဂ)ဝါကျ၌ အညအပါဒါနိခံ = အညေပိ၊မန္တာတ်စကြာမင်း, မဟာဂေါဝိန္ဒပုဏ္ဏား စသူတို့သည် သိမ်းပိုက်အပ်သည်၏အဖြစ်ကြောင့် ရာဇဂြိုဟ်ဟုဆိုအပ်သည်မှတစ်ပါး လည်းဖြစ်ကုန်သော။

(ဃ)ဝါကျ၌ တုလျတ်, လိင်္ဂတ်၊ပကတိ, ဝိကတိအနက်ပေး. .

ဓတံ၊ဤရာဇဂြိုဟ်ဟူသောအမည်သည်။တဿနဂရဿ၊ထိုမြို့၏။နာမံ၊အမည် တည်း။(ဤကား တုလျတ်, လိင်္ဂတ်အနက်ပေးနည်းတည်း။)

ဓတံ၊သည်။တဿနဂရဿ၏။နာမံ၊အမည်သည်။ဟောတိ၊၏။(ဤသို့ ကြိယာ ထည့်လျှက် အနက်ပေးခြင်းသည် ပကတိ, ဝိကတိအနက်ပေးနည်းမည်၏။)

**နိယံ။** ။**ကြိယာမသတ်၊ တုလျတ် လိင်္ဂတ်မြဲမှတ်ပါ။**

**ဟောတိကြိယာ၊ထည့်ပေးပါ၊ပကတိ ဝိကတိမည်သည်သာ။**

**မှတ်ချက်။** ။**အနက်ပေးနှစ်မျိုး၌ ကြိယာထည့်ပေးခြင်း မပေးခြင်းမျှသာ ထူးပါ သည်။**

အနိယမဝါကျထည့် အနက်ပေး. . ရာဇဂဟန္တိ ယံ နာမံ အတ္ထိ။တံ (နာမံ)တဿနဂရ ဿ နာမံ။

## နံပါတ် (၂)

**ကျမ်းတက်မေးသည်. .**

(၁)အနုသန္ဓေတက်။

(၂)ပုစ္ဆာတက်။

(၃)စောဒနာတက်။

(၄)အဘိယာစကတက်။ ဟု လေးမျိုးရှိရာ ပါရာဇိကဏ်မေးခွန်း၌ များသောအားဖြင့် ပုစ္ဆာတက်နှင့်စောဒနာတက်တို့ကိုသာ ဥပနာတိကပုစ္ဆာ, ဥပနာ တိကစောဒနာတက် ဟူ၍ . ယခုခေတ်၌ မေးနေပါသည်။

ရှင်းချက်။ ။ရှေ့ဝါကျပါ ဆိုလိုရင်းစကားရပ်နှင့် နောက်ဝါကျလာ ဆိုလိုရင်းစ ကားနှစ်ရပ်ကို ဆက်စပ်ပေးခြင်းကို အနုအနွေတက်ဟုဆိုပါသည်။

**ပုံစံ။** ။**(ခ)ဝါကျသို့ အနုသန္ဓေတက်. .**

ဤသို့(က)ဝါကျဖြင့် ရာဇဂဟေ၌ ရာဇဂဟအရ ရာဇဂြိုဟ်အမည်ရသော မြို့ကို ကောက်ယူအပ်သည်ကို ဖွင့်ပြတော်မူ ပြီး၍(ပုဗ္ဗာနုသန္ဓေ)။ ယခုအခါ၌ ရာဇ အရကို လည်းကောင်း၊ရာဇဂြိုဟ်အမည်ရခြင်းအကြောင်းကိုလည်းကောင်း၊ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်(ခ)ဝါကျကိုမိန့်။(အပရာနုသန္ဓေ)

(ပုဗ္ဗာနုသန္ဓေ၊အပရာနုသန္ဓေဟူ၍ (၂)မျိုးရှိသည်ကို မှတ်သားထားရမည်။)

## ပုစ္ဆာတက်(စောဒနာတက်)ဟူသည်

ဥပနာ၊ အာဘော်၊ ပုစ္ဆာ (စောဒနာ)တို့ဖြင့် တန်ဆာဆင်၍ မေးခြင်းတည်း။

http://www.dhammadownload.com



**နိယံ။** ။၏ဥပနာ၊ နည်းပုစ္ဆာ၊ လောမှာ အာဘော၊

**ဥပနာဟူသည်။** ။တက်ရမည့်ဝါကျ၏ ရှေးရှိဝါကျကို အာလုပ် ကတ္တား ကရိုက်း ကံ ကြိယာ ဟူ၍ ဆစ်ပိုင်း(၅)ပိုင်းဖြင့် မြန်မာပြန်ဆိုခြင်းကိုဆိုပါသည်။

**ဥပနာကိုင်ဖို့ရာ(၃)ဌာန။** ။တက်ရမည့်ဝါကျ၏ ရှေးရှိဝါကျ တစ်ဝါကျလုံး ကိုသော်လည်းကောင်း၊ အစိတ်ပုဒ်ကိုသော်လည်းကောင်း၊ တက်ရမည့်ဝါကျရှိ အဖွင့်နှင့်နှီးနွယ်သော ပါဠိတော်ကိုလည်းကောင်း၊ မြန်မာပြန်ဆို၍ ဥပနာကိုင်ထားရပါမည်။

**အာဘော်ဟူသည်။** ။စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်းမှုတည်း။ထိုစောဒက၏နှလုံးသွင်းသည် အဋ္ဌကထာဆရာ ဖွင့်ဆိုရေးသားထားသော စကားရပ်နှင့်ကွဲပြားပြီး ဤနေရာနှင့် လျှဉ်းပါးစရာသံသယဖြစ်နိုင်ဖွယ်ရာ စကားရပ်ကို (လော)ဟူသော စကားအဆုံးသတ်လျက် မေးခြင်းတည်း။

**နိယံ။** ။အဖြေရှောင်ကွင်း၊လျော်ရာနင်း၊သွင်းလေအာဘော၊

**ပုစ္ဆာဟူသည်။** ။အဖြေကိုကြည့်၍ သင့်လျော်သလို မေးခြင်းတည်း။

**ဥပမာ။** ။အဘယ်သို့ အဘယ်ကို အဘယ်နည်း အဘယ့်ကြောင့် အဘယ်အကျိုးငှါ အဘယ်ဖြင့် သိနိုင်ပါသနည်း-စသဖြင့် မေးမှုတည်း။

**နိယံ။** ။အဖြေရှုကာ မေးပုစ္ဆာ လျော်စွာတင်ထုတ်ပြ။

**ပုံစံ။** ။(ခ)သို့ ပုစ္ဆာတက်. . အရှင်အဋ္ဌကထာဆရာ၊(အာလုပ်)ဆရာသည်(ကတ္တား) (က)ဝါကျဖြင့်(ကရိုက်း)ရာဇဂဟေဉ္စ ရာဇဂဟအရ ရာဇဂြိုဟ်အမည်ရသော မြို့ကို ကောက်ယူအပ်သည်ကို(ကံ)ဖွင့်ပြတော်မူအပ်၏။(ကြိယာ)ဤထိ စကားကို ဥပနာဟုဆိုသည်။ ရာဇဂြိုဟ်အမည်ရခြင်းအကြောင်းကို မပြဆိုပြီလော(အာဘော်) ရာဇဂြိုဟ်အမည်ရခြင်းအကြောင်းကား အဘယ်ပါနည်း (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။(ခ)ဝါကျဖြင့် မန္ဓာတ်မင်း မဟာဂေါဝိန္ဒပုဏ္ဏားတို့ သိမ်းပိုက်အပ်သောကြောင့် ထိုမြို့ကို ရာဇဂဟမည်၏ဟူ၍ဆိုအပ်ကြောင်းကို ငါပြဆို၏ ဟူလိုသော်. . (ကျမ်းတက်ပြီးတိုင်း တက်ခိုင်းသည့် ဝါကျကို ဤကဲ့သို့ အဓိပ္ပါယ်ပြန်ဆိုရမည်ကို မမေ့ရန် သတိချပ်ပါလေ။)

**စောဒနာတက်ဟူသည်။** ။ကထံ ကသ္မာ ကိမတ္ထံ ၊ လက္ခာ အယုတ္တစောဒနာ။
နနု ဟိ လက္ခိတာဘောဂါ ၊ဗျတိရေကာ ယံဒျာဒိနာ။
တေန တသ္မာတိ လက္ခာဝ ၊အန္ဒယစောဒနာ ဘဝေ။
( ဂန္ထာဘရဏ)

အဘယ်သို့၊ အဘယ်ကြောင့်၊ အဘယ်အကျိုးငှါ တို့ဖြင့်မှတ်၍ စောဒနာသော် အယုတ္တစောဒနာတက်ဟုခေါ်သည်။ နနု(လော)ဖြင့် မှတ်မေးသော် အာဘော်ဟုခေါ်သည်။ ယဒိ(အကယ်၍)ဟူသော အသုံးဖြင့် မှတ်မေးသော် ဗျတိရေက တက်ဟုခေါ်သည်။ထို့ကြောင့် ဟူသောအလျော်စကားဖြင့်မှတ်မေးသော် အန္ဒယစောဒနာတက်ဟုခေါ်သည်။ အစိုးစာချတန်း၌ မမေးပါ။ရိုးရိုး တိကတက်ကိုသာ မေးခွင့်ရှိသည်။စေတီယင်္ဂဏ၊သကျသီဟ စာချတန်းများ၌ကား. . .

http://www.dhammadownload.com



အယုတ္တစောဒနာတက်, အာဘောဂါယုတ္တစောဒနာတက်
ဗျတိရေကစောဒနာတက်, အန္တယစောဒနာတက် ဟူ၍ မေးတတ်သည်။
**မှတ်ချက်။** ။ပုစ္ဆာတက်၌ အပြစ်မတင်ရသော်လည်း၊ စောဒနာတက်, တက်ပါဟု မေးလာခဲ့သော် ဒေါသတင်၍ တက်ကြရမည်ကို သိပါ။ (စောဒနံ ဒေါသာရောပနံ) ဒေါသနှင့်ဝါကျများကျက်မှတ်ရန်။ ။

**နိယံ။ ။ပက္ခန္တရဟူလတ်က၊ အဗျာပိတတင်။**
**အတ္ထုဒ္ဓေသ၊ ဟူသမျှ၊ အတိဗျာပိတတင်။**
**ဝိတ္ထာ သံခိပ်၊ ဥဒ် နိဒ် နိဂမ၊ စုဏ္ဏိယ ပုနရုတ္တိတင်။**
**ဝါကျ ဒဋ္ဌိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်။**
**အနက်တူစွ၊ သဒ္ဒါဒွ၊ ကေတ္တဒေါသတင်။**

စောဒိယတေ ပုစ္ဆိယတေတိ စောဒနာဟု ဝစနတ္ထပြု၍ စောဒနာနှင့် ပုစ္ဆာ မထူးဟုလည်း ဆိုကြပါသေးသည်။

(ခ)သို့ **အာဘောဂါယုတ္တစောဒနာတက်။** ။ဆရာ၊ ဆရာသည်၊(က)ဖြင့် ရာဇဂဟအရ ရာဇဂြိုဟ်အမည်ရသောမြို့ကို ကောက်ယူအပ်သောဟု ဖွင့်ပြတော်မူ အပ်၏။(ဌ)မင်းသိမ်းပိုက်အပ်သော အရာဝတ္ထု အားလုံးသည်လည်း ရာဇဂဟမည်နိုင် ကောင်းရာသည်မဟုတ်လော(အာဘော်) ထိုသို့ဖြစ်လျှက်. . အဘယ့်ကြောင့် မြို့ကို သာ ရာဇဂဟအရကောက်ယူအပ်ပါသနည်း(စော)သဒ္ဒါ+အနက်ဆန့်ကျင်သော ဝိရော ဓိဒေါသ သင့်ရောက်ရာ၏(ဒေါ)။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောနော့လိုသော အဋ္ဌကထာဆရာသည် (ခ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။မန္ဓာတ်စကြာမင်း မဟာဂေါဝိန္ဒပုဏ္ဏား စသူတို့သည် မင်းနေပြည် တော်အဖြစ်ဖြင့် သိမ်းယူအပ်သောကြောင့် မြို့ကိုသာ ရာဇဂဟအရ ကောက်ယူရာဘိ ၏ ထို့ကြောင့် ငါဆိုရကား သင် တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက် ဟူလိုသော်. .

**တစ်နည်း**. . (ဌပနာတူ၏)ယင်းရာဇဂဟ သဒ္ဒါသည် တိဿ ဒတ္တ သိရီဝမုကပုဒ်တို့ ကဲ့သို့ ရှဋ္ဌီအမည် ဖြစ်လေသလော(ဂဏ္ဍိ) ထိုရာဇဂဟသဒ္ဒါ၏ ရာဇဂြိုဟ် အမည်ရနိုင် ပုံ အကြောင်းအကျယ်ကို အဘယ်သို့မှတ်သားအပ်ပါသနည်း။ အကြောင်းအကျယ် ကို မဆိုသော် ဆရာအား အဗျာပိတ(ဝိရောဓိ)ဒေါသ သင့်ရောက်ရာ၏ ဤသို့ စော ဒနာဖွယ် ရှိသောကြောင့် (ခ)မိန့်။(အဓိပ္ပါယ်ပြန်လေ)

(ဂ)သို့ **အနုသန္ဓေ။** ။ဤသို့ (ခ)ဖြင့် ရာဇဂဟ ဆိုရခြင်းအကြောင်းကို ပြဆိုတော်မူပြီး ၍(ပုစ္ဆာနုသန္ဓေ) ယခုအခါ၌ ယင်းရာဇဂဟ မည်ရကြောင်းကို အည ဝါဒ-အခြားဆရာ တို့၏ အလိုအားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကိမိန့်။(အပရာနုသန္ဓေ)

(ဂ) ဝါကျသို့ ဌပနာတိကပုစ္ဆာတက်။ ။ဆရာ၊ဆရာသည်၊ (ခ)ဝါကျဖြင့် ရာဇဂဟဆို ရခြင်းအကြောင်းကို သကဝါဒ-မိမိအလိုအားဖြင့် ဖွင့်ပြတော်မူအပ်၏။ ရာဇဂြိုဟ်မည်ကြောင်းကို ဆရာတစ်ဦးတည်းသာ ဖွင့်ဆိုအပ်ပါသလော။ (တစ်နည်း)

http://www.dhammadownload.com



အခြားဆရာတို့သည်လည်း တစ်ပါးသော ရာဇဂဟမည်ကြောင်းတို့ကို မဖွင့်ဆိုဟု မှတ်သားအပ် ပါသလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း ။ဤသို့ မေးဖွယ်ရှိသော ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။ရာဇဂဟ အမည်ရကြောင်းကို ငါတစ်ဦးတည်းသာ ဖွင့်ဆိုအပ်သည် မဟုတ် အခြားသော ဆရာတို့သည်လည်း တစ်ပါးသော ရာဇဂြိုဟ်မည်ခြင်း အဖွင့်တို့ကို ဖွင့်ဆိုကြကုန်သေး၏ ဟူလို. .

(သူ့အာဘော်ကော်၊ ကိုယ်အာဘော်ဖော်၊ ပြန်သော်ဓိပ္ပါယ်ရ)

**(ဃ)ဝါကျသို့ ဥပနာတိကစောဒနာတက်။** ။ဆရာ၊ဆရာသည်၊ (ဂ)ဖြင့် ဤရာဇဂဟ ဟူသော ပုဒ်၌ တစ်ပါးသော အဖွင့်တို့ကို အခြားဆရာတို့လည်း ဖွင့်ဆိုကြကုန်၏. ဟု မိန့်ဆိုတော်မူအပ်၏။ ထိုဆရာတို့၏ အဖွင့်တို့ကို အနှစ်သာရအားဖြင့် မှတ်သားအပ်ပါ သလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ဃ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။ထိုအဖွင့်တို့သည် အကျိုးမရှိသောကြောင့် အနှစ်သာရဟူ၍ မမှတ် သားအပ် ဟူလိုသော်. . ။

**(င) ဝါကျသို့ အယုတ္တာဘောဂစောဒနာ။** ။ဆရာ၊ဆရာသည်၊(ဂ+ဃ)ဝါကျ တို့ဖြင့် ဤရာဇဂဟပုဒ်၌ အခြားဆရာဖွင့်ဆိုအပ်သော အဖွင့်တို့သည် အကျိုးမရှိကုန် ဟု ဖွင့်ဆိုတော်မူအပ်၏။ အဘယ့်ကြောင့် ထိုဆရာတို့၏ အဖွင့်တို့သည် အကျိုးမရှိ ပါကုန်သနည်း။ ထိုဆရာတို့သည်လည်း ဆရာကဲ့သို့ပင် အဋ္ဌကထာဆရာများဖြစ်ကြ၍ ယင်း ဆရာတို့၏အဖွင့်တိုသည် သဒ္ဒယုတ္တိ+အတ္ထယုတ္တိရှိသော် မှတ်သားသင့်၍ အကျိုး များ လှသည် မဟုတ်လော။ အကျိုးမရှိခြင်းအကြောင်းကို မပြက အခြားဆရာတို့နှင့် ဆန့် ကျင်သော ဝိရောဓိဒေါသ စကားမပြန့်နှံ့ခြင်း အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (င)ဝါကျ မိန့်။

**အဓိပ္ပါယ်ကား။** ။ထိုဆရာတို့၏ အဖွင့်တို့ကို မှတ်သားထိုက်၍ အပျိုးရှိသော်ငြားလည်း ထိုရာဇဂြိုဟ်ဟူသော အမည်သည် မြို့အမည်မျှသာဖြစ်သောကြောင့် ဆရာတို့၏အဖွင့် တို့သည် အကျိုးမရှိဟု ငါဆိုရကား သင်တင်သောဒေါသ ငါ့၌မရောက် ကင်းပျောက် ၏ဟူလိုသော်. .

**နိယံ။** ။**အညေ အပရေမူ၊ ဂုဏ်ရည်တူ၊ ကေစိမူကား၊ ကိုယ့်အောက်ထား။**

## နံပါတ် (၃)

**ဝါကျခွဲနှင့်စာစပ်မေးသည်..**

အနက်ကိုဟောပြောတတ်သည့်၏ အဖြစ်ကြောင့် ဝါကျမည်ပါသည်။

**(အတ္ထံ ဝဇတီတိ ဝါကျံ)**

တစ်နည်း။ ။အာချာတ်ပုဒ် တစ်ခု၌ပါဝင်သော ကတ္တား ကံ စသော ပုဒ်အပေါင်းသည် ဝါကျမည်၏။ (ကောချာတော ပဒစယော သိယာ ဝါကျံ သကာရ ကံ။) တစ်နည်း။ ။ဝိသေသန ဝိသေသျ. ဖြစ်၍ ဝဒန္တပုဂ္ဂိုလ်အတိုင်း ပြည့်စုံ

http://www.dhammadownload.com



သော အနက်ကိုထင် ထင်ရှားစွာပြတတ်သော အမျိုးမျိုးသောပုဒ်သည် ဝါကျမည်၏။
ဘေဒါဘေဒကဘူတတ္ထံ၊ ပုဏ္ဏံ ဝေါဟာရနိဿိတံ။
နာနာပဒံ ဝိဘာဝေတိ၊ ယံ တံ ဝါကျန္တိ ဝုစ္စတိ။ (ဘေဒစိန္တာ)

ထိုဝါကျတို့သည် ...

၁။ ဝါကျာရမ္ဘဝါကျ+အာရဒ္ဓဝါကျ။

၂။ ပက္ခန္တရဝါကျ+ပက္ခဝါကျ။

၃။ ဒဠှီကရဏဝါကျ+ဒဠှီဝါကျ။

၄။ တပ္ပါကဋီကရဏဝါကျ+အပါကဋဝါကျ။

၅။ ဝိတ္ထာရဝါကျ+သင်္ခေပဝါကျ။

၆။ ကာရဏဝါကျ+ဖလဝါကျ။

၇။ သာမညဝါကျ+ဝိသေသဝါကျ။

၈။ သမ္ဘာဝနာဝါကျ+ဂရဟာဝါကျ။

၉။ အနွယဝါကျ+ဗျတိရေကဝါကျ။ ဤဝါကျများကိုသာ အများဆုံး ဖြေဆိုကြရပါမည်။ ဥပမာ. . (ခ)ဝါကျာရမ္ဘဝါကျဖြစ်သော် ရှေးရှိ(က)ဝါကျသည် အာရဒ္ဓဝါကျစသဖြင့် ရှေးနောက်ထောက်ဆပြီးလည်း ပုစ္ဆာကြည့်၍ ဖြေဆိုကြရပါမည်။

ဝါကျခွဲဆိုင်ရာ နိယံများ

* ဝါကျာရမ္ဘ ပက္ခ ဒဠှီ၊ ပါကဋီ လေးလီကေက။
* ကျဉ်း ကျယ် ကြောင်း ကျိုး၊ အရိုး အထူး၊ ချီးကျူး ပြစ်တင်၊လျော် ဆန့်ကျင် ငါးအင် ဒုက်ဝါကျ။
* ဆက်နက်နှစ်ဖေါ်၊ ထူး လျော် ဆန့်ကျင်၊ ဤငါးအင်၊ ရှေ့စကားနှင့်၊ နွယ် ရှုံပင်။
* ကြောင်း ကျိုး ပြစ်လျှင်၊ဤသုံးအင် ရှေ့စကားနှင့် စပ်ယှဉ်ပင်။
* ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ ဝါကျာရမ္ဘပင်။
* မပြတ်ဆက်ကာ၊ ဆက်၍လာ၊ ဥပနျာသတွင်။ (ရွှေရေးဆောင်)

ဥပညာသတ္တော ဝါ စသဒ္ဒေါ၊ ဥပညာတောတိစ ဝါကျာရမ္ဘော ဝုစ္စတိ။ (သီ၊ဋီ၊သစ်၊၁။၃၅။)

“ ဝတ္တိစ္ဆာ ဝါကျံ=ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်း ဝါကျဖြစ်၏ ” ထို့ကြောင့် မိမိ စိတ်ရှိနိုင်သမျှ ဉာဏ်ကွန့်လျှက် ဝါကျအမည်ပေးနိုင်ပါသည်။

ရှေ့ဝါကျ နောက်ဝါကျတို့သည် သံဝဏ္ဏေတဗ္ဗ အပြောင်းအလဲမရှိ အနက်အဓိပ္ပါယ်လည်း ဆက်သွယ်မှုရှိပါက ဝါကျာရမ္ဘ၊( ထိုအနက်အဓိပ္ပါယ်ဆက်သွယ်ခြင်းသည်လည်း ဝါကျမကျော်မူ၍ ဆက်သွယ်မှုရှိပါက ဥပနျာသ။ ဝါကျကျော်က ဝါကျာရမ္ဘ။)

သံဝဏ္ဏေတဗ္ဗနှင့် အနက်အဓိပ္ပါယ်များ ပြောင်းလွဲသွားပါက ပက္ခန္တရဝါကျ။

အထက်ဝါကျအား အကြောင်းအကျိုး၊ အဘိဓမ္မာနည်း၊ သဒ္ဒါနည်း၊ လောကသဘာဝ၊ အကိုးသာဓကတို့ဖြင့် ထောက်ခံရေးသားထားပါက ဒဠှီကရဏဝါကျ။ ထိုဒဠှီဝါကျသည် သဘာဝဒဠှီ , အာဂမဒဠှီ ဟူ၍ နှစ်မျိုးရှိရာ သဘာဝဒဠှီ၌ ဟိနိပါတ်ဖြင့်

http://www.dhammadownload.com



အရေးများပြီး၊ အာဂမဒဋ္ဌိ၌ သက်ဆိုင်ရာ သာဓကပါဠိဖြင့် ရေးသားလေ့ရှိပါသည်။

ဣတိဝုတ္တံ၊ ဣဒံဝုတ္တံ စသဖြင့် ဥဒ္ဒေကတ္တပြရာ၌လည်းကောင်း၊ ဥပမာ ထည့်သွင်း၍ ရှင်းပြရာ၌လည်းကောင်း၊ တပ္ပါကဋ္ဌိကရဏဝါကျ။

ဟေတုဝါကျနောင် ဟိနိပါတ်ဖြင့်လည်းကောင်း၊ ဝါကျအစ၌တတ္ထပုဒ်ဖြင့်လည်းကောင်း၊ ဝါကျအဆုံး၌ အဓိပ္ပါယောပုဒ်၊ အတ္ထောပုဒ်တို့ဖြင့်လည်းကောင်း၊ ဝါကျအတွင်း ယ/တပုဒ်တို့ဖြင့်လည်းကောင်း၊ အန္တယ ဗျတိရေကဖြင့်လည်းကောင်း သရုပ် အာကာရတို့ဖြင့်လည်းကောင်း ရေးသားထားပါက ဝိတ္ထာရဝါကျ။

- **ဝိတ္ထာရမှာ၊ ကြောင်းခြင်းရာ၊ ပါကဋ္ဌိမှာ ဥပမာ။**
- **ဟေတု သရူပ၊ အာကာရ ချဲ့ပြဝိတ္ထာရာ။**
- **ကထံ တတ္ထ၊ ဟိတ်ပြနောက်မှာ၊ ဟိရောက်လာ၊ ချဲ့ကာယူကြမင်း။**
- **တတ္ထချိုလျှက်၊ စကားတက်မူ၊ မှတ်ယူဝိတ္ထာရ။**
- **အဓိပ္ပါယော၊ အတ္ထောရှိက၊ ဂုဏ္ဍဖော်ပြ၊ ဝိတ္ထာရ။**

ဟိနိပါတ်ဖြင့်လည်းကောင်း၊ ယသ္မာဖြင့်လည်းကောင်း၊ တော+တတ္တာ ဟူသော ဟိတ်နက်ဟောပုဒ်ဆုံးဖြင့်လည်းကောင်း၊ တေနဖြင့်လည်းကောင်း ရေးသားထားပါက ကာရဏ(ဟေတု)ဝါကျ။

**မှတ်ချက်။** ။သဘာဝဒဋ္ဌိဝါကျတို့၌လည်း ကာရဏဝါကျ အချို့ရနိုင်ပါသည်။

တသ္မာ၊ တေန ဝုတ္တံ၊ တို့ဖြင့် အကြောင်းအကျိုးကို သိသာအောင်ပြဆို ရေးသားထားသော ဝါကျကို ဖလဝါကျဟုဆိုသည်။ အထူးသဖြင့် ကရဏဝါကျနောင်၌ရှိသော တသ္မာကို ဖလဝါကျ၊ ယသ္မာရှေး၌ မပါရှိပဲ သီးခြား တသ္မာကိုတော့ လဒ္ဓဂုဏဝါကျဟုဆိုပါသည်။

- **သီးခြားတသ္မာ၊ ရှိခဲ့ရာ ယူပါလဒ္ဓဂုဏ်။**
- **တေန ဝုတ္တံ (တသ္မာ ဝုတ္တံ) တည်ပါ၍ပြန်က၊ လဒ္ဓဂုဏ်မျှ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နောတတ္တ။**
- **အကျိုးတစ်ပုဒ်၊ ပြီးလတ်ငြားက၊ တစ်ပါးအကျိုး၊ ပြရိုးပြတုံ၊ လဒ္ဓဂုဏ်။**

ရနိုင်သမျှ အနက်အားလုံး ထုတ်ဖော်ပြသော ဝါကျကို အတ္ထုဒ္ဓါရဝါကျ ဟုဆိုသည်။ ယင်းအတ္ထုဒ္ဓါရဝါကျကို သာမညဝါကျ ဟုလည်းဆိုသည်။

ဤ၌အလိုရှိအပ်သော အနက်သည် အတ္ထုဒ္ဒေသဝါကျ (တစ်နည်း)ဝိသေသ ဝါကျမည်၏။ဣပေနဖြင့်လည်းကောင်း၊အဓိပ္ပါယောဖြင့်လည်းကောင်း ရေးသားကြ၏။

ကိဉ္စာပိ သစေပိ ကာမဥ္စ တထာပိ သစေက္ကဝ ယဒိ ပါဠိတို့ဖြင့် ချီးမွမ်းခြင်း ကဲ့ရဲခြင်း မြှောက်ပင့်ခြင်း အပြစ်ပြောဆိုခြင်း တို့ကိုဖွင့်ဆိုရေးသားက သမ္ဘာဝနာ၊ ဂရဟာ ဝါကျမည်၏။

**မှတ်ချက်။** ။ယင်းဝါကျတို့သည် ဝါကျာရမ္ဘလည်းမည်၏။

န နော နတ္ထိ နေဝ ဟူသော ပဋိသေဓဖြင့်ရေးသားက ဗျတိရေကဝါကျမည်၏။ ယင်း ဝါကျ၏ ရှေ့၌ဖော်လည်းကောင်း နောက်၌သော်လည်းကောင်း ပဋိသေဓမပါရှိသော ဝါကျသည် အန္တယဝါကျမည်၏။

http://www.dhammadownload.com



* ဇုတိရေက အန္ဓယ သေခ ပါ မပါ။

(ခ)ဝါကျသည် ရာဇဂဟ အမည်ရခြင်း၏ အသင့်ယုတ္တိကို ပြသောကြောင့် ဒဠ္ဍီဝါကျမည်၏။(တစ်နည်း)ရာဇဂဟအမည်ရခြင်း၏ အကြောင်းကိုပြသောကြောင့် ကာရကဏဝါကျမည်၏။(တစ်နည်း)ရာဇဂဟမည်ပုံကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျမည်၏။-မှတ်ချက်-ဟိနိပါတ်ပါသော ဝါကျများဝယ် ဤဝါကျအမည်(၃)သုံးမျိုးကို အထူးအရေးထားစဉ်းပါ။

(ဂ)ဝါကျသည် ရာဇဂဟမည်ပုံကို တစ်ပါးသောနည်းတို့ဖြင့်လည်း ဖွင့်ဆိုကြသည်ကို ဆက်လက်အားထုတ်သောကြောင့် ဝါကျာရမ္ဘဝါကျမည်၏။ (တစ်နည်း)မိမိအဌကထာဆရာဝါဒမှတစ်ပါး အခြားဆရာတို့၏ ရာဇဂြိုဟ်မည်ပုံ အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျမည်၏။

(ဃ)ဝါကျသည်အခြားဆရာတို့ အဖွင့်တို့အကျိုးမရှိပုံကို ဆက်လက် အားထုတ်သောကြောင့် ဝါကျာရမ္ဘ မည်၏။ (တစ်နည်း) ဥပန္ယာသ။ (ကပ်ဆက်)

(င) ဝါကျသည် အကျိုးမရှိခြင်း၏ အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ မည်၏။(တစ်နည်း) အကျိုးမရှိပုံကို ဆက်၍ပြသောကြောင့် ဥပန္ယာသဝါကျ။

**စာစပ်။** ။ပရိဂ္ဂဟိတတ္တာ ကားကြောင့်ပေးသောကြောင့် ဝုစ္စတိ၌ အကြောင်းဟိတ်၊ ဝုစ္စတိကား အကျိုးဖိုလ်စပ်အုပ်၏။

**မှာထားချက်။** ။ယ-အနိယမသာ ရှိနေသော ဝါကျကို ဟီနဝါကျ။တ ဧတ ဣမ စသောနိယမသဒ္ဒါရှိနေသော ဝါကျသည် မဇ္ဈိမဝါကျ။ နိယမာနိယမအစုံရှိသော ဝါကျသည် ပဏီတဝါကျ ဟုလည်းခွဲကြသေးသည်။

## နံပါတ်(၄)

**ဝိဂြိုဟ်ဆိုဉာဉ်ကောက်မေးသည်. .**

ဝိဂြိုဟ်ဆိုရသော ပုဒ်သည် သမာသ်ပုဒ် တဒ္ဓိတ်ပုဒ် ကိတ်ပုဒ် ဟုသုံးမျိုးရှိပါသည်။

ထို့တွင်. . သမာသ်ကျမ်းလာ သမာသ်ပုဒ်တို့၏ ဝိဂ္ဂဟကို လေ့လာထား ကြပြီးဖြစ် နေကြရမည်။ သမာသ်ဉာသ်ကောက်ရာ အုပ်စုသုံးမျိုးခွဲခြား၍ ဉာသ်ကောက်ကြရပါ မည်။

(၁)ဗဟုဗ္ဗိဟိသမာသ်ကောက်။ ဒွန်သမာသ်ကောက်၊ ကြွင်းသမာသ်ကောက် ဟူ၍ ကွဲခြားထားရပါမည်။ (ကြွင်းသမာသ်(၄)မျိုးသည်ဉာသ်ကောက်ရာ၌တူသည် ထို့ကြောင့်. . တစ်အုပ်စုဖွဲ့ထားပါသည်။)

- * မုချေပစာ၊ အညပါ၊သုံးဖြာဗဟုဗ် အကောက်ထုတ်။
- * မုချေပစာ၊ သမာသ်ပါ၊ သုံးဖြာကြွင်းပုဒ် အကောက်ထုတ်။
- * ပုဒ်လုံးဗဟုဗ်၊ ရှေးပုဒ်ဒွန္ဒ၊ ကြွင်းလေးဝဉ်၊ ဝိသေသနု ပုဒ်အရကို မုချဌာန္၊ ကောက်လေမြဲ။
- * ဌာနူပစာရ၊ သမ္ဗန္ဓ၊ အရကောက်လေမြဲ။

http://www.dhammadownload.com



**ရှင်းချက်။** ။ ဗဟုဗ္ဗီဟိသမာသ်ပုဒ်၌ ပုဒ်လုံးအရမှုချ။ ပုဒ်လုံးအရနှင့်အညပုဒ်အရအစပ်သမ္ဗန် ဌာနူပစာရ။ အညပုဒ်အရ ဟောနက်ကောက်။
ဒွန်သမာသ်၌ ရှေးပုဒ်အရမှုချ။ အချင်းချင်းငဲ့ခြင်းဟုဆိုအပ်သော အညမညပေက္ခသမ္ဗန်ကို ဌာနူပစာရ။ ဒွန်သမာသ်ပုဒ်လုံးအရ ဟောနက်ကောက်။
ကြွင်းသမာသ်ပုဒ်တို့၌ (ဝိသေသနရှေးပုဒ်)အရမှုချ။ အစပ်သမ္ဗန်ဌာနူ။ သမာသ်ပုဒ်လုံးအရ ဟောနက်ကောက်။ဆိုရိုးအကောက်တို့၌ ထင်ရှားအံ့။

**ဇဝံ နဂရံ ယသ္မိံ္တ ဇဝံ နာမကံ။**(တသ္မိံ ဇဝံနာမကေ=ဟုဝိဘတ္တျန္တခံ)အနက်ပေး။ ဇဝံ နာမံ ယသ္မိံ္တကား သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်။ဇဝံနာမံ-ကားဗဟုဗ္ဗီဟိသမာသ်ပုဒ်။ဇဝံပုဒ်+နာမပုဒ်+ယပုဒ်။(ဤသို့ ဝိဂ္ဂဟဆိုပြီးတိုင်း ဝိဘတ္တျန္တခံ၊အနက်ပေး၊အမည်မှည့်၊ပုဒ်ခွဲရမည်၊ယင်းနောက်မှဉာဏ်ကောက်ရမည်ကို သိပါ။)
ဇဝံနာမံဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား=ဤသို့ရာဇဂြိုဟ်ဟူသော အမည်သည် မုချအားဖြင့်ရ၏။ထို၏. ယဟူသောအညပုဒ်အရ=မြို့နှင့်ဌာနီဌာနအစပ်သမ္ဗန်သည် ဌာနူပစာရအားဖြင့်ရ၏။ယဟူသောအညပုဒ်အရ=ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော ရာဇဂြိုဟ်အမည်ရှိသော မြို့ရ၏။

**နံ သမ္ပုဏ္ဏံ ယရံ ဇတ္ထာတိ နဂရံ။**(တသ္မိံ နဂရေ) ။နိဿယပေး။န ပုဒ်+ယရပုဒ်+ဇတပုဒ်။န. ယရ-ဟူသောဗဟုဗ္ဗီသမာသ်ပုဒ်လုံးအရ=ပြည့်သောအိမ်အပေါင်းသည်မုချ။ ထို၏. ဇတဟူသောအညပုဒ်အရ=မြို့အရပ်နှင့် ဌာနီ+ဌာနအစပ်သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ဇတဟူသောအညပုဒ်အရ=ထိုမုချဌာနူပစာတို့ဖြင့်မှတ်အပ်သော ပြည့်သောအိမ်ရှိသော မြို့အရပ်ရ၏။

**မံ(သိရိံ) ဓာရေတီတိ မန္ဓာတာ။**

**ဂါဝေါ ဝိန္ဒတီတိ ဂေါဝိန္ဒော။**

**မဟန္တော စ သော ဂေါဝိန္ဒော စာတိ မဟာဂေါ ဝိန္ဒော။**

မဟန္တ-ဟူသော ဝိသေသနပုဒ်အရ အမြတ်ဂုဏ်သည် မုချ။ ထို-၏ ဂေါဝိန္ဒပုဂ္ဂိုလ်ကားနှင့် ဂုဏ်+ဂုဏောႈ စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ မဟာဂေါဝိန္ဒော-ဟူသော သမာသ်ပုဒ်လုံးအရ ထိုမုချ ဌာနူပစာတို့ဖြင့်မှတ်အပ်သော မဟာဂေါဝိန္ဒပုဂ္ဂိုလ်ကား ရ၏။

**မန္ဓာတာ စ မဟာဂေါဝိန္ဒော စာတိ မန္ဓာတုမဟာဂေါဝိန္ဒာ။**

မန္ဓာတု ဟူသောရှေးပုဒ်အရကား မန္ဓာတ်စကြာမင်းသည် မုချအားဖြင့်ရ၏။
ထို၏ မဟာဂေါဝိန္ဒပုဂ္ဂိုလ်ကားနှင့် သိမ်းပိုက်ခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်းသကဲ့သို့ဖြစ်သော အညမညပေက္ခသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။
သမာသ်ပုဒ်လုံးအရကား= ထိုမုချ ဌာနူပစာတို့ဖြင့်အပ်သော မန္ဓာတ်စကြာမင်း မဟာဂေါဝိန္ဒပုဂ္ဂိုလ်ကားတို့ရ၏။

**မန္ဓာတုမဟာဂေါဝိန္ဒာ အာဒယော ယေသန္တိ မန္ဓာတုမဟာဂေါဝိန္ဒာဒယော။**

http://www.dhammadownload.com



(တေဟိ မန္တာထုမဟာဂေါဝိန္ဒာဒီဟိ)

မန္တာတုမဟာဂေါဝိန္ဒာဒိ ဟူသော ဗဟုဗ္ဗိဟိ သမာသ်ပုဒ်လုံးအရကား-မန္တာတ်စကြာမင်း မဟာဂေါဝိန္ဒပုဏ္ဏားဟူသော အစသည်မှုချအားဖြင့်ရ၏။ ထို၏ယ-ဟူသောအညပုဒ်၏ အရ-အခြားပုဂ္ဂိုလ်တို့နှင့် အာဒိ+အာဒိဝန္တအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအား ဖြင့်ရ၏။

ယ-ဟူသောအညပုဒ်၏အရကား-ထိုမှုချဌာနူပစာတို့ဖြင့်မှတ်အပ်သော မန္တာတ်စကြာ မင်း မဟာဂေါဝိန္ဒပုဏ္ဏားစသောပုဂ္ဂိုလ်တို့ရ၏။

မှတ်ချက်။ ။အာဒိပုဒ်ရှိသော ဗဟုဗ္ဗိဟိသမာသ်၌ အစပ်သမ္ဗန်ကို အာဒိ အာဒိဝန္တ ပုံသေစပ်ကြရမည်။

**ရာဇူဟိ ဂဟံ ရာဇဂဟံ။** (တတိယာတပ္ပုရိသ်)

ရာဇဟူသော ဝိသေသနပုဒ်အရကား-မန္တာတ်စကြာမင်း မဟာဂေါဝိန္ဒပုဏ္ဏား တို့သည် မှုချအားဖြင့်ရ၏။ ထို၏ ဂဟဟူသောနောက်ပုဒ်အရ သိမ်းပိုက်အပ်သော ရာဇဂြိုဟ်မြို့နှင့် သာမီ+သံအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

## တဒ္ဓိတ်ဉာဏ်ကောက်

တဒ္ဓိတ်ဝိဂြိုဟ်ဆိုပြီးနောက် ဉာဏ်ကောက်သည့်အခါ (၄)မျိုးခွဲ၍ကောက်ကြ ရပါမည်။

၁။ သာမညတဒ္ဓိတ်ကောက်။ ၂။ ဘာဝတဒ္ဓိတ်ကောက်။ ၃။ သွတ္တ တဒ္ဓိတ်ကောက်။ ၄။အဗျယတဒ္ဓိတ်ကောက် ဟူ၍လေးမျိုးခွဲခြား သိထားကြရပေမည်။

ကျက်မှတ်ရန်။ * သာမံ ဗျယ၊ ပုဒ်ဘာဝ၊ သွတ္တတဒ္ဓိတ်ပုဒ်။
* မုချောပစာရ၊ ပစ္စယ၊ သုံးဝအကောက်ထုတ်။
* တဒ္ဓိတ်ဟူက၊ ပုဒ်အရ မုချဌာနူလုပ်။
* ပစ္စည်းအတွက်၊ နောက်ပုဒ်နက်၊ ဆက်ဆက်အကောက်ထုတ်။
* တဒ္ဓိတ်ပစ္စယ၊ ဟောနေကျ၊ မုချနောက်ပုဒ်အနက်သာတည်း။
* တဒ္ဓိတ်ဘာဝ၊ ဝါစက၊ သဒ္ဒပဝတ္တ နိမိတ်အနက်သာတည်း။
* အရအကွဲ၊ ပုဒ်ပစ္စဲ၊ ယူမြဲနောက်ပုဒ်နက်သာတည်း။

ဉာဏ်ကောက်ရာတွင် အပိုင်းသုံးပိုင်းခွဲခြား၍ ကောက်ကြရမည်။

၁။ တဒ္ဓိတ်ပုဒ်အရ မုချကောက်။ ၂။ အစပ်သမ္ဗန်ဌာနူပစာကောက်။ ၃။ ဟောနက်ပစ္စည်းအရကောက်။

မှတ်ချက်။ ။ဘာဝတဒ္ဓိတ်၌ ပစ္စည်းအရ ဇာတ် ဂုဏ် ကြိယာ ဒြပ် နာမ် ဟူသော သဒ္ဒပဝတ္တနိမိတ်ကောက်ကြရမည်။
သွတ္တတဒ္ဓိတ်၌ ပုဒ်အရ ပစ္စည်းအရ ဟောနက် တစ်မျိုးကိုသာ ကောက်ကြမည်၊-အရကောက်မကွဲပါ။

ပုံစံ။ ။နဂါ ပါသာဒါဒယော ဇတ္တ သန္တီတိ နဂရံ။ (အနက်ပေးခြင်း, ပုဒ်ခွဲခြင်း, အ မည်မှည့်ခြင်းတို့ပြီးနောက်။)

http://www.dhammadownload.com



နဂါဟူသောတဒ္ဓိတ်ပုဒ်အရပြသာဒ်စသည်တို့သည် မုချအားဖြင့်ရ၏။ထို၏ ရ ပစ္စည်းအရမြို့နှင့်ဌာနီဌာနအစပ်သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

ရပစ္စည်းအရထိုမုချ ဌာနူပစာတို့ဖြင့်မှတ်အပ်သော ပြသာဒ်စသည်ရှိရာမြို့ ရ၏။

**ပုံစံ။ ။ပရိဂ္ဂဟိတဿ ဘာဝေါ ပရိဂ္ဂတတ္တံ။(တသ္မာ ပရိဂ္ဂတတ္တာ)**

ပရိဂ္ဂဟိတဟူသော တဒ္ဓိတ်ပုဒ်အရသိမ်းပိုက်အပ်သော မြို့သည်မုချ။ ထို၏ တ္တ ပစ္စည်းအရသဒ္ဒပဝတ္တိနိမိတ်ဖြစ်သော သိမ်းပိုက်ခြင်းကြိယာနှင့် နိဿယနိဿိတအစပ် သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

တ္တပစ္စည်းအရကားထိုမုချ ဌာနူပစာတို့ဖြင့်မှတ်အပ်သော သိမ်းပိုက်အပ်သော မြို့၏ဖြစ်ကြောင်းဖြစ်ရာ သိမ်းပိုက်ခြင်းကြိယာရ၏။

**မှတ်ချက်။ ။ဘာဝတဒ္ဓိတ်မှန်သမျှ နိဿ+နိဿိတအစပ်သမ္ဗန် ပုံသေရသည်။**

## ကိတ်ဉာဏ်ကောက်

ကိတ်ဝိဂြိုဟ်ဆိုပြီးနောက် သာဓန(၇)ပါးကို ဉာဏ်ကောက်ရာ၌

၁။ ကတ္တုသာဓနပိုင်း ၂။ ကမ္မာဒိပဉ္စကပိုင်း ၃။ ဘာဝသာဓနပိုင်း ဟူ၍ အပိုင်း သုံးပိုင်း ခွဲခြားကောက်ကြရမည်။

ကတ္တုသာဓနသည် . . ၁။ ဝိဇ္ဇမာနသဒ္ဒါ။ (ပရမတ္ထဟောနက်ရသဒ္ဒါ)

၂။ အဝိဇ္ဇမာနသဒ္ဒါ။ (ပညတ်ဟောနက်ရသဒ္ဒါ)

*** သဒ္ဒါဝိဇ္ဇမာန၊ ဝိဂြိုဟ်ပြက၊ ဓာတ်အရမှာ၊လက္ခဏသဘာဝ၊ ကောက်ရမချို့ ပစ္စည်းတို့မှာ၊ လက္ခဏဝန်၊ သဘာဝန်ကို၊ ဧကန်အရ၊ ညွှန်းသတည်း။**

ဟူသော ဘုရားကြီးနိယံနှင့်အညီ ဓာတ်အရကို လက္ခဏ+သဘာဝကောက်ပြီး ပစ္စည်းအရကို လက္ခဝန္တ+သဘာဝဝန္တကို ကောက်ရမည်။

**ပုံစံ။ ။ဖုသတီတိ ဖဿော။**

ဖုသဓာတ်အရတွေ့ထိခြင်းလက္ခဏာ+တွေ့ထိခြင်းသဘာဝရ၏။ ဏပစ္စည်းအရတွေ့ထိခြင်းလက္ခဏာ တွေ့ထိခြင်းသဘာဝရှိသော ဖဿစေတသိက်ရ၏။

*** အဝိဇ္ဇမာနသဒ္ဒါ၊ ဝိဂြိုဟ်ပြက၊ ပရမတ္ထ, ဓာတ်အရပစ္စည်းအရပညတ္တ၊ ကောက်ကြမှန်မယွင်း။**

*** မုချ ဖလူ ကာရဏူ လွယ်ကူသိစေမင်း**

*** ပစ္စယူပွန်မူ မုချယူ ရှေးဖလူ ကာရဏူကို နောက်စိတ်သွင်း. . . ဟူသော**
ယံနှင့်အညီ ဓာတ်အရပရမတ္ထတရားကို မုချကောက်၍၊ရှေးရှေးစိတ်ကို ဖလူ၊နောက် နောက်စိတ်ကို ကာရဏူပစာ၊ပစ္စည်းအရကို ပညတ်(ထွက်သော)အနက်ကိုကောက်။

**ပုံစံ။ ။ဗုဇ္ဈတီတိ ဗုဒ္ဓေါ။**

ဗုဓ ဓာတ်အရ သိတတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့ ပည်မုချ။ရှေးရှေးသော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ် အောက်ဖိုဉာဏ်

http://www.dhammadownload.com



စသည်တို့သည် ဖလူပစာအားဖြင့်ရ၏။နောက်နောက်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်, ဒေသနာဉာဏ်စသည်တို့သည် ကာရဏူပစာအားဖြင့်ရ၏။ တ. ပစ္စည်းအရကား-ထိုမုချ ဖလူ ကာရဏူပစာတို့ဖြင့်မှတ်အပ်သော မြတ်စွာဘုရားရ၏။ (ဝါ) မြတ်စွာဘုရားဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သတ္တသန္တာန ပညတ်ဒြဗ်ဝိသေသရ၏။

**ဟေတုကတ္တုသာစနကောက်..**

ကတ္တုသာဓ်၌ သုဒ္ဓကတ္တုသာဓ်၊ဟေတုကတ္တုသာဓ်-ဟု ဝိဂ္ဂဟနှစ်မျိုးရှိရာ အထက်ပါဉာသ်ကောက်မှာ သုဒ္ဓကတ္တုသာဓ်အတွက်သာဖြစ်ပြီး၊ "စေ"ဟူသော ကာရိတ်သံပါသော ဟေတုကတ္တုသာဓ်တို့၌ ဖေါ်ပြပါနိယံနှင့်အညီကောက်ကြရမည်။

**နိယံ။** **။ဟေတုသာဓ်မျိုး၊ ကြောင်းကျိုးကြိယာ၊ ဤနှစ်ဖြာတွင်၊ ကျိုးမှာမုချ၊ ကြောင်းရဖလူ၊ ကာရဏူ လွယ်ကူသိစေမင်း။**

ဟူသည်နှင့်အညီ. . အကျိုးကြိယာမုချကောက်။ အကြောင်းကြိယာဖလူပစာကောက်။ ပစ္စည်းအရ ပညတ်(ထွက်သော)အနက်ကောက်ဟု (၃)မျိုးကောက်ကြရမည်။

**ပုံစံ။** **။မာတာပိတူနံ ဟဒယံ ပူရေတီတိ ပုရိသော။**

ပူရဓာတ်သုဒ္ဓကတ္တုဌကြိယာကား ပြည့်တတ်သောအခြင်းအရာအားဖြင့်ဖြစ်သော မိဘတို့၏ သပ္ပီတိကတဏှာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မုချ။

ဟေတုကတ္တုဌကြိယာကား. . ထိုစိတ္တုပ္ပါဒ်အားတပ်သော သားဒြဗ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။

ဣသပစ္စည်းအရကား. ထိုမုချဖလူပစာတိုဖြင့်မှတ်အပ်သော သားဒြဗ်ရ၏။ (ပုရေ ဥစ္စေ ဌာနေ သေတီတိ ပုရိသော)။

## ကမ္မာဒိပဥ္စကဉာသ်ကောက်

*** ဖလူမုချ၊ ဓာတ်အရ၊ မှတ်ကြမြဲသေချာ။**

*** ကမ္မာဒိက၊ ပဥ္စက၊ ဖလမြဲသေချာ။**

*** မုချယူရ၊ ကတ္တုဌ၊ မှတ်ကြသောတုနာ။**

ဟူသောနိယံနှင့်အညီ ဓာတ်အရ ကတ္တုဌကြိယာသည် မုချ။ကမ္မာဒိပဥ္စကကြိယာ အရဖလူ။ ပစ္စည်းအရ ဟောနက်ကောက်။ဤသို့(၃)မျိုးကောက်ကြရမည်။

ကမ္မာဒိပဥ္စက ကောက်ရာတွင် မုချအရပရမတ္ထတရားနှင့် ပစ္စည်းအရတရားတို့ ပဋ္ဌာန်း နည်းဆက်ဆွယ်မှု ပစ္စယသတ္တိကို ဖလူပစာထုတ်ကြရမည်။

၁။အာရမ္မဏပစ္စယသတ္တိ။ ၂။သဟဇာတပစ္စယသတ္တိ။ ၃။ပကတူပနိဿယသတ္တိ။ ၄။ နာနက္ခဏိက ကမ္မပစ္စယသတ္တိ။ ၅။ အနန္တရပစ္စယသတ္တိ တို့ကို သင့်သလိုကြည့်ပြီး ထုတ်ကြရမည်။ ပုံစံများ၌ ထင်ရှားသေပါအံ့။

**ပုံစံ။** **။ပရိဂ္ဂယှတီတိ ပရိဂ္ဂဟိတံ ။** (ပရိ+ဂဟ+တ)

ဂဟ ဓာတ်အရ ကတ္တုဌကြိယာကား. . သိမ်းပိုက်တတ်သော မင်းပုဏ္ဏားတို့၏ သန္တာန် လောဘပြဓာန်းသော စိတ္တုပ္ပဒ်သည် မုချအားဖြင့်ရ၏။ကမ္မဌကြိယာကား

http://www.dhammadownload.com



သိမ်းပိုက်အပ်သော မြို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာရအားဖြင့်ရ၏။ တ-ပစ္စည်းအရကား=ထိုမုချ+ဖလူပစာတို့ဖြင့်မှတ်အပ်သော သိမ်းပိုက်အပ် သော မြို့ရ၏။

**ဘာဝသာစနည်ညသ်ကောက်**

**နိယံ။ ။ဘာဝသာစနေ၊ ဟူတုံက၊ ဓာတ်ရပစ္စည်းတူသည်သာ။**

ဟူသော နိယံနှင့်အညီ ဘာဝသာနေ၌ ဓာတ်အရနှင့် ပစ္စည်းအရမထူးပေ။

**ပုံစံ။ ။မုယှနံ မောဟော။**

မုဟဓာတ်အရနှင့်ဏပစ္စည်းတို့အရကား ဘာဝသာနေတို့ သဘောသည် ဓာတ်အရပစ္စည်းအရမထူးသောကြောင့် တွေဝေခြင်းမောဟရ၏။

**သုဒ္ဓကတ္တုသာစ်နှင့်ဟေတုကတ္တုသာစ်ညသ်ကောက်**

**ပုံစံ။ ။ရာဇတိ အတ္တနော ဣဿရိယသမ္ပတ္တိယာ ဒိပ္ပတီတိ ရာဇာ။**

ရာဇဓာတ်အရကား=အစိုးရခြင်းဟူသော ပြည့်စုံခြင်းဖြင့် ထွန်းလင်းတောက်ပသော မင်းသန္တာန်၌ဖြစ်သော ကုသိုလ်စိတ်၏သတ္တိသည် မုချအားဖြင့်ရ၏။ အပစ္စည်းအရကား= သတ္တိမန္တဖြစ်သော ကုသိုလ်စိတ်ရ၏။

**တစ်နည်း။ ။စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ရဉ္ဇေတီတိ ရာဇာ။**

ရဉ္ဇ ဓာတ်အရသုဒ္ဓကတ္တု၌ကြိယာကား=လူအပေါင်းတို့သည် နှစ်သက်သောအခြင်းအရာအားဖြင့်ဖြစ်သော ပီတိသောမနဿပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မုချအားဖြင့်ရ၏။ ဟေတုကတ္တု၌ ကြိယာကား ထိုစိတ္တုပ္ပါဒ်အားတပ်သော မင်း၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာအားဖြင့်ရ၏။ဏပစ္စည်းအရကား ထိုမုချ+ဌာနူပစာရတို့ဖြင့်မှတ်အပ်သော မင်းရ၏။

**မံ သိရီ ဓာရေတီတိ မန္ဓာတာ။** (ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်)

(မံ+ဓရ+ရာတု) သမာသ်+တိတ်(၂)မျိုးကောက်ရမည်။ ပုံသေမှတ်သားရန်။

မ-ဟူသောဝိသေသနပုဒ်အရ. ကျက်သရေသည် မုချအားဖြင့်ရ၏။ထို၏. နောက် ပုဒ်အရဆောင်တတ်သောမန္ဓာတ်စကြာမင်းနှင့်ဂုဏ်ဂုဏီအစပ်သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏၊ဓရ-ဓာတ်အရကား ကျက်သရေကိုဆောင်တတ်သော မင်း၏သ န္တာန်၌ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်၏ အာနုဘော်သည် မုချအားဖြင့်ရ၏။ရှေးရှေးဖြစ်သော အကြောင်းကုသိုလ်ကံတို့သည် ဖလူပစာအားဖြင့်ရ၏။နောက်နောက်သောစကြာရတနာကို ပိုင်ဆိုင်ခြင်းစသောအကျိုးတရားတို့သည် ကာရဏူပစာအားဖြင့်ရ၏။ သမာသ်ပုဒ်လုံးအရနှင့် ရာတုပစ္စည်းအရကား. ထိုမုချ, ဌာနူ, ဖလူ, ကာရဏူပစာတို့ဖြင့်မှတ်အပ်သော ကျက်သရေကိုဆောင်တတ်သော မန္ဓာတ်စကြာမင်းရ၏။

(အာချာတ်ညသ်ကောက် နာမ်ဝိဘတ်ကောက် သဗ္ဗနာမ်ကောက် ဥပသာရ+နိပါတ်ကောက်များကို စာမေးပွဲများ၌ မေးလေ့မရှိသောကြောင့် မရေးတော့ပြီ။သက်ဆိုင်ရာစာအုပ်များ၌ ဆန္ဒရှိပါက လေ့လာကြပါကုန်။)

**ဝိဂြိုဟ်မပြုရသောပုဒ်များ**

**ရုဠ္ဟီ ချာတံ နိပါတဉ္စ -ပသဂ္ဂါလပနံ တထာ။**

**သဗ္ဗနာမဉ္စ မေ တေသု၊ န ကတော ဝိဂ္ဂဟော ဆသု။**

http://www.dhammadownload.com



## နံပါတ်(၅)

ဓာတ် ပစ္စည်း လိင် ဂိုဏ်း ကာရန် ဓာတ်နက် ပစ္စည်းနက် ပဒ အန္တ ဝိဘတ် တို့ကို မေးသည်။

ပုံစံ။ ။နာမ=နမုဓာတ်။ ညွတ်ခြင်းအနက်။ ဏပစ္စည်း၊ ကတ္တားအနက်။ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ နိဂ္ဂဟိတ်ကာရန်၊ ကိတ်နာမ်ပုဒ်။

**ဓာတ် ပစ္စည်း** အခွဲကား-ကိတ်ပုဒ်တွေတိုင်း များများခွဲခြား လေ့ကျင့်ပါက ပုဒ်တိုင်း ဓာတ်+ပစ္စည်း ခွဲတတ်သွားပါလိမ့်မည်။

**လိင်**=ပုလ္လိင် နပုလ္လိင် က္လတ္ထိလိင် အလိင် ဒွိလိင် တိလိင်-တည်း။

**ဂိုဏ်း**= နာမ်ဂိုဏ်း(၁၃)ဂိုဏ်းတည်း(ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း၊ ကညာဒိဂိုဏ်း, မနောဂိုဏ်း (မနောဂဏာဒိဂိုဏ်း), ဂုဏဝါဒိဂိုဏ်း, ဂစ္ဆန္တာဒိဂိုဏ်း, ပုမာဒိဂိုဏ်း, ရာဇာဒိဂိုဏ်း, သတ္ထာဒိဂိုဏ်း, ရတ္တာဒိဂိုဏ်း, နဒါဒိဂိုဏ်း, ဂဟပတာဒိဂိုဏ်း, သဗ္ဗနာမ်ဂိုဏ်း)

**ဆောင်။** ။**ပု ဂု ပု မာ ဂစ် ရာဇာ သတ်၊စိတ် ရတ် ကညာ၊ နဒါ ဂဟံ သဗ္ဗနာမ် ဂဏ် တေရသ။**

အာချာတ်ပုဒ်ကို ဂိုဏ်းမေးသော် အာချာတ်ဂိုဏ်းတို့ကိုသာ ဖြေဆိုရမည်၊ အာချာတ်ဂိုဏ်း(၈)ဂိုဏ်း. .

**ဆောင်။** ။ဘူ ရု ဒိ သွာ ကိ ဂဟာ တနာ-စုရ ဂိုဏ်းအဋ္ဌ။

**မှတ်ချက်။** ။အာချာတ်ပုဒ်ကို လိင်မေးက အလိင် ဟုသာဖြေဆိုရမည်။

**ကာရန်**=အ အာ က္လ ဤ ဥ ဦ ဩ နိဂ္ဂဟိတ် ဟူ၍ ကာရန်(၈)မျိုးကိုသိပါ။

ဧကာရန် မရှိပါ။ နာမ်ရုပ်တည် ကာရန်(သို့)ပထမာဧကဝုစ်ဝိဘတ်ဖြင့် ရုပ်ပြီးကာရန်ကို ဖြေရမည်။

**ပုံစံ။** ။ပရိဂ္ဂဟိတတ္တာ။ ပဥ္စမီဝိဘတ်ဆုံးသောကြောင့် ပထမာဝိဘတ်ဖြင့် ရုပ်တည်သော် ပရိဂ္ဂဟိတတ္တ ဖြစ်သည်။ ထို့ကြောင့် နပုံလိင် အကာရန် (ရုပ်တည်) နိဂ္ဂဟိတ်ကာရန်(ရုပ်ပြီး)။

ဓာတ်နက်=ပစ္စည်းနက်=တို့ကား သဒ္ဒါနက် ဝိဂ္ဂဟနက်ကို သိမှဖြေဆိုနိုင်မည်။

**ပုံစံ။** ။မန္တာတု။ မန္တာတ်စကြောမင်းဟူသော ပညတ်နက်ဖြင့် မဖြေနိုင်။ကျက်သရေကို ဆောင်တတ်သောမင်း. ဤသို့ ဝိဂ္ဂဟနက်ကို သိပါမှ. . .

မ. သဒ္ဒရူပ ပဒ၊ဓရဓာတ်၊ဆောင်ခြင်းအနက်။ ရာတုပစ္စည်း၊ ကတ္တားအနက်။ သို့အတွက်. . ဝိဂ္ဂဟပြုပြီးနောက် တတ်နိုင်သမျှ သဒ္ဒါကိုပေးကြည့်ပါ။ ဓာတ်နက် ပစ္စည်းနက်သာမက၊ သဂုဏာပေက္ခ ဒဗ္ဗအနက်လည်း လေ့ကျင့်ပြီးဖြစ်ပါလိန့်မည်။

ဝိန္ဒ= ဝိဒဓာတ်။ရခြင်းအနက်။အ-ပစ္စည်း။ကတ္တားအနက်။

ဂေါ= ဂမုဓာတ်။သွားခြင်းအနက်။ကွိ-ပစ္စည်း။ကတ္တားအနက်။

အာဒိ= အာရှေးရှိသော ဒါ-ဓာတ်။ယူခြင်းအနက်။က္လ-ပစ္စည်း ကံအနက်။

**(ပဌမံ အာဒိယတီတိ အာဒိ)**

ပကာရ=ပပုဗ္ဗ ကရဓာတ်။ပြုခြင်းအနက်။ဏ-ပစ္စည်း။ ကံအနက်။

http://www.dhammadownload.com



(ပကာရေန ကရီယန္တေတိ ပကာရာ)
အည- အာပုဗ္ဗ ဉာဓာတ်။သိခြင်းအနက်။အ-ပစ္စည်း။ကတ္တားအနက်။
နာမ- နာမဝါစကနိပါတ်ပုဒ်။(အဋ္ဌ လောဘသဟဂတစိတ္တာနိ နာမ တို့ကဲ့သို့တည်း)
နိပါတ်ပုဒ်မှန်သမျှ အလိင်။ ဂဏဝိမုတ်တည်း။

## နံပါတ်(၆)

အဋ္ဌကထာဆရာ၏ အာဘော်နှင့်သံဝဏ္ဏနာအမည်မေးသည်။

အဋ္ဌကထာဆရာ၏ နှလုံးသွင်းရည်ရွယ်ချက်ကို အဘော်ဟုခေါ်၍ အဋ္ဌကထာဆရာ၏ ဖွင့်ဆိုချက်ကို သံဝဏ္ဏနာဟု ဆိုသည်။သံဝဏ္ဏနာအကျယ်ကို သံဝဏ္ဏနာစစ်လာသည့်အတိုင်း လေ့လာကြရန်။

ဤ၌ အဋ္ဌကထာတွင် အတွေ့များသော သံဝဏ္ဏနာကို စာချတန်းပဋ္ဌာ စဉ်းမျဉ်းနှင့်အညီ အကျဉ်းချုပ်သိထားနိုင်ရန် ပြဆိုပါမည်။

**သံဝဏ္ဏနာသည်..**

၁။သဒ္ဒသံဝဏ္ဏနာ(ပဒသံဝဏ္ဏနာ)
၂။သဒ္ဒတ္ထသံဝဏ္ဏနာ(ပဒတ္ထသံဝဏ္ဏနာ)
၃။အရကောက်သံဝဏ္ဏနာ(သဒ္ဒါဟော သံဝဏ္ဏနာ)
၄။အဓိပ္ပါယ်ဖွင့်ဘာဝတ္ထ သံဝဏ္ဏနာ။

**ထိုတွင်..သဒ္ဒသံဝဏ္ဏနာသည်..**

၁။ပုဒ်ဖြတ်ကိုဖွင့်က သန္ဓိလိင်္ဂပဒ(ပဒစ္ဆေဒ)သံဝဏ္ဏနာ။
၂။နာမ်ပုဒ်ခြင်း ဖလှယ်ဖွင့်က နာမလိင်္ဂပဒ(ပရိယာယ)သံဝဏ္ဏနာ။
၃။နာမ်ဝိဘတ်ကိုဖွင့်က ဝိဘတ္တိပဒသံဝဏ္ဏနာ။
၄။သမာသ်ကိုပြက သမာသလိင်္ဂပဒသံဝဏ္ဏနာ။
၅။တဒ္ဓိတ်ကိုပြက တဒ္ဓိတလိင်္ဂပဒ(ဒုတိယလိင်္ဂပဒ)သံဝဏ္ဏနာ။
၆။တဒ္ဓိတ်ပစ္စည်းကိုဖွင့်က ပစ္စယပဒသံဝဏ္ဏနာ။
၇။အာချာတ်ဓာတ်ကို ဖွင့်က ဓာတုပဒသံဝဏ္ဏနာ။
၈။အာချာတ်ဝိဘတ်ကိုဖွင့်က ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ။
၉။ကိတ်ဓာတ်ကိုဖွင့်က ဒုတိယဓာတုပဒသံဝဏ္ဏနာ။
၁၀။ကိတ်ပစ္စည်းကိုဖွင့်က ဒုတိယပစ္စယပဒသံဝဏ္ဏနာ။
၁၁။ဥပသာရပုဒ်ဖွင့်က ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ။
၁၂။နိပါတ်ပုဒ်ကိုဖွင့်က နိပါတလိင်္ဂပဒသံဝဏ္ဏနာ။. . တို့ဟူ၍မှတ်သားထားကြရမည်။

**သဒ္ဒသံဝဏ္ဏနာနည်းတူ သဒ္ဒတ္ထသံဝဏ္ဏနာဆည်လည်း..**

၁။နာမလိင်္ဂတ္ထသံဝဏ္ဏနာ။(ပရိယာယတ္ထသံဝဏ္ဏနာ)
၂။နာမ်ဝိဘတ်၏အနက်ဖွင့် ဝိဘတ္တျတ္ထသံဝဏ္ဏနာ။
၃။သမာသ်ဝိဂြိုဟ်ဖွင့်က သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

http://www.dhammadownload.com



၄။တဒ္ဓိတ်ဝိဂြိုဟ်ဖွင့်က တဒ္ဓိတလိင်္ဂတ္ထသံဝဏ္ဏနာ။
၅။တဒ္ဓိတ်ပစ္စည်းအနက်ဖွင့်က ပစ္စယတ္ထသံဝဏ္ဏနာ။
၆။အာချာတ်ဓာတ်နက်ဖွင့် ဓာတွတ္ထသံဝဏ္ဏနာ။
၇။အာချာတ်ဝိဘတ်၏ အနက်ဖွင့်က ဒုတိယဝိဘတျွတ္ထသံဝဏ္ဏနာ။
၈။ကိတ်ပုဒ်၏ ဓာတ်နက်ကိုဖွင့်က ဒုတိယဓာတွတ္ထသံဝဏ္ဏနာ။
၉။ကိတ်ပစ္စည်းအနက်ကိုဖွင့်က ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
၁၀။ကိတ်ဝိဂြိုဟ်ကိုဖွင့်က အဘိဓာနတ္ထသံဝဏ္ဏနာ။
၁၂။ဥပသာရပုဒ်၏ အနက်ကိုဖွင့်က ဥပသာရလိင်္ဂတ္ထသံဝဏ္ဏနာ။
၁၃။နိပါတ်ပုဒ်၏ အနက်ကိုဖွင့်က နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ။ တို့ကိုမှတ်သားထားကြရမည်။

**အရကောက် အဘိဓေယျတ္ထသံဝဏ္ဏနာဟူသည်..**

၁။သုတ္တန်ကောက်။ ၂။အဘိမ္မာကောက်။ ၃။ဟောနက်ကောက် ဟူ၍(၃)မျိုး ရှိပါသည်။

**ဘာဝတ္ထသံဝဏ္ဏနာဟူသည်..**

ဆိုအပ်ခဲ့ပြီးသော သဒ္ဒ၊ အတ္ထ၊ အဘိဓေယျတ္ထတို့မှတစ်ပါးသောအဖွင့်တို့၌ အဖွင့် သံဝဏ္ဏနာများကို တစ်ပုဒ်ခြင်းကိုဖြစ်စေ, တစ်ဝါကျလုံးကိုဖြစ်စေ သိပ်သည်းကျစ်လစ်စွာ မြန်ပြန်ဆိုပြီး ဘာဝတ္ထသံဝဏ္ဏနာဟု အမည်တပ်ပေးလိုက်ရုံသာဖြစ်သည်။ **အမှာ။** ။သံဝဏ္ဏနာ နိယံများကို သဘောပေါက်အောင်ကျက်မှတ်ထားသင့်၏။

(က)**ဧဝံ နာမကေ နဂရေ.** ဖြင့် ရာဇဂဟေ၌ ရာဇဂဟအရ မင်းသိမ်းပိုက်အပ်သော အရာအားလုံးကိုမယူအပ်။(ဗျတိရေက)ရာဇဂြိုဟ်အမည်ရသောမြို့ကိုသာ အရကောက်ယူအပ်သည်ကို သိစေပါသည်။(အရကောက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ)တစ်နည်း. ရာဇဂဟသဒ္ဒါသည် နာမသဒ္ဒါကို အကြောင်းဥဝတ္ထနိမိတ်ပြု၍ ဖြစ်သောသဒ္ဒါဖြစ်သည်ကို သိစေပါသည်။ (သဒ္ဒါအနက်ကိုဟောခြောင့် သဒ္ဒါဟော အဘိဓေယျတ္ထ သံဝဏ္ဏနာ)

(ခ)**မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ-**ဖြင့် ရာဇဂဟံ၌ ရာဇပုဒ်၊ဂဟပုဒ် ရာဇအရ. မန္ဓာတ်စကြာမင်း, မဟာဂေါဝိန္ဒပုဏ္ဏားစသူတို့ကို အရကောက်ယူအပ်သည်ကိုလည်းကောင်း၊ဂဟပုဒ်ကို ဂယှတေ ပရိဂ္ဂယှတေတိ ဂဟံ. ဟု ကမ္မသာဓနကိတ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ဂဟဓာတ်၊အပစ္စည်း၊ယင်းအပစ္စည်း၏ ကံအနက်၌ဖြစ်သည်ကိုလည်းကောင်း၊ရာဇူဟိ ဂဟံ ရာဇဂဟံ. ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ယင်းသမာသ်ပုဒ် အဝုတ္တကတ္တားအနက်၌ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

(သရုပ်ကြားအဘိဓေယျတ္ထ။အဘိဓာနတ္ထ။ဒုဓာတုပဒ။ဒု-ပစ္စယပဒ။ဒု-ပစ္စယတ္ထ။သမာသလိင်္ဂပဒ။သမာသလိင်္ဂတ္ထ။)

နိယံ။ ။**သံဝဏ္ဏေကြုတ်၊ ရှိသည့်ပုဒ်ကို၊ အဝတ်ကတ္တား၊ ဖွင့်ပြခြားမူ၊ ပြခြားကမ္မသာဓနတည်း။**

http://www.dhammadownload.com



ကမ္ဗသာခနေ၊နောက်ပုဒ်ပြ၊ရှေ့ကပုဒ်နှင့်၊တတိယာတွဲမြ။

တဋ္ဌ-စသည်ဖြင့် မန္တာတုစကြာမင်း မဟာဂေါဝိန္ဒပုဏ္ဏား စသူတို့သည် သိမ်းပိုက်အပ်သည့်၏အဖြစ်ကြောင့် ထိုမြို့ကို ရာဇဂဟခေါ် ဆိုအပ်၏ဟု မြို့မည်ခြင်းအကြောင်းကို သိစေပါသည်။(အဓိပ္ပါယ်ကိုဖွင့်ဆိုသောကြောင့်ဘာဝတ္ထသံဝဏ္ဏနာ)

## နံပါတ်(၇)

### ပါဌ်အဆုံးဖြတ်ကိုမေးသည်။

၁။ပါဌ်ဆုံးဖြတ်ရာ၌ ဓာတ် ပစ္စည်း လိင် ဝိဘတ် ခွဲခြားဖြေဆိုမှု သဒ္ဒယုတ္တိ။

၂။အရာအားလျော်စွာ လိုအပ်သောအနက်အဓိပ္ပါယ် ကြံဆဖြေဆိုမှု အတ္ထယုတ္တိ။

၃။သက်ဆိုင်ရာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ ယောဇနာ နိဿယတို့၌ ဖွင့်ဆိုရေးသားသော ပါဌ်အနက်တို့ကို ကိုးကားဖြေဆိုမှု အာဂမယုတ္တိ။ဤသုံးမျိုးတို့ဖြင့် အကိုးပြလျက်ဖြေဆိုကြရမည်။

မှတ်ချက်။ ။ပဋိသမ္ဘိဒါအရာဖြစ်၍ ခိုင်လုံတိကျပြီးဟု မယူဆသင့် ဒမေးခွန်းအားလျော်စွာသာ ဖြေဆိုကြရမည်။ပုစ္ဆကဆရာ၏ အတ္တနောမတိလည်း ဖြစ်တတ်၍ မှတ်စုများများရှိထားစေသင့်၏။

**နာမမေတံ/နာမမတ္တမေတံ. . .**

မတ္တသဒ္ဒါမပါရှိသော်လည်း အနက်အဓိပ္ပါယ်မပျက်စီးနိုင်သောကြောင့်လည်းကောင်း၊ ခပ်သိမ်းသော သဒ္ဒါတို့၌ ဝိသေသနိဝတ္တိအနက် ရနိုင်သောကြောင့်လည်းကောင်း၊ နာမမေတံပါဌ်သင့်ပါသည်။(သဗ္ဗပဒ် သာဝဓာရဏံ၊အလုံးစုံသော ပုဒ်အပေါင်းသည် အဝဓာရဏ "ဧဝ" သဒ္ဒါနှင့်ဆက်ဆံသည်။ကောတိ အဒုတိယော။)

**နာမမတ္တမေတံ တဿ နဂရဿ။** (ဒီ၊ဋ္ဌ၊၁။၁၂၂။)၌ ဆိုသောကြောင့်လည်းကောင်း၊နာမမတ္တမေဝ ပုဗ္ဗေဝုတ္တနယေနာတိ အတ္ထော။(သီ၊ ဋီ၊သစ်၊၂။၂။)ဖွင့်ဆိုသောကြောင့်လည်းကောင်း၊နာမမတ္တမေတံ ပါဌ်လည်းသင့်ပါသည်။

**ပရိဂ္ဂဟိတတ္တာ/ပရိဂဟိတတ္တာ. . .**

ပရိ-ဥပသာရနောင် ရောက်သော ဂဟ-ဓာတ်၏အာဒိဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့် ပရိဂ္ဂဟိတတ္တာ-ဟု ဒွေဘော်ရှိသောပါဌ်သာသင့်ပါသည်။

**နိယံ။ ။ပ, ပရိနှင့် နိ, ဥ, ဒုနောက် ဒွေဘော်ရောက်။**

**(ခ)တဋ္ဌိ/တံ ဟိ. . .**

တ-အက္ခရာနှောင်းရာ၌ နိဂ္ဂဟိတ်ကို ဥ ပြုခြင်းသည် နိစ္စဝိဓိမဟုတ်၊အနိစ္စဝိဓိသာ ဖြစ်သောကြောင့် တဋ္ဌိ/ တံဟိ-နှစ်ပါဌ်သင့်။

**ဧဝံနာမကေ/ဧဝနာမကေ. . .**

ဧဝနိပါတ်သည် နိဒဿန အနက်၌မဖြစ်၊ဧဝံ နိပါတ်သည်သာ နိဒဿနအနက်၌ ဖြစ်သောကြောင့် ဧဝံနာမကေ ပါဌ်သင့်။

**ဧဝအနက်(၄)နက်။** ။နိယမေစာဝဓာရဏေ၊သန္နိဋ္ဌာနေစ ဝုစ္စတေ။
ပဒပူရဏမတ္တေပိ ၊ဧဝသဒ္ဒေါ ဝိဘာဝိနာ။

http://www.dhammadownload.com



ဓဝံအနက်(၁၁)နက်။ ။ဓဝံ နိဒဿနာကာရော၊ပမာသု သမ္ပဟံသနေ၊
ဥပဒေသေစ ဝစနပ္ပဋိဂ္ဂါဟေ ဝဓာရဏော၊
ဂရဟာယေ ဒမတ္ထေစ၊ ပရိမာနေစ ပုစ္ဆနေ။(ဓာန်။၁၁၈၆)

## နံပါတ်(၈)

နည်းနှင့်ဥပစာကို မေးသည်။ဆိုရိုးကျအမေးများသည်။

နည်း(၄၀)နှင့် ဥပစာ(၁၀)ပါးကို ကျက်မှတ်ရမည်။

နိယံ။ ။ဝုဏ္ဏ ဖလူ ဌာန်ျ -နည်းမူ အဝိနာ။
နာနတ္တရိမ္မူ၊ ကာရဏ္ဏူ၊ ဌာနူဥပစာ။
ဥပလက္ခဏာ၊ နိဒဿနှ၊ ဧကဒေသူပစာ။
ဧကဒေသျူ သမီပူ၊ သဒိသူ ရှုဋ္ဌီသာ။
အဘေ, ဥက္ကဌ်, တဒ္ဓမ္မ-နယရှုဋ္ဌီသာ။
ယေဘုယျမှာ၊ သျူပစာ၊ ရုံခါမှတ်ကြပါ။
ဝသေနဟူ၊ ပါဌ်ရှိမူ၊ ဘေဒူဥပစာ။
ဗဟုဗ္ဗီဟိ၊ အဿတ္ထိဟု ရှိသည့်သဘော နယပြော၊ မှတ်လောနာနတ္တရိကာ။
အာဒိသဒ္ဒ၊ ပါလေက၊ဧကဒေသူပစာ။
ပုဒ်သန္တာယ၊တွေ့ရှိက၊ဧကဒေသျူပစာ။
ရှုဋ္ဌီ နေယျ၊အဘေဒ၊ သုံးဝခပ်သိမ်းမှာ။ ။(စနစ်ပြဓမ္မာစရိယ)

ရာဇဂဟ။ ။ပြဋ္ဌာန်းသော မင်းသိမ်းပိုက်အပ်သော ကောင်းသောလမ်းရှိသော မြို့ကိုဆိုသဖြင့် မပြဋ္ဌာန်းသော မကောင်းသော အရပ် ဇနပုဒ်ကိုလည်း ရသောကြောင့် ပဓာနနည်းမည်၏။ရာဇဂဟေတိတ္တေ ပဓာနဘာဝေန ရာဇူဟိ ဂဟိတံ။(သာ)

ရာဇ-ကိုရွှ၍ ဥပစာ။ ။အစိတ်ဖြစ်သော မန္ဓာတ်စကြာမင်း၏ရာဇအမည်ကို အပေါင်းဖြစ်သော မန္ဓာတ်စကြာမင်း, မဟာဂေါဝိန္ဒပုဏ္ဏား ဝသူတို့၌လည်း တင်စား၍ အပေါင်းဖြစ်သော မန္ဓာတ်စကြာမင်း, မဟာဂေါဝိန္ဒပုဏ္ဏားစသူတို့ကို ရာဇဟုဆိုသော ကြောင့် ဧကဒေသူပစာမည်၏။

ပြဋ္ဌာန်းသော မင်းကိုဆိုသဖြင့် မပြဋ္ဌာန်းသော ပုရောဟိတ်ကိုလည်းရသော ကြောင့် ပဓာနနည်းမည်၏။

ရာဇဂဟေ၌ ဥပစာ။ ။အနီးရှိသော ရာဇဂြိုဟ်မြို့၏အမည်ကို အနီးဖြစ်သောဂိဇ္ဈကုဋ်တောင်၌တင်စား၍ အနီးဖြစ်သောဂိဇ္ဈကုဋ်တောင်ကို ရာဇဂဟေဟုဆိုသောကြောင့် သမီပူပစာမည်၏။(သာမီပိကာဓာရကြံသည်)

မှတ်ချက်။ ။ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်မှာနေသည် အနီးရှိ ရာဇဂြိုဟ် မြို့ကိုမှတ်၍ ပါဠိတော် ရာဇဂဟေ ဝိဟရတိ-ဟုဆိုသည်။

တစ်နည်း။ ။အပေါင်းဖြစ်သော မင်းသိမ်းပိုက်အပ်သော အရာအားလုံး၏ ရာဇ ဂဟ အမည်ကို အစိပ်ဖြစ်သော မြို့၌တင်စား၍ အစိပ်ဖြစ်သော မြို့ကိုရာဇဂဟဟုဆို သောကြောင့် ဧကဒေသျူပစာ။(ခ)ဝါကျကိုရှုပါ။

http://www.dhammadownload.com



နိယံ။ ။နာမည်ပေါက်ရာ၊ဥပစာ၊သေခြာမျှတ်သားကြ။

ဝုစ္စတိ ဝုတ္တံ၊ နာမံရှိရာ၊ ဥပစာ။

(ဃ)ဝါကျ၌နည်း။ ။အနက်ရောက်သောအားဖြင့် ယူအပ်သောနည်းသည် အတ္ထာ ပန္တနည်းမည်၏။ပြယုဂ်ကား- "ကိံ တေဟိ"တည်း၊ဤ၌ တစ်ပါးသောအဖွင့်တို့သည် အကျိုးမရှိ၊ မိမိအဖွင့်သည်သာအကျိုးရှိဟု အနက်ရောက်သောအားဖြင့် ယူအပ်သောကြောင့် အတ္ထာပန္တနည်းမည်၏။(ဗျတိရေကနှင့်အတ္ထာပန္တရောတတ်သည် သတိပြုပါ။)

## နံပါတ်(၉)

အဋ္ဌကထာလာ ဝါကျတစ်ဝါကျကို မြန်မာပြန်ပြီး၊ ယင်းဝါကျကို ပါဠိပြန်၍ စီကုံးစေခြင်းကို မေးသည်။

ပါဠိသီကုံးသည့်အခါ-

(၁)ကတ္တားဟောဝါကျ၊ ကံဟောဝါကျ-စသဖြင့် စီစစ်ရပါမည်။

(၂)ဝိသေသန ဝိသေသျ လက္ခဏာ လက္ခဏာဝန္တ ပုဒ်တို့ကိုရွေးထုတ်ရပါမည်။

(၃)လိင် ဂိုဏ်းနှင့် နာမ်ဝိဘတ်နေဟန်ကို စဉ်းစားရပါမည်။

(၄)အာချာတ်ဝိဘတ်နှင့် ကာလ၊နာမယောဂ ဟုမှယောဂ အမှုယောဂတို့ကို စီစစ်ရပါမည်။ ထိုနောက်. ပါဠိဝါကျကို ချရေးသားကြရမည်။အဋ္ဌကထာရှိပါဠိနှင့် မတူညီသော်လည်း သဒ္ဒါမှန်က အမှတ်ပြည့်ရပါသည်။ဖြစ်နိုင်လျှင် ပါဠိကောင်းသော ဝါကျများကို အနက်လှည့်ယင်း ကျက်ထားသင့်ပါသည်။

**ကျက်မှတ်ရန်။** ။ကတ္တားတတိယာ၊ ကံပဌမာ၊ ရန်ခါတွေ့ရလျှင်၊ ကြိယာသဘော၊ အပ်-ဟုန္ဒော၊ ကံ ဟောဝါကျတွင်။

ကတ္တားပဌမာ၊ ကံ ဒုတိယာ ရံခါတွေ့ရလျှင်၊ ကြိယာသဘော တတ်-ဟုဟော၊ ကတ္တားဟော ဝါကျတွင်။

ကတ္တားကံရော၊ အဝုတ္တော၊ ဘောဟောဝါကျတွင်။ ဟောရာဟောရာပဌမာ၊ ကံမှာ ဒုတိနှင့်၊ မဟောကတ္တာ၊ တတိယာနှင့် ကံမှာ ကံချင်း၊ကတ္တာချင်း၊မယွင်းမှန်တဲ့နည်း။

## နံပါတ်(၁၀)

နေတ္တိထုတ်နည်းကိုမေးသည်။

ထိုအခါ. . ၁။ဆရာတော်ဗုဓ်၏ နေတ္တိအရကောက်။

၂။ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ နေတ္တိအရကောက်။(၂)မျိုးတွင် ကြိုက်နှစ်ရာကို အာဂုံကျက်ထားပြီး၊မှတ်စုများပါ ထုတ်နည်းဖြင့် တိုက်ဆိုင်လေ့လာရမည်။ နေတ္တိ(၁၆)ပါးရှိရာ စာမေးပွဲတို့၌ အောက်ပါနေတ္တိတို့ကိုသာ အမေးများပါသည်။

http://www.dhammadownload.com



၁။ ဒေသနာဟာရနေတ္တိ
၂။ ယုတ္တိဟာရနေတ္တိ
၃။ ပဒဋ္ဌာနာဟာရနေတ္တိ
၄။ လက္ခဏာဟာရနေတ္တိ
၅။ အာဝဋ္ဋနာဟာရနေတ္တိ
၆။ ပရိဝဋ္ဋနာဟာရနေတ္တိ
၇။ ဝေဝစနာဟာရနေတ္တိ
၈။ ဩတရဏာဟာရနေတ္တိ
၉။ စတုဗျူဟာ ဟာရနေတ္တိ။

နေတ္တိထုတ်နည်းဟူသည် များသောအားဖြင့် ပုံသေနည်းသာ စာသင်သားများ လက်လှမ်းမှီသောကြောင့် စာစဉ်ပါပုံသေနည်းများကို အမိအရကျက်မှတ်ထားကြရုံသာ ဖြစ်ပါသည်။

ဝဏ္ဏာယန္တိ-၌ဓာတ်အရကို ကောက်၍ ဒေသနာဟာရနေတ္တိနည်းထုတ်ပုံ. .

ဝဏ္ဏာ. ဓာတ်အရ အက္ခရစိန္တာမယဉာဏ်နှင့် ဝီရိယပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ကောက်အပ်၏။

ဒေသီယတိ သံဝဏ္ဏီယတိ သုတ္တတ္ထော ဧတာယာတိ ဒေသနာ ဟူသောဝစနတ္ထ ကြောင့် ဒေသနာဟာရမည်၏။(နိဒါန်း)

ဝဏ္ဏာဓာတ်အရဖြစ်သော အက္ခရစိန္တာမယဉာဏ်နှင့် ဝီရိယပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် "ပဋ္ဌပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စံ" ဟူသောပါဠ်နှင့်အညီ ဒုက္ခသစ္စာ မည်၏။ "တဿ မူလကရဏဘာဝေန ပုရိမနိပ္ဖန္နာ တဏှာ သမုဒယသစ္စံ" ဟူသော ပါဠ်နှင့်အညီ ထိုစိတ္တုပ္ပါဒ်၏အကြောင်းရင်းဖြစ်သော ရှေးဘဝ၌ဖြစ်ပြီးသော တဏှာ သည် သမုဒယသစ္စာမည်၏။ ဉဘိန္နမပ္ပဝတ္တိ နိရောဓသစ္စံဟူသော ပါဠ်နှင့်အညီ ဒုက္ခ သမုဒယ နှစ်ပါးတို့မဖြစ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ နိရောဓပဇာနန ပဋိပဒါ မဂ္ဂသစ္စံ-ဟူသော ပါဠ်နှင့်အညီ နိဗ္ဗာန်ကို သိကြောင်း ဖြစ်သောအကျင့်သည် မဂ္ဂ သစ္စာမည်၏။ ဤသို့သစ္စာလေးပါးကို ဟောသတည်း။

သမုဒယဖြင့်အဿာဒဖြစ်၏။
ဒုက္ခဖြင့် အာဒီနဝဖြစ်၏။
နိရောဓမဂ္ဂဖြင့် နိဿရဏဖြစ်၏။
ဣဒါနိ ဖလပဉ္စကသည် ဖလမည်၏။

ဝါ-ရာဇဂဟ ဟူသောပုဒ်ကို တစ်ပါးသောအပြားတို့ဖြင့် ဖွင့်ဆိုရေးသားကြကုန် သော အဋ္ဌကထာဆရာတို့၏ အဖွင့်သံဝဏ္ဏနာတို့ကို ောတုဇနတို့နားလည်ခြင်း၊သိရ ခြင်း စသောအကျိုးတို့သည် ဖလမည်၏။

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကသည် ဉပါယမည်၏။ဝါ-ရာဇ ဂဟ ဟူသောပုဒ်၏ အဖွင့်သံဝဏ္ဏနာကို တစ်ပါးသောအပြားတို့ဖြင့်ရေးသားကြကုန် သော အဋ္ဌကထာဆရာတို့၏ သန္တာန်၌ဖြစ်သော သုတမယဉာဏ် ယောနိသောမနသိ

http://www.dhammadownload.com



ကာရစသော စသောအကြောင်းတို့သည်လည်းကောင်း၊သောတုဇနတို့အားသိစေလို သော သမ္ဘာဆန္ဒသည်လည်းကောင်း ဥပါယမည်၏။ ရာဇဂဟပုဒ်၏ အညပကာရကို သိရခြင်းအကျိုးကို အလိုရှိကြကုန်သော အမျိုးကောင်းသားတို့သည် ငါ့ ရေးသားအပ် သော ရာဇဂဟ သဒ္ဒါ၏ အဖွင့်တို့ကို သေခြာစေ၄ ကြည့်ရှုမှတ်သားကြလေဟု မတိုက် တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် အာဏတ္တိမည်၏။

ဤသို့လျှင် ဝဏ္ဏဓာတ်ဒေသနာတော်သည် သစ္စာလေးပါးကိုဟော၏၊ထိုသစ္စာ လေးပါးကို ဟောသောဒေသနာတော်၌ အဿာဒစသည်ကိုဖွင့်ပြခြင်းသည် ဒေသနာ ဟာရ မည်၏ဟူလိုသော်. .

(တစ်နည်း)ဝဏ္ဏဓာတ်အရ ရာဇဂဟ ပုဒ်၌ အညပကာရကို ဖွင့်ဆိုသောအဋ္ဌကထာ ဆရာတို့၏ ခန္ဓာပဋ္ဌက ကောက်။

အရာအားလျော်စွာ ဖလ ဥပါယ အာဏတ္တိ သုံးမျိုးကို ပြောင်းလဲရမည်။ ကြွင်းသောသစ္စာလေးပါး အဿာဒ အာဒီနဝ နိဿရဏတို့သည် မည်သည့်တရားကိုယ် ကိုပဲကောက် ကောက် ဤအတိုင်းသာ ထုတ်ရမည်။ အရကောက်သာ မှန်ကန်စေရန် သတိချပ်ပါ။

## ဝါကျစဉ်(၂)

(က) တံပနေတံ ဗုဒ္ဓကာလေစ စက္ကဝတ္တိကာလေစ နဂရံ ဟောတိ။

(ခ) သေသကာလေ သုညံ ဟောတိ။ ယက္ခပရိဂ္ဂဟိတံ။

(ဂ) တေသံ ဝသန္တဝနံ ဟုတွာ တိဋ္ဌတိ။

(ဃ) ဧဝံ ဂေါစရဂါမံ ဒဿေတွာ နိဝါသနဋ္ဌာနမာဟ "ဂိဇ္ဈကူဋေ ပဗ္ဗတေ"တိ။

(င) သော စ ဂိဇ္ဈာ တသ်ာ ကူဋေသု ဝသိ သု။

(စ) ဂိဇ္ဈသဒိသာနိ ဝါ တသ္သ ကူဋာနိ။

(ဆ) တသ္မာ ဂိဇ္ဈကုဋော ဝုစ္စတီတိ ဝေဒိတဗ္ဗော။ (ပါ၊ဋ္ဌ၊၁။၂၄၇/၈)

## နံပါတ်(၁)

(ခ) သေသ-အပါဒါန် သေသကာလေ-ဗုဒ္ဓကာလ စက္ကဝတ္တိကာလမှ ကြွင်း သောကာလ၌။

သုည-အပါဒါန် မနုဿေဟိ။

(ဃ)ဝါကျအတွင်းသွင်း/အပြင်ထုတ်အနက်ပေး

(က)သဒ္ဒါအတွင်းသွင်း။(ခ)အနက်အတွင်းသွင်း။(ဂ)သဒ္ဒါအပြင်ထုတ်။

(ဃ)အနက်အပြင်ထုတ်ဟူ၍(၄)မျိုးရှိပါသည်။

ဧဝံ-ဤသို့။ဂေါစရဂါမံ-ဆွမ်းခံရွာကို။ဒဿေတွာ-၍။နိဝါသနဋ္ဌာနံ-သီးတင်း သုံးရာနေရာကို။ဂိဇ္ဈကူဋေ ပဗ္ဗတေတိ-တေ ဟူ၍(သင်္ဂီတိကာရော-သင်္ဂါယနာတင် မထေရ်သည်။)အာဟ-ပြီ။(သဒ္ဒါအတွင်းသွင်း)

http://www.dhammadownload.com



မှတ်ချက်။ ။"ဂိဇ္ဈကူဋေ ပဗ္ဗတေ"ပုဒ်ကို အနက်ပေးပါက အနက်အားဖြင့် အတွင်းသွင်းခြင်းဖြစ်သည်။

ဇဝံ-သို့။ဂေါစရဂါမံ-ကို။ဒဿေတွာ-၍။နိဝါသနဋ္ဌာနံ-ကို။(သင်္ဂီတိကာရော-သည်။)အာဟ-ပြီ။(ကိံ-အဘယ်သို့ဆိုသနည်းဟူမူကား)ဂိဇ္ဈကူဋေ ပဗ္ဗတေတိ-တေဟူ၍။အာဟ-ပြီ။(သဒ္ဒါအားဖြင့်အပြင်ထုတ်)

မှတ်ချက်။ ။ဂိဇ္ဈကူဋေ ပဗ္ဗတေပုဒ်ကို အနက်ပေးပါက အနက်အားဖြင့်အပြင်ထုတ်မည်၏။

(င. စ. ဆ)သံဝဏ္ဏနာတို့ကိုရှု၍ သံဝဏ္ဏေတဗ္ဗကို အနက်ပေး--

(င)ဂိဇ္ဈကူဋေ-အထွဋ်တို့၌ငှင်းတတို့ရှိသောတောင်၌။(သဒ္ဒတ္ထ)ဝါ-အထွဋ်တို့၌ငှင်းတတို့နေသောတောင်၌။(အဓိပ္ပါယတ္ထ)

(စ)ဂိဇ္ဈကူဋေ-ငှင်းတနှင့်တူသော အထွဋ်ရှိသောတောင်၌။(သဒ္ဒတ္ထ)ဝါ-ငှင်းတရှိသော အထွဋ်ရှိသောတောင်၌။(ဋီကာ)ဝါ-ဂိဇ္ဈကုဋ်တောင်၌။(ဝေါဟာရတ္ထ)

(ဆ)တသ္မာ-ထိုသို့အထွဋ်တို့၌ ငှင်းတတို့နေကုန်သည်၏အဖြစ်ကြောင့်။(င)ရှု။ ဝါ-ထိုသို့ ငှင်းတနှင့်တူသောအထွဋ်ရှိသည်၏အဖြစ်ကြောင့်(စ)ရှု။

(င)ဝါကျသို့ထည့်သင့်သောပုဒ်များလိုက်၍အနက်ပေးမေးက (ဆ)ဝါကျကို ထည့်၍ အနက်ပေးရမည်ကို သိပါလေ။

နိယံ။ ။လိုက် လှမ်း ပြန်ထည့် ပြင်တုံဘိ ငါးရှိအစပ်မျိုး။

(ဆ)ဝါကျ၌ ဝုစ္စတိ၏ကတ္တား (သင်္ဂီတိကာရေဟိ)ထည့်။

ဝေဒိတဗ္ဗော၏ကတ္တား (ပဏ္ဍိတေဟိ)

## နံပါတ်(၂)

### (က)ဝါကျသို့အနုသန္ဓေ

ဤသို့ရာဇဂဟေစသော ဝါကျတို့ဖြင့် ရာဇဂဟအရကိုလည်းကောင်း၊ရာဇဂြိုဟ်မည်ရခြင်းအကြောင်းကိုလည်းကောင်း၊ရာဇဂဟအမည်သည် မြို့အမည်မျှဖြစ်၍ အညပကာရဖွင့်ဆိုခြင်းတို့၏အကျိုးမရှိသည်ကိုလည်းကောင်းဖွင့်ပြတော်မူပြီး၍(ပုဗ္ဗာနုသန္ဓေ) ယခုအခါ၌ ယိုဒေသသည် ဝိသေသဋ္ဌာန၏အဖြစ်ဖြင့် မွန်မြတ်သောပုဂ္ဂိုလ်တို့ သုံးစွဲနေရာဖြစ်သည်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည်(က)ဝါကျမိန့်။(အပရာနုသန္ဓေ) [သော ပန ပဒေသော ဝိသေသဋ္ဌာနဘာဝေန ဥဋ္ဌာရသတ္တပရိဘောဂေါတိ အာဟ၊ တံ ပနေတန္တိ အာဒိ] (သာရတ္ထ)

(က)ဝါကျသို့ပုစ္ဆာတက်။ ။ဆရာ၊ဆရာသည်၊နာမမေတံ တဿ နဂရဿဖြင့် ရဇဂဟအမည်သည် မြို့၏အမည်မျှဖြစ်၍ အညပကာရအဖွင့်တို့အကျိုးမရှိသည်ကို ဖွင့်ပြတော်မူအပ်၏။ထိုရာဇဂြိုဟ်မြို့သည် မြို့တော်အဖြစ်ဖြင့် အခါခပ်သိမ်းထင်ရှားရှိပါသလော၊အဘယ်သို့မှတ်သားအပ်ပါသနည်း၊ဤသို့မေးဖွယ်ရှိသောကြောင့်(က)ဝါကျမိန့်။

အဓိပ္ပါယ်ကား။ ။အခါခပ်သိမ်းမြို့တော်အဖြစ်ဖြင့်ထင်ရှားမရှိ၊ဗုဒ္ဓဖွင့်ရာ၊ စကြာမင်းဖြစ်

http://www.dhammadownload.com



ရာအခါတို့၌သာ မြို့တော်အဖြစ်ထင်ရှား၏. ဟူလို. .။

**ရှင်းလင်းချက်။** ။ဗုဒ္ဓကာလ စက္ကဝတ္တိကာလတို့၌သာ မြို့တော်ဖြစ်၍ကြွင်းကာလတို့၌ မြို့တော်မဖြစ်ဟူသော စကားရိပ် စကားကျကို အာဘော်ဆင်ထားသည်။ကျမ်းတက်ရာ၌ အာဘော်ပြစကားကို စဉ်းစားတ. အထူးလိုအပ်ပါသည်။

**(တစ်နည်း)ဗုဒ္ဓကာလ စက္ကဝတ္တိကာလပ** ုအတိအကျဆိုထားသောကြောင့် ဗုဒ္ဓကာလ **စက္ကဝတ္တိကာလတို့မှတစ်ပါးအခြားသောကာလတို့၌ မြို့တော်အဖြစ်ထင်ရှာပါသလော။** ဟု (အညစောဒနာနည်းဖြင့် ရှောင်ကွင်းလျှက် အာဘော်ထားနိုင်သည်။)သို့မဟုတ်. . **ဗုဒ္ဓကာလ၌သာ မြို့တော်အဖြစ်ထင်ရှားပါသလော.** ဟု (သရုပ်ကိုလျော့၍ ဦနစောဒနာနည်းဖြင့်လည်း အာဘော်ထားနိုင်သည်။)

**မှတ်ချက်။** ။သရုပ်ထုတ်ဖြေဆိုထားရာ၌ သရုပ်ကိုလျော့၍မေးခြင်း ဦနစောဒနာ သရုပ်ထက်ပို၍မေးခြင်း အဓိကစောဒနာ၊သရုပ်မှတစ်ပါးအခြားကိုမေးခြင်း အညစောဒနာနည်းများကိုလည်း မှတ်သားထားသင့်၏။

**(ခ)ဝါကျသို့စောဒနာ။** ။ဆရာ၊ဆရာသည်၊(က)ဝါကျဖြင့် ထိုရာဇဂြိုဟ်မြို့သည် ဗုဒ္ဓကာလ စက္ကဝတ္တိကာလတို့၌ မြို့တော်အဖြစ်ထင်ရှား၏ဟု ဖွင့်ပြတော်မူအပ်၏၊ကြွင်းကာလတို့ ထိုရာဇဂြိုဟ်မြို့သည် အဘယ်သို့သဘောရှိပါသနည်း၊လူနေရွာအဖြစ် ဖြစ်နေပါသလော. ဤသို့စောဒနာဖွယ်ရှိသောကြောင့်(ခ)ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။ကြွင်းကာလ၌လူနေရွာမဖြစ်၊လူတို့မှကင်းဆိတ်သော နတ်ဘီလူးတို့သိမ်းပိုက်ရာ အရပ်ဖြစ်နေ၏. ဟူလို. .။

**မှတ်ချက်။** ။(က)ဝါကျမှ နဂရ၊(ခ)ဝါကျမှ သုညတို့ကိုရှု၍ ဂါမဖြင့်အာဘော်ဆင်ထားသည်။

**(ဂ)ဝါကျသို့ပုစ္ဆာ။** ။ဆရာ၊ ဆရာသည်၊(ခ)ဝါကျဖြင့် ထိုရာဇဂြိုဟ်ဒေသသည် ကြွင်းကာလ၌ နတ်ဘီလူးတို့သိမ်းပိုက်၍ လူတို့မှကင်းဆိတ်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုနတ်ဘီလူးတို့သည် သိမ်းပိုက်အပ်သော ရာဇဂြိုဟ်ဒေသကို မည်ကဲ့သို့ အသုံးပြုပါသနည်း၊အသုံးပြုပုံကိုမပြဆိုပြီလော (ဝါ)အသုံးမပြုဘဲထားအပ်ပါသလော. ဤသို့စောဒနာ ဖွယ်ရှိသောကြောင့် (ဂ)ဝါကျမိန့်။

**ကား။** ။မိုးဥတုအခါ သေရည်သောက်ရာ ပျော်ပါးရာ တောကြီးအဖြစ်ဖြင့် အသုံးပြုအပ်၏ဟူလိုသော်. .

**(ဃ)ဝါကျသို့. အနုသန္ဓေ။** ။ဤသို့ရာဇဂဟစသော ဝါကျတို့ဖြင့် ရာဇဂဟ၏အဖွင့်ကို ဖွင့်ပြတော်မူပြီး၍။ ယခုအခါ၌ ဂိဇ္ဈကူဋ္ဌေပုဒ်ကို ဖွင့်ပြတော်မူလိုသော **အဋ္ဌကထာဆရာသည်၊** မဖွင့်ပြမှီရှေးဦးစွာ အနုသန္ဓေ, သမ္ဗန္ဓကို ပြတော်မူလို **သောကြောင့်** (ဂ)ဝါကျမိန့်။

**မှတ်ချက်။** ။အဋ္ဌကထာလာ အနုသန္ဓေဝါကျကို အနုသန္ဓေတက်ခိုင်းသော် ဋီကာနည်းဖြင့် အထက်ပါအတိုင်းတက်ရမည်။

**{စဝံ ဘဂဝါ အတ္တနော။ပ။ဒဿေတုံ "အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏာ"တိ အာဒိ မာဟ။ဝိ၄၁။၁၁၁။ကို။ ဣဒါနိ "အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ ဝီရိယ" န္တိအာဒိကာယ**

http://www.dhammadownload.com



ဒေသနာယ အနုသန္ဓိ ဒဿနေ္တာ အာဟ "ဇဝံ ဘဂဝါ "တိ အာဒိ။သာရတ္ထ၊၁၊၃၅၃။ ၌ ဋီကာနည်းအနုသန္ဓေ တက်ထားပါသည်။}

အနုသန္ဓေဝါကျကို ပုစ္ဆာတက်ရာ၌

"စကားနှစ်ရပ်၊သန္ဓေစပ်တ၊ရှေ့ဌာနကို၊စောဒကအာဘော်၊ဟိတ်ခပ်လျှော်၍၊ရှုမျှော်တဝ၊နောက်ဌာနကျန်၊အာဟကံမှာ၊စောဒနာ၊သေသာကြွင်းလတ်၊အဖြေမှတ်"ဟူသောနိယံနှင့်အညီတက်ကြရပါမည်။ထိုအခါ အာဟ. ၏ကံဖြစ်သော ပါဠိတော်ကိုပင် ဌပနာထားရပါမည်။ ပုံသေနည်းတည်း။

(ယ)သို့ပုစ္ဆာ။ ။ဆရာ၊ပါဠိတော်၌ သံဂါယနာတင်မထေရ်တို့သည်၊"ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ"ဟု မိန့်ဆိုတော်မူအပ်၏။ရာဇဂဟေပုဒ်ဖြင့်ပင် ဆွမ်းခံရွာကို ပြပြီးသည်မဟုတ်လော၊ထိုသို့ပြပြီးသည်၏အဖြစ်ကြောင့် အဘယ်အကျိုးငှါ "ဂိဇ္ဈကူဋေ ပဗ္ဗတေ"ပုဒ်တို့ကို ထပ်၍မိန့်ဆိုတော်မူအပ်ပါသနည်း။ဂန္ထဂရုဒေါသ ပုနရုတ္တိဒေါသသင့် ရောက်ရာ၏. ဤသို့စောဒနာဖွယ်ရှိသောကြောင့်(ယ)ဝါကျမိန့်။

တား။ ။နိဝါသဌာနကို ပြတော်မူခြင်းအကျိုးငှါ "ဂိဇ္ဈကူဋေ ပဗ္ဗတေ"ပုဒ်တို့ကို ဆိုရကားသင်တင်သော ဒေါသငါး၌မရောက် ကင်းစင်လွင့်ပျောက်၏ ဟူလိုသော်. .

နိယံ။ ။အနုသန္ဓိယ၊ယင်းဝါကျ၊ပုနရုတ္တိတင်။

ကံ အာကာရ ကရဏတို့၊အရမပြား၊ဤသုံးပါး၊မမှားတူလေမြဲ။

မှတ်ချက်။ ။ပါဠိတော်ကို ဌပနာထားရာ၌အရှင်ဥပါလိ(သို့)သံဂါယနာတင်မထေရ်တို့ကိုထားကြရမည်။

(စ)ဝါကျသို့ပုစ္ဆာ။ ။ဆရာ၊ ဆရာသည်၊(င)ဝါကျဖြင့် ဂိဇ္ဈကူဋေပုဒ်ကို "ဂိဇ္ဈာ ယဿ ကူဋေသူတိ ဂိဇ္ဈကူဋော" ဟုဘိန္နာဓိကရဏ ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထကို ဖွင့် ပြတော်မူအပ်၏။(ဘာဋီ)

တစ်နည်း။ ။ဂိဇ္ဈာ ဇတ္ထ သန္တီတိ ဂိဇ္ဈံ၊ ဂိဇ္ဈံ ကူဋံ ဧတဿာတိ ဂိဇ္ဈကူဋော-ဟု တဒ္ဓိတန္တောဂဗ္ဘ တုလျာဓိကရဏ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထကို ပြုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။(ဋီကာ)

ဤသမာသ်ဝစနတ္ထကိုသာ ပြုအပ်ပါသလော၊ အဘယ်ဝစနတ္ထကိုလည်းပြုနိုင်ပါသေးသနည်း။စုဒ်ကြောင့်(စ)ဝါကျမိန့်။

ကား။ ။ဂိဇ္ဈာဝိယာတိ ဂိဇ္ဈာနိ၊ ဂိဇ္ဈာနိ ကူဋာနိ ဧတဿာတိ ဂိဇ္ဈကူဋော-ဟု ဝစနတ္ထတစ်မျိုးလည်း ပြုနိုင်သေး၏. ဟူလိုသော်။

မှတ်ချက်။ ။နယန္တရပက္ခန္တရဝါကျ၌ "ဇဝ"ဖြင့်အာဘော်စဉ်၍၊သမုစ္စည်းဖြင့် အဓိပ္ပါယ်ပြန်ဆိုရမည်ကို သတိပြုမိပါစေ။

နိယံ။ ။သမုစ္စယ၊အဖြေပြ၊ဇဝ အာဘော်ဆင်။

(ယ)ဝါကျသို့ ပုစ္ဆာတက်။ ။ဆရာ၊ ဆရာသည်၊ (င+စ)-ဝါကျတို့ဖြင့် "ဂိဇ္ဈကူဋ" ပုဒ်၏ ဝစနတ္ထကို နည်းနှစ်ပါးနှင့်တကွ ဖွင့်ပြတော်မူအပ်၏။ထိုသို့ဝစနတ္ထကို ဖွင့်ဆိုခြင်း ကြောင့် အဘယ်သို့သောအကျိုးရရှိအပ်ပါသနည်း။အကျိုးမရနိရတ္ထကဟူ၍ မှတ်သား အပ်ပါသလော. စုဒ်ကြောင့်(ဆ)ဝါကျမိန့်။

http://www.dhammadownload.com



ကား။ ။ဂိဇ္ဈကူဋ. ဟူ၍ ဆိုအပ်သည်ကို သိနိုင်ခြင်းအကျိုးရရှိအပ်၏. ဟူလို။

**နိယံ။ ။သီးခြားတသွာ၊ရှိခဲ့ရာ၊ယူပါလဒ္ဓဂုဏ်။**

မှတ်ချက်။ ။လဒ္ဓဂုဏဝါကျမှန်သမျှ အာဘော်ကို ဤကဲ့သို့ အာဘော်ကို ပုံသေထားမည်။

## နံပါတ်(၃)

(က) ဝါကျ=ဝါကျာရမ္ဘ။ မြို့တော်ဖြစ်ရာအခါကို ဆက်လက် အားထုတ်သောကြောင့်တည်း။

(ခ) ဝါကျ=ဝါကျာရမ္ဘ။ မြို့တော်မဖြစ်ရာအခါကို ဆက်လက် အားထုတ်သောကြောင့်တည်း။

(ဂ) ဝါကျ=ဝါကျာရမ္ဘ။ မြို့တော်မဖြစ်ရာအခါ၌ ရာဇဂြိုဟ်မြို့ တည်ရှိပုံကို ဆက်လက်အားထုတ်သောကြောင့်တည်း။

(ဃ) ဝါကျ-ပက္ခန္တရဝါကျ။ ရာဇဂဟေပုဒ်၏အဖွင့်မှတစ်ပါး ဂိဇ္ဈကူဋေပုဒ်၏အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့်တည်း။

(င) ဝါကျ=ဝါကျာရမ္ဘ။ ဂိဇ္ဈကူဋေပုဒ်၏ဝစနတ္ထကို ဆက်လက်ပြသောကြောင့်တည်း။

(စ)ဝါကျ=နယန္တရပက္ခန္တရ။ ဂိဇ္ဈကူဋေပုဒ်၏ ဝစနတ္ထကို နည်းတစ်ပါးဖြင့်ပြသောကြောင့်တည်း။

တစ်နည်း=(င+စ)ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ဂိဇ္ဈကူဋေပုဒ်၏ဝစနတ္ထကို ချဲ့ပြသောကြောင့်တည်း။

(ဆ) လဒ္ဓဂုဏဝါကျ။ (င+စ)တို့ကိုဆိုခြင်းဖြင့် ရအပ်သောအကျိုးကို ပြသောကြောင့်တည်း။ တစ်နည်း=နိဂုံးဝါကျတည်း။

ဘိုက်တွန်းချက်။ ။ဝါကျအမည်ပေးခြင်းသည် ပါရာဇိကဏ်မေးခွန်း၌အလွန်လွယ်သောပုစ္ဆာသာဖြစ်ပါသည်။တစ်ဝါကျခြင်းဆိုလိုရင်းနှင့် ရှေးနောက်ဆက်သွယ်ပုံကို သိုရင်းမိစွာ သိရန်သာလိုအပ်သည်။

စာစပ်။ ။(င)ဝါကျ= သော. ကား ကို-ဟူ၍အနက်ပေးသောကြောင့် ဝုစ္စတိ (ဝေဒိတဗ္ဗော)တို့၌ ဝုတ္တကံ၊ ဝုစ္စတိ(ဝေဒိတဗ္ဗော)ကား ထိုကံကိုဟောသော ကိတ်ကြိယာဝါစကအဖြစ်ဖြင့် စပ်အပ်၏။

## နံပါတ်(၄)

ဗုဒ္ဓကာလော။ ။ဗုဒ္ဓဿ ဉပ္ပန္နော ကာလော ဗုဒ္ဓကာလော။

(မဇ္ဈေလောပီဆဋ္ဌီတပ္ပုရိသ်) =

ဗုဒ္ဓ-ဟူသော ဝိသေသနပုဒ်အရကား=မြတ်စွာဘုရားသည် မုချအားဖြင့်ရ၏။ ထို. ၏ပွင့်ရာကာလနှင့်ကာလ+ကာလဝန္တအဖြစ်ဖြင့်စပ်ခြင်းသမ္မန်သည် ဌာနူပစာအားဖြင့်ရ၏။ ဗုဒ္ဓကာလဟူသော သမာသ်ပုဒ်လုံးအရကား=ထိုမုချ+ဌာနူပစာရတို့ဖြင့် မှတ်အပ်သော ဘုရားပွင့်ရာကာလရ၏။

http://www.dhammadownload.com



**စက္ကဝတ္တိ။** ။စက္ကံ ဝတ္တေတီတိ စက္ကဝတ္တိ။
စက္ကဝတ္တိနော ဥပ္ပန္နော ကာလော စက္ကဝတ္တိကာလော။

**မှတ်ချက်။** ။ကာလဟောပုဒ်ပါရာ၌ ကာလ+ကာလဝန္တ၊သမယ+သမယဝန္တစပ်ရမည်ကို ပုံသေသိမှတ်

**သေသကာလ။** ။သေသော စ သော ကာလောစာတိ သေသကာလော။

သေသဟူသောဝိသေနပုဒ်အရကား-ကြွင်းသောဂုဏ်သည် မုချအားဖြင့်ရ၏။ ထို. . ၏ ကာလနှင့်ကာလ+ကာလဝန္တအစပ်သမ္ဗန်သည်လည်းကောင်း၊ ဂုဏ်+ဂုဏေး သမ္ဗန်သည်လည်းကောင်း ဌာနူပစာအားဖြင့်ရ၏။သမာသ်ပုဒ်လုံးအရကား-ထိုမုချ+ဌာနူပစာရတို့ဖြင့်မှတ်အပ်သော ကြွင်းသောကာလရ၏။

**ယက္ခပရိဂ္ဂဟိတ။** ။ယက္ခေဟိ ပရိဂ္ဂဟိတံ ယက္ခပရိဂ္ဂဟိတံ။

ယက္ခဟူသောဝိသေသနပုဒ်အရကား-နတ်ဘီလူးတို့သည် မုချအားဖြင့်ရ၏။ ထို. . ၏ သိမ်းပိုက်အပ်သောမြို့နှင့်သာမီ+သံအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။သမာသ်ပုဒ်လုံးအရကား-ထိုမုချ+ဌာနူပစာရတို့ဖြင့်မှတ်အပ်သော နတ်ဘီလူးတို့သိမ်းပိုက်အပ်သော မြို့ရ၏။

**ဝသန္တဝနံ။** ။ဝသန္တေ ဝနံ ဝသန္တဝနံ။(တစ်နည်း)ဝသန္တေ ကီဠာဝနံ ဝသန္တဝနံ။ (ဘာဋီ)ဝသန္တဥတု၏ပျော်မြူးရာတောနှင့်ဌာနီ+ဌာန၊ကာလ+ကာလဝန္တစပ်။)

**ဂေါစရဂါမ။** ။ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရံ။(နွားစားကျက်)
ဂေါစရံ ဝိယာတိ ဂေါ စရော။(ဆွမ်းခံရွာ)
ဂေါစရော စ သော ဂါမောစာတိ ဂေါစရဂါမော။

**နိဝါသနဋ္ဌာန။** ။နိဝသန္တိ ဧတ္ထာတိ နိဝါသနံ။
နိဝါသနဉ္စ တံ ဌာနဉ္စာတိ နိဝါသနဋ္ဌာနံ။

နိဝါသနဟူသော ဝိသေသနပုဒ်အရကား-နေရာ၏အဖြစ်ဟူသောဂုဏ်သည် မုချအားဖြင့်ရ၏။ ထို. . ၏အရပ်ဌာနနှင့် ဂုဏ်ဂုဏေးအစပ်သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ သမာသ်ပုဒ်လုံးအရကား-နေရာအရပ်ရ၏။

**ဝန။** ။ဝိဝေကကာမေဟိ ကောကိလာဒီဟိဝါ ဝနီယတေ ဘဇီယတေတိ ဝနံ။
(ဝနန္တိ တံ ဘဇန္တိ ဝနံ။)

ဝန-ဓာတ်အရ ကတ္တုရုကြိယာကား-တောသို့ချဉ်းကပ်သော ပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။ကမ္မရုကြိယာကား တော၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။ အ-ပစ္စည်းအရကား ထိုမုချ+ဖလူပစာရတို့ဖြင့်မှတ်အပ်သော တောအရပ်ရ၏။

## နံပါတ်(၅)

**ကာလ။** ။ကလဓာတ်။ ဏ-ပစ္စည်း။(တစ်နည်း)ကရ+ဏ။
(ကလယန္တေ သင်္ချာယန္တေ အာယုပ္ပမာဏာဒယော အနေနာတိ ကာလော။ ကရဏံ ကာရော၊ကာရော ယေဝ ကာလော။)

http://www.dhammadownload.com



စက္က။ ။စက္က+အ။
ဝတ္တိ။ ။ဝတ္တ(ဝတု)ဏီ။ ဤကာရန်။ပုံလိုင်။ရတ္တာဒိဂိုဏ်း။
သေသ။ ။သိသ+ဏ။
သုည။ ။သုန+(ဂတိအနက်) ယ (သုနတိ တုစ္ဆဘာဝံ ဂစ္ဆတီတိ သုံညံ) တစ်နည်း သုနပုဒ်။ ယ-ပစ္စည်း။(သုနဿ ဟိတံ သုညံ၊ ရျဿ ဉော။)
ယက္ခ။ ။ယက္ခ+အ။ (ယက္ခီယတေ ပူဇီယတေတိ ယက္ခော။)
ဂါမ။ ။ဂမု+အ။တစ်နည်း။ဂသ+အ။ တစ်နည်း။ ဂါ+မ။ (ဂစ္ဆန္တိ ဧတ္ထာတိ ဂါမော။ဂသန္တိ ဧတ္ထာတိ ဂါမော။ဂါယန္တိ ဧတ္ထာတိ ဂါမော။)
ဂိဇ္ဈ။ ။ဂိဓ(ဂိဓု)(အလွန်အလိုရှိခြင်းအနက်)+ဈက်။(ယ. ပစ္စည်း) (ဂေဓန္တီတိ ဂိဇ္ဈာ၊ဂိဇ္ဈန္တီတိ ဂိဇ္ဈာ။)

ကူဋ။ ။ကူဋ+အ။(ဆိန္ဒနအနက်)
ပဗ္ဗတ။ ။ပဗ္ဗ+တ။(ပူရဏအနက်)
သဒိသ။ ။သမာန+ဒိသ+ကွိ။

## နံပါတ်(၆)

(ခ)သေသကာလေ သုညံဖြင့် ဗုဒ္ဓကာလ, စက္ကဝတ္တိကာလမှ တစ်ပါးကြွင်းကာလတို့၌ မြို့တော်မဖြစ်၊လူသူကင်းဆိတ်သည်ကိုသိစေပါသည်။(ဘာဝတ္ထသံဝဏ္ဏနာ)။ ယက္ခပရိဂ္ဂဟိတံဖြင့် လူတို့မှကင်းဆိတ်၏ဟူသည် နတ်ဘီလူးတို့သိမ်းပိုက်ခြင်းကြောင့်ပင် ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုသိစေပါသည်။(ဘာဝတ္ထ)။

(င)ဂိဇ္ဈာ တဿ ကူဋေသု ဝသိံသုဖြင့် ဂိဇ္ဈကူဋေဒ္ဓကို ဂိဇ္ဈာ တဿ ကူဋေသူတိ ဂိဇ္ဈကူဋော. ဟု ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊အထွဋ်တို့၌ ငှင်းတတို့ရှိ၏ဟူသည် အထွဋ်တို့၌ငှင်းတများနေကြခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။(သမာသလိင်္ဂပဒ၊ဘာဝတ္ထ။)

သော. ဖြင့်ဂိဇ္ဈကူဋအရ တောင်ကိုအရကောက်ယူအပ်သည်ကို(ဝါ)ဂိဇ္ဈကူဋေပုဒ်ကို ပဗ္ဗတေဟူသောပုဒ်၌ စပ်အပ်သည်ကိုသိစေပါသည်။(သရုပ်ကြားအဘိဓေယျတ္ထ)(ဘာဋ္ဌိ)(ဝါ. သမ္ဗန္ဓသံဝဏ္ဏနာ)။

(တစ်နည်း)(င)ဖြင့် ဂိဇ္ဈာ ဧတ္ထ သန္တီတိ ဂိဇ္ဈံ။ဂိဇ္ဈံ ကူဋံ ဧတဿာတိ ဂိဇ္ဈကူဋော ဟု တုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ငှင်းတရှိသော အထွဋ်ရှိသောတောင်ဟူသည် အထွဋ်တို့၌ငှင်းတတို့နေခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(သမာသလိင်္ဂတ္ထ၊ဘာဝတ္ထ)။

(စ)ဝါ. ဖြင့်နယန္တရကိုသိစေသည်။(နိပါတလိင်္ဂတ္ထ) ဂိဇ္ဈသဒိသာနိ တဿ ကူဋာနိဖြင့် ဂိဇ္ဈကူဋော၌ ဂိဇ္ဈပုဒ်ကို ဂိဇ္ဈာဝိယာတိ ဂိဇ္ဈာနိဟု ဝစနတ္ထပြု၍၊အ-ပစ္စည်းဥပမာ

http://www.dhammadownload.com



အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ ဂိဇ္ဈာနိ ကူဋာနိ အဿာတိ ဂိဇ္ဈကူဋောဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ယင်းသမာသ်၏ဆဋ္ဌီအနက်၌ သက်သည်ကိုလည်းကောင်းသိစေပါသည်။(တဒ္ဓိတလိင်္ဂတ္ထ၊ပစ္စယပဒ၊ပစ္စယတ္ထ၊သမာသလိင်္ဂပဒ၊သမာသလိင်္ဂတ္ထ။) (တစ်နည်း)ဂိဇ္ဈသဒိသကူဋောဟု. ဆိုလိုလျက် သဒိသ-အလယ်ပုဒ်ကျေသော မဇ္ဈေလောပီသမာသ်အဖြစ်ကိုသိစေပါသည်။(သမာသလိင်္ဂပဒ) ယင်းအလို. . ဂိဇ္ဈသဒိသာနိ ကူဋာနိ ယဿာတိ ဂိဇ္ဈကူဋော. ဟုဝစနတ္ထပြု။)

## နံပါတ်(၇)

### ဝသန္တဝနံ/ဝသနဝနံ/ဝသေနဝနံ. . .

ဝသန္တဝနန္တိ ကီဠာဝနံ (ဝိမတိ)-၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ဝသန္တဝနန္တိပိ ပါဌော-ဟုယောဇနာ၌ မူကွဲဖွင့်ဆိုသောကြောင့်လည်းကောင်း ဝသန္တဝနံပါဌ်သင့်။(ဝသန္တဥတုအခါဝယ် ပျော်မြူးခြင်းများသည်၏အဖြစ်ကြောင့် ဝသန္တဝန-ဟုခေါ်ဆိုသည်။)

ဝသနဝနန္တိ အာပါနဘူမိဘူတံ ဥပဝနံ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ ဝသတိ ဧတ္ထာတိ ဝသနံ၊ ဝသနဉ္စ တံ ဝနဉ္စာတိ ဝသနဝနံ-ဟု ယောဇနာ၌ ဝစနတ္ထကို ဖွင့်ဆိုသောကြောင့်လည်းကောင်း ဝသနဝနံပါဌ်လည်းသင့်။(သေရည်အရက်ဝိုင်းဖြစ်ရာမြို့အနီးတော။)

ဋီကာ+ယောဇနာပါဌ်တို့နှင့်လည်း ညီညွတ်မှုမရှိခြင်း၊ပါဌ်ပျက်ဟုဂဏ္ဌိဟောင်း၌လည်း ဆိုသောကြောင့် ဝသေနဝနံပါဌ်မသင့်။

### (င)ဂိဇ္ဈာ/ဂဒ္ဒါ/ဂန္ဓာ. . .

ယင်းသုံးပါဌ်တို့တွင် "ဂိဇ္ဈော ဂဒ္ဒေါထ ကုလလော" (ဓာန်၊၆၃၇။)၌ ငှက်တဟော ပရိယာယ်ကိုပြဆိုသောကြောင့် ဂိဇ္ဈာ/ဂဒ္ဒါ ပါဌ်တို့သင့်ပါသည်။

ဂိဓ-အဘိကင်္ခါယံ၊ယော၊ဈ္ဈသ ဈော၊အသရူပဒွိတ္တံ၊ ဈပစ္စယေနဝါ သိဒ္ဓံ၊တထာ ဓဿ ဇော-ဟု အဘိဓာန်ဋီကာ၌ ဂိဇ္ဈာ. ရုပ်ပြီးကိုဖွင့်ဆိုသည်။

ဂိဓသ္မာ၊အ၊နိဂ္ဂဟိတာဂမော၊က္လဿတ္တံ ဂန္ဓော ဟု ယင်းအဘိဓာန်ဋီကာ၌ပင် ဖွင့်ဆိုသောကြောင့် ဂန္ဓာပါဌ်လည်းသင့်မည်ပင်တည်း။

### နိဝါသံနဋ္ဌာန/နိဝါသဋ္ဌာန. . .

နိဒ္ဒေသရှိသော ဝသဓာတ်၊ယု. ပစ္စည်း(တစ်နည်း)အ. ပစ္စည်းမျှသာထူး၍ အနက်မထူးသောကြောင့် နှစ်ပါဌ်သင့်။ ( နိဝါသဋ္ဌာနမာဟ "မဟာဝနေ ကူဋာဂါရသာလာယန္တိ ") ဝိ၊ဌ၊၂။၁။

### (ဃ) ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗံ. . .

သော-ဟူသော ကံ-ပုဒ်နှင့် အရတူသောကြောင့် ဝေဒိတဗ္ဗော-ပါဌ်သင့်။

## နံပါတ်(၈)

### (က)ဗုဒ္ဓကာလေ၌ နယူပစာ. . .

http://www.dhammadownload.com



ဘုရားတည်းဟူသော ဌာနီဖြင့် မြို့တော်ဖြစ်ရာကာလတည်းဟူသော ဌာနကို မှတ်၍ ဘုရားဖြစ်ရာကာလ၌ မြို့တော်ဖြစ်၏ ဟူသောအများကိုဆိုသဖြင့် အခြားကာလ၌လည်း မြို့တော်ဖြစ်နိုင်သေး၏ဟု အနည်းကိုလည်းရသောကြောင့် ယေဘုယျနည်းမည်၏။ (စက္ကဝတ္တိကာလလည်း နည်းတူ)

ဗုဒ္ဓကာလေစ စက္ကဝတ္တိကာလေစာတိ ဣဒံ ယေဘုယျဝသေနာတိ ဝုတ္တံ။

အစိတ်ဖြစ်သော ဘုရားပွင့်ရာကာလ, စက္ကဝတ္တိကာလ၏အမည်ကို အပေါင်းဖြစ်သော တစ်ပါးကာလတို့၌လည်းတင်စား၍ ဆိုသောကြောင့် ကေဒေသူပစာမည်၏။

ဝသန္တဝနေ၌ နယူပစာ. . .

ဝသန္တဥတုဟူသော ဌာနီဖြင့် တောတည်းဟူသောဌာနကိုမှတ်၍ ဝသန္တဥတု အခါပျော်မြူး၏ဟူသောအများကိုသဖြင့် အခြားဥတုအခါ၌လည်း ပျော်မြူး၏ဟူသော အနည်းငယ်ကိုလည်းရသောကြောင့် ယေဘုယျနည်းမည်၏။(အထက်ပါအတိုင်းကေ ဒေသူပစာတင်ပါ။)

ဂေါစရ၌ နယူပစာ. . .

အတူဖြစ်သော နွားတို့၏ကျက်စားရာအရပ်၏ ဂေါစရဟူသောအမည်ကို အတူရှိသောဆွမ်းခံရွာ၌တင်စား၍အတူရှိသောဆွမ်းခံရွာကို ဂေါစရဟုဆိုသောကြောင့် သဒိသူပစာမည်၏။

(တစ်နည်း)-အတူဖြစ်သော ဆွမ်းခံရွာ၏ ဂေါစရဂါမ-အမည်ကို အတူရှိသော ရာဇဂြိုဟ်မြို့၌တင်စား၍ဆိုသောကြောင့် သဒိသူပစာ။

နွားတို့၏ကျက်စားရာအရပ်ဟူသော ထို၌ထင်သောအမည်ကို ဆွမ်းခံရွာဟူသော ဤ၌တင်စား၍ဆိုသောကြောင့် ရုဠ္ဍီနည်းမည်၏။

ဂိဇ္ဈကူဋ ၌ နယူပစာ. . .

အတူဖြစ်သောငှက်တ၏ဂိဇ္ဈအမည်ကို အတူရှိသောတောင်ထွဋ်၌တင်စား၍ အတူရှိသောတောင်ထွဋ်ကို ဂိဇ္ဈဟုဆိုသောကြောင့် သဒိသူပစာ။

ငှက်တဟူသောထို၌ထင်သောအမည်ကို တောင်ထွဋ်ဟူသော ဤ၌တင်စား၍ ဆိုသောကြောင့် ရုဠ္ဍီနည်းမည်၏။(ဂိဇ္ဈသဒိသာနိကိုရှုပါသည်။)

(တစ်နည်း)ဌာနဖြစ်သောတောင်၏ ဂိဇ္ဈကူဋဟူသောအမည်ကို ဌာနီဖြစ်သော ယင်းတောင်ပေါ်၌ ဆောက်လုပ်အပ်သော ကျောင်း၌တင်စား၍ ယင်းကျောင်းကို ဂိဇ္ဈကူဋ ဟုဆိုအပ်သောကြောင့် ဌာနူပစာမည်၏။

မကင်းရာဖြစ်သောတောင်ကိုဆိုသဖြင့် မကင်းတတ်သော ထိုတောင်၌ဆောက်လုပ်ထားအပ်သော ကျောင်းကိုလည်းရသောကြောင့် နာနန္တရိကနည်းမည်၏။

{ဂိဇ္ဈကူဋသ္မိံဥ္စ တထာဂတံ ဥဒ္ဒိဿ ဝိဟာရော ကာရိတော တတ္ထာယံ တသ္မိံ သမယေ ဝိဟရတိ။ အံ၊ဌ၊ဝ၊၁၇၃။}

## နံပါတ်(၁၀)

(ယ)ဝါကျကြီးယာကိုရှု၍ ဒေသနာဟာရနေတ္တိထုတ်ပုံ.

http://www.dhammadownload.com



ဆန္ဒရှေးရှိသော ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်ကြိယာစိတ္တုပ္ပါဒ်ကို ကောက်၍ ထုတ်ရမည်။

**နိယံ။ ။ဒသေဿ ဒီပေဿ ပကာသေဿ ကျမ်း၌ပြမှု ကရုဏာရှေးရှု ဉာဏ်ကို ယူ။**

**ဒသေတုံ အာဟာ၊နှစ်ပါးပြမှု၊ ဆန္ဒရှေးရှု ဉာဏ်ကိုယူ။**

**ဒသေတုံ အာရဒ္ဓ၊တစ်ဖန်ပြမှု၊ဝီရိယရှေးရှု၊ဉာဏ်ကိုယူ။**

(သစ္စာဖွဲ့မခက်တော့ပြီ။)

ဣဒါနိ ဖလပဒ္ဓကသည် ဖလမည်၏။ဝါ. ဂိဇ္ဈကူဋေ ပဗ္ဗတေ ဟူသောပုဒ်တို့၏ နိဝါသဌာနဖြစ်သည်ကို သောတုဇနတို့သိရခြင်းဟူသောအကျိုးသည် ဖလမည်၏။

အတီတေ။ပ။ဥပါယမည်၏။ဝါ. အရှင်ဥပါလိနှင့်သံဂါယနာတင် မထေရ်တို့ သန္တာန်၌ဖြစ်သော သောတုဇနတို့အား အသိဉာဏ်တိုးပွားစေလိုသော ဆန္ဒ၊ ယောနိသောမနသိကာရစသော အကြောင်းတို့သည် ဥပါယမည်၏။ နိဝါသဌာန၏အဖြစ်ကို သိလိုကြကုန်သော သောတုဇနတို့သည် အဖွင့်သံဝဏ္ဏနာများကို သေချာကျနစွာ မှတ်သားသင်ယူကြလေဟု မတိုက်တွန်းသော်လည်းတိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် အာဏတ္တိမည်၏။(နိဂုံးမထူးပြီ)

**ရှင်းချက်။** ။ဒေသနာဟာရ၌ ကတ္တားကိုရှု၍ ယင်းပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကဖြပ်နှင့် ယင်းအခိုက်အတန့်၌ဖြစ်သော စိတ္တုပ္ပါဒ်တို့ကို ကောက်ရမည်။

## ဝါကျစဉ်(၃)

(က)သမ္ဗဟုလာတိ ဝိနယပရိယာယေန တယောဇနာ သမ္ဗဟုလာတိ ဝုစ္စန္တိ။

(ခ) တတော ပရံ သံဃော။

(ဂ) သုတ္တန္တပရိယာယေန တယော တယောဝ။

(ဃ)တတော ပဋ္ဌာယ သမ္ဗဟုလာ။

(င) ဣဓ ပန တေ သုတ္တန္တပရိယာယေန **သမ္ဗဟုလာတိ** ဝေဒိတဗ္ဗာ။

(စ) **သန္ဒိဋ္ဌာတိ** နာတိဝိဿာသိကာ န ဒဠှမိတ္တာ။

(ဆ) တတ္ထ တတ္ထ သင်္ဂမ္မ ဒိဋ္ဌတ္တာ ဟိ တေ **သန္ဒိဋ္ဌာတိ** ဝုစ္စတိ။(ပါ၊ဌ၊၁။၂၄၈)

## နံပါတ်(၁)

(င)ပန-အတ္ထုဒ္ဒါရသာမညမှတစ်ပါးအတ္ထုဒ္ဒေသဝိသေသကို ဆိုဦးအံ့။

**နိယံ။ ။သစေ ဣဓ၊ နောက် ပန ၊ ဝိသေသဟုစွဲ။**

(စ) ဣတိသဒ္ဒါကို သဒ္ဒပဒတ္ထက ကြံသော်. .

သန္ဒိဋ္ဌာတိ သန္ဒိဋ္ဌာဟူသည်ကား၊ နာတိသိဿာသိကာ-အလွန်အကျွမ်းဝင်ခြင်းရှိသူမဟုတ်ကုန်သော။န ဒဠှမိတ္တာ-ခိုင်မြဲသောမိတ်ဆွေမဟုတ်ကုန်သော ရဟန်းတို့တည်း။

http://www.dhammadownload.com



ဣတိသဒ္ဒါကို နာမဝါစကကြံသော်. .

နာတိဝိဿာသိကာ-ကုန်သော။ န ဒဠှမိတ္တာ-တို့သည်။သန္နိဋ္ဌာတိ. သန္နိဋ္ဌာ နာမ-သန္နိဋ္ဌတို့မည်ကုန်၏။

**မှတ်ချက်။** ။အဘိဓေယျတ္ထကိုပြရာ သံဝဏ္ဏနာဝါကျတို့၌ ဣတိသဒ္ဒါကို "သဒ္ဒပဒတ္ထက၊(သို့)နာမဝါစက" ကြံ၍ နှစ်မျိုးအနက်ပေး မေးနိုင်သည်။

**(ဆ) ဝါကျအပြန်အလှန်(ဝါကျာပရိဝတ္တနနည်း)**

သန္နိဋ္ဌာတိ နာတိဝိဿာသိကာ န ဒဠှမိတ္တာတိ. ဟူသော။နိယုတ္တိကံ-ယုတ္တိကင်းသော။ ယံဒဠှီယဝစနံ-အကြင်ဒဠှီယစကားကို။မယာ-သည်။ဝုတ္တံ-ပြီ။တံ-ထိုစကားသည်။သယုတ္တိကေန-ယုတ္တိနှင့်တကွဖြစ်သော။ဣမိနာ ဒဠှီကရဏဝစနေန-ဖြင့်။ဟိ. သစ္စံ-မှန်၏။ကေန-အဘယ်စကားဖြင့်။ဟိ. သစ္စံ-နည်း? ဣတိစေ-ဤသို့မေးငြားအံ့။ တတ္ထ တတ္ထ-ထိုထိုအရပ်၌။သင်္ဂမ္မ-ကပ်ရောက်၍။ဒိဋ္ဌတ္တာ-မြင်အပ်ဖူးကုန်သည်၏အဖြစ်ကြောင့်။တေ-ထိုရဟန်းတို့ကို။သန္နိဋ္ဌာတိ-သန္နိဋ္ဌာတို့ဟူ၍။ဝုစ္စန္တိ-ကုန်၏။ဣတိ-ဣမိနာ ဒဠှီကရဏဝစနေန-ဖြင့်။ဟိ-သစ္စံ-၏။

**မှတ်ချက်။** ။ဒဠှီဝါကျ၌ ရှေ့ဒဠှီယစကားတို့ကို ဣတိခံ၍ အထက်ပါနည်းအတိုင်း ပုံသေထည့်ပါဌ်ပါဌ်များကို ထည့်သွင်း၍ ဝါကျအားလျော်စွာအနက်ပေးရမည်။

**ဝါကျအပြန်အလှန် (ဝါကျပရိဝတ္တန နည်း)**

၁။ ဒဠှီဝါကျ၊ ၂။ ကာရဏဝါကျ၊ ၃။ ဥပမာဝါကျတို့၌ ဝါကျအပြန်အလှန် မေးလေ့ရှိသည်။

ဒိဋ္ဌတ္တာ-ဟိတ်၏ သမ္ဗန်ကို " တေသံဘိက္ခူနံ "ဟု ထည့်ရမည်။ တစ်နည်း- တေသံမိတ္တာနံ (ယောဇနာ) (တေဟိတိ ဟိသစ္စံ၊တေ မိတ္တာ)။

သံန္နိဋ္ဌာ-ထိုထိုအရပ် ပေါင်းဆုံလတ်၍ မြင်အပ်ဖူးကာမျှဖြစ်သောရဟန်း ။-(သဒ္ဒတ္ထ)။ ဝါ-အလွန်အကျွမ်းဝင်ခြင်းမရှိသော မခိုင်မြဲသောမိတ်ဆွေရဟန်း။-(အဓိပ္ပါယတ္ထ)။

## နံပါတ်(၂)

(ခ)ဝါကျသို့.ပုစ္ဆာ။ ။ဆရာ ဆရာသည် (က)ဖြင့်ဝိနည်းဒေသနာအား ဖြင့်သုံးပါးသောရဟန်းတို့ကို သမ္ဗဟုလာဟူ၍ ဆိုအပ်၏ဟု ဖွင့်ပြအပ်၏။ သုံးပါးအထက် ရဟန်းကို အဘယ်သို့ ဆိုအပ်ပါသနည်း။ အများဖြစ်၍ သမ္ဗဟုလာဟူ၍ပင် ဆိုအပ်ပါ သလော။ စုဒ်ကြောင့် (ခ)မိန့်။

**အဓိပ္ပါယ်ကား။** ။သုံးပါးအထက်ရဟန်းကို သမ္ဗဟုလာ-ဟူ၍ မဆိုအပ် သံဃာ ဟူ၍ ဆိုအပ်၏-ဟူလို။

(ဂ)သိဒ္ဓိစောဒနာ။ ။ဆရာ ဆရာသည် (က)ဝါကျဖြင့် ဝိနည်းဒေသနာ အားဖြင့် သုံးပါးသောရဟန်းကို သမ္ဗဟုလ-ဟူ၍ ဆိုအပ်၏ဟု ဖွင့်ပြအပ်၏။ သုတ္တန်ဒေသနာအားဖြင့် သုံးပါးသောရဟန်းကို အဘယ်သို့ဆိုအပ်ပါသနည်း။ဝိနည်း ဒေနာနည်းတူ သုံးပါး ကို သမ္ဗဟုလ-ဟူ၍လည်း ဆိုအပ်ပါသလော။ သုတ္တန်နည်းအရ

http://www.dhammadownload.com



သုံပါးဆိုအပ်ပုံကို မပြက ဆရာအပေါ်၌ အဗျာပိတဒေါသသင့်ရောက်ရာ၏။ဤသို့ စောဒနာဘွယ်ရှိသောကြောင့် (ဂ)ဝါကျမိန့်။

**မှတ်ချက်။** ။ဝေပါရိုရာဝါကျ၌ ဧဝ၏နိဝတ္တေတဗ္ဗကို သမုစ္စည်းနှင့်တကွ အာဘော်ဆင်ရသည်၊ဤ၌ ဧဝ-သည် သမ္ဘဟုလ-ကိုကန့်သည်။

**နိယံ။** ။**အဝဓာရဏ ၊ အဖြေပြ ၊ သမုစ္စယ အာဘော်ဆင် ။**

(င)ဝါကျသို့ **စောဒနာ။** ။ဆရာ ဆရာသည် (က+ဃ)ဝါကျတို့ဖြင့် သမ္ဘဟုလ-အရကို ဝိနည်း သုတ္တန်ဒေသနာနည်းတို့ဖြင့် ဖွင့်ပြအပ်၏။ဤဒုတိယပါရာဇိက နိဒါန်း၌ အဘယ်နည်းအားဖြင့် သမ္ဘဟုလအရကို သိအပ်ပါသနည်း။ ဝိနည်းဒေသနာနည်းအားဖြင့် သမ္ဘဟုလ-အရကို သိအပ်ပါသလော ။ ဤသို့ စောဒနာဘွယ်ရှိသောကြောင့် (င)ဝါကျမိန့်။(အဓိပ္ပါယ်ပြန်ပါလေ)

**မှတ်ချက်။** ။အတ္ထုဒ္ဒေသဝါကျ တက်ရာ၌ အတ္ထုဒ္ဓါရဝါကျကို ဌပနာထားပါ။

(ဆ)ဝါကျသို့ **အယုတ္တာဘောဂစောဒနာ။** ။ဆရာ ဆရာသည် (စ)ဝါကျဖြင့် အလွန်အကျွမ်းမဝင်သော မခိုင်မြဲသော မိတ်ဆွေရဟန်းကို သန္ဒိဋ္ဌ-အရ ကောက်ယူအပ်သောဟု ဖွင့်ပြအပ်၏။ထိုစကား အသို့လျှင်သင့်နိုင်ပါအံ့နည်း၊တွေ့မြင်အပ်ဖူးသော အလွန်အကျွမ်းဝင်,မဝင် ရဟန်းအားလုံးကို ပါဠိတော်၌ သန္ဒိဋ္ဌ-ဟု သာမညဆိုသောကြောင့် ကောက်ယူသင့်သည်မဟုတ်ပါလော။ဤသို့စောနာဘွယ်ရှိသောကြောင့် (ဆ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။ထိုထိုအရပ်၌ တွေ့မြင်အပ်ဖူးကာမျှဖြစ်၍ အလွန်အကျွမ်းမဝင်ရကား သန္ဒိဋ္ဌ-အရ အလွန်အကျွမ်းမဝင်သော မခိုင်မြဲသော ရဟန်းတို့ကို ကောက်ယူအပ်၏-ဟူလို။

**အမှာ။** ။ဒေါသတင်လျှင် သာမည,ဝိသေသဆန့်ကျင်သော ဝိရောဓိဒေါသတင်၍ တက်ပါလေ။

**မှတ်ချက်။** ။ဒဠှိဝါကျတက်ရာ၌ ရှေးဒဠှိယဝါကျကို ဌပနာထားရမည်။သန္ဒဋ္ဌအရ ကောင်းစွာမြင်ဘူးသူအားလုံးနှင့်ဆက်ဆံသော်လည်း "နာတိဝိဿာသိက န ဒဠှမိတ္တ (အလွန်အကျွမ်းမဝင်သူ)ကိုကောက်ရမည်ကို ထူးဆန်းစွာဖွင့်ဆိုရကား ဝိရောဓိဒေါသသင့်ရောက်ဖွယ်ရှိနေပါသည်. . ထို့ကြောင့်(ဆ)ဝါကျတက်လာသည်။

**နိယံ။** ။**ထူးဆန်း၍ကား၊နှစ်ဆူပြားလျှက်၊လှုပ်ရှားမခိုင်၊ရှေ့ပါဌ်ယိုင်၊မြဲခိုင်ဒဠှိခင်း။**

## နံပါတ်(၃)

(ခ)ပက္ခန္တရဝါကျ-သမ္ဘဟုလအရမှတစ်ပါးသံဃအရအဖို့တစ်ပါးကိုပြ။

(တစ်နည်း) ဝါကျာရမ္ဘ-သံဃအရကိုဆက်ပြ။

(ဂ)ပက္ခန္တရ-သုတ္တန်နည်းအရ အဖို့တစ်ပါးပြ။

(ဃ)ပက္ခန္တရ-တယော-အရမှတစ်ပါး သမ္ဘဟုလအရပြ။

(င)ဝိသေသ-ဤ၌အလိုရှိအပ်သော အနက်ထူးကိုပြ။(တစ်နည်း)ပက္ခန္တရ-အတ္ထုဒ္ဓါရသာမညမှတစ်ပါးအတ္ထုဒ္ဒေသဝိသေသပြ။

http://www.dhammadownload.com



(စ)ပက္ခန္တရ-သမ္ဗဟုလအဖွင့်မှတစ်ပါး သန္ဒိဋ္ဌအဖွင့်ကိုပြ။
(ဆ)ဒုတိယကရဏ(တစ်နည်း)ကာရဏ-သန္ဒိဋ္ဌအရ အလွန်အကျွမ်းမဝင်သောရဟန်းတို့ကို ကောက်ယူနိုင်ခြင်း၏ ယုတ္တိအကြောင်းကိုပြ။
စာစပ်။ ။တတော-ကား ထက်-ဟူ၍ အနက်ပေးသောကြောင့်ပရံ-၌ ဝိဘတ္တအပါဒါန်။ တတော-ကားဝိဘတ္တအပါဒီ အဖြစ်ဖြင့်စပ်အပ်၏။

## နံပါတ်(၄)

ဝိနယ။ ။ဝိနေတိ ဧတ္ထ ဧတေနာတိ ဝါ ဝိနယော။
ပရိယာယော။ ။ပရိယာယေတိ ဒေသေတဗ္ဗတ္ထံ အဝဂမေတိ ဗောဓေတီတိ ပရိယာယော။
ဝိနယော စ သော ပရိယာယော စာတိ ဝိနယပရိယာယော။
ဝိ-ပုဗ္ဗ+နီဓာတ်အရ-ကတ္တုဋ္ဌကြိယာကား ဆုံးမတတ်သော ဗုဒ္ဓ၏သန္တာန်၌မဟာကရုဏာပြဋ္ဌာန်းသော ကြိယာစိတ္တုပ္ပါဒ်သည် မှချ။အဓိကရဏတ္ထကြိယာကား-ဝိနည်း ဒေသနာတော်၏ သဟဇာတပစ္စယသတ္တိသည် ဖလူပစာ။ဏ-ပစ္စည်းအရကား-ထို. သော ဝိနည်းဒေသနာတော်ရ၏။
ပရိ+အာ+ပုဗ္ဗ-ဣဓာတ် သုဒ္ဓကတ္တုဋ္ဌကြိယာကား-ဒေသနာတော်ကိုသိတတ်သော ဝေနေယျသန္တာန် ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည်မှချ။ဟေတုကတ္တုဋ္ဌကြိယာကား-သိစေတတ်သောမြတ်စွာဘုရား၏ ဆန္ဒရှေ့ရှိသော ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဖလူပစာ။ဏ-ပစ္စည်းအရကား-ထို. သောဝိနည်းဒေသနာတော်ရ၏။
ဇန။ ။ကုသလာကုသလံ ဇနေန္တီတိ ဇနာ။
ဇန-ဓာတ်အရ-သုဒ္ဓကတ္တုဋ္ဌကြိယာကား-ကုသိုလ်, အကုသိုလ်တို့၏ ဥပါဒ်သည် မှချ။ဟေတုကတ္တုဋ္ဌကြိယာကား-ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, အာရုံစသောအကြောင်းတရားတို့သည် ဖလူ။အ. ပစ္စည်းအရ-ထို. သော ရဟန်းတို့ရ၏။
နိယံ။ ။ဟေတုသာဓ်မျိုး၊ကြောင်း,ကျိုးကြိယာ၊ဤနှစ်ဖြာတွင်၊ကျိုးမှာမှချ၊ကြောင်းရဖလူ၊ပစ္စည်းမူ၊လွယ်ကူသိစေမင်း။
သန္ဒိဋ္ဌာ။ ။ပဿိယိသ္မတိ ဒိဋ္ဌာ။(ဒိသ+တ)
သင်္ဂမ္မ ဒိဋ္ဌာ သန္ဒိဋ္ဌာ။
ဒိသ-ဓာတ်အရ ကတ္တုဋ္ဌကြိယာကား-စက္ခုဝိညာဉ် စိတ္တုပ္ပါဒ်-မှချ။ကမ္မဋ္ဌ-ကြိယာ-အလွန်အကျွမ်းမဝင်သော ရဟန်းတို့၏ အာရမ္မဏပစ္စယသတ္တိ သည် ဖလူပစာ။ တ-ပစ္စည်းအရ-ထို. သော ရဟန်းတို့ရ၏။
သန္ဒိဋ္ဌာ၌ သံ-ဝိသေသနပုဒ်အရ ပေါင်းဆုံခြင်းဂုဏ်သည် မှချ။ကို၏ မြင်အပ်ဖူးသောရဟန်းနှင့် ဂုဏ်. ဂုဏီစပ်။ပုဒ်လုံးအရ-ထို. သော ပေါင်းဆုံ၍မြင်အပ်ဖူးသောရဟန်းတို့ရ၏။

http://www.dhammadownload.com



နာတိဝိဿာသိကာ။ ၁။အတိဝိဿ ဝိဿာသော အတိဝိဿာသော။
၂။အတိဝိဿာသော ယေသံ အတ္ထိတိ အတိဝိဿာသိကာ။
၃။န အတိဝိဿာသိကာ နာတိဝိဿာသိကာ။

၁။ အတိ-အရ အတိသယဘောဂုဏ်ရ၏။ထို့. ၏ အကျွမ်းဝင်ခြင်းနှင့် ဂုဏ် ဂုဏေး စပ် ဌာန္။ပုဒ်လုံးအရ-ထို-သော အလွန်အကျွမ်းဝင်ခြင်းရ၏။

၂။ အတိဝိဿာသပုဒ်+က္ကပစ္စည်း။အတိဝိဿာသပုဒ်အရ-အလွန်အကျွမ်း ဝင်ခြင်းသည် မုချ။ထို-၏ က္က-အရ ရဟန်းတို့နှင့် ဂုဏ်. ဂုဏေးစပ် ဌာန္။က္က-ပစ္စည်းအရ ထို-သော အလွန်အကျွမ်းဝင်သော ရဟန်းတို့ရ၏။

၃။ န-အရ ပဋိသေဓဘောဂုဏ်ရ၏။ထို-၏ အတိဝိဿသိကာဟူသောနောက် ပုဒ်အရ-အလွန်အကျွမ်းဝင်ခြင်းမရှိသောရဟန်းနှင့် ဂုဏ်. ဂုဏေးစပ်။ပုဒ်လုံးအရ-ထို-သော အလွန်အကျွမ်းဝင်ခြင်းရှိသူမဟုတ်သော ရဟန်းရ၏။

မှတ်ချက်။ ။အတိဝိဿာသိကသဒ္ဒါသည် န-မဖက် သျှချည်းသက်သက်ဖြစ်က အလွန်အကျွမ်းဝင်သူကိုဟော၏။ န-သဒ္ဒါနှင့်တွဲသော် အလွန်အ ကျွမ်းမဝင်သူကိုဟော၏။(န ဗြာဟ္မဏော အဗြာဟ္မဏော-အဖွင့်၊ အတ္တံနသ တပ္ပုရိသေ-သုတ် ရူပသိဒ္ဓိရှု)

ဒဠှမိတ္တာ။ ။မဇ္ဈတ္တိ သိနေဟန္တိတိ မိတ္တာ။ ဒဠှာ မိတ္တာ ဒဠှမိတ္တာ။

ဒိဋ္ဌတ္တံ။ ။ပဿိယိသူတိ ဒိဋ္ဌာ။ ဒိဋ္ဌာနံ ဘာဝေါ ဒိဋ္ဌတ္တံ။

ဒိဋ္ဌ-အရ မြင်အပ်ဖူးသော့ရဟန်းသည် မုချ။ထို-၏ တ္တ-ပစ္စည်းအရ-မြင်အပ်ဖူးသောရဟန်း၏ ဖြစ်ကြောင်းဖြစ်ရာ မြင်ခြင်းကြိယာနှင့် နိဿယ. နိဿိတ စပ်။ တ္တ-ပစ္စည်းအရ ထို-သော မြင်ဖူးသောရဟန်း၏ ဖြစ်ကြောင်းဖြစ်ရာ မြင်ခြင်း ကြိယာရ၏။

## နံပါတ်(၅)

သံယော။ ။သံပုဗ္ဗ+ဟန+ရ-ပစ္စည်း။

သုတ္တံ။ ။သုစ+တ။(တစ်နည်း)သု-ဝစ+တ။(တစ်နည်း)သု+တ။(တစ်နည်း)- သူဒ+တ။

ပဋ္ဌာယ။ ။ပ+ဌာ+တွာ။

ဝိဿာသံ။ ။ဝိ+သသ+ဏ။

ဒဠှ။ ။ဒဟ+တ။(တစ်နည်း)ဒလ+တ။(တစ်နည်း)ဒဟ သဒ္ဒူပပဒ လာ+ ကွိ။(ဒဟတိ သဗ္ဗန္တိ ဒဠှံ။ဟတောဓပုဗ္ဗေ+ဋ္ဌော။ဒလတိ ဝိဓာရယတီတိ ဒဠှံ။ ဒဟန္တော လာတီတိ ဝါ ဒဠှံ။(ဝဏ္ဏာဝိပရိယာယော)ဓာန်၊ဋီ၊၄၁။ (တစ်နည်း)ဒဟ+ဒ။ဒဟိဿ ဋ္ဌော၊ ဒဟတီတိ ဒဠှံ။

မိတ္တာ။ ။မိဒ+တ၊

သင်္ဂမ္မ။ ။သံ+ဂမု+တွာ။

## နံပါတ်(၆)

(က)တယော ဇနာဖြင့် သမ္ဗဟုလ-အရ သုံးပါးသောရဟန်းတို့ကို ကောက်

http://www.dhammadownload.com



ယူအပ်သည်ကို သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ)၊ဝိနယ ပရိယာယေနဖြင့် သမ္ဗဟုလ-အရ သုံးပါးသောရဟန်းကို ကောက်ယူခြင်းသည် ဝိနည်း-ဒေသနာ အရဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။(ဘာဝတ္ထ)

(င)ဝါကျဖြင့် ဤဒုတိယပါရာဇိကနိဒါန်း၌ သုတ္တန်နည်းဖြင့် သုံးပါးအထက် ရဟန်းတို့ကို သမ္ဗဟုလ-အရ ကောက်ယူအပ်သည်ကို သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(စ)ဝါကျ နာတိဝိဿာသိကာဖြင့် သန္ဒိဋ္ဌ-အရ အလွန်အကျွမ်းဝင်ခြင်းမရှိသော ရဟန်းတို့ကို ကောက်ယူအပ်သည်ကို သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

န ဒဠှမိတ္တာ-ဖြင့် အလွန်အကျွမ်းဝင်ခြင်းမရှိသောရဟန်းတို့ဟူသည်မခိုင်မြဲ သော မိတ်ဆွေ ရဟန်းတို့ပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။(ဘာဝတ္ထ)

(ဆ)သင်္ဂမ္မ ဒိဋ္ဌတ္တာဖြင့် သန္ဒိဋ္ဌာ-၌ သံပုဒ်+ဒိဋ္ဌာပုဒ် သံ-ဥပသာရ၏ ပေါင်းဆုံခြင်း သမောဓာနအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ဒိဋ္ဌာ၌ ဒိသဓာတ်+တပစ္စည်း ယင်းတပစ္စည်း၏ အတိတ်ကမ္မသာဓန အနက်၌သက်၍ ပဿိယိသူတိ ဒိဋ္ဌာ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊သင်္ဂမ္မ ဒိဋ္ဌာ သန္ဒိဋ္ဌာ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေသည်။(ဥပသဂ္ဂလိင်္ဂတ္ထ၊ ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

တတ္ထ တတ္ထ-ဖြင့် ပေါင်းဆုံခြင်းဟူသည် ထိုထို ဤဤအရပ်၌ ပေါင်းဆုံခြင်း ပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။(ဘာဝတ္ထ)၊အပေါင်းသံဝဏ္ဏနာဖြင့် ထိုထို အရပ်၌ပေါင်းဆုံ၍ မြင်အပ်ဖူးသည်၏အဖြစ်ကြောင့် အလွန်အကျွမ်းမဝင်သောရဟန်း တို့ကို သန္ဒိဋ္ဌ-ဟူ၍ ခေါ်ဆိုအပ်သည်ကို သိစေပါသည်။(ဘာဝတ္ထ)။

## နံပါတ်(၇)

(က)သမ္ဗဟုလာ/သမ္ဗဟုလာ. . .

သံရှေးရှိသော ဗဟုဓာတ်+အလပစ္စည်းဖြင့် ပြီးနိုင်သောကြောင့်လည်းကောင်း ဗဟုလတ္ထ ဝါစက ပါဠိပဒိက ဗဟုသဒ္ဒါနောင် လာဓာတ်ဖြင့် ပြီးနိုင်သောကြောင့်လည်း ကောင်း သမ္ဗဟုလာသင့်။

သံရှေး ပရှေးရှိသော ဟူဓာတ်၊ (ပစုရအနက်) + အလပစ္စည်းဖြင့် ပြီးသော ကြောင့်လည်းကောင်း၊သမ္ပဟောတီတိ သမ္ပဟုလံ၊လော၊(ဓာန်၊ဋီ ၇၀၃-ဂါထာ)၌ ဆို သောကြောင့်လည်းကောင်း၊သမ္မာ ပဟောန္တိ တံ တံ ကမ္မန္တိ သမ္ပဟုလာ(သီလက္ခန်၊ဋီ သစ်၊၁၊၁၉၇)၌ ဆိုသောကြောင့်လည်းကောင်း သမ္ပဟုလာပါဌ်လည်းသင့်။

သံ+ပ+ဟု+အလပစ္စည်းဖြင့်ပြီး၍ သမ္ပဟုလာဖြစ်သောအရာသည် အလွန် ထင်ရှားရကား အတိယုတ္တ(ဆင်တဲ ဂဏ္ဍိ)။

(ဆ)သင်္ဂမ္မ/သင်္ဂမ. . .

သင်္ဂမ-ပေါင်းမိ၍၊(ဝါ)စည်းဝေး၍-ဟု ဂဏ္ဍိ၌ မ-သံယုတ်မဲ့ သင်္ဂမကို တွေ့ မြင်သောကြောင့် ယင်းအလို သံယုတ်မဲ့ သင်္ဂမပါဌ်သင့်။

http://www.dhammadownload.com



ထိုသို့သင့်ငြားသော်လည်း သံရှေးရှိသော+ဂမုခာတ်+တွာပစ္စည်း ယင်းကို မှုပြု၍ ၊ဓာတွန်ကိုချေကာပြီးသောကြောင့် ဂဏ္ဍိဆိုသကဲ့သို့ သံယုတ်မဲ့ အ-ပစ္စယန္တ သင်္ကမ-မဖြစ်နိုင် ၊တွာ-ပစ္စယန္တ ကြိယာဝိသေသနပုဒ် သံယုတ်ရှိသော သင်္ကမ္မပုဒ်သာ ဖြစ်သင့်သောကြောင့် သံယုတ်ဖြင့် သင်္ကမ္မသင့်။

## နံပါတ် (၉)

(က)တယောဇနာ၌ နယူပစာရ. . .

အစိတ်သုံးပါးကို မှတ်၍ဆိုသဖြင့် အပေါင်းသုံးပါးကိုလည်းကောင်း၊ နှစ်ပါးကိုလည်းကောင်း ရသောကြောင့် ဥပလက္ခဏနည်း။

အစိတ်ဖြစ်သော သုံးပါး၏အမည်ကို အပေါင်းဖြစ်သော နှစ်ပါး သုံးပါး၌ တင်စား၍ အပေါင်းဖြစ်သော နှစ်ပါး သုံပါးကိုလည်း တယော ဇနာ-ဟုဆိုသောကြောင့် ဧကဒေသူပစာ။

**တယော ဇနာတိစေသ ဥပလက္ခဏနိဒ္ဒေသော ဒွိန္နမ္ပိ သမ္ဗဟုလတ္တာ။**

**(သီ ၊ ဋီ ၊ သစ် ၊၁။၁၃၇)**

**(ခ)ဝါကျ တတော ပရံ သံယော၌ နယူပစား. .**

သုံးပါးအထက်ကိုဆိုသဖြင့် လေးပါး,ငါးပါး,အထက်ကိုလည်း ရသောကြောင့် ဥပလက္ခဏ-နည်းမည်၏။(တစ်နည်း) အာဒိဒီပက-နည်း၊ဧကဒေသူပစာ၊(တစ်နည်း) အကြောင်းဖြစ်သော သုံပါးအထက်၏ တတော ပရံအမည်ကို အကျိုးဖြစ်သော လေးပါး,ငါးပါးအထက်၌လည်း တင်စား၍ဆိုသောကြောင့် ကာရဏူပစာ၊နာနန္တရိကနည်း။

**မှတ်ချက်။** ။အပစ္စပုဒ်အဖွင့် ဝါဏပစ္စေသုတ်(ဘာသာဋီကာ)

သမ္ဗဟုလာ-၌-

(င)အပေါင်းဖြစ်သော ဝိနည်းနည်း သုတ္တန်နည်းတို့၏ သမ္ဗဟုလာအမည်ကို

အစိတ်ဖြစ်သော သုတ္တန်နည်း သမ္ဗဟုလ၌တင်စား၍ အစိတ်ဖြစ်သော သုတ္တန်နည်း သမ္ဗဟုလကို သမ္ဗဟုလဟုဆိုသောကြောင့် ဧကဒေသူပစာ။

ဝိနည်းနည်း သုတ္တန်နည်းဟူသော ထို၌ထင်သော သမ္ဗဟုလအမည်ကို သုတ္တန်နည်း သမ္ဗဟုလဟူသော ဤ၌ဆိုသောကြောင့် ရုဠှီနည်း။

## နံပါတ် (၁၀)

(က)ဝုစ္စန္တိ-၌ ဓာတ်အရ ဆိုတတ်သောပုဂ္ဂိုလ်၏သန္တာန်၌ ဝစီဝိညတ်ကိုဖြစ်စေတတ်သော စိတ္တုပ္ပါဒ်ရ၏။

ထိုတရားအပေါင်းတွင် ကုသိုလ်,ကြိယာစိတ်တို့သည်လည်းကောင်း၊ယင်းနှင့်ယှဉ်သောစေတသိက်တို့သည်လည်းကောင်း၊သာယာအပ်သောကြောင့်လည်းကောင်း ထိုကုသိုလ်,ကြိယာစိတ်ကို အာရုံပြု၍ သာယာသောတဏှာသည် သာယာတတ်သောကြောင့်လည်းကောင်း၊ အဿာဒမည်၏၊ထိုကုသိုလ်,ကြိယာစိတ္တုပ္ပါဒ်သည် တဘုမက

http://www.dhammadownload.com



တရားဖြစ်သောကြောင့် သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝမည်၏။

ထိုစိတ္တုပ္ပါဒ်တို့မှ ထွက်မြောက်ရာဖြစ်သော မဂ်နှင့် နိဗ္ဗာန်သည် နိဿရဏ မည်၏။

သုံးပါးသောရဟန်းတို့ကို ဝိနည်းဒေသနာနည်းအရ သမ္မဟုလ-ဟု သိရခြင်း အကျိုးသည် ဖလမည်၏။

ထိုဖလမည်ခြင်း၏အကြောင်းဖြစ်သော သုံးပါးကို သမ္မဟုလဟူ၍ ဆိုခြင်းအကြောင်းသည် ဥပါယမည်၏။

ထိုကဲ့သို့သောအကျိုးကို အလိုရှိကြကုန်သော အမျိုးကောင်းသားတို့သည် အဖွင့်သံဝဏ္ဏနာများကို သေချာကျန မှတ်သားကြလေဟု မတိုက်တွန်းသော်လည်း တိုက်တိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် အာဏတ္တိမည်၏။

ထိုခြောက်ပါးတို့တွင် အာဒီနဝ,ဖလ သည် ဒုက္ခသစ္စာမည်၏။

အဿာဒသည် သမုဒယသစ္စာမည်၏။

နိဿရဏသည် နိရောဓသစ္စာမည်၏

ဥပါယ,အာဏတ္တိ-နှစ်ပါးတို့သည် မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် ဝုစ္စတိ၌ ကတ္တားပုဒ်အရ ဒေသနာတော်သည် အဿာဒစသည်ကို ဖွင့်ပြလျက် သစ္စာလေးပါးကို ဟောကြားတတ်သောကြောင့် ဒေသနာဟာရမည်၏။

ရှင်းချက်။ ။ရှေ့နည်းအတိုင်းဒေသနာဟာရထုတ်လိုသော် ဆိုတတ်သောပုဂ္ဂိုလ် လောကီခန္ဓာငါးပါးကောက်။

အထူးကား။ ။စိတ္တုပ္ပါဒ်ကိုကောက်ရာ၌ အဿာဒ-စသည်သည် ပဌမ၊သစ္စာအဖွဲ့ ဒုတိယ၊
ခန္ဓာပဉ္စကကိုကောက်ပါက သစ္စာအဖွဲ့ ပဌမ၊အဿာဒစသည် ဒုတိယ။

## ဝါကျစဉ် (၄)

(က)သမ္မတ္တာတိ အတိဝိဿာသိကာ ဒဠှမိတ္တာ။

(ခ) တေ ဟိ သုဠု ဘတ္တာ ဘဇမာနာ ကေသမ္ဘောဂပရိဘောဂေါတိ ကတွာ သမ္မတ္တာတိ ဝုစ္စန္တိ။

(ဂ) ဣသိဂိလိပဿေတိ ဣသိဂိလိနာမ ပဗ္ဗတော၊ တဿ ပဿေ။

(ဃ)ပုဗ္ဗေ ကိရ ပဉ္စသတမတ္တာ ပစ္စေကဗုဒ္ဓါ ကာသိကောသလာဒီသု ဇနပဒေသု ပိဏ္ဍာယ စရိတွာ ပစ္ဆာဘတ္တံ တသ္မိံပဗ္ဗတေ သန္နိပတိတွာ သမာပတ္တိယာ ဝိတိနာမေန္တိ။

(င) မနုဿာ တေ ပဝိသန္တေဝ ပဿန္တိ န နိက္ခမန္တေ။

(စ) တတော အာဟံသု " အယံ ပဗ္ဗတော ဣမေ ဣသယော ဂလတီ" တိ။

(ဝိ၊ဋ္ဌ၊၁။၂၄၈)

http://www.dhammadownload.com



## နံပါတ်(၁)

သမ္မတ္တာ-ကောင်းစွာဆည်းကပ်ဖော် ဆည်းကပ်ဖက်ဖြစ်ကုန်သော။(သဒ္ဒတ္ထ) ဝါ-အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂကို သုံးဆောင်ဖက်ဖြစ်ကုန်သော။ (အဓိပ္ပါယတ္ထ) ဝါ-အလွန်အကျွမ်းဝင် ခိုင်မြဲသောမိတ်ဆွေဖြစ်ကုန်သော။(သရူပတ္ထ) ဘိက္ခူ. မှာစပ်။ ဧကသမ္ဘောဂပရိဘောဂါ-တကွသုံးဆောင်ခြင်းရှိကြကုန်၏။(ဝါ)တူသောအာမိသကို သုံးဆောင်ခြင်း, ဓမ္မကိုသုံးဆောင်ခြင်းရှိကြကုန်၏။

(ဃ) ကိရ-ချဲ့ဦးအံ့။(ဝိတ္ထာရဇောတက)ဝါ-ဝိတိနာမေန္တိကိရ-လွန်စေကြကုန်လတ့်။(အနုဿဝနတ္ထနိပါတ်) ဌာနပယုတ်၊အဌာနပယုတ်မေးကလည်းဤအတိုင်းပင်။ (တစ်နည်း)ကိရ-တဆင့်သကားကြားရဘူးသည်ကား။ ပဉ္စသတမတ္တာ-ငါးရာအတိုင်းအရှည်ရှိကုန်သော။(မတ္တ. သဒ္ဒါ ပမာဏအနက်)ဝါ-ငါးရာကုန်သော။(မတ္တ. အနက်မဲ့) ပစ္စေကဗုဒ္ဓါ-အသီးသီးသော သစ္စာလေးပါးကို သိကုန်သော ဘုရားတို့သည်။(သဒ္ဒတ္ထ) ဝါ-ပစ္စေကဗုဒ္ဓါတို့သည်။(ဝေါဟာရတ္ထ)ဝါ-ပဒုမဝတီမိဘုရား၏ သားငါးရာတို့သည်။(သရူပတ္ထ) ပစ္ဆာဘတ္တံ-ဆွမ်း၏နောက်အဖို့၌။(မုချတ္ထ)ဝါ-ဆွမ်းစားရာကာလ၏နောက်အဖို့၌။(ဥပစာရတ္ထ) သန္နိပတိတွာ-အတူတကွပေါင်းစုံကျရောက်၍။(သဒ္ဒတ္ထ)ဝါ-စည်းဝေး၍။(ဝေါဟာရတ္ထ)ဝါ-ကာယသာမဂ္ဂီ၏အစွမ်းဖြင့် ပေါင်းစုံ၍။(အဓိပ္ပါယတ္ထ)

**သန္နိပတိတာနန္တိ သမောဓာနဝသေန။(ဒီ၊ဋ္ဌ၊၁။၄၃။ ကာယသာမဂ္ဂိဝသေနစ သမောဓာနံ သန္ဓာယ။(သီ၊ဋီ၊သစ်၊၁။၁၉၈။)**

(စ)တတော-ထိုသို့ဝင်သွားသည်ကိုသာမြင်ရ၍ ပြန်ထွက်လာသည်တို့ကို မမြင်ရခြင်းကြောင့်။

**မှတ်ချက်။** ။အာကာရအတွင်းသွင်း+အပြင်ထုတ်ကို ဤ(စ)ဝါကျ၌လေ့လာရန်။

**(က)ဝါကျအပြန်အလှန်**

အတိဝိဿာသိကာ-ကုန်သော၊ဒဠှမိတ္တာ-တို့သည်၊သမ္မတ္တာတိ-သမ္မတ္တာနာမ သမ္မတ္တတို့မည်၏။ကသ္မာ-ကြောင့်၊သမ္မတ္တာတိ၊ဟိ-ယသ္မာ-ကြောင့်၊တေ-တို့သည်၊သုဋ္ဌု-ကောင်းစွာ၊ဘတ္တာ ဘဇမာနာ-ဆည်းကပ်တတ်ကုန်၏၊ဧကသမ္ဘောဂပရိဘောဂါ-ရှိကုန်၏၊က္ကတိတသ္မာ-ကြောင့်၊သမ္မတ္တာတိ-ဟူ၍၊ဝုစ္စတိ-အပ်၏။တသ္မာ၊သမ္မတ္တာတိ။

(တစ်နည်း)-သမ္မတ္တာတိ။ပ။ဒဠှမိတ္တာ-မိတ်ဆွေတို့တည်း။ကသ္မာ၊ဝိညာယတိ၊ဟိ-ယသ္မာ၊တေ။ပ။ဝုစ္စန္တိ၊တသ္မာ၊ဝိညာယတိ။

**မှတ်ချက်။** ။ကြိယာအဆုံးသတ်က ရှေ့ဝါကျကို ရှေ့နောက်ညှပ်၍ အနက်ပေးရမည်၊ဟေတုပိဋ္ဌိဝါကျတို့၌ ကသ္မာ ဝိညာယတိ၊တသ္မာ ဝိညာယတိ တို့ကို ရှေ့နောက်ညှပ်၍ အနက်ပေးရမည်။

(ဂ)က္ကသိဂိလိပဿေ-ပစ္စေကဗုဒ္ဓါတို့ကို မြိုတတ်သောကြောင့် က္ကသိဂိလိမည်သောတောင်၏နံပါး၌(သဂုဏဒဗ္ဗာပေက္ခ)ဝါ-က္ကသိဂိလိတောင်နံပါး၌(ကေဝလဒဗ္ဗာပေက္ခ)

## နံပါတ် (၂)

**(ခ)ဝါကျသို့ အာဘောဂါယုတ္တစောဒနာ-**

http://www.dhammadownload.com



ဆရာ၊ဆရာသည် (က)ဝါကျဖြင့် သမ္မတ္တဟူသည် အလွန်အကျွမ်းဝင်၍ ခိုင်မြဲသော မိတ်ဆွေရဟန်းတို့ဖြစ်၏ဟု ဖွင့်ပြအပ်၏။သမ္မတ္တာ-ဟု သာမညဆိုသောကြောင့် ကောင်းစွာဆည်းကပ်ဖော် ဆည်းကပ်ဖက် ရဟန်းအားလုံးတို့သည် သမ္မတ္တ-မည်ရာသည်မဟုတ်ပါလော။ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် အတိဝိဿာသိက ဒဠှမိတ္တရဟန်းတို့သည် သမ္မတ္တ-မည်ရာအံ့နည်း။ သာမည, ဝိသေသဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏ ဤသို့ စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။ပါဠိတော်၌ သာမညဆိုသော်လည်း အကျွမ်းဝင်ခိုင်မြဲသော မိတ်ဆွေရဟန်းတို့သည် ကောင်းစွာဆည်းကပ်တတ်ကုန်၏၊တူသောအာမိသဓမ္မတို့ကို သုံးဆောင်ခြင်းရှိကြကုန်၏၊ထို့ကြောင့် အတိဝိဿာသိက,ဒဠှမိတ္တရဟန်းတို့သည် သမ္မတ္တမည်၏ဟု ငါဖွင့်ဆိုရကား သင်တင်သောဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏-ဟူလို။

**(ဃ)ဝါကျသို့ ပုစ္ဆာတက်. . .**

ဆရာ၊ဆရာသည် (ဂ)ဝါကျဖြင့် ဣသိဂိလိအမည်ရသော တောင်ကိုကောက်၍ ဣသိဂိလိပဿကို "ဣသိဂိလိနော ပဿံ ဣသိဂိလိပဿံ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ထိုတောင်သည် အဘယ်နည်းဖြင့် ဣသိဂိလိမည်ပါသနည်း။တောင်၏ ဣသိဂိလိမည်ပုံအကျယ်ကို မပြဆိုပြီလော။ဤသို့စုဒ်ကြောင့် (ဃ)မိန့်။

**မှတ်ချက်။** ။လီနတ္ထရစောဒနာတက်ဟူသည် အဖွင့်ကိုရှု၍ "ကိံ" "သဒ္ဒါခံလျက် မေးခြင်းတည်း။

**(င)ဝါကျသို့ ပုစ္ဆာတက်. . .**

ဆရာ၊ဆရာသည် (ဃ)ဖြင့် ပစ္စေကဗုဒ္ဓါငါးရာတို့သည် ကာသိတိုင်း,ကောသလတိုင်းတို့၌ ဆွမ်းခံပြီး ဆွမ်းစားပြီးနောက် ထိုတောင်၌စုဝေးကာ သမာပတ်ဖြင့်လွန်စေကြကုန်၏ဟု ဖွင့်ပြအပ်၏။ထိုအရှင်တို့ကို လူတို့သည် အဘယ်သို့မြင်ကြပါကုန်သနည်း။တောင်မှအထွက်ကိုလည်းမြင်ကြပါကုန်သလော၊(တစ်နည်း)အဝင်,အထွက်နှစ်မျိုးလုံးကိုလည်း မြင်ကြကုန်၏ဟူ၍ မှတ်သားအပ်ပါသလော။စုဒ်ကြောင့်(င)မိန့်။

**မှတ်ချက်။** ။ပဝိသန္တေ-ဝ-၌-ဧဝ နိဝတ္တေတဗ္ဗတ္ထနှင့်၊ န နိက္ခမန္တေ-၌ န-ဗျတိရေကကို ရှု၍ အာဘော်ထုတ်ရာ၏။

**(စ)ဝါကျသို့ ပုစ္ဆာတက်. . .**

ဆရာ၊ဆရာသည် (င)ဖြင့် လူတို့သည် ပစ္စေကဗုဒ္ဓါတို့ကို ဝင်သွားသည်တို့ကိုသာမြင်ကြ၏၊ထွက်လာသည်တို့ကို မမြင်ကြ-ဟု ဖွင့်ပြအပ်၏။ထိုသို့ဖွင့်ဆိုသဖြင့် အဘယ်သို့သောအကျိုးရအပ်ပါသနည်း။ အကျိုးမရ နိရတ္ထကဟူ၍ မှတ်သားအပ်ပါသလော စုဒ်ကြောင့် (စ)ဝါကျမိန့်။

**မှတ်ချက်။** ။လဒ္ဓဂုဏဝါကျဟူသမျှ ပုစ္ဆာနှင့် အာဘော်တို့ကို ဤနည်းအတိုင်း ပုံသေရေးကြရမည်။

http://www.dhammadownload.com



## နံပါတ် (၃)

(ခ)ဝါကျ ဒဠှိကရဏ(တစ်နည်း)ကာရဏ=အတိဝိသာသိက ဒဠှမိတ္တရဟန်းတို့၏ သမ္ဘတ္တမည်ရခြင်း၏ အကြောင်းယုတ္တိကို ပြသောကြောင့်။

(ဂ)ပက္ခန္တရ-သမ္ဘတ္တပုဒ်အဖွင့်မှတစ်ပါး ဣသိဂိလိပုဒ် အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့်။

(ဃ)ဝိတ္ထာရ-ဣသိဂိလိမည်ပုံကို ချဲ့ပြသောကြောင့်။

(င)ဝါကျာရမ္ဘ-လူတို့မြင်ပုံကို ဆက်၍ပြသောကြောင့်။

(စ)လဒ္ဓဂုဏဝါကျ-(င)ဝါကျကိုဆိုသဖြင့် ရအပ်သောအကျိုးကိုပြသောကြောင့်၊ စာစပ်။ ။ဇနပဒေသု-ကား ၌-ပေးသောကြောင့် စရိတွာ-၌ အာဓာရအာဓေယျစပ်။

## နံပါတ် (၄)

**ပဗ္ဗတော။** **။ပဗ္ဗံ အဿ အတ္ထီတိ ပဗ္ဗတော။**

ပဗ္ဗ-ဟူသော တဒ္ဓိတ်ပုဒ်အရ အဖုအထစ်သည် မုချ။ ထို-၏ တ-ပစ္စည်းအရ တောင်နှင့် ဌာနီ+ဌာန-စပ် ဌာနူပစာ။ တ-ပစ္စည်းအရ ထို-သော အဖုအထစ်ရှိသော တောင် ရ၏။

**တေသမ္ဘောဂပရိဘောဂေါ။** **။သမ္ဘောဂေါစ ပရိဘောဂေါစ သမ္ဘောဂပရိဘောဂေါ။**

**တေတော သမ္ဘောဂပရိဘောဂေါ ဧတေသန္တိ တေသမ္ဘောဂပရိဘောဂေါ။**

ပုဒ်လုံး-အရ တပေါင်းတည်းအာမိသမေ္ဘကို သုံးဆောင်ခြင်းသည် မုချ။ထို-၏ တေ-အညပုဒ်အရ သမ္ဘတ္တရဟန်းတို့နှင့် ဌာနီ-ဌာနစပ်-ဌာနူပစာ။တေ-အညပုဒ်အရ ထို-သော တူသောအာမိသမေ္ဘ သုံးဆောင်ခြင်းရှိသော သမ္ဘတ္တရဟန်းတို့ရ၏။

**ပဥ္စသတမတ္တာ။** **။ပဥ္စ သတာနိ ပဥ္စသတံ။**

**ပဥ္စသတံ မတ္တာပမာဏံ ဧတေသန္တိ ပဥ္စသတမတ္တာ။**

ပုဒ်လုံးအရ-ငါးရာအတိုင်းအရှည်ပမာဏသည် မုချ။ထို-၏ တေ-အညပုဒ်အရ ပစ္စေကဗုဒ္ဓါအရှင်တို့နှင့် ပမာဏ-ပမာဏဝန္တစပ်-ဌာနူပစာ။တေ-အညပုဒ်အရ ငါးရာ အတိုင်းအရှည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်တို့ရ၏။

**မှတ်ချက်။** ။မတ္တ-သဒ္ဒါပါရာ၌ ပမာဏ-ပမာဏဝန္တ အမြဲစပ်ပါလေ။

**ပစ္စေကဗုဒ္ဓါ။** **။ပစ္စေကံ ဗုဒ္ဓန္တီတိ ပစ္စေကဗုဒ္ဓါ။(ပစ္စေကပုဒ်+ဗုဓာတ်+တပစ္စည်း)**

ပစ္စေကဟူသော ဝိသေသနပုဒ်အရ- အသီးသီးသော သစ္စာလေးပါးတရားတို့သည် မုချအားဖြင့်ရ၏။ထို-၏သိတတ်သော ပစ္စေကသမ္ဘောဓိဉာဏ်နှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

ဗုဓာတ်အရ-အသီးသီးသော သစ္စာလေးပါးကို သိတတ်သော ပစ္စေကသမ္ဘောဓိဉာဏ်၏ ဥပါဒ်သည်မုချ။ ရှေးရှေးသော ပစ္စေကသမ္ဘောဓိပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည်တို့သည် ဖလူပစာအားဖြင့်ရ၏။ နောက်နောက်သော သမာပတ္တိဉာဏ်စသည်

http://www.dhammadownload.com



တို့သည် ကာရကပစာအားဖြင့်ရ၏။ တ-ပစ္စည်းအရထိုမုချ+ဌာန+ဖလ ကာရကပစာ တို့ဖြင့်မှတ်အပ်သော အသီးသီးသောသစ္စာလေးပါးကိုသိတတ်သောအရှင်တို့ရ၏။

**ဇနပဒါ။** ။ပဇ္ဇန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ပဒါ။ ဇနာနံ ပဒါ ဇနပဒါ။(တေသု...)

**ပစ္ဆာဘတ္တံ။** ။ဘတ္တတော ပစ္ဆာ ပစ္ဆာဘတ္တံ။(အဗျယီဘာဝသမာသ်)

ဘတ္တဟူသောဝိသေသနပုဒ်အရ-ဆွမ်းသည်(ဝါ)ဆွမ်းစားပြီးရာကာလသည် မုချ။ထို့ ၏နောက်ဖြစ်သောကာလနှင့် ကာလ+ကာလဝန္တအစပ်သမ္ဗန်သည် ဌာနပစာ။ သမာသ်ပုဒ်လုံးအရ-ဆွမ်းစားပြီးရာအခါမှ နောက်ကာလရ၏။

**သမာပတ္တိ။** ။သမာပဇ္ဇီယတေတိ သမာပတ္တိ။(သံ+အာ+ပဒ+တိ)

ပဒ-ဓာတ်အရကတ္တုရုကြိယာကား. ဝင်စားတတ်သောပစ္စေကဗုဒ္ဓါတို့သန္တာန်၌ ဝင်စားသောအချင်းအရာအားဖြင့်ဖြစ်သော မဟာကြိယာဈာနသမ္ပယုတ်စိတ္တုပ်ဟုဆိုအပ်သော အနုလုံဇောတို့၏ ဥပါဒ်သည်မုချ။ ကမ္မတ္တကြိယာကား အရဟတ္တဖိုလ်ဇောတို့၏ ဥပါဒ်သည်(ဝါ) အနန္တရပစ္စယသတ္တိသည် ဖလ။(ကာရက) တိ-ပစ္စည်းအရကား-အရဟတ္တဖိုလ်ဖလသမာပတ်ရ၏။

**မှတ်ချက်။** ။ဝီထိစဉ်အတိုင်းကောက်ထားပါသည်။

**တစ်နည်း။** ။သမာပဇ္ဇနံ သမာပတ္တိ။

**ပဝိသန္တော။** ။ပဝိသန္တီတိ ပဝိသန္တော။

ပ-ရှေ့ရှိသော ဝိသ-ဓာတ်အရ ဝင်တတ်သော ပစ္စေကဗုဒ္ဓါတို့၏ ကာယဝိညတ္တိသမုဋ္ဌာပက ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေ့ရှေ့သောစိတ္တုပ္ပါဒ်သည် ဖလပစာ။ နောက်နောက်သော သမာပတ္တိစိတ္တုပ္ပါဒ်သည် ကာရကပစာ။ အန္တ-ပစ္စည်းအရ ထို-သော ဝင်တတ်သော ပစ္စေကဗုဒ္ဓါတို့ ရ၏။

**က္လသယော။** ။သီလာဒယော ဂုဏေ သေန္တိ ဂဝေသန္တီတိ က္လသယော။(က္လသ+က္လ)

က္လသဓာတ်အရ-သီလစသော ဂုဏ်ကိုရှာမှီးတတ်သော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါ ပညာ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တို့ဥပါဒ်သည် မုချ။က္လ ပစ္စည်း-အရကား ထို့ သော ပစ္စေကဗုဒ္ဓါတို့ရ၏။

## နံပါတ်(၅)

**သုဋ္ဌု။** ။သုပုဗ္ဗ+ဌာ+တု။(သုန္ဒရဘာဝေန ဌာတိ ပဝတ္တတီတိ သုဋ္ဌု)မောင်။

**ဘတ္တာ။** ။ဘဇ+တ။(ဘဇန္တီတိ ဘတ္တာ)

**သံဘောဂ။** ။သံ+ဘုဇ+ဏ(သဟ ဘုဥ္စနံ အနုဘဝနံ သမ္ဘောဂေါ)

**ဂိလိ။** ။ဂိလ+က္လ။(ဂိလတီတိ ဂိလိ)

**ပဿ။** ။ဒိသ+အ။

**ပုဗ္ဗ။** ။ပုဗ္ဗ+အ။(ပုဗ္ဗတိ ပူရတီတိ ပုဗ္ဗော)

**မတ္တာ။** ။မာ+တ။(မီယတီတိ မတ္တာ)တစ်နည်း-မာန+တ။(မနိတဗ္ဗ ဇာနိတဗ္ဗ တိ မတ္တံ။)

**ကာသိ။** ။ကာသ+က္လ။

http://www.dhammadownload.com



**ကောသလ။** ။ကုသ,သဒ္ဒူပပဒ+လာ+ကွိ။(ကောသံ လန္တိ ဂဏှန္တီတိ ကောသလာ)
**ပိဏ္ဍာယ။** ။ပိဍိ+က။
**နိက္ခမန္တ။** ။နိ+ကမု+တ။(တစ်နည်း)အန္တ။

## နံပါတ်(၆)

(က)အတိဝိဿာသိကာဖြင့် သမ္ဘတ္တအရ-အလွန်အကျွမ်းဝင်သော ရဟန်းတို့ကို ကောက်ယူအပ်သည်ကိုသိစေသည်။ ဒဠှမိတ္တာဖြင့် အလွန်အကျွမ်းဝင်သောရဟန်းတို့ဟူသည် ခိုင်မြဲသောမိတ်ဆွေရဟန်းတို့ပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။ ဘာဝတ္ထ)

(ခ)သုဒ္ဓ ဘတ္တာ ဖြင့် သမ္ဘတ္တာကို သုဒ္ဓ ဘတ္တာ သမ္ဘတ္တာ. ဟု ပါဒ်ပုဗ္ဗပဒကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ သံဥပသာရ၏ သုဒ္ဓအနက်၌ဖြစ်သည်ကိုလည်ကောင်း၊ ဘဇမာနာဖြင့် ဘတ္တာ၌ ဘဇဓာတ်၊တ ပစ္စည်း၊ယင်းတ-ပစ္စည်း၏ ကတ္တုသာနေ၌ သက်၍ ဘဇန္တီတိ ဘတ္တာ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။ (သမာသ်လိင်္ဂပဒ၊ဥပသဂ္ဂလိင်္ဂတ္ထ၊ဒု-ဓာတုပဒ၊ဒု-ပစ္စယပဒ။ ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ။)

ဧကသမ္ဘောဂပရိဘောဂေါ-ဖြင့် ဘတ္တာ၌ ဘဇဓာတ် သေဝနအနက်၌ မဖြစ်၊ ဘုဥ္စနအနက်၌ဖြစ်သည်ကိုလည်းကောင်း၊ကောင်းစွာဆည်းကပ်ခြင်းဟူသည်. အာမိသ, ဓမ္မ နှစ်ဌာနကို သမ္ဘောဂ, ပရိဘောဂဖြစ်လောက်အောင် အလွန်အကျွမ်းဝင်၏ ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေသည်။(ဒု-ဓာတွတ္ထ၊ ဘာဝတ္ထ။)

တေ ဝုစ္စန္တိ ဖြင့် သမ္ဘတ္တ-အရ အတိဝိဿာသိကာ, ဒဠှမိတ္တ ရဟန်းတို့ကို ကောက်ယူအပ်သည်ကို သိစေသည်။ (အဘိဓေယျတ္ထ)

## နံပါတ်(၇)

**ဧကသမ္ဘောဂပရိဘောဂါတိကတွာ/ ဧကသမ္ဘောဂပရိဘောဂါဒိကတွာ. . .**

ဧကသမ္ဘောဂပရိဘောဂမှတစ်ပါး အာဒိဖြင့်ဟူအပ်သော အာဒိဝန်မရှိသောကြောင့်လည်းကောင်း၊ ဝိဂ္ဂဟကိုပြရာဖြစ်သောကြောင့်လည်းကောင်း၊ ဘောဂါဒိ-ဟု တတိယက္ခရာ ဒိ-နှင့် ပါဌ်အချို့ရှိ၏၊နိဿယ၌လည်း အာဒိကိုပင် အနက်ယေး၏။ မသင့်ဟု(ဆင်တဲဂဏ္ဌိ၊၄၆၈)၌ ဆိုသောကြောင့်လည်းကောင်း၊ဧကသမ္ဘောဂပရိဘောဂ်တိ ကတွာ-ဟူသော ပဥ္စမက္ခရာနှင့်ရှိသောပါဌ်သာသင့်။

**ပဏ္ဍာဘတ္တံ/ပဏ္ဍာဘတ္တာ. . .**

ဘတ္တဿ ပဏ္ဍာ ပဏ္ဍာဘတ္တံ၊ ပဏ္ဍာဘတ္တာ ဝါ-ဟု နိရုတ္တိဒီပနီ-၌ ဒွိရုပ်ကိုပြဆိုသောကြောင့် နှစ်ပါဌ်သင့်။(နိရုတ္တိဒီပနီ၊၁၄၁၊၃။နှာ၊၂၂၁)

**ဝိတိနာမေန္တိ/ဝိတိနာမေန္တိ. . .**

ဝိ-ရှေး အတိ-ရှေးရှိသော နမု-ဓာတ် အန္တိ-ဝိဘတ်၊ ဝိ-နောင် အ-ကျေရာ၌ ဣ-ကို ဤ-ဒီဃပြု၍ပြီးသောကြောင့် ဝီတိနာမေန္တိ-ပါဌ်သင့်။

http://www.dhammadownload.com



## နံပါတ် (၉)

**ဣလ္လိသိဂိလိပသေ-၌ နယူပစာ. . .**

ဌာန တောင်နံပါး၏အမည်ကို ဌာနီ တောင်နံပါး၏ အောက်ခြေအရပ်၌ တင်ဌာနူပစာ။

(တစ်နည်း)-အပေါင်း တောင်နံပါးတစ်ခုလုံး၏အမည်ကို အစိတ် ပဗ္ဗတပုဒ္ဓါ အရှင်မြတ်တို့ ဝင်ရာ တောင်ခြေ၌တင် ဧကဒေသျူပစာ။ ရုဠ္ဌီနည်း။

**ဣလ္လိသိဂိလိ-၌ နယူပစာ. . .**

မျိုးတတ်သော ဗျာပါရသတ္တိထင်ရှားရှိသော ပုဂ္ဂိုလ်သတ္တဝါတို့၏အမည်ကို မျိုးတတ်သော ဗျာပါရသတ္တိထင်ရှားမရှိသောတောင်၌ တင်စား၍ဆိုသောကြောင့် တဒ္ဓမ္မူပစာ၊ရုဠ္ဌီနည်း။

တစ်နည်း-အနီးဖြစ်သော တောင်နံပါး၏အမည်ကို အနီးရှိသောတောင်ခြေ၌တင်-သမီပူပစာ။

တစ်နည်း-တောင်နှင့်တောင်နံပါး မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ဇနပဒေသု ပိဏ္ဍာယ စရိတွာ-၌ နယူပစာ. . .**

ဌာနဇနပုဒ်၏ ဇနပဒ၏အမည်ကို ဌာနီမြို့သူ/သား ဇနပုဒ်သူ/သား တို့၌တင် ဌာနူပစာ၊နာနတ္တရိကနည်း။(အဘေဒ-နည်း)။

**ဇနပဒေါစာတိ နဂရဝါသိနော၊ဇနပဒဝါသိနော စ အဘေဒတော နဂရဇနပဒသဒ္ဒေဟိ ဝုတ္တာ၊သဗ္ဗော ဂါမော အာဂတော၊မဉ္စာ ဥက္ကုဋ္ဌိ ကရောန္တီတိ အာဒီသုဝိယ။ (သာရတ္ထ၊၁၊၁၇၄)**

**ပဏ္ဍာဘတ္တံ-၌ နယူပစာ. . .**

ဘတ္တ-အရ ဌာနီဆွမ်း၏အမည်ကို ဌာနဆွမ်းစားရာကာလ၌-တင် ဌာနယူပစာ၊အဝိနာဘာဝနည်း။

တစ်နည်း-ဘတ္တ-အရ ဌာနဆွမ်း၏အမည်ကို ဌာနီစားခြင်းကြိယာ၌တင် ဌာနူပစာ၊နာနတ္တရိကနည်း။

**ဘတ္တဘုဥ္ဇနတော ပဏ္ဍာ ပဏ္ဍာဘတ္တံ။(သီ၊ဋီ၊သစ်၊၁။၁၉၁)**

**သမာပတ္တိယာ-၌ နယူပစာ. . .**

အပေါင်းဖြစ်သော ဈာနသမာပတ်, ဖလသမာပတ်, နိရောဓသမာပတ်တို့၏ သမာပတ္တိအမည်ကို အစိတ်ဖြစ်သော ဖလသမာပတ်၌ တင် ဧကဒေသျူပစာ။ ရုဠ္ဌီနည်း။

## နံပါတ် (၁၀)

သမာပတ္တိယာ ဝီတိနာမေန္တိ-၌ အရကောက်၍ ဩတရဏာဟာရနေတ္တိ-

ဖလသမာပတ်ချမ်းသာ-ဟုဆိုအပ်သော သုခဝေဒနာပြဌာန်းသော အရဟတ္တဖိုလ်စိတ္တုပါဒ်ရ၏။

http://www.dhammadownload.com



သုတ်၌လာသောတရားတို့ကို ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ သွင်းချခြင်းလက္ခဏာရှိသောဟာရသည် ဩတာရဏီယဣ္ဍိ အနုပဝေသီယဏ္ဍိ ဧတေန သုတ္တာဂတဓမ္မာ ပဋိစ္စသမုပ္ပါဒါဒီသူတိ ဩတရဏော-ဟူသော ဝစနတ္ထကြောင့် ဩတရဏာဟာရမည်၏။(နိဒါန်း)

သွင်းချဟန်ကား-အရဟတ္တဖိုလ်စိတ်နှင့် အတူဥပါဒ်သောရုပ်သည် ရူပက္ခန္ဓာမည်၏။ဝေဒနာသည် ဝေဒနက္ခန္ဓာမည်၏။သညာသည် သညာက္ခန္ဓာမည်၏။ဝေဒနာ သညာမှကြွင်းသော စေတသိက်သုံးဆယ့်လေးပါးသည် သင်္ခါရက္ခန္ဓာမည်၏။အရဟတ္တဖိုလ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ဤသို့ ခန္ဓာ၌သွင်းချခြင်းသည် ခန္ဓောတရဏာဟာရမည်၏။

ထိုစိတ္တုပ္ပါဒ်နှင့်အတူဥပါဒ်သောရုပ်တို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ပ။ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။အရဟတ္တဖိုလ်စိတ်သည် မနာယတနမည်၏။စေတသိက်သုံးဆယ့်ခြောက်ပါးသည်လည်းကောင်း၊ထိုစိတ်နှင့်အတူဥပါဒ်သော သုခုမရုပ်သည်လည်းကောင်း ဓမ္မာယတနမည်၏။ဤသို့ အာယတန၌ သွင်းချခြင်းသည် အာယတနောတရဏာဟာရမည်၏။

ထိုစိတ်နှင့်အတူဥပါဒ်သောရုပ်တို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ ။ပ။ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်သည် မနောဝိညာဏဓာတ်မည်၏။ စေတသိက်(၃၆)ပါးသည်လည်းကောင်း၊အတူဥပါဒ်သောသုခုမရုပ်သည်လည်းကောင်း ဓမ္မဓာတ်မည်၏။ဤသို့ ဓာတ်၌သွင်းချခြင်းသည် ဓာတောတရဏာဟာရမည်၏။

အတူဥပါဒ်သောရုပ်တို့တွင် စက္ခုပသာဒသည် စက္ခုန္ဒြေမည်၏။ပ။ကာယပသာဒသည် ကာယိန္ဒြေမည်၏။အရဟတ္တဖိုလ်စိတ်သည် မနိန္ဒြေမည်၏။ဝေဒနာ သည်ဝေဒနိန္ဒြေမည်၏။ဝီရိယသည် ဝိရိယိန္ဒြေမည်၏။ဧကဂ္ဂတာသည် သမာဓိန္ဒြေမည် ၏။ သဒ္ဓါသည် သဒ္ဓိန္ဒြေမည်၏။သတိသည်သတိန္ဒြေမည်၏။ပညာသည် ပညိန္ဒြေ (အညာတာဝိန္ဒြေ)မည်၏။ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။ဤသို့ ဣန္ဒြေ၌သွင်းချခြင်းသည် ဣန္ဒြိယောတရဏာဟာရမည်၏။

ထိုစိတ္တုပ္ပါဒ်၏မှီရာ ခန္ဓာ(၅)ပါး၏ အကြောင်းကား . အဝိဇ္ဇာတည်း။အဝိဇ္ဇာဖြစ်လျှင် သင်္ခါရ ဝိညာဉ်စသည်ဖြစ်၏။(ဤကားအနုလုံ)

အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာအကြွင်းမဲ့ချုပ်သည်ရှိသော် သင်္ခါရချုပ်၏။ သင်္ခါရချုပ်သည်ရှိသော် ဝိညာဉ်နာမ်ရုပ်စသည်တို့ချုပ်ကြကုန်၏။(ဤကား ပဋိလောမ)

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်၌သွင်းချခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏာဟာရမည်၏။(ပဋိစ္စသမုပ္ပါဒ်၌ လောကီတရားတို့ အရကောက်မှသာ ထုတ်ရန်သင့်၏။)

မှတ်ချက်။ ။သီလက္ခန္ဓ၊သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ၊သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ပညာမဂ္ဂင်၊သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ စသောဗောဓိပက္ခိယတရားများလည်း ဤ၌မေးနိုင်ပါသည်။ ။စာမေးပွဲ၌ တစ်မျိုးသာမေးပါသည်။ ခန္ဓာ(သို့)အာယတန တို့သာ အမေးများသည်။

★★★★★

http://www.dhammadownload.com



## ဝါကျစဉ် (၅)

(က)တိဏကုဋိယော ကရိတွာတိ တိဏစ္ဆဒနာ သဒ္ဒါရဗန္ဓာ ကုဋိယော ကတွာ။
(ခ) ဝဿံ ဥပဂစ္ဆန္တေန ဟိ နာလကပဋိပဒံ ပဋိပန္နေနာပိ ပဉ္စန္နံ ဆဒနာနံ အညတရေန ဆန္နေယေဝ သဒ္ဒါရဗန္ဓေ သေနာသနေ ဥပဂန္တဗ္ဗံ။
(ဂ) ဝုတ္တဉှေတံ " န ဘိက္ခဝေ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗံ၊ ယော ဥပဂစ္ဆေယျ အာပတ္တိ ဒုက္ကဋဿာ "တိ။
(ဃ)တသ္မာ ဝဿကာလေ သစေ သေနာသနံ လဘတိ၊ ဣစ္စေတံ ကုသလံ။
(ဝိ၊ဋ္ဌ၁။၂၄၈။)

## နံပါတ်(၁)

ကသ္မာ-ကြောင့်။ တိဏစ္ဆဒနာ-မြက်တို့ဖြင့်မိုးအပ်သော။ သဒ္ဒါရဗန္ဓာ-တံခါးဘောင်ဖြင့် ဖွဲ့စပ်အပ်သော။ ကုဋိယော-တို့ကို။ကတွာ-၍။ ဝဿံ-ဝါကို။ ဥပဂစ္ဆိံသု-ကပ်ရောက်ကြကုန်ပြီးသနည်း။ ဟိ-ယသ္မာ-ကြောင့်။ ဝဿံ-သို့ ။ပ။ ဥပဂန္တဗ္ဗံ-၏။ တသ္မာ- တိဏစ္ဆဒနာ သဒ္ဒါ ရဗန္ဓာ ကုဋိယော ကတွာ ဝဿံ ဥပဂစ္ဆိံသု။

နာလကပဋိပဒံ-နာလကမထေရ်၏ မောနေယျအကျင့်တို့ကို။ (ပဋိပဒါအရ ထင်ရှားအောင်အနက်ပေးပါ။)

ပဉ္စန္နံ-အငြှ ကျောက် အင်္ဂတေ သစ်ရွက် မြက်. ဟုငါးချက်ကုန်သော။(သချေ်ာ ယ ထုတ်အနက်။)

(ဂ)ဝုတ္တံ. ၏ အာဓာရနှင့်ကတ္တား. .

ဝဿူပနာယိကက္ခန္ဓကေ(အာဓာရ)ဘဂဝတော(ကတ္တား)

အာဂမဒဋ္ဌိဝါကျ ဝါကျအပြန်အလှန်ပေးနည်း. .

ဝဿံ ဥပဂစ္ဆန္တေနာတိအာဒိ ယံ သကာဝစနံ မယာ ဝုတ္တံ တံ ဣမိနာ ပရဝစနေန (ဟိ. သစ္စံ)ကေနာတိ စေ(ဟိ. သစ္စံ) (ဒဋ္ဌိပါဋ္ဌိထည့်ပါ)တော် ဘဂဝတာ ဝုတ္တံ။တေန သစ္စံ။

အာပတ္တိ ဒုက္ကဋဿ-အနက်ပေးနည်း. .

(ဒုက္ကဋာ+အဿ) ဒုက္ကဋာ-ဒုက္ကဋ်ဟူသော။အာပတ္တိ-သည်။အဿ(ဟောတိ)၏။(တစ်နည်း)ဒုက္ကဋဿ-သို့။အာပတ္တိ-သင့်ရောက်ခြင်းသည်။ဟောတိ-၏။(တစ်နည်း)အဿ-ဘိက္ခုနော-အား။ ဒုက္ကဋာ-ဟူသော။အာပတ္တိ-သည်။ဟောတိ-၏။

(အာပတ္တိ ပါရာဇိကဿာတိ အာပတ္တိ ပါရာဇိကာ အဿ ဟောတီတိ အတ္ထော အထဝါ အာပတ္တိ အာပဇ္ဇနံ ဟောတိ ပါရာဇိကဿာတိ ပါရာဇိကာဓမ္မဿ။)ဝိ၊ဋ္ဌ၁။ ၂၂၆။ကို မှီးသည်။

(ဂ) အာကာရ-၌ ထည့်သင့်သောပါဌ်ထည့် အနက်-

ယော ဘိက္ခု၊ အသေနာသနိကော ဟုတွာ ဝဿံ ဥပဂစ္ဆေယျ၊ အသေနာသနိကဿ ဝဿံ ဥပဂစ္ဆန္တဿ၊ တဿ ဘိက္ခုနော။

(ဃ)တသ္မာ-ထိုသို့ဝါကပ်သော ရဟန်း၏ အမိုးရှိသော သဒ္ဒါရဗန္ဓသေနာသန

http://www.dhammadownload.com



၌သာ ဝါကပ်ရသည်၏အဖြစ်ကြောင့်။
**မှတ်ချက်**။ ။ ဟိတ်ဖိုလ်ဖြစ်သော(ခ)ဝါကျကို စွဲသည်။
**နိယံ**။ ။**တသ္မာဆို၊ ဟိတ်၏ဖိုလ်၊စွဲဆိုများထုံးစံ**။

## နံပါတ်(၂)

(ခ)သို့အာဘောဂါယုတ္တစောဒနာ. .

ဆရာ၊ဆရာသည်၊(က) ဖြင့် တိဏကုဋိယောကို တိဏစ္ဆဒနာ သဗ္ဗါရဗန္ဓာ ကုဋိယော. ဟုဖွင့်ပြတော်မူအပ်၏။ တိဏကုဋိယော. ဟုသံဝဏ္ဏေတဗ္ဗရှိသောကြောင့် တိဏစ္ဆဒနာ ကုဋိယော ဟုဖွင့်ဆိုက လိုအပ်သောအနက်ပြီးကောင်းရာသည်မဟုတ်လော. ထိုသို့ဖြစ်လျှက် အဘယ်ကြောင့် သဗ္ဗါရဗန္ဓာပုဒ်ကို အပိုဆောင်း၍ ဖွင့်ဆိုအပ်ပါသနည်း . သံဝဏ္ဏနာ+သံဝဏ္ဏေတဗ္ဗဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏ ဤသို့ စောဒနာဖွယ်ရှိသောကြောင့်(ခ)မိန့်။
ကား။ ။ဝါကပ်သောရဟန်းသည် မောနေယျအကျင့်ကို ကျင့်ပါသော်လည်း အမိုးငါးမျိုး မိုးအပ်သောကျောင်း, တံခါးရှိသောကျောင်း၌သာ ဝါကပ်ရောက်ထိုက်သည်ကို သိစေလိုသောကြောင့် သဗ္ဗါရဗန္ဓာပုဒ်ကို အပိုဆောင်း၍ ဖွင့်ဆိုရကား သင်တင်သော ဝိရောဓိဒေါသ ငါ့၌မရောက် ကင်းစင်လွင့်ပျောက်၏ဟူလိုသော်. .

(ဂ)သို့ ပုစ္ဆာ။ ။ဆရာ၊ဆရာသည်၊(က+ခ)တို့ဖြင့် တိဏကုဋိယောပုဒ်၌ သဗ္ဗါရဗန္ဓာပုဒ် အပိုဆောင်း၍ဖွင့်ရဆိုခြင်းကို ယုတ္တိနှင့်တကွဖွင့်တော်မူအပ်၏။ဆရာ၏ယုတ္တိစကားမျှသာဖြစ်၍ မယုံကြည်နိုင်ကောင်းရာသည်မဟုတ်လော. ဆရာစကားကို ယုံကြည်စေနိုင်သော အာဂမ သာဓကစကား ကား အဘယ်ပါနည်း. ဤသို့စောဒနာဖွယ်ရှိသောကြောင့် (ဂ)မိန့်။
**ဆောင်**။ ။**အာဂမ၏၊ရှေ့နားရှိ၊ယုတ္တိများသတည်း**။
**အာဂမရှေ့၊ ယုတ္တိတွေ့၊အလေ့ဓမ္မတာ**။
**ဝုတ္တဌေတ၊အာဂမ၊တဝဒဋ္ဌီယ**။

**(တစ်နည်း)-(ဂ) ဝါကျသို့ ပုစ္ဆာ**။ ။ဥပနာ တူ၏။ ထိုသို့ဆိုသော် သဗ္ဗါရဗန္ဓာ တိဏကုဋိယော-ဟု ပါဠိ၌ ဆိုသင့်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျှက် (ခ)ဖြင့်ဆိုသော ဆရာ့စကား အဘယ်သို့သောယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

## နံပါတ်(၃)

(ခ) ကာရဏဝါကျ။(တစ်နည်း)ယုတ္တိဒဋ္ဌိ။ သဗ္ဗါရဗန္ဓာထည့်စွက်ဖွင့်ဆိုရခြင်း၏ ယုတ္တိကြောင်းပြသောကြောင့်တည်း။(တစ်နည်း)ဝိတ္ထာရ. (ဘာဋ္ဌိ)

တိဏကုဋိယော ကတွာ ဝဿူပဂမနေ ဟောတုံ ဉပေန္တော ဝဿံ ဥပဂစ္ဆန္တေန ဟိတိ အာဒိမာဟ။ (ယောဇနာ။၁၄၄)

(ဂ) အာဂမဒဋ္ဌိ၊ အာဂုံပါဠိဖြင့် မြဲစေသောကြောင့်တည်း။(ဃ)လဒ္ဓဂုဏဝါကျ။
**စာစပ်**။ ။ဥပဂစ္ဆန္တေန-သည်-ပေးသောကြောင့်၊ ဥပဂန္တဗ္ဗံ- ၌ အဝုတ္တကတ္တား၊

http://www.dhammadownload.com



ဥပဂန္တွံ့. ကား အဝုတ္တား၏ကြိယာစပ်။
(ဥပဂစ္ဆန္တေနာတိ ပဒံ ဥပဂန္တုံတိ ပဒေ ကတ္တာ)ယောဇနာ။

နံ့၊ ၈ (၄)

**သဒ္ဒါရုဗန္ဓာ။** ။ဒ္ဒါရဿ ဗန္ဓံ ဒ္ဒါရဗန္ဓံ။
သဟ ဒ္ဒါရဗန္ဓေန ယာ ဝတ္တန္တီတိ သဒ္ဒါရဗန္ဓာ။
ဗန္ဓီယတေတိ ဗန္ဓံ။ဒ္ဒါရဉ္စ တံ ဗန္ဓဉ္စာတိ ဒ္ဒါရဗန္ဓံ။(ဘာ-ဋီ)
သံဝိဇ္ဇတိ ဒ္ဒါရဗန္ဓံ ဧတာသူတိ သဒ္ဒါရဗန္ဓာ။(မအူ)
(သဟ+ဒ္ဒါရဗန္ဓ+ယ)

ပုဒ်လုံးအရ ဖွဲ့စပ်အပ်သော တံခါးဖွဲ့နှင့်တကွဖြစ်ခြင်း သဟတ္ထဘောဂုဏ်သည် မုချ။ထို-၏ ယ-ဟူသောအညပုဒ်အရ မြက်မိုးကျောင်းနှင့် ဌာနီ/ဌာနစပ်-ဌာနူပစာ။ယ-ဟူသောအညပုဒ်အရ ထို-သော တံခါးဖွဲ့နှင့်တကွဖြစ်သော မြက်မိုးကျောင်းရ၏။

**နာလကပဋိပဒါ။** ။ပဋိပဇ္ဇတိ ဧတာယာတိ ပဋိပဒါ။
နာလကဿ ဒေသိတာ ပဋိပဒါ နာလကပဋိပဒါ။(တံ)

နာလက-အရ နာလကမထေရ်သည် မုချ။ထို-၏ ဟောအပ်သောမောနေယျအကျင့်နှင့် ဝိသေသန/ဝိသေသျစပ်-ဌာနူပစာ။ပုဒ်လုံးအရ ထို-သော နာလကမထေရ်အားဟောအပ်သော မောနေယျအကျင့်ရ၏။

**သေနာသနံ။** ။သေနဉ္စ တံ အာသနဉ္စာတိ သေနာသနံ။ (ဝိသေသနော ဘယပဒကမ္မဓာရယ်။)

သေန-အရ အိပ်ရာ၏အဖြစ်ဟူသောဂုဏ်သည် မုချ။အာသန-အရ နေရာ၏အဖြစ်ဟူသောဂုဏ်သည် မုချ။ထို-၏ ကျောင်းနှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာပုဒ်လုံးအရ ထို-သော အိပ်ရာနေရာဖြစ်သော ကျောင်းရ၏။

**မှတ်ချက်။** ။ဝိသေသနနှစ်ပုဒ်ဖြစ်၍ မုချကောက် နှစ်မျိုးကောက်ထားပါသည်။
ဤကောက်ပုံကို အထူးဂရုစိုက်ပါ။

**အသေနာသနိကော။** ။နတ္ထိ သေနာသနံ ယဿာတိ အသေနာသနိကော။

**တိဏံ။** ။တိဏီယတေ တဗ္ဗကွေတီတိ တိဏံ။တိဏ+အ။(ဓာတွတ္ထ)
ဧတေဇေတိ ဧတေနာတိ တိဏံ။တိဇ+ဏ။(မောဂ်)
တိဇ တေဇနေ ဇလောပေါ၊ဏော။(မောဂ်၊၇။၆၇)

နံ့ပါတ် (၅)

**ဆဒနံ။** ။ဆဒ+ယု။(ဆာဒေတိ ဧတေနာတိ ဆာဒနံ။ဆဒ သံဝရဏေ၊ စုရာဒိ)

**ဒ္ဒါရံ။** ။ဒွရ+ဏ။ဒွရန္တိ သံဝရန္တိ ရက္ခန္တိ ဧတေနာတိ ဒ္ဒါရံ။(တစ်နည်း)ဒွိ+အရ+ဏ။
(အထဝါ ဒွေကဝါဋာ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဒ္ဒါရံ)"ဒ္ဒါရ+ဒ္ဒါရာ"တိစ ဣတ္ထိနပုံသကဝသေန ဒ္ဒါရသဒ္ဒေါ ဝုတ္တော။ (ဓာတုမာလာ၊ ၁၅၀။ ပိဋ္ဌေ)။

http://www.dhammadownload.com



(တစ်နည်း)ဒု+ဝရ+ဏ(ဒုဋ္ဌေ ဝါရယန္တိ အသ္မာ ရက္ခကာတိ ဒွါရံ)ဥလောပေါ်။
(ဓာန်-ဋီ။၂၂၀၊ဂါထာ)

**သေန။** ။သိ+ယု။(သယန္တိ အတြေတိ သေနံ။)
**အာသန။** ။အာသ+ယု။(အာသဝေ ၁ အသ္မိန္တိ အာသနံ)
**ဝသာ။** ။ဝသ+အ။(ဝသတိ သိဋ္ဌတီတိ ဝသံ။ဝသ သေစနေ)
(တစ်နည်း)ဝသု+အ။(ဝသတိ ဒေဝေါ)။

## နံပါတ် (၆)

(က)တိဏစ္ဆဒနာ ကုဋိယောဖြင့် တိဏကုဋိယောကို တိဏာနိ ဆဒနာနိ ယာသန္တိ တိဏစ္ဆဒနာ၊တိဏစ္ဆဒနာစ သာ ကုဋိယောစာတိ တိဏစ္ဆဒနကုဋိယော-ဟု ဆိုလိုလျက် ဆဒန-ဟူသော အလယ်ပုဒ်ကျေသော မဇ္ဈေပဒလောပသမာသ်အဖြစ်ကိုလည်းကောင်း။တိဏကုဋိဟူသည် မြက်အမိုးရှိသောကျောင်းဟူသော အနက်အဓိပ္ပါယ်ကိုလည်းကောင်း။(ဝါ)ကေဒေသျူပစာ,သမုဒါယူပစာအားဖြင့် မြက်အမိုးရှိသောကျောင်းငယ်ကို ယူအပ်သည်ကိုလည်းကောင်း သိစေပါသည်။(သမာသလိင်္ဂပဒ၊ဘာဝတ္ထ၊သရုပ်ကြားအဘိဓေယျတ္ထ။)

သဒ္ဓါရဗန္ဓာ-ဖြင့် ဝါကပ်သောပုဂ္ဂိုလ်မှန်လျှင် အဝင်အထွက်တံခါးပေါက်ပါရှိသော ကျောင်း၌သာဝါကပ်ရသည်ဟူသော အဓိပ္ပါယ်ကိုသိစေသည်။(ဘာဝတ္ထ)ကတ္တာဖြင့် ကရိတ္တာ၏ ပရိယာယ်ကိုသိစေသည်။(ပရိယာယတ္ထ၊နိပါတလိင်္ဂတ္ထ)

**တိဏစ္ဆဒနာကုဋိယော မဇ္ဈေလောပသမာသံ ကတွာ, ဧကဒေသောဝါ သမုဒါယဝေါဟာရဝသေန "တိဏကုဋိယောတိ ဝုတ္တ၊ဝသံ ဥပဂစ္ဆိသ္သတိ ဝစနတော ဝဿူပဂမနာရဟာ သဒ္ဓါရဗန္ဓာဧဝ ဝေဒိတဗ္ဗာတိ အာဟ တိဏစ္ဆဒနာ သဒ္ဓါရဗန္ဓာ ကုဋိယော"တိ။ (သာရတ္ထ၊၂။၁၁၄)**

## နံပါတ်(၇)

**သဒ္ဓါရဗန္ဓာ/သဒ္ဓါရဗဒ္ဓါ. . .**

ဗန္ဓ-ဓာတ်ဖြင့်ပြီးသောကြောင့်သဒ္ဓါရဗန္ဓာသင့်။ဗဓိဓာတ်+ဏပစ္စည်း၊ပေဘပေဟိ ဓပာစ၊ဟိစတုတ္ထာနံ မန္တာနံ ဒေါဓေ-သုတ်ဖြင့် ပြီးသောကြောင့် သဒ္ဓါရဗဒ္ဓါသင့်။ဗန္ဓဓာတ်၊ဗဓိဓာတ်နှစ်မျိုးလုံးပင် ဗန္ဓနအနက်ကိုဟော၍ အနက်ထူးမရှိသောကြောင့်လည်းကောင်း၊ ဗာဓေသိ၊ ဗန္ဓတိ၊ ဗဒ္ဓေါတိဗာဓိယတေ၊ ဗန္ဓိယတေ-ဟု အထူးပြု၍ ဓာတုမာလာ၌ ဆိုသောကြောင့်လည်းကောင်းနှစ်ပါဌ်သင့်ပါသည်။

**ဥပဂန္တဗ္ဗံ/ဥပဂန္တဗ္ဗော. : .**

ဘာဝသာဓနဟောပုဒ်ဖြစ်၍ အများနှင့်ဆက်ဆံရကား နပုလ္လိင်ဖြင့်ရှိသင့်သောကြောင့်လည်းကောင်း ဝသံ-ဟူသော ကံပုဒ်ကို ထောက်၍လည်းကောင်း ဥပဂန္တဗ္ဗံပါဌ်သင့်။

http://www.dhammadownload.com



## နံပါတ်(၉)

**တိဏကုဋ္ဋိယော. နယူပစာ. . .**

အပေါင်းဖြစ်သောတစ်ကျောင်းလုံး၏အမည်ကို အစိပ်ဖြစ်သော တိဏ-၌တင်စားဆိုသောကြောင့် ဧကဒေသူပစာ။ ‌ -သ်း၊ (ဘာ-ဋီ)

အပေါင်းဖြစ်သော မြက်မိုး မြက်‌ ‌ မြက်ခင်းကျောင်းတို့၏အမည်ကို အစိပ်ဖြစ်သော မြက်မိုးကျောင်း၌ တင်စား၍ဆိုသောကြောင့် ဧကဒေသူပစာ၊ (ပေါင်မြိုင်ဆရာတော်)

အပေါင်းဖြစ်သော တံခါးရှိသောမြက်မိုးကျောင်း၊တံခါးမရှိသောမြက်မိုးကျောင်းတို့၏ အမည်ကို အစိပ်ဖြစ်သော တံခါးရှိသောမြက်မိုးကျောင်း၌ တင်စားဓိုဘြောကြောင့်၊ ဧကဒေသူပစာ။ (အဋ္ဌကထာအဖွင့်ကိုရှုပါ)။

**ကုဋ္ဋိယော ကတွာ-နယူပစာ. . .**

အကျိုး ကျောင်း၏အမည်ကို အကြောင်း သစ်, ဝါး-စသော ဆောက်လုပ်ရေးပစ္စည်းတို့၌ တင် ဖလူပစာ။ အဝိနာဘာဝ-နည်း။

**ဝဿံ ဥပဂန္တွာ. . .**

ဌာန မိုးကာလ၏ ဝဿအမည်ကို ဌာနီဖြစ်သော မိုးအခါ နေခြင်း၌တင်စား၍ဆိုသောကြောင့် ဌာနူပစာ၊နာနန္တရိကနည်း။

*** ဝဿံ ဥပဂစ္ဆန္တေနာတိ ဝဿဝါသံ ဥပဂစ္ဆန္တေန။(သာရတ္ထ၊၂။၁၁၄)**

**ပဥ္စန္နံ ဆဒနာနံ. . .**

အုဋ္ဌ ကျောက် သစ်ရွက် အင်္ဂတေ မြက် ဟူသောအထင်ကို ဆိုသဖြင့် ပျဉ်သွတ် အဝတ် သက်ကယ်စသော မိုးနိုင်ကောင်းသောအရာအားလုံးကိုလည်း ရသောကြောင့် နိဒဿနနည်း။

*** အဋ္ဌကထာသု ပါကဋဝေါဟာရံ ဂဟေတွာ ဝါစုဂ္ဂတဝသေန ပဥ္စဟိ ဆဒနေဟိ ဆန္နာ၊ပ။ ယံကိဉ္စိ ပဋိစ္ဆာဒနသမတ္ထံ ဣဓ ဆဒနဥ္စ။ (ဝိ၊၄၊၃။၁၁)**

## နံပါတ်(၁၀)

(၈)ဝါကျ-ဝုတ္တံ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသောမဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။

ပဒဋ္ဌာနာဟာရနေတ္တိနည်းဟူသော်ကား. . ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော ဟူသောဝစနတ္ထနှင့်အညီ သုတ်၌ဟောအပ်သောတရား၏ ပဒဋ္ဌာန်ကို ဩရုယှောရုယှအားဖြင့်လည်းကောင်း၊အာရုယှာရုယှအားဖြင့်လည်းကောင်း စီစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနာဟာရမည်၏။(နိဒါန်း)

အဘယ်သို့စီစစ်သနည်းဟူမူကား. ဝစဓာတ်အရဒေသနာဉာဏ်ပြဓာန်းသောမဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်ကား. . သကလဗုဒ္ဓဂုဏ်တည်း။
ထို၏ပဒဋ္ဌာန်ကား. . သဗ္ဗညုတဉာဏ်တော်တည်း။
ထို၏ကား. . ပစ္စဝေက္ခဏာဉာဏ်တော်တည်း။
ထို၏ကား. . အရဟတ္တဖိုလ်ဉာဏ်တော်တည်း။

http://www.dhammadownload.com



ထို၏ကား. . အရဟတ္တမဂ်ဉာဏ်တော်တည်း။
ထို၏ကား. . အောက်မဂ်အောက်ဖိုလ်ဉာဏ်တော်တည်း။
ထို၏ကား. . ကုဋေသုံးသန်းခြောက်သိန်း အဦးရှိသောမဟာဝဇီရဉာဏ်တော်တည်း။
ထို၏ကား. . အာနာပါနစတုတ္ထစျာန်တည်း။
ထို၏ကား. . ပါရမီ(၁၀)ပါးအပြားသုံးဆယ်၊စွန့်ခြင်းကြီး(၅)ပါး။စရိယာ(၃)ပါးတည်း။
ထို၏ကား. . မဟာအဘိနိဟာရတည်း။
ထို၏ကား. . မဟာကရုဏာတော်တည်း။
ထို၏ကား. . ဒုက္ခိတသတ္တဝါအပေါင်းတည်း။
ဤသို့အောက်သက် ဩရုယှောရုယှအားဖြင့်လည်းကောင်း။
ထိုဒေသနာတော်သည် "န ဘိက္ခဝေ" စသောသိက္ခာပုဒ် ဒေသနာတော်၏နီးစွါသော အကြောင်းတည်း။
ထိုသည်. ရဟန်းတော်တို့ဝါဆိုဝါကပ်ရာကျောင်းကို သိရခြင်း, သိ၍သိက္ခာပုဒ်တော်ကို ကျင့်ကြံလိုက်နာရခြင်းစသောအကျိုးတရားလျှင် နီးစွာသောအကြောင်းတည်း။ဤသို့အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း ပဒဋ္ဌာန်ကိုထုတ်အပ်၏။

ဤသို့စသဖြင့် ဩရုယှောရုယှအားဖြင့်လည်းကောင်း။အာရုယှာရုယှအားဖြင့်လည်းကောင်း ပဒဋ္ဌာန်ကိုစီစစ်အပ်၏။(ဤကားမြတ်စွာဘုရားအတွက်သာ)

**ဆောင်ပုဒ်။** ။**ဒု, ရု ဘိ နိ ပါရမီ၊ စာဂီစရိယ။**
**ဗောဓိမဏ္ဍာင်၊ စတုရင်၊ပေါ်ထင်ဝီရိယ။**
**အာ စတုစျာန်၊ဝဇီဉာဏ်၊ မှတ်ရန်ရှစ်ချက်ပ။**
**မဂ် ဖိုလ်စဉ်မှန်၊ဆင်ခြင်ရန်၊သဗ္ဗဇာနာတိ။**
**ဂုဏ် ဒေသနာ ဝေနေယျာ၊ဟိတာစဉ်တိုင်းသိ။**

**မှတ်ချက်။** ။အခြားသောရဟန္တာ ပုဂ္ဂိုလ်များအတွက်ကား ဝိထိစဉ်အတိုင်းသာ အထက် အောက်ထုတ်ကြရပေမည်။

## ဝါကျစဉ်(၆)

(က) နော စေ လဘတိ၊ဟတ္ထကမ္မံ ပရိယေသိတွာပိ ကာတဗ္ဗံ။
(ခ) ဟတ္ထကမ္မံ အလဘန္တေန သာမမ္ပိ ကာတဗ္ဗံ။
(ဂ) န တွေဝ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗံ။
(ဃ) အယမနုဓမ္မတာ။
(င) တသ္မာ တေ ဘိက္ခူ တိဏကုဋိယော ကရိတွာ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာဒီနိ ပရိစ္ဆိန္ဒိတွာ ကတိကဝတ္တာနိ စ, ခန္ဓကဝတ္တာနိ စ အဓိဋ္ဌာယ တီသု သိက္ခာသု သိက္ခမာနာ ဝဿံ ဥပဂစ္ဆိံသု။
(စ) **အာယသ္မာပိ ဓနိယောတိ နကေဝလံ တေ ထေရာဝ ဣမဿ သိက္ခာပဒဿ အာဒိကမ္မိကော အာယသ္မာဓနိယောပိ။** (ဝိဋ္ဌ၊၁။၂၄၈။)

http://www.dhammadownload.com



## နံပါတ်(၁)

(က)ဝါကျ၌ လဘတိ-၏ကံ -သေနာသနံ။

ဟတ္ထကမ္မံ၊လက်ဖြင့်ပြုထိုက်သောအမှုကို။(သဒ္ဒတ္ထ)ဝါ-ဟတ္ထကမ်ကို။(ဝေါဟာရတ္ထ) ဟတ္ထေန ကတ္တဗ္ဗံ ကမ္မံ ဟတ္ထကမ္မံ။(မဇ္ဈူ)

(ဃ)အနုဓမ္မတာ၊လောကုတ္တရာတရားအားလျော်သော ကျင့်ဝတ်တည်း။

(င)တသ္မာ၊ထိုသို့ကျောင်းမရှိသောရဟန်းသည် ဝါသို့မကပ်ရောက်ထိုက်သည်၏အဖြစ်ကြောင့်။

ကတိကဝတ္တာနိစ၊ပြုခြင်းဖြင့်ဖြစ်ကုန်သော ကျင့်ဝတ်တို့ကိုလည်းကောင်း။(သဒ္ဒတ္ထ)ဝါ-အိပ်ခြင်း၌မွေ့လျော်စေခြင်းစသည်ကိုပယ်၍ အခါခပ်သိမ်းမမေ့မလျော့ခြင်းတို့ဖြင့် ဖြစ်ထိုက်ခြင်းစသောကတိကဝတ်တို့ကိုလည်းကောင်း။(အဓိပ္ပါယတ္ထ)

**ကတိကဝတ္တန္တိ ကရဏံ ကတံ ၊ ကတေန ပဝတ္တံ ကတိတံ၊တမေဝ ဝတ္တံ ကတိကဝတ္တံ။ (ပါစိတ် ယောဇနာ၊၃၈၅။)**

**ကတိကဝတ္တာနီတိ ဘဿာရာမတာဒိံ ဝိဟာယ သဗ္ဗဒါ အပ္ပမတ္တေဟိ ဘဝိတဗ္ဗန္တိ အာဒိ ကတိကဝတ္တာနိ။**

## နံပါတ်(၂)

**(ခ)ဝါကျသို့ ဗျတိရေကစောဒနာ. . .**

ဆရာ၊ဆရာသည် (က)ဖြင့် ကျောင်းမရသောဝါဆိုရဟန်းသည် ဟတ္ထကမ်ကိုရှာ၍လည်း ဝါဆိုကျောင်းကိုဆောက်လုပ်အပ်၏-ဟု ဖွင့်ပြအပ်၏။အကယ်၍ဟတ္ထကမ်ကိုရှာ၍လည်း ဆောက်လုပ်အပ်၏ဟုဆိုငြားအံ့ ယင်းသို့ဆိုသော် ဟတ္ထကမ်ကိုမရအံ့ အဘယ်သို့ပြုလုပ်အပ်ပါသနည်း။အချင်းခပ်သိမ်း ဝါဆိုကျောင်းကို မဆောက်လုပ်အပ်ဟူ၍ မှတ်သားအပ်ပါသလော-စုဒ်ကြောင့် (ခ)မိန့်။

**(ဂ)ဝါကျသို့ စောဒနာ. . .**

ဆရာ၊ဆရာသည် (ခ)ဖြင့် ဟတ္ထကမ်ကိုမရသောရဟန်းသည် ကိုယ်တိုင်လည်း ဝါဆိုကျောင်းကို ဆောက်လုပ်အပ်၏ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် ဟတ္ထကမ်ကိုမရသောရဟန်းသည် ကိုယ်တိုင်လည်းကျောင်းဆောက်လုပ်အပ်ပါသနည်း။ကျောင်းမဆောက်မူ၍လည်း ဝါဆိုဝါကပ်အကျင့်မြတ်ကို ဖြည့်ကျင့်ကောင်းရာသည်မဟုတ်ပါလော-စုဒ်ကြောင့် (ဂ)မိန့်။

**မှတ်ချက်။** ။ကာရဏာကြံထားသည်ကို ဂရုစိုက်လေ။

**(ဃ)ဝါကျသို့ စောဒနာ. . .**

ဆရာ၊ဆရာသည်.(ဂ)ဝါကျဖြင့် ကျောင်းမရှိသောရဟန်းသည် ဝါမကပ်ထိုက်ဟု ဖွင့်ပြတော်မူအပ်၏။အဘယ်ကြောင့် ကျောင်းမရှိသောရဟန်းသည် ဝါမကပ်ထိုက်ပါသနည်း။ကျောင်းမရှိသောရဟန်းအား လှေ-စသည်တို့ကိုကြည့်၍ အခြားအရပ်၌ အာလယမျှဖြင့် ဝါကပ်ခြင်းငှါ သင့်သည်မဟုတ်ပါလော-စုဒ်ကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား။** ။ကျောင်းကိုဆောက်လုပ်၍ ဝါကပ်ခြင်းသည် လောကုတ္တရာတရား

http://www.dhammadownload.com



ကိုးပါးအားလျော်သောကြောင့် ကျောင်းမရှိသောရဟန်းသည် ဝါမကပ်ထိုက်-ဟူလို။

## နံပါတ် (၃)

(ခ)ဝါကျသည် ကိုယ်တိုင်လည်း ဝါဆိုကျောင်းဆောက်လုပ်သင့်ပုံကို ဆက်၍ပြသောကြောင့် ဝါကျာရမ္ဘ-ဝါကျ။

(ဂ)ဝါကျသည် ဝါဆိုကျောင်းဆောက်လုပ်ရခြင်း၏ အကြောင်းကို ပြသော ကြောင့် ကာရဏဝါကျ။

(ဃ)နိဂုမ်းဝါကျ၊(တစ်နည်း)ကျောင်းမရှိသောရဟန်း၏ ဝါမကပ်ရခြင်း အကြောင်းကိုပြသောကြောင့် ကာရဏဝါကျ။

(င)လဒ္ဓဂုဏဝါကျ။(စ)ပက္ခန္တရဝါကျ။

**စာစပ်။** ။(င)အဓိဋ္ဌာယကား-၍-ဟူ၍အနက်ပေးသောကြောင့် ဥပဂစ္ဆိသု-၌ သမာန ကာလကြိယာဝိသေသန၊ဥပဂစ္ဆိသုကား သမာနကာလကြိယာဝိသေသျ။

## နံပါတ် (၄)

**ဟတ္ထကမ္မံ။** ။ဟတ္ထေန ကတ္တဗ္ဗံ ကမ္မံ ဟတ္ထကမ္မံ။
ဟတ္ထ-အရ လက်ဘည်းမှုချ။ထို-၏ လက်သမားအမှုနှင့် နိဿယ+နိဿိတစပ်-ဌာနူပစာ။ပုဒ်လုံးအရ ထို-သော လက်ဖြင့်ပြုထိုက်သော အမှုရ၏။

**အနုဓမ္မတာ။** ။**အနုရူပေါ ဓမ္မော အနုဓမ္မော။**
**(တစ်နည်း)ဓမ္မဿ အနုရူပေါ အနုဓမ္မော။**
**အနုဓမ္မောယေဝ အနုဓမ္မတာ။**
ဓမ္မ-အရ လောကုတ္တရာတရားကိုးပါးသည် မုချ။ ထို-၏ လျော်သော ကျင့်ဝတ်နှင့် ဝိသေသန+ဝိသေသျစပ်-ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော လောကုတ္တရာတရားကိုးပါးအားလျော်သော ကျင့်ဝတ်ရ၏။

**ဝတ္တံ။** ။**အနုဓမ္မတာတိ ဝတ္တံ။(သာရတ္ထ၊၂။၁၁၅)**
**အယမနု ဓမ္မတာတိ သာမီစိ ဝတ္တံ။(ဝိမတိ၊၁။၁၆၃)**

**ရတ္တိဋ္ဌာနာနိ။** ။**ရတ္တိံ ဝသနာနိ ဌာနာနိ ရတ္တိဋ္ဌာနာနိ။**

**ဒိဝါဋ္ဌာနာနိ။** ။**ဒိဝါ ဝသနာနိ ဌာနာနိ ဒိဝါဋ္ဌာနာနိ။**

**ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာဒီနိ။** ။**ရတ္တိဋ္ဌာနာနိ စ ဒိဝါဋ္ဌာနာနိ စ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာနိ။**
**ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာနိ အာဒယော ဧတေသန္တိ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာဒီနိ။**
ရတ္တိဋ္ဌာနဒိဝါဋ္ဌာန+အာဒိ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ - ညဉ့်နေရာ, နေ့နေရာဟူသော အစသည် မုချ။ ထို-၏ ဧတ-အရ ဝစ္စကုဋိ,ပဿာဝဋ္ဌာန စသည်တို့နှင့် အာဒိ+အာဒိဝန္တ စပ် ဌာနူပစာ။ ဧတ-အညပုဒ်အရ ထို-သော ရတ္တိဋ္ဌာန,ဒိဝါဋ္ဌာနအစရှိသော ဝစ္စကုဋိ,ပဿာဝဋ္ဌာနတို့ရ၏။

http://www.dhammadownload.com



**ကတိကဝတ္တာနိ။** ။ကတိယာ ကာတဗ္ဗာနိ ကတိကာနိ။
**ကတိကာနိ စ တာနိ ဝတ္တာနိစာတိ ကတိကဝတ္တာနိ။**
ကတိက-အရ ပိုင်းခြားသတ်မှတ်ခြင်းဖြင့် ပြုကျင့်အပ်သည်၏အဖြစ်ဟူသောဂုဏ်သည် မုချ။ထို-၏ ကျင့်ဝတ်နှင့် ဂုဏ်-ဂုဏော စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ပိုင်းခြားသတ်မှတ်ခြင်းဖြင့် ပြုကျင့်အပ်သော ကျင့်ဝတ်တို့ရ၏။

**ခန္ဓကဝတ္တာနိ။** ။ခန္ဓကေ အာဂတဝတ္တာနိ ခန္ဓကဝတ္တာနိ။
**အာဒိကမ္မိကော။** ။အာဒိကမ္မေ နိယုတ္တော အာဒိကမ္မိကော။
အာဒိကမ္မ-ပုဒ်အရ ဒုတိယပါရာဇိက ခိုးမှုသည် မုချ။ထို-၏ ဣက ပစ္စည်းအရ ထိုအမှု၌ယှဉ်သော အရှင်ဓနိယနှင့် နိဿယ-နိဿိတ စပ်ဌာနူပစာ။ ဣက-ပစ္စည်းအရ ထို-သော အစဖြစ်သော ဒုတိယပါရာဇိကခိုးမှု၌ ယှဉ်သော အရှင်ဓနိယရ၏။

## နံပါတ်(၅)

| | |
|---|---|
| ရတ္တိ။ | ။ရာ+တိ။(တစ်နည်း)ရန္ဇ+တိ။(ရဉ္စတ္တ တေ္တာတိ ရတ္တိ။) |
| ဒိဝါ။ | ။အာကာရန္တ နိပါတ်ပုဒ်။(တစ်နည်း)အာကာရန္တ ပုံလိင်။ (တစ်နည်း) ဒိဝု+အ+အာ။ |
| ကတိက။ | ။ကတိ+ဣက။ |
| ဝတ္တ။ | ။ဝတု+တ။(တစ်နည်း)ဝတ္တ+အ။ |
| သိက္ခာ။ | ။သိက္ခ+အ။ |
| ထေရ။ | ။ထိရ+ဏ။(တစ်နည်း)ဓာ+ဣရ။ |
| အာဒိ။ | ။အာ+ဒါ+ဣ။ ပုံလိင်။ |
| ဟတ္ထ။ | ။ဟရ+တ(တစ်နည်း)ဟသ+ထ။ |

## နံပါတ်(၆)

(စ)အာယသ္မာ ဓနိယောပိဖြင့် အပိဥပသာရကိုအာယသ္မာသဒ္ဒါနှင့်စပ်၍ အနက်မပေးအပ်၊ဓနိယသဒ္ဒါနှင့်စပ်အနက်သမွန်အပ်သည်ကို သိစေ။(သမ္ဗန္ဓသံဝဏ္ဏနာ)

ဣမဿ။ပ။အာဒိကမ္မိကော-ဖြင့် အရှင်ဓနိယအရ-ဤဒုတိယပါရာဇိကသိက္ခာပုဒ်ကို အစစွာလွန်ကြူးသော အရှင်ဓနိယကို ယူအပ်သည်ကိုသိစေ။(သရုပ်ကြားအဘိဓေယျတ္ထ။တစ်နည်း. ဘာဝတ္ထဖော်ပါ။)

နကေဝလံ တေ ထေရာဝဖြင့် အပိသဒ္ဒါ၏ သမုစ္စယတ္ထတ္တ ကိုသိစေပါသည်။
(ဥပသဂ္ဂလိင်တ္ထ။)

## နံပါတ်(၇)

ဒိဝါဌာန/ဒိဝဌာန. . .
ဒိဝါသဒ္ဒါသည် နေ့ရက်ဟော အာကာရန္တ နိပါတ်ဖြစ်၍ ဒိဝါသေယျာ ပုဒ်ကဲ့သို့

http://www.dhammadownload.com



သမာသ်အလယ် ရဿမပြုနိုင်ကောင်းသောကြောင့် ဒီဃဖြင့် ဒိဝါဋ္ဌာနပါဌ်သာသင့်။
*** ဒိဝါသဒ္ဒေါ အဟဝါစ သော အာကာရန္တော နိပါတော ဒိဝါကာလသ္မိံ သေယျာ။**
**(ဝိနယာလင်္ကာရဋီကာ၊၁။၁၁)**

**ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာဒီနိ/ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာနိ. . .**

**ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာဒီနိတိ အာဒိသဒ္ဒေန ဝစ္စကုဋိ,ပဿာဝဋ္ဌာနာဒီ သင်္ဂဏှာ** တိ-ဟု သာရတ္ထ၌ဖွင့်ဆိုသောကြောင့် အာဒိဖြင့်ရှိသော ရတ္တိဋ္ဌာနဒိဝါဋ္ဌာနာဒီနိ-ပါဌ် သာသင့်။

## နံပါတ် (၉)

**အသေနာသနိကေဋ္ဌ သေနာသနံ** ။အပေါင်းဖြစ်သော ဝိဟာရ,နာဝါ,သတ္ထ, ဝဇ သေနာသန လေးမျိုးတို့၏အမည်ကို အစိတ်ဖြစ်သော ဝိဟာရသေနာသန-၌တင် ဧကဒေသျူပစာ၊ရုဠှီနည်း။

**စတူသု ဟိ သေနာသနေသု ဝိဟာရသေနာသနံ ဣဓာဓိပ္ပေတံ၊န ဣတရတ္တ ယံ ။ (ဝိ ၊ ဋီ ၊ ၁ ။ ၄၀၅)**

**ဟတ္ထကမ္မ။** ။ဋ္ဌာနဖြစ်သော လက်ဖြင့်ပြုအပ်သောအမှု၏ ဟတ္ထကမ္မ အမည်ကို ဋ္ဌာနီဖြစ်သော ဟတ္ထကမ်ကိုပြုခြင်းကြိယာ၌တင် ဋ္ဌာနူပစာ၊နာနန္တရိကနည်း။

(တစ်နည်း)ဋ္ဌာနီဖြစ်သော ဟတ္ထကမ်အမည်ကို ဋ္ဌာနဖြစ်သော လက်သမား၌ တင် ဋ္ဌာနျူပစာ၊အဝိနာဘာဝနည်း။

**ဟတ္ထကမ္မန္တိ ဟတ္ထကြိယံ၊ဟတ္ထကမ္မဿ ကာရဏန္တိ ဝုတ္တံ။**(သီ၊ဋီ၊သစ်၊၁။၇၂)

**ကတိကဝတ္တာနိ။** ။အပေါင်းဖြစ်သော ဓမ္မိကကတိကဝတ်,အဓမ္မိက ကတိကဝတ်တို့၏အမည်ကို အစိတ်ဖြစ်သော အဓမ္မိကကတိကဝတ်၌တင် ဧကဒေသျူ ပစာ၊ ရုဠှီနည်း။ (ဂဏ္ဌိ)။

## နံပါတ် (၁၀)

တီသု သိက္ခာသု သိက္ခမာနာ-၌ ပဒဋ္ဌာနာဟာရ နေတ္တိထုတ်ပုံ. . .
သဒ္ဓါ, ဝီရိယပြဋ္ဌာန်းသော, ကုသိုလ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို အရကောက်-
ထို-၏ပဒဋ္ဌာန်ကား- ယောနိသောမနသိကာရ။
ထို-၏-ကား သဒ္ဓမ္မဿဝန။
ထို-၏-ကား နဝံမက္ခဏ။(အကုသိုလ်အဋ္ဌက္ခဏ)
ထို-၏-ကား သပ္ပုရိသူပနိဿယ။(ဗာလူပသေဝန)
ထို-၏-ကား အတ္တသမ္မာပဏိဓိ။
ထို-၏-ကား ပဋိရူပဒေသဝါသ။
ထို-၏-ကား ပုဗ္ဗေကတပုညတာတည်း။
ထို-သည် သဒ္ဓါရတည်း။
ထို-၏-ကား အဝိဇ္ဇာတည်း။

http://www.dhammadownload.com



ထို-၏-ကား တဏှာတည်း။
ထို-၏-ကား ဇရာ မရဏတည်း။
ထို-၏-ကား ဇာတိတည်း။
ထို-၏-ကား ဘဝတည်း။
ဤသို့ အောက်သက် ဩရမ္ဘာဂိယအားဖြင့်လည်းကောင်း။
ထို-သည် ရဟန်းသီလပြည့်စုံရခြင်းအကျိုး၊သီလတို့ပြည့်စုံသဖြင့် အဝိပ္ပဋိသာရ ဖြစ်ခြင်းအကျိုး၏ နီးစွာသောအကြောင်းတည်း။
ထို-သည် ပါမောဇ္ဇဖြစ်ရခြင်းအကျိုး။
ထို-သည် ပီတိဖြစ်ရခြင်းအကျိုး။
ထို-သည် ပဿဒ္ဓိ။
ထို-သည် သုခ။
ထို-သည် သမာဓိ။
ထို-သည် နိဗ္ဗိဒါဉာဏ်။
ထို-သည် ဝိရာဂ။
ထို-သည် ဝိမုတ္တိ။
ထို-သည် ဝိမုတ္တိဉာဏဒဿန။
ထို-သည် အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ခြင်းအကျိုးလျှင် နီးစွာသောအကြောင်းရှိ၏။
ဤသို့ အထက်တက် အာရမ္ဘာဂိယအားဖြင့်လည်းကောင်း ပဒဋ္ဌာန်ကို စိစစ်ရ၏။

မှတ်ချက်။ ။ကုသိုလ်ကောက်ရာ၌ ဩရမ္ဘာဂိယ၊အာရမ္ဘာဂိယတို့ကို အထက်ပါနည်းအတိုင်း ပုံသေထုတ်ရမည်။သီလသိက္ခာကိုကောက်ရာ၌ အထက်ပါနည်းအတိုင်း ထုတ်လို့ရကောင်းသော်လည်း၊ ဒါနကုသိုလ်ကိုထုတ်ရာတွင် ဩရမ္ဘာဂိယအထူးမရှိ၊ အာရမ္ဘာဂိယ၌ ဒါန၏အကျိုးဖြစ်သော ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ တို့ကို ထင်ရှားအောင်ထုတ်ရမည်။ လူတို့၏ ပဉ္စသီလကိုကောက်ရာတွင် သက်ဆိုင်ရာသီလ၏အကျိုးတရားတို့ကို အာရမ္ဘာဂိယထုတ်ရမည်။အကုသိုလ်တရားများ ဩရမ္ဘာဂိယကို ကုသိုလ်မှပြန်သောအားဖြင့်သိရမည်။

| ကုသိုလ်. . | အကုသိုလ်. . |
|---|---|
| ယောနိသောမနသိကာရ. . | အယောနိသောမနသိကာရ. . |
| သဒ္ဓမ္မဿဝန. . | အသဒ္ဓဿဝန. . |
| နဝမကမ္မဏ. . | အဋ္ဌကမ္မဏ. . |
| သပ္ပုရိသူပနိဿယ. . | ဗာလူပသေဝန. . |
| အတ္တသမ္မာပဏိဓိ. . | မိစ္ဆာပဏိဓိ. . |
| ပဋိရူပဒေသဝါသ. . | အပ္ပဋိရူပဒေသဝါသ. . |
| ပုဗ္ဗေကတပုညတာ. . | ပုဗ္ဗေအကတပုညတာ. . |

♥♥♥♥♥♥♥

http://www.dhammadownload.com



## ဝါကျစဉ် (၇)

(က) ကုမ္ဘကာရပုတ္တောတိ ကုမ္ဘကာရဿ ပုတ္တော။
(ခ) တဿ ဟိ နာမံ ဓနိယော။ပိတာ ကုမ္ဘကာရော။
(ဂ) တေန ဝုတ္တံ "ဓနိယော ကုမ္ဘကာရပုတ္တော" တိ။
(ဃ) ဝဿံ ဥပဂစ္ဆိတိ တေဟိ ထေရေဟိ သဒ္ဓိံ ဧကေဒ္ဓာနေယေဝ တိဏကုဋိ ကံ ကရိတွာ ဝဿံ ဥပဂစ္ဆိ။
(င) ဝဿံ ဝုတ္ထာတိ ပုရိမိကာယ ဥပဂတာယ၊မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ "ဝုတ္ထ ဝဿာ"တိ ဝုစ္စန္တိ ။
(စ) ဇဝံ ဝဿံ ဝုတ္ထာ ဟုတွာ။ (ဝိ၊ဋ္ဌ၊၁။၂၄၈/၉။)

## နံပါတ် (၁)

(ခ)ဝါကျကို ဝါကျပရိဝတ္တနကြံ၍ အနက်သမ္ဘန်ပါ။

(င)ပုရိမိကာယ-ရှေ့ဖြစ်သောဝါ၌ (သဒ္ဒတ္ထ)၊(ဝါ) ပုရိမဝါ၌(ဝေါဟာရတ္ထ) (ဝါ) ဝါဆိုလပြည့်ကျော်တစ်ရက်နေ့၌ ဆိုအပ်သောဝါ၌ (အဓိပ္ပါယတ္ထ)။

မဟာပဝါရဏာ-မဟာပဝါရဏာနေ့၌(ဝေါဟာရတ္ထ)၊(ဝါ)ဒိဋ္ဌ,သုတ,ပရိသင်္ကာ ဖိတ်မန်ရာနေ့၌(သဒ္ဒတ္ထ)၊(ဝါ)သီတင်းကျွတ်လပြည့်နေ့၌(သရူပတ္ထ)။

ပါဋိပဒဒိဝသတော-လကုန်ခြင်းသို့လည်းကောင်း,တိုးပွားခြင်းသို့လည်းကောင်း ရောက်ရာဖြစ်သောရက်မှ။(သဒ္ဒတ္ထ)ဝါ-အထွက်တစ်ရက်နေ့မှ။ ဝါ-သီတင်းကျွတ်လ ပြည့်ကျော်တစ်ရက်နေ့မှ။

***ပဋိပဒ္ဓတေ စန္ဒော ခယံ, ဥဒယံ ဝါ ယဿန္တိ ပဋိပဒေါ။ ဓာန်၊ဋီ၊၇၂။ဂါထာ။**

## နံပါတ်(၂)

**(ခ)သို့ စောဒနာ။** ။ဆရာ၊ဆရာသည်၊(က)ဖြင့် ကုမ္ဘကာရပုတ္တောကို ကုမ္ဘကာရဿ ပုတ္တော ကုမ္ဘကာရပုတ္တော ဟုဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထကို ဖွင့်ပြ တော်မူအပ်၏။ ထိုစကားအသို့လျှင်သင့်နိုင်ပါအံ့နည်း။ ကုမ္ဘကာရောစ သော ပုတ္တော စာတိ ကုမ္ဘကာရပုတ္တော. ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထလည်းပြုသင့်သည်မဟုတ် လော၊ဤသို့ စုဒ်ကြောင့် (ခ)ဝါကျမိန့်။

**ကား။** ။ကမ္မဓာရည်းသမာသ် ဝစနတ္ထမပြုအပ်၊ထိုအရှင်၏အမည်သည် အရှင်ဓနိယ၊ အဖသည် အိုးထိန်းသည် ဖြစ်ရကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထသာ ပြုအပ်၏- ငါဆိုသောစကား သင့်၏. . ဟူလိုသော်။(ဂဏ္ဌိ)

**(ဃ) ဝါကျသို့ လီနတ္ထရစောဒနာ။** ။ဆရာ ပါဠိတော်၌ သင်္ဂါယနာ တင်မထေရ်တို့သည် ဝဿံ ဥပဂစ္ဆိ-ဟု မိန့်ဆိုတော်မူအပ်၏။ အရှင်ဓနိယသည် တစ် ပါးတည်းသာ အခြားနေရာ၌ မြက်မိုးကျောင်းကိုဆောက်၍ ဝါဆိုပါသလော။ အဘယ် သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**(စ)အနုသန္ဓေ။** ။ဤသို့ (င)ဝါကျဖြင့် ပုရိမဝါသို့ကပ်ရောက်၍မဟာ

http://www.dhammadownload.com



ပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသော ရဟန်းတို့ကို အထွက်တစ်ရက်နေ့မှစ၍ ဝုတ္ထဝဿ ဆိုအပ်သည်ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ ယင်းဝုတ္ထဝဿပုဒ်သည် တေဘိက္ခူဟူသော ဝိသေသျပုဒ်၏နောက်၌ကျရောက်သော ဝိသေသနပုဒ်ဖြစ်ရကား ယင်း၏စပ်ရာပုဒ် ပျောက်နေ၍ စပ်ရာပုဒ်နှင့်တကွပြတော်မူလိုသော အဋ္ဌကထာဆရာသည် (စ) ဝါကျကိုမိန့်။ (အထ ခေါ တေ ဘိက္ခူ ဝဿံ ဝုတ္ထာ-ပါဠိတော်)

**နိယံ။ ။ဝိသေသန၊နောက်ဝယ်ကျကား၊မထင်ရှား၊ကျေငြား ဟုတွာ၊ဟုတွာ ကျေက၊ထင်စွာပြ၊ဟိတ်ရလက္ခဏာ။**

## နံပါတ်(၃)

(ခ) ဒဠှီကရဏဝါကျ။ဆဋ္ဌီတပ္ပုရိသ် သမာသ်ဆိုရခြင်းအကြောင်းယုတ္တိကိုပြ။

(ဂ) လဒ္ဓဂုဏဝါကျ။ (ဃ)ပက္ခန္တရဝါကျ။

(င)ပက္ခန္တရဝါကျ။ (စ) ဝါကျာရမ္ဘဝါကျ။

**စာစပ်။** ။ဟုတွာ-ကား ၍-ဟူ၍အနက်ပေးသောကြောင့်၊ဘိန္ဒိတွာ. ၌ ပုဗ္ဗကာလ ကြိယာဝိသေသန၊ဘိန္ဒိတွာကား. ပုဗ္ဗကာလကြိယာဝိသေသျ စပ်. ။

*** ဟုတွာတိ ပဒံ ဘိန္ဒိတွာတိ ပဒေ ပုဗ္ဗကာလကြိယာ။ (ယောဇနာ)**

## နံပါတ် (၄)

**ဘုမ္မာ။** ။ **ကာမီယတီတိ ကုမ္ဘော။(ကမု+ဘ)**

ကမုဓာတ်အရ ကတ္တုဒြကြိယာကား-အလိုရှိတတ်သောပုဂ္ဂိုလ်၏ လောဘပြ-ဒ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဒြကြိယာကား-အိုး၏အာရမ္မဏပစ္စယသတ္တိသည် ဖလူ။တ. ပစ္စည်းအရကား-ထို. . သော အိုးရ၏။

**ပုတ္တာ။** ။**ပေါသီယတေတိ ပုတ္တော။(ပုသ+တက်။ မောဂ်၊၇။)**

ကုသဓာတ်အရ ကတ္တုဒြကြိယာကား-မွေးမြူတတ်သော မိဘတို့၏ မေတ္တာဘရဏာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည်။ဝါ-ဂေဟဿိတပေမပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် မုချ။ကမ္မဒြ ကြိယာကား-သား၏အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဘက် ပစ္စည်းအရကား-ထို. သော သားဒြပ်ရ၏။

**နိယ။** ။**ဓနံ အဿ အတ္ထီတိ ဓနိယော။**

**ကေဋ္ဌာန။** ။**ကေ၊ စ တံ ဌာနဉ္စာတိ ကေဋ္ဌာနံ။**

ကေ. ဟူသောဝိသေသနပုဒ်အရ-တစ်သချာသည်မုချ။ ထို၏ ဌာနနှင့် သချာ+ ခြေချေယျအဖြစ်ဖြင့်စပ်ခြင်းသည် ဌာနူပစာအားဖြင့်ရ၏။ပုဒ်လုံးအရ-ထို. သော တစ်ခုသာဌာနရ၏။

**ရိမိကာ။** ။**ပုရေ ဇာတာ ပုရိမာ။ ပုရိမာယေဝ ပုရိမိကာ။**

ပုရ ဟူသောတဒ္ဓိတ်ပုဒ်အရ-ရှေ့ကာလသည်မုချ။ ထို. ၏ဖြစ်သော(ဆိုသော) ါနှင့် ကာလ+ကာလဝန္တအစပ်သမ္ဗန်သည် ဌာနူပစာ။က္ကမ ပစ္စည်းအရ-ပုရိမဝါရ၏။

http://www.dhammadownload.com



(သွတ္တ-တဒ္ဓိတ်ဆက်ကောက်)

ပါဋိပဒဒိဝသ။ ။ပဋိပဇ္ဇတေ စန္ဒော ခယံ ဥဒယံ ဝါ ယဿန္တိ ပါဋိပဒေါ။
ဒိဗ္ဗန္တိ ကီဠန္တိ အသ္မိန္တိ ဒိဝသော။
ပါဋ္ဋပဒေါ စသော ဒိဝသော စာတိ ပါဋိပဒဒိဝသော။

## နံပါတ်(၅)

ကုမ္ဘာ။ ။ကမု+ဘ။(တစ်နည်း)ကု သဒ္ဒူပပဒ+ဥဘိ+(ဥမ္ဘ)+အ။(ကေနဇလေန ဥမ္ဘီယတီ ပူရီယတီတိ ဝါ ကုမ္ဘော။)(တစ်နည်း)ကု+ဘူ+အ။(ကုယာ ပထဝိယာ ဘဝတီတိဝါ ကုမ္ဘော။(တစ်နည်း)ကု+ဘဏ+အ။(ကေန အဂ္ဂိနာ ဘဏတီတိဝါ ကုမ္ဘော)ဏ လောပေါ။

ပိတာ။ ။ပါ+ရိတု။(ပါတိ ရက္ခတီတိ ပိတာ)

ပုတ္တ။ ။ပု+တ။အတ္တနော ကုလံ ပုနာတိ သောဓေတီတိ ပုတ္တော။(တစ်နည်း) ပူရ+တ။(တစ်နည်း)ပူ+တ။

မဟာ။ ။မဟ+အန္တ။(မဟီယတေ ပူဇီယတေတိ မဟာ)

ပဝါရိတ။ ။ပ+ဝရ+တ။

## နံပါတ် (၆)

(က)တေဟိ ထေရေဟိ-စသည်ဖြင့် အရှင်ဓနိယသည် တစ်ပါးတည်းဝါကပ်သည်မဟုတ် ၊အခြားမထေရ်တို့နှင့်အတူ တစ်ခုတည်းသောနေရာ၌ ဝါကပ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။(ဘာဝတ္ထ)

တိဏကုဋိကံ ကရိတွာ-ဖြင့် ဝါကပ်ရာကျောင်းကို သိစေသည်။(ဘာဝတ္ထ)

(င)ပုရိမိကာယ ဥပဂတာ။ပ။ဝုဋ္ဌဝဿာ-ဖြင့် ဝဿံဝုတ္ထ-အရ ပုရိမဝါကပ်ပြီး၍ မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသောရဟန်းတို့ကို မုချအားဖြင့် အထွက်တစ်ရက်နေ့မှစ၍ ဝဿံဝုတ္ထာ-အရ ကောက်ယူအပ်သည်ကို သိစေသည်။

**နိပ္ပရိယာယတော မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ "ဝုတ္ထဝဿာ"တိ ဝုစ္စန္တိ ဒဿေတုံ "မဟာပဝါရဏာယ ပဝါရိတာ"တိ အာဒိ ဝုတ္တံ။**

(သာရတ္ထ၊၂။၁၁၆)

(တစ်နည်း) ဘာဝတ္ထဖော်လေ။

ဝုတ္ထဝဿာ-ဖြင့် ဝဿံဝုတ္ထာ၌ ဝုတ္ထဝယ် ဝသဓာတ်+တပစ္စည်း ယင်းတပစ္စည်း၏ အတိတ်ကာလ္လသာဓနအနက်၌သက်၍၊ဝသိံသူတိ ဝုတ္ထာ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ဝဿံ ဝုတ္ထာ ဝဿံဝုတ္ထာ-ဟု အလုတ္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊မိုးလပတ်လုံးနေပြီးကုန်သော ဝါရှိသောရဟန်းတို့ ပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

(စ)ဟုတွာ-ဖြင့် ဝဿံဝုတ္ထာ၏ စပ်ရမည့်ပုဒ်ကို သိစေသည်။(သမ္ဗန္ဓ)

http://www.dhammadownload.com



## နံပါတ် (၇)

**ဝဿံဝုတ္ထာ/ဝဿံဝုဋ္ဌာ. . .**

ဝသ-ဓာတ်+တ-ပစ္စည်း၊ဝသ-နိဝါသေ ၊ ဝဿံ ဝုတ္ထော(ရူပသိဒ္ဓိ၊၃၇၅)သုတ်၌ဆိုသောကြောင့် ထိုအလို ဝဿံဝုတ္ထာ-ဟု ဒန္တဇ ထ-အက္ခရာဖြင့်ရှိသောပါဌ်သင့်။ မောဂ္ဂလာန်နိဿယ-၌ သာသဒိသတော တဿ ရိဋ္ဌော၊သာဒိ သန္တ ပုစ္ဆ ဘန္စ ဟံသာဒီ ဟိ ဋ္ဌော-ဟူသော သုတ်တို့နောင် ဝသတော ဥဋ္ဌ-သုတ်ကို ဆက်၍တည်သောကြောင့်လည်းကောင်း၊ဝ-၏ အ-ကို ဥပြု၍ ဝုဋ္ဌော၊ပရိဝုဋ္ဌော-ဟု ပါဠိဂတိရှိသောကြောင်လည်းကောင်း မုဒ္ဓဇ ဋ-အက္ခရာဖြင့်ရှိသော ဝဿံဝုဋ္ဌော-ပါဌ်လည်းသင့်။

**ပဝါရိတာ/ပဝါရိတွာ/ပဝါရေတွာ. . .**

ပရိမိကာယ ဥပဂတာ-ဟု ဝိသေသန ပဌမန္တဖြင့် ရှိသကဲ့သို့ ဤ၌လည်း ပဝါရိတာ-ဟု ဝိသေသန ပဌမန္တသာ ရှိသင့်သောကြောင့်လည်းကောင်း၊တွာ-ပစ္စယန္တရှိလျှင် ဝိသေသန၊ဝိသေသျဆန့်ကျင်သောကြောင့်လည်းကောင်း၊ပဝါရဏာပြုပြီးမှ ဝါကျွတ်သည်မဟုတ် အန္တရာယ်ရှိ၍ ပဝါရဏာမပြုလျှဲင်လည်း အထွက်တစ်ရက်နေ့၌ ဝါကျွတ်သည်သာ ဤသို့မဟုတ်ဘဲ ပဝါရဏာမပြုလျှင် ဝါမကျွတ်ဟူသော အလိုမရှိအပ်သောအနက် ရောက်ရာသောကြောင့်လည်းကောင်း ပဝါရိတာပါဌ်သာ သင့်ပါသည်။(ဘာ-ဋီ၌ ပဝါရေတွာ-ဟုရှိ၏)

## နံပါတ် (၈)

**ဝဿံ ဥပဂစ္ဆိ။** ။အပေါင်းဖြစ်သော မိုးလေးလ၏ ဝဿ-အမည်ကို အစိတ်ဖြစ်သော ဝါတွင်းသုံးလ၌တင် ဧကဒေသျူပစာ၊ရုဠှီနည်း။

**မှတ်ချက်။** ။ဝဿံ-မိုးလပတ်လုံး၊ဥပဂစ္ဆိ-ကပ်ရောက်ပြီ ဟူသော အနက်ကြံ၍ ဥပစာတင်လေ။

**ဝဿံ ဝုတ္ထာ။** ။(မဟာပဝါရဏာယ ပဝါရိတာ)

အစိတ်ဖြစ်သော မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသော ရဟန်းတို့၏ ဝဿံဝုတ္ထ-အမည်ကို အပေါင်းဖြစ်သော မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသော ရဟန်း ,အန္တရာယ်ရှိ၍ဖြင့် ပဝါရဏာမပြုရသောရဟန်း၌လည်းတင် ဧကဒေသူပစာ၊ ဥပလက္ခဏနည်း။

(တစ်နည်း) အနီးရှိသော အထွက်တစ်ရက်နေ့၏ ဝဿံဝုတ္ထ-အမည်ကို အနီးဖြစ်သော မဟာပဝါရဏာနေ့၌တင် သမီပူပစာ။

**မှတ်ချက်။** ။မဟာပဝါရဏာယ ပဝါရိတာ-ကိုကြည့်၍တင်သည်။

**ပါဠိပဒဒိဝသတော။** ။ဌာနဖြစ်သော အထွက်တစ်ရက် တစ်နေ့လုံး၏ အမည်ကို ဌာနီဖြစ်သော ထိုတစ်နေ့လုံးကိုမှီသော အရုဏ်၌တင် ဌာနူပစာ၊နာနန္တရိကနည်း။

တဿ ယော အရုဏော ၊ သော ဥပ္ပန္နဒိဝသနိဿိတော။(ဝိ၊၅၂။၂၂၂)

http://www.dhammadownload.com



(တစ်နည်း) ကေဒေသျှုပစာတင်ပါ။

ဝါကျွတ်ချိန်ဟုဆိုက ပြီးကောင်းလျက် ပါဠိပဒဒိဝသံတော-ဟု အလွန်အကဲဆိုသောကြောင့် ဥက္ကဋ္ဌ-နည်း (ဝဇိရဗုဒ္ဓိ)။

**ဥက္ကံ့သနယေန ပါဠိပဒဒိဝသတော ပဋ္ဌာယာတိ ဝုတ္တံ။(ဝဇိရ၁၂၀)**

## နံပါတ် (၁၀)

တေန ဝုတ္တံ-၌ ဝုတ္တဝဝယ် ခတ်အရ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်,ကြိယာစိတ္တုပ္ပါဒ် ။

တ-ပစ္စည်းအရ ကုမ္ဘကာရ ပုတ္တော-ဟူသော သဒ္ဒရုပ်တို့ကိုကောက်၍ ထုတ်ပါ။

## ဝါကျစဉ် (၈)

(က)တိဏကုဋိယော ဘိန္ဒိတွာတိ န ဒဏ္ဍမုဂ္ဂရာဒီဟိ စုဏ္ဏဝိစုဏ္ဏံ ကတွာ။

(ခ) ဝတ္တသီသေန ပန တိဏဥဒါရုဝလ္လိအာဒီနိစ ဩရောပေတွာတိ အတ္ထော။

(ဂ) ယေန ဟိ ဝိဟာရပစ္စန္တေ ကုဋိ ကတာ ဟောတိ၊တေန သစေ အာဝါသိကာ ဘိက္ခူ ဟောန္တိ၊တေ အာပုစ္ဆိတဗ္ဗာ။

(ဃ)"သစေ ဣမံ ကုဋိံ ပဋိဇဂ္ဂိတွာ ကောစိ ဝသိတုံ ဥဿဟတိ၊ တဿ ဒေထာ"တိ ဝတွာ ပက္ကမိတဗ္ဗံ။

(င) ယေန အရညေဝါ ကတာ ဟောတိ၊ပဋိဇဂ္ဂနကံ ဝါ နလဘတိ ၊ တေန "အညေသမ္ပိ ပရိဘောဂံ ,ဘဝိဿတီ"တိ ပဋိသာမေတွာ ဂန္တဗ္ဗံ။

(ဝိ၊ဋ္ဌ၁။၂၄၉)

## နံပါတ် (၁)

စုဏ္ဏဝိစုဏ္ဏံ-အမှုန့်ငယ် အမှုန့်ကြီးကို(သဒ္ဒတ္ထ)(ဝါ)မှုန့်မှုန့်ညက်ညက်၊(ဝေါဟာရတ္ထ)၊န ကတွာ-မပြုမူ၍(ယောဇနာ)၊

န ဣတိပဒံ ကတွာတိ ပဒေ သမ္ဗန္ဓော။(ယောဇနာ)

ဇနပဒစာရိကံ န ပက္ကမိံသု ၊(နိဿယများ)

အတ္ထော သမ္ဗန်ကို ဘိန္ဒိတွာတိပဒဿ-ဟုခံပါ။(အတ္ထောသမ္ဗန် ပုဒ်ရင်းခံ)

ကုဋိ-ကျောင်းငယ်ကို၊ကျောင်းငယ်သည်။ကတာ-သည်၊ဟောတိ-၏။

နိယံ။ ။ကံဟောကြိယာ၊နောက်မှာအဟုတ်၊အာချာတ်ထုတ်၊မယုတ်ကတ္တားလွဲ။

## နံပါတ် (၂)

(က)ဝါကျသို့ လီနတ္ထရစောဒနာ. . .

ဆရာ သင်္ဂါယနာတင်မထေရ်တို့သည် ပါဠိတော်၌ တိဏကုဋိယော ဘိန္ဒိတွာ

http://www.dhammadownload.com



ဟု မိန့်ဆိုတော်မူအပ်၏။မြက်မိုးကျောင်းတို့ကို အဘယ်သို့ဖျက်ဆီးကြပါသနည်း။ထို မြက်မိုးကျောင်းတို့ကို အလုံးစုံ အကုန်အစင်သုံးမရအောင် မှုန့်မှုန့်ညက်ညက် ဖျက် ဆီးအပ်ပါသလော ဤသို့ စုဒ်ကြောင့်(ခ)မိန့်။

**(ခ)ဝါကျသို့ အန္ဓယစောဒနာ. . .**

ဆရာ၊ဆရာသည် (က)ဖြင့် တုတ်,လက်ရိုက် စသည်တို့ဖြင့် မှုန့်မှုန့်ညက်ညက် မပြုဟု တိဏကုဋ္ဌယော ဘိန္ဒိတွာ-ပုဒ်၏ ဗျတိရေကကို ဖွင့်ပြအပ်၏။ထိုသို့ဖြစ်လျှင် ထိုရဟန်းတို့သည် ထိုမြက်မိုးကျောင်းကို အသို့ဖျက်ဆီးကြပါသနည်း။ကျောင်းဖျက်ဆီး ပုံအလုံးစုံကို မပြဆိုပြီလော ဤသို့စုဒ်ကြောင့် (ခ)မိန့်။

**(ဂ)ဝါကျသို့ အယုတ္တစောဒနာ. . .**

ဆရာ၊ဆရာသည် (က+ခ)ဝါကျတို့ဖြင့် မြက်မိုးကျောင်းဖျက်ဆီးပုံကို ဗျတိရေ ကနည်း၊အန္ဓယနည်းတို့ဖြင့် ဖွင့်ပြတော်မူအပ်၏။အဘယ်ကြောင့် ဆရာ ထိုသို့ဖွင့်ဆို အပ်ပါသနည်း။ပါဠိတော်၌ တိဏကုဋ္ဌိယော ဘိန္ဒိတွာ-ဟု သာမညအားဖြင့် ဆိုသော ကြောင့် အမှတ်မထား တပါးပါးသောဖျက်ဆီးခြင်းကိုသာ ဖွင့်ဆိုသင့်သည်မဟုတ်ပါ လော ဤသို့ စုဒ်ကြောင့် (ဂ)စသည်မိန့်။

**ဘိန္ဒေန ပေတုံ ဉပေန္တေ ယေနဟီတိ အာဒိမာဟ။(ယောဇနာ)**

**(ဃ)ဝါကျသို့ အနုသန္ဓေ. . .**

ဤသို့(ဂ)ဝါကျဖြင့် ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်အပ်သောကျောင်းကို အာဝါသိကရဟန်းရှိက ပန်ပြောထိုက်သည်ကို ဖွင့်ပြတော်မူပြီး၍။ယခုအခါ၌ အာပုစ္ဆ နာကာရ,အာပုစ္ဆနဝိဓိ (ပန်ပြောပုံအခြင်းအရာ၊ပန်ပြောပုံအစီအစဉ်)ကို ပြတော်မူလို သော အဋ္ဌကထာဆရာသည် (ဃ)ဝါကျမိန့်။

**(င)ဝါကျသို့ အနုသန္ဓေ. . .**

ဤသို့ (ဂ+ဃ) ဝါကျတို့ဖြင့် ကျောင်းတိုက်အစွန်၌ ဆောက်လုပ်အပ်သော ကျောင်းကို ဖဲသွားရာအခါ၌ ပန်ပြောသင့်ပုံအစီအစဉ်ကို ပြတော်မူပြီး၍။ယခုအခါ၌ ကျောင်းတိုက်အပြင်ပ အရည-၌ ဆောက်လုပ်အပ်သောကျောင်းကို စွန့်ခွါသွားရာ၌ ပြုလုပ်သင့်ပုံအစီအရင်ကို ပြတော်မူလိုသောအဋ္ဌကထာဆရာသည် (င)ဝါကျကိုမိန့်။

## နံပါတ်(၃)

(ခ)အန္ဓယဝါကျ။

(ဂ)ကာရဏဝါကျ။ (ယောဇနာ) ဖျက်ဆီးခြင်းအကြောင်းကိုပြ။

(တစ်နည်း)ဝိတ္ထာရဝါကျ။(နိဿယ)ခ-ဝါကျကိုချဲ့ပြသောကြောင့်။

(ဃ)ဝါကျာရမ္ဘ။ အာပုစ္ဆနာကာရကို ဆက်လက်အားထုတ်သောကြောင့်။

(င)ပကတ္တရ (တစ်နည်း)ဝါကျာရမ္ဘ ကျောင်းတိုက်အတွင်း ဆောက်လုပ်သော ကျောင်းကို စွန့်ခွာသွားရာ၌ ပြုကျင့်ရမည့် အစီအစဉ်မှတစ်ပါး တောကျောင်း၌ ဆောက်လုပ်အပ်သောကျောင်းကို စွန့်ခွာသွားရာ၌ အစီ အစဉ်ကို ဆက်လက်ပြ။

**စာစပ်။** ။(ဂ)ယေန. သည်-ပေးသောကြောင့်၊ ကတာဝယ်. တပစ္စည်း၌လည်း

http://www.dhammadownload.com



ကောင်း အာပုစ္ဆိတဗ္ဗာ, ပက္ကမိတဗ္ဗံ. တို့၌ အဝုတ္တကတ္တား၊အဝုတ္တကတ္တား၏ကြိယာ အဖြစ်ဖြင့်စပ် အပ်၏။

## နံပါတ်(၄)

**ဒါရု။** **॥ဒရီယတေတိ ဒါရု။(ဒရ+ဏု)**

ဒရ. ဓာတ်အရ ကတ္တုဠ္ဌကြိယာ-ခွဲသောပုဂ္ဂိုလ်၏ ဝီရိယပြဌာန်းသောစိတ္တုပ္ပါဒ် သည် မုချ။ ကမ္မဠ္ဌကြိယာ-သစ်သား၏အာရမ္မဏပစ္စယသတ္တသည်ဖလူ။ဏု. ပစ္စည်း အရ-ထို. သော သစ်သားရ၏။

**ဝိဟာရပစ္စတ္တ။** **॥ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော၊ ဝိဟာရဿ ပစ္စတ္တော ဝိဟာရပစ္စတ္တော။**

ဝိဟာရဟူသော ဝိသေသနပုဒ်အရ-ကျောင်းသည်မုချ။ထို. ၏အစွန်အရပ်နှင့် အဝယဝီ+အဝယဝအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာန္ယုပုဒ်လုံးအရ-ထို. သော ကျောင်း တိုက်၏အစွန်အရပ်ရ၏။

**အာဝါသိကာ။** **॥အာဂန္တွာ ဝသန္တိ ဧတ္ထာတိ အာဝါသော။**

**အာဝါသေ ဝသန္တီတိ အာဝါသိကာ။(အာဝါသ+ဏိက)**

အာဝါသအရ-ကျောင်းသည်မုချ။ထို. ၏ ဏိက. ပစ္စည်းအရ-နေကုန်သောရ ဟန်းတို့နှင့် ဌာန+ဌာနီအစပ်သမ္ဗန် ဌာန္ယု။ဏိက. ပစ္စည်းအရ-ထို. သော ကျောင်း၌နေ ကုန်သောရဟန်းတို့ရ၏။

## နံပါတ်(၅)

| | |
|---|---|
| ဒဏ္ဍာ။ | ॥ဒဍိ+က။(ဒဍတိ အာဏံ ကရောတီတိ ဒဏ္ဍော) |
| မုဂ္ဂရ။ | ॥မုရသဒ္ဒူပပဒ၊ဂိရ+ဏ။(မုဒံ ဂိရတီတိ မုဂ္ဂရော) |
| | (တစ်နည်း)မုစ+အရ။ (မုဥ္စတီတိ မုဂ္ဂရော) |
| သီသ။ | ॥သီ+သက်။(ဦကာဒယော သယန္တိ ဧတ္ထာတိ သီသံ) |
| ဝလ္လိ။ | ॥ဝလ္လ+အ+ဤ။ |
| အာရောပေတွာ။ | ॥အာ+ရုဟ+ဏာပေ+တွာ။ |
| စုဏ္ဏာ။ | ॥စုဏ္ဏ+အ။ |
| ပစ္စတ္တ။ | ॥ပတိ+အမ+တ။ |
| ဘိက္ခု။ | ॥ဘိက္ခ+ရူ။(ဘိက္ခတိ ယာစတီတိ ဘိက္ခု)ဘိဒ+ခ(ကိလေသေ ဘိန္ဒတီတိ ဘိက္ခု)ဘယသဒ္ဒူပပဒ၊က္ခက္ခ+ရူ။ (သံသာရဘယံ က္ခက္ခတီတိ ဘိက္ခု။) |
| အရည။ | ॥အရ+အည။(အရီယတေ ဂမီယတေတိ အရည်) |
| ပဋိဇဂ္ဂနကံ။ | ॥ပဋိ+ဇဂ္ဂ+ဏွု။ |
| ပရိဘောဂ။ | ॥ပရိ+ဘုဇ+ဏ။ |

## နံပါတ်(၆)

(က)န ဒဏ္ဍမုဂ္ဂရာဒီဟိ-စသည်ဖြင့် တုတ်, လက်ရိုက်-စသည်တို့ဖြင့် မှုန့်မှုန့်

http://www.dhammadownload.com



ညက်ညက်ဖြစ်အောင် သစ်ရွက်မိုးကျောင်းကို မဖျက်ဆီးဟူသော ဗျတိရေကအဓိပ္ပါယ်ကို သိစေသည်။

(ခ)ဝတ္တသီသေန စသည်ဖြင့် ကျင့်ဝတ်ကို အဦးပြုလျက် မြက်,သစ်သား,နွယ် စသည်တို့ကို အောက်သို့ကျစေ၍ မြက်မိုးကျောင်းကို ဖျက်ဆီး၏ဟူသော အန္ဝယအဓိပ္ပါယ်ကို သိစေသည်။

## နံပါတ် (၇)

ပဋိဇဂ္ဂိတွာ/ပဋိဇဂ္ဂိတွာ. . .

ရယ်ရွှင်ခြင်းအနက်ဟော ဇဂ္ဂ-ဓာတ်ကို ဤ၌အလိုမရှိအပ်သောကြောင့် က-ဝဂ်တတိယအဂ္ခရာ သံယုတ်ဖြင့်ရှိသော ပဋိဇဂ္ဂိတွာ-ပါဌ်သင့်။

မှတ်ချက်။ ။ဓာတ်ကိုဖျက်၍မေးရာ၌ ဓာတ်ကိုရှု၍သာ ဖြေရမည်။

## နံပါတ် (၈)

**ဝတ္တသီသေန**။ ။အတူရှိသော ဦးခေါင်း၏ သီသအမည်ကို အတူဖြစ်သော ဂမိယကျင့်ဝတ်၌တင် သဒိသူပစာရရှင်နည်း။

**ဝိဟာရပစ္စန္တေ**။ ။ဌာနီဖြစ်သော ကျောင်းအစွန်၏ ဝိဟာရပစ္စန္တအမည်ကို ဌာနဖြစ်သော ကျောင်းတိုက်မြေအစွန်၌တင် ဌာနူပစာရအဝိနာဘာဝနည်း။

**ကုဋိကတာ**။ ။အကျိုးဖြစ်သောကျောင်းငယ်၏ ကုဋိအမည်ကို အကြောင်းဖြစ်သော မြက်,သစ်သား,ဝါးစသော ဆောက်လုပ်ရေးပစ္စည်းများ၌တင် ဖလူပစာရအဝိနာဘာဝနည်း။

**အရညေဝ ကတာ**။ ။အပေါင်းဖြစ်သော ဂါမူပစာရလွတ်ရာအရပ် အားလုံး၏ အရည-အမည်ကို အစိတ်ဖြစ်သော ကျောင်းငယ်ဆောက်ရာမြေအရပ်၌တင် ဧကဒေသျူပစာရရှင်နည်း။

## နံပါတ် (၁၀)

တဿ ဒေထ-အရ ဒါနစေတနာပြဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကောက်-ပဒဋ္ဌာနာဟာရနေတ္တိထုတ်လေ-။

## ဝါကျစဉ် (၉)

(က)တေ ပန ဘိက္ခူ အရညေ ကုဋိယော ကတ္ဝာ ပဋိဇဂ္ဂနကံ အလဘန္တာ တိဏဉ္စ ကဋ္ဌဉ္စ ပဋိသာမေတွာ။

(ခ) သင်္ဂါပေတွာတိ အတ္ထော။

(ဂ) ယထာ စ ဌပိတံ တံ ဥပစိကာဟိ န ခဇ္ဇတိ အနောဝဿကဉ္စ ဟောတိ၊ တထာ ဌပေတွာ "ဣဒံ ဌာနံ အာဂန္တွာ ဝသိတုကာမာနံ သဗြဟ္မစာရီနံ ဥပကာရာယ ဘဝိဿတီ"တိ ဂမိယဝတ္တံ ပူရေတွာ။

http://www.dhammadownload.com



(ဃ)ဇနပဒစာရိကံ ပက္ကမိံသူတိ အတ္တနော အတ္တနော စိတ္တာနုကူလံ ဇနပဒံ အဂမံသု။ (ဝိ၊၃၊၁။၂၄၉)

## နံပါတ် (၁)

(က) ဝိသေသနကို ရှေ့နောက်ထား၍ အနက်ပေး။

(ခ) အတ္ထော၏သမ္ဗန် ပဋိသာမေတွာတိ ပဒဿ။

(ဂ)ဝါကျ နိယံနှင့်အညီ အနက်ပေးပုံ. . .

ယထာ-အကြင်အခြင်းအရာအားဖြင့်၊(တိဏေစ-မြက်တို့ကိုလည်းကောင်း၊ ကဋ္ဌေစ-သစ်သားတို့ကိုလည်းကောင်း၊ဌပိတေ-ထားအပ်သော်၊)ဌပိတံ-ထားအပ်သော၊ တံ-ထိုမြက်,သစ်သားသည်၊(ဝါ)-ကို၊ဥပစိကာဟိ-တို့သည်၊န ခဇ္ဇတိ-မခဲစားအပ်၊အနော ဝဿကဋ္ဌ-မိုးမစွတ်အပ်သည်လည်း၊ဟောတိ-၏၊တထာ-ထိုအခြင်းအရာအားဖြင့်၊ဌ ပေတွာ-ထားပြီး၍။

**နိယံ။ ။ယထာတထာ ၊ ဥပမာမဟုတ် ၊ အာကာရထုတ်မူ ၊ တထာစပ်ရာ ၊ ကြိယာ သည် ၊ မှန်စွာလက္ခဏာဖြစ်မြဲ ။**

## နံပါတ် (၂)

(ခ)ဝါကျသို့ ပုစ္ဆာ. . .

ဆရာ၊ဆရာသည် (က)ဝါကျဖြင့် ထိုရဟန်းတို့သည် သုမ်သင်မည့်သူကိုမရ သောကြောင့် မြက်,ထင်းကို သိုမှီးသိမ်းဆည်းကြကုန်၏ဟု ဖွင့်ပြတော်မူ၏။ထိုသိုမှီး သိမ်းဆည်းခြင်းဟူသည် အဘယ်ပါနည်း။သိုမှီးသိမ်းဆည်းပုံကို ထင်ရှားအောင်မပြဆို ပြီလော ဤသို့စုဒ်ကြောင့် (ခ)မိန့်။

**ပဋိသာမေတွာ တိမဿ ဝိဝရဏံ သင်္ဂေါပေတွာတိ အတ္ထောတိ။(ယောဇနာ)**

(ဂ)ဝါကျသို့ စောဒနာ. . .

ဆရာ၊ဆရာသည် (ခ)ဖြင့် သိုမှီးသိမ်းဆည်း၏ဟူသည် ကောင်းစွာလုံခြုံစေ ခြင်းပင်ဖြစ်၏-ဟု ဖွင့်ပြတော်မူအပ်၏။ကောင်းစွာလုံခြုံပုံ အစီအရင်ကို မပြဆိုပြီလော။ အဘယ်သို့လျှင် ကောင်းစွာလုံခြုံစေပါသနည်း။ကောင်းစွာလုံခြုံစေပုံ အစီအရင်ကို မပြက ဆရာ၌ အဗျာပိတဒေါသသင့်ရောက်ရာ၏ ဤသို့ စုဒ်ကြောင့် (ဂ)မိန့်။

**ဣဒါနိ တမေဝ သင်္ဂေါပနဝိဓိံ ဒဿေန္တော "ယထာ စ ဌပိတန္တိ" အာဒိမာဟ။**

## နံပါတ် (၃)

(ခ)ဝါကျ ဝါကျာရမ္ဘဝိတ္ထာရဏတပ္ပါဒ္ဒကရဏ။

(ဂ)ဝါကျ ဝါကျာရမ္ဘလုံခြုံပုံအစီအရင်ကို ဆက်ပြ။(တစ်နည်း)ပက္ခန္တရ(မအှူ)။ ထိုတွင် ယထာ-စသည် အနိယမ၊တထာ-စသည် နိယမ၊နိယမ-အနိယမ အပြည့်အစုံ ရှိသောကြောင့် ဥတ္တမ-ဝါကျ။

(ဃ)ဝါကျ ပက္ခန္တရ။

http://www.dhammadownload.com



**စာစပ်။** ။(ဂ)ဝါကျ ဋ္ဌပိတံ-ကား-သော-ကြောင့်၊တံ-၌ တုလျာဓိကရဏဝိသေသန/ဝိသေသျစပ်။
(တစ်နည်း)ဋ္ဌပိတံ-ကား-သည်-ကြောင့်၊သမာနံ-၌ လက္ခဏဝန္တ/လက္ခဏစပ်။(ဘာ-ဋီ)

## နံပါတ် (၄)

**အနေ့ာဝဿကံ။** ။ဩဝဿီယတိ တေမီယတီတိ ဩဝဿကံ။(အဝ+ဝဿ+ဏွု) န ဩဝဿကံ အနော့ဝဿကံ။

ဝဿဓာတ်-အရ ကတ္တုဋ္ဌကြိယာ-စိုစွတ်သောမိုးရေဟု သမုတ်အပ်သော အာပေါဓာတ်သည် မုချ။(တစ်နည်း)-အာပေါဓာတ်သည် လွန်ကဲသော အဋ္ဌကလာပ်ရုပ်ရ၏။ကမ္မတ္ထကြိယာ-မြက်,ထင်းတို့၏ ပကတူပနိဿယသတ္တိသည်-ဖလူပစာ။ဏွု-ပစ္စည်းအရ ထို-သော မြက်,ထင်း ရ၏။

**သပြဟ္မစာရီ။** ။ပြဟ္မံ စရတိ သီလေနာတိ ပြဟ္မစာရီ။ သဟ ပြဟ္မစာရီ သပြဟ္မစာရီ။

သ-ဟူသော ဝိသေသန-အရ သဟတ္ထဘောဂုဏ်သည် မုချ။ထို-၏ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူတို့နှင့် ဂုဏ်/ဂုဏေး စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော အတူတကွဖြစ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့ရ၏။

**ဇနပဒစာရိကာ။** ။စရဏံ စာရော။ စာရောဧဝ စာရိကာ။ ဇနပဒေ စာရိကာ ဇနပဒစာရိကာ။

**စိတ္တာနုကူလံ။** ။စိတ္တဿ အနုကူလံ စိတ္တာနုကူလံ။

## နံပါတ်(၅)

| | |
|---|---|
| **ကဋ္ဌ။** | ။ကာသ+တ။(တစ်နည်း)ကသ+တ၊ကဿတေ ဒိပ္ပတေတိ ကဋ္ဌံ။ |
| **သင်္ဂေါပေတွာ။** | ။သံ+ဂုပ+ဏာပေ+တွာ၊ လုံခြုံစေ၍ (သဒ္ဒတ္ထ) ဝါ-အစုအပုံပြု၍ (အဓိပ္ပါယတ္ထ) |
| **ဥပစိကာ။** | ။ဥပပုဗ္ဗ စိ+ဏွု။(ဥပစိနန္တီတိ ဥပစိကာ)။ |
| **ပြဟ္မ။** | ။ပြဟ+မ။(ဝုဒ္ဓိံ ပြဟတိ ဂစ္ဆတီတိ ပြဟ္မံ)။ (တစ်နည်း)- ပြူဟ+မ၊ (ဗျာနဝိသေသေဟိ ပြူဟေတိ ဝဍ္ဍေတီတိ ပြဟ္မာ)။ |
| **ဂမိယ။** | ။ဂမု+ဣက။ |
| **အတ္တ။** | ။အဒ+မန်။ (သုခ ဒုက္ခံ အဒတိ ဘက္ခတီတိ အတ္တာ)။ အတ+တ၊ (အာဗာဓေ နိရန္တရံ အတတိ ပဝတ္တတီတိ အတ္တာ)။ |
| **အတ္တ။** | ။အာ-ဓာ+တ။ |
| **အနုကူလ။** | ။အနု-ကူလ+အ။ |

## နံပါတ် (၆)

(ခ)သင်္ဂေါပေတွာဖြင့် သိုမှီးသိမ်းဆည်းခြင်းဟူသည် လုံခြုံစေခြင်းပင် ဖြစ်၏

http://www.dhammadownload.com



ဟူသော အဓိပ္ပါယ်ကိုသိစေသည်။(တစ်နည်း)ပဋိ-ဥပသာရကြောင့် သာမ-ဓာတ်သည် သင်္ဂေါပန-အနက်၌ဖြစ်သည်ကို သိစေသည်။

(ယ)အဂမံသု-ဖြင့် ပက္ကမိံသု-၌ ကမု-ဓာတ်သည် အလိုရှိခြင်းအနက်၌မဖြစ် ကမု-ဓာတ်၏ ဂတိ-အနက်၌ဖြစ်သည်ကို သိစေသည်။ဇနပဒံ အဂမံသုဖြင့် ဇနပုဒ်၌ လှည့်လည်ခြင်းသည်ပင် ဖဲသွားခြင်းဖြစ်ရကား စာရိက-သဒ္ဒါနှင့် ပက္ကမိံသု-သဒ္ဒါတို့၏ အနက်မထူးသည်ကို သိစေသည်။

**မှတ်ချက်။** ။သံဝဏ္ဏနာ-၌ ထူးခြားမှုမရှိလျှင် သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖျောက်၍ရေးသားလေ့ရှိသည်။

အတ္တနော-စသည်ဖြင့် ဟုံးဟုံးဌြားဌြားသော ဇနပုဒ်တို့သို့ ကြွသွားကြကုန်သည်မဟုတ် မိမိတို့စိတ်ကြိုက် နှစ်သက်ရာဇနပုဒ်တို့သို့ ကြွသွားကြကုန်၏-ဟူသော အဓိပ္ပါယ်ကို သိစေသည်။

## နံပါတ် (၇)

**ဌပိတံ/ထပိတံ. . .**

ထပ-ဓာတ်+တ-ပစ္စည်း ဣ-အာဂုမ်တို့ဖြင့် ပြီးသောကြောင့်လည်းကောင်း။ ထပေါစု ထပနေ သိယာ-ဌ-ဓတို့နှင့်ရှိသည်ကား ပါဠ်ပျက်ဟု ဓာတွတ္တ၌ဆိုသောကြောင့်လည်းကောင်း၊ထိုအလို ဒန္တဇ ဒုတိယက္ခရာဖြင့်ရှိသော ထပိတံ ပါဠ်သင့်။

ဌာ+ဏာပေ+တ ပစ္စည်းတို့ဖြင့်ပြီးနိုင်ကောင်းသောကြောင့်လည်းကောင်း၊ထပ ဓာတ်၏ ထ. ကို ဌပြု၍ ပြီးနိုင်ကောင်းသောကြောင့်လည်းကောင်း၊မုဒ္ဓဇဒုတိယက္ခရာဖြင့် ရှိသော ဌပိတံပါဠ်သင့်။ (ဓာတုမာလာ။၁၂၇။)

**အနောဝဿကဋ္ဌ/အနောဝဿိကဋ္ဌ. . .**

တံ (တိဏာကဌ်)ပုဒ်နှင့် အရတူသောကြောင့် နပုလ္လိင်ဖြစ်သင့်ရကား အနောဝဿကဋ္ဌ ပါဌ်သာသင့်ပါသည်။

**န ဩဝဿီယတီတိ အနောဝဿကံ၊ ကမ္မနိယံ အက. သဒ္ဒေါ ဒဠှဗ္ဗော။**

**(သာရတ္ထ၊၂။၁၁၇။)**

ဣတ္ထိလ္လိင်မဟုတ်သောကြောင့် အနောဝဿကံ. ပါဠ်မသင့်။

**မှတ်ချက်။** ။ယထာ စ ထပိတံ၌ "ယထာ တထာ. နိယံ" အရ တထာပုဒ်၏စပ်ရာ ဌပနကြိယာကိုယူ၍ လက္ခဏာပြင် အနက်ပေးနိုင်သောကြောင့် ဤ၌ ဌပိတံ. သဒ္ဒါပို သကဲ့သို့ထင်ရသည်။ယောဇနာ် ား ဌပိတံ တိဏာကဌံ. ဟုဖွင့်ပြန်၏၊ထိုအလို တံ. ပုဒ်လည်းရှိပုံမရ။

**ဂမိယဝတ္တံ/ဂမိကဝတ္တံ. . .**

ဂမိက-ဟုဆိုလိုလျက်-က-ကို ယ-ပြု၍ပြီးသောကြောင့် ဂမိယဝတ္တံ-ပါဌ်သင့်။

## နံပါတ်(၈)

**ဇနပဒစာရိကံ ပက္ကမိံသု။** ။အတူဖြစ်သောမြတ်စွာဘုရား၏ ဒေသစာရီကြွချီ

http://www.dhammadownload.com



ခြင်း ဇနပဒစာရီကအမည်ကို အတူရှိသော သာဝကတို့၏ ဒေသစာရီကြွချီခြင်း၌တင်စား သဒိသူပစာ။ ရုဠှီနည်း။

**ကိဥ္စာပိ အယံစာရိကာနာမ မဟာဇနသင်္ဂဟတ္ထံ ဗုဒ္ဓါနံယေဝ လဗ္ဘတိ၊ ဗုဒ္ဓေ ဥပါဒါယ ပန ရုဠှီသဒ္ဒဝသေန သာဝကာနမ္ပိ ဝုစ္စတိ။**(သာရတ္ထ၊၂။၁၁၇။)
(တစ်နည်း)ဇနပုဒ်၌ လှည့်လည်ခြင်းနှင့် ဖဲသွားခြင်းတို့ကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒနည်း၊အဘေဒူပစာ။

## နံပါတ်(၁၀)

(က)တေ ဘိက္ခူအရကောက်၍ ပဒဋ္ဌာနာဟာရနေတ္တိနည်း. .

ရဟန်းတို့၏ ခန္ဓာငါးပါးရ၏။

ပဒဋ္ဌာန်ကား. . သာမညအားဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရတို့တည်း။ ထိုခန္ဓာငါးပါးတို့ကား ပုညာပုညဝိပါက. ၏ပဒဋ္ဌာန်တည်း။

ထိုသုံးပါးတို့တွင် ပုည. ၏ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။

ထိုပုညကား. ကုသလဝိပါက် ဣဋ္ဌာရုံ၏ပဒဋ္ဌာန်တည်း။

အပုည. ၏ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။

ထိုအပုညကား. အကုသလဝိပါက် အနိဋ္ဌာရုံ၏ပဒဋ္ဌာန်တည်း။

ဝိပါက်၏ ပဒဋ္ဌာန်ကား. ပုညာပုညတည်း(အရာအားလျော်စွာ ယောနိသော, အယောနိသော စသဖြင့် အောက်သက်ရသည်ကို သိပါ။)

ထိုဝိပါက်ကား. နာမ် ရုပ်၏ပဒဋ္ဌာန်တည်း။

ထို. ကား သဠာယတန၏ ပဒဋ္ဌာန်တည်း။

ထို. ကား (ဖဿ, ဝေဒနာစသဖြင့် ပဋိစ္စသမုပ္ပါဒ် ကုန်အောင်ထုတ်လေ။)

**မှတ်ချက်။** ။ချွန် မင်္ဂ ဖိုလ် အရကောက်ရာ၌ ဇီထိစဉ်အတိုင်း ထုတ်ရမည်။

*****

## ဝါကျစဉ် (၁၀)

(က) ယာဝတတိယကဏ္ဍ ယာဝတတိယဝါရံ။
(ခ) **အနဝယောတိ အနု အဝယော။**
(ဂ) သန္ဓိဝသေန ဥကာရလောပေါ။
(ဃ) အနု အနု အဝယော။
(င) ယံ ယံ ကုမ္ဘကာရေဟိ ကတ္တဗ္ဗံနာမ အတ္ထိ၊ သဗ္ဗတ္ထ အနူနော ပရိပုဏ္ဏသိပ္ပေါ တိ အတ္ထော။
(စ) **သကေတိ** အတ္တနော သန္တကေ၊ **အာစရိယကေတိ** အာစရိယကမ္ဘေ။
(ဌ၁။၂၄၉။)

http://www.dhammadownload.com



## နံပါတ်(၁)

ယာဝ-အကြင်မျှလောက်။တတိယကံ-သုံးခုတို့၏ပြည့်ကြောင်း အလှည့်အကြိမ်တိုင်အောင်။ တိဏ္ဏံ ပူရဏော တတိယော။(ဝါရော)တတိယော ယေဝ တတိယကော။ ဝါကျကြံသည်။(ဘာ+ဋီ)

ယာဝတတိယကံ-သုံးကြိမ်အပိုင်းအခြား ရှိသမျှကာလပတ်လုံး။(ပေါက်မြိုင်ဆရာတော်) တတိယဿ ယတ္တကော ပရိစ္ဆေဒေါ ယာဝတတိယကံ။(ယာဝဇီဝံ-ပုဒ်ဝိဂ္ဂဟရှု. ရူပသိဒ္ဓိ) ဝါ-သုံးကြိမ် သုံးခါ။ (အဓိပ္ပါယတ္ထ)

(ခ)အနဝယောတိ-အနု+အဝယောတိပဒစ္ဆေဒေါ ကာတဗ္ဗော. ဟုထည့်ပါ။

အနဝယော-အိုးထိန်းသည်တို့ အလုပ်တိုင်းအလုပ်တိုင်း၌ ယုတ်လျော့ခြင်းမရှိသည်။(သဒ္ဒတ္ထ)ဝါ-ပြည့်စုံသော အိုးထိန်းသည်အတတ်ရှိသည်။(အဓိပ္ပါယတ္ထ)ဝါ-အိုးထိန်းသည်လုပ်ငန်း၌ ကျွမ်းကျင်သည်။(ဝေါဟာရတ္ထ)။

(င) ယံ ယံ-၏ သရူပတ္ထ- ယံ ယံ-အကြင်အကြင် မြေကောင်းကိုရှာခြင်း, မြေနှင့်ရေ ရောစပ်ခြင်း, အိုးဖြစ်အောင်လုပ်ခြင်း-စသော အလုပ်ကိစ္စ၌။

အတ္ထော-သမ္ဗန် အနဝယောတိ ပဒဿ။

## နံပါတ်(၂)

(ဂ)သို့ အာဘောဂါယုတ္တစောဒနာ။ ။ဆရာ၊ဆရာသည်၊ အနဝယောကို အနု+အဝယော. ဟု ပဒစ္ဆေဒပြုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။အနဝယောပုဒ်ကို န+အဝယောဟု ပဒစ္ဆေဒပြုသကဲ့သို့ ဤ၌လည်း န+အဝယော. ဟုသာပဒစ္ဆေဒပြုသင့်သည်မဟုတ်ပါလော၊ထိုသို့ဖြစ်လျှက် အနု+အဝယော. ဟု ပဒစ္ဆေဒပြုသောဆရာ့စကား အသို့လျှင် သင့်နိုင်ပါအံ့နည်း၊ဤသို့ စောဒနာဖွယ်ရှိသောကြောင့်(ဂ)မိန့်။

**ကား။** ။သန္ဓိ၏အစွမ်းဖြင့် နု-၌ ဥ-ကို ချေ၍ပြီးသောကြောင့် အနု+အဝယော. ဟု ပဒစ္ဆေဒကိုဆိုသော ငါစကားသင့်၏ဟူလို. . ။

(င)ဝါကျသို့ ပုစ္ဆာ. . .

ဆရာ၊ဆရာသည် (ယ)ဝါကျဖြင့် အနဝယောကို အနု အနု အဝယော အနဝယော-ဟု ဝိစ္ဆတ္ထ-အဗျယီဘောသမာသ်ကို ဖွင့်ပြတော်မူအပ်၏။အနဝယော၏-အရကိုလည်းကောင်း၊ဝယ-သဒ္ဒါ၏ အနက်အဓိပ္ပါယ်ကိုလည်းကောင်း၊အနဝယ-၏ အဓိပ္ပါယ်ကိုလည်းကောင်း၊ခွဲခြားစိတ်ဖြာ၍ အကျယ်အားဖြင့် မသိအပ်သေးသည်မဟုတ်ပါလော။အနဝယ-အရနှင့် ဝယသဒ္ဒါ-၏ အနက်၊အနဝယ-သဒ္ဒါ၏ အဓိပ္ပါယ်တို့ကားအဘယ်ပါနည်း။စုဒ်ကြောင့် (င)မိန့်။

**ကား။** ။အနဝယ-အရ အိုးထိမ်းသည်တို့ပြုထိုက်သော အလုပ်ကိစ္စကို ကောက်၍ ဝယသဒ္ဒါသည် ဦန-(ဟာနိ)အနက်ကိုဟောလျက် အနဝယ-ဟူသည် ပြည့်စုံသောအတတ်ရှိသူဟူသောအဓိပ္ပါယ်အကျယ်တို့ကို ငါပြဆို၏ ဟူလို။

**အနု အနု အဝယောတိပဒဿ ဝိဝရဏံ ယံယံ ။ပ။ အတ္ထော၊အနု အနုသဒ္ဒေါ ဂုဏဝိစ္ဆာယံ ဝတ္တတိ။ (ယောဇနာ)**

http://www.dhammadownload.com



**အနဝယောတိ ဧတ္ထ အနုသဒ္ဒေါ ဝိစ္ဆာယံ ဝတ္တတီတိ အာဟ၊အနု အဝယောတိ အာဒိ။ (ဝိမတိ၊၁။၁၆၅)**

**ဝယောတိ ဟာနိ "အာယ ဝယော"တိ အာဒီသုဝိယ၊နတ္ထိ ဧတဿ အတ္ထနော သိပ္ပေ ဝယော ဦနတာတိ အဝယောတိ အာဟ "အနုနော ပရိပုဏ္ဏသိပ္ပေါ "တိ။**
**(သာရတ္ထ၊၂။၁၁၇)**

**တစ်နည်း-(ဃ+င)ဝါကျများ ပေါင်း၍ထားသော်. . .**

ဆရာ၊ဆရာသည် (ခ+ဂ)ဝါကျတို့ဖြင့် အနဝယောပုဒ်ကို အနု အဝယော-ဟု ပဒစ္ဆေဒပြု၍ သန္ဓိ၏အစွမ်းဖြင့် ဥ-ကျေသည်ကို ဖွင့်ပြအပ်၏။ထို၌ အနု-ဥပသာရပုဒ်၏အနက်နှင့် ဝယ-သဒ္ဒါ၏အနက်ကို မသိရသေးသည်မဟုတ်ပါလော။(ဝါ)-အနု-ဥပသာရပုဒ်သည် အနုရူပအနက်၌ဖြစ်၍ ဝယ-သဒ္ဒါသည် ဘေဒ-အနက်၌ဖြစ်ပါသလော။အနု-ဥပသာရနှင့် ဝယ-သဒ္ဒါတို့သည် အဘယ်အနက်တို့၌ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ+င)မိန့်။

**ကား။** ။အနု-သဒ္ဒါသည် ဝိစ္ဆတ္ထ-အနက်၌ဖြစ်၍ ဝယ-သဒ္ဒါသည် ဦန-အနက်၌ဖြစ်၏ ဟူလို။

## နံပါတ် (၃)

(ခ)ဝါကျ ပက္ခန္တရ။

(ဂ)ဝါကျ ယုတ္တိဒဠှီကရဏ။ (ဝါကျာရမ္ဘ-ပဒသမ္ဗန္ဓသန္ဓိကို ဆက်လက်ပြ)။

(ဃ)ဝါကျ ဝါကျာရမ္ဘ-သမာသ်ကိုဆက်လက်ပြ။(တစ်နည်း)-ပက္ခန္တရ။

(င)ဝါကျ ဝိတ္ထာရ။ (စ)ဝါကျ ပက္ခန္တရ။

**ဘစပ်။** ။ယာဝတတိယကံ-ကား တိုင်အောင်-ပေးသောကြောင့် ဘိန္ဒိတွာ, အဂမံသုဘို့၌ ကြိယာဝိသေသန+ကြိယာဝိသေသျစပ်။

## နံပါတ် (၄)

**တတိယဝါရော။** ။**တတိယော စ သော ဝါရောစာတိ တတိယဝါရော။**

တတိယ-အရ သုံးခုတို့၏ပြည့်ခြင်းဂုဏ်သည် မုချ။ထို-၏ အကြိမ်နှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ပုဒ်လုံးအရ-ထို-သော သုံးခုတို့၏ပြည့်ကြောင်း အကြိမ်ရ၏။

**အနဝယော။** ။**ဝယနံ ဝယော။(ဝိ+ဏ္က+ဏ)**
**နတ္ထိ ဝယော ယဿာတိ အဝယော။**
**(ဝယတီတိ ဝယော။န ဝယော အဝယော။)**
**အနု အနု အဝယော အနဝယော။**

အဝယ-အရ အိုးထိမ်းသည်တို့၏အတတ်၌ မယုတ်လျော့ခြင်းဂုဏ်သည် မုချ။ ထို-၏ ယ-အညပုဒ်အရ ရှင်ဓနိယနှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော အိုးထိမ်းသည်တို့၏အတတ်၌ ယုတ်လျော့ခြင်းမရှိသည့် ရှင်ဓနိယရ၏။

အနု-ဟူသော ဝိသေသနပုဒ်အရ အတတ်တိုင်းအတတ်တိုင်းဟူသော ဝိစ္ဆတ္ထ

http://www.dhammadownload.com



ဘောဂုဏ်သည် မုချ။ထို-၏ အိုးထိမ်းသည်တို့၏ အလုပ်ကိစ္စ၌ ယုတ်လျော့ခြင်းမရှိသောရှင်ဓနိယနှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော အတတ်တိုင်းအထတ်တိုင်း၌ ယုတ်လျော့ခြင်းမရှိသော ရှင်ဓနိယရ၏။

**အနူနော။** ။နတ္ထိ ဦနော ယဿာတိ အနူနော။

**ပရိပုဏ္ဏသိပ္ပေါ။** ။ပရိပုဏ္ဏော သိပ္ပေါ ယဿာတိ ပရိပုဏ္ဏသိပ္ပေါ။

**ဥကာရော။** ။ကရီယတိ ဥစ္စာရီယတီတိ ကာရော။

**ဥဧဝ ကာရော ဥကာရော။**

ဥ-ဟူသော ဝိသေသနပုဒ်အရ ဥ-အက္ခရာ၏အဖြစ်ဟူသော အဝဓာရဏဘောဂုဏ်သည် မုချ။ထို-၏ ကာရ-အရ အက္ခရာနှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ပုဒ်လုံးအရ-ထို-သော ဥ-အက္ခရာရ၏။

**ဥကာရလောပေါ။** ။ဥကာရဿ လောပေါ ဥကာရလောပေါ။

**သိပ္ပ။** ။ဟိတမိစ္ဆန္တေဟိ သိယတေ သေဝီယတေတိ သိပ္ပံ။

သိ-ဓာတ်အရ ကတ္တုရှုကြိယာ-မှီဝဲတတ်သောပုဂ္ဂိုလ်၏ ဉာဏ်,ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မတ္တကြိယာ-အတတ်ပညာ၏ အာရမ္မဏပစ္စယသတ္တိ,ပကတူပနိဿယသတ္တိသည် ဖလူပစာ။ပ္ပ-ပစ္စည်းအရ ထို-သော အတတ်ပညာရ၏။

**အာစရိယော။** ။အာစာရံ သိက္ခာပေတီတိ အာစရိယော။

**အာဘုသော စရိတဗ္ဗောတိ အာစရိယော။(အာ+စရ+ဏျ)**

**သိဿေဟိ အာဘုသော စရိတဗ္ဗောတိ အာစရိယော။**

အာ-ဥပသာရ-အရ ဘုသတ္ထဘောဂုဏ်ရ၏။စရ-ဓာတ်အရ ကတ္တုရှု-တပည့်တို့၏သန္တာန်၌ မေတ္တာ,စေတနာ,သဒ္ဓါပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ကမ္မတ္တ-ဆရာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ဏျ-ပစ္စည်းအရ ထို-သော ဆရာရ၏။

**သိဿာနံ ဟိတံ အာဘုသော စရတီတိ အာစရိယော။**

## နံပါတ် (၅)

**ဝါရ။** ။ဝရ+ဏ။

**ဝယော။** ။ဝီ+က္က+ဏ။

**သန္ဓိ။** ။သံ+ဓာ+က္က။

**ဝသေ[illegible]န။** ။ဝသ+ယု။

**လောပေါ။** ။လုပ+ဏ။

**ဦနော။** ။ဦဟ+နက်။(ဦဟာနံ ဦနံ)

**ပရိပုဏ္ဏ။** ။ပရိ+ပူရ+တ။

**သိပ္ပ။** ။သပ+ပ။(သပတိ အနေနာတိ သိပ္ပံ)အ-ကို က္က-ပြု။

**သန္တက။** ။သန္တသဒ္ဒူပပဒ+ကရ+ကွိ။(သန္တံ ဝတ္ထုံကရောတီတိ သန္တကံ)

**အာစရိယ။** ။အာ+စရ+ဏျ။

http://www.dhammadownload.com



ကမ္မ။ ။ကရ+ရမ္မ။

## နံပါတ် (၆)

(က)ယာဝ တတိယဝါရံ-ဖြင့် ယာဝတတိယကံ-၌ ယာဝ-ပုဒ် တတိယပုဒ်၊တတိယကို တိဏ္ဏံ ပူရဏော တတိယော၊တတိယောယေဝ တတိယကော၊တတိယကသဿ ယတ္တကော ပရိစ္ဆေဒေါ ယာဝတတိယကံ-ဟု အဗျယီဘောသမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း။ယာဝနိပါတ်ပုဒ်၏ ယတ္တက ပရိစ္ဆေဒအနက်၌ဖြစ်သည်ကိုလည်းကောင်း သိစေသည်။(သမာသလိင်္ဂပဒ၊သမာသလိင်္ဂတ္ထ)။(ယာဝဇီဝံပုဒ် ဝိဂ္ဂဟနည်းမှီသည်၊ရူပသိဒ္ဓိ-အဗျယီဘောသမာသ်ရူပ)(တစ်နည်း)-ယာဝ တတိယဝါရံဖြင့် ယာဝတတိယကော-ကို ယာဝတတိယော ဝါရော ယဿာတိ ယာဝတတိယကံ-ဟု ဝါရနောက်ပုဒ်ကျေသော ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်၏ အဖြစ်ကိုလည်းကောင်း။ က-၏ သမာသန္တအဖြစ်ကိုလည်းကောင်း သိစေသည်။

**ယာဝတတိယော ဝါရော ယဿာတိ ကိရိယာ ဝိသေသနသမာသော။**
**(ခုဒ္ဒသိက္ခာဋီကာ)**

ယင်းအလို အကြင်မျှလောက်သော သုံးခုမြောက် အလှည့်အကြိမ်ရှိအောင်-ဟုပေး။

နိယံ။ ။မရှိတာပြု၊တဒ္ဓိတ၊လောပသမာသာ။

(တစ်နည်း) ယာဝတတိယဝါရံဖြင့် ယာဝတတိယကံ-၌ ယာဝ-ပုဒ်+တတိယက-ပုဒ် တတိယကကို တိဏ္ဏော ပူရဏော တတိယော-ဟု ဝစနတ္ထပြု၍၊ဝါရ-ကို အရကောက်အပ်သည်ကိုလည်းကောင်း၊တတိယောယေဝ တတိယကော-ဟု သွတ္ထတဒ္ဓိတ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊က-ပစ္စည်း သွတ္ထအနက်၌ သက်အပ်သည်ကိုလည်းကောင်း၊ယာဝနှင့်ယှဉ်သောကြောင့် တတိယကံ-ဟု ဒုတိယန္တရှိသည်ကိုလည်းကောင်း သိစေသည်။(သရုပ်ကြားအဘိဓေယျတ္ထ၊အဘိဓာနတ္ထ၊ပစ္စယတ္ထ၊ဝိဘတ္တိပဒ၊)-(ဘာ-ဋီ)။ယင်းအလို-ယာဝတတိယကံ-သည် သမာသ်မဟုတ် ဝါကျဖြစ်သည်။

ယာဝ-အကြင်မျှလောက်၊တတိယကံ-သုံးကြိမ်တိုင်အောင်-ဟု အနက်ပေး။

(င)ယံ ယံ-ဖြင့် အနဝယော-၌ အနု-ဥပသာရပုဒ်၏ ဝိစ္ဆာ-အနက်၌ဖြစ်သည်ကို သိစေပါသည်။အနုနော-ဖြင့် အဝယော-၌ ဝယ-သဒ္ဒါသည် ဦန-အနက်၌ဖြစ်သည်ကို သိစေပါသည်။(ဥပသဂ္ဂလိင်္ဂတ္ထ၊နာမလိင်္ဂတ္ထ)

ကုမ္ဘကာရေဟိ ကာတဗ္ဗာနာမ အတ္ထိ သဗ္ဗတ္ထ-ဖြင့် အနု-သဒ္ဒါသည် ဝိစ္ဆာ-အနက်ကို အတွင်းပြုသဖြင့် အိုးထိန်းသည်တို့ပြုအပ်သောအမှုကိစ္စကို ဟောသည်ကိုလည်းကောင်း၊ယင်းအနု-ပုဒ်နောင် သတ္တမီဝိဘတ်ကျေသည်ကိုလည်းကောင်း သိစေသည်။(သဗ္ဗတ္ထ-ရှု၍ဖော်သည်)

ပရိပုဏ္ဏသိပ္ပေါ-ဖြင့် အိုးထိန်းသည်တို့ပြုအပ်သောအမှုတိုင်း၌ ယုတ်လျော့ခြင်းမရှိသူသည် အိုးထိန်းသည်တို့အမှုတို့၌ ပြည့်စုံသောအတတ်ရှိသူဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

http://www.dhammadownload.com



အပေါင်းသံဝဏ္ဏနာပါဠိဖြင့် အနဝယောကို အနု အနု အဝယော အနဝယော ဟု အဗျယီဘောသမာသ်(ဝါ) သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေပါသည်။

(စ)အတ္တနော သန္တကေ-ဖြင့် သကေ-၌ သ-ဝုဒ်+ကပစ္စည်း၊သ-သည် မိမိဟူသောအနက် ဟောသည်ကိုလည်းကောင်း၊က-ပစ္စည်း သန္တက-အနက်၌ဖြစ်သည်ကိုလည်းကောင်း၊သဿ ဣဒံ သကံ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊သ-သည် အတ္တ-၏ကာရိယဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။(နာမလိင်္ဂတ္ထ၊ပစ္စယတ္ထ၊အဘိဓာနတ္ထ)

အာစရိယကမ္မေ-ဖြင့် အာစရိယကေ-၌ အာစရိယပုဒ်+က-ပစ္စည်း၊ယင်းက-ပစ္စည်း ကမ္မတဒ္ဓိတ်အနက်၌သက်၍၊အာစရိယဿ ကမ္မံ အာစရိယကံ-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေသည်။(ပစ္စယတ္ထ၊အဘိဓာနတ္ထ)

## နံပါတ် (၇)

**အနုအနု အဝယော/အနုအဝယော. . .**

အနု-ဥပရပုဒ်သည် ဂုဏဝိစ္ဆာပုဒ်ဖြစ်သောကြောင့် အိုးထိန်းသည်အတတ်တိုင်း အတတ်တိုင်း၌ နှံ့စပ်စေလိုရကား အနု အနု အဝယော-ဟု ဝိစ္ဆာဖြင့်ရှိသောပါဠိ သင့်ပါသည်။

**အနု အနု အဝယောတိ ပဒဿ အနုသဒ္ဒေါ ဂုဏဝိစ္ဆာယံ ဝတ္တတိ။(ယောဇနာ)**

**အနုနော/အနုဝယော. . .**

**အနုဝယော အနုနောတိ စ ဒွေပါဌာ**-ဟူသော ယောဇနာကို ထောက်၍ နှစ်ပါဠိသင့်ပါသည်။

**နတ္ထိ ဧတဿ အတ္တနော သိပ္ပေ ဝယော ဦနတာတိ အဝယောတိ အာဟ၊အနုနော ပရိပုဏ္ဏသိပ္ပေါတိ**။(သာရတ္ထ၊၂။၁၁၇)အဖွင့်ကိုထောက်၍ အနုနော-ပါဠိသည် ယုတ္တတရဖြစ်ပါသည်။

မှတ်ချက်။ ။ပါဠိများ ပါဠိမှန်ဆုံးဖြတ်ရာ၌ ပါဠိတော်,အဋ္ဌကထာ,ဋီကာ,သဒ္ဒါကျမ်း, ယောဇနာ,ဂဏ္ဌိ,နိဿယတို့ကို ထောက်ရသည်။

**အနုနော/အနူနော. . .**

န-ပုဒ် ဦန-ပုဒ်၊ န-ကို အန်-ပြု၍ပြီးသောကြောင့် အ[illegible]နော-ပါဠိသာသင့်။

## နံပါတ် (၈)

**သန္ဓိဝသေန**။ ။အပေါင်းဖြစ်သော သရသန္ဓိ,ဗျဉ္ဇနသန္ဓိ,နိဂ္ဂဟိတသန္ဓိတို့၏ အမည်ကို အစိတ်ဖြစ်သော သရသန္ဓိ၌တင် ဧကဒေသူပစာ၊နေယျတ္ထ-နည်း။

**ပရိပုဏ္ဏသိပ္ပေါ**။ ။အပေါင်းဖြစ်သော ပြည့်စုံသောအတတ်အားလုံး၏ ပရိပုဏ္ဏသိပ္ပ-အမည်ကို အစိတ်ဖြစ်သော အိုးထိန်းသည်အတတ်၌-တင် ဧကဒေသူပစာ၊ရုဠှီနည်း။

http://www.dhammadownload.com



(တစ်နည်း)-ပြည့်စုံသော အတတ်ရှိသော အရှင်ဓနိယ-ဟူသော မကင်းရာကို ဆိုသဖြင့် ပြည့်စုံသော အိုးထိန်းသည်အတတ်ဟူသော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနတ္ထရိကနည်း။

နိယံ။ ။ဗဟုဗ္ဗီဟိ၊အသာတ္ထိ-ဟုရှိသည့်သဘော၊နယပြော၊မှတ်လော နာနတ္ထရိကာ။

## နံပါတ် (၁၀)

(က)ဝါကျ၌ ယုတ္တိဟာရ(ယာဝတတိယဝါရ). . .

ယုတ္တိဟာရ-ဟူသော်ကား "ယုတ္တာ ယုတ္တိံ ဝိစာရေတိ ဧတေနာတိ ယုတ္တိ-ဟူသော ဝစနတ္ထနှင့်အညီ သဒ္ဒါ အနက်အားဖြင့် သင့်/မသင့်ကို စိစစ်ကြောင်းဖြစ်သော ကြောင့် ယုတ္တိဟာရမည်၏။(နိဒါန်း)

ယာဝတတိယဝါရ-ပုဒ်ကို သျှာဒျန္တပုဒ်ယူသော်သင့်၏၊တျာဒျန္တပုဒ်ယူသော် မသင့်၊ဒုတိယန္တယူသော်သင့်၏၊ပဌမန္တယူသော် မသင့်၊ဧကဝစန ဒုတိယန္တယူသော် သင့်၏၊ ဗဟုဝစနဒုတိယန္တယူသော်မသင့်၊စယာသိတပုဒ်ယူသော်သင့်၏၊အင်္ဂါသိတပုဒ်ယူသော် မသင့်၊ကြိယာစယာသိတယူသော်သင့်၏၊ဂုဏ,ဒဗ္ဗစယာသိတယူသော်မသင့်၊နာမ်ပုဒ် ယူသော်သင့်၏၊အာချာတ်ပုဒ်စသည်ယူသော်မသင့်။သမာသ်နာမ်ပုဒ်ယူသော်သင့်၏၊ ကြွင်းနာမ်ပုဒ်ယူသော်မသင့်၊ဤကား သဒ္ဒါကို စိစစ်ခြင်းတည်း။

ယာဝတတိယဝါရ-ပုဒ်၏အနက်ကို ကမ္မတ္ထယူသော်သင့်၏၊ကတ္တုတ္ထ-စသည် ယူသော်မသင့်၊ကြိယာဝိသေသနတ္ထယူသော်သင့်၏၊ဝုတ္တကံယူသော်မသင့်၊

ယာဝတတိယဝါရပုဒ်၏အနက်ကို အသတ္တ ပဓာနယူသော်သင့်၏၊သတ္တပဓာန ယူသော်မသင့်၊သုံးကြိမ်မြောက် အလှည့်အကြိမ်ယူသော်သင့်၏၊ဣတ္ထိ,ပုရိသယူသော် မသင့်၊(ဤသို့ အနက်ကိုစိစစ်)

ဤသို့ သဒ္ဒါ,အနက်အားဖြင့် သင့်/မသင့် စိစစ်ခြင်းသည် ယုတ္တိဟာရမည်၏ ဟူလိုသော်. . ။

နည်းမှီ၍ ထုတ်တတ်အောင်ကျင့်ပါလေ။

## ဝါကျစဉ် (၁၁)

(က)ကုမ္ဘကာရကမ္မေတိ ကုမ္ဘကာရာနံ ကမ္မေ။

(ခ) ကုမ္ဘကာရေဟိ ကတ္တဗ္ဗကမ္မေတိ အတ္ထော။

(ဂ) ဧတေန သကံ အာစရိယကံ,သရူပတော ဒဿိတံ ဟောတိ။

(ဃ)ပရိယောဒါတသိပ္ပေါတိ ပရိသုဒ္ဓသိပ္ပေါ။

(င) အနဝယတ္တေပိ သတိ အဉ္ဉေဟိ အသဒိသသိပ္ပေါတိ ဝုတ္တံ ဟောတိ။

(ဝိ၊ဋ္ဌ၁၊ ၂၄၉)

## နံပါတ်(၁)

ကုမ္ဘကာရမွေ-အိုးထိန်းသည်တို့၏အလုပ်၌။(သဒ္ဒတ္ထ)ဝါ-အိုးထိန်းသည်တို့သည်

http://www.dhammadownload.com



ပြုထိုက်သောအလုပ်၌။(အဓိပ္ပါယတ္ထ)

(ခ)အတ္တော သမ္ဘန်. ကုမ္ဘကာရကမ္မေတိပဒဿ-ဟုခံပါ။

(ဃ)ပရိယောဒါတသိပ္ပေါ-ထက်ဝန်းကျင်စင်ကြယ်သောအိုးထိန်းသည်အတတ်ရှိသည်။(သဒ္ဒတ္ထ)ဝါ-အခြားသူတို့နှင့်မတူသော အိုးထိန်းသည်အတတ်ရှိသည်။(အဓိပ္ပါယတ္ထ)။

(င)အနဝယတ္တေပိ-သမ္ဘန်. အာယသ္မတော ဓနိယဿ(တစ်နည်း)အညေသံ။(မစိုးရမ်+ပါဖြေ)

## နံပါတ်(၂)

(ခ)သို့ပုစ္ဆာ။ ။ဆရာ၊ ဆရာသည်၊ (က)ဖြင့် ကုမ္ဘကာရကမ္မေ-ပုဒ်ကို ကုမ္ဘကာန် ကမ္မံ ကုမ္ဘကာရကမ္မံ. ဟုဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထကို ဖွင့်တော်မူအပ်၏။ အိုးထိန်းသည်တို့၏အလုပ်ဟူသည် အဘယ်ပါနည်း၊ ကုမ္ဘကာရဟူသည်ကို အကျယ်အားဖြင့်မပြဆိုပြီလော. ဤသို့စုဒ်ကြောင့် (ခ)မိန့်။

**နိယံ။** ။**အဓိပ္ပါယော၊ အတ္တောရှိက၊ ဂုဋ္ဌဖော်ပြ ဝိတ္ထာရ။**

(ဂ)သို့ စောဒနာ။ ။ဆရာ၊မြတ်စွာဘုရားသည်၊ (သံဂါယနာတင်မထေရ်တို့သည်) ပါဠိတော်၌ ကုမ္ဘကာရကမ္မေ. ဟုဆိုအပ်၏။ သကေ အာစရိယကေ. ဟုဆိုက လိုအပ်သောအနက် ပြီးကောင်းရာသည် မဟုတ်လော၊ယင်းသို့ဖြစ်လျှက် အဘယ်ကြောင့် ကုမ္ဘကာရကမ္မေ ပုဒ်ကိုထပ်၍ဟောတော်မူအပ်ပါသနည်း၊ဂန္ထဂရုဒေါသသင့်ရောက်ရာ၏။ဤသို့ စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

**ကား။** ။မိမိဥစ္စာ ဆရာ၏အလုပ်ကို သရုပ်အားဖြင့်ပြလိုသောကြောင့် ဆိုရကား သင်တင်သော ဝိရောဓိဒေါသ ငါ့၌မရောက်ကင်းပျောက်၏ ဟူလို. . ။

**နိယံ။** ။**ဣတိဝုတ္တံ၊ဟောတိခံ၊မှတ်ရန်ပဒ၊ပိဏ္ဍတ္ထ။**
**ဣဒံ ဝုတ္တံ၊ဟောတိခံ၊မှတ်ရန်ဝါကျ၊ပိဏ္ဍတ္ထ။**

(င)သို့စောဒနာ။ ။ဆရာ၊ဆရာသည်၊(ဃ)ဖြင့် ပရိယောဒါတသိပ္ပဟူသည် ပရိသုဒ္ဓသိပ္ပ(စင်ကြယ်သောအတတ်ရှိသူ)ဟု ဖွင့်ဆိုအပ်၏။(တစ်နည်း)ပါဠိတော်၌ ပရိယောဒါတသိပ္ပေါ. ဟုဖွင့်ဆိုအပ်၏။ အနဝယောဟုဆိုက အရှင်ဓနိယသည်တတ်အပ်သော အတတ်တိုင်း၌ ယုတ်လျော့ခြင်းမရှိ ပြည့်စုံသည်ဖြစ်၍ စင်ကြယ်သောအတတ်ရှိသူ၏အဖြစ်ကို ပြပြီးသည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျှက်. အဘယ်ကြောင့် ပရိယောဒါတသိပ္ပေါ-ဟုဆိုအပ်ပါသနည်း၊စုဒ်ကြောင့်(င)မိန့်။ (အဓိပ္ပါယ်လွယ်ပြီ)

## နံပါတ်(၃)

(ခ)ဝိတ္ထာရ။ (တစ်နည်း)ဝါကျာရမ္ဘ။ တပ္ပါကဋီကရဏ၊

(ဂ)ဝါကျာရမ္ဘ။ (ဃ)ပကာသ္တ ရ။

(င)ဝိတ္ထာရ။ (တစ်နည်း)တပ္ပါကဋီကရဏ။

**မှတ်ချက်။** ။ပိဏ္ဍတ္ထကိုပြရာ၌ များသောအားဖြင့် ဝိတ္ထာရ၊တပ္ပါကဋီကရဏရ၏။ အချို့ ဒဠီကရဏလည်းရနိုင်သည်။(ဝိ၊ဋ္ဌ၊၁။၈၄။သကျကုလာ ပဗ္ဗဇိတာ အဖွင့်ရှု)

http://www.dhammadownload.com



## နံပါတ်(၄)

**ဒသိတံ။** ။**ဒသသတေတိ ဒသိတံ။ (ဒိသ+တ)**

ဒိသဓာတ်အရ. ကတ္တုဒ္ဒကြိယာကား၊ သရုပ်ကိုပြတတ်သော မြတ်စွာဘုရား၏သန္တာန် ဉာဏ်ပြခြင်းသောစိတ္တုပ္ပါဒ်သည်မုချ။ကမ္မဒ္ဒကြိယာကား၊သက်အာစရိယ်ပုဒ်တို့၏ အာရမ္မဏပစ္စယသတ္တိသည်ဖလူ။တ. ပစ္စည်းအရ၊ထို. သော့ သက် အာစရိယက်ပုဒ်တို့ရ၏။

**အနဝယတ္တံ။** ။**အနဝယသ ဘာဝေါ အနဝယတ္တံ။**

အနဝယအရ. အတတ်တိုင်း အတတ်တိုင်း၌ ယုတ်လျော့ခြင်းမရှိသော အရှင်ဓနိယရ၏။ ထို. ၏ တ္တပစ္စည်းအရ ယုတ်လျော့ခြင်းမရှိသူ၏အဖြစ်ဟူသော ပြည့်စုံခြင်းဂုဏ်နှင့် နိဿယ/နိဿိတအစပ်သမ္မန်သည် ဌာနူပစာ။တ္တ. ပစ္စည်းအရ၊ယုတ်လျော့ခြင်းမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ပြည့်စုံခြင်းဂုဏ်ရ၏။

**** အနဝယတ္တာနံ ဘာဝေါ အနဝယတ္တံ၊အနဝယအရ၊ရဟန်းများကိုကောက်**
**(မစိုးရိမ်၊ပါ. ဖြေ)**

**အသဒိသသိပ္ပေါ။** ။**န သဒိသံ အသဒိတံ။**
**အသဒိသံ သိပ္ပံ ယဿာတိ အသဒိသသိပ္ပေါ။**

## နံပါတ်(၅)

| | |
|---|---|
| **သရူပ။** | ။သန္တသဒ္ဒူပဒ၊ ရူပ+အ။(သံဝိဇ္ဇမာနံ ရူပံ သရူပံ) |
| **ပရိယောဒါတ။** | ။ပရိ+အဝ+ဒါ+တ။ |
| **ပရိသုဒ္ဓ။** | ။ပရိ+သုဓ+တ။ |
| **သတိ။** | ။အသ+အန္တ+သို+ဂစ္ဆန္တာဒိဂိုဏ်း။ |
| **သဒိသ။** | ။သမာနသဒ္ဒူပပဒ၊ဒိသ+ကွိ။ |

## နံပါတ်(၆)

(ခ) ကတ္တုဗ္ဗကမ္မေဖြင့် ကမ္မ၌ ရမ္မပစ္စည်းသည် ဘာဝသာဓန၌ မသက်၊ကမ္မသာဓနဖြစ်၍ ကတ္တုဗ္ဗတ္တိ ကမ္မံ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ပြုခြင်းကြိယာကိုမကောက်အပ် ပြုအပ်သောအမှုကို အရကောက်အပ်သည်ကိုလည်းကောင်း သိစေ။

ကမ္မကာရကမေ့ဟိဖြင့် ကမ္မကာရသဒ္ဒါသည် ကရဥ်စပ်ခိုက်ကတ္တားအနက်ပေး၍၊ရမ္မပစ္စည်း၌ စပ်ခိုက် သမ္မန်အနက်ပေးအပ်သည်ကို သိစေ။ အပေါင်းသံဝဏ္ဏနာဖြင့် အိုးထိန်းသည်တို့၏အလုပ်ဟူသည် အိုးထိန်းသည်တို့ပြုအပ်သော အိုးလုပ်မှုပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။

(ဃ) ပရိသုဒ္ဓသိပ္ပေါ-ဖြင့် ပရိ-ရှေး အဝ-ရှေးရှိသော ဒါ-ဓာတ်သည် အဖြူအနက်ကိုမဟော၊ပရိသုဒ္ဓ(စင်ကြယ်ခြင်း)အနက်ဟောသည်ကို သိစေသည်။

(တစ်နည်း)ပရိယောဒါတ-သဒ္ဒါသည် အဖြူအနက်၌မဖြစ် စင်ကြယ်ခြင်းအနက်၌ဖြစ်သည်ကို သိစေသည်။

http://www.dhammadownload.com



## နံပါတ် (၇)

အသဒိသသိပ္ပေါ်/အသာဒိသသိပ္ပေါ. . .

သမာနံ ကတွာနံ ပဿတီတိ သမာနောဝိယ ဒိဿတီတိ သာဒိသော၊သဒိသော သ-ဣတိ နိပါတနေန သမာနဿ သာဒေသော ဒဒန္တဿဝါ ဒီဃော(ရူ-၅၈၈) သုတ်ထောက်၍ နှစ်ပါဌ်သင့်။

## နံပါတ် (၈)

ပရိယောဒါတသိပ္ပေါ။ ။အရှင်ဓနိယသည် အိုးအတတ်ပညာကို တတ်သောရဟန်းအပေါင်းတို့တွင် အထူးအားဖြင့် ပိုလွန်သောအိုးအတတ်ရှိသူတည်းဟု အလွန်ကိုသာယူရသောကြောင့် အတိသယ-နည်းမည်၏။

(တစ်နည်း)-အနုဝယော-ဟူသောပုဒ်ဖြင့် စင်ကြယ်သောအတတ်,ပြည့်စုံသောအတတ်ကို ပြပြီးဖြစ်သော်လည်း ပရိယောဒါတသိပ္ပေါ-အခြားသူတို့နှင့်မတူသော အတတ်ရှိသူဟု အလွန်အားဖြင့်ဆိုသောကြောင့် ဥက္ကဋ္ဌ-နည်း။

အာစရိယကံ-၌ အာစရိယ။ ။ရှေး၌ဖြစ်ဖူးသောအလားအားဖြင့် ခေါ်အပ်သောနည်းသည် ဘူတပုဗ္ဗဂတိက-နည်းမည်၏၊ပြယုဂ်ကား. . . အာစရိတည်း၊ဤ၌ရှေးဖြစ်သော လူဖြစ်ရာအခါ၌ တော်စပ်ခဲ့ဖူးသော အိုးဆရာအမည်ကို ရဟန်းဖြစ်ရာအခါ၌လည်း ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိက-နည်းမည်၏။

ပရိသုဒ္ဓသိပ္ပေါ။ ။အပေါင်းဖြစ်သော အတတ်အားလုံးတို့၏အမည်ကို အစိတ်ဖြစ်သော အိုးထိန်းသည်အတတ်၌တင် ဧကဒေသျူပစာ၊ရုဠီ-နည်း။

ပရိယောဒါတသိပ္ပေါ။ ။အပေါင်းဖြစ်သော ပရိယောဒါတ-သဒ္ဒါ၏ သိတ, ပရိသုဒ္ဓအမည်ကို အစိတ်ဖြစ်သော ပရိသုဒ္ဓ-အနက်၌တင် ဧကဒေသျူပစာ။

(တစ်နည်း)-ဂုဏ်ဖြစ်သော စင်ကြယ်သောအတတ်ရှိသူ၏အဖြစ်အမည်ကို ဂုဏောဖြစ်သော အရှင်ဓနိယ၌တင် ဂုဏူပစာ။

**မှတ်ချက်။** ။ဝိသေသနပုဒ်,ဝိကတိပုဒ်တို့၌ ဂုဏူပစာ ရသည်။

## နံပါတ် (၁၀)

ကုမ္ဘ-၏ ဝေဝစနာဟာရ. . .

ဝေဝစနံ ယောဇေတိ ဧတေနာတိ ဝေဝစနော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တစ်ခုသောတရား၌ များစွာသောဝေဝုစ်ကို ယှဉ်ကြောင်းဖြစ်သောကြောင့် ဝေဝစနာဟာရမည်၏။

အဘယ်သို့ယှဉ်သနည်းဟူမူကား- ယဋ္ဌ, ကူဋ္ဌ, ကလသ, ဝါရက-ဟူ၍ ယှဉ်အပ်၏၊ဤသို့လျှင် သုတ်၌လာသော တစ်ခုသောတရား၌ များစွာသောဝေဝုစ်ကို ယှဉ်ခြင်းသည် ဝေဝစနာဟာရမည်၏။

http://www.dhammadownload.com



## ဝါကျစဉ် (၁၂)

(က)အဘိရူပါတိ သုရူပါ။
(ခ) ပါသာဒိကာတိ ပသာဒဇနိကာ။
(ဂ) လောဟိတိကာတိ လောဟိတဝဏ္ဏာ။
(ဃ)ကိက်ဏိကသဒ္ဒေါတိ ကိက်ဏိကဇာလဿ သဒ္ဒေါ ။
(င) ယထာ ကိရ နာနာရတနေဟိ ကတဿ ကိက်ဏိကဇာလဿ သဒ္ဒေါ ဟောတိ၊ဧဝံ တဿာကုဋိကာယ ဝါတပါနန္တရိကာဒီဟိ ပဝိဋ္ဌေန ဝါတေန သမာဟတာယ သဒ္ဒေါ အဟောသိ။
(စ) ဧတေနဿာ အန္တော စ ဗဟိ စ သုပက္ကဘာဝေါ ဒဿိတော ဟောတိ။
(ဆ)မဟာအဋ္ဌကထာယံ ပန "ကိက်ဏိကာတိ ကံသဘာဇနံ"
(ဝိ၊ဋ္ဌ၊၁။၂၅၀)

## နံပါတ် (၁)

ကိက်ဏိကသဒ္ဒေါ-ရွှေခြူကွန်ယက်၏အသံသည်၊(ဝါ)-ခြူငယ်အပေါင်း၏ အသံသည်၊(ဝါ)-ကြေးခွက်၏အသံသည်။(မဟာအဋ္ဌကထာ)

## နံပါတ် (၂)

(င)ဝါကျသို့ ပုစ္ဆာ. . .

ဆရာ၊ဆံရာသည် (ဃ)ဝါကျဖြင့် ကိက်ဏိကသဒ္ဒ-ဟူသည် ခြူငယ်၏အသံ ကဲ့သို့ တူသောအသံ-ဟု ဖွင့်ဆိုအပ်၏၊ထိုကျောင်းငယ်၏အသံသည် အဘယ်သို့လျှင် ခြူငယ်၏အသံနှင့် ဖြစ်ပုံတူပါသနည်း၊ခြူငယ်၏အသံနှင့် ဖြစ်ပုံတူပုံကို သိသာထင်ရှား အောင် အကျယ်အားဖြင့် မပြဆိုပြီလော ဤသို့စုဒ်ကြောင့် (င)မိန့်။

(စ)ဝါကျသို့ စောဒနာ. . .

ဆရာ ပါဠိတော်၌ မြတ်စွာဘုရားသည်၊ (ဝါ) သင်္ဂါယနာတင်မထေရ်တို့သည် သေယျထာပိနာမ ကိက်ဏိကသဒ္ဒေါ-ဟု မိန့်ဆိုတော်မူအပ်၏။ယင်းဖြင့် အဘယ်ကို ပြအပ်ပါသနည်း။ထိုကျောင်းငယ်၏ အသံကိုသာပြအပ်ပါသလော ဤသို့စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

**နိယံ။** ။အကျိုးထောက်ဆ၊ကြောင်းသိရဖလာနုမာနာ။

**မှတ်ချက်။** ။အန္တော စ ဗဟိ စဟူ၍ ကျောင်းငယ်၏အတွင်းအပြင်နှစ်မျိုးလုံးကောင်း ကောင်း ကျက်နေသည်ကို ပြဆိုရာဖြစ်သောကြောင့် ထို ကိက်ဏိကာဟူသောပါဠ် ဖြင့် ကျောင်းငယ်၏အတွင်းသာ ကောင်းစွာကျက်သည်၏အဖြစ်ကိုပြအပ်ပါသလော ဟု ဉီနစောဒနာနည်းဖြင့် အာဘော်ထားနိုင်သည်။

(ဆ)ဝါကျသို့ အနုသန္ဓေ. . .

ဤသို့ (ဃ)ဝါကျဖြင့် ကိက်ဏိကသဒ္ဒေါဟူသည် ခြူငယ်အပေါင်း၏အသံ- ဟု ကိက်ဏိက,ကိက်ဏိကဇာလ-ကို ကောက်ယူအပ်သည်ကို မိမိဝါဒအားလျော်စွာ ပြဆိုတော်မူပြီး၍၊ယခုအခါ၌ မဟာအဋ္ဌကထာအလိုကျ ကိက်ဏိက-အရ ကံသဘာဇန

http://www.dhammadownload.com



ကို ကောက်ယူရမည်ဟု ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဆ)ဝါကျမိန့်။

## နံပါတ် (၃)

(ခ)ဝါကျ ပက္ခန္တရ။ (ဂ)ဝါကျ ပက္ခန္တရ။

(ဃ)ဝါကျ ပက္ခန္တရ။ (င)ဝါကျ တပ္ပါကဋီကရဏဝါကျ၊ထိုတွင် ယထာ-စသည် ဥပမာန၊ဧဝံစသည် ဥပမေယျ။

(စ)ဝါကျ ဝါကျာရမ္ဘ၊ကိက်ဏိကသဒ္ဒ-သဒ္ဒါ ဆိုအပ်သည်ကို ဆက်ပြ။

(ဆ)ဝါကျ ဝိသေသ၊ပက္ခန္တရဝါကျာရမ္ဘ၊ဆရာဆိုသကဲ့သို့ မဟာအဋ္ဌကထာ၌ ဆိုအပ်ပါသလောဟူသော စောဒနာကို ဆက်ပြ။

**စာစပ်။** ။ဝါတေန-ကား သည်-ကြောင့် သမာဟတာယ၌ အဝုတ္တကတ္တား၊အဝုတ္တကတ္တိ အဖြစ်ဖြင့်စပ်။

## နံပါတ် (၄)

**အဘိရူပ။** **။အဘိသုန္ဒရံ ရူပံ ယာယာတိ အဘိရူပါ။**

အဘိရူပါ-ပုဒ်လုံးအရ ကောင်းသောအဆင်းသည် မုချ။ ထို-၏ မြေဖြင့်ပြီးသောကျောင်းငယ်နှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ ယ-အညပုဒ်အရ ထို-သော ကောင်းသောအဆင်းရှိသော မြေဖြင့်ပြီးသောကျောင်းငယ် ရ၏။

**ကိက်ဏိကဇာလံ။** **။ကိက်ဏိကာ စ သာ ဇာလံစာတိ ကိက်ဏိကဇာလံ။(မအူ) ကိက်ဏိကာနံ ဇာလံ ကိက်ဏိကဇာလံ။**

ကိက်ဏိက-အရ ချူငယ်သည် မုချ။ ထို-၏ ဇာလ-အရ အပေါင်းနှင့် သမူဟီ+သမူဟ စပ် ဌာနူပစာ။ ပုဒ်လုံးအရ-ထို-သော ချူငယ်အပေါင်းရ၏။

**လောဟိတဝဏ္ဏာ။** **။သရီရေ ဗျာပနဝသေန ရုဟတိ ဇာယတီတိ လောဟိတံ။ လောဟိတံ ဝိယာတိ လောဟိတံ။ လောဟိတံ ဝဏ္ဏံ ယာယာတိ လောဟိတဝဏ္ဏာ။**

**သဒ္ဒ။** **။သဒ္ဒီယတေတိ သဒ္ဒေါ။**

သဒ္ဒ-ဓာတ်အရ ကဏ္ဍုဋ္ဌကြိယာကား အသံကိုပြုတတ်သောလေ၏ ပကတူပနိဿယသတ္တိသည် မုချ။ (ဝါ) ဥတုဇဝါယောဓာတ်၏ ဥပါဒ်သည် မုချ။ ကမ္မဋ္ဌ-အသံ၏ ပကတူပနိဿယသတ္တိ, သဟဇာတသတ္တိသည် ဖလူပစာ။ အ-ပစ္စည်းအရ ထို-သော အသံ ရ၏။

**ရတနာနိ။** **။ရတိံ ဇနေန္တီတိ ရတနာနိ။ (ရတိဇန-ဟုဆိုလိုလျက် ရတန-ဟုပြီး)**

ရတိ-အရ မွေ့လျော်ခြင်းသည် မုချ၊ထို-၏ ဇန-အရ ဖြစ်စေတတ်သော ရတနာနှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ၊ပုဒ်လုံးအရ ထို-သော မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော ရတနာရ၏။

**နာနာရတနာနိ။** **။နာနာဝိဓာနိ ရတနာနိ နာနာရတနာနိ။**

နာနာ-အရ အထူးထူးအပြားပြား များခြင်းဂုဏ်သည် မုချ၊ထို-၏ ရတနာနှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ၊ပုဒ်လုံးအရ ထို-သော အထူးထူးအပြားပြားများကုန်သော

http://www.dhammadownload.com



ရတနာတို့ရ၏။

**ဝါတပါနန္တရိကာဒယော။** ။ဝါတံ ပိဝတီတိ ဝါတပါနံ။ အန္တမေဝ အန္တရိကံ။
ဝါတပါနဿ အန္တရိကံ ဝါတပါနန္တရိကံ။
ဝါတပါနန္တရိကံ အာဒိ ယေသန္တိ ဝါတပါနန္တရိကာဒယော။
(တေဟိ)

ဝါတပါန-အရ လေသောက်ပြတင်းပေါက်သည် မှချ။ ထို-၏ အန္တရိက-အရ အကြားအရပ်နှင့် ဥာနီ/ဥာနစပ် ဥာန္တပစာ။ပုဒ်လုံးအရ ထို-သော လေသောက်ပြတင်း၏ အကြားအရပ်ရ၏။

**သမာဟတာ။** ။သမာ ဟညတေတိ သမာဟတာ။(သံ+အာ+ဟန)

သံ-ဥပသာရအရ ဓာတွတ္ထဝိသေသန ဘောဂုဏ်ရ၏။ အာ-ဥပသာရ အရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ဟန-ဓာတ်အရ ကတ္တုရှ-ထိခိုက်တတ်သော လေ-ဟုဆိုအပ်သော ဥတုဇရုပ်၏ ဥပါဒ်သည် မှချ။ ကမ္မတ္ထ- ကျောင်း၏ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ တ-ပစ္စည်းအရ ထို-သော လေသည် ကောင်းစွာထိခိုက်အပ်သော ကျောင်းငယ်ရ၏။

**ကံသဘာဇနံ။** ။ကံသေန ကတံ ဘာဇနံ ကံသဘာဇနံ။

ကံသ-အရ ကြေးသည် မှချ။ထို-၏ ဘာဇန-နောက်ပုဒ်အရ ပြုအပ်သောခွက်နှင့် ဝိကာရီ/ဝိကာရစပ် ဥာန္တပစာ။ပုဒ်လုံးအရ ထို-သော ကြေးဖြင့်ပြုအပ်သော ကြေးခွက်ရ၏။

## နံပါတ် (၅)

| | |
|---|---|
| ပါသာဒ။ | ။ပ+သဒ+ဏ။(ပသီဒန္တိ နယနမနာနိ အတြာတိ ပါသာဒံ) |
| လောဟိတ။ | ။ရုဟ+တ။(သရီရေ ဗျာပနဝသေန ရုဟတိ ဇာယတီတိ လောဟိတံ) |
| ဝဏ္ဏ။ | ။ဝဏ္ဏ+အ။ |
| သဒ္ဒ။ | ။သဒ္ဒ+အ။(သဒ္ဒီယတေ ဥစ္စာရီယတေတိ သဒ္ဒေါ) တစ်နည်း-သပ္ပ+ဒ။ |
| ရတန။ | ။ရတိသဒ္ဒူပ ပဒ ဇန+ကွိ။ရမု+တန။ရတိသဒ္ဒူပပဒ တနု+ကွိ။ |
| ဇာလ။ | ။ဇလ+ဏ(ဇလန္တိ ဒိပ္ပန္တီတိ ဇာလံ)။ |
| ဝါတ။ | ။ဝါ+တ။(ဝါယတီတိ ဝါတော) |
| ပါန။ | ။ပါ+ယု။(ပိဝန္တိ ဧတ္တာတိ ပါနော) |
| အန္တရ။ | ။အတိ+အရ။ |

**မှတ်ချက်။** ။ပုဒ်တစ်ခုမှာ ဝဂ္ဂန္တနှင့်ဆုံးနေလျှင် ယင်းပုဒ်ကို ဣကာရန်ကြံရမည်။

| | |
|---|---|
| ကမ္ဗန။ | ။ကပိ+ယု။ |
| ပဝိဋ္ဌ။ | ။ပ+ဝိသ+တ။ |

http://www.dhammadownload.com



အန္တော။ ။အမ+တ။
သုပက္ကာ။ ။သု+ပစ+ဏျ။
မှတ်ချက်။ ။ပုဒ်တစ်ခုမှာ က-ဆုံးလျှင် စ-ဓာတ်နှင့် ကြံပါ။
ကံသ။ ။ကန+သ။(ကနတိ ဒိပ္ပတီတိ ကံသော)။
ဘာဇနံ။ ။ဘဇ+ယု။

## နံပါတ် (၆)

(က)သုရူပါ-ဖြင့် အဘိရူပါ၌ အဘိ-ဥပသာရသည် ဝိသိဋ္ဌ, အတိရေကအနက်တို့၌မဖြစ်၊သုန္ဒရ-အနက်၌ဖြစ်သည်ကိုလည်းကောင်း၊သုန္ဒရံ ရူပံ ယဿာတိ အဘိရူပါ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။

(ခ)ပသာဒ ဇနိကာ-ဖြင့် ပါသာဒိကာ-၌ ပသာဒပုဒ်+ဏိကပစ္စည်း၊ယင်းဏိက-ပစ္စည်း၏ ဇနေတိ-အနက်၌ဖြစ်၍ ပသာဒံ ဇနေတီတိ ပါသာဒိကာ-ဟု ဇနေတိ တဒ္ဓိတ် ဝစနတ္ထပြုအပ်သည်ကို သိစေသည်။

(ဂ)လောဟိတဝဏ္ဏာ-ဖြင့် လောဟိတိကာ-၌ လောဟိတ-ပုဒ်+က္ကကပစ္စည်း၊ လောဟိတ-အရ သွေးတို့ဖြင့် နီမြန်းသောအဆင်းကို ကောက်ယူအပ်သည်ကိုလည်းကောင်း၊ က္ကက-ပစ္စည်း အဿတ္ထိ-အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ လောဟိတံ အဿတ္ထီတိ လောဟိတိကာ-ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။

နိယံ။ ။သံဝဏ္ဏေတဗ္ဗ၊တဒ္ဓိတကို၊ဗဟုဗ္ဗီဟိနှင့် ဖွင့်၍ပြ၊အဿတ္ထိ-ဟုကြံစရာ။

(ဃ)ကိင်္ကဏိကဇာလသဉ္စေါ-ဖြင့် ကိင်္ကဏိကသဉ္စေါ-၌ ကိင်္ကဏိက-ပုဒ်+ဇာလ-ပုဒ်+သဉ္စ-ပုဒ်၊ကိင်္ကဏိကဇာလဿ သဉ္စေါ ကိင်္ကဏိကဇာလသဉ္စေါ-ဟုဆိုလိုလျက် ကိင်္ကဏိက-ဟူသောရှေ့ပုဒ်၌ ဇာလ-ဟူသောနောက်ပုဒ်ကျေသော ပုဗ္ဗပဒေဥတ္တရပဒလောပသမာသ်အဖြစ်ကို သိစေသည်။

နိယံ။ ။ဝိဘတ်မခြား၊ပုဒ်သွင်းငြား၊ယင်းကားလောပသာ။

## နံပါတ် (၇)

ကိင်္ကဏိကသဉ္စေါ/ကိင်္ကိဏိကသဉ္စေါ. . .

ကဏတိ သဒ္ဒံ ကရောတီတိ ကိင်္ကဏိကာ၊ကဿ ဒွိတ္တံ၊အဿ ဣတ္တံ၊နိဂ္ဂဟီတာဂမော-ဟု (မောဂ်၊၇။၂၂)-သုတ်၌ ဆိုသောကြောင့် ကဏ-ဓာတ်+ဏိကပစ္စည်းဖြင့် ပြီးသော ကိင်္ကဏိကသဉ္စေါ-ပါဌ်သင့်။

ကိံကုစ္ဆိတံ ကဏတီတိ ကိင်္ကဏိ၊ကိင်္ကဏိဧဝ ကိင်္ကဏိကာ၊(ကိံ-သဒ္ဒူ-ကဏ) ကိံကိဏီတိပိ ပါဌ္ဌော့ရဲ တဒါ၊ယဒါဒိ၊ ကိံသဒ္ဒူပ ပဒ+ကဏ+က္ကက-ပစ္စည်းဖြင့်ပြီးသောကြောင့် ကိင်္ကဏိကာပါဌ်သင့်ပါသည်။

ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ-သုတ်ကြီးဖြင့် က-၏ အ-ကို ဣ-ပြု၍ပြီးသောကြောင့် ကိင်္ကိဏိကာ-ပါဌ်လည်းသင့်ပါသည်။(ခါန်၊ဋီ၊၂၈၆-ဂါထာ)

http://www.dhammadownload.com



**ကိက်ဏိကသဒ္ဒေါ/ကိက်ဏိကာသဒ္ဒေါ. . .**

ကိက်ဏိကာ-သဒ္ဒါသည် နိယတက္ကတ္ထိလိင်ဖြစ်၍ သမာသ်အလယ်ရောက်က အ-ပြုရိုးထုံးစံမရှိသောကြောင့် ကိက်ဏိကာသဒ္ဒေါပါဌ်သင့်ပါသည်။

**နိယံ။** ။သမာသ်လယ်မှာ၊ထိမြဲအာ၊ရဿာမပြုရ။

**ကိက်ဏိကာသဒ္ဒေါ/ကိက်နိကာသဒ္ဒေါ. . .**

ကိဋ္ဌိ ကိဏံ-အနည်းငယ်သောအသံကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ-ကြောင့်၊ ကိက်ဏိကာ-မည်၏-ဟု ထောမနီတိ၌ဆိုသောကြောင့် ၎-ဝဂ် ပဉ္စမက္ခရာဖြင့် ကိက်ဏိကာသဒ္ဒေါ-ပါဌ်သင့်။

**မှတ်ချက်။** ။ဂဏ္ဌိဟောင်း၌ န-ငယ်ဖြင့် ကိက်ဏိကာ-ဟု ရှိ၏။

**သမာဟတာယ/ဟတာယ. . .**

ဤ၌ လေသည် တစ်ကြိမ်သာတိုက်ခတ်အပ်သည်မဟုတ်၊ အဖန်ဖန်အထပ်ထပ် တိုက်ခတ်အပ်သောကြောင့် ထပ်ခါတလဲလဲ အနက်ဟောသော သံ-ဥပသာရ ရှိသင့်ရကား သမာဟတာယ-ပါဌ်သင့်။

**မှတ်ချက်။** ။ဂဏ္ဌိ-၌ ဟတာယ-ဟု ရှိ၏။

## နံပါတ် (၉)

**လောဟိတိကာ။** ။နီမြန်းသောအဆင်းဟူသော အများကိုဆိုသဖြင့် အမည်းတည်းဟူသော အနည်းငယ်သော အဆင်းကိုလည်းရသောကြောင့် ယေဘုယျနည်း၊ ဂုဏူပစာ။

(တစ်နည်း)- အတူဖြစ်သောသွေး၏ လောဟိတ-အမည်ကို အတူရှိသော နီသောအဆင်း၌တင် သဒိသူပစာ။(ဝိသေသနပုဒ်ဖြစ်၍ ဂုဏူပစာတင်ပါ)

**ကိက်ဏိကဇာလ။** ။အတူဖြစ်သောပိုက်ကွန်၏ ဇာလ-အမည်ကို အတူရှိသော အိမ်ပြတင်းပေါက်၌ တပ်ဆင်အပ်သောကွန်ယက်(လိုက်ကာ)၌တင် သဒိသူပစာ။

**ဝါတပါန။** ။ထင်ရှားရှိသော သောက်၍လည်းရနိုင်ကောင်းသော ဝတ္ထု၏အမည်ကို ထင်ရှားမရှိသော လေကိုသောက်ခြင်း၌တင် တဒ္ဓမ္မူပစာ။

**ကိက်ဏိကသဒ္ဒ။** ။အကြောင်းဖြစ်သော ချွေချုံကွန်ယက်သံကို ဆိုသဖြင့် အကျိုးဖြစ်သောကျောင်းငယ်၏ အတွင်း,အပြင်ကျက်ခြင်းကိုလည်း သိအပ်, ရအပ်သောကြောင့် နာန္တရီကနည်း၊ ကာရဏူပစာ။

## နံပါတ် (၁၀)

သဒ္ဒ-အရကောက်၍ လက္ခဏာဟာရနေတ္တိ. . .

သဒ္ဒ-အရ ဥတုဇသဒ္ဒရုပ်ရ၏၊လက္ခိယန္တိ ဧတေန အံဝုတ္တာပိ ဓမ္မာတိ လက္ခဏံ-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ဟောအပ်သောတရားနှင့် ဧကလက္ခဏ,သံဟာရီ,သမာနကိစ္စ,သမာနဟေတု,သမာနဖလ,သမာနာရမ္မဏ,ဇာတ်,ဂုဏ်,ကြိယာ,ဒြဗ်,နာမ်

http://www.dhammadownload.com



အားဖြင့်တူသော မဟောအပ်သောတရားတို့ကိုလည်း မှတ်ကြောင်းဖြစ်သောကြောင့် ၁ကျွဏာဟာရမည်၏။(နိဒါန်း)

အဘာယ်သို့မှတ်အပ်သနည်းဟူမူကား-သဒ္ဒ-ရုပ်နှင့် ရုပ္ပနလက္ခဏာအားဖြင့် လည်းကောင်း၊ဥတု,စိတ်ကြောင့် ဖြစ်ခြင်းဖြင့်လည်းကောင်း။အသံမည်ခြင်းကိစ္စအားဖြင့် လည်းကောင်း၊ဥတု,စိတ်ဟူသော အကြောင်းအားဖြင့်လည်းကောင်း၊ကုဋ္ဋိ၏ အတွင်း အပြင်ကျက်ခြင်းဟူသော အကျိုးအားဖြင့်လည်းကောင်း၊အနာရမ္မဏအဖြစ်ဖြင့်လည်း ကောင်း၊ အဗျာကတဇာတ်အားဖြင့်လည်းကောင်း၊ ဖောက်ပြန်ခြင်းကြိယာအားဖြင့် လည်းကောင်း၊ ပြန့်ကြဲခြင်းဂုဏ်အားဖြင့်လည်းကောင်း၊ ရုပ်ဒြပ်အားဖြင့်လည်းကောင်း၊ မျှပအမည်အားဖြင့်လည်းကောင်း တူသော ဥတုဇ,သုဒ္ဓဋ္ဌက,သဒ္ဒနဝက ကလာပ်ရုပ်တို့ ကိုလည်းကောင်း ယူအပ်၏။(စာကိုယ်)

ဤသို့ သုတ်၌မလာသောတရားတို့ကို ကေလက္ခဏ-စသောအားဖြင့် မှတ် ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရမည်၏ ဟူလို။(နိဂုံး)

(က) ဝါကျဖြင့် ကျောင်း၌ တံခါးဝ၏တံခါးရွက်,လေသောက်ပြတင်း၏ တံခါးရွက် အစရှိသည်တို့၌ အလုံးစုံရတနာတို့ဖြင့်ပြီးသော်လည်း အဆင်းကို ပြေပြစ်အောင် ပြုခြင်းသည် အပ်၏ဟုဆိုသဖြင့် အခြားသော ပြေပြစ်အောင်ပြုခြင်း၌ အပ်,မအပ်-ဟု အကြောင်းဆိုဖွယ် အဘယ်မှာရှိအံ့နည်း၊အလုံးစုံ ဒ ဘုန်အပ်သည်သာဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(ဂ)ဝါကျဖြင့် ဝိရုဠ္ဟသေနာသန-ကို ကြည်ထား၍ အခြားသော ဝဏ္ဏာမဋ္ဌကမ္မ-စသည်အမှုကို ရည်ရွယ်၍ ကျောင်း၌ တစ်စုံတစ်ခုတားမြစ်ထိုက်သည်မရှိဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(အန္ဝယ)။

ဝိရုဠ္ဟသေနာသန-မရှိခြင်းကြောင့် တစ်စုံတစ်ခုတားမြစ်ထိုက်သည် မရှိဟု ဆိုသည်မဟုတ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဗျတိရေက)။

(က) တေန သဗ္ဗရတနမယမ္ပိ ဝဏ္ဏာမဋ္ဌကမ္မံ ဝဋ္ဋတိ၊ကိမင်္ဂ ပန အညဝဏ္ဏာမဋ္ဌကမ္မန္တိ အတ္ထံ ဇောတေတိ။

(ဂ) ဝိရုဠ္ဟသေနာသနံ အညတြထပေတွာ ဝဏ္ဏာမဋ္ဌာဒိကမ္မံ သန္ဓာယ သေနာသနေ ကိဋ္ဌိ ပဋိသေဓေတဗ္ဗံ နတ္ထိတိ ဝုတ္တံ၊န တဒဘာဝေါတိ။ (ဝိ၊ဋီ၊၁၊၅၂)

## နံပါတ် (၇)

ကဝါဠ/ကပါဠ. . .

ကပါဠ ကဝါဠန္တိပိ ဒွါရဗာဟာယ နာမာနိ၊တံ ဝါတံ ပါဠယတိ ဝါဠယတိ စေတိ ကမ္မနိနော၊ ဏ္ဍတ္တိယံ ကပါဠံ။ (ဓာန်၊ဋီ၊၂၀၉၊ဂါထာ)

သီမာယ/သီမာယ. . .

သိ ဗန္ဓနေ၊သိယတီတိ သီမာ၊ဒီဃော-ဟု ရူ-၆၅၃-သုတ်၌ သိဓာတ်+မ-ပစ္စည်း ဏ္ဍ-ကို ဤ-ပြု၍ ပြီးသောကြောင့် သီမာယ-ဟု ဒီဃဖြင့်ရှိသောပါဌ်သင့်၏။

အညတြဝိရုဠ္ဟသေနာသနာ/ဝိရုဠ္ဟသေနာသနံ/ဝိရုဠ္ဟသေနာသနေန. . .

ရိတေ ဝိနာ အညတြတို့ ယှဉ်ရာမှန်လှ ယင်းပဒဝယ် ဒု,တ,ပဥ္စမီ သက်မြဲတည်း။ ဟူသော နိယံအရ အညတြ-အယှဉ် ဒုတိယာ,တတိယာ,ပဥ္စမီဝိဘတ်တို့ဖြင့် သက်နိုင်သောကြောင့် သုံးပါဌ်လုံးသင့်ပါသည်။

## နံပါတ် (၈)

ရာဇဝလ္လဘာ။ ။ပြဌာန်းသောမင်းကို ဆိုသဖြင့် မပြဌာန်းသော မှူးကြီး,မတ်

http://www.dhammadownload.com



ကြီး,သေနာပတိတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။(ရာဇ-သာရ)

**တစ်နည်း။** ။အပေါင်းဖြစ်သော မင်းကျွမ်းဝင်ရဟန်းတို့၏အမည်ကို အစိတ်ဖြစ်သော လဇ္ဇီရဟန်းတို့၏ ဥပုသ်,ပဝါရဏာတို့၏ အန္တရာယ်ကိုပြုတတ်သော အလဇ္ဇီရဟန်တို့၌တင် ဧကဒေသျူပစာ။

**ရာဇဝလ္လဘာတိ ဥပေါသထပဝါရဏာနံ အန္တရာယ ကရာ. အလဇ္ဇိနော ရာဇကုလူပဂါ ဝုစ္စန္တိ။** (သာရတ္ထ၊၂။၁၂၂)

**သီမာယ။** ။အပေါင်းဖြစ်သော သိမ်များစွာ၏အမည်ကို အစိတ်ဖြစ်သော ဗဒ္ဓသိမ်၌ တင်စား၍ဆိုသောကြောင့် ဧကဒေသျူပစာ။ရုဠှီနည်း။

**ဗဒ္ဓသီမံ သန္ဓာယာတိ ဒဋ္ဌဗ္ဗံ။** (ဝိ၊ဋီ၊၁။၅၂)

## နံပါတ် (၁၀)

(င) ဝါကျ ကရောန္တိ-အရ အနိုင်အထက်ပြု၍ ကျောင်းဆောက်သော အလဇ္ဇီရဟန်းတို့၏ ခန္ဓာပဋ္ဌက ရ၏။

တစ်နည်း။ ။ ထိုအလဇ္ဇီရဟန်းတို့သန္တာန်၌ ဗီရိယပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။

♠♠♠♠♠♠♠♠♠

## ဝါကျစဉ်(၂၁)

(က) ဓဝံ ဘိန္ဒာယ ပန ကုဋိကာယ ခနိယဿ ပရိဝိတက္ကဥ္စ ပုန ကုဋိကရဏတ္ထာယ ဥဿာဟဥ္စ ဒသေတုံ "အထခေါ အာယသ္မတော"တိအာဒိ ဝုတ္တံ။

(ခ) တတ္ထ ဒါရုဂဟေ ဂဏကောတိ ရညော ဒါရုဘဏ္ဍာဂါရေ ဒါရုဂေါပကော။

(ဂ) ဒေဝဂဟဒါရူနီတိ ဒေဝေန ဂဟိတဒါရူနိ။

(ဃ) ရာဇပဋိဂ္ဂဟိတဘူတာနိ ဒါရူနီတိ အတ္ထော။

(င) နဂရပဋိသင်္ခါရိကာနီတိ နဂရဿ ပဋိသင်္ခါရုပကရဏာနိ။

(စ) အာပဒတ္ထာယ နိက္ခိတ္တာနီတိ အဂ္ဂိဒါဟေနဝါ ပုရာဏဘာဝေနဝါ ပဋိရာဇူပရုန္ဓနာဒိနာဝါ ဂေါပုရဋ္ဋာလကရာဇဂေဟပုရဟတ္ထိသာလာဒီနံ ဝိပတ္တိ အာပဒါတိ ဝုစ္စတိ။

(ဆ) တဒတ္ထံ နိက္ခိတ္တာနီတိ ဝုတ္တံ ဟောတိ။ (ဝိ၊ဌ၊၁။၂၅၅)

## နံပါတ်(၁)

(က)ပန-ဆက်။ဓဝံ-ဤသို့။ဝါ-ဤသို့ဆိုအပ်သည်အတိုင်း(ဓဝံ ဘန္တေတိ။ပ။ ဘိန္ဒိ သုံးဟူ၍။ကုဋိကာယ-ကို။ဘိက္ခူ-တို့သည်။)မအူ၌ထည့်ပါဌ်များတွေ့ရသည်။

ခနိယဿ-၏။ကုဋိကာယ-ကို။ဘိန္ဒာယ-ဖျက်ပြီးလတ်သော်။ခနိယဿ-၏။ ပရိဝိတက္ကဥ္စ-အကြံကိုလည်းကောင်း။ပုန-တစ်ဖန်။ကုဋိကရဏတ္ထာယ-ကျောင်းငယ်ကို

http://www.dhammadownload.com



ပြခြင်းအကျိုးငှါ။ဥဿာဟဥ္စ-အားထုတ်ပုံကိုလည်းကောင်း။(ကတ္တား=သင်္ဂီတိကာရေဟိ)

(ခ)ဒါရုဘဏ္ဍာဂါရေ-သစ်ဘဏ္ဍာထားရာအိမ်၌။ဒါရုဂေါပကော-သစ်တို့ကိုလုံခြုံစေတတ်သောသူသည်။ဝါ-စောင့်ရှောက်တတ်သူသည်။(သဒ္ဒတ္ထ)ဝါ-သစ်ထိန်းသည်။ အတ္ထိ။

(ဃ)ရာဇပဋိဂ္ဂဟိတဘူတာနိ-ဘုရင်မင်းမြတ်သည်သိမ်းပိုက်အပ်သည်ဖြစ်၍ ဖြစ်ကုန်သော။

(င)ပဋိသင်္ခရုပကရဏာနိ-ပြင်ဆင်ခြင်း၏အဆောက်အဦးဖြစ်ကုန်သော။

(စ)အဂ္ဂိဒါဟေနဝါ-မီးလောင်ခြင်းကြောင့်သော်လည်းကောင်း။ပဋိရာဇူပရုန္ဓနာဒိနာဝါ-ရန်သူမင်း၏ပိတ်ဆို့ဖျက်ဆီးခြင်းအစရှိသော အကြောင်းကြောင့်သော်လည်းကောင်း။ဂေါပုရဋ္ဋာလကရာဇင္ဂေဟပုရဟတ္ထိသာလာဒီနံဝါ-တံခါးမုခ်, ပြအိုး, တန်ဆောင်းဆင်တင်းကုတ်အစရှိသည်တို့၏။ဝိပတ္တိ -ပျက်စီးခြင်းကို။အာပဒါတိ-ဟူ၍။

## နံပါတ်(၂)

(က)ဝါကျသို့စောဒနာ။ ။ဆရာ၊အရှင်ဥပါလိသည် "အထခေါ် အာယသ္မာ "စသောစကားကို ဆိုအပ်၏ အလုံးစုံမြေဖြင့်ပြုအပ်သောကျောင်းငယ်ကို ဖျက်ဆီးအပ်ပြီးသည်၏အဖြစ်ကိုပြုပြီးသည်မဟုတ်ပါလော။ထို့ကြောင့်"အထခေါ် အာယသ္မာ" အစရှိသောစကားကိုမဆိုသင့် မဆိုထိုက်၊ ဆိုချေသော်. နိရတ္ထကဒေါသသင့်ရောက်ရာ၏၊အဘယ်ကိုပြခြင်းအကျိုးငှါဆိုပါသနည်း။ဤသို့စုဒ်ကြောင့်(က)ဝါကျမိန့်။

မှတ်ချက်။ ။"အလုံးမြေညက်ဖြင့်ပြုအပ်သော ကျောင်းငယ်ကို ဖျက်ဆီးအပ်ပြီးသည်၏အဖြစ်ကို ပြုပြီးသော်လည်း"-စသဖြင့်အာဘော်ကို လက္ခဏာရှစ်ထိုးပြီးပြန်ရမည်ကို သတိပြုပါ။

အနုသန္ဓေဝါကျဖြစ်၍ ရှေ့နောက်ဝါကျသန္ဓေစပ်က စသောနိယံနှင့်အညီတက်ရသည်ကို သိပါ။

(ခ)ဝါကျသို့။ ။ဆရာ (က)ဝါကျဖြင့် အရှင်ဓနိယ၏အကြံနှင့် တစ်ဖန်ကုဋိကို ပြန်ဆောက်ခြင်းအကျိုးငှါ အားထုတ်ပုံကို ပြခြင်းအကျိုးငှါ အထခေါ် အာယသ္မာ-စသော သမုဒါယတ္ထ ပိဏ္ဍတ္ထ-ကို ပြဆိုတော်မူအပ်၏။အဝယဝတ္ထ-ကို မပြဆိုပြီလော။အဝယဝတ္ထ-ကား အဘယ်ပါနည်း။ဤသို့ စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

နိယံ-၌ တတ္ထချိလျက်,စကားတက်မူ,မှတ်ယူဝိတ္ထာရ-ဟု ဆို၏။သို့သော် ရှေ့စကားသည် သခေ်ပစကား မသက်ရောက်-တဲ့။ (ပေါက်မြိုင်ဆရာတော်)

(ဃ)ဝါကျသို့။ ။ဆရာ (ဂ)ဝါကျဖြင့် ဒေဝဂဟဒါရူနိ-ကို ဒေဝေန ဂဟိတဒါရူနိ-ဟု ဖွင့်ပြတော်မူအပ်၏။ဒေဝ-အရကိုလည်းကောင်း ဂဟိတဒါရူနိ-အရကိုလည်းကောင်း မပြဆိုပြီလော။ဒေဝ-အရနှင့် ဂဟိတဒါရူနိ-အရ အဘယ်ကို ယူအပ်ပါသနည်း ဤသို့စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

ကား။ ။ဒေဝ-အရ ဝိသုဒ္ဓိဒေဝ-စသည်ကို မယူအပ်၊သမုတိဒေဝ-ကို ယူအပ်၏၊ဂဟိဘဒါရူနိ-အရ မင်း၏ဥစ္စာ၏အဖြစ်ဖြင့် သိမ်းယူအပ်သောသစ်တို့ကို အရကောက်အပ်

http://www.dhammadownload.com



၏-ဟူလို။

အတ္တော-ကို ရှု၍ ထွက်လိုသော်. . . (ဌပနာတူ၏)

ဒေဝေန-နတ်သည်၊ဂဟိတဒါရူနိ-ယူအပ်သောထင်းတို့သည်၊သံဃ်-ကုန်၏၊ဤသို့ အနက်ကို မှတ်သားအပ်ပါသလော။အဘယ်အနက်ကို မှတ်သားအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ယ)ဝါကျကိုမိန့်။

အတ္တော-ကိုရှုပြီး လိုအပ်သောအနက်ကို လှီးလွှဲမေးမြန်းသည်ကိုသိလေ။

(ဆ) ဝါကျသို့။ ။ဆရာ (စ)ဝါကျဖြင့် အာပဒါယ-အရ ပျက်စီးခြင်းကို အရ ကောက်အပ်၏-ဟု အန္တတ်ပုဒ်ကို ဖွင့်ပြတော်မူအပ်၏။ဗာဟုျတ်ဖြစ်သော ဝိဘတ်နှင့် ဝိဘတ်၏အနက်ကို မပြဆိုပြီလော။အာယ-သည် အဘယ်ဝိဘတ်၏ ကာရိယဖြစ်၍ ယင်းဝိဘတ်သည် အဘယ်အနက်၌သက်ပါသနည်း ဤသို့စုဒ်ကြောင့် (ဆ)ဝါကျမိန့်။

## နံပါတ် (၃)

(ခ) ဝါကျ ပက္ခန္တရ။(ကျမ်းတက်ရှု)
(ဂ) ဝါကျ ပက္ခန္တရ။
(ယ)ဝါကျ ဝိတ္ထာရ။ဝါကျာရမ္ဘ။
(င) ဝါကျ ပက္ခန္တရ။
(စ) ဝါကျ ပက္ခန္တရ။
(ဆ)ဝါကျ ဝိတ္ထာရ။

**စာစပ်။** ။ဘိန္နာယကား လတ်သော်-ပေးသောကြောင့် ပရိဝိတက္က-ဥဿာဟံ-တို့၌ လက္ခဏာ+လက္ခဏာဝန္တ စပ်။

**ဘိန္နာယာတိ ပဒံ ပရိဝိတက္ကံ ဥဿာဟန္တိပဒဒွယေ လက္ခဏကြိယာ။**
**(ယောဇနာ)**

## နံပါတ် (၄)

**ဒါရုဂေါပကော။** ။**ဂေါပေတီတိ ဂေါပကော။**
**ဒရီယတီတိ ဒါရု။**
**ဒါရူနံ ဂေါပကော ဒါရုဂေါပကော။**

ဒါရု-အရ သစ်သားတို့သည် မုချ။ထို-၏ သစ်ထိန်းနှင့် ဝိသေသန+ဝိသေသျ ကမ္မ+ကမ္မီ စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော သစ်တို့ကိုလုံခြုံစေသူ သစ်ထိန်းရ၏။

**ဒေဝဂဟာဒါရူနိ။** ။**ဂယှိံသူတိ ဂဟာနိ။ ဒေဝေန ဂဟာနိ ဒေဝဂဟာနိ။**
**ဒေဝဂဟာနိ စ တာနိ ဒါရူနိစာတိ ဒေဝဂဟာဒါရူနိ။**

ဒေဝ-အရ ဒိဗ္ဗိသာရမင်းသည် မုချ။ထို-၏ သိမ်းပိုက်အပ်သော သစ်တို့နှင့် သာမိ+သံ ခပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော မင်းသိမ်းပိုက်အပ်သော သစ်တို့ရ၏။

**ပဋိရာဇူပရုန္ဓနာဒိ။** ။**ပဋိပက္ခာ ရာဇာနော ပဋိပက္ခရာဇာနော။**
**ဥပရုန္ဓီယတေတိ ဥပရုန္ဓနံ။**

http://www.dhammadownload.com



ပဋိရာဇူဟိ ဥပရုဒ္ဓနံ ပဋိရာဇူပရုဒ္ဓနံ။
ပဋိရာဇူပရုဒ္ဓနံ အာဒိ ယဿာတိ ပဋိရာဇူပရုဒ္ဓနာဒိ။

ပဋိ-အရ။ ဆန့်ကျင်ဘက်ဘောဂဏ်သည် မုချအားဖြင့်ရ၏။ ထို့ ၏မင်းနှင့် ဂုဏ်+ဂုဏေးအစပ်သမ္ဗန်သည် ဋ္ဌာန္တပစာ။ ပုဒ်လုံးအရ-ဆန့်ကျင်ဘက်မင်းတို့ရ၏။

ဒါရုဘဏ္ဍာဂါရံ။ ။ဒါရုစ တာနိ ဘဏ္ဍာနိစာတိ ဒါရုဘဏ္ဍာနိ။
ဌပိယန္တိ ဧတ္ထာတိ ဌပနံ။
ဒါရုဘဏ္ဍာနံ ဌပနံ ဒါရုဘဏ္ဍဌပနံ။
ဒါရုဘဏ္ဍဌပနံ အဂါရံ ဒါရုဘဏ္ဍာဂါရံ။(ရှေးပုဒ်၌ ဌပန ဟူသောနောက်ပုဒ်ကျေသော ပုဗ္ဗပဒေဥတ္တရပဒလောပသမာသ်။)

ဒါရုဘဏ္ဍာဌပနအရ-သစ်ဘဏ္ဍာ၏ထားရာအဖြစ်ဟူသောဂုဏ်သည် မုချ။ ထို့ ၏အိမ်နှင့်ဂုဏ်/ဂုဏေး. ဝိသေသန/ဝိသေသျ အစပ်သမ္ဗန်သည် ဋ္ဌာန္တ။ပုဒ်လုံး အရ-ထို့ သောသစ်ဘဏ္ဍာတို့ထားရာအိမ်တော်(သစ်ရုံး)ရ၏။

ပဋိသင်္ခါရိကာနိ။ ။ပဋိသင်္ခါရဿ ဟိတာနိ ပဋိသင်္ခါရိကာနိ။

ပဋိသင်္ခါရ-တဒ္ဓိတ်ပုဒ်အရ ပြုပြင်စီရင်ခြင်းသည် မုချ။ ထို-၏ ဣက-ပစ္စည်း အရ သစ်ဘဏ္ဍာတို့နှင့် နိဿယ+နိဿိတ-စပ် ဋ္ဌာန္တပစာ။ ဣက-ပစ္စည်းအရ ထို- သော ပြုပြင်စီရင်ခြင်း၏ အစီးအပွားဖြစ်သော သစ်ဘဏ္ဍာ ရ၏။

အင်္ဂဒါဟော။ ။အင်္ဂဿ ဒါဟော အင်္ဂဒါဟော။
ဝေါပုရံ။ ။ဂုန္နံ ဝါစာနံ ပုရံ ဝေါပုရံ။
ရာဇန္တေပုရံ။ ။ပုရဿ အန္တေ အန္တေပုရံ။
ရညော အန္တေပုရံ ရာဇန္တေပုရံ။

## နံပါတ်(၅)

အင်္ဂ။ ။အာဂ+ဂီ။(အာဂတိ ကုဋိလော ဟုတွာ ဂစ္ဆတီတိ အင်္ဂ။)
အင္ဂာလက။ ။အင္ဂ+အာလက(အင်္ဂာလကရှိက-အင်္ဂ+အာလက)
ပဋိသင်္ခါရ။ ။ပဋိ+သံ+ကရ+ဏ။
ဘိန္နာဃ။ ။ဘိဒိ+တ။
အဂါရ။ ။အာဂ+ရာ+ကွိ။(န ဂစ္ဆတီတိ အဂါ။ထမ္ဘာဒယော။ တေ ရာတိ ဂဏှာတီတိ အဂါရံ။ရဿဿ ဒီဃတ္တေ အာဂါရံ။)
တစ်နည်း-အာဂ+အရ။(အာဂန္တွာ ဂစ္ဆန္တိ ယန္တိ အဂါရံ။)
သာလာ။ ။သလ+အ+အာ။

## နံပါတ်(၆)

(ခ) ဒါရုဂေါပကောဖြင့် ဒါရုဂဟေ ဂဏကော၌ ဂဏသဒ္ဒါသည် ဂဏေတီတိ ဂဏကော. ဟု ဝစနတ္ထပြု၍ ဗေဒင်ဆရာ၊သင်္ချာတတ်သူဟူသောအနက်ကိုမဟော၊သစ် တို့ကို လုံခြုံစေတတ်သူဟူသောအနက်ကိုဟောသည်ကို သိစေပါသည်။ (သဒ္ဒါဟော

http://www.dhammadownload.com



အဘိဓေယျတ္ထ။)တစ်နည်း. ဘာဝတ္ထဖော်ပါ။ ဒါရုဘဏ္ဍာဂါရဖြင့်သစ်စုသာမညဆိုသော်လည်း ဤ၌ မင်းဘဏ္ဍာထိုက်သော သစ်တို့ကို ကောက်ယူအပ်သည်ကိုလည်းကောင်း၊ဂဟသဒ္ဒါသည် ဤ၌ အဂါရသဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကိုလည်းကောင်း၊ဒါရုဘဏ္ဍာနံ ဂဟံ ဒါရုဂဟံ. ဟုဘဏ္ဍာအလယ်ပုဒ်ကျေသော မဇ္ဈေလောပီ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေ။

နိယံ။ ။မရှိတာပြ၊တဒ္ဓိတ၊လောပသမာသ်ကြဲ။
ဝိဘတ်မခြား၊ပုဒ်သွင်းငြား၊ယင်းကား၊လောပသာ။
ဝိဘတ်ခြားလျှက်၊ပုဒ်ထည့်စွက်၊မိန့်မြွက်ပါဠ္ဍသေသသာ။

ရဉောဖြင့် အမတ်စသူတို့၏သစ်ဂိုထောင်မဟုတ်၊မင်း၏သစ်ဂိုထောင်အဖြစ်ကို သိစေပါသည်။

(င) ဝါကျ နဂရဿ ပဋိသင်္ခါရူပကရဏာနိ-ဖြင့် ပဋိသင်္ခါရ-၌ ပဋိ+သံ+ကရ+ဏ၊ယင်းဏ-ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်၍ ပဋိသင်္ခရဏံ ပဋိသင်္ခါရော-ဟု ဘာဝသာဓန ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊(ရှေ့ပုဒ်ဆဋ္ဌီအနက်ဖွင့်သည်ကိုရှု) နဂရဿ ပဋိသင်္ခါရော နဂရပဋိသင်္ခါရော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း။ဏ္ဍက-ပစ္စည်း ဥပကရဏ-အနက်၌သက်၍ နဂရပဋိသင်္ခါရဿ ဥပကရဏာနိ နဂရပဋိသင်္ခါရိကာနိ-ဟု ဟိတ-တဒ္ဓိတ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။(တစ်နည်း) ဥပကရဏဟူသည် ဟိတတဒ္ဓိတ်ကိုပြသည်၊ထို့ကြောင့် နဂရပဋိသင်္ခါရဿ ဟိတာနိ နဂရပဋိသင်္ခါရိကာနိ-ဟု ဟိတ-တဒ္ဓိတ်ဝစနတ္ထပြုအပ်သည်ကို. သိစေပါသည်။

(စ) ဝိပတ္တိ အာပဒါ ဝုစ္စတိ-ဖြင့် အာပဒါ-သဒ္ဒါသည် ဝိပတ္တိ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေပါသည်။(တစ်နည်း)-အာပဒါသည် ပျက်စီးခြင်းအနက်၌ ဖြစ်သည်ကို သိစေပါသည်။(တစ်နည်း)- အာပဒ-အရ ပျက်စီးခြင်းကိုယူအပ်သည်ကို သိစေပါသည်။(တစ်နည်း)-အာပဒါ-၌ အာ+ပဒ၊အာပဇ္ဇနံ အာပဒါ-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေပါသည်။ဂေါပုရ ။ပ။ ဟတ္ထိသာလာဒီနံဖြင့် အာပဒါ-အရ ပျက်စီးခြင်းဟူသည် တစ်မြို့လုံးဖြစ်သော ပျက်စီးခြင်းကို မယူအပ်၊တံခါးမုခ်,ပြအိုး,မင်းနန်းတော်,ဆင်တင်းကုတ်စသည်တို့၏ ပျက်စီးခြင်းကို ယူအပ်သည်ကို သိစေပါသည်။အဂ္ဂိဒါဟေနဝါ ။ပ။ ရုန္တနာဒိနာဝါဖြင့် ပျက်စီး၏ဟူသည် မီးလောင်ခြင်းကြောင့်သော်လည်းကောင်း,ဟောင်းနွမ်းခြင်းကြောင့်သော်လည်းကောင်း,ဆန့်ကျင်ဘက်.ရန်သူမင်းတို့ ပိတ်ဆို့ခြင်းကြောင့်လည်းကောင်း ပျက်စီးသည်ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။

(ဆ) တဒတ္ထံ-ဖြင့် အာပဒတ္ထာယ-၌ အာယသည် နာ-စသည်၏ ကာရိယမဟုတ်၊စတုတ္ထီ သ-ဝိဘတ်၏ ကာရိယအဖြစ်ကိုလည်းကောင်း။ယင်းသည် တဒတ္ထသမ္ပဒါန်အနက်၌ သက်သည်ကိုလည်းကောင်း သိစေပါသည်။

## နံပါတ် (၇)

**ဒါရုဂဟေ/ဒါရုဂေဟေ. . .**

http://www.dhammadownload.com



ဂဟဿုပစေသေတံ အသမာသေ နိစ္စ-သုတ်ကို ထောက်၍ သမာသ်မဟုတ် ရာ၌ ဧ-အပြုဖြစ်နိုင်၏။သမာသ်မှာ ဧ-မပြုရထို့ကြောင့် ဤ၌သမာသ်ဖြစ်၍ ဒါရုဂဟေ သင့်။ သို့သော်- သီလက္ခန် သာမညဖလသုတ်၌ တာပနဂေဟ-ပုဒ်ကို တွေ့အပ်သော ကြောင့် သမာသ်၌ ဧ-မပြုအပ်ဟုဆိုသောစကားလည်းမမြဲ၊ထို့ကြောင့် ဒါရုဂေဟေ ပါဌ်လည်း သင့်ပါသည်။ (ဒီ၊ဋ၊၁။၁၂၅)

**ရာဇပရိဂ္ဂဟဘူတာနိ/ရာဇပဋိဂ္ဂဟိတဘူတာနိ. . .**

ပရိ+ဂဟ+အ-ဖြင့်ပြီးသော ပရိဂ္ဂဟ-ပုဒ်သည် ပရိဂ္ဂဟော အဓိနေဝစ၊ အာ ယတ္တောတု စ သန္တေကော-ဟူသော အဘိဓာန်၊ယဿဝါ ပရိဂ္ဂဟော တံ သာမိ-သုတ် စဉ်နှင့် ညီညွတ်သောကြောင့် ရာဇပရိဂ္ဂဟဘူတာနိ ပါဌ်သင့်။ပဋိဂ္ဂဟိတ-၌ ပဋိ+ဂ ဟ+တ-ဖြင့် ပြီးသောကြောင့်လည်းကောင်း,ရာဇဂဟအဖွင့်၌ ရညော ပရိဂ္ဂဟိတတ္တာ- ဟု ဖွင့်ဆိုအပ်သောကြောင့်လည်းကောင်း, ပဋိဂ္ဂဟော စ ဂဟဏေ-ဟု ဓာန်-၌ ဆိုသော ကြောင့်လည်းကောင်း,ရာဇပဋိဂ္ဂဟိတဘူတာနိ-ပါဌ်လည်းသင့်ပါသည်။

**ပဋိဂ္ဂဟ/ပဋိဂ္ဂဟိတ. . .**

နှစ်ပါဌ်လုံးပင် သိမ်းပိုက်ခြင်း သန္တက-အနက်ဟော၍ အနက်မထူး၊အ-တ- ပစ္စည်းမျှသာ ထူး၍ နှစ်ပါဌ်လုံးသင့်။

**ဝိပတ္တိ/ဝိပ္ပတ္တိ. . .**

ဝိ+ပဒ+တိ-ပစ္စည်းဖြင့်ပြီးသောကြောင့် ပဒ-ဓာတ်၏ အာဒိပစ္စည်းသည် ဒွေးဘော်ဌာနမဟုတ်သောကြောင့် ဒွေးဘော်မဲ့ ဝိပတ္တိ-ပါဌ်သင့်။ (ဝိရူပံ ပဇ္ဇနံ ဝိပတ္တိ,

**ပဋိရာဇူပရုန္ဓန/ပဋိရာဇူပရုဒ္ဓန. . .**

ဥပ+ရုဓိ+ယု-ပစ္စည်းဖြင့်ပြီးသော ဥပရုန္ဓန-ပုဒ်ဖြစ်၍ ပဋိရာဇူပရုန္ဓန-ဟုရှိ သောပါဌ်သာသင့်။

**အင္ဂါလက/အဂ္ဂါလက. . .**

အင္ဂ-သဒ္ဒူပပဒ အလ+ဏွု ဖြင့်ပြီးသောကြောင့် ပဉ္စမက္ခရာ ဒွေးဘော်ဖြင့်ရှိ သော အင္ဂါလက-ပါဌ်သင့်။

## နံပါတ် (၉)

**ပရိဝိတက္ကဥ္စ ဥဿာဟဥ္စ။** ။အစိတ်ဖြစ်သော ဝိတက်, ဝီရိယတို့၏ အမည်ကို အပေါင်းဖြစ်သော သဟဇာတစိတ္တုပ္ပါဒ်၌တင် ဧကဒေသူပစာ၊ပဓာနနည်း။

**ဒါရုဂဟေ။** ။ဒါရုဂဟေ၌ ဒါရု ဧကဒေသူပစာ (နံပါတ် ၆-၌)။အတီသ ယ-နည်း၊ဘဏ္ဍာထိုက်သောသစ်ကို အလွန်အားဖြင့်ယူအပ်သောကြောင့်။

**ဓနိယဿ-၏။** ။ကာကောလောကနနည်း။(၁-နံပါတ် နိဿယ၌)

**ရညာ။** ။ဧကဒေသူပစာ။ ဤ၌ဗိမ္ဗိသာရမင်းကိုသာ ယူအပ်၏။

**အာပဒါ။** ။အလုံးစုံပျက်စီးခြင်း၏ အာပဒါအမည်ကို အစိတ်ဖြစ်သော ဝေါပုရစသည် ပျက်စီးခြင်း၌တင် ဧကဒေသူပစာ။

## နံပါတ် (၁၀)

ဂဏက-အရ သစ်တို့ကို ရေတွက်တတ်သော သစ်စာရေး၏ ခန္ဓာပဥ္စကဖြစ်

http://www.dhammadownload.com



ရ၏။(တစ်နည်း) ရေတွက်သော အခြင်းအရာအားဖြင့်ဖြစ်သော သတိ,ဝီရိယ,ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကောက်။

## ဝါကျစဉ်(၂၂)

(က) ဝဿကာရောတိ တဿ ပြဟ္မဏဿ နာမံ။
( ခ) မဂဓမဟာမတ္တောတိ မဂဓရဇ္ဇေ မဟာမတ္တော။
( ဂ) မဟတိယာ ဣဿရိယမတ္တာယ သမန္နာဂတော။
(ဃ) မဂဓရညောဝါ မဟာမတ္တော။
( င) မဟာအမစ္စောဝါ ဝုတ္တံ ဟောတိ။ ။(ဝိ၊ဋ္ဌ၁။၂၅၅။)

## နံပါတ်(၁)

မဟာမတ္တော-မာဂဓတိုင်း၌ အမတ်ကြီးသည်၊(ဝါ)-ကြီးကျယ်သော အစိုးရသော အတိုင်းအရှည်နှင့် ပြည့်စုံသူသည်။

တစ်နည်း-မဂဓမဟာမတ္တော-မဂဓမင်း၏အမတ်ကြီးသည်၊(ဝါ)-အမတ်ချုပ်ကြီးသည်။

## နံပါတ် (၂)

(ဂ)ဝါကျသို့။ ။ဆရာ(ခ)ဖြင့် မဂဓမဟာမတ္တောကို မဂဓေသု မဟာမတ္တော မဂဓမဟာမတ္တော-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း မဂဓ-အရ မဂဓတိုင်းကို အရကောက်အပ်သည်ကိုလည်းကောင်း ဖွင့်ပြတော်မူအပ်၏။ ထို၌ မဟာမတ္တောကို အဘယ်သမာသ် ဝစနတ္ထ တွဲစပ်အပ်ပါသနည်း။ကမ္မဓာရည်း တပ္ပုရိသ် ဝစနတ္ထတို့ တွဲစပ်အပ်ပါသလော ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။ ကား။ ။မဟတီ မတ္တာ ယဿာတိ မဟာမတ္တော-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ တွဲစပ်အပ်၏-ဟူလို။

**ကုလဘောဂဣဿရိယာဒီဟိ မဟတီ မတ္တာ ပမာဏံ ဧတဿာတိ မဟာမတ္တော၊တေနာဟ "မဟတိယာ ဣဿရိယာမတ္တာယ သမန္နာဂတော" တိ။**

(သာရတ္ထ၊၂။၁၂၂)

(ဃ)ဝါကျသို့။ ။နယန္တရ ပက္ခန္တရဝါကျသည် နယဝါကျကို ဌပနာထားရသည်။

ဆရာ (ခ)ဝါကျဖြင့် မဂဓမဟာမတ္တောကို မဂဓေသု မဟာမတ္တော မဂဓမဟာမတ္တော-ဟု သတ္တမီတပ္ပုရိသ်သမာသ်နှင့် မဂဓ-အရ မဂဓတိုင်းကို အရကောက်အပ်သည်ကို ဖွင့်ပြအပ်၏။ထို မဂဓမဟာမတ္တော-ပုဒ်ကို သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်နှင့် မဂဓ-အရ မဂဓတိုင်းကိုသာ အရကောက်ယူအပ်ပါသလော။အဘယ်သမာသ်နှင့် အ

http://www.dhammadownload.com



ဘယ်ကိုလည်း မဂဓ-အရ ကောက်ယူအပ်ပါသေးသနည်း ဤသို့စုဒ်ကြောင့် (ဃ)-ဝါကျကိုမိန့်။

**ကား။** ။မဂဓေသု မဟာမတ္တော မဂဓမဟာမတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်နှင့် မဂဓ-အရ မဂဓမင်းကိုလည်း အရကောက်အပ်သေး၏-ဟူလို။

(င)ဝါကျသို့။ ။ဆရာ (ဃ)ဝါကျဖြင့် မဂဓမဟာမတ္တော-ကို မဂဓရညော မဟာ မတ္တော မဂဓမဟာမတ္တော-ဟု ဖွင့်ပြတော်မူအပ်၏။ မဂဓမဟာမတ္တော-အရ ကြီးကျယ်မြင့်မြတ်သော ဣဿရိယအတိုင်းအရှည်စသည်နှင့် ပြည့်စုံသူဟူသည် အဘယ်ကိုဆိုလိုပါသနည်း။ မဟာမတ္တော-ပုဒ်၏ ဆိုလိုရင်းပိဏ္ဍတ္ထကို မပြဆိုပြီလော ဤသို့စုဒ်ကြောင့် (င)ဝါကျကိုမိန့်။

**နိယံ။ ။ဣတိ ဝုတ္တံ၊ဟောတိခံက၊မှတ်ရန်ပဒ၊ပိဏ္ဍတ္ထ။**

## နံပါတ် (၃)

(ခ) ဝါကျ ပကာသတ္ထရ။

(ဂ) ဝါကျ ဝါကျာရမ္ဘ၊ပကာသတ္ထရ-အပေါင်းဝစနတ္ထမှတစ်ပါး အစိတ်ဝစနတ္ထကိုပြ။

(ဃ)ဝါကျ နယတ္ထရ ပကာသတ္ထရ။

(င) ဝါကျ ဝိတ္ထာရ၊ဝါကျာရမ္ဘ-မဟာမတ္တော၏ ဝေဝုစ်ပရိယာယ်ကို ဆက်ပြ။

## နံပါတ်(၄)

ဗြာဟ္မဏ။ ။ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော

ဗြဟ္မအရ-ဝေဒကျမ်းသည် မုချ။ထို့ ၏ပုဏ္ဏားနှင့် ကမ္မ/ကမ္မိအစပ်သမ္ဗန်ဌာန။ အဏဓာတ်အရ-ဝေဒကျမ်းဂန်ကိုရွတ်အံတတ်သောပုဏ္ဏားသဏ္ဌာန် သတိဝီရိယဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ် မုချ။ယောနိသောမနသိကာရစသောရှေးရှေးသောစိတ္တုပ္ပါဒ်ဖလူ၊ လာဘ်ပူဇော်ကိုခံရခြင်းစသောနောက်နောက်သောစိတ္တုပ္ပါဒ်ကာရဏူ။ပုဒ်လုံးအရနှင့် အပစ္စည်းအရကား-ထို့ သော ပုဏ္ဏားရ၏။

**ဣဿရိယ။ ။ဤသတိ အဘိဘဝတီတိ ဣဿရော။**

**ဣဿရဿ ဘာဝေါ ဣဿရိယံ။**

ဣဿရ့ အရ-အစိုးရသောသူသည်မုချ။ထို့ ၏အစိုးရသူ၏ဖြစ်ကြောင်းဖြစ်ရာ အစိုးရခြင်းကြိယာနှင့်(ဝါ)ရာထူးဌာနန္တရနှင့် နိဿယ/နိဿိတအစပ်သမ္ဗန်ဌာန။ ဏျပစ္စည်းအရ-ထို့ သော အစိုးရသူ၏ဖြစ်ကြောင်းဖြစ်ရာအစိုးရခြင်း(ဝါ)ရာထူးဌာနန္တရ ရ၏။

**မဟာအမစ္စော။ ။တံ တံ ကိစ္စေသု ရညာ အမာ သဟ ဘဝတီတိ အမစ္စော။**

**မဟန္တော အမစ္စော မဟာအမစ္စော။**

အမာ. နိပါတ်အရ-ထိုထိုကိစ္စ၌ မင်းနှင့်အတူဖြစ်ခြင်း သဟတ္ထဘောဂုဏ်သည် မုချ။ထို့ ၏အ-ပစ္စည်းအရ-အမတ်နှင့် ဂုဏ်/ဂုဏောအစပ်သမ္ဗန်ဌာန။အ-ပစ္စည်းအရ ထို့ သော အမတ်ရ၏။

http://www.dhammadownload.com



**မဂ္ဂေ။** ။မဂ္ဂေန သဒ္ဓိံ ဓာဝန္တီတိ မဂ္ဂဓာ။
(တစ်နည်း)မံသေသု ဂိဇ္ဈန္တီတိ မဂ္ဂဓာ။

## နံပါတ်(၅)

**မဂ္ဂေ။** ။မဂ္ဂသဒ္ဒူပပဒ ဓာဝု+ကွိ။
**နိယံ။** ။ကွိပစ္စယ၊နှောင်းတုံက၊ဓာတွန်လည်းကျေ၊ကွိလည်းကျေ။
**တစ်နည်း။** ။မံသ+ဂိဓ+အ။ဝဏ္ဏလောပနိရုတ္တိနည်းဖြင့်ရုပ်ပြီးသည်။
**ရဋ္ဌ။** ။ရဋ္ဌ+တ။ရဋ္ဌ-ဂတိယံ။ရဋ္ဌေန္တိ ဧတ္ထ နဂရာဒယောတိ ရဋ္ဌံ။
**မဟာ။** ။မဟ+အန္တ။ မဟီယတေ ပူဇီယတေတိ မဟာ။
**မှတ်ချက်။** ။မဂ္ဂဓသဒ္ဒါ တိုင်းဟောက ပုံလိင် ဗဟုဝုစ်၊မင်းဟောကပုံလိင်
ဧကဝုစ်။

## နံပါတ်(၆)

(က) တဿ ဗြဟ္မဏဿ နာမံ-ဖြင့် ဝဿကာရသဒ္ဒါသည် အနွယ်ကိုအကြောင်းပြု၍ဖြစ်သော သဒ္ဒါမဟုတ်၊အမည်ကိုအကြောင်းပြု၍ဖြစ်သော သဒ္ဒါ၏အဖြစ်ကို သိစေပါသည်။

(ခ) မဂဓရဇ္ဇေ-ဖြင့် မဂဓ-အရ မဂဓတိုင်းကို အရကောက်အပ်သည်ကို သိစေပါသည်။အပေါင်းသံဝဏ္ဏနာဖြင့် မဂဓေသု မဟာမတ္တော မဂဓမဟာမတ္တော-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ယင်းသမာသ်၏ အာဓာရ အနက်၌ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

(ဂ) ဣဿရိယမတ္တာယ-ဖြင့် မတ္တ-သဒ္ဒါသည် ဣဿရိယ-အနက်၌ဖြစ်သည်ကိုလည်းကောင်း၊(ပမာဏဲဿရိယေ မတ္တာ-ဓာန်)ယင်းမတ္တ-သဒ္ဒါ၏ ဣတ္ထိလိင်ပုဒ်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။(တစ်နည်း)-မတ္တ-သဒ္ဒါ ပမာဏ-အနက်၊ယင်းအရ ဣဿရိယ ရာထူးဌာနန္တရကို ကောက်ယူအပ်သည်ကိုလည်းကောင်း သိစေပါသည်။အပေါင်းသံဝဏ္ဏနာဖြင့် မဟတီ မတ္တာ ယဿာတိ မဟာမတ္တော-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေပါသည်။

**နိယံ။** ။သမန္တာဂတ, သမ္ဘူဏ္ဏနှင့်, ပရိပုဏ္ဏသမင်္ဂီ, တစ်လီသမ္ပန္န, ဖွင့်တွေ့ကမူ,ကီတမှာတတ်, သမာသ်ဗဟုဗ္ဗီဟိ, အဿတ္ထိ, တဒ္ဓိကြီလတ်, ဝစနတ်။

(ဃ) မ...ရဇ္ဇော မဟာမတ္တော-ဖြင့် မဂဓ-အရ မင်း...ို အရကောက်၍၊မဂဓဿ မဟာမတ္တော မဂဓမဟာမတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ကို သိစေပါသည်။(တစ်နည်း)-မဂဓရဇ္ဇော-ဖြင့် မဂဓာနံ ရာဇာ မဂဓရာဇာ၊မဂဓရဇ္ဇော မဟာမတ္တော မဂဓမဟာမတ္တော-ဟု ပုဗ္ဗပဒေဥတ္တရပဒလောပသမာသ်အဖြစ်ကို သိစေပါသည်။

## နံပါတ် (၇)

ဗြဟ္မဏ/ဗြာဟ္မဏ. . .
ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏော၊နာဂမေ ဏတ္တံ ဒီဃာဒိ-ဓာန်ဋီ(၄၀၈)-ဂါထာ

http://www.dhammadownload.com



အဖွင့်ကိုထောက်၍ ဗြဟ္မ-နောင် ဏ-ပစ္စည်းသက်၊ဏ-အနုဗန်ချေ၊န-လာ၊ဏ-ပြု၊ဗြ-၏ အ-ကို အာ-ဒီဃပြု၍ ပြီးသောကြောင့် ဗြာဟ္မဏပါဌ်သင့်။

**က္လသရိယမတ္တာယ/က္လသရိယပတ္တာယ. . .**

က္လသရိယပတ္တာယ-ဟု တစ်ချို့ပါဌ်ရှိ၏၊အစိုးရသူ၏အဖြစ်သို့ ရောက်လာ-ဟု အနက်ပေး၏ဟု ဂဏ္ဌိ၌ဆိုသောကြောင့် ယင်းအလို က္လသရိယပတ္တာယပါဌ်သင့်။ ထိုသို့ပင်ဆိုသော်လည်း က္လသရိယမတ္တာယာတိ သမိဒ္ဓိယံ မတ္တ-သဒ္ဒေါ ဉာပေတိ၊(ဝဇိရ) ကုလဘောဂက္လသရိယာဒိဟိ မဟတီ မတ္တာ ပမာဏံ ဧတဿာတိ မဟာမတ္တော၊(သာရတ္ထ)ဋီကာတို့၌ သမိဒ္ဓိ-အနက်, ပမာဏ-အနက်ဟော မတ္တ-သဒ္ဒါကို သဘောတူဖွင့် ဆိုသောကြောင့် က္လသရိယမတ္တာယပါဌ်သည်သာ အသင့်ဟု မှတ်ရမည်။

**သမန္နာဂတ/သမ္ပန္နာဂတ. . .**

**နိယံ။ ။သံ,အနု,အာ၊ဉပသာကြောင့်၊သမန္နာဂတ၊နေကတ္ထ၊မှတ်ကြကျမ်းတွေဆို၊သံ-ရှေးရှိလတ်၊ ပဒ-ခာတ်၊ မှတ်ကြကျမ်းမဆို၊ ပ-စောက်မဟုတ်၊ မ-သာဟုတ်၊ တည်ပုဒ်သမန္နာဂတဆို၊ပ-စောက်သာဟုတ်၊မ-မဟုတ်၊နှုတ်မျှကေစိဆို။**

သံ+အနု+အာ+ဂမု+တ-ပစ္စည်းတို့ဖြင့်ပြီးကြောင့် သမန္နာဂတ-ဟူသောပါဌ်သာသင့်ပါသည်။

## နံပါတ် (၉)

မဂဓ။ ။(ခ)ဝါကျရှုမဂဓရဋ္ဌေ-ကိုဖွင့်သည်၊၅-နံပါတ်ဝိဂ္ဂဟအရ သားသမင်နှင့်အတူပြေးနိုင်သော မဂဓမင်းသားကို မှုချယူထားသည်။ထို့ကြောင့် ဌာနီဖြစ်သော မင်းသား၏ မဂဓအမည်ကို ဌာနဖြစ်သော မဂဓတိုင်း၌တင် ဌာန္ယူပစာ၊အဝိနာဘာဝ။

(တစ်နည်း)-(ဃ) ဝါကျရှု မဂဓရဉ္ဇော-ဟုဖွင့်၏။ထိုအလို ဌာနဖြစ်သော မဂဓတိုင်း၏အမည်ကို ဌာနီမဂဓမင်း၌ တင်စား၍ဆိုသောကြောင့် ဌာနူပစာ၊နာနန္တရိက။

အာဘော် ဒုတိယနည်း ပုဗ္ဗပဒလောပသမာသ်၌ ဉပစာမရသည်ကို သိပါလေ။

က္လသရိယမတ္တာယ ။ ။အစိတ်ဖြစ်သော အစိုးရခြင်းကိုဆိုသဖြင့် အပေါင်းဖြစ်သော ကုလ,ဘောဂ,က္လသရိယ,ပမာဏစသည်ကိုလည်း ရသောကြောင့် ဉပလက္ခဏနည်း၊နိဒဿနနည်း။

## နံပါတ် (၁၀)

(င) ဝါကျ ဝုတ္တံ၌ ခာတ်အရ (အာဝတ္တဟာရနေတ္တိ)ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကောက်၊ပဒဋ္ဌာန်ကိုရှာ၍ ထိုပဒဋ္ဌာန်ကိုအစဉ်လျှောက်လျက် သဘာဂ,ဝိသဘာဂဖြစ်သော ကုသိုလ်,အကုသိုလ်တရားတို့ကို လည်စေခြင်းလက္ခဏာရှိသောဟာရသည်-

အာဝတ္တိယန္တိ ဧတေန ဧတ္ထဝါ သဘာဂ ဝိသဘာဂဓမ္မာ တေသံဝါ အာဝတ္တနန္တိ အာဝတ္တော-ဟူသော ဝစနတ္ထကြောင့် အာဝတ္တဟာရမည်၏။

ဝုတ္တံ-၌ ခာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်၊ အနဝဇ္ဇတရားတို့၏ ပဒဋ္ဌာန်သည် ယောနိသောမနသိကာရ,သပ္ပုရိသူပနိဿယ,သဒ္ဓမ္မသဝန,နဝမခဏ(အဋ္ဌက္ခဏ)စက္ကသမ္ပတ္တိ စသည်တည်း။

http://www.dhammadownload.com



ထို၏ ဆန့်ကျင်ဘက်ကား အယောနိသောမနသိကာရဟုလာပသော၀နစသည် တည်း၊ထိုတွင် ယောနိသောမနသိကာရစသည်ကိုယူသဖြင့် "ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာစ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊သကလမိဒံ အာနန္ဒ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ "ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ၊ကတမေ ပဉ္စ အသုတံ သုဏာတိ၊သုတံ ပရိယောဒါပေတိ၊ကင်္ခံ ဝိတရတိ၊ဒိဋ္ဌိံ ဥဇုံ ကရောတိ၊စိတ္တမဿ ပသီဒတိ၊အစရှိသော ပါဠိနှင့်အညီ ယောနိသောမနသိကာရစသည်လျှင် အကြောင်းရင်းရှိကုန်သော ကုသိုလ် တရားတို့သည် လည်ကုန်၏။

အယောနိသောမနသိကာရစသည်ကိုယူသဖြင့် "အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ဒုက္ခော ဗာလေဟိ သံဝါသော-အစရှိသောပါဠိနှင့်အညီ အယောနိသောမနသိကာရ စသည်လျှင် အကြောင်းရင်းရှိကုန်သော အကုသိုလ်တရားတို့သည် လည်ကုန်၏။

ဤသို့ စသည်ဖြင့် ဝုတ္တံ-ဟူသော သုတ်ပုဒ်ဒေသနာတော်သည် ပဒဋ္ဌာန်ကို ရှာ၍ ထိုပဒဋ္ဌာန်ကို အစဉ်လျှောက်လျက် သဘာဂ,ဝိသဘာဂဖြစ်သော ကုသိုလ်,အ ကုသိုလ်တရားတို့ကို လည်စေခြင်းကြောင့် အာဝတ္တဟာရနေတ္တိမည်၏-ဟူလိုသော်။

## ဝါကျစဉ် (၂၃)

(က) အနုသညာယမာနောတိ တတ္ထ တတ္ထ ဂန္တွာ ပစ္စဝေက္ခမာနော။

(ခ) ဘဏောတိ ဣဿရာနံ နီစဋ္ဌာနိကပုရိသာလပနံ။

(ဂ) ဗန္ဓ အာဏာပေသီတိ ဗြာဟ္မဏော ပကတိယာပိ တသ္မိံ ဣဿာပက တောဝ။

(ဃ) သော ရညော "အာဏာပေဟီ"တိ ဝစနံ သုတွာ ယသ္မာ "ပက္ကောသာ ပေဟီ"တိ ရညာ န ဝုတ္တံ။

(င) တသ္မာ "နံ ဟတ္ထေသုစ ပါဒေသုစ ဗန္ဓ ကတွာ အာဏာပေဿာမီ"တိ ဗန္ဓ အာဏာပေသိ။ (ဝိ၊ဋ္ဌ၁။၂၅၅)

## နံပါတ် (၁)

(က)ဣဿရာနံ-အစိုးရကုန်သောသူတို့၏၊နီစဋ္ဌာနိကပုရိသာလပနံ-နိမ့်သော အ ရာ၌ တည်သောယောကျ်ားကို ရှေးရှုခေါ်ဝေါ်ကြောင်းဖြစ်သောသဒ္ဒါတည်း။

(ဂ) တသ္မိံ-ထိုသစ်တို့ကို စောင့်သူသစ်ထိန်း၌၊ဣဿာပကတောဝ- ဣဿာ သည် ပင်ကိုယ်သဘောမှ ကင်းအောင်ပြုတတ်သည်သာတည်း။(ဝါ)ငြူစူခြင်းသည် နှိုင် စက်အပ်သည်သာတည်း။

(ဃ)သော ဗြာဟ္မဏော-အာဏာပေဟိ၊ဝဿကာရံ ဗြာဟ္မဏံ(ကံ)

http://www.dhammadownload.com



(င) တသ္မာ-ထိုသို့မင်းသည် ပဏ္ဏောသာပေတိ-ဟူ၍ မဆိုအပ်သည်၏အဖြစ်ကြောင့်၊နံ-ထိုသစ်ထိန်းကို၊ဟတ္ထေသုစ၊ပါဒေသုစ၊ဗန္ဓိ-ဖွဲ့အပ်သည်ကို၊ရာဇပုရိသေဟိ-ကာရိတ်ကံ)

## နံပါတ် (၂)

(ဂ) ဝါကျသို့ လီနတ္ထရစောဒနာ။ ။ ဆရာ ပါဠိတော်၌ ဝဿကာရပုဏ္ဏားသည် "ဗန္ဓိ အာဏာပေသိ"ဟူ၍ သစ်ထိန်းကို စေအပ်၏ဟု ဖွင့်ဆို၏။မင်းသည် ဗန္ဓိ အာဏာပေသိ-ဟူ၍ မဆိုအပ်သည်မဟုတ်ပါလော။(ဝါ)-မင်းသည် အာဏာပေသိ-ဟူ၍သာ ဆိုအပ်သည်မဟုတ်ပါလော။ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် ဝဿကာရပုဏ္ဏားသည် ဗန္ဓိ အာဏာပေသိ-ဟူ၍ ဆိုအပ်ပါသနည်း ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

(ဃ+င) ဝါကျသို့ စောဒနာ။ ။ဆရာ (ဂ)ဝါကျဖြင့် ဝဿကာရပုဏ္ဏားသည် ပင်ကိုယ်အားဖြင့်လည်း ထိုသစ်ထိမ်း၌ ဣဿာလွှမ်းမိုးနှိပ်စက်အပ်သည်သာဖြစ်၍ နှောင်ဖွဲ့ခြင်းကို ခိုင်း၏ဟု ဖွင့်ပြအပ်၏။ဣဿာလွှမ်းမိုး နှိပ်စက်ရုံမျှဖြင့် နှောင်ဖွဲ့ခြင်းကို မစေအပ် မစေထိုက်သည်မဟုတ်ပါလော။အဘယ်ကြောင့် နှောင်ဖွဲ့ခြင်းကို စေခိုင်းပါသနည်း ဤသို့စုဒ်ကြောင့် (ဃ+င)ဝါကျကိုမိန့်။

**စတုတ္ထနည်း စာထွက်. . .**

(က) နနု ရညာ "အာဏာပေဟိ"တိ ဝစနံ ဝုတ္တံ။

(ခ) အထ ကသ္မာ နံ ဟတ္ထေသု စ ပါဒေသု စ ဗန္ဓိ ကတွာ အာဏာပေသာမီတိ ဗန္ဓိ အာဏာပေသိ။

(ဂ) ယသ္မာ "ပဏ္ဏောသာပေဟိ"တိ ရညာ န ဝုတ္တံ၊တသ္မာ. . .

## နံပါတ် (၃)

(ခ) ဝါကျ ပက္ခန္တရ။

(ဂ) ဝါကျ ပက္ခန္တရ။

(ဃ+င) ဝါကျ ဝါကျာရမ္ဘ။ထိုတွင် (ဃ)ဝါကျ ကာရဏ။(င)ဝါကျ ဖလ။

စာစပ်။ ။(ဃ) သုတွာ-ကား ၍-ပေးသောကြောင့် အာဏာပေသိ-၌ ပုဗ္ဗကာလကြိယာဝိသေသန+ဝိသေသျစပ်။နံ-ကား ကို-ပေးသောကြောင့် ဗန္ဓိ-၌ ကမ္မ+ကမ္မီစပ်။

## နံပါတ် (၄)

နိစ္ဆဒ္ဒါနိကပုရိသာလပနံ။ ။နိစ္စဠ တံ ဌာနဉ္စာတိ နိစ္ဆဒ္ဒါနံ။(နိမ့်သောရာထူး)
နိစ္ဆဒ္ဒါနေ ဌိတော နိစ္ဆဒ္ဒါနိကော။(နိမ့်သောရာထူး၌ တည်သောယောကျ်ား)
နိစ္ဆဒ္ဒါနိကောစ သော ပုရိသောစာတိ နိစ္ဆဒ္ဒါနိကပုရိသော။
လပန္တိ ဧတေနာတိ လပနံ။
အဘိမုခံ လပနံ အာလပနံ။

http://www.dhammadownload.com



**နိစ္စဒ္ဒါနိကပုရိသဿ အာလပနံ နိစ္စဒ္ဒါနိကပုရိသာလပနံ။**

နိစ္စဒ္ဒါနိကပုရိသ-အရ နိမ့်သောရာထူးရှိသော ယောကျ်ားရ၏။ထို-၏ ရှေး ရှုခေါ်ဝေါ်ခြင်းနှင့် ကမ္မ+ကမ္မီစပ် ဌာနူပစာ။ပုဒ်လုံးအရ-ထို-သော နိမ့်သောရာထူးရှိ သော ယောကျ်ားရ၏။

**ကိလဿာပကတော။** ။ကိလဿတီတိ ကိလဿာ။(ကိလဿ+အ)။
**အပကရီယတေတိ အပကတော။**
**ကိလဿာယ အပကတော ကိလဿာပကတော။**

ကိလဿာ-အရ ကိလဿာစေတသိက်သည် မုချ။ထို-၏ အပကတ-ဟူသော နောက်ပုဒ်အရ ပုဂ္ဂိုလ်ားနှင့် ဝိသေသန+ဝိသေသျ စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ကိလဿာသည် မိမိပင်ကိုယ်သဘောမှ ကင်းအောင်ပြုအပ်ဒသော ပုဂ္ဂိုလ်ားရ၏။

**ဗန္ဓော။** ။ဗန္ဓိတဗ္ဗောတိ ဗန္ဓော။

ဗန္ဓ-ဓာတ် ကတ္တုဋ္ဌ နှောင်ဖွဲ့တတ်သော မင်းချင်းယောကျ်ားတို့၏သန္တာန်၌ ဒေါသမူစိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ သစ်ထိန်း၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ အ-ပစ္စည်းအရ ထို-သော သစ်ထိန်းရ၏။

## နံပါတ်(၅)

**ပစ္စဝေက္ခမာန။** ။ပဋိ+အဝ+ဣက္ခ+အ+မာန။
**နီစ။** ။န+အဥ္စ+ဏ။(ဥဒ္ဓံ န အဉ္စတီတိ နီစော။ အဥ္စ ဂမနေ၊ဏော၊ အကာရဥကာနံ လောပေါ၊နိသဒ္ဒေါ အတြ နိသေဓနေ ။ ဓာန်၊ဋီ၊၇၀၈။ဂါထာ။)
**ပကတိ။** ။ပ+ကရ+တိ။
**ပါဒ။** ။ပဒ+ဏ။(ပဇ္ဇန္တိ ဧတေဟီတိ ပါဒါနိ)
**အနုသညာယမာန။** ။အနု+သံ+ဉာ+စုရာဒိ ဏယ+မာန။

## နံပါတ်(၆)

(က)တတ္ထ တတ္ထ ဂန္တွာဖြင့် အနုသညာယမာနော၌ အနုဥပသာရ၏ ဝိစ္ဆာ အန္တောနီတ အနုဂတအနက်၌ဖြစ်သည်ကိုလည်းကောင်း၊သံ. ၏ဓာတွတ္ထာနုဝတ္တကဖြစ် သည်ကိုလည်းကောင်း သိစေ။

ပစ္စဝေက္ခမာနောဖြင့် ဉာဓာတ်သည် စုရာဒိဂဏိက ဓာတ်ဖြစ်၍အာလောက နတ္ထအနက်၌ ဖြစ်သည်ကိုလည်းကောင်းသိစေ။ တစ်နည်း-အနု+သံ+ယာဓာတ် ဒိဝါ ဒိ ယပစ္စည်း+မာနပစ္စည်း သယေစသုတ်ဖြင့်ဖြင့် သအထက်နိဂ္ဂဟိတ်ကိုယနှင့်တကွ ဥ ပြုဒွေးဘော်လာ သညာယမာနောပြီးသည်ကိုသိစေ။ ဤအလို. အာဘော်ကို တစ်နည်းဖော် ပါ။

(ခ)အာလပနံဖြင့် ဘဏေ-၌ ဘဏဓာတ်ဧယျဝိဘတ်ဖြင့်ပြီးသောအာချာတ်ပုဒ် မဟုတ်၊အာလုပ်ပုဒ်ဖြစ်၍၊ယင်းနောင်အာလုပ်သိဝိဘတ်ကျေ၍ ပြီးသည်ကိုသိစေ။ပုရိ

http://www.dhammadownload.com



သဖြင့် မိန်းမကိုခေါ်သည်မဟုတ်ယောကျ်ားကိုခေါ်သည်ကိုလည်းကောင်း၊သဗ္ဗိဝအောလုပ်ပုဒ်ဖြစ်သည်ကိုလည်းကောင်းသိစေ။

နိစ္စဒ္ဒါနိကောဖြင့်-မြင့်သောရာထူးရှိသောယောကျ်ားမဟုတ်၊နိမ့်သောရာထူးရှိသော ယောကျ်ာဖြစ်သည်ကိုသိစေ။ဣသရာနံဖြင့် အချင်းချင်းခေါ်သောအာလုပ်မဟုတ်၊အစိုးသူများခေါ်သောအာလုပ်ဖြစ်သည်ကိုသိစေ။

## နံပါတ်(၇)

**ပစ္စဝေက္ခမာနော/ပစ္စပေက္ခမာနော. . .**

ပတိ+အဝ+ဣက္ခ+အ+မာန ပစ္စည်းတို့ဖြင့်ပြီးသောကြောင့် ပစ္စဝေက္ခမာနော ပါဌ်သင့်၊ဝ. ကို. ပ-ပြု၍ပြီးသောကြောင့် ပစ္စပေက္ခမာနေ ပါဌ်လည်းသင့်။

**ပကတိယာပိ/ပကတိယာ. . .**

အပိသဒ္ဒေါ အပကတိ အပေက္ခတိ-ဟူသော ယောဇနာကိုထောက်သော်. ပိ သဒ္ဒါ-ပါမှသင့်။

**ဣဿာပကတော၀/ဣဿာပဂတော၀. . .**

ဣဿာ+အပ+ကတ=ဣဿာသည် ပင်ကိုယ်သဘောမှကင်းအောင်ပြုအပ်သည်. ဟုအတ္ထယုတ္တိကိုထောက်သော် ပြုခြင်းအနက်ဟော ကရဓာတ်ဖြင့်သာ ရနိုင်ကောင်းသောကြောင့်လည်းကောင်း၊ဣဿာသည်လွှမ်းမိုးနှိပ်စက်အပ်သည်ဟု. အဘိဘဝနအနက်ကိုယူပြန်ကလည်း သဗ္ဗဓာတွတ္ထဝါစီဓာတ်ဖြစ်သော ကရဓာတ်သည်သာယင်းအနက်ကိုဟောနိုင်သောကြောင့်လည်းကောင်း ဣဿာပကတော၀ ပါဌ်သာသင့်။ယင်းအနက်တို့ကို ဂမုဓာတ်ကမဟောနိုင်သောကြောင့် ဣဿာပဂတော၀. ပါဌ်မသင့်

## နံပါတ်(၈)

**ဣဿာပကတော၀။** ။ပြဋ္ဌာန်းသော ဣဿာကိုဆိုသဖြင့် မပြဓာန်းသောဒေါသမူစိတ္တုပ္ပါဒ်ကိုလည်းရသောကြောင့် ပဓာနနည်း။ဧကဒေသူပစာ။

**တစ်နည်း။** ။အကြောင်းဖြစ်သော ဣဿာဟူသော သဟဇာတပစ္စည်းကို ဆိုသဖြင့် အကျိုးဖြစ်သော သမ္ပယုတ်ဒေါသမူစိတ္တုပ္ပါဒ်ကိုလည်းရသောကြောင့် နာနန္တရိကနည်း/ကာရဏူပစာ။

**ဟတ္ထေသုစ ပါဒေသုစ။** ။အပေါင်းဖြစ်သောလက်ခြေအားလုံး၏အမည်ကို အစိတ်ဖြစ်သော ချုပ်နှောင်ရာနေရာတစ်ခု၌တင် ဧကဒေသူ။

## နံပါတ်(၁၀)

လက္ခဏာဟာရနေတ္တိ. . .

ဗန္ဓ အာဏာပေသိ-၌ ကိရိယာပဓာနတရား-ဣဿာစေတသိက်ကောက်။

ဖြူစူခြင်း အဘိဘဝနလက္ခဏာ,သူတစ်ပါးပြည့်စုံမှု၌ မပျော်ပိုက်ခြင်းကိစ္စ,သူတစ်ပါးတို့ ပြည့်စုံမှုဟူသောအကြောင်း, (ဝါ)-မင်း၏ အာဏာပေဟိ-ဟူ၍ စေခိုင်း

http://www.dhammadownload.com



ကြောင်းစကားဟူသောအကြောင်း၊ချုပ်နှောင်ခြင်းအကျိုးဟူသော မဟောအပ်သော သဟဇာတ ဒေါသမူစိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။ဤသို့လျှင်. . .။

## ဝါကျစဉ် (၂၄)

(က) အဒ္ဒသ ခေါ အာယသ္မာ ဓနိယောတိ ကထံ အဒ္ဒသ။

(ခ) သော ကိရ အတ္တနာ လေသေန ဒါရူနံ ဟဋဘာဝံ ဉ တွာ "နိဿံ သယံ ဧသ ဒါရူနံ ကာရဏာ ရာဇကုလတော ဝဓံဝါ ဗန္ဓံဝါ ပါပုဏိဿတိ၊ တဒါ နံ အဟမေဝ မောစေဿာမီ"တိ နိစ္စကာလံ တဿ ပဝတ္တိံ သုဏန္တောယေဝ ဝိစရတိ။

(ဂ) တသ္မာ တံဏာယေ၀ ဂန္တွာ အဒ္ဒသ။

(ဃ) တေန ဝုတ္တံ "အဒ္ဒသ ခေါ အာယသ္မာ ဓနိယောတိ ။

(င) ဒါရူနံ ကိစ္စာတိ ဒါရူနံ ကာရဏာ။

(စ) ပုရာဟံ ဟညာမီတိ အဟံ ပုရာ ဟညာမိ။

(ဆ) ယာဝ အဟံ န ဟညာမိ၊တာဝ တွံ ဧယျာသီတိ အတ္ထော။

(ဝိ၊၄၁၊၂၅၅/၆)

## နိပါတ် (၁)

(ခ) သော အာယသ္မာ ဓနိယော-အတ္တနာ-သည်၊လေသေန-အမြွက်ဖြင့်၊ဒါရူနံ-တို့ကို၊ဟဋဘာဝံ-ဆောင်အပ်ကုန်ပြီးသည်တို့၏အဖြစ်ကို၊ဉ တွာ-၍၊နိဿံသယံ-ယုံမှားမရှိ၊ဧသ-ဧသော ဇနကော-သည်၊ဒါရူနံ-တို့၏၊ကာရဏာ-ကြောင့်၊ရာဇကုလတော-မင်းမျိုးမှ၊ဝဓံဝါ-သတ်ခြင်းသို့လည်းကောင်း၊ဗန္ဓံဝါ-နှောင်ဖွဲ့ခြင်းသို့လည်းကောင်း၊ ပါပုဏိဿတိ-ရောက်လတံ့၊တဒါ-ထိုအခါ၌၊နံ ဇနကံ၊အဟမေဝ၊မောစေဿာမိ-လွှတ်စေအံ့၊ဣတိ၊စိန္တေတွာ၊နိစ္စကာလံ-မြဲသောအခါပတ်လုံး၊တဿ ဇနကဿ၊ပဝတ္တိံ-ဖြစ်ပုံကို၊သုဏန္တောဝ-နားထောင်လျက်သာ၊ဝိစရတိကိရ-လှည့်လည်သတတ်။(မအူ)

ကိရ-အနုဿဝနတ္ထနိပါတ်၊(ဘာဋီ-၌ ကိရ-ချဲ့)

(တစ်နည်း)-ကိရ ယသ္မာ-ကြောင့်၊(ဝိတ္တာရဇောတက၊ကရဏတ္ထဇောတက နိပါတ်ကြံသည်)

(စ+ဆ)သံဝဏ္ဏနာ၌-ဧယျာသိ ဘန္တေ ပုရာဟံ ဟညာမိ။

အဟံ-ကို၊ပုရာ-မကြာမီ၊ဟညာမိ-သတ်အပ်ပါလတ္တံ့။

တစ်နည်း-ပုရာ ဟညာမိ-သတ်အပ်သည်မှ ရှေးဦးစွာ(သဒ္ဒတ္ထ)အဟံ-ကို၊ပုရာ ဟညာမိ-မသတ်အပ်သေးမီ၊(အဓိပ္ပါယတ္ထ) -

တွံ-အရှင်ဘုရားသည်၊ဧယျာသိ-ကြွလိုက်ခဲ့ပါ၊ဤသို့ယောဇနာရမည်။

ပုရာ ဟညာမိ-သတ်မည်လည်းမသိ-ဟု သံသယတ္ထအနက် မပေးရ။

ယာဝ အဟံ န ဟညာမိ-ကား သံသယတ္ထအနက်ကို မဖွင့်ပြလို။(ပေါက်မြိုင်)

http://www.dhammadownload.com



ဟညာမိ-၏ကတ္တား ဇနေန-ဟု ထည့်လေ။(ယောဇနာ)

## နံပါတ် (၂)

(ခ)ဝါကျသို့ စောဒနာ။ ။ဆရာ သင်္ဂါယနာတင်မထေရ်တို့သည် ပါဠိတော်၌ အဒ္ဒသ ခေါ အာယသ္မာ ခေနိယော-ဟု မိန့်ဆိုတော်မူအပ်၏။အရှင်ခေနိယသည် ကျောင်း၌နေလျက် အဘယ်ကြောင့် မြင်လေသနည်း။ရှေ့ရှုလာ၍မြင်လေသလော၊ ဤသို့စုဒ်ကြောင့် (ခ)ဝါကျမိန့်။(ဂဏ္ဌိ)(ဂ+ဃ)တိုင်အောင်မျှော်၏။

/တစ်နည်း-အရှင်ခေနိယသည် ကျောင်း၌နေသည်မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်ကြောင့် မြင်ပါသနည်း။ဤသို့စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဆ)ဝါကျသို့ စောဒနာ။ ။ဆရာ (စ)ဝါကျဖြင့် "ပုရာဟံ ဟညာမိ"ကို ပုရာ+အဟံ ဟညာမိ-ဟု ပဒစ္ဆေဒပြုအပ်သည်ကိုလည်းကောင်း၊အဟံ ပုရာ ဟညာမိ-ဟု အတ္တက္ကမ္မအားဖြင့် အနက်သမ္ဗန်အပ်သည်ကိုလည်းကောင်း ဖွင့်ပြတော်မူအပ်၏။ပုရာ-နိပါတ်ပုဒ်၏အနက်နှင့် ဟညာမိ-၌ ဝတ္တမာန်ဝိဘတ်၏အနက်တို့ကား အဘယ်ပါနည်း။ပုရာ-နိပါတ်သည် ပစ္စုပ္ပန္န-အနက်၌ ဖြစ်ပါသလော၊ဝတ္တမာန်ဝိဘတ်သည် ပစ္စုပ္ပန်အနက်၌ဖြစ်ပါသလော၊ဤသို့စုဒ်ကြောင့် (ဆ)ဝါကျမိန့်။

**တား။** ။ပုရာ-နိပါတ်သည် နိကဋ္ဌာဂါမိက-အနက်၌ဖြစ်၍ ဝတ္တမာန်ဝိဘတ်သည် အနာဂတ်အနက်၌ဖြစ်၏-ဟူလို။

**ပစ္စန္နေစ စိရာတီတေ၊နိကဋ္ဌာဂါမိကေ ပုရာ။ ။ဓာန်၊၁၁၉၄။ဂါထာ။**

**ပုရာပုရေ သဒ္ဒေဟိဝါ အနာဂတတ္တာ အာဂမေ၊ တဒါ တဿ ဝတ္တမာနတ္တာ။**

**(မောဂ်၊၆။၁။)**

## နံပါတ်(၃)

(ခ) ဝိတ္ထာရ။တစ်နည်း-ကာရဏ။(ဘာဋီ)တစ်နည်း-ဝါကျာရမ္ဘ။(မအူ)။

(ဂ) လဒ္ဓ ဂုဏ။ဖလ။ (ဃ) နိဂုံး။

(င+စ) ပက္ခန္တရ။ (ဆ) ဝိတ္ထာရ။တစ်နည်း-ဝါကျာရမ္ဘ။

**စာစပ်။** ။အဟံ. ကား ကို-ပေးသောကြောင့် ဟညာမိ. ၌ ဟနဓာတ်၊ ယ. ပစ္စည်း၊ ဧ. ဝိဘတ်သည် ဟောအပ်သော ဝုတ္တကံ။ ဟညာမိ. ကား ထိုကံကိုဟောသော အာချာတ်ကြိယာဝါစက။

## နံပါတ်(၄)

၁ခော။ ။ဟညတေတိ ဝခော။

ဟန. ဓာတ် ကတ္တုရူ-သတ်တတ်သောပုဂ္ဂိုလ်၏ သန္တာန် ကာယဝိညတ်ကိုဖြစ်စေတတ်သော ဝဓကစေတနာပြဓာန်းသော ဒေါသမူစိတ္တုပ္ပါဒ် မုချ။ကမ္မ-သစ်ထိန်း၏အာရမ္မဏပစ္စယသတ္တိဖလ။ဏ. ပစ္စည်း-ထို. သော သစ်ထိန်းရ၏။ထိုသို့ပင်ရငြား သော်လည်း ဘာဝပဓာနဘာဝလောပဖြစ်သောကြောင့် သတ်သည်၏အဖြစ်သာ ပဓာန

http://www.dhammadownload.com



အာ့းဖြင့်ရ၏။

ဗန္ဓာ။ ။ဗန္ဓိယတေတိ ဗန္ဓာ။(ညာသ်ကောက်ရွေးအတိုင်းကောက်။)

ဆောင်။ ။ကတ္တားနှင့်ကံ၊ထပ်လာပြန်က၊ကမ္မဌမှာ၊ကြိယာကို၊အကွဲဆို၊
ယူလိုတစ်ဝ. ဟူ။

ဟဋဘာဝေါ။ ။ဟရယိသူတိ ဟဋ္ဌာနိ။ဟဋ္ဌာနံ ဘာဝေါ ဟဋဘာဝေါ။

ဟဋ္ဌ. အရ ဆောင်ယူအပ်ပြီးကုန်သော သစ်တို့ရ၏။ ထို. ၏ ဆောင်အပ်ပြီး ကုန်သည်၏အဖြစ်ဟူသော ဆောင်ခြင်းကြိယာနှင့် နိဿယနိဿိတအစပ်သမ္ဗန်သည် ဌာန္။ပုဒ်လုံးအရ. ထို. သော ဆောင်ခြင်းကြိယာရ၏။

နိစ္စကာလ။ ။နိစ္စော စသော ကာလောစာတိ နိစ္စကာလော။

တခ်ဏ။ ။ဧသောယေဝ ခဏော တခ်ဏော။

ရာဇကုလ်။ ။ရညော ကုလံ ရာဇကုလံ။

## နံပါတ်(၅)

လေသ။ ။လိသ+ဏ။ (လိဿတိ သိလိဿတိ အပ္ပေါ်ဝါ ဘဝတီတိ လေသော)

နိသံသယ။ ။နိ+သံ+သိ+ဏ။

ပဝတ္တိ။ ။ပ+ဝတု+တိ။

နိစ္စ။ ။န+ဣ+ဏျ။(နာသဘာဝေန နဣစ္စံ နဂန္တဗ္ဗန္တိ နိစ္စံ)

တစ်နည်း။ ။နတ+ယ။(နာသံဝါ နဂစ္ဆတီတိ နိစ္စံ)

တခ်ဏ။ ။တ. သဒ္ဒူပပဒ+ခဏု+အ။(ခဏောတီတိ ခဏော)

## နံပါတ်(၆)

(င) ကာရဏာ-ဖြင့် ကိစ္စံ၌ ကရ+ရိစ္စ-ပစ္စည်း၊ယင်းရိစ္စ-ပစ္စည်း၏ ဘော,ကံအနက်၌မသက်၊ကာရဏာ-အနက်၌ သက်သည်ကိုလည်းကောင်း၊ကရောတိ ဖလံ ဧတေနာတိ ကိစ္စံ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။

တစ်နည်း-ကိစ္စ-သဒ္ဒါသည် အကြောင်းအနက်ဟောသည်ကို သိစေပါသည်။

(စ) ဝါကျအာဘော် ကျမ်းတက်ရှုပါ။

(ဆ) ယာဝ-ဖြင့် ပုရာ-နိပါတ်ပုဒ်၏ နီးစပ်သော အနာဂတ်ကာလ၌ဖြစ်သည်ကိုလည်းကောင်း၊ဟညာမိ-၌ ဧယျာမိ-ဝိဘတ်၏ ပစ္စုပ္ပန်အနက်၌ မသက်၊အနာဂတ်အနက်၌ သက်သည်ကိုလည်းကောင်း သိစေပါသည်။တွံ-ဖြင့် ဧယျာသိ-ဝိဘတ်၏ကတ္တားကို တွံ-ဟု ထည့်စွက်ရမည်ကို သိစေပါသည်။

တစ်နည်း-ယာဝ-ဖြင့် ပုရာသဒ္ဒါသည် ယာဝ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေပါသည်။ (ပါစိတျာဒိယောဇနာ)

## နံပါတ် (၇)

ဟညာမိ/ဟညိဿာမိ. . .

သန္တိကဌ အနာဂတ်အနက်ရှိသော ပုရာသဒ္ဒါနှင့်ယှဉ်ရာ၌ ဝတ္တမာန်ဝိဘတ်

http://www.dhammadownload.com



သည် အနာဂတ်ကာလ၌ သက်၏-ဟုဆိုသောကြောင့် ဟညာမိပါဠိ သင့်ပါသည်

**(ခ) အတ္တနော/အတ္တနာ. . .**

ဘာ-ဋီ၌ "အတ္တနော-မိမိ၏"ဟု လေသေန-ပုဒ်၏ သမ္ဗန်အဖြစ် အနက်ပေး၏။ မအူ-၌ "အတ္တနာ မိမိသည်"ဟု အတ္တ-ပုဒ်၏ အဝုတ္တကတ္တားအဖြစ် အနက်ပေး၏။ အတ္တယုတ္တိများရှိကြ၍ သင့်သည်သာ။အဌကထာ၌ အတ္တနာ-ဟု ရှိသည်။

**လေသေန/လိသေန. . .**

လေသနှင့် လိသ ပရိယာယ်မျှသာဖြစ်၍ နှစ်ပါဠ်သင့်။

**လေသံ လိသန္တိပဒဒွယံ ဝေဝစနံ။(ယောဇနာ)**

## နံပါတ် (၉)

**ရာဇကုလတော။** ။ဌာနီဖြစ်သော မင်းမျိုး၏ ရာဇကုလအမည်ကို ဌာနဖြစ်သော မင်း,မင်းမှုထမ်းတို့၌တင် ဌာနျူပစာ၊အဝိနာဘာဝနည်း။

**တစ်နည်း။** ။မင်းနှင့် မင်းမျိုးမကွဲဘဲ ကွဲပြားသကဲ့သို့ဆိုသော ကြောင့် အဘေဒဘေဒူပစာ။

**တစ်နည်း။** ။ဌာနမင်းအိမ်၏ ရာဇကုလအမည်ကို ဌာနီ မင်း, မင်းမှုထမ်း၌တင် ဌာနူပစာ။

**ပုရေဟညာမိ။** ။ကာလဝိပ္ပလ္လာသ-နည်း၊ပစ္စုပ္ပန်ကာလကို အနာဂတ်ကာလအားဖြင့် ပြန်သောကြောင့်။

**တစ်နည်း။** ။ဤ၌ ပုရာဟူသောနည်းသည် အဟံ-ငါ့ကို၊ပုရေ ဟညာမိ-မသတ်အပ်မီ-ဟူ၍လည်းကောင်း။ပုရေ-ရှေး၌၊ဟညာမိ-သတ်လတ္တံ့- ဟူ၍ လည်းကောင်း။ ပုရေဟညာမိ-သတ်မည်လည်းမသိ-ဟူ၍လည်းကောင်း။ ထိုသုံးပါး သောအနက်တို့တွင် နောက်အနက်၌ အနာဂတ်ကို ရှေ့ဟုခေါ်အပ်သောကြောင့် မဂ္ဂဂမ-နည်း။

## နံပါတ် (၁၀)

ဟညာမိ-အရ သစ်ထိန်း၏ ခန္ဓာပဉ္စက။

ဓာတ်အရ သတ်တတ်သောမင်းချင်းတို့၏ ဝဓကစေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကောက်။

## ဝါကျစဉ် (၂၅)

(က) ဣတ္ထယာတိ စောဒနတ္ထေ နိပါတော။

(ခ) ပဋ္ဌမာဘိသိတ္တောတိ အဘိသိတ္တော ဟုတွာ ပဋ္ဌမံ။

(ဂ) ဓဝဠ္ဆုပိ ဝါစံ ဘာသိတာတိ "ဒိန္နညေဝ သမဏာပြာဟ္မဏာနံ တိဏ ကဋ္ဌောဒကံ ပရိဘုဉ္ဇန္တု"တိ ဣမံ ဓဝဠ္ဆုပိ ဝါစံ။

(ဃ) အဘိသိတ္တော ဟုတွာ ပဋ္ဌမမေဝ ယံ တွံ အဘာသိ၊တံ သယမေဝ ဘာ

http://www.dhammadownload.com



သိတွာ ဣဒါနိ သရသိ၊(န သရသိ)တိ ဝုတ္တံ ဟောတိ။

(င) ရာဇာနော ကိရ အဘိသိတ္တမတ္တာယေဝ ဓမ္မဘေရိံ စရာပေန္တိ "ဒိန္နညေဝ သမဏဗြာဟ္မဏာနံ တိဏကဋ္ဌောဒကံ ပရိဘုဥ္ဇန္တူ"တိ။

(စ) တံ သန္ဓာယ သေ ဝဒတိ။ (ဝိ၊၄၁၊၂၅၆)

## နံပါတ် (၁)

(ခ) အဘိသိတ္တော-အဘိသိက်သွန်းအပ်ပြီးသည်။

(ဂ) ဒိန္နညေဝ၊ပ၊ပရိဘုဥ္ဇတု. ဟူ၍။ဧဝရူပိ-ဤသို့သဘောရှိသော။ဣမံဝါစံ-ကို။(ဃ)ပဌမမေဝ-ရှေးဦးစွာသာလျှင်။ယံ-အကြောင်စကားကို။တွံ-သင်မင်းကြီးသည်။အဘာသိ။တံ-ထိုစကားကို။သယမေဝ-ကိုယ်တိုင်သာလျှင်။ဘာသိတွာ-၍။ဣဒါနိ သရတိ-အမှတ်ရပါသလော။န သရတိ-အမှတ်မရပါသလော။

(င)အဘိသိတ္တောယေဝ-အဘိသိက်သွန်းအပ်ကုန်ပြီးကာမျှ ဖြစ်ကုန်သည်ရှိသော်သာလျှင်။ဓမ္မဘေရိံ -တရားတည်းဟူသောစည်ကို။(ဝါ)ရွှေဩဖြစ်သောသဘောဟု ဆိုအပ်သောစည်ကို။စရာပေန္တိ ကိရ-လှည့်လည်စေကြကုန်သတတ်။

(စ)တံ-ထိုစကားကို။သန္ဓာယ-ရည်ရွယ်၍။သေ(သော)ဤအရှင်ဓနိယသည်။ ပါဠိတော်။ ။သမဏဗြာဟ္မဏာနံ-တို့အား။တိဏကဋ္ဌောဒကံ-မြက် ထင်း ရေကို။ ဒိန္နညေဝ-(ခမည်းတော်တို့ကဲ့သို့)ပေးမြဲပေးသည်သာ။သမဏဗြာဟ္မဏာ-တို့သည်။ပရိဘုဥ္ဇန္တု-သုံးဆောင်ကြပါကုန်။

## နံပါတ်(၂)

(ဂ+ဃ) ဝါကျတို့ကို နှစ်ဝါကျခွဲမထားသော်လည်း ယောဇနာ၌နှစ်ဝါကျခွဲထားသည်။ထို့ကြောင့်-ဤသို့အနုသန္ဓေတက်ပါ. .

(ဂ)သို့ အနုသန္ဓေ။ ။ဝုတ္တမတ္တံ ပါကဋံ ကာတုံ အဘိသိတ္တော။ပ။ဣဒါနိ သရတီတိ ဝုတ္တံ ဟောတိ။ (ယောဇနာ)

(ဃ) သို့။ ။ဆရာ(၁)ဖြင့် ဧဝရူပိံ ဝါစံ ဘာသိတာ-၌ ဧဝရူပိံ ဝါစာ အရကို ဒိန္နညေဝ သမဏဗြာဟ္မဏာနံ တိဏကဋ္ဌောဒကံ ပရိဘုဥ္ဇန္တူ. ဟူသောပါဠိတော်လာ စကားကိုပင် အရကောက်ယူအပ်သည်ကိုဖွင့်ပြတော်မူအပ်၏။ ထိုအရှင်ဓနိယသည် သရတိ တွံ မဟာရာဇ အစရှိသောစကားဖြင့် အဘယ်ကိုရည်ရွယ်ပါသနည်း။ သရတိ တွံ မဟာရာဇ စသဖြင့်ဆိုပြောအပ်သော စကား၏ပိဏ္ဍတ္ထကိုမပြဆိုပြီလော။ ဤသို့ စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

(င) သို့။ ။ဆရာပါဠိတော်၌ အရှင်ဓနိယသည် "သရတိ တွံ မဟာရာဇ၊ပ၊ပရိဘုဥ္ဇန္တူတိ " ဟူ၍ ဗိမ္ဗိသာရမင်းပြောဆိုအပ်သော စကားကို အမှတ်ရစေတော်မူ၏။ ယင်းစကားကို ဗိမ္ဗိသာရမင်းတစ်ပါးတည်းသာ အမှတ်မထားတစ်ပါး ပါးသော အခါ၌ ပရိသတ်ကိုစုဝေးစေ၍ ကိုယ်တိုင်နှုတ်မြွက်လျှက် ပြောဆိုအပ်ပါသလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း. . ဤသို့စုဒ်ကြောင့် (င)မိန့်။

(အဋ္ဌကထာဖွင့်ကို ရှောင်လွှဲ၍ အာဘော်ထားသည်ကို သိပါ။)

http://www.dhammadownload.com



(စ) သို့။ ။ဆရာ၊(င)ဝါကျဖြင့် မင်းအများတို့သည် အဘိသိက်သွန်းလောင်းအပ်ခါမျှဖြင့်ပင် ဒိန္နညေဝ-စသောစကားကို တရားစည်တီး၍ လှည့်လည်ပြောဆိုစေ၏. ဟုဖွင့်ပြတော်မူအပ်၏။ထိုသို့လှည့်လည်ပြောဆိုသောစကားမှတစ်ပါး အခါခါ၌ ပြောဆိုသော ဒိန္နညေဝစသောစကားကို ရည်ရွယ်၍ အရှင်ခနိယပြောဆိုအပ်ပါသလော။အဘယ်သို့မှတ်သားအပ်ပါသနည်း. စုဒ်ကြောင့်(စ) မိန့်။

## နံပါတ်(၃)

(ခ) ပက္ခန္တရ။ (ဂ) ပက္ခန္တရ။

(ဃ) ဝိတ္ထာရ။ (င) ဝါကျာရမ္ဘ။ ပြောဆိုပုံကို ဆက်လက်ပြ။ ရှေ့၌ သဒ်ေပမရှိ၍ ကိရ. ကို ဝိတ္ထာရမကြံရပါ။ တစ်နည်း(င) ဒဇ္ဇိကရဏ။ ပါဠိတော်၌ သာမည ဟောသည်ကို ဝိသေသဖွင့်၍ နှစ်သက်ဖွယ်မရှိနိုင်သောကြောင့်။

## နံပါတ်(၄)

**စောဒနတ္တော။** ။စောဒနာ ဝေ အတ္တော စောဒနတ္တော

**အဘိသိတ္တော။** ။အဘိသိဉ္စိယိတ္ထာတိ အဘိသိတ္တော။(အဘိ+သိဥ္စ+တ)

အဘိ+သိဥ္စ ဓာတ် ကတ္တုဗြကြိယာ. သွန်းလောင်းသောပရောဟိတ်တို့သန္တာန်ပူဇော်သောအချင်းအရာအားဖြင့်ဖြစ်သော ကာယဝိညတ္တိသမုဋ္ဌာပကစိတ္တုပ္ပါဒ် မူချ။ ကမ္မဋ္ဌ. မင်းမြတ်၏အာရမ္မဏပစ္စယသတ္တိ ဖလူ။တ. ထို. သော် မင်းမြတ်ရ၏။

**ဝေရွှပိ။** ။ဝေရွှပံ ဣမိဿာ ဝါစာယာတိ ဝေရွှပိ။

**တိဏကဋ္ဌောဒကံ။** ။တိဏဉ္စ ကဋ္ဌဉ္စ ဥဒကဉ္စာတိ တိဏကဋ္ဌောဒကံ။

တိဏ-ဟူသော ရှေ့ပုဒ်အရ မြက်သည် မူချ။ထို-၏ ထင်း,ရေတို့နှင့် သုံးဆောင်ခြင်း ပေးလှူခြင်းကြိယာတို့ကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော မြက်,ထင်း,ရေတို့ရ၏။

**ဘေရီ။** ။ဘာယန္တိ တေယာတိ ဘေရီ။(ဘီ+ရ)ကတ္တိဓော်တက ဤ။

**ဘာယန္တိ သတ္တုဇနာ ဧတေနာတိ ဘေရီ။(ဘီ+ရိ+ပုလ္လိင်)**

ဘီ-ကတ္တုဗြ-ကြားသောပုဂ္ဂိုလ်တို့၏သန္တာန်၌ ဆုတ်နစ်သောဒေါသပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်သည် မူချ။ကရဏတ္ထ-စည်၏-(ဝါ)စည်သံ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ရ-ပစ္စည်းအရ ထို-သော စည်ရ၏။

**ဓမ္မဘေရီ။** ။ဓမ္မော ဝေ ဘေရီ ဓမ္မဘေရီ။

**ဓမ္မသန္နိတာ ဘေရီ ဓမ္မဘေရီ။**

## နံပါတ် (၅)

**စောဒနာ။** ။စုဒ+ယု။

**ပဌမ။** ။ပဌ+အမ။

http://www.dhammadownload.com



ဝါစာ။ ။ဝစ+ဏ။
ဥဒက။ ။ဥဒိ+ဏွု။(ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ)
သယံ။ ။နိပါတ်ပုဒ်+ပဌမာဝိဘတ်။
သန္ဒာယ။ ။သံ+ဓာ+တွာ။

## နံပါတ် (၆)

(ခ) အဘိသိတ္တော ဟုတ္တာ ပဌမံ-ဖြင့် ပဌမာဘိသိတ္တောကို ပဌမံ အဘိသိတ္တော ဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း။အဘိသိတ္တော-ကို ဟုတွာ-ဟူသော ပါဌ်သေသ၌ ကတ္တားအဖြစ်ဖြင့်စပ်၍ အနက်သမ္ဗန်အပ်သည်ကိုလည်းကောင်း။ပဌမံ အဘိသိတ္တော ဟု သဒ္ဒက္ကမ အနက်မသမ္ဗန်အပ်၊အဘိသိတ္တော ဟုတ္တာ ပဌမံ-ဟု ပါဌ်သေသနှင့်တကွ အတ္ထက္ကမ အနက်သမ္ဗန်အပ်သည်ကိုလည်းကောင်း သိစေပါသည်။

(မဟာဝါ ပဌမာဘိသမ္ဗုဒ္ဓေါ-အဖွင့်၊ဝိမတိ)

တစ်နည်း။ ။ပဌမံ အဘိသိတ္တဿ ယဿာတိ ပဌမာဘိသိတ္တော-အဘိသိက် သွန်းအပ်ပြီးသောမင်း၏ ရှေးဦးစွာဟူသည် အဘိသိတ်သွန်းအပ်ပြီးသည်ဖြစ်၍ ရှေးဦးစွာဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာ-ဋီ)

တစ်နည်း။ ။အဘိသိတ္တော ဟုတ္တာ ပဌမံ ပဌမာဘိသိတ္တော-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေပါသည်။ (ဆရာတော် ဦးဥက္ကံသ)

(သတ္တာဟ ပရိနိဗ္ဗုတော-အဖွင့်ကို ရှုသတတ်) ပဌမ-နည်း သန္ဓိ။ဒု-နည်း သမာသ်။

(ဂ) ဒိန္နဉ္စေ ။ပ။ ဣမံ-ဖြင့် ဓေရှုပီ ဝါစာယ ဒိန္နဉ္စေဝ သမဏဗြာဟ္မဏာနံ တိဏကဋ္ဌောဒကံ ပရိဘုဉ္ဇန္တု-ဟူသော စကားကိုပင် အရကောက်အပ်သည်ကိုလည်းကောင်း။ဓေရှုပီ ဝါစံ-၌ သရူပ+သရူပဝန္တအဖြစ်ဖြင့်စပ်၍ အနက်သမ္ဗန်အပ်သည်ကိုလည်းကောင်း သိစေပါသည်။

## နံပါတ် (၇)

**ဘာသိတာ/ဘာသိတ္တာ/ဘာသိတံ. . .**

**ဘာသိတန္တိ ပဒံ တွန္တိပဒဿ ဝိသေသနံ-ဟု ယောဇနာဆိုသောကြောင့် တွံ-**နှင့် ပုလ္လိင်ချင်း အရတူ၍ ဘာသိတာ-ပါဌ်သင့်။

**ဓေရှုပီ ဝါစံ ဘာသိတ္တာတိ ပါဌော-ဟု ဝဇိရဗုဒ္ဓိ-ဋီကာ ဆိုသောကြောင့်လည်း**ကောင်း၊ဘာသိတ္တာတိပဒံ သရသီတိ ပဒေ ပုဗ္ဗကာလကြိယာ-ဟု ယောဇနာ၌ဆိုသောကြောင့်လည်းကောင်း ဘာသိတ္တာ-ပါဌ်လည်းသင့်။

**ဘာသိတန္တိ အတ္ထိ သော န ယုဇ္ဇတိ-ဟု ယောဇနာ၌ ဆိုသောကြောင့်လည်း**ကောင်း။ဓေရှုပီ ဝါစံ-နှင့် ဝါစ္စ+ဝါစက လိင်ကွဲသောကြောင့်လည်းကောင်း ဘာသိတံ-ပါဌ် မသင့်ပါ။

ဘာသိတံ နပုလ္လိင်။ ဓေရှုပီ ဝါစံ-ဣတ္ထိလိင်။

http://www.dhammadownload.com



## နံပါတ် (၉)

**ရာဇာနော။** ။သမဏ ဗြာဟ္မဏတို့ကို ကြည်ညိုသောမင်းကိုသာ ရနိုင်သောကြောင့် ဧကဒေသျူပစာ။

**တိဏကဋ္ဌောဒကံ။** ။ကာကောလောက-နည်း။(၁)-နံပါတ် နိဿယရှု၊ အကြောင်းဖြစ်သော တိဏကဋ္ဌောဒကကိုဆိုသဖြင့် အကျိုးဖြစ်သောဆောင်ယူခြင်းကြိယာကိုလည်း ရသောကြောင့် ကာရဏူပစာ(ဌာန္ယူပစာ)အဝိနာဘာဝနည်း။

**ဓမ္မဘေရိံ စရာပေန္တိ** ။ဌာနီဖြစ်သော တရားစည် လှည့်လည်ခြင်းအမည်ကို ဌာနဖြစ်သော စည်ထမ်း မင်းချင်းတို့၌ တင်စား၍ဆိုသောကြောင့် ဌာန္ယူပစာ၊အဝိနာဘာဝ-နည်း။

## နံပါတ် (၁၀)

ဒိန္နညေ၀-၌ ဒါ-ဓာတ်အရ ပေးလှူသောအခြင်းအရာအားဖြင့်ဖြစ်သော စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ်ဥပ္ပါဒ်ကောက်ပါ။

**မှတ်ချက်။** ။(ဃ) သရသိတိ ဝုတ္တံ ဟောတိ၊သရသိ၊န သရသီတိ ဝုတ္တံ ဟောတိ။ သရသိ-နောင် န သရသိ-ဟူသော ပါဌ်မရှိအပ်။ (၂)နံပါတ် ယောဇနာပါဌ်ကိုထောက်၊အဋ္ဌကထာ၌ န သရသီတိ-ပါဌ် တွေ့နေရသည်၊ အလျဉ်းမသင့်ပါ။

## ဝါကျစဉ် (၂၆)

(က) တေသံ မယာ သန္တာယ ဘာသိတန္တိ တေသံ အပ္ပမတ္တကေ ကုက္ကုစ္စာယန္တာနံ သမိတဗာဟိတပါပါနံ သမဏဗြာဟ္မဏာနံ တိဏကဋ္ဌောဒက ဟရဏံ သန္တာယ မယာ ဧတံ ဘာသိတံ။

(ခ) န တုမှာဒိသာနန္တိ အဓိပ္ပါယော။

(ဂ) **တဋ္ဌ ခေါ် အရညေ အပရိဂ္ဂဟိတန္တိ တဋ္ဌ တိဏကဋ္ဌောဒကံ ယံ အရညေ အပရိဂ္ဂဟိတံ ဟောတိ။**

(ဃ) ဧတံ သန္တာယ မယာ ဘာသိတန္တိ ဒီပေတိ။ (ဝိ၊ဌ၊၁။၂၅၆)

## နံပါတ် (၁)

(က) အပ္ပမတ္တကေပိ-နည်းသောအတိုင်းအရှည်ရှိသည်လည်းဖြစ်သော ဝတ္ထု၌လည်း၊ကုက္ကုစ္စာယန္တာနံ- ကုက္ကုစ္စကိုဖြစ်စေတတ်ကုန်သော၊သမိတဗာဟိတပါပါနံ-ငြိမ်းစေအပ်ပြီးသော မကောင်းမှု,အပပြုအပ်ပြီးသော မကောင်းမှုရှိကုန်သော၊တေသံ-ထိုသမဏ,ဗြာဟ္မဏတို့၏၊တိဏကဋ္ဌောဒကဟရဏံ-မြက်,ထင်း,ရေကို ဆောင်ခြင်းကို၊ သန္တာယ၊မယာ၊ဧတံ၊ဒိန္နညေ၀ ။ပ။ ပရိဘုဉ္ဇန္တူတိဝစနံ-ကို၊ဘာသိတံ။

(ခ) တုမှာဒိသာနံ-အရှင်ဘုရားတို့ကဲ့သို့ ရှုအပ်ကုန်သော၊သမဏဗြာဟ္မဏာနံ၊

http://www.dhammadownload.com



တိဏကဌောဒကံ၊သန္ဓာယ၊မယာ၊တော်၊ဘာသိတံ၊န-မဟုတ်၊ဣတိ အဓိပ္ပါယော-ဤကား မင်း၏အလိုတည်း။

* လိုက်, လှမ်း, ပြန်, ထည့် ပြင်တုံဘိ၊ ငါးရှိအစပ်မျိုး-ဟူသော နိယံအရ လိုက်သင့်သောပုဒ်များလိုက်၍ အနက်ပေးရမည်။

(ဃ) ဒီပေတိ-၏ ကတ္တား (ရာဇာ)။

## နံပါတ် (၂)

**(ခ) ဝါကျသို့ စောဒနာ။** ။ဆရာ (က) ါကျဖြင့် "တေသံ မယာ သန္ဓာယ ဘာသိတံ"၌ တေသံ-ဝယ် တ-၏စွဲရာ ပက္ကန္တဝိသယကိုလည်းကောင်း၊တိဏကဌောဒက ဟရဏ်-ဟူသော စပ်ရာသမ္ဗန္ဓိကို ထည့်စွတ်အပ်သည်ကိုလည်းကောင်း၊ဖွင့်ပြတော်မူအပ်၏။ထိုမျှသောအဖွင့်တို့ဖြင့် ဗိမ္ဗိသာရမင်းကြီး၏ သန္ဓာယ ဘာသိတ-(အလို)ကို မသိအပ်သေးသည်မဟုတ်ပါလော။ဗိမ္ဗိသာရမင်းကြီးသည် မည်သို့သောအလိုဖြင့် "တေသံ မယာ သန္ဓာယ ဘာသိတံ"ဟု လျှောက်ထားအပ်ပါသနည်း ဤသို့စုဒ်ကြော င့် (ခ) ဝါကျကိုမိန့်။

**(ဃ) ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် တစ္ဆ ခေါ် အရညေ-၌ သည် တိဏကဌောဒကံ-ကို စွဲယူအပ်၏ဟု ဖွင့်ပြအပ်၏။ယင်း တစ္ဆခေါ်-စသော ကားဖြင့် ဗိမ္ဗိသာရမင်းသည် အဘယ်ကို ပြဆိုအပ်ပါသနည်း။ပါဠိတော်၌ တစ္ဆ ခေါ် အရညေ အပရိဂ္ဂဟိတံ-ဟုသာ ဆိုထားသောကြောင့် တော၌ မသိမ်းပိုက်အပ်သော မြက်,ထင်း,ရေဟူ၍သာ ပြဆိုအပ်ပါသလော ဤသို့ စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(ခ) ဝါကျ ဗျတိရေကဝါကျ။

(ဂ) ဝါကျ ပက္ခန္တရ။

(ဃ)ဝါကျ ဝါကျာရမ္ဘ။

**စာစပ်။** ။တုမှာဒိသာန်- တို့၏-ပေးသောကြောင့် တိဏကဌောဒကံဟရဏ်-၌ သမ္ပန်+သမ္ဗန္ဓီ။

## နံပါတ် (၄)

**ကုက္ကုစ္စာယန္တာ။** ။ကုက္ကုစ္စံ ကရောန္တီတိ ကုက္ကုစ္စာယန္တာ။

**(ကုက္ကုစ္စ-ပုဒ်+ကရောန္တိအနက်၌ အာယ+အန္တပစ္စည်း)**

ကုက္ကုစ္စ-အရ အနည်းငယ်မျှသော ဝတ္ထု၌လည်း အပ်လေသလော,မအပ်လေသလော၊ဟု အလိုလိုမျှဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်,ကြိယာစိတ္တုပ္ပါဒ်သည် မုချ။ယောနိသောမနသိကာရစသော ရှေးရှေးသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဖလူပစာ၊ နောက်နောက်သော ကုသိုလ်,ကြိယာစိတ္တုပ္ပါဒ်သည် ကာရဏူပစာ။အာယ-ပစ္စည်းအ ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဘောဂုဏ်ရ၏။အန္တ-ပစ္စည်းအရ ထို-သော လဒ္ဓီကုက္ကု ကဖြစ်သော သမဏ,ဗြာဟ္မဏတို့ ရ၏။

http://www.dhammadownload.com



**သမိတဗာဟိတပါပါ။** ။သမိတာနိစ ဗာဟိတာနိစာတိ သမိတဗာဟိတာနိ။(မအွ)
**မှတ်ချက်။** ။ပါပါနိ-ကို ဝိသေသနပြုနေသောကြောင့် ဝိသေသနောဘယ ကမ္မ
ဓာရည်းဆိုလျှင် ပိုကောင်းမည်။

**သမိတာနိစ တာနိ ဗာဟိတာနိစာတိ သမိတဗာဟိတာနိ။**
(ငြိမ်းစေအပ်ပြီးလည်းဖြစ်, မျှောအပ်ပြီးလည်းဖြစ်သော အကုသိုလ်)
**သမိတဗာဟိတာနိ ပါပါနိ ဧတေဟီတိ သမိတဗာဟိတပါပါ။**

သမိတဗာဟိတပါပါ-အရ ငြိမ်းစေအပ်ပြီး,မျှောအပ်ပြီးသော ပါပါတို့သည်မုချ။ ထို-၏ ဧတ-အညပုဒ်အရ သမဏ,ဗြာဟ္မဏတို့နှင့် နိဿိတ+နိဿယ၊ပဟာတဗ္ဗ+ပဟာယက စပ် ဌာနူပစာ။ဧတ-အရ ထို-သော သမဏ,ဗြာဟ္မဏတို့ရ၏။

**သမိတာနိ။** ။သမိယိံသူတိ သမိတာနိ။
**ဗာဟိတာနိ။** ။ဗာဟိယိံသူတိ ဗာဟိတာနိ။(ဝဟ+တ)

သမု-ဟေတုကတ္တုရှု-ငြိမ်းစေတတ်သော အရဟတ္တမဂ်စိတ္တုပ္ပါဒ်၏ သမုစ္ဆေဒသတ္တိသည် မုချ။ဟေတုကမ္မရှု-ငြိမ်းစေအပ်သော အကုသိုလ်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ ထို-သော အကုသိုလ်တို့ရ၏။

**အပ္ပမတ္တကာ။** ။အပ္ပါ မတ္တာ ယေသန္တိ အပ္ပမတ္တကာ။
**တုမှာဒိသာ။** ။တုမှေ ဝိယ ဒိဿန္တီတိ တုမှာဒိသာ။
**သမဏော။** ။ပါပေ သမေတီတိ သမဏော။(သမု+ယု)

သမု-သုဒ္ဓကတ္တုရှု-ငြိမ်းသောအကုသိုလ်တို့၏ အဘာဝသည် မုချ။ဟေတုကတ္တုရှု-ငြိမ်းစေသော အရဟတ္တမဂ်၏ သမုစ္ဆေဒသတ္တိသည် ဖလူပစာ။ယု-ပစ္စည်း ထို-သော ရဟန်းရ၏။

## နံပါတ် (၅)

| | |
|---|---|
| ကုက္ကုစ္စ။ | ။ကု+ကတ+ဏျ။ |
| ကတ။ | ။ကရ+တ။(ကရီယတေတ် ကတံ၊ကုစ္ဆိတံ ကတံ ကုကတံ၊ ကုကတမေဝ ကုက္ကုစ္စံ။ |
| ဗြာဟ္မဏ။ | ။ဗဟ+ယု။(ပါပေ ဗာဟေတီတိ ဗြာဟ္မဏော)။ |
| အဓိပ္ပါယော။ | ။အဓိ+အပိ+က္က+တ။(အဓိပ္ပီယတေ ဉ္စိဉ္စီယတေတိ အဓိပ္ပါယော။ အဓိ+ပယ+ဏ။ (အဓိပိယတိ စိတ္တေတိ အဓိပ္ပါယော) |
| ပါပ။ | ။ပါ+အပ+ဏ။ဒုဂ္ဂတိံ ပါပေတီတိ ပါပံ။ |
| ဘာသိတ။ | ။ဘာသ+တ။ |

## နံပါတ် (၆)

(က) ဗာဟိတပါပါနံ-ဖြင့် သမဏ,ဗြာဟ္မဏတို့အရ ပဗ္ဗဇိတမတ္တ သမဏ,ဇာတိဗြာဟ္မဏတို့ကို မယူအပ်၊သမိတပါပသမဏ,ဗာဟိတပါပ အရိယာဗြာဟ္မဏတို့ကို ယူအပ်သည်ကို သိစေပါသည်။

http://www.dhammadownload.com



သမဏပြာဟွံဏာန်-ဖြင့် တ-၏ ပက္ကန္တဝိသယ၏အဖြစ်ကို သိစေပါသည်။ (ပက္ကန္တမှာ၊ ဝိသယာ၊ တီတာဒြပ်သိ။) တစ်နည်း-သန္တိ ဘန္တေ သမဏပြာဟ္မဏာ-ဟူသော ရှေးဝါကျမှ သမဏ ပြာဟ္မဏကို ပြန်၍ စွဲယူသုံးသပ်အပ်သည်ကို သိစေပါသည်။

အပ္ပမတ္တကေပိ ကုက္ကုစ္စာယန္တာန်-ဖြင့် အနည်းငယ်မျှသော ဝတ္ထု၌လည်းကုက္ကုစ္စကိုဖြစ်စေ၏-ဟု ယင်းသမဏ,ပြာဟ္မဏတို့၏ သဘောကိုသိစေပါသည်။

တိဏကဋ္ဌောဒကပာရဏ-ဖြင့် တေသံ-၌ ဆဋ္ဌီဝိဘတ်သည် ကံ-အနက်၌သက်၍ သန္တာယ-၌မစပ်အပ်၊သမ္ဗန်အနက်၌ သက်၍ တိဏကဋ္ဌောဒကပာရဏ-ဟူသော ပါဌ်သေသ၌စပ်၍ အနက်သမ္ဗန်အပ်သည်ကို သိစေပါသည်။

သန္တာယ မယာ တေ ဘာသိတံ-ဖြင့် မယာ သန္တာယ ဘာသိတံ-ကို သန္တာယ မယာ တေ ဘာသိတံ-ဟု အနက်အားဖြင့်သမ္ဗန်အပ်သည်ကိုလည်းကောင်း၊ဘာသိတံ ၏ကံကို တေ-ဟု ထည့်စွက် အနက်သမ္ဗန်အပ်သည်ကိုလည်းကောင်း သိစေပါသည်။

(ဂ) တိဏကဋ္ဌောဒကံ-ဖြင့် တဥ္စ ခေါ-၌ တ-သည် ပက္ကန္တဝိသယဖြစ်၍ တိဏကဋ္ဌောဒကံ-ကို စွဲယူသုံးသပ်အပ်သည်ကို သိစေပါသည်။

(ဃ) ဝါကျဖြင့် မယာ သန္တာယ ဘာသိတံ-ပါဌ်သည် တဥ္စ ခေါ အရညေ အပရိဂ္ဂဟိတံ-ဟူသော နောက်ဝါကျသို့လည်း အာဒိဒီပကနည်း၊ကာကောလောကန နည်းအားဖြင့် လိုက်၍လည်း အနက်သမ္ဗန်အပ်သည်ကို သိစေပါသည်။

## နံပါတ် (၇)

**တုမှာဒိသာန်/တုမှာရိသာန်. . .**

တုမှ-ပုဒ် ဒိသ-ဓာတ်+ကွိ-ပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊မှ-၏ အ-ကို ဒီဃပြု၍ပြီးသောကြော င့်လည်းကောင်း တုမှာဒိသာန်-ပါဌ်သင့်။

ဒိသဿ ဒကာရော ရကာရမာပဇ္ဇတေ-ဟု ဒိသ-၏ ဒ-အက္ခရာသည် ရ-အဖြစ်သို့ အချို့ရောက်နိုင်၏-ဟုဆိုသောကြောင့် တုမှာရိသာန်-ပါဌ်လည်းသင့်။

(ရူ၊၅၈၈။သုတ်)

## နံပါတ် (၈)

**ကုက္ကုစ္စာယန္တာန်။** ။အတူဖြစ်သောနီဝရဏကုက္ကုစ္စ-၏အမည်ကို အတူရှိသော ဝိနည်းသိက္ခာပုဒ်၌ အပ်လေသလော,မအပ်လေသလော-ဟူသော အလို့ငှာဖြစ်သော အခြင်းအရာ ဝိနယကုက္ကုစ္စ-၌တင် သဒိသူပစာ။

တစ်နည်း-အပေါင်းဖြစ်သော ဝိနယကုက္ကုစ္စ,နီဝရဏကုက္ကုစ္စ,အသံသယကုက္ကုစ္စအမည်ကို အစိတ်ဖြစ်သော ဝိနယကုက္ကုစ္စ-၌တင် ဧကဒေသူပစာ။

**သမဏပြာဟ္မဏာ။** ။ဧကဒေသူပစာ (၆-နံပါတ်-ရှု)

(ဃ) အာဒိဒီပက-နည်း၊ ကာကောလောကန-နည်း (၆-နံပါတ်-ရှု)

**တိဏကဋ္ဌောဒကံ။** ။အပရိဂ္ဂဟိတကိုထောက်၍ ဧကဒေသူပစာ။ အပေါင်းဖြစ်သော ပရိဂ္ဂဟိတ, အပရိဂ္ဂဟိတ တိဏကဋ္ဌောဒကကို အစိတ်ဖြစ်သော အပရိဂ္ဂဟိတ-၌ တင်။

http://www.dhammadownload.com



## နံပါတ် (၁၀)

ကုက္ကုစ္စာယန္တာ-အရ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်,ကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်။

## ဝါကျစဉ်(၂၇)

(က) လောမေန တွံ မုတ္တောသိတိ ဧတ္ထ လောမမိဝ လောမံ။
(ခ) ကိံ ပန တံ ပဗ္ဗဇ္ဇလိင်္ဂံ ။
(ဂ) ဧဝမေဝ တွံ ဣမဿ ကမ္မဿ ကတတ္တာ ဝဓဗန္ဓနာရဟော။
(ဃ) ယသ္မာ ပန အရဟာဒ္ဓဇော သတ္တိ အဝဇ္ဈရူပေါ။
(င) တွဉ္စ သာသနေ ပဗ္ဗဇိတတ္တာ ယံ ပဗ္ဗဇ္ဇာလိင်္ဂဘူတံ အရဟဒ္ဓဇံ ဓာရေတိ။
(စ) တသ္မာ တွံ ဣမိနာ ပဗ္ဗဇ္ဇာလိင်္ဂလောမေန ဧဠကောဝိယ ဝိညူပုရိသမာဂမ္မ မုတ္တောသိတိ။ (ဝိ၊ဋ္ဌ၊၁။၂၅၆။)

## နံပါတ်(၁)

(က)လောမေနတွံ မုတ္တောသိတိဧတ္ထ(အတ္ထော ဧဝံ ဝေဒိတဗ္ဗော)လောမမိဝ-အမွေးနှင့်တူ၏။(ဣတိ-ကြောင့်)

(ခ)ပန-ပရိဟာရပက္ခမှတစ်ပါးစောဒကပက္ခကိုဆိုဦးအံ့။တံ-ထိုအမွေးနှင့်တူသောအရာဟူသည်။ကိံ ။

(ဂ)ဣမဿကမ္မဿ-ဤခိုးခြင်းအမှု၏။(ဝါ)ကို။ကတတ္တာ-ပြုအပ်သည်၏အဖြစ်ကြောင့်။ဝဓဗန္ဓနာရဟော-သတ်ခြင်း, နှောင်ဖွဲ့ခြင်းငှါထိုက်၏။(ဘာဋ္ဌိ)

တစ်နည်း-ဣမဿ ကမ္မဿ-ကို၊ကတတ္တာ-ပြုတတ်သည်၏အဖြစ်ကြောင့်၊(ဤသို့ ကတ္တားဟောကြသည်)။မအူ။

ထိုအလို တွံ-ကို ဟိတ်ပြင်ရမည်။တေ-သင်သည်၊(ဝါ)-၏။

(ဃ) ပန-ထိုသို့ပင် သတ်ထိုက်,နှောင်ဖွဲ့ထိုက်ပါသော်လည်း၊အရဟာဒ္ဓဇော-ရဟန္တာတို့၏ အလံတံခွန်သည်၊(ဝါ)-ကို၊သတ္တိ-သူတော်ကောင်းတို့သည်၊အဝဇ္ဈရူပေါ-မသတ်အပ်သောသဘောရှိ၏။

(င) ပဗ္ဗဇိတတ္တာ-၏သမ္ဗန် တွဉ္စ-ကို တာ-ဟုပြင်ပါ။တဝ-သင်၏၊(ဝါ)-သည်၊ပဗ္ဗဇိတတ္တာ-ရဟန်းပြုသည်၏အဖြစ်ကြောင့်၊ပဗ္ဗဇ္ဇလိင်္ဂဘူတံ-ရဟန်း၏အဖြစ်တည်းဟူသော အသွင်ဖြစ်၍ဖြစ်သော၊ယံ အရဟဒ္ဓဇံ-ယင်းရဟန္တာ၏တံခွန်ကို။

မှတ်ချက်။ ။ယ-သဒ္ဒါ နိယမကိုမငဲ့၊ထို့ကြောင့် "ယင်း"ဟု အနက်ပေးရသည်၊နိယမကိုငဲ့လျှင် "အကြင်"ဟု အနက်ပေးရသည်ကို ခွဲခြားသိပါ။

(စ) ဣမိနာ ပဗ္ဗဇ္ဇလိင်္ဂလောမေန-ဤရဟန်းအဖြစ်ဟု ဆိုအပ်သော အသွင်တည်းဟူသောအမွေးကြောင့်၊ဧဠကော-ဆိတ်ကုလားသည်၊ဝိညုပုရိသံ-သိနားလည်သောယောကျ်ားကို၊အာဂမ္မ-ရှေ့ရှုရောက်၍၊(သဒ္ဒတ္ထ)။ဝါ-အကြောင်းပြု၍၊(အဓိပ္ပါယတ္ထ)

http://www.dhammadownload.com



မုတ္တော-သတ်ခြင်းမှလွတ်သည်၊ဟောတိဝိယ၊တထာ၊တွံ၊မုတ္တော-သတ်ခြင်း,နှောင်ဖွဲ့ခြင်း မှလွတ်သည်၊အသိ-ဖြစ်၏၊ကွတိ၊ဝုတ္တံ၊ဟောတိ။

**(ဥပမာ အတွင်း,အပြင်ထုတ် လေ့ကျင့်ပါ။)**

## နံပါတ် (၂)

**(ခ) ဝါကျသို့ အနုသန္ဓေတက်။** ။ဤသို့ (က)ဝါကျဖြင့် လောမေန-၌ လောမသဒ္ဒါသည် မုချသဒ္ဒါမဟုတ် သဒိသူပစာသဒ္ဒါ၏အဖြစ်ကို (ဝါ)-ဥပမာတဒ္ဓိတ်၏အဖြစ်ကို ဖွင့်ပြတော်မူပြီး၍။ယခုအခါ၌ ယင်းသဒိသူပစာ (ဝါ)-ဥပမာတဒ္ဓိတ်ဖြစ်သော လောမ-အရကို ကိုယ်တိုင် ပုစ္ဆာထုတ်၍ အဖြေကိုပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)ဝါကျကိုမိန့်။

**(ဃ) ဝါကျသို့ ဗျတိရေကစောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် အရှင်ဘုရားသည် ခိုးမှုကိုပြုအပ်သောကြောင့် သတ်ခြင်း,နှောင်ဖွဲ့ခြင်းကို ထိုက်၏ဟု ဗိမ္ဗိသာရမင်း လျှောက်ထားအပ်သည်ကို ဖွင့်ပြအပ်၏။ယင်းသို့ သတ်ခြင်း,နှောင်ဖွဲ့ခြင်းကို ထိုက်သည်ဖြစ်အံ့ ဗိမ္ဗိသာရမင်းသည် အရှင်ဓနိယကို သတ်ခြင်း,နှောင်ဖွဲ့ခြင်းကိုပြု၏ဟူ၍ မှတ်သားအပ်ပါသလော။အဘယ်သို့မှတ်သားအပ်ပါသနည်း ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာ (ဃ)ဝါကျဖြင့် အရဟဒ္ဓဇကို သူတော်ကောင်းတို့သည် မသတ်အပ်သောသဘောရှိ၏-ဟု ဗိမ္ဗိသာရမင်းအလိုကို ဖွင့်ပြအပ်၏။ ထိုသို့ပင် ဖွင့်ဆိုအပ်ပါသော်လည်း အရှင်ဓနိယသည် ခိုးမှုကိုလွန်ကျူးသောကြောင့် သတ်ခြင်း,နှောင်ဖွဲ့ခြင်းကို ထိုက်သည်မဟုတ်ပါလော။အဘယ်ကြောင့် အရှင်ဓနိယသည် သတ်ခြင်း,နှောင်ဖွဲ့ခြင်းကို လွတ်မြောက်ရပါသနည်း စုဒ်ကြောင့် (င)ဝါကျကိုမိန့်။ (စ)ဝါကျတိုင်အောင်-မျှော်။

## နံပါတ် (၃)

(ခ) ဝါကျ ဝါကျာရမ္ဘ။(တစ်နည်း)-ပက္ခန္တရ=ပရိဟာရမှတ[illegible] စောဒနာပြ။

(ဂ) ဝါကျ ဥပမေယျဝါကျ။ (တစ်နည်း)-ပက္ခန္တရ=ဥပမာနအဖို့မှတစ်ပါး ဥပမေယျ-ကိုပြ။

(ဃ)ဝါကျ ဝါကျာရမ္ဘ။ (တစ်နည်း)- ကာရဏ။

(င) ဝါကျ ဝါကျာရမ္ဘ။ (စ) ဝါကျ ဖလ။

**စာစပ်။** ။က္ကမဿ ကမ္မဿ-၏-ပေးသောကြောင့် ကတတ္တာဝယ် တ္တ-၌ သမ္ဗန်+သမ္ဗန္ဓီ။ တစ်နည်း-ကို-ပေးသောကြောင့် ကတ-၌ ကမ္မ+ကမ္မီ၊ဝါစ္စ+ဝါစက စပ်။

## နံပါတ် (၄)

**ခလောမ။** ။**လူယတေတိ လောမော။**

**လုနိတဗ္ဗော ဆိန္ဒိတဗ္ဗောတိ လောမော။**

လု-ဓာတ်အရ ကတ္တာ၌-နှုတ်ရိတ်တတ်သောပုဂ္ဂိုလ်၏ ဝီရိယပြဋ္ဌာန်းသော

http://www.dhammadownload.com



စိတ္တုပ္ပါဒ်သည် မှချ။ကမ္မဇ-အမွေး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။မ-ပစ္စည်းအရ ထို-သော အမွေးရ၏။ထိုသို့ပင် ရပြားသော်လည်း သဒိသူပစာဖြစ်သောကြောင့် အမွေးနှင့်တူသော ပဗ္ဗဇလိင်-ဟူသော သက်န်းရ၏။

**(တစ်နည်း)-လောမမိဝ လောမံ။**

လောမ-အရ ပကတိအမွေးသည် မှချ။ယင်း၏ ပဗ္ဗဇလိင်ဟူသောသက်န်းနှင့် သဒိသ+သဒိသီ စပ် ဌာနူပစာ။ဏ-ပစ္စည်းအရ ထို-သော သက်န်းရ၏။

**ပဗ္ဗဇ္ဇလိင်္ဂ ။ ။ပဗ္ဗဇ္ဇသင်္ခါတံ လိင်္ဂ ပဗ္ဗဇ္ဇလိင်္ဂ ။**

ပဗ္ဗဇ္ဇ-ဟူသော ဝိသေသနပုဒ်အရ ရှင်,ရဟန်းဟု ဆိုအပ်သော သမ္ဘာဝနာဘောဂုဏ်သည် မှချ။ထို-၏ အသွင်နှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ရှင်,ရဟန်းအသွင်ရ၏။

| | |
|---|---|
| **ဝဓေဗန္ဓနာရဟော။** | **။ဝဓောစ ဗန္ဓနဉ္စ ဝဓေဗန္ဓနံ။** |
| | **တံ အရဟတီတိ ဝဓေဗန္ဓနာရဟော။** |
| **အရဟဒ္ဓဇော။** | **။အရဟန္တာနံ ဓဇော အရဟဒ္ဓဇော။** |
| | **အရဟန္တဓဇော-ဟု ဆိုလိုလျက် န္တ-ကိုချေထားသည်။** |
| **အဝဇ္ဈရူပေါ။** | **။န ဟညတေတိ အဝဇ္ဈော။(ဟန+ဏျ)ဟန-ကို ဝဓ-ပြု။** |
| | **(ဘာဝပစ္စာနပုဒ်)** |
| | **အဝဇ္ဈော ရူပံ ယဿာတိ အဝဇ္ဈရူပေါ။** |

အဝဇ္ဈရူပ-အရ မသတ်ထိုက်သည်၏အဖြစ်ဟူသော သဘောသည် မှချ။ထို-၏ ယ-အညပုဒ်အရ အရဟဒ္ဓဇနှင့် ဂုဏ်+ဂုဏေး ဌာနီ+ဌာန စပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော မသတ်ထိုက်သည်၏ အဖြစ်ဟူသောသဘောရှိသော အရဟဒ္ဓဇ ရ၏။

| | |
|---|---|
| **ပဗ္ဗဇ္ဇလိင်္ဂဘူတော။** | **။ပဗ္ဗဇ္ဇလိင်္ဂ ဟုတွာ ဘူတော ပဗ္ဗဇ္ဇလိင်္ဂဘူတော။** |
| **နိယံ။** | **။ဘူတ-ပုဒ်သာ၊ ရှိလေရာ၊ ဟုတွာ-ကျေမြဲတည်း။** |
| | **ဟုတွာ ကျေ၊ ထိုပုဒ်တွေ၊ သမ္ဘာဝနာနေမြဲတည်း။** |
| **ပဗ္ဗဇ္ဇလိင်္ဂလောမံ။** | **။ပဗ္ဗဇ္ဇလိင်္ဂ တံ လောမဉ္စာတိ ပဗ္ဗဇ္ဇလိင်္ဂလောမံ။** |

## နံပါတ် (၅)

| | |
|---|---|
| **ပဗ္ဗဇ္ဇ။** | **။ပ+ဝဇ+ယ။(ပရိစဇိတွာ ဝဇတီတိ ပဗ္ဗဇ္ဇာ။)** |
| **လိင်္ဂ။** | **။လိင်္ဂ+အ။(တစ်နည်း)-လီန-သဒ္ဒူပပဒ ဂမု+ကွိ။** |
| **သတ္တိ။** | **။သန္တပုဒ်+ဟိဝိဘတ်။ဟိ-ကို ဘိ-ပြု၊န္တ-ချေ။** |
| **သန္တ။** | **။သမု+အန္တ။** |
| **သာသန။** | **။သာသ+ယု။(သာသတိ အနုသာသတိ ဧတ္ထ ဧတေနာတိဝ၊ သာသနံ)** |
| **အရဟာ။** | **။အရဟ+အန္တ။(ပူဇာဝိသေသံ အရဟတီတိ အရဟာ။)** |
| **ဓဇော။** | **။ဓဇ+ဏွ။(ဓဇတိ ဂစ္ဆတီတိ ဓဇော။)** |

http://www.dhammadownload.com



ဝိညူ။ ။ဝိ+ဉာ+ရူ။
မုတ္တော။ ။မုစ+တ။

## နံပါတ်(၆)

(က)လောမမိဝဖြင့် လောမနေဒ္ဒ လောမသဒ္ဒါသည် မုချသဒ္ဒါမဟုတ်၊သဒိသူပ စာဖြစ်သည်ကိုလည်းကောင်း၊(တစ်နည်း)လောမပုဒ်+ဏာပစ္စည်း၊ယင်းဏာပစ္စည်း၏ ဥပ မာအနက်၌သက်၍ လောမမိဝ လောမံဟု ဥပမာတဒ္ဓိတ်ဝစနတ္တပြုအပ်သည်ကိုလည်း ကောင်း သိစေ။

(ခ)ပဗ္ဗဇ္ဇလိင်္ဂဖြင့် လောမအရ ပကတိအမွေးကိုမယူအပ်၊သဒိသူပစာအားဖြင့် ရဟန်းအသွင် သင်္ကန်းကိုယူအပ်သည်ကိုသိစေ။ ကိ ပနဖြင့် စေဒနာကိုသိစေ။

## နံပါတ်(၇)

**ဝိညူပုရိသံ/ဝိညူပုရိသံ/ဝိညူံ ပုရိသံ. . .**

သမာသ်အလယ်သို့ ရောက်သော ဦကို ဥရဿပြု၍ ပြီးသောကြောင့်လည်း ကောင်း, သမာသ်နှင့်ဝါကျသာထူး၍ အနက်ထူးမရှိသောကြောင့်လည်းကောင်း. ဝိညူ ပုရိသံ/ ဝိညုံ ပုရိသံ နှစ်ပါဌ်သင့်သည်။(ဝိညူပုရိသံကားသမာသ်၊ဝိညုံပုရိသံကားဝါကျ)

**ပဗ္ဗဇိတ/ပဗ္ဗဇ္ဇိတ. . .**

ဇ-ကားဒွေဘော်ဌာနမဟုတ်သောကြောင့် ပဗ္ဗဇိတပါဌ်သာသင့်။

ပဗ္ဗဇ္ဇာ၌ကား ပ+ဝဇ+ယ။ ဗျကိုဇပြု၍၊ယဝတံသုတ်၊ပြီးပြယုဂ်၊အဟုတ်. ဒွေး ဘော်ချည်းသာ-ဆိုသဖြင့် ဒွေးဘော်လာရသည်။ဤပဗ္ဗဇိတ၌ ဒွေးဘော်ဌာနမဟုတ်ပါ။

**ယံ ပဗ္ဗဇ္ဇလိင်္ဂဘူတံ/ပဗ္ဗဇ္ဇလိင်္ဂဘူတံ. . .**

နိဿယတို့၌ ယံကိုထည့်၍အနက်မပေးကြသော်လည်း၊"အရဟဒ္ဓဇော သဒ္ဓိ အဝဇ္ဈရူပေါ" ကိုငဲ့သောကြောင့် ဟေဋ္ဌာပေက္ခအနက်ရှိသော ယံ. သဒ္ဒါပါသော ပဗ္ဗဇ္ဇ လိင်္ဂဘူတံပါဌ်သာသင့်။ အရဟဒ္ဓဇံ တွဲအနက်ပေးပါ။

## နံပါတ်(၈)

**အရဟဒ္ဓဇ။** ။အတူဖြစ်သောတံခွန်၏အမည်ကို အတူရှိသောသင်္ကန်း၌ တင်စားဆိုသောကြောင့် သဒိသူ။တစ်နည်း=အတူဖြစ်သောရဟန္တာပုဂ္ဂိုလ်၏သင်္ကန်း၏ အရဟဒ္ဓဇအမည်ကိုအတူရှိသော အခြားရဟန်းတော်များသင်္ကန်း၌လည်းတင် သဒိသူ။

**တစ်နည်း။** ။ဌာနီဖြစ်သောသင်္ကန်း၏အမည်ကို ဌာနဖြစ်သောသင်္ကန်း ကိုဆောင်သော အရှင်ဓနိယ၌တင် ဌာန်ျူပစာ/အဝိနာဘာဝနည်း။(အဝဇ္ဈရူပေါ-ကို ထောက်။)

## နံပါတ်(၁၀)

က္လမဿ ကမ္ပဿ. ဣရအဒိန္နာဒါနစေတနာကောက်၍ လက္ခဏာဟာရနေတ္တိ နည်းထုတ်ပါ။

http://www.dhammadownload.com



## ဝါကျစဉ်(၂၈)

(က) မနုဿာ ဉဇ္ဈာယန္တီတိ ရညော ပရသတိ ဘာသမာနဿ သမ္မုခါစ ပရမ္မုခါစ သုတွာ တတ္ထ တတ္ထ မနုဿာ ဉဇ္ဈာယန္တိ၊အဝဇ္ဈာယန္တိ။
(ခ ) အဝဇာနန္တာ နံ ဈာယန္တိ ဩလောကေန္တိ။
(ဂ ) လာမကတောဝါ စိန္တေန္တီတိ အတ္ထော။
(ဃ) ခိယျန္တီတိ တဿ အဝဏ္ဏံ ကထေန္တိ ပကာသေန္တိ။
(င ) ဝိပါစေန္တီတိ ဝိတ္ထာရိကံ ကရောန္တိ၊သဗ္ဗတ္ထ ပတ္ထရန္တိ။
(စ ) အယဉ္စ အတ္ထော သဒ္ဒသတ္ထာနုသာရေန ဝေဒိတဗ္ဗော။

(ဝိ၊ဋ္ဌ၊၁။၅၅၆။)

## နံပါတ်(၁)

(ခ) ဝါကျရှု. . . ဉဇ္ဈာယန္တိ-အောက်တန်းစားဟု အသိအမှတ်ပြုလျက် ကြည့်ရှုကြကုန်ပြီ၊(ဝါ)-အယုတ်သဘော ထုတ်မပြောဘဲ တွေးတောကြံစည်ကြကုန်ပြီ. . (ဂ) ဝါကျရှု။

ခိယျန္တိ-အပြစ်ပြောကြကုန်၏။(ဝါ)-အပြစ်ကိုထင်ရှားပြကြကုန်၏။(ဃ)ဝါကျရှု။

ဝိပါစေန္တိ-ရပ်တကာနှံ့ ပတ်ကာဖြန့်လျက် ကျယ်ပြန့်စေကြကုန်၏။(င)ဝါကျရှု။

(က) ပရိသတိ-ပရိသတ်၌၊ဘာသမာနဿ-ပြောဆိုစဉ်၊တတ္ထ တတ္ထ-ထိုထိုအရပ်၌။

(ခ) အဝဇာနန္တာ-အောက်တန်းစားဟု သိကြကုန်လျက်၊တံ-ထိုအရှင်ဓနိယကို၊ ဈာယန္တိ- ဩလောကေန္တိ-ကြည့်ရှုကြကုန်၏။

(ဂ) လာမကတောဝါ-ယုတ်ညံ့သည်၏အဖြစ်ဖြင့်၊(ဝါ)-ယုတ်ညံ့သူဟူ၍။

(င) ဝိတ္ထာရိကံ-ကျယ်ပြန့်ခြင်းရှိသည်။

(စ) စ-ဆက်၊အယံ အတ္ထော-ကို၊သဒ္ဒသတ္ထာနုသာရေန-သဒ္ဒါကျမ်းသို့အစဉ်လိုက်သဖြင့်။

## နံပါတ် (၂)

(က)ဝါကျ လီနတ္ထရစောဒနာ။ ။ဆရာ သင်္ဂါယနာတင်မထေရ်တို့သည် ပါဠိတော်၌ မနုဿာ ဉဇ္ဈာယန္တိ-ဟု ဆိုအပ်၏။လူတို့သည် အဘယ်ကြောင့် အဘယ်အရပ်၌ ကဲ့ရဲ့ကြပါသနည်း။လူတို့သည် အရှင်ဓနိယ၌ (ဝါ)-ရဟန်းတို့၌ ပင်ကိုယ်သဘောအားဖြင့်ပင် ဣဿာနှိပ်စက်အပ်ကုန်သည်၏အဖြစ်ကြောင့် ကဲ့ရဲ့အပ်ပါကုန်သလော။အရပ်ဌာနတစ်ခုတည်း၌သာ ကဲ့ရဲ့အပ်ပါကုန်သလော ဤသို့စုဒ်ကြောင့် (က) ဝါကျကိုမိန့်။

ကာ၁း။ ။လူတို့သည် အရှင်ဓနိယ၌ (ဝါ)-ရဟန်းတို့၌ ပင်ကိုယ်သဘောအားဖြင့် ဣဿာနှိပ်စက်အပ်သောကြောင့် ကဲ့ရဲ့အပ်ကုန်သည်မဟုတ်၊ပရိသတ်အလယ်၌ မင်း၏ပြောဆိုအပ်သောစကားကို ကြားခြင်းကြောင့် တစ်ခုသောအရပ်၌ မကဲ့ရဲ့၊ထိုထိုအရပ်တို့၌ ကဲ့ရဲ့ကုန်၏-ဟူလို။

http://www.dhammadownload.com



(ခ) ဝါကျသို့ စောဒနာ။ ။ဆရာ (က) ဝါကျဖြင့် ဥဋ္ဌာယန္တိကို အဝဋ္ဌာယန္တိ-ဟု ဖွင့်ပြအပ်၏။ယင်း၌ ဥပသာရပုဒ်သည် အဘာယ်အနက်၌ဖြစ်၍ ဓေ-ဓာတ်သည် အဘာယ်အနက်၌ဖြစ်ပါသနည်း။အဝ-ဥပသာရပုဒ်သည် အဘိဘဝန-စသော အနက်တို့၌ဖြစ်၍ ဓေ-ဓာတ်သည် ဉာဏ,စိန္တန-အနက်တို့၌ ဖြစ်ပါသလော ဤသို့စုဒ်ကြောင့် (ခ) ဝါကျကိုမိန့်။

(ဂ) ဝါကျသို့ စောဒနာ။ ။ဆရာ (ခ) ဝါကျဖြင့် အဝ-ဥပသာရပုဒ်၏ အဝဇာနန-အနက်၊ဓေ-ဓာတ်၏ ဩလောကန-အနက်တို့၌ ဖြစ်သည်ကို ဖွင့်ပြအပ်၏။ အဝ-ဥပသာရသည် အဝဇာနန-အနက်၌သာဖြစ်လေသလော၊ဓေ-ဓာတ်သည် ဩလောကန-အနက်၌သာဖြစ်လေသလော။အဝသဒ္ဒါသည် အဘာယ်အနက် ဓေ-ဓာတ်သည် အဘာယ်အနက်တို့၌ဖြစ်ပါသေးသနည်း ဤသို့စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

(ဃ) ဝါကျသို့ စောဒနာ။ ။ဆရာ (ခ)စသောဝါကျတို့ဖြင့် ဥဋ္ဌာယန္တိ-၌ ဥ-အဝ ဥပသာရသည် အဝဇာနန,လာဘက-အနက်တို့၌ ဖြစ်သည်ကိုလည်းကောင်း၊ဓေ-ဓာတ်၏ ဩလောကန,စိန္တန-အနက်တို့၌ ဖြစ်သည်ကိုလည်းကောင်း၊ခီ-ဓာတ်၏ အဝဏ္ဏကထန-အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ပစိ-ဓာတ်၏ ဝိတ္ထာရ-အနက်၌ဖြစ်သည်ကိုလည်းကောင်း ဖွင့်ပြတော်မူအပ်၏။အဝ-သဒ္ဒါသည် တစ်ခုတည်းဖြစ်သည်မဟုတ်ပါလော။"အနေကတ္ထော ဟိ ဓာတဝေါ"လာသည်နှင့်အညီ ဓေ-ဓာတ်သည် ဩလောကန,စိန္တန-အနက်၊ခီဓာတ်၏ အဝဏ္ဏကထန-အနက်၊ပစိ-ဓာတ်၏ ဝိတ္ထာရအနက်တို့ကိုသာ မဟော၊အခြားသော ဒဟန, ခီယန, ပါကတ္တ-အနက်များစွာကိုလည်း ဟောသည်မဟုတ်ပါလော။ထိုအလုံးစုံကို အဘာယ်နည်းဖြင့် သိအပ်ပါသနည်း စုဒ်ကြောင့် (ဃ) ဝါကျကိုမိန့်။ (ဂဏ္ဌိ)

## နံပါတ် (၃)

(ခ) ဝါကျ ဝါကျာရမ္ဘ။တပ္ပါကဋ္ဌိကရဏ-အဝသဒ္ဒဿ ဝိဝရဏံ အဝဇာနန္တော တိ ဥဋ္ဌာယန္တိတိပဒဿ ဝိဝရဏံ ဩလောကေန္တိတိ။(ယောဇနာ)

(ဂ) ဝါကျ နယန္တရပက္ခန္တရ။(တစ်နည်း)-ဝါကျာရမ္ဘ။

(ဃ)ဝါကျ ပက္ခန္တရ။ (င) ဝါကျ ပက္ခန္တရ။

(စ) ဝါကျ ဝါကျာရမ္ဘ။ဒဠ္ဍိကရဏ။

## နံပါတ် (၄)

**ပရိသာ။ ။ပရိသမန္တတော သေန္တိ အဿန္တိ ပရိသာ။**

ပရိ-အရ သမန္တတ္တဘောဂုဏ် ရ၏။သိ-ဓာတ် ကတ္တုဋ္ဌ-စုဝေးဆည်းကပ်ကုန်သော ပုဂ္ဂိုလ်တို့၏ ဝီရိယပြဋ္ဌာန်းသော ဝိညတ္တိသမုဋ္ဌာပက စိတ္တုပ္ပါဒ်သည် မုချ။အဒိကုရဏာတ္ထ-ပရိသတ်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ဏာ-ပစ္စည်းအရ ထိုသော ပရိသတ်ရ၏။

**သမ္မုခံ။ ။မုခဿ သံ သမ္မုခံ။(တစ်နည်း)မုခဿ အဘိမုခံ သမ္မုခံ။**

http://www.dhammadownload.com



ပရမ္မုခံ။ ။မုခသ ပရံ ပရမ္မုခံ။

မုခသအရ-မျက်နှာသည်မုချ။ထို၏မျက်မှောက်အရပ်နှင့်(ဝါ)အရှေ့အရပ်နှင့် ဝိသေသန/ဝိသေသျ ၊ဌာနီ/ဌာနအစပ်သမ္ဗန်သည် ဌာနူပစာ။သမာသ်ပုဒ်အရ-ထို သော မျက်မှောက်အရပ်(ဝါ)မျက်နှာ၏အရှေ့အရပ်။

မနုဿာ။ ။မနုနော အပစ္စံ မနုဿာ။(တဒ္ဓိတ်)

ကုသလာကုသလံ မနန္တိ ဇာနန္တီတိ မနုဿာ။(ကိတ်)

မနော ဥဿံ ယေသန္တိ မနုဿာ။ (သမာသ်။ ထက်မြက်သော စိတ်ရှိသူ)

အဝဏ္ဏ။ ။ဝဏ္ဏီယတေ ပသံသီယတေတိ ဝဏ္ဏော။ န ဝဏ္ဏော အဝဏ္ဏော။

ဝဏ္ဏဓာတ်အရ-ကတ္တုရှ ကြိယာချီးမွမ်းသောအချင်းအရာအားဖြင့်ဖြစ်သော ပီတိသောမနဿပြခန်းသော စိတ္တုပ္ပါဒ်မုချ။ကမ္မရှကြိယာ. ဂုဏ်ကျေးဇူး၏အာရမ္မဏ ပစ္စယသတ္တိ ဖလူ။အ. ပစ္စည်း-ထို. သော ဂုဏ်ကျေးဇူးရ၏။

န-အရ ဝိရုဒ္ဓဘောဂုဏ်သည်မုချ။ယင်း၏ဝဏ္ဏဟူသောနောက်ပုဒ်အရ. အပြစ် နှင့် ဂုဏ်/ဂုဏေးအစပ်သမ္ဗန်သည်ဌာနူ။သမာသ်ပုဒ်လုံးအရ-ထို. သော အပြစ်ရ၏။ (ဝဏ္ဏသဒ္ဒါသည် နနှင့်တွဲ၍ အပြစ်အနက်ကိုဟောသွားရသည်ကို ရူ-အပြာဟွဏော ပုဒ် အဖွင့်ကိုရှုပါ။)

ဝိတ္ထာရိက။ ။ဝိတ္ထာရော ယဿ အတ္ထီတိ ဝိတ္ထာရိကော။(ဝိတ္ထာရ+ဣယ-ကျယ် ပြန့်ခြင်းရှိသောအပြစ်။)

## နံပါတ်(၅)

| | |
|---|---|
| ဘာသမာန။ | ။ဘာသ+အ+မာန။ |
| ဝိတ္ထာရ။ | ။ဝိ+ထရ+ဏ။ |
| မုခ။ | ။မု+ခ။(မုနန္တိ ဗန္ဓန္တိ ဧတေနာတိ မုခံ။) |
| လာမက။ | ။လမ+ဏွု။(လမီယတေ နန္ဒီယတေတိ လာမကော။ |
| အဝဇာနန္တ။ | ။အဝ+ဉာ+နာ+အန္တ။ |

## နံပါတ်(၆)

(ခ) အဝဇာနန္တာဖြင့် အာဥပသာရပုဒ်၏ အဝဇာနန္တ အနက်၌ဖြစ်သည်ကိုလည်း ကောင်း။(အနတ္တက+ပဒပူရဏမဟုတ်)ဩလောကေန္တိဖြင့် ဈေဓာတ်၏ ဩလောကန အနက်၌ဖြစ်သည်ကိုလည်းကောင်း။ တံ. ဖြင့် အောက်ချ၍သိ၏ဟူသည် အရှင် ဓနိယ ကို ကြည့်ခြင်းပင်ဖြစ်သည်ကိုလည်းကောင်း။(ဝါ)ဈေ. ဓာတ်၏ သကမ္မကဓာတ် ဖြစ် သည်ကိုလည်းကောင်းသိစေ။

(ဂ)လာမကတောဖြင့် အဝဥပသာရ၏ လာမကအနက်, နိဟီနအနက်၌ဖြစ် သည်ကို သိစေ။စိန္တေန္တိဖြင့် ဈေ. ဓာတ်၏စိန္တနအနက်ဟောသည်ကိုသိစေ။(ဒဟန+ဉာ ဏအနက်မဟော)

http://www.dhammadownload.com



(ဃ)အဝဏ္ဏံ ကထေန္တိဖြင့် ဒီ-ဓာတ်၏အဝဏ္ဏကထနအနက်(နိန္ဒအနက်)ဟော သည်ကိုသိစေ။တဿဖြင့် အဝဏ္ဏဟူသည် တစ်စုံတစ်ယောက်၏အဝဏ္ဏမဟုတ် အရှင် ဓနိယ၏ အဝဏ္ဏပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုသိစေ။ပကာသေန္တိ ဖြင့် ပြောဆို၏ဟူ သည် ထင်ရှားပြခြင်းပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုသိစေ။

(င) ဝိတ္ထာရိကံ ကရောန္တိဖြင့် ဝိ+ပစိ+ဓာတ်၏ ဝိတ္ထာရအနက်ဟောသည်ကို သိစေ။(မအုဒ္ဓကား-ဝိတ္ထာရိကံဖြင့် ဝိဥပသာရ၏ ဝိတ္ထာရအနက်ကိုသိစေ။ကရောန္တိဖြင့် ပစိ-ဓာတ်၏ ကရဏအနက်၌ဖြစ်သည်ကိုသိစေ။ သဗ္ဗတ္ထ ပတ္ထရန္တိဖြင့် ကျယ်ပြန့်သည် ကိုပြု၏ဟူသည် အလုံးစုံသောအရပ်၌ဖြန့်ခြင်းပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုသိစေ။

## နံပါတ်(၇)

**ပရိသတိ/ပရိသတိံ . . .**

**တိံ သဘာပရိသာယ(မောဂ်၊၂။၁၀၄။)**သုတ်အရသို့ ဝိဘတ်ကို တိံ ပြု၍ပြီး သောကြောင့် ပရိသတိံ ပါဌ်သင့်(သီဟိုဠ်မူ)

**တိသဘာပရိသာယ(နိရုတ္တိဒီပနီ၊၂။၉၀။)**သုတ်အရ သို့ ဝိဘတ်ကို တိပြု၍ပြီး သောကြောင့် ပရိသတိပါဌ်သင့်။(မြန်မာမူ)တိကြောင့် သ၏အာကိုရဿပြု။

**လာမကတောဝါ/လာမကတော. . .**

အတ္တန္တရဝိကပ်အနက်ရှိသော ဝါကျဖြစ်၍ယင်းကိုထွန်းပြတတ်သော ဝါသဒ္ဒါ ဖြစ်သောကြောင့် လာမကတော ဝါ. ဟု ဝါဖြင့်ရှိသောပါဌ်သင့်။

**ဝိတ္ထာရိကံ/ဝိတ္ထာရိတံ. . .**

ဝိတ္ထာရော သဉ္ဇာတော အဿ အတ္ထီတိ ဝိတ္ထာရိတော။(အဝဏ္ဏော)သဉ္ဇာတ အဿတ္ထိအနက်၌ ဣတပစ္စည်းသက်၍ပြီးသောကြောင့်ဝိတ္ထာရိတပါဌ်သင့်။(ဘာဋီ)

ဝိတ္ထာရော အဿ အတ္ထီတိ ဝိတ္ထာရိကော။(အဝဏ္ဏော) ရှိုးရိုးအဿတ္ထိအနက် ၌ ဣကပစ္စည်းသက်၍ပြီးသောကြောင့် ဝိတ္ထာရိကံပါဌ်လည်းသင့်။(နိယတော+နိယ ကော တို့ကဲ့သို့ ကာရိကာရိယမျှသာထူး၏)

**ခီယန္တိ/ခိယျန္တိ/ခိယန္တိ. . .**

ခီ. ဓာတ်၏ ဤကို ဤယပြုက ခီယန္တိ။ဣယျပြုက ခိယျန္တိ။ဣယပြုကခိယန္တိ အသီးပြီးနိုင်ကောင်းသောကြောင့်(၃)ပါဌ်လုံးသင့်။(ဓာတွတ္ထ၊၈၂)

## နံပါတ်(၈)

(က)ရညောပရိသတိ။ပ။တတ္ထ မနုဿာ. ပါဌ်တို့၌ အာဒိဒီပကနည်းရနိုင်၏။ (ဂ+ဃ)ဝါကျတို့၌လည်းလိုက်၍အနက်ပေးနိုင်သောကြောင့်တည်း။

**ရညော။** ။အပေါင်းဖြစ်သော မင်းအားလုံး၏အမည်ကို အစိတ်ဖြစ် သော ဗိမ္ဗိသာရမင်း၌တင် ဧကဒေသျူပစာ။

**ဥဇ္ဈာယန္တိ။** ။အောက်တန်းစားဟုအသိအမှတ်ပြုလျက် ကြည့်ရှုကြကုန် ၏. ဟူ၍လည်းကောင်း၊ အယုတ်သဘော၊ ထုတ်မပြောဘဲ တွေးတောကြံစီကြကုန်၏.

http://www.dhammadownload.com



ဟူ၍လည်းကောင်း ဤသို့ နှစ်နက်-ရကောင်းသောကြောင့် ပဒီပနည်း၏။
**နိယံ။ ။ပေါင်းစိတ်နှစ်ရပ်၊သန္ဓေစပ်၊မှတ်အပ်တန္တနည်း။**
**ထိုထိုပုဒ်ခွာတ်၊ပစ္စယ၊ပြန်ရဒီပကနည်း။သဘောတည်း။**

**ပရိသတိ။** ။အပေါင်းလူအစုအဝေး၏အမည်ကို အစိတ်လူတစ်ဦးစီ၌ တင် ကေဒေသျူပစာ။

**အဝဏ္ဏာယန္တိ။** ။မထင်ရှားသော ဥ. ဥပသာရကို ထင်ရှားသော အဝ. ဥပ သာရဖြင့် ဖွင့်ဆိုသောကြောင့် ဂေါဂဏှာနည်း။

**မနုဿာ။** ။ကေဒေသျူပစာ။

## နံပါတ်(၁၀)

ဥဏ္ဏာယန္တိအရ-ကဲ့ရဲ့သောအချင်းအရာအားဖြင့်ဖြစ်သော ဣဿာပြခန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကောက်။

❖ ❖

## ဝါကျစဉ်(၂၉)

(က) ရညော ဒါရှုနီတိ အာဒိမှိ " အဒိန္နံ အာဒိယိဿတိ "တိ အယံ ဥဏ္ဏာယ နတ္ထော။
(ခ) ယံ ပနေတံ အဒိန္နံ အာဒိယိ၊တံ ဒဿေတုံ " ရညော ဒါရှုနိ "တိ ဝုတ္တံ။
(ဂ) ဣတိ ဝစနဘေဒေ အသမ္ဘုယှန္တေဟိ အတ္ထော ဝေဒိတဗ္ဗော။
(ဃ) ပုရာဏဝေါဟာရိကော မဟာမတ္တောတိ ဘိက္ခုဘာဝတော ပုရာဏေ ဂိဟိကာလေ ဝိနိစ္ဆယဝေါဟာရေ နိယုတ္တတ္တာ " ဝေါဟာရိကော " တိ သင်္ခ ဂတော မဟာအမစ္စော။ ။(ဝိ၊ဋ္ဌ၊၁။၂၅၇။)

## နံပါတ်(၁)

(က)ရညော ဒါရှုနီတိ အာဒိမှိ-သော။(ဝစနေ)။အာဒိယိဿတီတိ-ဟူသော။ အယံ-ဤမပေးအပ်သောဥစ္စာကို ယူခြင်းဟူသောအနက်သည်။ ဥဏ္ဏာယနတ္ထော-ကဲ့ရဲ့ ကြောင်းအနက်တည်း။(တစ်နည်း)အယံသဒ္ဒေါ-ဤသဒ္ဒါသည်။ဥဏ္ဏာယနတ္ထော-မပေး အပ်သည်ကိုယူဘိသနည်းဟု ကဲ့ရဲ့ကြောင်းအနက်တည်း။

(ခ)ပန-ဆက်။ဝါ-အနုသန္ဓေကိုဆိုဦးအံ့။ယံ တေံဘဏ္ဍံ-ကို။အဒိန္နံ-မပေးအပ်ပဲ။ (တစ်နည်း)ယံ တေံ အဒိန္နံ-အကြင်မပေးအပ်သောဥစ္စာကို။ဝုတ္တံ-၏ကတ္တား=သင်္ဂီတိ ကာရေဟိ။

(ဂ)ဝစနဘေဒေ-ဧကဝုစ်ဗဟုဝုစ်တို့၏အထူး၌။ဝါ-ဒါရှုနိဟူသောသဒ္ဒါ ၊ အဒိန္နဟူသောသဒ္ဒါတို့အထူး၌။အသမ္ဘုယှန္တေဟိ-မတွေဝေကုန်သည်(ဟုတ္တာ)။

(ဃ)ဝိနိစ္ဆယဝေါဟာရေ-တရားဆုံးဖြတ်ကြောင်းစကား၌။ဝါ-နီတိကျမ်း၌။ နိယုတ္တတ္တာ. ၏ သမ္ပန်=မဟာမတ္တဿ။-ဟုခံပါ။

http://www.dhammadownload.com



နိယံ။ ။ဝိသသေနပုဒ်၊ဟိတ်ပြင်ထုတ်၊မယုတ်ဝိသေသျခံ။
မဟာမစ္စော နိသိန္နော-ဟုထည့်စပ်ပါလေ။

## နံပါတ်(၂)

(က)စသည်သို့။ ။ဆရာ၊ပါဠိတော်၌ ရဟန်းတို့သည်" ကထံ ဟိ နာမ အာယသ္မာ ဓနိယော ကုမ္ဘကာရပုတ္တော ရညော ဒါရူနိ အဒိန္နံ အာဒိယိဿတိ "ဟုကဲ့ရဲ့တော်မူကြသည် ဆိုအပ်၏။ ဒါရူနိသည် ဗဟုဝုစ်၊အဒိန္နံသည် ဧကဝုစ်ဖြစ်၍ ဝုစ်အားဖြင့်မတူကွဲပြားခြားနားသည်မဟုတ်ပါလော။ထို့ကြောင့်. " ရညော ဒါရူနိ အဒိန္နံ အာဒိယိဿတိ " ဟုမဆိုသင့်၊ ဆိုချေသော် ဝုစ်အားဖြင့်ဆန့်ကျင်သောဝိရောဓိဒေါသသင့်ရောက်ရာ၏။အဘယ်သို့လျှင်ဒါရူနိဟူသောသဒ္ဒါသည် အဒိန္နံဟူသောပုဒ်နှင့် အတူစပ်ခြင်းသို့ရောက်သနည်း။စုဒ်ကြောင့်(က)စသည်မိန့်။

ကား။ ။အာဒိန္နံ အာဒိယိဿတိဟူသည် ဥဒ္ဒါယနတ္ထကိုပြ၏၊ရညော ဒါရူနိသည် အဒိန္နအရကိုပြသည်၊ ဤသို့ဝုစ်ကွဲပြားမှုကိုမတွေဝေသူတို့သည် အနက်ကိုသိတတ်၏. ဟူလိုသော်။

မှတ်ချက်။ ။သာမညကံ၊ ဝိသေသကံကိုဆရာပြဆိုသည်၊စောဒကဆရာစောဒနာသလို ဝိသေသန/ဝိသေသျအဖြစ်ပြဆိုသည်မဟုတ်။

ပါဠိ။ ။ကထံ ပနေတ္ထ"ဒါရူနိတိ ဗဟုဝစနံ အဒိန္န"န္တိ "ဧကဝစနေန သဒ္ဓိံ သမ္ဗန္ဓမုပဂစ္ဆတီ"တိ အာဟ၊"အဒိန္နံ အာဒိယိဿတီ"တိ အယံ ဥဒ္ဒါယနတ္ထောတိ အာဒိ"။ (သာရတ္ထ၊၂။၁၁၂)

(ခ)ဝါကျသို့ စောဒနာ။ ။ဆရာ (က)ဝါကျဖြင့် ရညောဒါရူနိ-စသော ပါဠိရပ်၌ အဒိန္နံ အာဒိယိဿတိ-ဟူသော အနက်သည် ဥဒ္ဒါယနတ္ထ-ဟု ဖွင့်ဆိုအပ်၏။ ယင်းသို့ ဥဒ္ဒါယနတ္ထဖြစ်ခဲ့သော် အဒိန္နံ အာဒိယိဿတိ-ဟူ၍သာ ဆိုသင့်၏၊ရညော ဒါရူနိ-ဟူ၍ မဆိုအပ် မဆိုသင့်သည်မဟုတ်ပါလော။ဆိုချေသော် နိရတ္ထက-ဒေါသသင့်ရောက်ရာ၏။အဘယ်ကိုပြလို၍ ရညော ဒါရူနိ-ဟူ၍ ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

တစ်နည်း။ ။အဒိန္နံ အာဒိယိဿတိ-ဟုဆိုပါက လိုအပ်သောအနက် ပြီးရာသည်မဟုတ်ပါလော။ထို့ကြောင့် ရညော ဒါရူနိ-ဟူသောပုဒ်ကို မဆိုသင့် အဘယ်အကျိုးငှါ. . .။

## နံပါတ် (၃)

(က) ဝါကျ ဝါကျာရမ္ဘ။
(ခ) ဝါကျ ဝါကျာရမ္ဘ။(တစ်နည်း)-အနုသန္ဓေဝါကျ။
(ဂ) ဝါကျ နိဂုမ်း။လဒ္ဓဂုဏ။
(ဃ) ဝါကျ ပက္ကန္တရ။

စာစပ်။ ။အဒိန္နံ-ကား မပေးဘဲ-ဟူ၍ ပေးသောကြောင့် အာဒိယိဿတိ-၌ ကြိယာဝိသေသန+သျ-စပ်။

http://www.dhammadownload.com



**ပါဠိ။** ။အဒိန္နန္တိပဒံ အာဒိယိဿတီတိပဒဿ ကြိယာဝိသေသနံ။(ယောဇနာ) **တစ်နည်း။** ။ကို-ပေးသောကြောင့် အာဒိယိဿတိ-၌ သာမညာက်+ကမ္မိ စပ် (ဘာ-ဋီ)ဒါရှုနိ-ကား ဝိသေသက်။

အသမ္ပယုတ္တေဟိ-ကား သည်-ပေးသောကြောင့် ဝေဒိတဗ္ဗော-၌ အဝုတ္တ ကတ္တား+ကတ္တိ-စပ်။(ယောဇနာ)

ဘာ-ဋီအလို မတွေ့ဝေကုန်ဘဲ-ဟု ပေးသောကြောင့် ဝေဒိတဗ္ဗော-၌ ဝိသေ သန+ဝိသေသျ-စပ်။

## နံပါတ် (၄)

**ဝစနဘေဒေ။** ။ဝစနာနံ ဘေဒေါ ဝစနဘေဒေါ။

ဝစန-အရ ဧကဝုစ်,ဗဟုဝုစ် ရ၏။ထို-၏ ကွဲပြားခြင်းနှင့် ဂုဏ်+ဂုဏီ- စပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ဝုစ်အကွဲအပြားရ၏။

**ဥဗ္ဗာယနတ္ထော။** ။ဥဗ္ဗာယန္တိ ဧတေနာတိ ဥဗ္ဗာယနံ။(ဥ+ဗျေ+ယု)
ဥဗ္ဗာယနံ အတ္ထော ဥဗ္ဗာယနတ္ထော။(ဘာ-ဋီ)

ဥ+ဗျေ ဓာတ် ကတ္တုရှ- ကဲ့ရဲ့သောပုဂ္ဂိုလ်၏သန္တာန်၌ ကဲ့ရဲ့သောအခြင်းအရာ အားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ကရဏတ္ထ-ခိုးမှု၏ ပကတူပ,အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာ။ယု-ပစ္စည်းအရ ထို-သော ကဲ့ရဲ့ကြောင်းခိုးမှုရ၏။

ဥဇ္ဈာယန-အရ ကဲ့ရဲ့ကြောင်းဟူသောဂုဏ်သည် မုချ။ထို-၏ အနက်နှင့် ဂုဏ် ဂုဏီး-စပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ကဲ့ရဲ့ကြောင်းအနက်ရ၏။

မအူအလို-ဥဗ္ဗာယနံ အတ္ထော ယဿာတိ ဥဗ္ဗာယနတ္ထော၊အဒိန္နံ အာဒိယိဿ တိ အယံ သဒ္ဒေါ-ဟု ဗဟုဗ္ဗီဟိဆိုပါလေ။

**အသမ္ပယုတ္တာ။** ။သမ္ပယုတ္တီတိ သမ္ပယုတ္တာ။(သံ+မုဟ+ဒိဝါဒိ-ယ+အန္တ)
န သမ္ပယုတ္တာ အသမ္ပယုတ္တာ။(တေဟိ)

န-ပဋိသေဓဘောဂုဏ်သည် မုချ။ထို-၏ သမ္ပယုတ္တ-အရ မတွေ့ဝေကုန်သော ပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏီး-စပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော မတွေ့ကုန် သောပုဂ္ဂိုလ်တို့ ရ၏။

**ပုရာဏော။** ။ပုရေ ဘဝေါ ပုရာဏော။(ပုရာ-ပုဒ်+ဏ-ပစ္စည်း၊ န-လာ ဏ-ပြု။(တစ်နည်း) အနုဗန်မဟုတ်သော ဏ-ပစ္စည်း။)

ပုရ-အရ ရှေးကာလသည် မုချ။ထို-၏ လူဖြစ်ရာအခါနှင့် ကာလ+ကာလဝန္တ စပ် ဌာနူပစာ။ဏ-ပစ္စည်းအရ ထို-သော ရှေးဖြစ်သော လူဖြစ်ရာအခါရ၏။

**ဝိနိစ္ဆယဝေါဟာရော။** ။ဝိနိစ္ဆယတိ ဧတေန နီတိသတ္တေနာတိ ဝိနိစ္ဆယော။
ဝိနိစ္ဆယောစ သော ဝေါဟာရောစာတိ ဝိနိစ္ဆယဝေါဟာရော။

## နံပါတ် (၅)

**ဘိက္ခု။** ။ဘိဒ+ရူ။ဘိက္ခ+ရူ။ဘယ-သဒ္ဒူပပဒ ဣက္ခ+ရူ။

http://www.dhammadownload.com



ဝေါဟာရ။ ။ဝိ+အဝ+ဟရ+ဏ။(ဝေါဟရီယတေတိ ဝေါဟာရော)
သခ်ိ ။ ။သံ+ခါ+အ။
ဂိဟီ။ ။ဂေဟ+ဏ။ဂဟ+ဏ။

## နံပါတ် (၆)

(က)ဥဋ္ဌာယနတ္ထော-ဖြင့် အဒိန္န-ဟူသောပုဒ်သည် ဒါရုနိ-၌ ဝိသေသန-မဟုတ် ဥဋ္ဌာယနတ္ထ အနက်ရှိသည်ကိုလည်းကောင်း၊အာဒိယိဿတိ-၌ သာမညကံဖြစ်၍ ဧကဝုစ်ဝိဘတ်အဆုံးရှိသော ပုဒ်အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(တစ်နည်း)-အဒိန္န အာဒိယိဿတိ-ဟူသောစကားသည် ဥဋ္ဌာယနတ္ထ-ကဲ့ရဲ့ကြောင်းအနက်ဖြစ်သည်ကိုလည်းကောင်း၊ဒါရု-သဒ္ဒါ၏ ဝိသေသနအနက် မဟုတ်သည်ကိုလည်းကောင်း သိစေပါသည်။

**ပါဠိ။ ။ဥဋ္ဌာယနတ္ထောတိ ဘိက္ခုနော ထေယျကမ္မနိန္ဒနတ္ထော " ကထဉှိ နာမ အဒိန္န အာဒိယိဿတိ " တိ၊ န ပန ဒါရုသဒ္ဒဝိသေသနတ္ထော တဿ ဗဟုဝစနတ္တာ။**

**(ဝိမတိ၊၁။၁၆၉။)**

(ခ)ဖြင့် အဒိန္န အာဒိယိဿတိ၌ အဒိန္နအရ အမှတ်မရှိသော အရာဝတ္ထုကို အလိုမရှိအပ်၊မင်း၏သစ်တို့ကိုအလိုရှိအပ်သည်ကိုလည်းကောင်း၊ယင်း ရသော ဒါရုနိ ဟူသောပုဒ်ကို အာဒိယိဿတိ၌ ဝိသေသကံအဖြစ်ဖြင့် စပ်အပ်သည်ကိုလည်းကောင်း၊ယင်း အဒိန္နပုဒ်၏ သရုပ်ပုဒ်ဖြစ်၍ ဒုတိယာဗဟုဝုစ်ဝိဘတ်ဆုံးရှိသည်ကိုလည်းကောင်း သိစေ။

(ဃ) ဘိက္ခုဘာဝတောဖြင့် ပုရာပုဒ်၏ အပါဒါန်ဖြစ်သည်ကိုသိစေ။

ဂိဟိကာလေဖြင့် ပုရာဏအရ ရှေးဖြစ်သောဂိဟိကာလကို ယူအပ်သည်ကိုလည်းကောင်း၊ပရာဏေ ဝေါဟာရိကော ပုရာဏဝေါဟာရိကော. ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝဇနတ္တပြုအပ်သည်ကိုလည်းကောင်း သိစေ။

ဝိနိစ္ဆယဝေါဟာရေ နိယုတ္တတ္တာဖြင့် ဝေါဟာရိကော၌ ဝေါဟာရပုဒ်၊ ဣက ပစ္စည်း၊ဝေါဟာရအရ. ဝိနိစ္ဆယကထာ-တရားအဆုံးအဖြတ်ကို ကောက်ယူအပ်သည်ကိုလည်းကောင်း၊ဝေါဟာရေ နိယုတ္တော ဝေါဟာရိကော-ဟုနိယုတ္တတဒ္ဓိတ်ဝစနတ္တပြုအပ်သည်ကိုလည်းကောင်း၊ဣကပစ္စည်းနိယုတ္တအနက်၌သက်သည်ကိုလည်းကောင်းသိစေ။

သခ် ဂတော ပုရာဏဝေါဟာရိကောကို မဟာမတ္တော၌ ဝိသေသနအဖြစ်ဖြင့် စပ်အပ်သည်ကိုသိစေ။

မဟာအမစ္စောဖြင့် မဟာမတ္တောသဒ္ဒါသည် အမတ်ကြီးဟူသောအနက်ဟောသည်ကို(ဝါ)မဟာမတ္တအရအမတ်ကြီးကို အရကောက်ယူအပ်သည်ကို သိစေ။

## နံပါတ်(၇)

**ဂိဟီကာလ/ဂိဟီကာလ. . .**

ဂေဟံ အဿ အတ္ထီတိ ဂိဟီ၊ ဂိဟိနော ဥပ္ပန္နော ကာလော ဂိဟိကာလော. ဟု

http://www.dhammadownload.com



သမာသ်အလယ်၌ ဤကိုဣရသပြု၍ ပြီးသောကြောင့် ရသဖြင့် ဂိဟိကာလပါ၌သာ သင့်ပါသည်။

**ပုရာဏော/ပေါရာဏော. . .**

အနက်မထူး၊ဝုဒ္ဓိရောက်. မရောက်သာထူးသောကြောင့် နှစ်ပါ၌သင့်။(ဂဏ္ဌိ၌ ပေါရာဏော. ဟုရှိသည်။)

**မဟာအမစ္စော/မဟာမစ္စော. . .**

ယတ္ထ သန္ဓိတော့ သရော အတ္တံ ဒီပေတိ၊ တတ္ထ န သန္ဓိ-ဟူသောနီတိသုတ်တို့အရ. အနက်ပျက်မည့်နေရာ၌ သန္ဓိမစပ်အပ်၊ထို့ကြောင့်. မဟာအမစ္စောပါ၌သာ သင့်ပါသည်။ မဟာန္တော စသော အမစ္စောစာတိ မဟာအမစ္စော။

## နံပါတ်(၉)

**ဥဇ္ဈာယန္တော။** ။အစိတ်ဖြစ်သောဥဇ္ဈာယနတ္ထကိုဆိုသဖြင့် အပေါင်းဖြစ်သော ခိယျနတ္ထ၊ဝိပါစနတ္ထ တို့ကိုလည်းရသောကြောင့် ဧကဒေသူပစာ၊ ဥပလက္ခဏာနည်း။

**အဒိန္နံ အာဒိယိဿတိ။** ။အကြောင်းဖြစ်သောအဒိန္နဒါန၏အမည်ကိုအကျိုးဖြစ်သော ကဲ့ရဲ့ခြင်း ဥဇ္ဈာယနတ္ထ၌တင်စား. ကာရဏူပစာ။

ပါဠိ။ ။ ဥဇ္ဈာယနဿ အဒိန္နဒါနဝိသယတ္တာ "အဒိန္နာဒါနံ ဥဇ္ဈာယန္တော"တိ ဝုတ္တံ။ (သာရတ္ထ၊၂။၁၂၂။)

**ပုရာဏဝေါဟာရိကော မဟာမတ္တော။** ။အမတ်ကြီးဟူသောရှေး၌ဖြစ်ဖူးသောအလားအားဖြင့် ရဟန်းတည်းဟူသောဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း။

## နံပါတ်(၁၀)

ဝုတ္တံ ၌ဓာတ်အရ။ပြောဆိုကဲ့ရဲ့ကုန်သောရဟန်းတို့၏ သန္တာန်၌မေတ္တာကရုဏာ ပြဓာန်းသော မဟာကုသိုလ်. မဟာကြိယာစိတ္တုပ္ပါဒ်ကောက်။

**မှတ်ချက်။** ။ရဟန်းတော်များကဲ့ရဲ့ခြင်း လူများကဲ့ရဲ့သလိုမျိုး ဒေါသ/ဣဿာတို့ဖြင့်ကဲ့ရဲ့ကြသည်မဟုတ်၊မေတ္တာ ကရုဏာဖြင့်ယူကြုံးမရအပြစ်ပြမှုသာဖြစ်သည်။ထို့ကြောင့် ကုသိုလ်ကြိယာကိုသာကောက်ပါသည်။(ဝိဋ္ဌ၊၁။၁၈၃။)အရှင်သုဒိန် ကဲ့ရဲ့ခန်းရှု။

➤➤♦♦♦♦♦♦♦♦♦♦➤➤

## ဝါကျစဉ်(၃၀)

(က) တတ္ထ မာဂမာေတိ မဂဓာနံ ဣဿရော။
(ခ) သေနိယောတိ သေနာယ သမ္ပန္နော။
(ဂ) ဗိမ္ဗိသာရောတိ တဿ နာမံ။
(ဃ) ပဗ္ဗာဇေတိဝါတိ ရဋ္ဌတော နိက္ခာမေတိ။
(င) သေသ်မေတ္ထ ဥတ္တာနတ္ထမေဝ။ (ဝိဋ္ဌ၊၁။၂၅၈)

http://www.dhammadownload.com



## နံပါတ် (၁)

(က) တတ္ထ-တသ္မိံ ကိတ္တကေန ။ပ။ ပဗ္ဗာဇေတိဝါဝါတိ ဝစနေ၊မဂဓာနံ-သား ကောင်းနှင့်အတူ ပြေးစွမ်းနိုင်သော(ဝါ)-အသားဖြင့် စားသောက်တတ်ကုန်သော မဂ ဓမင်းသားတို့ကို (သဂုဏာဒပ္ပာပေက္ခ)။(ဝါ)-မဂဓတိုင်းတို့၏။(ဘာ-ဋီ)။

(ဂ) ယဿ ရညော-အား၊ဗိမ္ဗိသာရောတိ-ဟူသော၊ယံ နာမံ၊အတ္ထိ၊တံ တဿ နာမံ ဟောတိ၊(အနိယမ) ဗိမ္ဗိသာရော-ကောင်းမြတ်သောရွှေနှင့်တူသောမင်း၊(ဝါ)-ရွှေ အဆင်းကဲ့သို့ ဝါဝင်းသောအသားအရေရှိသောမင်း။

(င) တွေ့ တွေ့ကတ္တကေန၊ပဗ္ဗာဇေတိငါတိ ဝစနေ၊သေသံ-ဖွင့်အပ်ခဲ့ကုန်ပြီး သော ပုဒ်တို့မှကြွင်းသောပုဒ်သည်၊ဥတ္တာနတ္ထမေဝ-ပေါ်လွင်ထင်ရှားသော အနက်ရှိ၏။

## နံပါတ် (၂)

**(က) ဝါကျသို့ လီနတ္ထရစောဒနာ။** ။ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ မာဂဓော သေနိယော-စသည်ဖြင့် ဟောတော်မူအပ်၏။မာဂဓော-၌ မဂဓ-ပုဒ်+ဏ-ပစ္စည်း၊ယင်းဏပစ္စည်းသည် အဘယ်အနက်၌ဖြစ်ပါသနည်း။ အဿနိဝါသ-စသော အနက်၌ဖြစ်ပါသလော။အကယ်၍အဿနိဝါသ-စသော အနက်၌ဖြစ်ခဲ့သော် အတိဗ္ဗာ ပိတဒေါသ သင့်ရောက်ရာ၏ ဤသို့စုဒ်ကြောင့် (က)မိန့်။

**(င) ဝါကျသို့ စောဒနာ။** ။ဆရာ (က) စသောဝါကျတို့ဖြင့် မာဂဓ, သေနိယ, ဗိမ္ဗိသာရ, ပဗ္ဗာဇေတိဝါ-ပုဒ်၏ အနက်ကိုဖွင့်ပြတော်မူအပ်၏။ကြွင်းသောပုဒ်တို့၏အ နက်ကို မဖွင့်ဆိုပြီလော။ကြွင်းသောပုဒ်တို့၏ အနက်ကို အဘယ်သို့မှတ်သားအပ်ပါသ နည်း ဤသို့စုဒ်ကြောင့် (င)ဝါကျကိုမိန့်။

## နံပါတ် (၃)

(ခ) ဝါကျ ပက္ခန္တရ။ (ဓ) ဝါကျ ပက္ခန္တရ။
(ဃ)ဝါကျ ပက္ခန္တရ။ (ဧ) ဝါကျ ဝါကျာရမ္ဘ။

**စာစပ်။** ။သေနာယ-ကား နှင့်- ပေးသောကြောင့် သမ္ပန္နော-၌ သဟာဒိ ယောဂ+သဟာဒိယောဂဝန္တ။

## နံပါတ် (၄)

**ဗိမ္ဗိသာရော။** ။ဝိယတေတိ ဗိမ္ဗံ။(ဝိ+ဝဏ်၊ဝိ-နောင် မ-လာ၊ဤ-ကို ဣ-ရဿပြု)
ဗိမ္ဗိ အဿ အတ္ထီတိ ဗိမ္ဗိ။
ဗိမ္ဗိစ သော သာရောစာတိ ဗိမ္ဗိသာရော။

**တစ်နည်း။** ။သာရော ဗိမ္ဗ ဗိမ္ဗိသာရော။(ဝိသေနုတ-ရ ကမ္မဓာရည်း)
ဗိမ္ဗိသာရောဝိယာတိ ဗိမ္ဗိသာရော။

သာရ-အရ ကောင်းခြင်းဂုဏ်သည် မုချ။ထို-၏ဗိမ္ဗိအရ ရွှေနှင့် ဂုဏ်+ဂုဏ ေစပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ကောင်းသောရွှေရ၏။

http://www.dhammadownload.com



ဗိမ္ဗိသာရ-အရ ကောင်းသောရွှေသည် မုချ။ထို-၏ ကောင်းသောရွှေအဆင်းနှင့်တူသောအဆင်းရှိသော ဗိမ္ဗိသာရမင်းနှင့် သဒိသ+သဒိသီစပ် ဌာနူပစာ။ဏ-ပစ္စည်းအရ ထို-သော ဗိမ္ဗိသာရမင်းရ၏။

ဥတ္တာနတ္ထ။ ။ဥဂ္ဂတော တာနော ယဿာတိ ဥတ္တာနော။
နတ္ထိ တာနံ ယဿာတိ ဥတ္တာနော။(ဦးသုတဂဏ္ဍိ)
(ဥ-ပဋိသေဓအနက်။ ဒု, ပရာ, နိ၊ဥ, ဝိ, အပ၊ ပစ္စနီ့ရှဥပ ပဋိသာဓ်)
ဥတ္တာနော အတ္ထော ယဿာတိ ဥတ္တာနတ္ထံ။(ပဒ်)

ဥတ္တာနတ္ထ-အရ ပေါ်လွင်သောအနက်သည် မုချ။ထို-၏ ယ-ဟူသော အညပုဒ်အရ ကြွင်းသောပုဒ်နှင့် ဝါစ္စ+ဝါဖက စပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော ပေါ်လွင်သောအနက်ရှိသောပုဒ်ရ၏။

## နံပါတ် (၅)

မဂ။ ။မရ+အ။ မရိတဗ္ဗောတိ မဂေါ။
သေနာ။ ။သိ+န။ဣတ္ထိဇောတက-အာပစ္စည်း။(သေတိ ဗန္ဓတီတိ သေနာ)
သမ္ဗန္ဓ။ ။သံ+ပဒ+တ။
ဗိမ္ဗ။ ။ဝမိ+ဝ။ဝဿ ဗတ္တံ၊(ဓာန်-ဋီ၊၃၃၆)
ဥတ္တာန။ ။ဥ+တနု+ဏ။

## နံပါတ် (၆)

(ခ) သေနာယသမ္ဗန္ဓော-ဖြင့် သေနိယော-၌ သေနပုဒ်+ဣကပစ္စည်း၊ယင်းဣက-ပစ္စည်း၏ အဿတ္ထိအနက်၌သက်၍ သေနာ အဿ အတ္ထီတိ သေနိယော-ဟု ဝိဂြိုဟ်ပြုအပ်သည်ကိုလည်းကောင်း၊သေနိကော-ဟုဆိုလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် က-ကို ယ-ပြု၍ ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

(ဂ) တဿ နာမံ-ဖြင့် ဗိမ္ဗိသာရော-ဟူသောသဒ္ဒါသည် ဂုဏ-သဒ္ဒါမဟုတ်၊နာမ-သဒ္ဒါ၏အဖြစ်ကို သိစေပါသည်။

(ဃ) နိက္ခာမေတိ-ဖြင့် ပဗ္ဗာဇေတိ-၌ ပ+ဝဇ+ဏေ+တိ-ဝယ် ဏေ-ပစ္စည်း၏ ကာရိတ်ပစ္စည်းအဖြစ်ကိုလည်းကောင်း၊ပ-၏ ဓာတွတ္ထဝိသေသက အဖြစ်ကိုလည်းကောင်း၊ဝဇ-ဓာတ်၏ နိက္ခမ-အနက်၌ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။ရဋ္ဌတော-ဖြင့် ထွက်သွားစေ၏ဟူသည် တိုင်းပြည်မှ ထွက်သွားစေခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

## နံပါတ် (၇)

**သေနိယော/သေနိကော. . .**

**သေနာ အဿ အတ္ထီတိ သေနိကော၊သေနိကောယေဝ သေနိယော-ဟု သာရတ္ထ-၌ဆိုသောကြောင့် သေနိယောပါဌ်သာသင့်။**

http://www.dhammadownload.com



**ဗိမ္ဗိသာရော/ဗိမ္ဗိသာရော. . .**

ဗိမ္ဗိဟိ သုဝဏ္ဏံ၊တသ္မာ သာရသုဝဏ္ဏသဒိသဝဏ္ဏတာယ ဗိမ္ဗိသာရောတိ ဝုစ္စတိ-**ဟူ၍** သာရတ္ထ-၌ဆိုသောကြောင့် တတိယက္ခရာဖြင့်ရှိသော ဗိမ္ဗိသာရောပါဠ်သာသင့်။

## နံပါတ် (၉)

**မဂဓာနံ။** ။ဌာနဖြစ်သော မဂဓတိုင်း၏အမည်ကို ဌာနီဖြစ်သော တိုင်းသူ,တိုင်းသားတို့၌တင် ဌာနူပစာ၊နာနန္တရိကနည်း။

**တစ်နည်း။** ။မဂဓတိုင်းနှင့် မိဂဂတိုင်းသူ,တိုင်းသားတို့ မကွဲပြားဘဲ ကွဲပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ၊အဘေဒနည်း။

**ပါဠိ။** ။**မဂဓာနန္တိ ဇနပဒပဒေသေန တဗ္ဗာသိကာနံ ဂဟိတတ္တာ။**

**(သီ-ဋီ-၂။၆)**

**ဗိမ္ဗိသာရော။** ။အတူဖြစ်ကောင်းသောရွှေ၏ ဗိမ္ဗိသာရအမည်ကို အတူဖြစ်သောမင်း၌တင် သဒိသူပစာ၊ရုဠှီနည်း။

## နံပါတ် (၁၀)

နိက္ခာမေတိ-အရ ဒေါသပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကောက်။

## ဝါကျစဉ်(၃၁)

(က)ပဥ္စမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတိ၊တသ္မာ ပဥ္စမာသကော ပါဒေါ။
(ခ )ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထော ဘာဂေါ " ပါဒေါ " တိ ဝေဒိတဗ္ဗော။
(ဂ )သော စခေါ ပေါရာဏဿ နီလကဟာပဏဿ ဝသေန၊န က္ကတရေသံ ရုဒ္ဒဒါမကာဒီနံ။
(ဃ)တေန ဟိ ပါဒေန အတီတဗုဒ္ဓါပိ ပါရာဇိကံ ပညာပေသုံ၊ အနာဂတာပိ ပညာပေဿန္တိ။
(င )သဗ္ဗဗုဒ္ဓါနဉှိ ပါရာဇိကဝတ္ထုမှိ ဝါ ပါရာဇိကေ ဝါ နာနတ္တံ နတ္ထိ။
(စ )က္ကမာနေဝ စတ္တာရိ ပါရာဇိကဝတ္ထူနိ၊က္ကမာနေဝ စတ္တာရိ ပါရာဇိကာနိ က္ကတော ဦနံဝါ အတိရေကံဝါ နတ္ထိ။ ။(ဝိ၊ဌ၊၁။၂၅၈။)

## နံပါတ်(၁)

(က)တဒါ-သစ်တောတို့ကို ယူရာထိုအခါ၌။ဝီသတိမာသကော-ပဲနှစ်ဆယ်.သည်။ကဟာပဏော-တစ်သပြာသည်။ဝါ-တစ်ကျပ်သည်။

(ခ)စတုတ္ထော-လေးခုတို့၏ပြည့်ကြောင်းဖြစ်သော။ဘာဂေါ-အဖို့ကို။

http://www.dhammadownload.com



(ဂ)ခေါ-စင်စစ်။သောစဘာဂေါ-ကိုလည်း။ပေါရာဏာသ-ရှေး၌ဖြစ်သော။ဝါ-ရှေး၌ဖြစ်သောကျမ်းအားလျော်စွာ ဖြစ်စေတတ်သော။နီလကဟာပဏာ/သ-အပြစ်မရှိသောရွှေသပြာ၏။ဝသေန-ဖြင့်။" ပါဒေါ " တိ ဝေဒိတဗ္ဗော။ဣတရေသံ-အပြစ်မရှိသောရွှေအသပြာမှတစ်ပါးကုန်သော။ရုဒြဒါမကာဒီနံ-ရုဒြဒါမကမင်းသည်ဖြစ်စေအပ်သော အသပြာအစရှိကုန်သော။ကဟာပဏာနံ ဝသေန " ပါဒေါ "တိ ဝေဒိတဗ္ဗော။

(ဃ)ဟိ. သစ္စံ။(မအူ)ဟိ-ဆက်။(ဘာဋ္ဌီ)ဟိ. ယသ္မာ။(ယောဇနာ)။တသ္မာ ပညာပေသုံ ပညာပေဿန္တိ။

(စ)ဣတော-ဤလေးပါးတို့အောက်။ဝါ-ဤလေးပါးတို့ထက်။ဦနံဝါ-အယုတ်သည်လည်းကောင်း။အတိရေကံဝါ-အလွန်သည်လည်းကောင်း။နတ္ထိ။တသ္မာ ပညာပေသုံ ပညာပေဿန္တိ။

## နံပါတ်(၂)

**(က)ဝါကျသို့ စောဒနာ။** ။ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ ပဉ္စမာသကော ပါဒေါ-ဟူ၍ ဆိုတော်မူအပ်၏။အဘယ်ကြောင့် ငါးပဲသည် ပါဒ-တမတ်ဖြစ်ပါသနည်း။ငါးပဲအောက် လေးပဲစသည်သည်လည်းကောင်း,ငါးပဲအထက် ခြောက်ပဲစသည်သည်လည်းကောင်း ပါဒဖြစ်ရာကောင်းသည်မဟုတ်ပါလော ဤသို့စုဒ်ကြောင့် (က)ဝါကျကိုမိန့်။

**(ခ)ဝါကျသို့ စောဒနာ။** ။ဆရာ (က)ဝါကျဖြင့် ထိုအခါ ရာဇဂြိုဟ်မြို့၌ ပဲနှစ်ဆယ်သည် တစ်ကျပ်ဖြစ်သောကြောင့် ငါးပဲသည် ပါဒဖြစ်၏ဟု အကြောင်းနှင့်တကွ ဖွင့်ပြအပ်၏။ယင်းငါးပဲ၏ ပါဒဖြစ်ခြင်းဟူသောလက္ခဏာသည် ရာဇဂြိုဟ်မြို့၌သာ တစ်ကျပ်၏လေးဖို့တစ်ဖို့ကို ပါဒဟူ၍ သတ်မှတ်အပ်ပါသလော။အဘယ်သို့ သိမှတ်အပ်ပါသေးသနည်း ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။(သဗ္ဗဇနပဒေသု-ကို. လျဉ်းပါးလျက်အာဘော်ဆင်သည်။)

**(ဂ)ဝါကျသို့ စောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် ဤလက္ခဏာဖြင့် အလုံးစုံသောနေပုဒ်တို့၌ တစ်ကျပ်၏လေးဖို့တစ်ဖို့ကို ပါဒဟူ၍သိမှတ်အပ်သည်ကို ဖွင့်ပြအပ်၏ ယင်းပါဒကို အဘယ်၏အစွမ်းဖြင့် သိမှတ်အပ်ပါသနည်း။ရုဒြဒါမကဟာပဏာ-စသည်တို့၏အစွမ်းဖြင့်လည်း သိအပ်ပါသလော ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။(ဗျတိရေကကို န-ဖြုတ်၍ အာဘော်ထားသည်။)

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ပေါရာဏာဖြစ်သော နီလ ကဟာပဏာ၏အစွမ်းဖြင့် ပါဒကိုသိအပ်၏,ရုဒြဒါမကဟာပဏာ အစရှိသည်တို့၏အစွမ်းဖြင့် မသိအပ်-ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် ပေါရာဏာ နီလကဟာပဏာ အစွမ်းဖြင့်သာ ပါဒကိုသိအပ်ပါသနည်း။ရုဒြဒါမကဟာပဏာ စသည်လည်း ပေါရာဏာ နီလကဟာပဏာကဲ့သို့ ရောင်းဝယ်ခြင်းသို့ ရောက်နိုင်သည်ဖြစ်၍ ထိုရုဒြဒါမ-အသပြာတို့၏အစွမ်းဖြင့်လည်း ပါဒကိုသိမှတ်အပ်သည်မဟုတ်ပါလော စုဒ်ကြောင့်(ဃ)ဝါကျကိုမိန့်။

**တစ်နည်း။** ။ပေါရာဏာ နီလကဟာပဏာ-နှင့် ရုဒြဒါမ ကဟာပဏာတို့

http://www.dhammadownload.com



သည် အသပြာခြင်းတူကြသည်မဟုတ်ပါလော။ (ကသ္မာ ပန သော ယထာဝုတ္တပါဒေါ ဂဟိတောတိ အာဟ တေနာတိ အာဒိ။) (ယောဇနာ)။

ဘာ-ဋီ-အလို ဝါကျာရမ္ဘ တစ်နည်းတက်ပါလေ။

နိယံ။ ။ပိဏ္ဍမတူ၊ ကြောင်းပြမူ၊ မှတ်ယူကရဏ၊ ပိဏ္ဍတူလျက်၊ ကျဉ်း,ကျယ်ထွက်၊ မှတ်ချက်ဒဠှီ၊ ဝိတ္ထာရီ။

(င)ဝါကျသို့ စောဒနာ။ ။ဆရာ (ဃ)ဝါကျဖြင့် ပေါရာဏ နီလကဟာပဏ ဖြင့် ပွင့်တော်မူပြီး, ပွင့်တော်မူလတ့ံ ဘုရားရှင်တို့သည် ပါရာဇိကကို ပညတ်ပြီး, ပညတ်လတ့ံ-ဟု ဖွင့်ပြတော်မူအပ်၏။ထိုဘုရားရှင်တို့၏ ပွင့်ရာကာလ၌ လူတို့၏အသုံးအ ဆောင်ဖြစ်သော ရွှေတို့၏တန်ဖိုးပမာဏသည် မတူထူးခြား ကွဲပြားရာသည်မဟုတ်ပါ လော။ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ပေါရဏ နီလကဟာပဏဖြင့် အတိတ်, အနာ ဂတ် ဘုရားရှင်တို့သည် ပါရာဇိကအာပတ်ကို ပညတ်ပြီး, ပညတ်လတ့ံဟု ဖွင့်အပ်ပါသ နည်း စုဒ်ကြောင့် (င)ဝါကျကိုမိန့်။

တစ်နည်း-ဒဠှီတက်ပါ။

နိယံ။ ။ယုတ္တိအကြောင်းလျှင်၊ ဟိတ်ကြောင်းဝင်၊ သဘာဝပေးရ အကြောင်းတည်း။ သဘာဝအကြောင်းလျှင်၊ဟိတ်လည်းဝင်၊ ထိုလျှင် ယုတ္တိသဘောတည်း။

(စ)ဝါကျသို့ စောဒနာ။ ။ဆရာ (င)ဝါကျဖြင့် အလုံးစုံသောဘုရားရှင်တို့ အား ပါရာဇိကဝတ္ထု, ပါရာဇိကအာပတ်တို့၌ ထူးခြားမှုမရှိဟု ဖွင့်ပြအပ်၏။ထိုစကား အသို့လျှင် သင့်နိုင်ပါအံ့နည်း။အလုံးစုံသော ဘုရားရှင်တို့သည် ပါရမီဖြည့်ရာကာလ, ပွင့်ရာကာလ, သက်တမ်းစသည်တို့ မတူထူးခြားကွဲပြား၍ ပါရာဇိကဝတ္ထု, ပါရာဇိက အာပတ်တို့သည် ကွဲပြားခြားနားရာသည်မဟုတ်ပါလော စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က)တဒါ ။ပ။ ဟောတိ-တိုင်အောင် ကာရဏ။တသ္မာ-စသည် ဖလ။

(ခ) (ဂ)ဝါကျ ဝါကျာရမ္ဘ။

(ဃ)ဝါကျ ဒဠှီ။(တစ်နည်း)-ကာရဏ။(တစ်နည်း)-ဝါကျာရမ္ဘ။

(င) ဝါကျ ဒဠှီ။ ကာရဏ။

(စ) ဝါကျ ကာရဏ။ ဒဠှီ။(တစ်နည်း)-ဝိတ္ထာရ (ကျမ်းတက်ရှု)

စာစပ်။ ။ဣတော-ကား တို့အောက်-ပေး ဉီနံဝါ-၌ ဝိဘတ္တအပါဒါန်။

တစ်နည်း-ဣတော-ကား တို့ထက်-ပေး အတိရေကံဝါ-၌ ဝိဘတ္တအပါဒါန်+ အပါဒီ စပ်။

## နံပါတ် (၄)

သဗ္ဗဇနပဒါ။ ။သဗ္ဗေစ ဋေတ ဇနပဒါစာတိ သဗ္ဗဇနပဒါ။

ကဟာပဏ။ ။ကရီသပမာဏေန ရူပိယေန ကတော ပကောပဏိယော ဒဗ္ဗဘေ ဒေါ ကဟာပဏော။(ရိသ-ကို ဟာ-ပြု)

http://www.dhammadownload.com



ဝိဂ္ဂြိုဟ်စစ်။ ။ကရိသေန ကတော ပဏော ကဟာပဏော။

ကရိသ-အရ တစ်ကရိသပမာဏရှိသော ရွှေ, ငွေသည် မှချ။ထို-၏ ပမာဏ အရ ပြုအပ်သောအသပြာနှင့် ဝိကာရ+ဝိကာရီစပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော တစ်ကရိသပမာဏဖြင့် ပြုအပ်သောအသပြာရ၏။

အာပဏော။ ။အာပဏီယတိ အနေနာတိ အာပဏော။

စတုတ္ထော။ ။စတုန္နံ ပူရဏော စတုတ္ထော။(စတု+ထ)

စတု-အရ လေးခုသင်္ချာသည် မှချ။ထို-၏ ထ-ပစ္စည်းအရ ပြည့်ကြောင်းအဖို့ နှင့် (ဝါ)-ပါဒနှင့် သင်္ချာ+သင်္ချေယျစပ် ဌာနူပစာ။ထ-ပစ္စည်းအရ ထို-သော လေးခုတို့ ၏ပြည့်ကြောင်းအဖို့ (ဝါ)-ပါဒ ရ၏။

ပေါရာဏော။ ။ပုရေ ဘဝေါ ပေါရာဏော။

တစ်နည်း။ ။ပေါရာဏဿ သတ္တဿ အနုရူပံ ဥပ္ပါဒိတော ပေါရာဏော။ (နိဿယျ-ရှု)

နီလကဟာပဏော။ ။ဣလတိ ကမ္ပတီတိ လော။
နတ္ထိ လော ဧတဿ ကဟာပဏဿာတိ နီလော။
နီလောစ သော ကဟာပဏောစာတိ နီလကဟာပဏော။

နီလ-အရ အပြစ်မရှိခြင်းဂုဏ်သည် မှချ။ထို-၏ အသပြာနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော အပြစ်မရှိသော အသပြာရ၏။

ရုဒြဒါမကော။ ။ရုဒြဒါမေန ဥပ္ပါဒိတော ရုဒြဒါမော။
သောယေဝ ရုဒြဒါမကော။

ရုဒြဒါမ-အရ ရုဒြဒါမမည်သာမင်းသည် မှချ။ထို-၏ အသပြာနှင့် ဇနက+ဇည စပ် ဌာနူပစာ။ဏ-ပစ္စည်းအရ ထို-သော အသပြာရ၏။

အနာဂတာ။ ။အနာဂတေ ဥပ္ပဇ္ဇနကာ အနာဂတာ။

နာနတ္တံ။ ။နာနာဝိသေသဿ ဘာဝေါ နာနတ္တံ။

## နံပါတ် (၅)

ဝီသတိ။ ။ဣတ္ထိလိင်+ဧကဝုစ်။(ဝီသတျာဒိ၊ နဝုတိ၊ ဣတ္ထိဧကဝုစ်)
ဘာဂေါ။ ။ဘဇ+ဏ။
အတီတ။ ။အတိ+ဣတ။
ဝတ္ထု။ ။ဝသ+ရတ္ထု။(ဝသန္တိ ဧတ္ထာတိ ဝတ္ထု။)
ဦန။ ။ဦဟ+န။(ဦဟနံ ဦနော။)
အတိရေက။ ။အတိ+ရိစ+ဏ။(အတိရိစ္စနံ အတိရေကော။)

## နံပါတ် (၆)

(က) ဝါကျ သံဝဏ္ဏနာဖြင့် အရှင်ဓနိယ သစ်ကိုမပေးဘဲယူရာ ထိုအခါ ရာဂြိုဟ်မြို့၌ ပဲနှစ်ဆယ်သည် တစ်အသပြာ(တစ်ကျပ်)ဖြစ်၏ ထို့ကြောင့် ပဥ္စမာသကသည

http://www.dhammadownload.com



ပါဒမည်၏-ဟု ပါဒမည်ခြင်းအကြောင်းကို သိစေပါသည်။

(ခ)ဝါကျ သံဝဏ္ဏနာဖြင့် ပဲနှစ်ဆယ်၏ ငါးပဲသည် ပါဒ-ဟူသော သင်္ကေတဖြင့် အလုံးစုံသော ဇနပုဒ်တို့၌ တစ်အသပြာ(တစ်ကျပ်)၏ လေးဖို့တစ်ဖို့သည် ပါဒ-တစ်မတ်မည်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(ဂ)ဝါကျ သံဝဏ္ဏနာဖြင့် ထိုတစ်အသပြာ(တစ်ကျပ်)၏ လေးဖို့တစ်ဖို့ ပါဒကိုလည်း ရှေးကျမ်းအားလျော်စွာ စီရင်အပ်သော ညစ်ကြေးမထင် လွန်သန့်စင်သော နီလကဟာပဏ၏ အစွမ်းအားဖြင့် သိအပ်၏၊အခြား ရုဒြဒါမက ကဟာပဏ-စသည်တို့၏ အစွမ်းအားဖြင့် မသိအပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

## နံပါတ် (၇)

**ကဟာကဏ/ကရိသာပဏ. . .**

ရိသ-ကို ဟာပြု၍ ပြီးသောကြောင့် ကဟာပဏ-ပါဌ်သင့်။

ရိသ-ကို ဟာ-မပြုပါက ကရိသာပဏ-ပါဌ်သင့်။

**ပါဠိ။ ။အထော ကဟာပဏော နိတ္ထီ၊ကထျတေ ကရိသာပဏော။**

(ဓာန်-၄၈၁ ဂါထာအရ အနက်တူပရိယာယ်ပုဒ်တို့မျှသာဖြစ်သည်။)

**နီလကဟာပဏ/နေလကဟာပဏ. . .**

န-နှင့် ဧလ-တွဲစပ်သောကြောင့် နေလဂ်ေ-စသော ပြယုဂ်တို့ကဲ့သို့ ပုဗ္ဗ ပဒလောပသန္ဓိဖြစ်၏ ထို့ကြောင့် "နေလကဟာပဏ"-ပါဌ်သင့်။

ဧဠာ ဝုစ္စတိ ဒေါသော၊အနီလကန္တိ နိဒ္ဒေါသံ-ပြယုဂ်ကဲ့သို့ ဣလ-သဒ္ဒါသည်လည်း ဒေါသ-အနက်ကိုဟော၏၊ထို့၌ နတ္ထိ ဣလာ ဧတ္ထာတိ အနီလကံ-ပြုသကဲ့သို့ ဤ၌လည်း နတ္ထိ ဣလာ အဿာတိ နီလော-ဟု န-နှင့် ဣလ-ပုဒ် တွဲစပ်၍ပြီးနိုင်သောကြောင့်လည်းကောင်း၊စာအုပ်တို့၌ နေလ-ထက် နီလ-ကိုသာ အတွေ့များသောကြောင့်လည်းကောင်း နီလကဟာပဏ-ပါဌ်လည်းသင့်။ (ဦးသုတ-ဂဏ္ဌိ၊၂။၃၆၀)

**ဦနံဝါ/ဩနံဝါ. . .**

**ဦနံ ဩနန္တိစ ဒွေပါဌာ**-ဟူသော ယောဇနာကိုထောက်၍ နှစ်ပါဌ်သင့်။

(ဟာ-ချေ၊ ဦ-ကို ဩ-ပြု။)

**ရုဒြဒါမကေန/ဒုဒြဒါမကေန. . .**

**ရုဒြဒါနေ ဥပ္ပါဒိတော ရုဒြဒါမကော။**(သာရတ္ထ၊၂။၁၂၃)**ရုဒြဒါမေနနာမ တေနပိ ဥပ္ပါဒိတော ရုဒြဒါမကော။**(ဝိမတိ၊၁။၁၉၆)တို့ကို ထောက်၍ ရုဒြဒါမကေနပါဌ်သင့်။

ဂဏ္ဌိ-၌ ဒုဒါမကာဒီနံ ဒုဒြဒါမအရပ်၌ဖြစ်သော ကဟာပဏစသည်တို့၏-ဟု ယောဇနာသောကြောင့်လည်းကောင်း၊နာမည်ဟော သဒ္ဒါမျှဖြစ်သောကြောင့် အနက် အဓိပ္ပါယ်မပျက်နိုင်ရကား ဒုဒြဒါမကေန-ပါဌ်လည်းသင့်။

## နံပါတ် (၈)

ပါရာဇိကဝတ္ထုမှို။ ။ပါရာဇိကဝတ္ထုတည်းဟူသော အထင်ကိုဆိုသဖြင့်

http://www.dhammadownload.com



ပါရာဇိကဝတ္ထုနှင့်တကွ သံဃာဒိသေသဝတ္ထု စသည်ကိုလည်းရသောကြောင့် နိဒ္ဒသနနည်း၊ ဥပလက္ခဏနည်း၊ကေဒေသူပစာ။

**ပါရာဇိကဝတ္ထုမ္ပိဝါတိ အာဒိ ပါရာဇိကာနံ သဗ္ဗဗုဒ္ဓေဟိ ပညတ္တဘာဝေန ဝုတ္တံ၊**
**သံဃာဒိသေသာဒီသု ပန ဣတရာပတ္တီသုပိ တဗ္ဗတ္ထုသုစ နာနတ္တံ နတ္ထိ။**
**ဝိမတိ၊၁။၁၆၉။**

(ဃ)ပါရာဇိကံ ပညာပေသုံ။      ။အပေါင်းဖြစ်သော ပါရာဇိကလေးပါးတို့၏ အမည်ကို အစိတ်ဖြစ်သော ဒုတိယပါရာဇိကဌတင်စား၍ ဆိုသောကြောင့် ကေဒေသူပစာ။(တေန ပါဒေန, ပါဌ်ထောက်)

စတုတ္ထဘာဂေါ။      ။အစိတ်ဖြစ်သော လေးခုမြောက်အဖို့၏ "စတုတ္ထောဘာဂေါ" အမည်ကို အပေါင်းဖြစ်သော လေ ဖို့တို့တွင် တစ်ဖို့၌တင်စား၍ ဆိုသောကြောင့် ကေဒေသူပစာ။ (လေးပုံအစဉ်အတိုင်းပုံပြီး စဉ်းစားပါလေ)

## နံပါတ်(၁၀)

ပညာပေသုံ့ အရ။      ။ပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူသောမြတ်စွာဘုရားသန္တာန် မဟာကရုဏာတော်နှင့် ဒေသနာဉာဏ်ပြဆန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကောက်။

♠♠♠♠♠♠♠♠♠♠

## ပါကျစဉ်(၃၂)

(တ) ရဇကတ္ထရဏံ ဂန္တာတိ ရဇကတိတ္ထံ ဂန္တွာ။

(ခ ) တဒ္ဒိ ယသ္မာ တတ္ထ ရဇကာ ဝတ္ထာနိ အတ္ထရန္တိ၊တသ္မာ ရဇကတ္ထရန္တိ ဝုစ္စတိ။

(ဂ ) ရဇကဘဏ္ဍိကန္တိ ရာဇကာနံ ဘဏ္ဍိကံ။

(ဃ) ရဇကာ သာယန္ဟသမယေ နဂရံ ပဝိသန္တာ ဗဟူနိ ဝတ္ထာနိ ဧကေကံ ဘဏ္ဍိကံ ဗန္ဓန္တိ။

(င ) တတော ဧကံ ဘဏ္ဍိကံ တေသံ ပမာဒေန အပဿန္တာနံ အဝဟရိတွာ ထေနေတွာတိ အတ္ထော။      (ဝိ၊ဋ္ဌ၊၁။၂၅၈။)

## နံပါတ် (၁)

(က) ရဇကတိတ္ထံ-ခဝါသည်တို့၏ အဝတ်တို့ကို ဖြစ်ကုန်ရာဖြစ်သော ဆိပ်ကမ်းသို့။

(ခ) ဟိ-ထိုအနက်ကို ထင်စွာပြဦးအံ့၊(မအူ) ဟိ-မှန်၏၊(တစ်နည်း)ဟိ ကသ္မာ-အဘယ်ကြောင့်၊(ဘာ-ဋီ) တံ-ထိုခဝါဆိပ်ကမ်းကို၊တတ္ထ-ထိုခဝါဆိပ်ကမ်း၌၊ရဇကာ-အဝတ်ကို ဆိုးရည်ဆိုးတတ်သူတို့သည်၊(သဒ္ဒတ္ထ) ဝါ-ခဝါသည်တို့သည်၊(ဝေါဟာရတ္ထ)။ ဝတ္ထရဠ္ဌနာ ရဇကာ၊(ဓာန်-ဋီ၊၅၁၀)

http://www.dhammadownload.com



(ဃ) သာယနှသမယေ-နေ့၏အဆုံးဖြစ်သောအခါ၌(သဒ္ဒတ္ထ)၊ဝါ-ညနေချမ်းအခါ၌(ဝေါဟာရတ္ထ)၊ရဇကာ-တို့သည် ။ပ။ ပဝိသန္တာ-ဝင်ခါနီးကုန်လတ်သော်။

**နိယံ။ ။ဝိသေသန၊ နောက်ဝယ်ကျကာ၊ မထင်ရှား၊ ကျေငြားဟုတွာ၊**

**ဟုတွာကျေကာ၊ ထင်စွာပြ၊ ဟိတ်ရလက္ခဏာ။**

တစ်နည်း-သာယနှသမယေ၊နဂရံ-သို့၊ပဝိသန္တာ-ကုန်သော၊ရဇကာ-တို့သည်၊ ဘဏ္ဍိကံ-ဘဏ္ဍာထုပ်ကို၊ ဝါ-ဘဏ္ဍာထုပ်ဖြစ်အောင်။

(င) တတော-ထိုဘဏ္ဍာထုပ်မှ၊တေသံ-ထိုခဝါသည်တို့သည်၊ပမာဒေန-မေ့လျော့ခြင်းကြောင့်(သဒ္ဒတ္ထ)၊ဝါ-အမှတ်တမဲ့နေခြင်းကြောင့်(ဝေါဟာရတ္ထ)၊

ထေနေတွာ-စပ်ပုဒ် (အာရာမံ ဟရိတွာ ဘာဇေသုံ)ပါဠိတော်၌စပ်။

## နံပါတ် (၂)

**(ခ)ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (က)ဝါကျဖြင့် ရဇကတ္ထရဏံ-၌ ရဇကတ္ထရဏ-အရ ခဝါဆိပ်ကမ်းကို ယူရမည်ဟု ပြဆိုတော်မူအပ်၏။အဘယ်ကြောင့် ခဝါဆိပ်ကမ်းကို ရဇကတ္ထရဏ-ဟူ၍ ဆိုအပ်ပါသနည်း။ခဝါသည်တို့၏ အဝတ်ဖြန့်ခင်းရာ အရပ်မှန်သမျှသည် ရဇကတ္ထရဏ-မည်ရာသည်မဟုတ်ပါလော ဤသို့စုဒ်ကြောင့် (ခ) ဝါကျကိုမိန့်။

**(တဉ္စိတိ ဟိသစ္စံ) (ယောဇနာ)**

**ကား။** ။ထိုဆိပ်ကမ်း၌ ခဝါသည်တို့သည် အဝတ်ကိုဖြန့်ခင်းသောကြောင့် ဆိပ်ကမ်းကို ရဇကတ္ထရဏ-ဆိုအပ်သောကြောင့် ဟူလို။

ယင်းအလို ဝိတ္ထာရတက်။(ဝုတ္တမေဝတ္ထံ ဝိဘာဝေန္တော အာဟ၊တဉ္စိတိ အာဒိ၊) **(သာရတ္ထ)**

**(ဃ)ဝါကျသို့ လီနတ္ထရစောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ရဇကဘဏ္ဍိကံ-ကို ရဇကာနံ ဘဏ္ဍိကံ ရဇကဘဏ္ဍိကံ-ဟု ဆဋ္ဌီတပ္ပုရိသ်ကို ပြဆိုတော်မူအပ်၏။ခဝါသည်တို့သည် အဘယ်အခါ၌ အဘယ်သို့ဝင်မည်ဖြစ်၍ အဘယ်သို့ ဘဏ္ဍာထုပ်ကို ပြုကြပါသနည်း။ထိုရဟန်းတို့သည် အဘယ်ကို အဘယ်သို့ ခိုးယူကြပါသနည်း။ထိုအလုံးစုံကို မပြဆိုပြီလော ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**(င)ဝါကျသို့ စောဒနာ။** ။ဆရာ (ဃ)ဝါကျဖြင့် ညနေအခါ ခဝါသည်တို့သည် မြို့ကိုဝင်လတ်သော် များစွာကုန်သောအဝတ်တို့ကို တစ်ခုခုသောအထုပ်ပြု၍ ဖွဲ့ကုန်၏ဟု ဖွင့်ဆိုအပ်၏။ထိုခဝါသည်တို့၏ အဝတ်ထုပ်ကို ခိုးခြင်းငှါ မစွမ်းနိုင်ကောင်းရာသည်မဟုတ်ပါလော။အဘယ်နည်းဖြင့် ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုအဝတ်ထုပ်ကို ခိုးယူကြပါကုန်သနည်း ဤသို့စုဒ်ကြောင့် (င)ဝါကျကိုမိန့်။

**ကား။** ။ခဝါသည်တို့ မေ့ကျန်ခြင်းကြောင့် မမြင်ကုန်စဉ် ခိုး၏-ဟူလို။

## နံပါတ် (၃)

(က) ဝါကျ ပဏ္ဍုန္တရ။

http://www.dhammadownload.com



(ခ) ဝါကျ ဒဋ္ဌိကရဏ၊ကာရဏ၊ ဝိတ္ထာရ။
(ဂ) ဝါကျ ပက္ခန္တရ။
(ဃ+င)ဝါကျ ဝတ္ထာရထိုတွင် (င)ဝါကျ ဝါကျာရမ္ဘ။
**စာစပ်။** ။တသ္မာ-ကို အတ္ထရန္တိ-၌ အကြောင်းဟိတ်+အကျိုးဖိုလ်စပ်။
သာယနှသမယေ-ကို ပဝိသန္တာ-၌ အာဓာရ+အာဓာယ်စပ်။

## နံပါတ် (၄)

**ဘဏ္ဍိကံ။** ။ဘဏ္ဍံ ဧတ္ထ အတ္ထီတိ ဘဏ္ဍိကံ။
ဘဏ္ဍ-တဒ္ဓိတ်ပုဒ်အရ အဝတ်ဘဏ္ဍာသည် မုချ။ထို-၏ ဣက-ပစ္စည်းအရ အထုပ်နှင့် ဌာန+ဌာနီ၊နိဿယ+နိဿိတစပ် ဌာနူပစာ။ဣက-ပစ္စည်းအရ ထို-သော အထုပ်ရ၏။
**တိတ္ထံ။** ။မနုဿာ တရန္တိ ဧတ္ထာတိ တိတ္ထံ။
တရ-ဓာတ်အရ ကတ္တုဒြဗ်-ကူးသောပုဂ္ဂိုလ်တို့၏ ဝီရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် မုချ။အဓိကရဏတ္ထကြိယာ-ဆိပ်ကမ်း၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ထ-ပစ္စည်းအရ ထို-သော ဆိပ်ကမ်းရ၏။
**ဘဏ္ဍော။** ။ဘဏ္ဍန္တိ ပရိဘာသန္တိ သတ္တာ ဧတေနာတိ ဘဏ္ဍော။(ဓာတွတ္တ)
ဘဍိ-ဓာတ်အရ ကတ္တုဒြဗ်-ငြင်းခုံသောပုဂ္ဂိုလ်တို့၏ လောဘ, ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကရဏတ္ထကြိယာ-ဘဏ္ဍာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။အ-ပစ္စည်းအရ ထို-သော ဘဏ္ဍာ-ရ၏။
**ရဇကဘဏ္ဍိကံ။** ။ဝတ္ထာနိ ရဇ္ဇန္တီတိ ရဇကာ။(ရဉ္ဇ+ဏွု)
ရဇကာနံ ဘဏ္ဍံ ရဇကဘဏ္ဍံ။
တံ အဿ အတ္ထီတိ ရဇကဘဏ္ဍိကံ။
**သာယနှသမယော။** ။အဟဿ သာယော သာယနှော။
သာယန္ဟော သမယော သာယနှသမယော။

## နံပါတ်(၅)

**ဝတ္ထာနိ။** ။ဝသ+ထ။(တစ်နည်း)ဝု+ထ(ဝသီယတေ အစ္ဆာဒီယတေတိ ဝတ္ထံ။ ဝုဏီယတေ သံဝရီယတေတိ ဝတ္ထံ။
**သာယ။** ။သာ+ယ။
**အဟ။** ။န+ဟာ+အ။(န ဇဟာတိ အစ္စာဂမနန္တိ အဟံ။နပုလ္လိင်၊မနောဂိုဏ်း)
**ပမာဒေန။** ။ပ+မဒ+ဏ။ (ပမဒ္ဒနံ ပမာဒေါ။)

## နံပါတ်(၆)

တတ္ထ ရဇကာ ဝတ္ထာနိ အတ္ထရန္တိဖြင့် ရဇကတ္ထရဏံ၌ အတ္ထရဏ-ကို အတ္ထရန္တိ ဧတ္ထာတိ အတ္ထရဏံ. ဟု ဝစနတ္ထပြု၍ အာ+ထရ+ယု ပစ္စည်းဖြစ်၍ ယင်းယုပစ္စည်း၏

http://www.dhammadownload.com



အဓိကရဏအနက်၌ဖြစ်သည်ကိုလည်းကောင်း၊ရဇကာနံ အတ္ထရဏံ ရဇကတ္ထရဏံ. ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္တပြုအပ်သည်ကိုလည်းကောင်း၊ထရ. ဓာတ်၏သကမ္မက ဓာတ်ဖြစ်သည်ကိုလည်းကကောင်း သိစေ။(အဘိဓာနတ္ထ၊ဒု. ပစ္စယတ္ထ၊သမာသလိင်္ဂတ္ထ) နိယံ။ ။ကရဏသာမ်၊အဓိကရဏသမ်၊နောက်ပုဒ်ပြ၊ရှေးပုဒ်ဆဋ္ဌီတွဲမြဲတည်း။

တံ ရဇကတ္ထရဏန္တိဖြင့် ရဇကတ္ထရဏအရ-ခဝါသည်တို့၏အဝတ်ဖြန့်ခင်းရာ အရပ်အားလုံးကိုမယူအပ်၊ခဝါသည်ဆိပ်ကမ်းကို ဧကဒေသျူပစာအားဖြင့် ယူအပ်သည် ကိုသိစေ။

ထေနေတွာဖြင့် အဝဟရိတွာ၌ အဝဉပသာရ၏ ဓာတွတ္ထဝိသေသကဖြစ်သည် ကိုလည်းကောင်း၊ဟရ. ဓာတ်၏ခိုးခြင်းအနက်၌ဖြစ်သည်ကိုလည်းကောင်းသိစေ။

အပေါင်းသံဝဏ္ဏနာဖြင့် အဝတ်တို့ကိုဖြန့်ခင်းရာဖြစ်သောကြောင့် ခဝါဆိပ်၏ ရဇကတ္ထရဏအမည်ရသည်ကိုသိစေ။

## နံပါတ်(၇)

**သာယန္ဟ/သာယဏှ. ..**

**ပုဗ္ဗာဗိဟုဘ္ထရပဒဿ အဟဿ ဏှာဒေသော ဟောတိ**-ဟု မောဂ္ဂလာန်၌ဆို သောကြောင့် မုဒ္ဒဇပဉ္စမက္ခရာဖြင့်ရှိသော သာယဏှသင့်။(ပုဗ္ဗပရဠ္ဌသာယမဇ္ဈေဟာဟ ဿ ဏှော။ မောဂ်၊၃။၁၁၀။သုတ်။)

သီဟိုဠ်မူ၌ အဟကို ဒန္တဇပဉ္စမက္ခရာဖြင့် နှာပြုသည်ကိုဆိုသောကြာင့်လည်း ကေ ာင်း၊ ရူပသိဒ္ဓိ. ၌ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် အဟကို တဝဂ် ပဉ္စမက္ခရာဖြင့် နှာ ပြု သည်ကိုပြဆိုသောကြောင့်လည်းကောင်း သာယန္ဟ ဟူသောပါဌ်လည်းသင့်။

**အဟဿ ပုဗ္ဗ ပုဗ္ဗန္ဟ၊ဇဝံ သာယန္ဟ “ တေသု ဝုဒ္ဓိ ” တိ အာဒိနာ အဟဿ န္ဟာဒေသော။ (ရူ၊၁၆၈။)**

## နံပါတ်(၈)

**ရဇကတိတ္ထံ။** ။ခဝါသည်တည်းဟူသောဌာနီဖြင့် ဆိပ်ကမ်းတည်းဟူသော ဌာနကိုမှတ်၍ ခဝါသည်တည်းဟူသောအများကိုဆိုသဖြင့် တစ်ပါးသောပုဂ္ဂိုလ်တည်း ဟူသော အနည်းကိုလည်းရကြောင့် ယေဘုယျနည်း။

အစိတ်ဖြစ်သောခဝါသည်ကိုဆိုသဖြင့် အပေါင်းဖြစ်သော ခဝါသည်မဟုတ် သူကိုလည်း ရသောကြောင့် ဧကဒေသူပစာ။

**သာယန္ဟသမယ။** ။ညနေနှင့် အခါကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။အဘေဒနည်း။

## နံပါတ်(၁၀)

**အဝဟရိတွာ ထေနေတွာ။** ။ထေယျစေတနာပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ကောက်။

http://www.dhammadownload.com



ပမာဒေနအရ။ ။မောဟပြဋ္ဌာန်းသောအကုသိုလ်စိတ်ဖြင့်ပွါဒ်ကောက်။

## ဝါကျစဉ်(၃၃)

(က) ဂါမောနာမာတိ ဝေမာဒိ ဂါမာဝါ အရညာဝါတိ ဧတ္ထ ဝုတ္တဂါမဿ စ အရညဿစ ပဘေဒဒဿနတ္ထံ ဝုတ္တံ။

(ခ) တတ္ထ ယသ္မိံ ဂါမေ ကောဝေ ကုဋိ, ဧကံ ဂေဟံ သေယျထာပိ မလယဇနပဒေ၊ အယံ ဧကကုဋိကော ဂါမောနာမ။

(ဂ) ဧတေန နယေန အပရေပိ ဝေဒိတဗ္ဗာ။

(ဃ) **အမနုဿောနာမ** ယော သဗ္ဗသောဝါ မနုဿာနံ အဘာဝေန ယက္ခပရိဂ္ဂဟဘူတော။

(င) ယတောပါ မနုဿာ ကေနစိ ကာရဏေန ပုနပိ အာဂန္တုကာမောဧဝ အပက္ကန္တော။ (ဝိ၌၁။၂၅၈။)

## နံပါတ်(၁)

(က)ဝါကျ ကတ္တားထည့်အနက်။ ။ပဘေဒ ဒဿနတ္ထံ-အထူးအပြားကိုပြခြင်းအကျိုးငှါ၊ဘဂဝတာ-သည်၊ဝုတ္တံ။

(ခ) တတ္ထ-တသ္မိံ ဂါမောနာမာတိအာဒိဝစနေ၊ဝိနိစ္ဆယော၊ဝေ၊ဝေဒိတဗ္ဗော၊ ယသ္မိံ ဂါမေ-၌၊ကောဝေ-သော၊ကုဋိ-အိမ်ငယ်သည်၊ဧကံ-သော၊ဂေဟံ-သည်၊အတ္ထိ-၏၊ အယံ-ဤရွာသည်၊ဧကကုဋိကော ဂါမောနာမ-၏၊ကသ္မိံ ဝိယ-အဘယ်ရွာ၌ကဲ့သို့နည်းဟူမူကား၊သေယျထာပိ မလယဇနပဒေ-မလယဇနပုဒ်၌ကဲ့သို့တည်း။(ဥပမာ အပြင်ထုတ်)

တစ်နည်း-တတ္ထ-၌၊မလယဇနပဒေ-၌၊ကော-သော၊ကုဋိ-သည်၊အတ္ထိ သေယျထာပိ-ကဲ့သို့၊တထာ၊ယသ္မိံ ဂါမေ-၌၊ကုဋိ-သည်၊ဧကံ-သော၊ဂေဟံ-သည်၊အတ္ထိ၊အယံ-သည်၊ဧကကုဋိကော ဂါမောနာမ-၏။(ဥပမာအတွင်းသွင်း)

(ဂ) အပရေပိ-ဧကော ကုဋိကောပိ ဂါမောမှ တစ်ပါးလည်းဖြစ်သော၊ဒွိကုဋိကောဂါမော အစရှိသည်တို့ကိုလည်း။

(ဃ) သဗ္ဗသော-အလုံးစုံသော အခြင်းအရာအားဖြင့်၊(အဘာဝေန-၌စပ်)ဝါ-အလုံးစုံကုန်သော(မနုဿာနံ-၌စပ်။)

(ဃ) အမနုဿော-အလုံးစုံ လူမရှိသောရွာ၊(ဝါ)-အလုံးစုံ လူမရှိ၍ လူနှင့်တူသောနတ်ဘီလူးတို့ သိမ်းပိုက်အပ်သောရွာ၊(ဝါ)-တဖန်ပြန်လာလိုကုန်သည်ဖြစ်၍ လူဘို့ဖဲသွားရကား တခဏအားဖြင့် လူမရှိသောရွာ။

## နံပါတ် (၂)

(ဂ) ဝါကျသို့ စောဒနာ။ ။ဆရာ (ခ)ဝါကျဖြင့် ဧကကုဋိကော-ကို ကောဝေ

http://www.dhammadownload.com



ကုဋိ ယသ္မိံ ဂါမေတိ ကေကုဋိကော-ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထကို ပြဆိုတော်မူအပ်၏။ဒွိကုဋိက-စသောပုဒ်တို့၏ ဝစနတ္ထကို အဘယ်နည်းဖြင့်သိထိုက်ပါသနည်း။ ပုဒ်သဒ္ဒါထူး၍ ဝစနတ္ထထူးသည်ဟု မှတ်သားထိုက်ပါသလော ဤသို့စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**ကား။** ။ဒွေ ဝေ ကုဋိယော ယသ္မိံဂါမေတိ ဒွိကုဋိကော-ဟု ကေကုဋိကော-နည်းတူ ဝစနတ္ထကို သိထိုက်၏ ဟူလို။

(င) ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (ဃ)ဝါကျဖြင့် အမနုဿ-အရ လူနှင့်တူသောနတ်ဘီလူးတို့ကိုကောက်၍ နတ္ထိ မနုဿာ ယသ္မိံဂါမေတိ အမနုဿော-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊မနုဿဂါမ-ဟူသည် အလုံးစုံလူမရှိ၍ နတ်ဘီလူးတို့ သိမ်းပိုက်အပ်သောရွာကို ကောက်ယူရမည်ကိုလည်းကောင်း ပြဆိုတော်မူအပ်၏။ထိုပြဆိုအပ်ခဲ့ပြီးသော အရကောက် ဝစနတ္ထတို့ကြောင့်သာ အမနုဿဂါမ-မည်ပါသလော။အဘယ်နည်းအားဖြင့်လည်း အမနုဿဂါမ မည်ပါသေးသနည်း ဤသို့စုဒ်ကြောင့် (င)ဝါကျကိုမိန့်။(နိဿယ-အတိုင်း အဓိပ္ပါယ်ပြန်လေ။)

**မှတ်ချက်။** ။နယန္တရ ဝါ-ကိုရှု၍ "ဝေ"အာဘော်ဆင်သည်ကို သတိပြုပါ။

## နံပါတ် (၃)

(က) ဝါကျ ပက္ခန္တရ။

(ခ) ဝါကျ ဝိတ္ထာရ။(တစ်နည်း) တပ္ပါကင္ဂီကရဏ။

(ဂ) ဝါကျ ဝါကျာရမ္ဘ။

(ဃ) ဝါကျ ပက္ခန္တရ။

(င) ဝါကျ နယန္တရ ပက္ခန္တရ။

**စာစပ်။** ။မလယဇနပဒေ-ကား ၌-ပေးသောကြောင့် ဇော် ဂေဟံ-၌ အပေါင်းအာဓာရ+အစိတ်အာဓေယ်စပ်။

(ခ) တတ္ထ-ကား ၌-ပေးသောကြောင့် ကေကုဋိကော ဂါမောနာမ-၌ အပေါင်းအာဓာရ+အစိတ်အာဓေယ်စပ်။

တတ္ထ-ကား တို့တွင်-ပေးသောကြောင့် ကေကုဋိကော ဂါမောနာမ-၌ နိဒ္ဓါရဏသမုဒါယ+နိဒ္ဓါရဏီယစပ်။

**(တတ္ထာတိ ကေကုဋိကဂါမာဒီသု နိဒ္ဓါရဏ်။)**

တတ္ထ-ကား ၌-ပေးသောကြောင့် ဝိနိစ္ဆယော-၌ အာဓာရ+အာဓေယ်စပ်။

(တတ္ထာတိ ဝါ ကေကုဋိကောပိ ဂါမောတိအာဒိဝစနေ ဝိနိစ္ဆယော။)

## နံပါတ် (၄)

**အရည်။** ။အရိယတေ ဂမိယတေတိ အရည်း။(အရ+အည)

**အရွိ ဂစ္ဆန္တိ ဧတ္ထာတိ အရည်း။**

အရ-ဓာတ်အရ ကတ္တုဩ-သွားသောပုဂ္ဂိုလ်တို့၏ ဝိရိယပြဌာန်းသော စိတ္တုပ္ပါဒ်

http://www.dhammadownload.com



သည် မုချ။တစ်နည်း-ကာယဝိညတ္တိ သမုဋ္ဌာပက စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-တော၏ ပကတူကနိဿယသတ္တိသည် ဖလူပစာ။အည-ပစ္စည်းအရ ထို-သော တော-ရ၏။
ဂေဟ ။ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ။(ဂဟ+ဏ)
ဂဟ-ဓာတ်အရ သစ်စသော အဆောက်အဦကို ယူသောအခြင်းအရာအား ဖြင့်ဖြစ်သော ဥတုဇရုပ်တို့၏ ဥပါဒ်သည် မုချ။ဏ-ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော အိမ် ဟုခေါ်ဝေါ်အပ်သော သဏ္ဌာနပညတ် ဒြပ်ဝိသေသ-ရ၏။
မလယဇနပဒေါ။ ။မလယောစ သော ဇနပဒေါစာတိ မလယဇနပဒေါ။
မလယ-ဟူသော ဝိသေသနပုဒ်အရ မလယ-အမည်၏အဖြစ်ဟူသော ဂုဏ် သည် မုချ။ထို-၏ ဇနပုဒ်နှင့် ဂုဏ်+ဂုဏောစပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော မလယ-အမည်ရသော ဇနပုဒ်ရ၏။

## နံပါတ် (၅)

ပဘေဒ။ ။ပ+ဘိဒ+ဏ။
အပက္ကန္တာ။ ။အပ+ကမု+တ။(အန္တ)
ကုဋ္ဌိ။ ။ကုဋ္ဌ+ဣ။
သဗ္ဗ။ ။သရ+ဗ။(သရတိ ပဝတ္တတီတိ သဗ္ဗော။)

## နံပါတ် (၆)

(ခ) ယသ္မိံ ဂါမေ ကောဇေ ကုဋ္ဌိ-ဖြင့် ကေကုဋ္ဌိကော-ကို ကောဇေ ကုဋ္ဌိ ယသ္မိံဂါမေတိ ကေကုဋ္ဌိကော-ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝဓနတ္တပြုရမည်ကို လည်း ကောင်း၊ကေကုဋ္ဌိ-အရ ရွာကို အရကောက်ရမည်ကိုလည်းကောင်း၊က-ပစ္စည်း၏ သမာ သန္တ က-ပစ္စည်း၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။
ဇဟံ ဂေဟံ-ဖြင့် ကုဋ္ဌိ-သဒ္ဒါသည် ဂေဟ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေပါ သည်။(တစ်နည်း)-ကုဋ္ဌိ-သဒ္ဒါသည် ဂေဟ-အနက်ဟောဟု သိစေပါသည်။
သေယျထာပိ-စသည်ဖြင့် ဥပမာကိုသိစေပါသည်။
(ဃ) မနုဿာနံ အဘာဝေန-ဖြင့် အမနုဿော-၌ အ-ပုဒ် မနုဿ-ပုဒ် အ- သည် န-နိပါတ်၏ ကာရိယဖြစ်၍ ထို န-နိပါတ်သည် အဘာဝ-အနက်ဟောသည်ကို သည်းကောင်း၊နတ္ထိ မနုဿာ ယသ္မိံဂါမေတိ အမနုဿော-ဟု ဝဓနတ္တပြုရမည်ကိုလည်း ကောင်း သိစေပါသည်။
ပဋိသေဓေ ဝုဒ္ဓိ တဗ္ဘာဝေ၊အညတ္တေ့ သဒိသေပိစ။
ဝိရုဒ္ဓေ ဂရဟေ သုဥ္ဉေ၊အကာရော ဝိရဟာပ္ပကေ။
ယက္ခပရိဂ္ဂဟိတော-ဖြင့် လူမရှိရုံမက ဘေးရန်မကင်းသော အမနုဿဂါမဖြစ် နေကြောင်းကို သိစေပါသည်။(ဘာဝတ္ထ)-(ဋီကာ-အလို)
တစ်နည်း-ယက္ခပရိဂ္ဂဟဘူတော-ဖြင့် န မနုဿော အမနုဿော-ဟု ဝဓနတ္တ ပြု၍ အမနုဿအရ နတ်ဘီလူးတို့ကို ကောက်ယူရမည်ကိုလည်းကောင်း၊အမနုဿေန

http://www.dhammadownload.com



ပရိဂ္ဂဟော အမနုဿော-ဟု ပရိဂ္ဂဟတဒ္ဓိတ် ဝစနတ္ထပြ၍ ဏ-ပစ္စည်း ပရိဂ္ဂဟ-အနက်၌သက်သည်ကိုလည်းကောင်း သိစေပါသည်။

## နံပါတ် (၇)

(င) အပဏ္ဏတ္တာ/အပဂတ္တာ. . .

ယတော ဂါမတော အပဂန္တ္တာတိပဒေ အပါဒါန်၊သော ဂါမော အမနုဿဂါမောနာမ-ဟူသော ယောဇနာကိုထောက်၍ ထိုအလို အပဂန္တ္တာပါဌ်သင့်။

မနုဿသဒ္ဒါနှင့် အရတူသောကြောင့်လည်းကောင်း၊နိဿယများ၌ မနုဿာ-တို့သည်၊အပက္ကန္တာ-ဖဲသွားကုန်ပြီ၊သော ဝါ-ထိုရွာသည်လည်းကောင်း၊အမနုဿဂါမောနာမ-မည်၏-ဟု အနက်ယောဇနာ၍ အတ္ထယုတ္တိရှိသောကြောင့်လည်းကောင်း အပက္ကန္တာ-ပါဌ်လည်းသင့်ပါသည်။

(ယတော ဝါ အပက္ကန္တာ၊သော အမနုဿောနာမ၊ယတော ဂါမတော အာဂန္တုကာမာဝ အပက္ကန္တာ-ဟူသော ဝဇိရဗုဒ္ဓိဋီကာ (၁၂၅)ကို ထောက်၍ အပက္ကန္တာ-ပါဌ်သည် ယုတ္တတရ။)

## နံပါတ် (၈)

ဂါမာဝါ။ ။အစိတ်ဖြစ်သော ဂါမ၏အမည်ကို အပေါင်းဖြစ်သော ဂါမ, နိဂမ, နဂရတို့၌လည်း တင်စား၍ဆိုသောကြောင့် ဧကဒေသူပစာ၊ဥပလက္ခဏနည်း။

ဂ္ဂါမဂ္ဂ သိက္ခာပဒေ နိဂမောပိ နဂရမ္ပိ ဂါမဂ္ဂဟဏေနေဝ အာဂတန္တိ ဝေဒိတဗ္ဗံ။ (ဝိ၊၄၊၁။၂၅၉)

(ခ)ယသ္မိံ ဂါမေ ဧကောယေဝ ကုဋိ။ ။ရွာနှင့် တစ်ခုသောအိမ် မပြားဘဲ လျက် ပြားသကဲ့သို့ ယသ္မိံ ဂါမေ ဧကောယေဝ ကုဋိ-ဟု ဆိုထားသောကြောင့် အဘေဒဘေဒူပစာ။

ယက္ခပရိဂ္ဂဟဘူတော-ဧကဒေသူ (ယက္ခပရိဂ္ဂဟဘူတောတိ ယက္ခနဂရာဒိဝါ သဝ်ဏ္ဏာတိ)

(ယ+င) အမနုဿာ။ ။ဘီလူးတို့ သိမ်းဆည်းအပ်သောရွာ, လူမရှိသောရွာ, ဤသို့အနက်ပြားလျက် အမနုဿ-သဒ္ဒါ တစ်ခုချင်း တူသည်၏အဖြစ်ဖြင့် ညွှန်ပြအပ်သောကြောင့် သာမညနိဒ္ဒေသနည်း။(အမနုဿဂါမ-၌ ယက္ခပရိဂ္ဂဟရွာ,မနုဿအပက္ကန္တ-ရွာ-ဟူ၍ နှစ်မျိုးရှိသည်၊ အဖွင့်ရှုပါ။)

## နံပါတ် (၁၀)

(က) ဝုတ္တံ-၌ ဓာတ်အရ ဘဂဝတော ကတ္တားရှု၍ နေတ္တိ. . .

ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်။

ပစ္စည်းအရ-ဂါမောနာမ-စသော သဒ္ဒဝိညတ္တိက ဝစီဘေဒ စိတ္တဇသဒ္ဒရုပ်။

❀❀❀❀❀

http://www.dhammadownload.com



## ဝါကျစဉ် (၃၄)

(က) ဂါမူပစာရောတိအာဒိ အာရညပရိစ္ဆေဒဒဿနတ္ထံ ဝုတ္တံ။

(ခ) ဣန္ဒခီလေ ဌိတဿာတိ ယဿဂါမဿ အနုရာဓပုရဿေဝ. ဒွေ ဣန္ဒခီလာ တဿ အဗ္ဘန္တရိမေ ဣန္ဒခီလေ ဌိတဿ။

(ဂ) တဿဟိ ဗာဟိရော ဣန္ဒခီလော အာဘိဓမ္မိကနယေန အရညသင်္ခေပံ ဂစ္ဆတိ။

(ဃ) ယဿ ပန ဧကော၊တဿ ဂါမဒ္ွါရဗာဟာနံ ဝေမဇ္ဈေ ဌိတဿ။

(င) ယတြာပိဟိ ဣန္ဒခီလော နတ္ထိ၊တတြ ဂါမဒ္ွါရဗာဟာနဝေမဇ္ဈမေဝ"ဣန္ဒခီလေ"တိ ဝုစ္စတိ။

(စ) တေန ဝုတ္တံ "ဂါမဒ္ွါရဗာဟာနံ ဝေမဇ္ဈေ ဌိတဿာ"တိ။

(ဝိ၂၊၁။၂၅၉)

## နံပါတ် (၁)

(ကာ)ကတ္တား-ဘာဂဝတာ။(င) ကတ္တား-မယာ။

(ခ)အနုရာဓပုရဿ-အနုရာဓမြို့၏၊ဒွေ-နှစ်ခုသော၊ဣန္ဒခီလာ-တံခါးခုံတို့သည်၊ အတ္ထိဣဝ-ရှိသကဲ့သို့၊(တထာ) ယဿဂါမဿ၊ဒွေ၊ဣန္ဒခီလာ၊အတ္ထိ။

(ဂ)ဟိ-မှန်၊(တစ်နည်း)-ဟိ-ချဲ့၊တဿ-ထိုရွာ၏၊ဗာဟိရော-ပြင်ပ၌ဖြစ်သော၊ ဣန္ဒခီလော၊အာဘိဓမ္မိကနယေန-အဘိဓမ္မာ၌လာသောနည်းဖြင့်၊အရညသင်္ခေပံ-တော ၌ထည့်သွင်းအပ်သည်၏အဖြစ်ကို၊(သင်္ဂဟတ္ထ)(ဝါ)-တောဟူသော အရေအတွက်သို့။

(ဃ)ပန-တံခါးခုံ နှစ်ခုရှိသောရွာမှတစ်ပါး တံခါးခုံတစ်ခုရှိသောရွာကို ပြီး အံ့၊ယဿဂါမဿ၊ဧကော၊ဣန္ဒခီလော၊အတ္ထိ၊တဿဂါမဿ၊ဂါမဒ္ွါရဗာဟာနံ-ရွာတံခါး ဘောင်တို့၏၊ဝေမဇ္ဈေ-အလယ်၌၊ဌိတဿ။

## နံပါတ် (၂)

(က) ဝါကျသို့ စောဒနာ။ ။ဆရာ မြတ်စွာဘုရားသည် ပဒဘာဇနီပါဠိတော် ၌ ဂါမူပစာရေ-ကို ဖွင့်ဆိုတော်မူအပ်၏။သိက္ခာပုဒ် မာတိကာ၌ ဂါမာဝါ အရညာဝါ- ဟုသာ ရှိသောကြောင့် ဂါမ-လက္ခဏာကို ဖွင့်ပြီးလျှင် အရည-ကိုသာ ဖွင့်ဆိုထိုက်သည် မဟုတ်ပါလော။အဘယ်အကျိုးငှါ ဂါမူပစာရေ-စသောစကားကို မိန့်ဆိုရပါသနည်း မာတိကာ ပဒဘာဇနီဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏ ဤသို့စောဒနာ ဘွယ်ရှိသောကြောင့် (က)ဝါကျကိုမိန့်။

ကား။ ။တော၏အပိုင်းအခြားကို ပြခြင်းအကျိုးငှါ ဂါမူပစာရေ-စသောစကားကို မိန့်ဆိုသည်ဖြစ်၍ သင်တင်သောဝိရောဓိဒေါသ မြတ်စွာဘုရား၌မရောက်-ဟူလို။

နနု စ"ဂါမာဝါ အရညာဝါ"တိ ဧတ္ထကမေဝ မာတိကာယံ ဝုတ္တံ၊တသ္မာ ဂါမလက္ခဏံ ဒဿေတွာ အရညမေဝ ဒဿေတဗ္ဗံ သိယာ။ (သာရတ္ထ၊၂။၁၂၄)

(ဂ) ဝါကျသို့ အယုတ္တစောဒနာ။ ။ဆရာ (ခ)ဝါကျဖြင့် အနုရာဓမြို့ကဲ့သို့

http://www.dhammadownload.com



တံခါးခုံနှစ်ခုရှိသောရွာ၌ အတွင်းတံခါးခုံ၌ ဣန္ဒခီလ-အရ ယူရမည်ဟု ပြဆိုတော်မူအပ်၏။ပဒဘာဇနီပါဠိတော်၌ ဣန္ဒခီလေဌိတဿ-ဟု သာမညအားဖြင့်ဆိုသောကြောင့် အမှတ်မထား တစ်ပါးပါးသောတံခါးခုံကို ယူသင့်သည်မဟုတ်ပါလော။ထိုသို့ဖြစ်လျက် ဣန္ဒခီလ-အရ အတွင်းတံခါးခုံကို ယူရမည်ဆိုသော ဆရာ့စကား အသို့လျှင်သင့်နိုင်ပါအံ့နည်း ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ)ဝါကျကိုမိန့်။

**ကား။** ။ပါဠိတော်၌ ဣန္ဒခီလေ ဌိတဿ-ဟု သာမညအားဖြင့် ဆိုငြားသော်လည်း အပြင်တံခါးခုံကို အဘိဓမ္မာနည်းအားဖြင့် တော-ဟုဆိုအပ်သောကြောင့် အတွင်းတံခါးခုံကိုသာ ဣန္ဒခီလ-အရ ယူရမည်ဟုဆိုသော ငါ့စကားသင့်၏-ဟူလို။

(ဃ)ဝါကျသို့ အနုသန္ဓေ။ ။ဤသို့ (ခ+ဂ)ဝါကျတို့ဖြင့် တံခါးခုံနှစ်ခုရှိသောရွာ၏ ဣန္ဒခီလ-အရကို ယုတ္တိနှင့်တကွပြဆိုပြီး၍၊ယခုအခါ၌ တံခါးခုံတစ်ခုသာရှိသောရွာ၏ ဣန္ဒခီလ-အရ ရွာ့တံခါးဘောင်တို့၏ အလယ်အရပ်ကို ယူရမည်ဟု ပြဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)ဝါကျကိုမိန့်။

(ဃ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (ခ)ဝါကျဖြင့် တံခါးခုံနှစ်ခုရှိသောရွာ၌ ဣန္ဒခီလ-အရ အတွင်းတံခါးခုံကိုသာ ယူအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။အကယ်၍တံခါးခုံတစ်ခုသာရှိအံ့ ဣန္ဒခီလ-အရ အဘယ်ကိုယူအပ်ပါသနည်း။ထိုရှိသောတံခါးခုံကိုသာ ယူအပ်ပါသလော ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

(င)သို့အယုတ္တစောဒနာ။ ။ဆရာ (ဃ)ဖြင့်တံခါးခုံတစ်သာရှိသောရွာ၌ ဣန္ဒခီလအရ. တံခါးဘောင်တို့၏အလယ်အရပ်ကို ကောက်ယူအပ်သောဖွင့်ပြတော်မူအပ်၏။ ပါဠိတော်၌ ဣန္ဒခီလေ ဌိတဿ. ဟုသာမညအားဖြင့်ဆိုသောကြောင့် ဣန္ဒခီလ အရ တံခါးခုံကိုသာကောက်ယူသင့်သည် မဟုတ်လော. ။ထိုသို့ဖြစ်လျက် တံခါးဘောင်တို့၏အလယ်အရပ်ကို ကောက်ယူရမည်ဟုဆိုသောဆရာ့စကား အသို့လျှင်သင့်နိုင်ပါအံ့နည်း. . ဤသို့စောဒနာဖွယ်ရှိသောကြောင့် (င)မိန့်။

**ကား။** ။တံခါးမရှိသောရွာ၌ ဣန္ဒခီလအရ တံခါးဘောင်တို့၏အလယ်အရပ်ကိုသာ တံခါးခုံတပ်ရာ အလယ်အရပ်ဖြစ်သောကြောင့် ဌာနူပစာအားဖြင့် ဣန္ဒခီလအရယူအပ်သည်ဟူလိုသော်. . ။

## နံပါတ်(၃)

(က) ပက္ခန္တရ၊
(ခ) ပက္ခန္တရ၊ ထိုတွင် ယဿစသည်အနိယမ၊တဿ စသည် နိယမ၊
(ဂ) ယုတ္တိဒဠှီကရဏ၊ တစ်နည်း-ဝိတ္ထာရ။(ဘာဠီ)။
(ဃ) ပက္ခန္တရ၊ တစ်နည်း-ဝါ ကျာရမ္ဘ။
(င)ယုတ္တိဒဠှီကရဏ၊ -(စ) လဒ္ဓဂုဏ်၊တစ်နည်း-နိဂုံး။

**နိယံ။** ။တေန ဝုတ္တံ၊တည်ပါဠိ၌ပြန်က၊လဒ္ဓဂုဏ်မျှဆိုကုန်ကြ၏၊နိဂုံးထင်လှ၊နော်တတ္ထ၊

## နံပါတ်(၄)

**အရညပရိစ္ဆေဒ။** ။အရညဿ ပရိစ္ဆေဒေါ အရညပရိစ္ဆေဒေါ။

http://www.dhammadownload.com



**အရညပရိစ္ဆေဒသာ ဒသာနံ အရညပရိစ္ဆေဒဒသာနံ။**

အရည. အရ တောသည်မှုချအားဖြင့်ရထို၏ ပိုင်ခြားရာအရပ်နှင့် ဌာန/ဌာနီ စပ် ။ပုဒ်လုံးအရ. ထို. သော တော၏ပိုင်ခြားရာအရပ်ရ၏။

**အဗ္ဘန္တရိမ။** **။အဗ္ဘန္တရေ ဇာတော အဗ္ဘန္တရိမော။**

အဗ္ဘန္တရ. တဒ္ဓိတ်ပုဒ်အရ အတွင်းအရပ်သည်မှုချထို. ၏ ကမ္မပစ္စည်းအရ. ဖြစ်သောတံခါးခုံနှင့် ဌာနီ/ဌာနအစပ်သမ္ဗန် ဌာနူ။ကမ္မပစ္စည်းအရ. ထို. သော အတွင်းဖြစ်သော တံခါးခုံရ၏။

ထိုသို့ပင် ရငြားသော်လည်း အဗ္ဘန္တရိမောသဒ္ဒါသည် ဝိသေသနပုဒ်ဖြစ်ရကား ဝိသေသနပုဒ်သဘောသည် ဂုဏ်ကိုပဓာနအားဖြင့်ဟောမြဲဖြစ်သောကြောင့် အတွင်းအရပ်၌ဖြစ်ခြင်းဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

**မှတ်ချက်။** ။ဝိသေသနကောက်ကိုအထူးမှတ်သားထားပါ။

**အရညသခေ်ပ။** **။အရညံ ဣတိ သခေ်ပေါ အရညသခေ်ပေါ။**

**တစ်နည်း။** **။အရညေ သခေ်ပေါ အရညသခေ်ပေါ။**

အရ. ဟူသောဝိသေသနပုဒ်အရ တောသည်မှုချ။ ထို. ဟာရေတွကအပ်သော အပြင်တံခါးခုံက္ကန္ဒီလနှင့် ဝိသေသန/ဝိသေသျအာဓာရ/အာဓာယ်အစပ်သမ္ဗန်ဌာနူ ပုဒ်လုံးအရ.ထို. သော တောဟုရေတွက်အပ်သော အပြင်တံခါးခုံရ၏။

ထိုသို့ပင်ရငြားသော်လည်း အရညသခေ်ပသဒ္ဒါသည် ဘာဝပဓာန ဘာဝလောပ သဒ္ဒါဖြစ်သောကြောင့် တောဟူ၍ရေတွက်အပ်သည့်၏အဖြစ်ဟူသော ရေတွက်ခြင်းကြိယာသည်သာပဓာနအားဖြင့်ရ၏။

## နံပါတ်(၅)

| | |
|---|---|
| **အဗ္ဘန္တရ။** | ။အာဘိ+အတိ+အရ |
| **ဇာဟ။** | ။ဝဟ+ဏ။ (ဝဟန္တိ တောယာတိ ဇာဟာ) |
| **ဝေမဇ္ဈ။** | ။ဝိ+မဇ+ဏျ။ |
| **သခေ်ပ။** | ။သံ+ခိပ+ဏ။ |
| **ပုံရ။** | ။ပူ+ရ(တစ်နည်း)ပုရ+အ။ |
| **ပရိစ္ဆေဒ။** | ။ပရိ+ဆိဒ+ဏ။ |
| **ဗာဟိရ။** | ။ဗဟိပုဒ်+က္ကရဏ်ပစ္စည်း။ |
| **အာဘိဓမ္မိက။** | ။အဘိဓမ္မပုဒ်+ဏိက။(အဘိဓမ္မေ အာဂတော အာဘိဓမ္မိကော။အာဘိဓမ္မိကော စသော နယော စာတိ အာဘိဓမ္မိက နယော။) |

## နံပါတ်(၆)

(ခ) အဗ္ဘန္တရေ က္ကန္ဒီလေဖြင့် က္ကန္ဒီလအရ တံခါးခုံနှစ်ခုရှိသောရွာ၌ အတွင်းတံခါးခုံကို ကောက်ယူရမည်ကိုသိစေ။(သရုပ်ကြားအဘိဓေယျတ္ထ)

http://www.dhammadownload.com



ယဿ ဂါမဿ ဒွေ ဣန္ဒခီလာ တဿ ဖြင့် ထိုအတွင်းတံခါးခုံသည်လည်း တံခါး နှစ်ခုရှိသော ရွာ၏ အတွင်းတံခါးခုံသာ ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုသိစေ။ (ဘာဝတ္ထ)

(ဂ)ဖြင့် အတွင်းတံခါးခုံယူနိုင်ခြင်း၏အကြောင်းယုတ္တိကိုသိစေ။

(ဃ) ယဿ ဧကော တဿဖြင့် ထိုတံခါးဘောင်တို့၏ အလယ်အရပ်သည် လည်း တစ်ခုသောတံခါးရှိသော ရွာတံခါးဘောင်၏ အလယ်အရပ်ဖြစ်သည်ကို သိစေ။

ဂါမဒွါရဗာဟာနံ ဝေမဇ္ဈေဖြင့် ဣန္ဒခီလအရ တံခါးတစ်ခုရှိသောရွာ၌ တံခါး ဘောင်တို့အလယ်အရပ်ကို ဌာနူပစာအားဖြင့် ကောက်ယူအပ်သည်ကိုသိစေ။

## နံပါတ်(၇)

**ဣန္ဒခီလ/ဣန္ဒခီလ. . .**

**ဣန္ဒဿဝ ပါဒံ ခီပတိ ဧတ္ထာတိ ဣန္ဒခီလော၊ခီပ. ပေရဏေ၊ပဿ လော၊အ ထဝါ ဣန္ဒံ ဂမနံ ဒဒါတီတိ ဣန္ဒဿ(ဒွါရံ)တတ္ထ ဌပိတော ခီလော ကဏ္ဍကောတိ ဣန္ဒ ခီလော-**ဟူသော အဘိဓာန်ဋီကာကိုထောက်၍ ဣန္ဒခီလော ပါဌ်သင့်။

ခီလော ကင္ဒိနတ္ထေ(ဓာတွတ္ထ၊ဂ၄)သက်လ ခီလ ဟေတိသု(ဓာန်၊၁၁၁၅)တို့၌ ခီလသဒ္ဒါကသာ တံခါးခုံ, တံခါးငုတ် အနက်ကိုဟော၍ ရဿဖြင့်ရှိသော ဣန္ဒခီလ ပါဌ်လည်းသင့်၏။

ဒီဃပြု/မပြုသာထူး၏ အနက်ထူးမရှိသောကြောင့် နှစ်ပါဌ်လုံးသင့်။

မှတ်ချက်။ ။လက်ရှိဆဋ္ဌမူ-ဌ,ဋီ-တို့၌လည်းကောင်း၊ အဘိဓာန်ဟောပုဒ်တို့၌ လည်းကောင်း၊အဘိဓာန်ဋီကာ အဖွင့်တို့၌လည်းကောင်း၊ နိဿယတို့၌လည်းကောင်း၊ ဒီဃဖြင့်ရှိသောပါဌ်သည်သာ အတွေ့များ၏။

**(ဃ) တဿ/တဿတိ. . .**

တဿဝါ ဂါမဿ၊ဝါသဒ္ဒေါ ဝေမဇ္ဈမေဝါတိ ယောဇေတဗ္ဗော၊ဝါသဒ္ဒေါ ဣန္ဒ ခီလေတိ အပေက္ခတိ-ဟူသောယောဇနာကိုထောက်၍ ဝါ-ပါသော တဿဝါ-ပါဌ်သာ သင့်ပါသည်။

## နံပါတ် (၈)

**(ခ)ဝါကျထောက်၍ ဣန္ဒခီလေ နျူပစာ။** ။အပေါင်းဖြစ်သော အတွင်းတံ ခါးခုံ, အပြင်တံခါးခုံတို့၏ ဣန္ဒခီလအမည်ကို အစိတ်ဖြစ်သော အတွင်းတံခါးခုံ၌တင် ဧကဒေသူပစာ၊ရှုဋ္ဌိနည်း။

**(င+ဃ)ဝါကျကိုထောက်၍။** ။ဌာနီဖြစ်သော တံခါးခုံ၏ ဣန္ဒခီလ-အ မည်ကို ဌာနဖြစ်သော တံခါးခုံတပ်ရာ အလယ်အရပ်၌တင် ဌာနျူပစာ၊အဝိနာဘာဝ နည်း။

**ဂါမဒွါရဗာဟ-၌ ဗာဟ။** ။အတူဖြစ်သော လက်မောင်း၏ ဗာဟ-အမည်ကို အတူရှိသော တံခါးဘောင်၌တင် သဒိသူပစာ၊ရှုဋ္ဌိနည်း။

http://www.dhammadownload.com



## နံပါတ် (၁၀)

(စ)ဝါကျ ဝုတ္တံ-၌ ဝစ-ဓာတ်အရ- ကတ္တားပုဒ်အရ-အဋ္ဌကထာဆရာ၏သန္တာန်၌ ဆိုသောအခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်, ဝီရိယပြဋ္ဌာန်းသော ဝစီဝိညတ္တိသမုဋ္ဌာပက မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကောက်။

♦ ♦ ♦ ♦ ♦ ♦

## ဝါကျစဉ် (၃၅)

(က) ဣက္ကဒါနိ "အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျာ" တိ အာဒိနံ အတ္ထဒဿနတ္ထံ "အဒိန္နံ နာမာ" တိ အာဒိမာဟ။

(ခ) တတ္ထ အဒိန္နန္တိ ဒန္တပေါဏသိက္ခာပဒေ အတ္တနော သန္တကမ္ပိ အပ္ပဋိဂ္ဂဟိတကံ ကပ္ပိယံ အဇ္ဈောဟာရဏီယံ ဝုစ္စတိ။

(ဂ) ဣဓ ပန ယံကိဉ္စိ ပရပရိဂ္ဂဟိတံ သဿာမိကံ ဘဏ္ဍံ။

(ဃ) တဒေတံ တေဟိ သာမိကေဟိ ကာယေနဝါ ဝါစာယဝါ န ဒိန္နန္တိ အဒိန္နံ။

(င) အတ္တနော ဟတ္ထတောဝါ ယထာဌိတဋ္ဌာနတောဝါ န နိဿဋ္ဌန္တိ အနိဿဋ္ဌံ။

(ဝိ၊ဋ္ဌ၊၁။ ၂၆၁)

## နံပါတ် (၁)

(က) ဣက္ကဒါနိ-ဂါမာဝါ အရညာဝါ-ပုဒ်ကို ဖွင့်ပြီးရာ ယခုအခါ၌၊

(ဇဝံ ဂါမာဝါ အရညာဝါတိ ပဒဿ အတ္ထံ ဒဿေတွာ)-ပုဗ္ဗာနုသန္ဓေ၊

အာဟ-ဆို၏၊(ဆိုပြီ-ဟူ၍ မပေးအပ်။)

နိယံ။ ။ဣက္ကဒါနိနောက်၊ တိတ်ဟောရောက်၊ ဟောမြောက် ပစ္စုပ္ပန်။

အဇ္ဈောဟာရဏီယံ-လည်မျိုသို့ ရွေးရှုဆောင်အပ်သော(သဒ္ဒတ္ထ)၊(ဝါ)-စားမျိုထိုက်သော(ဝေါဟာရတ္ထ)၊အာဟာရံ-ကို၊

(ဂ)ဣဓ-ဤဒုတိယပါရာဇိကသိက္ခာပုဒ်၌၊ဘဏ္ဍံ-ကို၊(အဒိန္နန္တိ-ဟူ၍၊ဝုစ္စတိ-၏)

## နံပါတ် (၂)

(ခ)ဝါကျသို့ အနုသန္ဓေ(အပရာ)။ ။ယခုအခါ၌ သကသန္တကအဒိန္န,ပရ သန္တကအဒိန္န နှစ်ပါးရှိရာ သကသန္တကအဒိန္န-ကို ရှေးဦးစွာပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)ဝါကျကိုမိန့်။

(ဂ)ဝါကျသို့ပုစ္ဆာ။ ။ဆရာ (ခ)ဝါကျဖြင့် ဒန္တပေါန-သိက္ခာပုဒ်၌ မိမိဥစ္စာဖြစ်သော အကပ်မခံအပ်သော အပ်စပ်သောစားသောက်ဖွယ်ကို အဒိန္န-ဟူ၍ဆိုအပ်၏-ဟု ပြဆိုတော်မူအပ်၏။ဤဒုတိယပါရာဇိကသိက္ခာပုဒ်၌ အဒိန္န-အရ အဘယ်ကို အလိုရှိအပ်ပါသနည်း။ဒန္တပေါန-သိက္ခာပုဒ်နည်းတူ အကပ်မခံအပ်သော အပ်စပ်သောစားဖွယ်ကိုပင် အဒိန္န-ဟူ၍ ဆိုအပ်ပါသလော ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

(ဃ)ဝါကျသို့ စောဒနာ။ ။ဆရာ (ဂ)ဝါကျဖြင့် သူတစ်ပါးတို့သိမ်းပိုက်အပ်

http://www.dhammadownload.com



သော ပိုင်ရှင်နှင့်တကွသော တစ်ပါးပါးသောဘဏ္ဍာသည် အဒိန္န-မည်သောဟု ဆိုတော်မူ၏။အဘယ်ကြောင့် သူတစ်ပါးသိမ်းဆည်းအပ်သော အရှင်ရှိသောဘဏ္ဍာကို အဒိန္န-ဟု ဆိုအပ်ပါသနည်း။ဝိနည်းဒေသနာတော်အားလျော်စွာ အကပ်မခံအပ်သောကြောင့် အဒိန္န-ဟူ၍ ဆိုအပ်ပါသလော ဤသို့စုဒ်ကြောင့် (ယ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က) ဝါကျ ပက္ခန္တရ။ (ခ) ဝါကျ ဝိတ္ထာရ။
(ဂ) ဝါကျ ဝိသေသ၊ ပက္ခန္တရ၊ ဝါကျာရမ္ဘ။
(ယ) ဝါကျ ဝါကျာရမ္ဘ။ ပက္ခန္တရ။ (င) ဝါကျ ပက္ခန္တရ။

## နံပါတ် (၄)

**အဗ္ဘောဟရဏီယံ။** **။အဓိ အဘိမုခံ အဝဟရိတဗ္ဗန္တိ အဗ္ဘောဟရဏီယံ။**
**(အဓိ+အဝ+ဟရ+အနီယ)**

အဓိဥပသာရ-အရ ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။အဝ-ဥပသာရ-အရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ဟရ-ဓာတ်အရ ကတ္တုရွ-စားသောပုဂ္ဂိုလ်၏ ရသတဏှာပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် မုချ။(တစ်နည်း)-ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ် ကြိယာစိတ္တုပ္ပါဒ်သည် မုချ။(ပစ္စဝေက္ခဏာ ဆင်ခြင်စားသော ပုထုဇဉ်, အရိယာများအတွက်)။ကမ္မတ္ထ-ခဲဘွယ်ဘောဇဉ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ အနီယ-ပစ္စည်းအရ ထို-သော ခဲဘွယ်ဘောဇဉ်ရ၏။

**သဿာမိကံ။** **။သံ အဿ အတ္ထီတိ သာမိ။**
**သဟ သာမိနာ ယံ ဝတ္တတီတိ သဿာမိကံ။**

သဟသာမိ-ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်အရ ပိုင်ရှင်နှင့်တကွဖြစ်ခြင်းဂုဏ်သည် မုချ။ထို-၏ ယ-အညပုဒ်အရ ဥစ္စာနှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော ပိုင်ရှင်နှင့်တကွဖြစ်သော ဥစ္စာရ၏။

**အဒိန္နံ။** **။န ဒိန္နံ အဒိန္နံ။**

န-ဟူသော ဝိသေသနပုဒ်အရ မပေးအပ်သည်၏အဖြစ်ဟူသော ပဋိသေဓဘောဂုဏ်သည် မုချ။ထို-၏ မပေးအပ်သောဥစ္စာနှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။အဒိန္န-ဟူသော သမာသ်ပုဒ်လုံးအရ ထို-သော မပေးအပ်သောဥစ္စာရ၏။

(ဒိန္န-သဒ္ဒါသည် သူချည်းသက်သက် ပေးအပ်သောဥစ္စာဟောသည်၊န-နှင့်တွဲသော် မပေးအပ်သောဥစ္စာ ဟောသည်။)

**အပရိဂ္ဂဟိတကံ။** **။ပရိဂ္ဂယှတေတိ ပရိဂ္ဂဟိတံ။**
**န ပရိဂ္ဂဟိတံ အပရိဂ္ဂဟိတကံ။** (သမာသန္တ-က) ညှာ်ကောက်တူ၏။

**အတ္တဒဿနတ္ထော။** **။အတ္တဿ ဒဿနံ အတ္တဒဿနံ။**
**အတ္တဒဿနမေဝ အတ္ထော အတ္တဒဿနတ္ထော။**

http://www.dhammadownload.com



**ကပ္ပိယ။** ။ကပ္ပသာ အနုရှုပ် ကပ္ပိယံ။(အနုရှုပတဒ္ဓိတ်)
**ယထာဋ္ဌိတံ။** ။ဋ္ဌိတသာ အနုရှုပ် ယထာဋ္ဌိတံ။

ယထာနိပါတ်ပုဒ်အရ-ဝိစ္ဆတ္ထဘောဂုဏ်သည်မုချ။ထို. ၏တည်ရာအရပ်နှင့်ဂုဏ်/ဂုဏေးအစပ်သမ္ဗန်ဌာနူ။ပုဒ်လုံးအရ-ထို. သော တည်ရာအရပ်အားလျော်သောအရပ်ရ၏။

**သထာဋ္ဌိတဌာန။** ။ယထာဋ္ဌိတဠ တံ ဌာနဠာတိ ယထာဋ္ဌိတဌာနံ။

## နံပါတ်(၅)

**ဒန္တ။** ။ဒါ+အန္တ။(ဒါယတိ ဘက္ခမနေနာတိ ဒန္တော)တစ်နည်း-ဒမု+တ။
တစ်နည်း-ဒံသ+အန္တ။
**ကာယ။** ။ကု+ဣ+ဏ။
**နိသာဋ္ဌ။** ။နိ+သဇ+တ
**ဟတ္ထ။** ။ဟရ+ထ။ တစ်နည်း-ဟံသ+ထ(ဟရန္တိ ဧတေနာတိ ဟတ္ထော။
ဟသန္တိ အနေနာတိ ဟတ္ထော။)မောဂ်၇။၈၈
**ကိဉ္စိ။** ။အနည်းငယ်သော။(အပ္ပဝါစက)
ဝါ-အကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။(သကလဝါစက)
ဝါ-အသို့နည်း။(ပုစ္ဆာဝါစက)
**နိယံ။** ။ကိံ သဒ္ဒါနောက်၊စိလျှင်ရောက်က၊အပ္ပဝါစက၊ရှေ့မှတစ်ဖန်၊ယ. ဝင်ပြန်က၊
သကလဝါစက၊ဝင်လာမဖက်၊ကိံ သက်သက်မှာ၊ပုစ္ဆာဝါစက၊မှတ်ကုန်ကြ။

## နံပါတ်(၆)

(ခ) အပဋိဂ္ဂဟိတံဖြင့် အဒိန္နံ၌ ဒါဓာတ်သည် ခံယူခြင်းပဋိဂ္ဂဟအနက်၌ဖြစ်သည်ကိုလည်းကောင်း၊တ. ပစ္စည်း ကမ္မသာဓနအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ယင်း. တပစ္စည်းကို ဣန္နပြု၍ပြီးသည်ကိုလည်းကောင်း ဒီယတေတိ ဒိန္နံ။. န ဒိန္နံ အဒိန္နံဟု ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သိစေ။

အပေါင်းသံဝဏ္ဏနာဖြင့် ဒန္တပေါဏသိက္ခာပုဒ်၌ အဒန္တ. အရ အကပ်မခံအပ်သော အပ်စပ်သော စားသောက်ဖွယ်ဖြစ်သော မိမိဥစ္စာကို ကောက်ယူအပ်သည်ကိုသိစေ။

| ဤဒိသာနိ။ | ။ဣဒံ ဌာနမိဝ ဒိဿန္တီတိ ဤဒိသာနိ။ |

ဣမ-ဟူသော ဝိသေသနပုဒ်အရ အာသန္န, ပစ္စက္ခဘောဂုဏ်သည် ပဓာနအားဖြင့် ရ၏။ (တစ်နည်း)-ဤအရာဌာနသည် ပဓာနအားဖြင့် ရ၏။ (တစ်နည်း)-ဤအရာဌာန၏ တစ်ပါးသော အလားတူရာဌာနတို့နှင့် တူသည်၏အဖြစ်ဟုဆိုအပ်သော သဒိသဘောဂုဏ်သည် ပဓာနအားဖြင့် ရ၏။ ထို အာသန္န, ပစ္စက္ခဘောဂုဏ်၏ ရှုခြင်းနှင့် သာခေ+သာမျ။ကမ္မ+ကမ္မီ-စပ် ဌာနူပစာ။ (တစ်နည်း)-ထိုသဒိသဘောဂုဏ်၏ တစ်ပါးသော အလားတူအရာဌာနတို့နှင့် နိဿိတ+နိဿယ၊ဌာနီ+ဌာန-စပ် ဌာနူ ပစာ။ ဒိသ-ဓာတ်အရ ကတ္တုရှု-ရှုသောအခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်သည် မုချ။ ကမ္မရှု-တစ်ပါးသော အလားတူအရာဌာနတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ ကွိ-ပစ္စည်းအရနှင့် သမာသ်ပုဒ်လုံးအရ တစ်ပါးသော အလားတူအရာဌာနတို့ ရ၏။ (ဝါ)-တစ်ပါးသော အလားတူအရာဌာနတို့သည် အပဓာနအားဖြင့်ရ၏။ ဝိသေသနပုဒ်ဖြစ်သောကြောင့် ဝိသေသနပုဒ်တို့၏သဘောသည် ဂုဏ်ကိုသာပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဤအရာဌာနသည်ကဲ့သို့ ရှုအပ်သည်၏အဖြစ်ဟုဆိုအပ်သော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

"တေသု ဤဒိသေသု ဌာနေသု"ဟု ဝိဘတျန္တံ။

သု-ဝိဘတ်အရ မဖြစ်ခြင်းကြိယာ ဖြစ်ခြင်းကြိယာတို့၏ တည်ရာဖြစ်သော ကြိယာပတိဋ္ဌာနသတ္တိတည်းဟူသော ဩကာသကာရက၊ များသည်၏အဖြစ်ဟုဆိုအပ်

http://www.dhammadownload.com



သော ဗဟုဝုစ်သချ်ာရ၏။

ပုဗ္ဗပယောဂါဝဟာရော။ ။ပုဗ္ဗေ ဘဝေါ ပုဗ္ဗော။
ပုဗ္ဗော စ သော ပယောဂေါစာတိ ပုဗ္ဗပယောဂေါ။
ပုဗ္ဗပယောဂေန အဝဟာရော ပုဗ္ဗပယောဂါဝဟာရော။

သင်္ဂဟော။ ။သင်္ဂယှန္တိတိ သင်္ဂဟော။သင်္ဂဟာနံ ဘာဝေါ သင်္ဂဟော။

## နံပါတ် (၅)

အာဒိတော။ ။အလိုင် (တေသံပနာလိင်္ဂတ္တာ နိပါတတ္တာစ တိလိင်္ဂဝစန ဒွယေ သမာနရှုပ်)-ဟူသော ရှုပသိဒ္ဓိကိုထောက်။

ရိတ္တ။ ။ရိစ+တ။ရိစ-ရိဥ္စန-အနက်၊တ-ကတ္တားအနက်၊ပုလ္လိင်။

ပုဏ္ဏ။ ။ပူရ+တ။ပုလ္လိင်၊နပုလ္လိင်။

ဝေလာ။ ။ဝေလ+အ၊ဣတ္ထိဇောတက အာ-ပစ္စည်း။

## နံပါတ် (၆)

ဘဏ္ဍာဒေယျံ နာမ ယံ ပရဿ နဋ္ဌံ၊တဿ မူလံဝါ တဒေဝဝါ ဘဏ္ဍံ ဒါတဗ္ဗန္တိ အတ္ထော။

ယံ ပရဿ နဋ္ဌံ ။ပ။ အတ္ထော-ဖြင့် ဘဒိတဗ္ဗန္တိ ဘဏ္ဍံ၊ဘဏ္ဍန္တိ ပရိဘာသန္တိ ဧတေနာတိ ဝါ ဘဏ္ဍံ၊ ဒါတဗ္ဗန္တိ ဒေယျံ၊ဘဏ္ဍာဥ္စ တံ ဒေယျဥ္စာတိ ဘဏ္ဍာဒေယျံ-ဟု ဝိဂ္ဂဟပြု၍ ဒေယျ၌ ဒေ-ဓာတ် ယ-ပစ္စည်းမဟုတ်၊ဒါ-ဓာတ်+ဏျပစ္စည်းအဖြစ်ကိုလည်းကောင်း၊ယင်းဏျ-ပစ္စည်း၏ ကံ-အနက်၌ဖြစ်သည်ကိုလည်းကောင်း၊ဘဏ္ဍာဒေယျ-မည်သည် သူတစ်ပါး၏ပျောက်ပျက်သော ဥစ္စာကိုသော်လည်းကောင်း ပေးသင့်ပေးထိုက်သည်၏အဖြစ်ပင်တည်းဟူ၍လည်းကောင်း သိစေပါသည်။

## နံပါတ် (၇)

**ဘိန္ဒတိ/ဘိန္ဒတိ. . .**

နာဂေါ ပါကာရံ ဘိန္ဒတိ -စသော ပါဠ်တို့၌ကဲ့သို့ သကမ္မကဓာတ်အရာ၌ဖြစ်သောကြောင့် ဘိန္ဒတိ-ပါဠ်သာသင့်။

**ခုရနိက္ခေပေန/ခုရနိက္ခေပေန. . .**

ခရ-ဓာရဏေ၊အဿု-ဟူသော ဓာန်-ဋီ(၃၅၇)ကို ထောက်၍ ခုရနိက္ခေပေန-ပါဠ်သင့်။

**ဉာဒိသာ/ဉာရိသာ. . .**

ဣယတမကိမေသာနှ မန္တဿရော ဒီဃံ ကွစိ၊ဒုသဿ ဂုဏံ ဒေါရံ သက္ခိစ-ဟူသော ကစ္စည်းသုတ်ကိုထောက်၍ ဉာဒိသာ/ဉာရိသာ နှစ်ပါဠ်လုံးသင့်။

## နံပါတ် (၈)

ရိတ္တကမ္မိယာ။ ။အစိတ်ဖြစ်သော အချိန်နှီးသောအိုးကို မှတ်၍ဆိုသဖြင့် ရိတ္တ

http://www.dhammadownload.com



ဘာဇန-စသော အလုံးစုံကိုလည်းရသောကြောင့် ဥပလက္ခဏ-နည်း၊နိဒဿန-နည်း။

အစိတ်ဖြစ်သောအိုး၏အမည်ကို အပေါင်းဖြစ်သောအိုးခွက်စသည်၌ တင်စား၍ဆိုသောကြောင့် ဧကဒေသူပစာ၊အဝယဝူပစာ။

(ဃ)မာတိကာ။ ။သုက္ခမာတိကာယဟုအထက်၌ဆိုလတ္တံ့ဖြစ်၍ဤ၌အကြွင်းဖြစ်သော ရေပြည့်သောမြောင်းကိုယူအပ်သောကြောင့် ပါရိသေသနည်း။

မကင်းရာဖြစ်သောရေမြောင်းကိုယူသဖြင့် မကင်းတတ်သောထိုမြောင်း၌ ရှိသောရေကိုလည်းရသောကြောင့် နာန္တရိကနည်း။

အပေါင်းရေရှိ/မရှိသော မြောင်းတို့၏အမည်ကို အစိတ်ဖြစ်သော ရေရှိမြောင်း၌ တင်စား၍ဆိုသောကြောင့် ဧကဒေသျူပစာ။

## နံပါတ်(၁၀)

ရိတ္တကုမ္ဘိပုဒ်အရ။ ။သုဒ္ဓဋ္ဌက ကလာပ်ရုပ်သည် ရူပက္ခန္ဓာမည်၏။ ဤသို့ ခန္ဓာ၌သွင်းချခြင်းသည် ခန္ဓောတရဏဟာရမည်၏။

(အာယတန၊ဓာတ်တို့ကိုလည်း ဖွဲ့ပါလေ၊က္ကန္ဓြေ၊ ပဋိစ္စသမုပ္ပါဒ်တို့ကား မရ)

✳✳✳✳✳✳✳✳✳

## ပါကျစဉ် (၅၃)

(က) ဘိန္နတိဝါတိ မုဂ္ဂရေန ပေါထေတွာ ဘိန္နတိ။

(ခ) ဆဍ္ဍေတိဝါတိ ဥဒကံ ဝါ ဝါလိကံ ဝါ အာကိရိတွာ ဥတ္တရာပေတိ။

(ဂ) ဈာပေဝါတိဝါတိ ဒါရူနိ အာဟရိတွာ ဈာပေတိ။

(ဃ) အပရိဘောဂံ ဝါ ကရောတီတိ အခါဒိတဗ္ဗံ ဝါ အပါတဗ္ဗံ ဝါ ကရောတိ။

(င) ဥစ္စာရံ ဝါ ပဿာဝံ ဝါ ဝိသံ ဝါ ဥစ္ဆိဋ္ဌံ ဝါ ကုဏပံ ဝါ ပါတေတိ။

(စ) အာပတ္တိ ဒုက္ကဋဿာတိ ဌာနာစာဝနဿ နတ္ထိတာယ ဒုက္ကဋံ။.

(ဆ) ပုဗ္ဗဝိသယော နာမေသော။ (ဝိ၊၄၁။၂၇၈/၉)

## နံပါတ် (၁)

(ဂ) ဈာပေတိ-လောင်စေအံ့။(သဒ္ဒတ္ထ) မီးရှို့အံ့(ဝေါဟာရတ္ထ)။

(ဃ)အခါဒိတဗ္ဗံ-၏ ကံပုဒ် ပတ္တိနံ့-(ခဲနေသော)၊သပ္ပိ ဝါ၊ တေလံ ဝါ၊ မဓုံ ဝါ ဖာဏိတံဝါ။.

အပါတဗ္ဗံ-၏ ကံပုဒ် အပတ္တိနံ့-(မခဲသော) သပ္ပိတေလာဒီ။

(င)ဥစ္စာရံ ဝါ-ကျင်ကြီးကိုသော်လည်းကောင်း၊ပဿာဝံဝါ-ကျင်ငယ်ကိုသော်လည်းကောင်း၊ဝိသံဝါ-အဆိပ်ကိုသော်လည်းကောင်း၊ဥစ္ဆိဋ္ဌံဝါ-စားကြွင်းကိုသော်လည်းကောင်း၊ကုဏပံဝါ-အကောင်ပုတ်ကိုသော်လည်းကောင်း။

(ဆ)သေ-ဧသော-ဤအာပတ်ကိုပညတ်ခြင်းသည်၊ပုဗ္ဗဝိသယောနာမ-ဘုရားရှင်တို့၏အရာမည်၏။

http://www.dhammadownload.com



## နံပါတ် (၂)

(င)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (ဃ)ဝါကျဖြင့် အပရိဘောဂံ ကရောတိ-ဟူသည် မခံစားထိုက် မသောက်ထိုက်အောင်ပြုခြင်းဖြစ်၏ဟု ဆို၏။ထိုသို့စား၍ သောက်၍ မဖြစ်အောင် အဘယ်သို့ပြုအပ်ပါသနည်း။စားသောက်၍မဖြစ်အောင် ပြုမှုပုံကို မပြဆိုပြီလော။(ဝါ)-ကျင်ကြီးမှုသာကိုသာ ကျစေ၍၊စား၍သောက်၍မဖြစ်အောင် မပြုအပ်ပါသလော၊(ဦနစောဒနာနည်း အာဘော်နည်းဆိုသည်)။(င)ဝါကျမိန့်။

(စ)ဝါကျသို့ စောဒနာ။ ။ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ "ဆိန္ဒတိ ဝါ ။ပ။ အပရိဘောဂံ ဝါ ကရောတိ အာပတ္တိ ဒုက္ကဋဿ"ဟု မိန့်ဆိုတော်မူအပ်၏။အဘယ်ကြောင့် ဒုက္ကဋ်အာပတ်သင့်၏ဟု မိန့်ဆိုအပ်ပါသနည်း။သူတစ်ပါး၏အိုးကို ကွဲခြင်းစသည်ဖြစ်အောင်ပြု၍ ဖျက်ဆီးအပ်သည်မဟုတ်ပါလော။(ဝါ)-သူတစ်ပါးပစ္စည်းကို ဖျက်ဆီးသောကြောင့် ပါဠိတော်၌ ပါရာဇိက-ဟု ဟောသင့်သည်မဟုတ်ပါလော။ (စ)ဝါကျကိုမိန့်။

(ဆ)ဝါကျသို့ အယုတ္တစောဒနာ။ ။ဆရာ (စ)ဝါကျဖြင့် ဌာနာစာဝန-မရှိသောကြောင့် ဒုက္ကဋ်အာပတ်ဟု ဖွင့်ဆိုတော်မူအပ်၏။ထိုစကား အသို့လျှင်သင့်နိုင်ပါအံ့နည်း။ထုရိုက်ခွဲခြင်း, လောင်းထည့်၍ လျှံတက်အောင်ပြုခြင်း နှစ်မျိုးတို့သည် ဌာနာစာဝနကို ရနိုင်ကောင်းရာသည် မဟုတ်ပါလော။ဤသို့စုဒ်ကြောင့် (ဆ)ဝါကျကိုမိန့်။
**ကား။** ။ဘိန္ဒန, ဆိဒ္ဒနနှစ်မျိုးသည် ဌာနာစာဝန-ကို ရကောင်းသော်လည်း အာပတ်ကိုပညတ်ခြင်း အာဏာဒေသနာတော်သည် ဘုရားရှင်တို့၏အရာမျှဖြစ်၍ ဒုက္ကဋ်-ဟု ဆိုသောစကား သင့်၏ဟူလို။

## နံပါတ် (၃)

(ခ) ဝါကျ ပက္ခန္တရ။ (ဂ) ဝါကျ ပက္ခန္တရ။
(ဃ)ဝါကျ ပက္ခန္တရ။ (င) ဝါကျ ဝါကျာရမ္ဘ။စား၍,သောက်၍မဖြစ်အောင် အဘယ်သို့ပြုအပ်ပါသနည်းဟူသော စောဒနာကို ပယ်လို၍ဆက်လက်အားထုတ်သောကြောင့်။(တစ်နည်း)-ဝိတ္ထာရ။
(စ) ဝါကျ ပက္ခန္တရ။ (ဆ)ဝါကျ ဒဠှီကရဏ၊ ဝါကျာရမ္ဘ။

## နံပါတ် (၄)

**ဥဒကံ။** ။**ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ။(ဥဒိ+ဏွု)**
ဥဒိ-ဓာတ်အရ ယိုစီးခြင်းကိုပြုတတ်သော အာပေါဓာတ်လွန်ကဲသော အဋ္ဌကလာပ်ရုပ်တို့၏ဥပါဒ်သည် မုချ။ဏွု-ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော အာပေါဓာတ်လွန်ကဲသော အဋ္ဌကလာပ်ရုပ်ဟုသမုတ်အပ်သော ရေ ရ၏။
**အခါဒိတဗ္ဗံ။** ။**ခါဒိယတီတိ ခါဒိတဗ္ဗံ။**
**န ခါဒိတဗ္ဗံ အခါဒိတဗ္ဗံ။**
ခါဒ-ဓာတ်အရ ကတ္တုဋ္ဌ-ခံစားတတ်သောပုဂ္ဂိုလ်၏ လောဘပြဋ္ဌာန်းသော

http://www.dhammadownload.com



စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-ခဲဘွယ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တဗ္ဗ-ပစ္စည်းအရ ထို-သော ခဲစားအပ်သောခဲဘွယ်ရ၏။

န-ဟူသောဝိသေသနပုဒ်အရ သဒိသဘောဂုဏ်သည် မုချ။ထို-၏ ခံစားထိုက်သော ပြစ်ခဲသောထောပတ်စသည်နှင့် ဂုဏ်+ဂုဏောစပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ခံစားထိုက်သော ပြစ်ခဲသောထောပတ်စသည်နှင့်တူသော မခံစားထိုက်သော ပြစ်ခဲသောထောပတ် စသည်ရ၏။

အပါတဗ္ဗံ။ ။ပီယတေတိ ပါတဗ္ဗံ။(ပါ+တဗ္ဗ) န ပါတဗ္ဗံ အပါတဗ္ဗံ။
ဗုဒ္ဓဝိသယော။ ။ဗုဒ္ဓါနံ ဝိသယော ဗုဒ္ဓဝိသယော။

## နံပါတ် (၅)

ဥစ္စာရ။ ။ဥ-ပုဗ္ဗ စရ+ဏ။(ဥစ္စာရီယတေ ဖဟီယတေတိ ဥစ္စာရော)
ပဿာဝ။ ။ပ-ပုဗ္ဗ သု+ဏ။
ဝိသ။ ။ဝိသ+အ။(သောဏိပထဂတံ ဝိသတိ ဒေဟန္တိ ဝိသံ)
ဥစ္ဆိဋ္ဌ။ ။ဥ-ပုဗ္ဗ သိသ+တ။(သ-ကို ဆ-ပြု)
ကုဏပ။ ။ကု+နီ+အပ၊(ကုစ္ဆိတံ နေတီတိ ကုဏပေါ)ကုဏပ+အ။
ဝိသယ။ ။ဝိသ+ဏ။

## နံပါတ် (၆)

(က) မုဂ္ဂရေန ပေါထေတွာ ဝါ-ဖြင့် ဘိန္ဒတိ-ဖျက်ဆီး၏ဟူသည် တင်းပုတ်ဖြင့် ထုရိုက်၍ ဖျက်ဆီး၏ဟု ဖျက်ဆီးပုံအခြင်းအရာကို သိစေသည်။(တွာ-ပစ္စည်းခံဖွင့်၍ "အခြင်းအရာ"ဟု ထည့်ဖော်။)

(ခ) ဥဒကံ ဝါ-စသည်ဖြင့် ဆဍ္ဍေတိ-စွန့်ပစ်၏ဟူသည် ရေကိုလည်းကောင်း သဲကိုလည်းကောင်း လောင်းထည့်၍ လျှံတက်စေခြင်းပင်ဟူသော အခြင်းအရာကို သိစေပါသည်။

(ဃ) အခါဒိတဗ္ဗံ အပါတဗ္ဗံ-ဖြင့် အပရိဘောဂ-အရ မခံစားထိုက်သော ပြစ်ခဲသော ထောပတ်စသည်နှင့် မသောက်ထိုက်သော မပြစ်ခဲသော ထောပတ်စသည်ကို ကောက်ယူရမည်ကိုလည်းကောင်း။ပရိဘုဥ္ဇိယတေတိ ပရိဘောဂံ-ဟု ဝစနတ္ထပြု၍ က-ပစ္စည်း ကမ္မသာဓန-၌ သက်သည်ကိုလည်းကောင်း သိစေပါသည်။

(တစ်နည်း)-မသုံးဆောင်ထိုက်သည်ကို ပြု၏ဟူသည် စား၍,သောက်၍မဖြစ်အောင် ပြုခြင်းပင်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

## နံပါတ် (၇)

ဆဍ္ဍေတိ/ဆဋ္ဋေတိ. . .

ဆဍ္ဍေ ဆဍ္ဍော ဆဍ္ဍနေ စု-ဟု ဓာတွတ္ထသင်္ဂဟ-၌ ဆိုသောကြောင့် စုရာဒိဂိုဏ်း ဆဍ္ဍ-ဓာတ် ဆဋ္ဋ-ဓာတ် နှစ်မျိုးလုံးပင် စွန့်ခြင်းအနက်ကိုဟောရကား နှစ်ပါဌ်

http://www.dhammadownload.com



လုံးသင့်ပါသည်။

ဝါလိကာ/ဝါလုကာ. . .

သဒ္ဒနီတိ သုတ္တမာလာ မတ္တာဘေဒ-အခန်း၌ ပရိယာယ်အဖြစ်ဖြင့် နှစ်ပုဒ်လုံးကို ဆိုထားသောကြောင့်လည်းကောင်း "ဝါလိကာတိ ဝါလုကာယေ၀၊ ဝိ၊ဋ္ဌ၊၃။၂၁၊ ဝလ-သံဝရဏေ၊ ဏွု၊ အဿု၊ ဝါလုကာ၊ဓာန်-ဋီ၊ ၆၆၃၊ဂါထာ"တို့၌ ပရိယာယ်တူပြသောကြောင့်လည်းကောင်း နှစ်ပါဌ်သင့်။

## နံပါတ် (၉)

မုဂ္ဂရ။ ။အစိတ်ဖြစ်သော တင်းပုတ်ကိုဆိုသဖြင့် အပေါင်းဖြစ်သော သံတုတ်, လက်ရိုက်တုတ် စသည်ကိုလည်းရသောကြောင့် ဧကဒေသူပစာ၊ဥပလက္ခဏနည်း။

ဒါရုနိ။ ။အစိတ်ဖြစ်သောသစ်သားကိုဆိုသဖြင့် အပေါင်းဖြစ်သော မီးလောင်၍ရသောအရာ စသည်တို့၌တင် ဧကဒေသူပစာ။

ဗုဒ္ဓဝိသယော။ ။ဌာနဖြစ်သောဗုဒ္ဓအရာ၏ ဗုဒ္ဓဝိသယအမည်ကို ဌာနီဖြစ်သော သဗ္ဗညုတဉာဏ်အရာ၌တင် ဌာနူပစာ၊နာနတ္တရိကနည်း။

"ဗုဒ္ဓဝိသယောဝ သိက္ခာပဒပညတ္တိ"တိ အာဒိ ကရောန္တော "တထာဂတော ဝ တတ္ထ ကာလံ ဇာနိဿတီ"တိ။ (ဝိ၊ဋ္ဌ၊၁။၁၅၈)

စင်စစ်ကား ဗုဒ္ဓအရာဆိုသော်လည်း သဗ္ဗညုတဉာဏ်ဖြင့် ကာလကိုသိ၍ ပညတ်အပ်သောကြောင့် သဗ္ဗညုတဉာဏ်၏ အရာသာဖြစ်သည်။(တစ်နည်း)-ဗုဒ္ဓလေးမျိုးတွင် သဗ္ဗညုဗုဒ္ဓ၌တင် ဧကဒေသူပစာ။

## နံပါတ် (၁၀)

(က)ဝါကျ ပျက်စီးစေလိုသော စေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကောက်။ ကုဏာပ်-အရ ဥတုဇအဋ္ဌကလာပ်ရုပ်ကောက်။

## ဝါကျစဉ်(၅၄)

(က) တတ္ထ ပုရိမဒွယံ န သမေတိ။

(ခ) တဒ္ဓိ ကုဋ္ဌိဇဗ္ဗရက္ခရဏေနစ မာတိကာ ဥဇုကရဏေနစ သဒ္ဒိံ ကေလက္ခဏံ။

(ဂ) ပစ္ဆိမံ ပန ဒွယံ ဌာနာ အစာဝေန္တေနာပိ သက္ကာ ကာတုံ။

(ဃ) တသ္မာ တတ္ထ ဇဝံ ဝိနိစ္ဆယံ ဝဒန္တိ 'အဋ္ဌကထာယံ ကိရ ဌာနာစာဝနဿ နတ္ထိတာယ ဒုက္ကဋ'န္တိ ဣဒံ ပစ္ဆိမဒွယံ သန္ဓာယ ဝုတ္တံ။

(င) ဌာနာစာဝနံ အကရောန္တောယေဝ ဟိ ထေယျစိတ္တေန ဝါ ဝိနာသေတုကာမတာယ ဝါ ဈာပေယျပိ၊ အပရိဘောဂမ္ပိ ကရေယျ။

http://www.dhammadownload.com



(စ) ပုရိမဒွယေ ပန ဝုတ္တနယေန ဘိန္နတ္တာ ဝါ ဆဍ္ဍိတတ္တာ ဝါ ဌာနာစာဝနံ အတ္ထိ၊ တသ္မာ တထာ ကရောန္တဿ ဝိနာသေတုကာမတာယ ဘဏ္ဍဒေယျံ၊ ထေယျစိတ္တေန ပါရာဇိကန္တိ။ (ဝိ၊ဋ၊၁။ ၂၇၉။)

## နံပါတ်(၁)

(က) တတ္ထ-ထို ဘိန္ဒန, ဆဍ္ဍန, ဈာပန, အပရိဘောဂကရဏ ဟူသော(၄)မျိုးတို့တွင်။ ပုရိမဒွယံ-ဘိန္ဒန ဆဍ္ဍန-ဟူသော ရှေးနှစ်ပါးအပေါင်းသည်။

(ခ) ကသ္မာ-ဟိယသ္မာ။တံ-ထိုရှေးပုဒ်နှစ်ပါးအပေါင်းသည်။ကမ္မဝါစ္စရကရဏေ နစ-ဆိုပြည့်အိုးကို ဆွေးမြေ့အောင်ပြုခြင်းနှင့်လည်းကောင်း။မာတိကာဥဇုကရဏေနစ-ရေမြောင်းကိုဖြောင့်အောင်ပြုခြင်းနှင့်လည်းကောင်း။ ဧကလက္ခဏံ-အစဉ်အတိုင်းတူသောလက္ခဏာရှိ၏။

(ဂ) ပန-ကား။ဒွယံ-ဈာပန, အပရိဘောဂကရဏနှစ်ပါးအပေါင်းသည်။ အစာဝေဇ္ဇနာပိ-မရွေ့စေပဘဲလည်း။

(ဃ) တသ္မာ အသမတတ္တာ-ထိုသို့မညီသည်၏အဖြစ်ကြောင့်။(မအူဘာဋီ၌ (ရိုးရိုး ၈-ဝါကျကိုစွဲယူသုံးသပ်ပုံသည်။)ဧတ္ထ-ဤဘိန္ဒတိဝါစသောပုဒ်တို့၌။ တသ္မာ အသင်္ကုဏေယျတ္တာ။ဝဒန္တိ ကတ္တား-အာစရိယာ။

(င) ဟိ. ယသ္မာ။

(စ) ဝုတ္တနယေန-မုဂ္ဂရေနဝါ အစရှိသဖြင့်ဆိုအပ်ပြီးသောနည်းဖြင့်။တထာ-ထိုခွဲခြင်း, စွန့်ခြင်းဟူသော အခြင်းအရာအားဖြင့်။ကတ္တိ ဝိနိစ္ဆယံ ဧကေ အာစရိယာ ဝဒန္တိ။

## နံပါတ်(၂)

(ခ)ဝါကျသို့ အယုတ္တာဘောဂစောဒနာ။ ။ဆရာ (က)ဝါကျဖြင့် ရှေး၌ဖြစ်သော ဘေဒန, ဆဍ္ဍန နှစ်ပါးအပေါင်း၏ မညီညွတ်သည်၏အဖြစ်ကို ဖွင့်ပြတော်မူအပ်၏။အဘယ့်ကြောင့် ရှေ့နှစ်ပါးအပေါင်းသည် မညီညွတ်ပါသနည်း။"တတ္ထေဝ ဘိန္ဒတိ ဝါ ဆဍ္ဍေတိ ဝါ အပရိဘောဂံ ဝါ ကရောတိ အာပတ္တိ ဒုက္ကဋဿ"ဟု မြတ်စွာဘုရားဟောတော်မူအပ်သည်မဟုတ်ပါလော။(ဝါ)-မဟာအဋ္ဌကထာ၌ "ဌာနာစာဝနဿ နတ္ထိတာယ ဒုက္ကဋံ"ဟု သာမညအားဖြင့် ဆိုအပ်သည်မဟုတ်ပါလော။ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

(ဂ)ဝါကျသို့ စောဒနာ။ ။ဆရာ (က+ခ)ဝါကျတို့ဖြင့် ဆိုအပ်ပြီးသော အကြောင်းဖြင့် ရှေးနှစ်ပါးအပေါင်း မညီညွတ်သည်၏အဖြစ်ကို ပြတော်မူ၏။နောက်နှစ်ပါးအပေါင်းသည် အဘယ်သို့ဖြစ်ပါသနည်း။ရှေးနှစ်ပါးအပေါင်းကဲ့သို့ မညီညွတ်လေသလော။ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

(င)ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။ ။အရှင်ဧကေဆရာ မဟာအဋ္ဌကထာ၌ "ဌာနာစာဝနဿ နတ္ထိတာယ ဒုက္ကဋံ"ဟူသောစကားကို နောက်နှစ်ပါးကို ရည်ရွယ်၍ ဆိုအပ်၏ဟု ဆိုတော်မူ၏။မဟာအဋ္ဌကထာ၌"ဌာနာစာဝနဿ နတ္ထိတာယ

http://www.dhammadownload.com



ဒုက္ကဋံ"ဟု သာမညအားဖြင့် ဆိုအပ်သည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အထူးပြု အပ်သော "ပစ္ဆိမဒွယံ သန္ဓာယ ဝုတ္တံ"ဟူသော ဆရာ့စကား အသို့သင့်ရာပါအံ့နည်း။ ဤသို့စုဒ်ကြောင့် (င)ဂါကျကိုမိန့်။

**(စ)ဝါကျသို့ စောဒနာ။** ။ဆရာ (င)ဝါကျဖြင့် တည်ရာအရပ်မှရွေ့စေခြင်း ကို မပြုဘဲသာလျှင် ခိုးသောစိတ်ဖြင့်လည်းကောင်း၊ပျက်စီးစေလိုသောကြောင့်လည်း ကောင်း မီးတိုက်မှုလည်း တိုက်ငြားအံ့မသုံးဆောင်သင့်သည်ကိုမှုလည်း ပြုငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏ဟု ဆိုတော်မူ၏။ရှေးနှစ်ပါးအပေါင်း၌ အဘယ်သို့ဖြစ်ပါသနည်း။ အဓိပ္ပါယ်အားဖြင့် (ဝါ)-အလိုဆန္ဒပြင်းထန်သောစိတ်ဖြင့် တစ်စုံတစ်ခုကို မဆိုအပ်လေသ လော။ဤသို့စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က+ခ+ဂ) ဝါကျ ဝိတ္ထာရ။ထိုတွင်---
(ခ) ဝါကျ ကာရဏ။(ဝါ)-ယုတ္တိဒဋ္ဌီကရဏ။
(ဂ) ဝါကျ ပက္ခန္တရ။
(ဃ)ဝါကျ လဒ္ဓဂုဏ။ယင်း-(ဃ)ဝါကျတွင်
အဌကထာယံ ကိရ-စသည်ကား ဝိတ္ထာရ (ဝါ)-အာကာရ။ ၎င်းကို ထောက်၍ ဧတ္ထ ဓဝံ ဝိနိစ္ဆယံ ဝဒန္တိ-ကား သင်္ခေပ (ဝါ) အာကာရဝန္တ။
(င) ဝါကျ ယုတ္တိဒဋ္ဌီကရဏ။(ဝါ)-ကာရဏ။
(စ) ဝါကျ ကာရဏ။

**စာစပ်။** ။ဣဒံ-ကား ကို-ပေးသောကြောင့် ဝုတ္တံ-၌ ဝုတ္တကံ၊ဝုတ္တကံ-၏ကြိယာ။ ပစ္ဆိမဒွယံ-ကား ကို-ပေးသောကြောင့် သန္ဓာယ-၌ အဝုတ္တကံ၊အဝုတ္တ ကံ-၏ကြိယာ။

**တစ်နည်း။** ။ဣဒံ-ကား ဝုတ္တံ-၌ ဟောအပ်သော အကျိုး နိဗ္ဗတ္တနိယဖြစ်သောကံ၊ ဝုတ္တံ-ကား ထိုကံကိုဟောသော အကြောင်းနိပ္ဖါဒကဖြစ်သောကံ၏ ကြိယာ။
အဘယ်သို့ အကျိုး နိဗ္ဗတ္တနိယ-အကြောင်း နိပ္ဖါဒကဖြစ်သနည်းဟူ မူကား. . .
ဣဒံ-အရ "ဌာနာစဝနဿ နတ္ထိတာယ ဒုက္ကဋံ"ဟူသော ဝစီဘေဒ သဒ္ဒသည် အကျိုး နိဗ္ဗတ္တနိယမည်၏။၎င်းဝစီဘေဒသဒ္ဒကို ဖြစ်စေ တတ်သော သတိ, ဝီရိယ, အဓိမောက္ခဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် သည် အကြောင်းနိပ္ဖါဒကမည်၏။

## နံပါတ် (၄)

**လက္ခဏ။** ။**တထေဝ လက္ခိတဗ္ဗန္တိ လက္ခဏ။**

လက္ခ-ဓာတ်အရ ကတ္တုရှကြိယာကား သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်

http://www.dhammadownload.com



မုချ။ကမ္မဥ္စကြိယာကား သဘော၏ အာရမ္ဘဏပစ္စယသတ္တိသည် ဖလူပစာ။ယု-ပစ္စည်း အရ ထို-သော သဘော ရ၏။

**ကေလက္ခဏံ။ ။ကေ လက္ခဏံ ယဿာတိ ကေလက္ခဏံ။**

ကေလက္ခဏ-ဟူသော သမာသ်ပုဒ်အရ တူသောသဘောသည် မုချ။ထို-၏ ယ-အညပုဒ်အရ ရှေး၌ဖြစ်သော ဘေဒန, ဆဋ္ဌန နှစ်ပါးနှင့် သဘာဝ+သဘာဝ-ပန္န-စပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော တူသောသဘောရှိသော ရှေး၌ဖြစ်သော ဘေဒန, ဆဋ္ဌနနှစ်ပါး ရ၏။

**ကုမ္ဘိဇဇ္ဇရကရဏံ။ ။ကုမ္ဘိယာ ဇဇ္ဇရံ ကုမ္ဘိဇဇ္ဇရံ။**

**ကုမ္ဘိဇဇ္ဇရဿ ကရဏံ ကုမ္ဘိဇဇ္ဇရကရဏံ။**

**ဝိနာသေတုကာမော။ ။ဝိနာသေတုံ ကာမေတီတိ ဝိနာသေတုကာမော။**

ဝိနာသေတု-ဟူသော ရှေ့ပုဒ်အရ ပျက်စီးခြင်းဟုဆိုအပ်သော အကျိုးကြိယာသည် မုချ။ထို-၏ အလိုရှိခြင်းနှင့် အကျိုး+အကြောင်း စပ် ဌာနူပစာ။ကမု-ဓာတ်အရ အကုသိုလ်ဆန္ဒပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။အယောနိသောမနသိကာရ-စသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည် ဖလူပစာ။နောက်နောက်သောစိတ္တုပ္ပါဒ်သည် ကာရဏူပစာ။ ဏ-ပစ္စည်းအရနှင့် သမာသ်ပုဒ်လုံးအရ ဖျက်ဆီးခြင်း၌အလိုရှိသော ရဟန်းဒြပ် ရ၏။

**ဝိနာသေတုကာမတာ။ ။ဝိနာသေတုကာမဿ ဘာဝေါ ဝိနာသေတုကာမတာ။**

**ဘိန္ဒန္တော။ ။ကုမ္ဘိံ ဘိန္ဒတီတိ ဘိန္ဒန္တော။**

ဘိဒိ (ဝါ)-ဘိဒ-ဓာတ်အရ အိုးကိုဖျက်ဆီးသော အခြင်းအရာအားဖြင့်ဖြစ်သော ကာယဝိညတ်ကိုဖြစ်စေတတ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။အယောနိသောမနသိကာရ-စသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည် ဖလူပစာ။နောက်နောက်သောစိတ္တုပ္ပါဒ်သည် ကာရဏူပစာ။အန္တ-ပစ္စည်းအရ ရဟန်းဒြပ် ရ၏။

## နံပါတ် (၅)

| | |
|---|---|
| ဇဇ္ဇရ။ | ။ဇရ+ဇရ။ ကတ္တိလိင် (တစ်နည်း)-နပုလ္လိင်။(အဇရီတိ ဇဇ္ဇရော)။ |
| ဥဇု။ | ။အရ+ဇု(တစ်နည်း)အဇ+ဥ၊မာတိကာ-ထောက် ကတ္တိလိင်။ (တစ်နည်း)-နပုလ္လိင်၊(အရတိ အကုဋိလဘာဝေန ပဝတ္တတီတိ ဥဇု)။ |
| ကုမ္ဘီ။ | ။ကမု+ဘ+ဤ။ကတ္တိလိင်၊(ကာမီယတီတိ ကုမ္ဘီ။ကုယာ ပထဝိယာ ဘဝတီတိ ကုမ္ဘီ။ကေန အဂ္ဂိနာ ဘဏတီတိ ကုမ္ဘီ။ ကေန ဇလေန ဥဗ္ဘီယတီတိ ကုမ္ဘီ။) |

## နံပါတ် (၇)

**ဆဒ္ဒေန္တဿ/ဆဒ္ဒေန္တဿ. . .**

http://www.dhammadownload.com



ဆင္ဃော ဆင္ဃော ဆင္ဃနေ-ဟု ဓာတွတ္ထသင်္ဂဟ-၌ စွန့်ခြင်းအနက်ကို နှစ်ဓာတ်လုံး ဆိုသောကြောင့် နှစ်ပါဌ်လုံးသင့်။

**ဘဏ္ဍာဒေယျံ/ဘဏ္ဍာဒေယျံ. . .၊**

ဒါတဗ္ဗန္တိ ဒေယျံ၊ ဘဏ္ဍာဋ္ဌ တံ ဒေယျဉ္စာတိ ဘဏ္ဍာဒေယျံ-ဟု အောက်၌ ယောဇနာဆရာ ဆိုသောကြောင့် ဘဏ္ဍာဒေယျံ-ပါဌ်သာသင့်။

## နံပါတ် (၈)

ဘေဒန-သည် အိုးကိုကွဲအောင်ပြုခြင်းနှင့်တကွ တူသောလက္ခဏာရှိ၏၊ ဆင္ဃန သည် မြောင်းကိုဖြောင့်အောင်ပြုခြင်းနှင့်တကွ တူသောလက္ခဏာရှိ၏-ဟု အရေအတွက်အားလျော်စွာ ယူရသောကြောင့် ယထာသချ်နည်း၊ ယထာက္ကမနည်း။

## ဝါကျစဉ် (၅၅)

(က) ပါဠိယံ "ဒုက္ကဋ္ဌ"န္တိ ဝုတ္တတ္တာ အယုတ္တန္တိ စေ။

(ခ) န။

(ဂ) အညထာ ဂဟေတဗ္ဗတ္တာ။

(ဃ) ပါဠိယံ ဟိ ထေယျစိတ္တပက္ခေ ဘိန္ဒတိဝါတိ ဥဒကေန သမ္မိန္ဒတိ။

(င) ဆင္ဃေတိဝါတိ တတ္ထ ဝမတိ ဝါ ပဿာဝံ ဝါ ဆင္ဃေတီတိ ဧဝမေတေ ဝဒန္တိ။

(စ) ယံ ဝါ ပနေတ္ထ ပတ္တိန္နံ၊ တံ ကောဗဒ္ဓမေဝ တိဋ္ဌတိ။ (ဝိ၊ ဋ္ဌ၁၊ ၂၇၉/၈၀)

## နံပါတ် (၁)

(က)ပါဠိယံ-၌၊ ဒုက္ကဋ္ဌန္တိ-ဒုက္ကဋ္ဌံ-ဟူ၍၊ "ဒုက္ကဋ္ဌဿဝံ"-ကိုသာ၊ (ဝါ)-၏သာ၊ (သမ္ဗန်)ဝုတ္တတ္တာ-ကြောင့်၊ "ပုရိမဒ္ဒယေ။ ပ။ ပါရာဇိက"န္တိက္ကဒံ-ဟူသောစကားသည်၊ (ပကာတိ)၊ အယုတ္တံ-မသင့်၊ က္တတိ-သို့၊ (စေဝဒေယျ၊ တုမှာကံ၊ မတိ၊ သိယာ)။

(ခ)အယုတ္တံ-မသင့်သည်ကား၊ န-မဟုတ်၊ ယုတ္တံဧဝ-သင့်သည်သာ၊ (န-အယုတ္တံ-မသင့်သည်မဟုတ် သင့်သည်သာ)။ (လိုက်သင့်သောပုဒ်လိုက်လိုသော် အထက် (က) ဝါကျပါ ပါဠိများပြန်ထည့်)

(ဂ)ကသ္မာ-ကြောင့်၊ အညထာ-မဟာအဋ္ဌကထာ၌ဆိုသော အနက်မှတစ်ပါးသောအပြားအားဖြင့်၊ (ဘာ-ဋ္ဌိ)၊ ဝါ-နီတတ္ထဗျဉ္ဇနဘာသိတမှတစ်ပါး နေယျတ္ထသန္ဓာယ ဘာသိတဖြင့်၊ (ဂဏ္ဍိ)၊ ဂဟေတဗ္ဗတ္တာ-ကြောင့်၊ နအယုတ္တံ။

(ဃ)ဟိ-ချဲ့ ။ပ။ ဆင္ဃေတိ၊ (က္တတိ၊ အညထာ၊ ဂဟေတဗ္ဗတ္တာ၊ နအယုတ္တံ-ပြန်ထည့်)။

(စ)ဧတ္ထ-ဤအိုး၌၊ ယံ တေလာဒိ၊ ပတ္တိန္နံ-ပြစ်ချခဲ့နေ၏။

သံဝဏ္ဏနာရှု သံဝဏ္ဏေတဗ္ဗအနက်-ဘိန္ဒတိ-ရေဖြင့်ရောစပ်၏၊ ဆင္ဃေတိ-အံဖတ်,

http://www.dhammadownload.com



ကျင်ငယ်ကိုစွန့်၏။

## နံပါတ် (၂)

(ဂ)ဝါကျသို့ စောဒနာ။ ။ဆရာ (ခ)ဝါကျဖြင့် ပါဠိတော်၌ ဒုက္ကဋ်ဟု ဆိုသောကြောင့် ဘဏ္ဍာဒေယျ ပါရာဇိက-ဟုဆိုသော ဆရာ့စကား မသင့်မဟုတ် သင့်၏ဟု ဆိုအပ်၏။ အဘယ်ကြောင့် မသင့်မဟုတ် သင့်၏ဟု ဆိုအပ်ပါသနည်း။ ပါဠိတော်၌ ဘိန္နတိ-စသော လေးမျိုးလုံးအတွက် အာပတ္တိဒုက္ကဋဿ-ဟု ဟောတော်မူထားသည် မဟုတ်ပါလော။ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**ကား။** ။မဟာအဋ္ဌကထာ၌ ဆိုအပ်သောအနက်မှ တစ်ပါးသောအပြားအားဖြင့် ယူထိုက်သောအနက်ရှိသည်၏အဖြစ်ကြောင့် ဟူလို။

(ဃ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (ဂ)ဝါကျဖြင့် တစ်ပါးသောအခြင်းအရာအားဖြင့် ယူထိုက်သောအနက်ရှိသည်၏အဖြစ်ကြောင့် သင့်၏-ဟု ဖွင့်ဆိုတော်မူအပ်၏။တစ်ပါးသောအခြင်းအရာအားဖြင့် အသို့လျှင် အနက်ကိုယူအပ်ပါသနည်း။တစ်ပါးသောအခြင်းအရာအားဖြင့် အနက်ယူထိုက်ပုံကို အကျယ်အားဖြင့်မပြဆိုပြီလော။ဤသို့မေးဘွယ်ရှိသောကြောင့် (ဃ+င)ဝါကျမိန့်။

**ကား။** ။ဘိန္နတိ-၌ ထေယျစိတ်ဖြင့် ရေဖြင့်ရောစပ်ခြင်းကို တစ်မျိုးအားဖြင့် ယူရမည်ဟူလို။(င)ဝါကျတိုင်အောင်မျှော်။

**ကတံ ပနေတ္ထ အတ္ထော ဂဟေတဗ္ဗောတိ အာဟ "ပါဠိယံ ဟိ"တိ အာဒိ။**

**(သာရတ္ထ၊၂။၁၃၈)**

## နံပါတ် (၃)

(က) ဝါကျ ဝါကျာရမ္ဘ။(တစ်နည်း)-စောဒနာဝါကျ (စောဒနာဘွယ်ကို ဆက်လက်ပြ)

(ခ) ဝါကျ ပက္ခန္တရ။ပရိဟာရ။ (ဂ) ဝါကျ ကာရဏ။

(ဃ+င)ဝါကျ ဝိတ္ထာရတစ်မျိုးသောအခြင်းအရာအားဖြင့် အနက်ယူပုံကို အကျယ်အားဖြင့်ပြ။ထိုတွင်--

(င)ဝါကျ ပက္ခန္တရ။ဘိန္န-၏ အနက်ယူပုံမှတစ်ပါး ဆဍ္ဍေတိ-၏ အနက်ယူပုံကိုပြ။ဧဝံ-စသည် နိဂုမ်း။

(စ)ဝါကျ ပက္ခန္တရ။

## နံပါတ် (၄)

**ဂဟေတဗ္ဗတ္ထော။** ။**ဂယှတေတိ ဂဟေတဗ္ဗော။**

**ဂဟေတဗ္ဗော အတ္ထော ယေနာတိ ဂဟေတဗ္ဗတ္ထော။**

ယေန-အကြင်တစ်ပါးသောအခြင်းအရာအားဖြင့်၊ဂဟေတဗ္ဗော-ယူအပ်သော၊ အတ္ထော-သည်၊အတ္ထိ။

ဂဟေတဗ္ဗတ္ထ-ပုဒ်အရ ယူအပ်သောအနက်သည် မုချ။ထို-၏ ယ-အညပုဒ်အရ ဘိန္ဒတိ ဝါ ဆဍ္ဍေတိ ဝါ-ဟူသော သဒ္ဒါနှစ်မျိုးနှင့် နိဿယ+နိဿိတ စပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော ယူထိုက်သောအနက်ရှိသော ဘိန္ဒတိ ဝါ ဆဍ္ဍေတိ

http://www.dhammadownload.com



ဝါ-ဟူသော အနက်နှစ်မျိုးရ၏။ဤသို့ ဘာဝပ္ပဓာန-ပုဒ်ဖြစ်သောကြောင့် ဘာဝသာဓန တို့၏သဘောသည် ဂုဏ်ကိုသာပဓာနအားဖြင့် ဟောမြဲဖြစ်ရကား ယူထိုက်သည်၏အ ဖြစ်ဟုဆိုအပ်သော ဂုဏ်ကိုသာ မုချ, ပဓာနအားဖြင့် ရ၏။

**ဂဟေတဗ္ဗော စ သော အတ္တော စာတိ ဂဟေတဗ္ဗတ္ထော။(မအူ)။**

**ထေယျစိတ္တပက္ခော။ ။ထေယျစိတ္တဿ ပက္ခော ထေယျစိတ္တပက္ခော။**

**အညထာ။ ။အညေန ပကာရေန အညထာ။**

အည-တဒ္ဓိတ်ပုဒ်အရ မဟာအဋ္ဌကထာ၌ဆိုအပ်သော အနက်မှတစ်ပါးဟု ဆိုအပ်သော အည-ဘောဂုဏ်သည် မုချ။ထို-၏ ပကာရဘောဂုဏ်နှင့် ဂုဏ်+ဂုဏီ စပ် ဌာနူပစာ။ထာ-ပစ္စည်းအရ ထို-သော ပကာရဘောဂုဏ် ရ၏။

## နံပါတ် (၅)

**ပါဠိယံ။** ။ပါ+ဠိ။(ပကတ္ထံ အာဠိ ပါဠိ။ပါတိ ရက္ခတီတိ ပါဠိ)။

**ယုတ္တံ။** ။ယုဇ+တ။

**ပက္ခ။** ။ပက္ခ+အ။(တစ်နည်း)-ပတ+ခ။

## နံပါတ် (၆)

(ဃ)သမ္ဘိန္နတိ-ဖြင့် ဘိန္နတိ-၌ ဘိဒိ-ဓာတ်သည် ဥပသာရပုဒ် မရှိသော်လည်း ဥပသာရပုဒ်ရှိသကဲ့သို့ အနက်ရရှိနိုင်သောကြောင့် ဒွိဓာကရဏအနက်ကိုမဟော သမ္ဘိန္ဒ န-အနက်ဟောသည်ကို သိစေပါသည်။

ဥဒကေန-ဖြင့် ရောနှော၏ဟူသည် ရေဖြင့်ရောနှော၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(င)ဝမတိ ဝါ-ဖြင့် ဆဍ္ဍေတိ-၌ စွန့်၏ဟူသည် အိုးအတွင်း၌ရှိသော ထောပတ် စသည်ကို စွန့်စေသည်မဟုတ် အိုးအတွင်းသို့ အန်ဖတ်စသည် အန်ချခြင်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

ပဿာဝံ ဝါ ဆဍ္ဍေတိ-ဖြင့် ဆဍ္ဍန-စွန့်၏ဟူသည် အိုးအတွင်း၌ ကျင်ငယ်ကို စွန့်ခြင်းပင်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

## နံပါတ် (၇)

**ဧဝမေကေ/ဧဝမေကေ. . .**

**ဧဝံ ဝုတ္တနယေန ဧတေ အာစရိယာ ဝဒန္တီတိ သမ္ဗန္ဓော။(ယောဇနာ)ဧဝံ ဝိနိစ္ဆ ယံ ဝဒန္တီတိ(ဋီကာ)**တို့၌ဆိုသောကြောင့် ဧဝမေကေ. ဟုရှိသောပါဌ်သင့်။

**ပတ္တန္တံ/ပတ္တီနံ/ပက္ခတ္တံ. .**

**ယံ ပန ဝတ္တုံ။တ္တေ တမ္ဗိယာ ဘိက္ခုနာ ပက္ခိတ္တံ**-ဟု ယောဇနာ၌ ဆိုသောကြောင့် ယင်းအလို ပက္ခတ္တံ ပါဌ်သင့်။

" ပတ္တီနဿ ခါဒနံ ဣတရဿ ပါနဥ္စ " ပြစ်ချွဲခဲနေသော ထောပတ်စသည်

http://www.dhammadownload.com



ကို စားခြင်း၊မပြစ်မခဲသော ထောပတ်စသည်ကိုသောက်ခြင်း(ဤသို့. ဝိမတိ၊၁။၁၇၉) ၌ ဆိုသောကြောင့် လည်းကောင်း၊ပပုဗ္ဗ ထိန. ဓာတ်၊ထ. အသဒိသဒွေဘော်လာ၍ ပြီးသောကြောင့်လည်းကောင်း ပတ္ထိန်ပါဌ်သင့်။

ပဒတ္ထမဥ္ဇူသာ. ၌ ပတ္ထိန္န/ပတ္ထီန. တင်းသော ခက်ထရော်ရှိသော-ဟု ပရိယာယ်တူဖွင့်သောကြောင့် ပတ္ထိန္န ပါဌ်လည်းသင့်။(နိဿယတို့၌ ပတ္ထိန္န. ရှိသည်)

ကေဗဒ္ဓမေဝဟူသော သဒ္ဒန္တရိတ်ကိုထောက်သော် ပတ္ထိန္န/ပတ္ထီန. ပါဌ်တို့သာ ယုတ္တတရဖြစ်၏။

## နံပါတ်(၉)

**ပဿာဝ။** ။အစိတ်ဖြစ်သောကျင်ငယ်ကိုဆိုသဖြင့် အပေါင်းဖြစ်သော ကျင်ငယ်၊ကျင်ကြီးနှင့်ခွဲဖွယ်အရာအားလုံးကိုလည်းရသောကြောင့်ကေဒေသူပစာ။

**ဘိန္ဒတိ။** ။အပေါင်းဖြစ်သော ခွဲခြင်း-(ဒွိဓာကရဏ) ရောနှောခြင်း-(သမ္ဘိ န္ဒန)အနက်နှစ်မျိုးကို အစိတ်ဖြစ်သောရောနှောခြင်း(သမ္ဘိန္ဒန)အနက်၌တင်စား ဆိုသောကြောင့် ကေဒေသူ/ရုဠှီ။

ဥပသာရမဲ့သော ဘိဒိဓာတ်၏ ဟောမြဲ ဒွိဓာကရဏအနက်အနက်မှ သံဥပသာရရှိသော ဘိဒိဓာတ်၏သမ္ဘိန္ဒနဟူသော လွန်သောအနက်နှင့်ယှဉ်သောကြောင့် အတ္ထာတိသယနည်း။

## နံပါတ်(၁၀)

**ဆဍ္ဍေတိ။** ။အံချခြင်း, ကျင်ငယ်စွန့်ခြင်းအခြင်းအရာအားဖြင့်ဖြစ်သော ကာယဝိညတ္တိသမုဋ္ဌာပကအကုသိုလ်စိတ္တုပ္ပါဒ်ကောက်။(အာဝတ္တာဟာရနေတ္တိ) ဘစ်နည်း။ ။စွန့်သောရဟန်း၏ ခန္ဓာပဉ္စကကောက်။

## ဝါကျစဉ် (၅၆)

(က) အယံ ပနေတ္ထ သာရော။

(ခ) ဝိနီတဝတ္ထုမှိ တိဏဏ္ဍုပကော ဝိယ ဌာနာအစာဝေတုကာမောဝ ကေဝလံ ဘိန္ဒတိ။

(ဂ) ဘိန္ဒတ္တာ ပန တေလာဒီနိ နိက္ခမန္တိ။

(ဃ) ယံ ဝါ ပနေတ္ထ ပတ္ထိန္နံတံ ကောဗဒ္ဓမေဝ တိဋ္ဌတိ။

(င) အဆဍ္ဍေတုကာမောယေဝ စ ကေဝလံ တတ္ထ ဥဒကဝါလိကာဒီနိ အာကိရတိ။

(စ) အာကိဏ္ဏတ္တာ ပန တေလံ ဆဍ္ဍီယတိ။

(ဆ) တသ္မာ ဝေါဟာရဝသေန "ဘိန္ဒတိ ဝါ ဆဍ္ဍေတိ ဝါ"တိ ဝုစ္စတီတိ။

(ဇ) ဧဝမေတေသံ ပဒါနံ အတ္ထော ဂဟေတဗ္ဗော။

(ဈ) နာသေတုကာမတာ ပက္ခေ ပန ဣတရထာပိ ယုဇ္ဇတိ။

(ည) ဧဝဉ္စ ကတိယမာနေ ပါဠိ စ အဋ္ဌကထာ စ ပုဗ္ဗာ ပရေန သံသန္ဒိတ္វာ

http://www.dhammadownload.com



ကထိတာ ဟောန္တိ။
(၄) တ္တောဝတာပိ စ သန္တောသံ အကတွာ အာစရိယေ ပယိရုပါသိတွာ ဝိနိစ္ဆယော ဝေဒိတဗ္ဗောတိ။ (ဝိ၊ ၄၊၁။ ၂၈၀)

## နံပါတ် (၁)

(က) တွေ-ဤဘိန္ဒတိ ဝါ ဆဋ္ဌေတိ ဝါ-ဟူသောပုဒ်တို့၌၊အယံ-ဤဆိုလတ္တံ့သည်ကား၊သာရော-ကောင်းမြတ်သောအနက်တည်း။
(ခ) တိဏဗ္ဘာပကောဝိယ-မြက်ပုံကိုမီးရှို့သော ရဟန်းသည်ကဲ့သို့၊အစာဝေတုကာမောဝ-ရွေ့စေခြင်းငှါအလိုမရှိသည်(ဟုတွာ၊ကုမ္မိ)။
(ဂ) ပန-ဆက်၊(ကုမ္ဘိယာ)ဘိန္နတ္တာ-ကွဲသည်၏အဖြစ်ကြောင့်။
(ဃ) ဝါ ပန-သည်သာမကသေး၊တွေ-ဤအိုး၌ယံ-အကြင်ဆီအစရှိသည်သည်၊ပတ္တိန္နံ-ပြစ်ချွဲခဲနေ၏၊ကေဗဒ္ဓမေဝ-ဌာနာစာဝန မဖြစ်ဘဲ တစ်စပ်တည်းသာလျှင်။
(င) စ-ဘိန္ဒနမှတစ်ပါး ဆဋ္ဌနကို ဆိုဦးအံ့၊အဆဋ္ဌေတုကာမော၊စွန့်ခြင်းငှါအလိုမရှိသည်၊(ဟုတွာ)ယေဝ၊တတ္ထ-ထိုဆီအိုးစသည်၌၊(ဝါ)-ဆီ၌။
(စ) အာကိဏ္ဏတ္တာ-လောင်းထည့်အပ်သည်၏အဖြစ်ကြောင့်။
(ဆ) ဝေါဟာရဝသေန-ပြောရိုးဆိုစဉ်၏အစွမ်းဖြင့်။
(ဇ) ဧတေသံ ပဒါနံ-ထိုဘိန္ဒတိ ဝါ ဆဋ္ဌေတိ ဝါ-ဟူကုန်သော ပုဒ်တို့၏။
(ဈ) ပန-ထေယျစိတ္တပက္ခ၌ ယူအပ်သောအနက်မှတစ်ပါး နာသေတုကာမတာပက္ခ၌ ယူအပ်သောအနက်ကိုဆိုဦးအံ့၊နာသေတုကာမတာပက္ခေ-ပျက်စေခြင်းငှါအလိုရှိသောရဟန်း၏အဖြစ်ဟုဆိုအပ်သော အဖို့၌၊(ထေယျစိတ္တဘာဝံ)ကတ္တရထာပိ-ဤရွေ့စေခြင်းငှါ အလိုမရှိသည်၏အဖြစ်ဟုဆိုအပ်သော အခြင်းအရာမှတစ်ပါးသော ရွေ့ခြင်းငှါအလိုရှိသည်၏အဖြစ်ဟုဆိုအပ်သော အခြင်းအရာအားဖြင့်လည်း၊အတ္တော-ဒုက္ကဋ်ဟူသော အနက်သည်။
(ည) ဟိ-လဒ္ဓဂုဏ်ကိုဆိုဦးအံ့။
(၄) အပိ စ- ထိုသို့ပင်အနှစ်သာရဖြစ်ပါသော်လည်း၊ တ္တောဝတာ-ဤမျှအတိုင်းအရှည်ရှိသောဝိနိစ္ဆယဖြင့်၊သန္တောသံ-တင်းတိမ်ရောင့်ရဲခြင်းကို။

## နံပါတ် (၂)

(က)ဝါကျ စသည်သို့ ပုစ္ဆာ၊ ။ဆရာ "ဘိန္ဒတိဝါတိ ဥဒကေန သမ္ဘိန္ဒတိ" စသည်ဖြင့် ဧကေဝါဒကို ပြတော်မူ၏။ဤဘိန္ဒတိ ဝါ-ဟူသောပုဒ်တို့၌ အနှစ်ဖြစ်သော (ဝါ)-မြတ်သောအနက်ကား အဘယ်ပါနည်း။ဤသို့စုဒ်ကြောင့် (က)ဝါကျ စသည်မိန့်။
(ဂ) ဝါကျသို့ ဗျတိရေကာယုတ္တစောဒနာ၊ ။ဆရာ (ခ)ဝါကျဖြင့် ထေယျစိတ်ဖြင့် တည်ရာအရပ်မှ ရွေ့စေခြင်းငှါအလိုမရှိဘဲသာလျှင် သက်သက်ခွဲ၏ဟု ဆိုတော်မူ၏။အကယ်၍ တည်ရာအရပ်မှ ရွေ့စေခြင်းငှါအလိုမရှိဘဲ သက်သက်ခွဲငြားအံ့ ယင်းသို့ခွဲသည်ရှိသော် အဘယ်ကြောင့် ဆီစသည်တို့သည် ထွက်ပါကုန်အံ့နည်း။ဤသို့

http://www.dhammadownload.com



စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ကြည်သောဆီစသည်တို့၏ ထွက်သည်၏အဖြစ်ကို ပြဆိုတော်မူ၏။ပြစ်ခဲသော ထောပတ်,ပျား-စသည်သည် အသို့ဖြစ်ပါအံ့နည်း။ကြည်သောဆီ-စသည်တို့ တကွနက်စပ်သည်ဖြစ်၍ မတည်လေသလော။ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**(င)ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (ခ)ဝါကျစသည်ဖြင့် ဘိန္ဒတိ-ဟူသောပုဒ်၌ အတ္ထသာရကို (ဝါ)-ယူအပ်သောအနက်ကို ပြတော်မူ၏။ဆဋ္ဌေတိ-ဟူသောပုဒ်၌ အတ္ထသာရ (ဝါ)-ယူအပ်သောအနက်ကား အဘယ်ပါနည်း။ဤသို့စုဒ်ကြောင့် (င) ဝါကျကိုမိန့်။

**(စ)ဝါကျသို့ ဗျတိရေကာယုတ္တစောဒနာ။** ။ဆရာ (င)ဝါကျဖြင့် ထေယျစိတ်ဖြင့် စွန့်စေခြင်းငှါအလိုမရှိဘဲ သက်သက်အိုးစသည်၌ ရေ, သဲစသည်တို့ကို ထည့်၏ဟု ဆိုတော်မူ၏။အကယ်၍ စွန့်စေခြင်းငှါအလိုမရှိဘဲ သက်သက်ဆီအိုးစသည်တို့၌ ရေ, သဲစသည်တို့ကို ထည့်ငြားအံ့၊ယင်းသို့ထည့်သည်ရှိသော် အဘယ်ကြောင့် ဆီကိုစွန့်အပ်ပါသနည်း။စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

**(ဆ) ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (ခ)ဝါကျစသည်ဖြင့် ဘိန္ဒတိ ဝါ ဆဋ္ဌေတိ ဝါ-ဟူသော ပုဒ်တို့၏ အတ္ထသာရကို ပြတော်မူအပ်၏။ယင်းသို့ပြအပ်သည်ရှိသော် ဆရာ့မှာ အဘယ်ဂုဏ်ရှိပါသနည်း။စုဒ်ကြောင့် (ဆ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က) ဝါကျစသည် ပက္ခန္တရ။ထိုတွင်--

(ခ) ဝါကျစသည် ဝိတ္ထာရ။ (ဂ) ဝါကျ ဝါကျာရမ္ဘ။ဥပန္ယာသ။

(ဃ) ဝါကျ ဝါကျာရမ္ဘ။ဥပန္ယာသ(တစ်နည်း)-ပက္ခန္တရ။

(င) ဝါကျ ပက္ခန္တရ။ (စ) ဝါကျ ဝါကျာရမ္ဘ။

(ဆ) ဝါကျ လဒ္ဓဂုဏ။ (ဇ) ဝါကျ နိဂမန။

(ဈ) ဝါကျ ပက္ခန္တရ။ (ည) ဝါကျ လဒ္ဓဂုဏ။

(ဋ) ဝါကျ ဝါကျာရမ္ဘ။

## နံပါတ် (၄)

**ဝိနီတံ။** ။**ဘာဂဝတော သယံ ဝိနီယတေ ဝိနိစ္ဆိယတေတိ ဝိနီတံ။**

ဝိ-ပုဗ္ဗ နီ-ဓာတ်အရ ကတ္တုဋ္ဌကြိယာကား ဆုံးဖြတ်အပ်သောဝတ္ထုကို အာရုံပြု၍ ဆုံးဖြတ်သောအခြင်းအရာအားဖြင့်ဖြစ်သောဉာဏ် (ဝါ)-ဉာဏ်ပြဋ္ဌာန်းသော ကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-ဆုံးဖြတ်အပ်သောဝတ္ထု၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ ဆုံးဖြတ်အပ်သောဝတ္ထုသည် အပဓာနအားဖြင့်ရ၏။ဝိသေသန-ပုဒ်ဖြစ်၍ ။ပ။ ဂုဏ်သည်သာ ပဓာနအားဖြင့်ရ၏။

**ဝတ္ထု။** ။**ဝသတိ ဖလံ ဧတ္ထာတိ ဝတ္ထု။**

http://www.dhammadownload.com



ဝသ-ဓာတ်အရ ကတ္တုရွ-အကျိုးတရား၏ ဥပါဒ်သည် မုချ။အဓိကရဏဒ္ဓ-အကြောင်းတရားတို့၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ရတ္တု-ပစ္စည်းအရ ရဘန်းတို့ ထိုထိုအမှုကို ပြုခြင်းဟူသော အကြောင်းရ၏။

**ဒိနီတဝတ္ထု။ ။ဝိနီတဥ္စ တံ ဝတ္ထုဉ္စာတိ ဝိနီတဝတ္ထု။**

ဝိနီတ-ဟူသော ဝိသေသနပုဒ်အရ ဘုရားကိုယ်တော်တိုင် ဆုံးဖြတ်အပ်သည်၏အဖြစ်ဟုဆိုအပ်သောဂုဏ်သည် မုချ။ထို-၏ ဝတ္ထုနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။ပုဒ်လုံးအရ မြတ်စွာဘုရားကိုယ်တော်တိုင် ဆုံးဖြတ်အပ်သော ထိုထိုအမှုဟုဆိုအပ်သောအကြောင်းရ၏။

**ဘိန္နတ္တံ။ ။ဘိန္ဒိတဗ္ဗာတိ ဘိန္နာ။ ဘိန္နဿ ဘာဝေါ ဘိန္နတ္တံ။**

ဘိဒ-ဓာတ်အရ ကတ္တုရွ-အိုးကိုခွဲသောအခြင်းအရာအားဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဒ္ဓ- အိုး၏အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ အိုးခြုပ်ရ၏။

**ဘိန္နာ။ ။ဘိဇ္ဇတီတိ ဘိန္နာ။**

ဘိဒ(ဘိဒိ)-ဓာတ်အရ ကွဲခြင်းဟူသော အညထာဘာဝ ရ၏။တ-ပစ္စည်းအရ ဘာဝဝန္တဖြစ်သော အိုးခြုပ်ရ၏။

## နံပါတ် (၅)

**တေလ။** ။တိလ+အ(ဏ)။

**ပတ္ထိန္န။** ။ပ-ထိန+အ၊ နပုလ္လိင်၊ သံဃာသနတ္ထ။

**တုဏ္ဍက။** ။တုဒိ+အ(တစ်နည်း)-တန+ဍ၊သွတ္ထ-က၊နပုလ္လိင်။

**ဝါလိကာ။** ။ဝလ+ဏွ၊သံဝရဏတ္ထ၊ကတ္တုရွ၊ ကရဏတ္ထ။

**မုခ။** ။မု+ခ၊ နပုလ္လိင်။

**ကလာပ။** ။ကလ-သဒ္ဒူပပဒ ပါ+ဏ၊(ကလံ ပါတိ ရက္ခတီတိ ကလာပေါ)၊ပုလ္လိင်။

**အာကိဏ္ဏ။** ။အာ-ကိရ+တ၊ ဒလောင်းခြင်းအနက်၊တ-ကမ္မတ္ထ၊ နပုလ္လိင်။

## နံပါတ် (၆)

(ခ) ဝိနီတဝတ္ထုမှီ ။ပ။ ဘိန္ဒတိ-ဖြင့် တည်ရာမှရွေ့လျောစေလို၍ အိုးကိုခွဲသည်ဓပာုတ်၊ဝိနီတဝတ္ထု၌ မြက်ကိုမီးရှို့သောရဟန်းကဲ့သို့ ထေယျစိတ်ဖြင့် သက်သက် အိုးကိုခွဲသည်၏အဖြစ်ကို သိစေပါသည်။

(င) ဆဒ္ဒေတုကာမောယေဝ ။ပ။ အာကိရတိ-ဖြင့် စွန့်ခြင်းဟူသည် ထေယျစိတ်ဖြင့် စွန့်ခြင်းငှါအလိုမရှိဘဲသာလျှင် သက်သက် အိုး၌ရေစသည်တို့ကို လောင်းခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

## နံပါတ် (၇)

**အစာဝေတုကာမော/အစာဝေတုကာမော စ. . .**

http://www.dhammadownload.com



"အစာဝေတုကာမောစာတိ ထေယျစိတ္တေန အစာဝေတုကာမော စသဒ္ဒေါ ဌာနာစာဝေတုကာမတံ အပေက္ခတိ"ဟူသော ယောဇနာဆိုသောကြောင့် "အစာဝေတုကာမော စ" ပါဌ်သင့်၊သို့သော်လည်း ထိုစကားသည် "တိဏဇ္ဈာပကောဝိယ"ဟူသော ဥပမာစကားနှင့် ဆန့်ကျင်၏။ထို့ကြောင့် ၎င်းဝတ္ထု၌ "ဈာပိတတိဏော ဌာနာစာဝနဿ အဘာဝါ ဒုက္ကဋံ"ဟု အဋ္ဌကထာ၌မိန့်လတ္တံ့၊ထို့ကြောင့် ယောဇနာစကားကို ဆင်ခြင်ပါ။

စသဒ္ဒါကို "ဝိစိကိစ္ဆာ စိတ္တေ စ"ဟူသောပါဌ်ကဲ့သို့ အဝဓာရဏတ္ထယူသော် နှစ်ပါဌ်သင့်၊သို့သော်လည်း ဋီကာတို့၌ ဝေသဒ္ဒါနှင့် ပဒုဒ္ဓါရပြုသောကြောင့်"အစာဝေတုကာမော"ဟူသော ပါဌ်သာ သင့်မြတ်ပါသည်။

**ပတ္တိန္နံ/ပက္ခိတ္တံ...**

"ယံ ဝါ ပန ဝတ္ထုံ တေ္တကုမ္ဘိယာ ဘိက္ခုနာ ပက္ခိတ္တံ တံ ဝတ္ထုံ"ဟု ယောဇနာ၌ဆိုသောကြောင့် "ပက္ခိတ္တံ"ပါဌ်သင့်။ ဂဏ္ဌိ၌လည်း ၎င်းသာဓကကိုဆောင်၍ "ပက္ခိတ္တံ"ပါဌ် သင့်၏ဟုဆို၏။သို့သော်လည်း အတ္ထယုတ္တိမရှိ၍ ဆင်ခြင်ပါ။

"အခါဒိတဗ္ဗံ ဝါ အပါတဗ္ဗံ ဝါ ကရောတိ" ဤအဋ္ဌကထာ။

ပတ္တိန္နဿ ခါဒနံ ကတရဿ ပါနဥ္စ သပ္ပိအာဒီနံ ပရိဘောဂေါတိ အာဟ။

"အခါဒိတဗ္ဗံ ဝါ အပါတဗ္ဗံ ဝါ ကရောတီတိ" ၎င်းအဖွင့် သာရတ္ထဋီကာ၊၁၃၇၊ ဤအဋ္ဌကထာဋီကာတို့နှင့်အညီ (ဂ)ဝါကျဖြင့် အိုးကွဲသောကြောင့် ကြည်သောဆီ-စသည်တို့၏ ယိုစီးထွက်ကျခြင်းကိုပြ၍ (ဃ)ဝါကျဖြင့် ပြစ်ခဲခက်မာသော ထောပတ်များရည် စသည်တို့၏ အိုးနှင့်တကွနက်စပ်သည်ဖြစ်၍ တည်ခြင်းကိုပြ၏ ထို့ကြောင့် "ပတ္တိန္နံ"ပါဌ်သာသင့်။

**ပယိရုပါသိတ္ဘာ/ပရိယုပါသိတ္ဘာ...**

"ပရိယာဒီနံ ရယာဒိဝဏ္ဏဿ ယရာဒီဟိ ဝိပရိယာယော"ဟူသော သဒ္ဒနီတိ သုတ်ထောက်၍ ပယိရုပါသိတ္ဘာ-ပါဌ်သာသင့်။

**ဝါလုကာဒီနိ/ဝါလိကာဒီနိ...**

ဝါလိကာ+ဝါလုကာ-ဟု သဒ္ဒနီတိ သုတ္တမာလာ မတ္တာဘေဒ-၌ ပါဠိ,အဋ္ဌကထာတို့၌ နှစ်မျိုးစီရှိသည်ကို ပြသောကြောင့် နှစ်ပါဌ်သင့်။

## နံပါတ် (၈)

(ဂ)တေလာဒီနိ၊ ။ဆိုလတ္တံ့သော ပြစ်ခဲခက်မာသောဆီမှကြွင်းသော ဆီစသည်ကို ယူရသောကြောင့် ပါရိသေသနည်း။

အပေါင်းဖြစ်သော ပြစ်ခဲခက်မာသောဆီ, ကြည်သောဆီ စသည်တို့၏အမည်ကို အစိတ်ဖြစ်သော ကြည်သောဆီ၌တင် ဧကဒေသူပစာ။

(စ)တေလံ၊ ။ဆီ-တည်းဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် ထောပတ်ဆီ-စသော အလုံးစုံကိုလည်းရသောကြောင့် ဥပလက္ခဏနိဒဿနနည်း။အဝယဝူစာ။

http://www.dhammadownload.com



## ဝါကျစဉ်(၅၇)

(က) ပဠရေ ဋီတံ သဟ ပဠရေန ဥဒ္ဓရတိ၊ပါရာဇိကံ။

(ခ) ယဒိ ပန ပါဒံ န အဂ္ဃတိ၊သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ။

(ဂ) အန္တောဝတ္ထုမှိ စရန္တံ မောရံ ထေယျစိတ္တေန ပဒသာ ဗဟိ ဝတ္ထုံ နီဟရန္တော ဒွါရပရိစ္ဆေဒံ အတိက္ကာမေတိ၊ပါရာဇိကံ။

(ဃ) ဝဇေ ဋီတဗလီဗဒ္ဒဿ ဟိ ဝဇောဝိယ အန္တောဝတ္ထု တဿ ဌာနံ။

(င) ဟတ္ထေန ပန ဂဟေတွာ အန္တောဝတ္ထုသ္မိံမ္ပိ အာကာသဂတံ ကရောန္တဿ ပါရာဇိကမေဝ။

(စ) အန္တောဂါမေ စရန္တမ္ပိ ဂါမပရိက္ခေပံ အတိက္ကာမေန္တဿ ပါရာဇိကံ။

(ဝိ၊ဋ္ဌ၁။ ၂၈၁။)

## နံပါတ်(၁)

(က) ပဠရေ-ချိုင့်၌။ဝါ-လှောင်အိမ်၌။ဋီတံ-တည်သောဥဒေါင်းကို။

(ခ) ပန-ဆက်။(မောရော-ဥဒေါင်းသည်။)သဗ္ဗတ္ထ-အလုံးစုံသောယူခြင်း၌။

(ဂ) အန္တောဝတ္ထုမှိ-အိမ်ယာ၏အတွင်း၌။ဗဟိဝတ္ထုံ-အိမ်ယာ၏ပြင်ပ၌။နီဟရန္တော-ထုတ်ဆောင်သောရဟန်းသည်။ဒွါရပရိစ္ဆေဒံ-တံခါးအပိုင်းအခြားကို။

(ဃ) ဝဇေ ဋီတဗလီဗဒ္ဒဿ ဝဇောဝိယ-သည် ဥပမာ။အန္တောဝတ္ထု တဿ ဌာနံ-သည် ဥပမေယျ။

ဥပမာအပြင်ထုတ်။ ။ဟိ-မှန်။အန္တောဝတ္ထု-အိမ်ယာအတွင်းသည်။တဿ-ထိုဥဒေါင်း၏။ဌာနံ-တည်ရာသည်။ဟောတိ။ကောဝိယ-အဘယ်ကဲ့သို့နည်းဟူမူကား။ဝဇေ-နွားခြံ၌။ဋီတဗလီဗဒ္ဒဿ-တည်သောနွားလား၏။ဝဇော-နွားခြံသည်။ဌာနံ ဟောတိ ဝိယ။

(စ) စရန္တမ္ပိ-လှည့်လည်နေသောဥဒေါင်းကို။ ဂါမပရိက္ခေပံ- ရွာ၏အပိုင်းအခြားကို။

## နံပါတ်(၂)

(ခ)သို့ ပုစ္ဆာ။ ။ဆရာ(က)ဖြင့် ချိုင့်၌တည်သောဥဒေါင်းကို ချိုင့်နှင့်တကွ ထုတ်ဆောင်သော ရဟန်းအား ပါရာဇိကအာပတ်သင့်၏ဟု ဖွင့်ဆိုတော်မူအပ်၏။ ချိုင့်အတွင်းရှိသော ဥဒေါင်းသည် တစ်မတ်ထိုက်တန်သည်ရှိသော် အဘယ်သို့မှတ်သားအပ်ပါသနည်း။ပါရာဇိအာပတ်ဟုပင်မှတ်သားအပ်ပါသလော. ဤသို့စုဒ်ကြောင့်(ခ)မိန့်။

(ဂ)သို့ အနုသန္ဓေ။ ။ဤသို့(က+ခ)ဝါကျတို့ဖြင့်လှောင်အိမ်အတွင်း၌ တည်သော ဥဒေါင်းငှက်ကို လှောင်အိပ်နှင့်တကွ ခိုးယူရာ၌ အာပတ်အဆုံးအဖြတ်ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌. အိမ်ယာအတွင်းလှည့်လည်နေသော ဥဒေါင်းကိုခိုးလိုစိတ်ဖြင့် ခြေဖြင့် အိမ်အပြင်သို့ ထုတ်ဆောင်သောရဟန်းအား တံခါးကို ကျော်လွန်သည်ရှိသော် ပါရာဇိကအာပတ်သင့်၏ဟု အာပတ္တိဝိနိစ္ဆယအဖို့တစ်ပါးကို ပြတော်မူလိုသောအဋ္ဌကထာဆရာသည်(ဂ)မိန့်။

http://www.dhammadownload.com



(ဃ)သို့ အယုတ္တစောဒနာ။ ။ဆရာ(ဃ)ဖြင့် အိမ်အတွင်း၌ ဒေါင်းကို ခိုးလိုစိတ်ဖြင့် ခြေဖြင့် ပြင်ပသို့ထုတ်သောရဟန်းအား တံခါးအပိုင်းအခြားကိုလွန်သော် ပါရာဇိကအာပတ်သင့်၏. ဟုဖွင့်ပြတော်မူအပ်၏။ အဘယ့်ကြောင့် တံခါးအပိုင်းအခြားကိုလွန်သော် ပါရာဇိကအာပတ်သင့်၏ဟု ဆိုအပ်ပါသနည်း။ ခြေလှမ်းနှစ်ကြိမ်၌ ပါရာဇိကအာပတ်သင့်၏. ဟုဆိုထိုက်သည်မဟုတ်ပါလော ဤသို့ စုဒ်ကြောင့်(ဃ)ဝါကျ ကိုမိန့်။

## နံပါတ် (၃)

(က)ဝါကျ ပက္ခန္တရ။

(ခ)ဝါကျ ဝါကျာရမ္ဘ၊တစ်မတ် ,တစ်မတ် ထိုက်တန်သော ဥဒေါင်း၏ အာပတ် အဆုံးအဖြတ်ကို မပြပြီလော။(တစ်နည်း)-အချင်း ခပ်သိမ်း ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်အပ်ပါသလော-။

(ဂ)ဝါကျ ပက္ခန္တရ။ဝါကျာရမ္ဘ။ (ဃ)ဝါကျ ဒဋ္ဌီကရဏ။ ကာရဏ။

(င)ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ။ (စ) ဝါကျ ပက္ခန္တရ။

## နံပါတ် (၄)

ဝဋ္ဋ။ ။အပရဏ္ဏာဒီနိ ဝသန္တိ ဧတ္ထာတိ ဝဋ္ဋ။

ဝသ-စာတ်အရ ကတ္တာ၌ -အပရဏ္ဏစသည်တို့၏ ပါဝင်သည် မုချ။အဓိကရဏ၌-ယာမြေ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။တု-ပစ္စည်းအရ ထို-သော အပရဏ္ဏစသည်တို့၏ တည်ရာ ယာ-ရ၏။

အန္တောဝဋ္ဋ။ ။ဝဋ္ဋဿ အန္တော အန္တောဝဋ္ဋ။

ဝဋ္ဋ-ဝိသေသနပုဒ်အရ ယာမြေသည် မုချ။ထို-၏ အတွင်းအရပ်နှင့် အစိတ်+ အပေါင်း စပ် ဌာနူပစာ။အန္တောဝဋ္ဋ-ဟူသော သမာသ်ပုဒ်လုံးအရ ထို-သော ယာ၏ အတွင်းအရပ် ရ၏။

မောရော။ ။မှီယတီ ဟိံသတီတိ မောရော။(မိ+ဩရ)

တစ်နည်း။ ။မူရတိ သံဝေဌတီတိ မောရော။(မူရ+ဏ)

မိ-စာတ်အရ ညှဉ်းဆဲတတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသမူ စိတ္တုပ္ပါဒ်သည် မုချ။အယောနိသောမနသိကာရစသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည် ဖလူပစာ။အကျိုးမဲ့ကိုဖြစ်ခြင်းစသော နောက်နောက်သောစိတ္တုပ္ပါဒ်သည် ကာရဏူပစာ။ ဩရ-ပစ္စည်းအရ ထို-သော ဥဒေါင်း ရ၏။

## နံပါတ် (၅)

ပဋ္ဌရ။ ။ပဋိ+ရ။

ဝဇော။ ။ဝဇ+အ၊(ဝဇန္တိ ဧတ္ထာတိ ဝဇော။)

ပဒသာ။ ။ပဒ+အ+နာ-ဝိဘတ်။(ပဇ္ဇတိ ဧတေနာတိ ပဒံ။)

ပရိက္ခေပ။ ။ပရိ+ခိပ+ဏ။

http://www.dhammadownload.com



## နံပါတ် (၆)

ထလေ နိက္ခိတ္တန္တိ ဘူမိထလေ ဝါ ပါသာဏထလပဗ္ဗတထလာဒီသုဝါ ယတ္ထ ကတ္ထစိ ပဋိစ္ဆန္နေ ဝါ အပဋိစ္ဆန္နေ ဝါ ဥပိတံ ထလဋ္ဌန္တိ ဝေဒိတဗ္ဗံ။

ဘူမိထလေ ဝါ-စသည်ဖြင့် ထလေ-၌ ထလ-အရ မြေအပြင်,ကျောက်အပြင်, တောင်အပြင် အစရှိသောအရပ်တို့ကို ကောက်ယူရမည်ကို သိစေပါသည်။

ဋပိတံ-ဖြင့် နိက္ခိတ္တံ-၌ နိ-ရှေးရှိသော ခိပ-ဓာတ်သည် ဌပန-အနက်ဟောသည်ကိုလည်းကောင်း၊နိ-ဥပသာရ၏ ဓာတွတ္ထပိသေသကအနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

အပေါင်းသံဝဏ္ဏနာ-ဖြင့် ထလေ ဋိတံ ထလဋ္ဌံ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝိစနတ္တပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။

ပဋိစ္ဆန္နေ ဝါ အပဋိစ္ဆန္နေ ဝါ-ဖြင့် မြေပြင်စသည်တို့၌ ထားပုံအခြင်းအရာကို သိစေပါသည်။

## နံပါတ် (၇)

ဗလိဗဒ္ဒဿ/ဗလိဗဒ္ဒဿ/ဗလိဗဒ္ဒဿ/ဗလိဗဒ္ဒဿ. . .

ဤစ ဝရော စ ဤဗရော၊ဗလံ အဿ အတ္ထိတိ ဗလီ။ဤဝရံ ဒဒါတီတိ ဤဗဒ္ဒေါ။ဗလီစ သော ဤဗဒ္ဒေါစာတိ ဗလိဗဒ္ဒေါ။ (ပါစိတ်-ဘာဋီ)

ဗလံ ဝဒ္ဒယတီတိ ဗလိဗဒ္ဒေါ-(အဘိဓာန်ဋီ-၄၉၆)ဝိစနတ္တကိုထောက်၍ ဗလိဗဒ္ဒဿ ပါဌ်သင့်။(ခွန်အားပြည့်မတ် ကျက်သရေဆုလာဘ်ကို ပေးတတ်သောနွားလား)

အဟံကာရေန ဗလိနာ ထာမဗလေန ဗဒ္ဒတိ အပဟတီတိ ကရောတီတိ ဗလီ ဗဒ္ဒေါ-ကို ထောက်၍ ဗလီဗဒ္ဒ-ပါဌ်သင့်။(အုဋ်ကျောင်းဆရာတော်)။

## နံပါတ် (၈)

အန္တောဝတ္ထုမှိ။ ။အိမ်ယာနှင့် အိမ်ယာ၏အတွင်းကို မပြားဘဲကို ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

(တစ်နည်း)။ ။အပေါင်းဖြစ်သော အကာအရံရှိသော အိမ်ယာအတွင်း, အကာအရံမရှိသော အိမ်ယာအတွင်းတို့၏ အန္တောဝတ္ထုအမည်ကို အစိတ်ဖြစ်သော အကာအရံရှိသော အိမ်ယာအတွင်း၌ တင် ဧကဒေသူပစာ။ရှုဋ်နည်း။

(အန္တောဝတ္ထုမှီတိ ပရိက္ခိတ္တဝတ္ထုဿ အန္တော)။သာရတ္ထ၊၂၊၁၃၉။

အန္တောဂါမေ-နည်းတူ။(အန္တောဂါမေတိ ပရိက္ခိတ္တဿ ဂါမဿ အန္တော)။

## နံပါတ် (၁၀)

ဥဒ္ဒရတိ--အရ ထေယျစေတနာ (ဝါ)-လောဘပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကောက်။

http://www.dhammadownload.com



## ဝါကျစဉ် (၅၈)

(က) စီဝရဝံသေ ဝါတိ စီဝရဥပနတ္တာယ ဗန္ဓိတွာ ဌပိတေ ဝံသေ ဝါ ကဌဒဏ္ဍကေ ဝါ။

(ခ) စီဝရဝံသံ ဖုသန္တံ ဝါ အဖုသန္တံ ဝါ ရဇ္ဇုကေန ဗန္ဓိတွာ ဌပိတစီဝရံ မောစေန္တဿ ထုလ္လစ္စယံ။

(ဂ) မုတ္တေ ပါရာဇိကံ။

(ဃ) မုတ္တမတ္တမေဝ ဟိ တံ "ဌာနာ စုတ"န္တိ သင်္ချံ ဂစ္ဆတိ။

(င) ဝံသေ ဝေဌေတွာ ဌပိတံ နိဗ္ဗေဌေန္တဿ ထုလ္လစ္စယံ။

(စ) နိဗ္ဗေဌိတမတ္တေ ပါရာဇိကံ။ (ဝိ၊ဋ္ဌ၊၁။၂၈၃)

## နံပါတ် (၁)

(က) စီဝရဥပနတ္တာယ-သင်္ကန်းထားခြင်းအကျိုးငှါ။ဝံသေ ဝါ-ဝါး၌သော်လည်းကောင်း၊ကဌဒဏ္ဍကေ ဝါ-သစ်သားချောင်း၌သော်လည်းကောင်း။

(ခ)ဖုသန္တံ ဝါ-ထိသည်မူလည်းဖြစ်သော၊ရဇ္ဇုကေန-ကြိုးငယ်ဖြင့်၊မောစေန္တဿ-လွတ်စေသောရဟန်း၏။(ဝါ)-ဖြေသောရဟန်း၏။

(ဂ)ဌပိတစီဝရေ-(လက္ခဏဝန္တ)၊မုတ္တေ-လွတ်ပြီးသော်။

(ဃ)ဟိ-မှန်၊မုတ္တမတ္တမေဝ-လွတ်ပြီးကာမျှသာလျှင်ဖြစ်သော၊တံ-ထိုသင်္ကန်းသည်၊ဌာနာ-နေရာမှ၊စုတံ-ရွေ့လျောပြီ။ဣတိ-သို့။

(င)ဝေဌေတွာ-ရစ်ပတ်၍၊ဌပိတံ-ထားအပ်သောသင်္ကန်းကို၊နိဗ္ဗေဌေန္တဿ-ဖြေသောရဟန်းအား။

(စ)စီဝရေ-(လက္ခဏဝန္တ)၊နိဗ္ဗေဌိတမတ္တေ-ဖြေအပ်ပြီးကာမျှဖြစ်လတ်သော်။

**မှတ်ချက်။** ။မအူနိဿယ-၌ (ဃ) ဟိ -ယသ္မာ-ဟု ကာရဏကြံ၍ ယင်းဝါကျကို ဝါကျအပြန်အလှန်ပေးသည်၊မုတ္တေ ပါရာဇိကော ဟောတိ၊ တသ္မာ၊ ပါရာဇိကော ဟောတိ၊ဟိ-ယသ္မာ-စသည် မေးလေ။ ဒဋ္ဌီ-"ဟိ" ဆို ကာရဏ ရသည်သာမှတ်ပါ။

## နံပါတ် (၂)

**(ဂ)ဝါကျသို့ စောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် သင်္ကန်းတန်းဝါးကို ထိစေလျက်လည်းကောင်း၊မထိစေမူ၍လည်းကောင်း၊ကြိုးငယ်ဖြင့်ချီ၍ ထားအပ်သော သင်္ကန်းကို ဖြေနေသောရဟန်းအား ထုလ္လစ္စည်းအပတ်သင့်၏ဟု ဖွင့်ဆိုအပ်၏။ဖြေပြီး လတ်သော် အဘယ်အာပတ်သင့်ပါသနည်း။ထုလ္လစ္စည်းအာပတ်ပင် သင့်လေသလော။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ထားအပ်သော သင်္ကန်း ဖြေပြီးလတ်သော် ပါရာဇိကအာပတ်သို့ သင့်ရောက်၏ဟု ဖွင့်ဆိုအပ်၏။ အဖွဲ့ဖြေရုံမျှဖြင့် ရွေ့ခြင်းသဘော မသိသေးသည်မဟုတ်ပါလော။ထိုသို့ဖြစ်လျက် ဖြေ

http://www.dhammadownload.com



ပြီးလတ်သော် ပါရာဇိကအာပတ်သို့ရောက်၏ဟု အဘာယ်ကြောင့်ဖွင့်ဆိုအပ်ပါသနည်း ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**ကား။** ။ဖြေပြီးရုံမျှဖြင့် နေရာ၌မမြဲမူ၍ ကျခြင်းသဘောရှိသောကြောင့် ထို သင်္ကန်းကို "နေရာမှရွေ့သောသင်္ကန်း"ဟူ၍ ခေါ်ဝေါ်နိုင်ခြင်းကြောင့် ဟူလို။

**မုတ္တမတ္တေ အဋ္ဌတ္ထာ ပတနကသဘာဝတ္တာ "မုတ္တေ ပါရာဇိကာ"န္တိ ဝုတ္တံ။**
**(သာရတ္ထ၊၂။၁၄၀)**

## နံပါတ် (၃)

(ခ)ဝါကျ ပက္ခန္တရ။

(ဂ)ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ၊ ပါရာဇိကအာပတ် သင့်ရောက်ပုံ အဖို့တစ်ပါး ပြသောကြောင့်။

(ဃ)ဝါကျ ဒဠှီကရဏ၊ ကာရဏ။

(င) ဝါကျ ပက္ခန္တရ၊ ဝါကျာရမ္ဘ၊ ဝါးတန်း၌ချည်ထားအပ်သော သင်္ကန်း ဖြေ ပြီး ခိုးယူရာမှတစ်ပါး ဝါးတန်း၌ရစ်ပတ်ထားအပ်သောသင်္ကန်း ဖြေပြီး ခိုးယူရာ၌ ဆက်လက်ပြ။

(စ) ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ။

**စာစပ်။** ။ဝေဌေတွာ-ကား ၍-ပေးသောကြောင့် ဌပိတံ-၌ ဌာ-ဓာတ်ဝယ် သ မာနကာလကြိယာဝိသေသန+ဝိသေသျစပ်။

ဗန္ဓိတွာ-ကား ၍-ပေးသောကြောင့် ဌပိတံ-၌ ပုဗ္ဗကာလကြိယာဝိသေ သန+ဝိသေသျစပ်။**(ယောဇနာ-ဗန္ဓိတွာတိ ပဒံ ဌပိတက္ကတိပဒေ ပုဗ္ဗကာလကြိယာ)။**

## နံပါတ် (၄)

**တဋ္ဋဒဏ္ဍကော။** ။**ခုဒ္ဒေါ ဒဏ္ဍော ဒဏ္ဍကော၊(တစ်နည်း)ဒဏ္ဍမေဝ ဒဏ္ဍကော၊ တဋ္ဋမေဝ ဒဏ္ဍကော တဋ္ဋဒဏ္ဍကော။**

က-ပစ္စည်းအရ ငယ်သောဂုဏ်သည် မုချ။ထို-၏ သစ်သားတုတ်နှင့် ဂုဏ်+ ဂုဏီ စပ် ဌာနူပစာ။ဒဏ္ဍ-တဒ္ဓိတ်ပုဒ်အရ ထို-သော ငယ်သောတုတ် ရ၏။(ထူးသည် သတိပြုပါ။)

ဝိသေသနပုဒ်အရ သစ်သား၏အဖြစ်ဟူသော အဝဓာရဏဘောဂုဏ်သည် မုချ။ ထို-၏ တုတ်,တန်းငယ်နှင့် ဂုဏ်+ဂုဏီစပ် ဌာနူပစာ၊ သမာသ်ပုဒ်လုံးအရ ထို-သော သစ်သားဟူသော တုတ်,တန်းငယ် ရ၏။

**ရဇ္ဇုကော။** ။**ခုဒ္ဒေါ ရဇ္ဇု ရဇ္ဇုကော။**

(ညသ်ကောက် ဒဏ္ဍက-နည်းတူ)

**မုတ္တ။** ။**မုတ္တံ ပမာဏံ အဿာတိ မုတ္တံ၊ မုတ္တ မာနေ မုတ္တော။**
**(မောဂ်၊၄။၄၆)**
**(လွတ်အပ်ပြီးသော အတိုင်းအရှည်ရှိသော သင်္ကန်း။)**

http://www.dhammadownload.com



**မုတ္တမေဝ မုတ္တံ၊ (မုတ္တ-လွတ်အပ်ကာမျှသောသက်န်း၊ တဗ္ဘာဝဝုတ္တိကမ္မဓာရာယ်)**

မုတ္တ-အရ လွတ်အပ်ပြီးသော အတိုင်းအရှည် ပမာဏသည် မုချ။ထို-၏ မတ္တ-ပစ္စည်းအရ လွတ်အပ်ပြီးသော အတိုင်းအရှည်ပမာဏရှိသောသက်န်းနှင့် ပမာဏ+ပမာဏဝန္တ စပ် ဥာနူပစာ။မတ္တ-ပစ္စည်းအရ ထို-သော လွတ်အပ်ပြီးသော အတိုင်းအရှည်ပမာဏရှိသော သက်န်း ရ၏။

(တစ်နည်း)-မုတ္တ-အရ လွတ်အပ်ပြီးသည်၏အဖြစ်ဟူသော တဗ္ဘာဝဝုတ္တိဘော ဂုဏ်သည် မုချ။ထို-၏ အတိုင်းအရှည်နှင့် ဂုဏ်+ဂုဏော စပ် ဥာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော လွတ်အပ်ကာမျှဟူသော အတိုင်းအရှည် ရ၏။

## နံပါတ် (၅)

| | |
|---|---|
| စီဝရ။ | ။စီ+ဣဝရ။ (ဝတ္တခန္ဓေဟိ စီယတေတိ စီဝရံ)။ |
| ဝံသ။ | ။ဝန+သ၊ ဝသ+အ။ (ဝနတိ သမ္ဘဝတီတိ ဝံသော။ ဝသန္တိ ဧတေနာတိ ဝံသော)။ |
| ရဇ္ဇု။ | ။ရုဇ်+ဍု။ (ရုန္ဓန္တိ ဧတေနာတိ ရဇ္ဇု)။ |
| မုတ္တ။ | ။မုစ+တ။ |
| စူတ။ | ။စူ+တ။ |
| သချိ။ | ။သံ+ချာ+အဝ+အာ။ |

## နံပါတ် (၆)

(က)စီဝရဝံသေ ဥပနတ္ထာယ ဗန္ဓိတွာ ဌပိတေ ဝံသေ-ဖြင့် စီဝရဝံသေ-၌ စီဝရပုဒ်+ဝံသ-ပုဒ် စီဝရဿ ဌပိတော ဝံသော စီဝရဝံသော-ဟု မဇ္ဈေလောပီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း။စီဝရဝံသ-ဟူသည် သက်န်းထားနိုင်ခြင်းအကျိုးငှါ ထုတ်-စသည်၌ ကြိုးဖြင့်ချည်၍ထားအပ်သော ဝါးဟူသောအဓိပ္ပါယ်ကိုလည်းကောင်း။ (ဝါ)-ဝါးတန်းကို အရကောက်အပ်သည်ကိုလည်းကောင်း သိစေပါသည်။

ကင္ခဒဏ္ဍကေ-ဖြင့် စီဝရဝံသ-အရ ဝါးတန်းသာ အရကောက်အပ်သည်ကို သိစေပါသည်။

## နံပါတ် (၇)

နိဗ္ဗေဌေန္တဿ/နိဝေဌေန္တဿ/နိဗ္ဗေဌေန္တဿ. . .

နိဝေဌေန္တဿ နိဗ္ဗေဌေန္တဿာတိ စ ဒွေပါဌာ-ဟု ယောဇနာ၌ ဆိုသော်လည်း ဝေဌ-ဓာတ်သည်သာ ရစ်ပတ်ခြင်းအနက်ဟောသောကြောင့် နိပုဗ္ဗ-ဝေဌ+အန္တ-ပစ္စည်းဖြင့်ပြီးသော နိဗ္ဗေဌေန္တဿ-ပါဌ်သာသင့်။(ပေစာတို့၌ ရစ်ပတ်ခြင်းအနက်ဟောမှာ ဝေဓတိ၊ဝေဓိတွာ၊ ဒိဋ္ဌိဝိနိဝေဓနံ-စသည်ဖြင့် ဓ-အောက်ချိုင့်နှင့် ပါဌ်ပျက်သည်များ၏။ ဓာတွတ္ထ၊၃၆၉၊ဂါထာ)။(ဝေဌေတွာ/ဝေဓေတွာ-နည်းတူ)။

http://www.dhammadownload.com



## နံပါတ် (၉)

(က)စီဝရဝံသေ။ ။အစိတ်ဖြစ်သော သက်န်းဝါးတန်း၏အမည်ကို အပေါင်းဖြစ်သော ဝါးတန်း, သစ်သားတန်း, ကြိုးတန်းစသည်တို့၌ တင် ဧကဒေသူပစာ။ ဥပလက္ခဏာနည်း။

(ယ)မုတ္တမတ္တမေဝ။ ။အကြောင်းဖြစ်သော ဖြေပြီးကာမျှဖြစ်သည် ကိုဆိုသဖြင့် အကျိုးဖြစ်သော နေရာမှရွေ့နိုင်ခြင်း, ကျနိုင်ခြင်းသဘောကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ (၂-နံပါတ် ဋီကာရှု)။

## နံပါတ် (၁၀)

မောစေန္တသ-အရ သင်္ကန်းကိုဖြေသောရဟန်း၏ ခန္ဓာပဥ္စကဒြပ် ရ၏။

(တစ်နည်း)-ခိုးယူလိုသော ကိုယ်အမူအရာ ကာယဝိညတ်ကိုဖြစ်စေသော လောဘမူစိတ္တုပ္ပါဒ်။

## ဝါကျစဉ် (၅၉)

(က) ဘိတ္တိခီလောတိ ဥဇုကံ ကတ္វာ ဘိတ္တိယံ အာကောဋိတော ဝါ တတ္ထ ဇာတကော ဝေ ဝါ။

(ခ) နာဂဒန္တော ပန ဝင်္ကော အာကောဋိတော ဝေ။

(ဂ) တေသု လဂ္ဂေတွာ ဌပိတံ အင်္ကုသကေ ဝုတ္တနယေနေဝ ဝိနိစ္ဆိနိတဗ္ဗံ။

(ဃ) ဒွီသု တီသု ပန ပဋိပါဋိယာ ဌိတေသု အာရောပေတွာ ဌပိတံ ကုန္တံ ဝါ ဘိန္ဒိဝါလံ ဝါ အဂ္ဂေ ဝါ ဗုန္ဓေ ဝါ ဂဟေတွာ အာကမုတိ၊ ကေမေကဿ ဖုဋ္ဌောကာသမတ္တေ အတိက္ကန္တေ ပါရာဇိကံ။

(င) ဖုဋ္ဌောကာသမတ္တမေဝ ဟိ တေသံ ဌာနံ ဟောတိ။

(ဝိ၊ ဌ၁။ ၂၈၄)

## နံပါတ် (၁)

(က) ဥဇုကံ-ကို၊(ဝါ)-စွာ၊ဘိတ္တိယံ-နံရံ၌၊အာကောဋိတော ဝါ-နှက်အပ်သော ငုတ်သည်လည်းကောင်း၊တတ္ထ ဇာတကောဝေ ဝါ-ထိုနံရံ၌ဖြစ်သည်သာလျှင်လည်းကောင်း၊(ဘိတ္တိခီလော)။

(ခ) နာဂဒန္တော ပန-ဆင်၏အစွယ်သည်ကား၊ဝင်္ကော-ကောက်သော၊အာကောဋိတော ဝေ-ငုတ်သည်သာတည်း။(န တတ္ထ ဇာတကော ဧဝ-၏ နိဝတ္တေတဗ္ဗတ္တ)။

(ဂ) တေသု-ထိုဘိတ္တိခီလ, နာဂဒန္တတို့၌၊(ဝါ)-ထိုနံရံ၌နှက်အပ်သော တံသင်း, ဆင်၏အစွယ်တို့၌၊ဌပိတံ-ထားအပ်သောဘဏ္ဍာကို၊အင်္ကုသကေ-ချွန်းချိတ်၌၊ဝုတ္တနယေနေဝ-(ဝိညူနာ ဝိနယဓရေန) ဝိနိစ္ဆိနိတဗ္ဗံ။

(ဃ) ပန-ဆက်၊ဒွီသု-နှစ်ခုသော်လည်းဖြစ်ကုန်သော၊တီသု-ကုန်သော၊ပဋိပါဋိယာ-အစဉ်အားဖြင့်၊ဌိတေသု-တည်သော နံရံ၊တံသင်းဆင်စွယ်ကောက်တို့၌၊အာရော

http://www.dhammadownload.com



ပေတွာ-တင်၍၊ဌပိတံ-သော၊ကုန္တိ၀ါ-လှံကိုသော်လည်းကောင်း၊ဘိန္ဒိ၀ါလံ ၀ါ-ခက်ရင်းကိုသော်လည်းကောင်း၊အဂ္ဂေ ၀ါ-အဖျား၌သော်လည်းကောင်း၊ဗုန္ဓေ ၀ါ-အရင်း၌သော်လည်းကောင်း၊ဂဟေတွာ၊အာကဍ္ဎတိ၊ကေမေကဿ-တစ်ခုတစ်ခုသော တံသင်း၏၊(၀ါ)-တစ်ခုတစ်ခုသော ဆင်စွယ်ကောက်၏၊ဖုဋ္ဌောကာသမတ္တေ-လှံစသည်ထိရာအရပ်ကို၊အတိက္ကန္တေ-လွန်အပ်ပြီးသော်။

(င) ဟိ-မှန်၊(ဘာ-ဋီ) ဟိ-ယသ္မာ၊(မအူ) (ပါကျအပြန်အလှန်ပေးနိုင်)

**နံပါတ် (၂)**

**(ခ)ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (က)ဝါကျဖြင့် ဘိတ္တိခီလ-အရ ဥဇုက အာကောဋိတဘိတ္တိခီလတို့ကို ကောက်ယူရမည်ကို ပြဆိုတော်မူပြီး၍။ယခုအခါ၌ နာဂဒန္တ-အရ ဝက်အာကောဋိတနာဂဒန္တကိုသာ ကောက်ယူရမည်ကို ပြလိုသော အဋ္ဌကထာဆရာသည် (ခ)ဝါကျကိုမိန့်။

**(ဂ)ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (က+ခ)ဝါကျတို့ဖြင့် ဘိတ္တိခီလ-အရ ဥဇုက, အာကောဋိတဘိတ္တိခီလ တစ္ဆဇာတကဘိတ္တိခီလနှင့် နာဂဒန္တ-အရ ဝက်အာကောဋိနာဂဒန္တတို့ကို ကောက်ယူရမည်ကို ဖွင့်ဆိုတော်မူအပ်၏။ထိုတို့၌ ချိတ်ဆွဲအပ်သောဘဏ္ဍာကို ခိုးယူရာ၌ အာပတ္တိဝိနိစ္ဆယကို အဘယ်သို့ဆုံးဖြတ်ထိုက်ပါသနည်း။ ချွန်းချိတ်၌ ဆိုအပ်ပြီးသောနည်းမှ တစ်ပါးသောနည်းဖြင့်လည်း အာပတ္တိဝိနိစ္ဆယကို ဆုံးဖြတ်ထိုက်ပါသလော။ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**(ဝုတ္တနယေနေဝ-၌ ဧဝ-ရှု၍ အာဘော်ထားသည်)**

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ဘိတ္တိခီလ, နာဂဒန္တတို့၌ ချိတ်ဆွဲအပ်သောဘဏ္ဍာကို ခိုးယူရာ၌ သင့်ရောက်သော အာပတ္တိဝိနိစ္ဆယကို ဖွင့်ပြတော်မူအပ်၏။ထို ဘိတ္တိခီလ, နာဂဒန္တတို့၌ တင်ထားအပ်သောဘဏ္ဍာကို ခိုးယူရာ၌ သင့်ရောက်နိုင်သော အာပတ္တိဝိနိစ္ဆယကို မပြဆိုပြီလော။ထိုတို့၌ တင်ထားအပ်သောဘဏ္ဍာကို ခိုးယူရာ၌ သင့်ရောက်နိုင်သောအာပတ္တိဝိနိစ္ဆယကား အဘယ်ပါနည်း။ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**(င)ဝါကျသို့ စောဒနာ။** ။ဆရာ (ဃ)ဝါကျဖြင့် နှစ်ခု, သုံးခုအစဉ်အားဖြင့်တည်သော နံရံ, တံသင်း ဆင်စွယ်ကောက်တို့၌ တင်ထားအပ်သော လှံ,ခက်ရင်းတို့ကို အဖျား၌သော်လည်းကောင်း၊အရင်း၌သော်လည်းကောင်း ခိုးယူသောရဟန်းအား တစ်ခုတစ်ခုသော တံသင်း,ဆင်စွယ်ကောက်၏ ထိရာအရပ်မျှကို လွန်လတ်သော် ပါရာဇိကအာပတ်သင့်၏ဟု ဖွင့်ဆိုတော်မူအပ်၏။အဘယ်ကြောင့် ထိုသို့ဆွင့်ဆိုတော်မူအပ်ပါသနည်း။လှံ, ခက်ရင်းတို့၏ ထိရာအရပ်မျှကိုသာ လွန်သေးသည်မဟုတ်ပါလော။ (ဂဟေတဗ္ဗတ္တ-အာဘော်)(တစ်နည်း)-တံသင်းအလုံးစုံ ဆင်စွယ်ကောက်အလုံးစုံကို မလွန်သေးသည်မဟုတ်ပါလော။(ဒိဝဍ္ဎေတ္တဗ္ဗတ္တ-အာဘော်)။ ဤသို့စုဒ်ကြောင့် (င)ဝါကျကိုမိန့်။

**န သဗ္ဗေ ခီလာ ဝါ နာဂဒန္တာ ဝါ -ဟူသော ဗျတိရေကအာဘော်ပါဋ္ဌိကို အာဘော်ထားသည်။**

http://www.dhammadownload.com



## နံပါတ် (၃)

(ခ)ဝါကျ ပက္ခန္တရ။ (ဂ)ဝါကျ ပက္ခန္တရ။-အဘိဓေယျတ္ထမှတစ်ပါး ဝိနိစ္ဆယ အဖို့တစ်ပါးကိုပြ။ (တစ်နည်း) ဝါကျာရမ္ဘ-ဝိနိစ္ဆယကို အဘယ်နည်းဖြင့် မှတသားအပ်ပါသနည်း-ဟူသော စောဒနာကိုပယ်လို၍ ဆက်လက်ပြ။ (တစ်နည်း)-ဝိတ္ထာရ၊ (တေ့သုံ-ကို၍)။

(ဃ)ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ။ ထိုတွင်-ဒွိသု, တီသု ။ပ။ အာကဗုတိ-တိုင်အောင် ကာရဏ၊ ကေမေကဿ-စသည် ဖလ။

(င)ဝါကျ ဒဋ္ဌီကရဏ၊ ကာရဏ။

**စာစပ်။** ။ဂဟေတွာ-ကား ၍-ပေးသောကြောင့် အာကဗုတိ-၌ သမာနကာလကြိယာဝိသေသန+ဝိသေသျ-စပ်။

## နံပါတ် (၄)

**ဗုန္ဒော။** ။ဝုဏီယတိ သံဝရိယတီတိ ဗုန္ဒော။(ဝု+ဒက်)ဒ-ပစ္စည်း။

ဝု-ဓာတ်အရ ကတ္တုဋ္ဌ-စောင့်ရှောက်တတ်သောပုဂ္ဂိုလ်၏ သတိ, ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-အရင်းအမြစ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ဒက်-ပစ္စည်းအရ ထို-သော အရင်းအမြစ် ရ၏။

**ဥဇုက်။** ။အကုဋိလဘာဝေန အဇတိ ပဝတ္တတီတိ ဥဇု။
ဥဇုမေဝ ဥဇုက်။

**နာဂဒန္တော။** ။ဒံသတီတိ ဒန္တော။
န ဂစ္ဆတီတိ နဂေါ။(ပဗ္ဗတော)
နဂေါဝိယာတိ နာဂေါ။
နာဂဿ ဒန္တော နာဂဒန္တော။

နာဂ-ဝိသေသနပုဒ်အရ ဆင်သည် မုချ။ ထို-၏ ဒန္တ-အရ အစွယ်နှင့် ဌာန+ဌာနီ၊ အဝယဝ+အဝယဝီ စပ် ဌာနူပစာ။ သမာသ်ပုဒ်လုံးအရ ထို-သော ဆင်၏အစွယ်သည် မုချအားဖြင့်ရ၏။ထိုသို့ရငြားသော်လည်း နာဂဒန္တ-သဒ္ဒါသည် သဒိသူပစာဖြစ်သောကြောင့် ဆင်စွယ်နှင့်တူသော ကောက်သောငုတ် ရ၏။

(ဥပစာ-ကောက် မကောက်လိုက နာဂဒန္တောဝိယာတိ နာဂဒန္တော-ဟု ဥပမာတဒ္ဓိတ် ဆင့်၍ကောက်)။

**ဖုဋ္ဌောကာသော။** ။ဖုသန္တိ ဧတ္ထာတိ ဖုဋ္ဌော။
အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော။
ဖုဋ္ဌော စ သော ဩကာသောစာတိ ဖုဋ္ဌောကာသော။

ဖုဋ္ဌ-ဝိသေသနပုဒ်အရ ထိရာ၏အဖြစ်ဟူသောဂုဏ်သည် မုချ။ ထို-၏ အရပ် ဌာနနှင့် ဂုဏ်+ဂုဏီစပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော ထိရာအရပ် ရ၏။

**ဖုဋ္ဌောကာသမတ္တံ။** ။ဖုဋ္ဌောကာသမေဝ မတ္တံ ဖုဋ္ဌောကာသမတ္တံ။

ဖုဋ္ဌောကာသ- ဟူသော ဝိသေသနပုဒ်အရ ထိရာအရပ်၏အဖြစ်ဟူသော

http://www.dhammadownload.com



တဗ္ဗာဝဘောဂုဏ်သည် မုချ။ ထို-၏ မတ္တ-ဟူသော နောက်ပုဒ်အရ ထိရာအရပ်မျှဟူသော ဝိသေသနိဝတ္တိ-အနက်နှင့် ဂုဏ်+ဂုဏေးစပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော ထိရာအရပ်မျှဟူသော ဝိသေသနိဝတ္တိ-အနက် ရ၏။

## နံပါတ် (၅)

| | |
|---|---|
| ဘိတ္တိ။ | ။ဘိဒိ+တ၊ (ဒွိဓာ ဘိန္ဒတိ ကာရော်တီတိ ဘိတ္တိ)။ |
| အာကောဋိတ။ | ။အာ+ကုဋ+တ။ |
| ဝဏ်။ | ။ဝဏ်+အ။ |
| ပဋိပါဋိယာ။ | ။ပဋိ+ပတ+ဏ၊ (ပဋိရူပေန ပဋနံ ပဋိပါဋိ)။ |
| အဂ္ဂ။ | ။အဇ+ဂ၊ (အဇတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ အဂ္ဂေါ)။ |
| ကုန္တ။ | ။ကတိ(ကန္တ)+အ။ |
| ဒန္တ။ | ။ဒါ+အန္တ။ (ဒါယတိ ဘိကွံ အနေနာတိ ဒန္တော)။ |
| ဒန္တ။ | ။ဒံသ+အန္တ။ (ဒသန္တိ ဘောဇ္ဇံ အနေနာတိ ဒန္တော)။ |
| ဒန္တ။ | ။ဒမု+တ။ |

## နံပါတ် (၆)

(က) ဥဇုံ ကတွာ ဘိတ္တိယံ အာကောဋိတော-ဖြင့် ဘိတ္တိခီလောကို ဘိတ္တိယံ အာကောဋိတော ခီလော ဘိတ္တိခီလော-ဟု မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း။ ဘိတ္တိခီလ-အရ ဖြောင့်ဖြောင့်နံရံ၌စိုက်ထားအပ်သော ငုတ်ကိုကောက်ယူရမည်ကိုလည်းကောင်း သိစေပါသည်။

ဥဇုကံ ကတွာ-ဖြင့် ဘိတ္တိခီလ-ဟူသည် ချွန်းချိတ်ကဲ့သို့ အကောက်မဟုတ် ဖြောင့်ဖြောင့်ပြုထားအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

တတ္ထ ဇာတကော-ဖြင့် ဘိတ္တိခီလော-ကို ဘိတ္တိယံ ဇာတော ခီလေ ဘိတ္တိခီလော-ဟု မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍၊ ဘိတ္တိခီလ-အရ နံရံ၌ အလိုလိုဖြစ်သောငုတ်ကို ကောက်ယူရမည်ကို သိစေပါသည်။

(ခ)ဝဏ်ော အာကောဋိတော ဧဝ-ဖြင့် နာဂဒန္တော-ကို နာဂဿ ဒန္တော နာဂဒန္တော။ နာဂဒန္တောဝိယာတိ နာဂဒန္တော-ဟု ပြု၍ ကောက်သော စိုက်အပ်သောငုတ်ကို နာဂဒန္တ-အရ သဒိသူပစာအားဖြင့် ကောက်ယူရမည်ကို သိစေပါသည်။ဧဝ-ဖြင့် အလိုလိုဖြစ်သောငုတ်ကို နာဂဒန္တ-အရ မကောက်ယူအပ်သည်ကို သိစေပါသည်။

## နံပါတ် (၇)

### ဘိတ္တိဝါလ/ဘိန္ဒိဝါလ/ဘိန္ဒိပါလ/ဘိတ္တိ ဝါ ဝါလံ ဝါ/ဘိန္ဒိဝါဠ. . .

ဘိန္ဒနသီလတာယ ဘိန္ဒိ၊ ဝါတိ ဂစ္ဆတိ ဧတေနာတိ ဝါလော၊အ လော၊ဘိန္ဒိ စ သော ဝါလောစာတိ ဘိန္ဒိဝါလော၊ ဠတ္တေ ဘိန္ဒိဝါဠော၊ရသေ၊ ဓာန်-ဋီ၊၃၉၄-ဂါထာကို ထောက်၍ ဘိန္ဒိဝါလ၊ဘိန္ဒိဝါဠ နှစ်ပါဌ်သင့်။(ဘိတ္တိဝါလ၊ဘိတ္တိဝါဠ၊ဘိန္ဒိ ဝါ ဝါလံ

http://www.dhammadownload.com



ဝါ-မသင့်)။ဘေဒနံ ပါလယတီတိ ဘိန္ဒိပါလော-ခက်ရင်း။ ပိဋကတ်တော်၌ကား ဘိဏ္ဍိဝါလော၊ဘိဏ္ဍိပါလော-ဟု ပါဌ်နှစ်ထွေရှိ၏၊ပ-ကို ဝ-ပြုသည်ဟုကြံ၊ ဓာတွတ္ထသင်္ဂဟ ဘိန္ဒိ-ဓာတ်အဖွင့်၌ ဆိုသောကြောင့် ဘိန္ဒိပါလ-လည်းသင့်။

အကုံသကေ/အင်္ကုသကေ. . .

အင်္ကေတိ အနေန အညေတိ အကုံသော၊အက်+သက်-ပစ္စည်း၊အက်-ဓာတ်နောင် ဥ-လာ၍ပြီးသောကြောင့်လည်းကောင်း၊အင်္ကုသ-ပုဒ်နောင် က-ပစ္စည်းသက်၍ပြီးသောကြောင့်လည်းကောင်း အကုံသကေ-ပါဌ်သင့်။ (မောဂ်၊၇။၂၁၅)

## နံပါတ် (၉)

ဘိတ္တိခီလ။ ။ဆိုလတ္တံ့ဖြစ်သော ဝင်္က, နာဂဒန္တမှကြွင်းသော ဥဇုကအာကောင်ရှိတဘိတ္တိခီလ-ကို ယူရသောကြောင့် ပါရိသေသနည်း၊အပေါင်းဖြစ်သော ဝင်္ကဘိတ္တိခီလ, ဥဇုကဘိတ္တိခီလ-တို့၏ ဘိတ္တိခီလ-အမည်ကို အစိတ်ဖြစ်သော ဥဇုကဘိတ္တိခီလ-၌ တင် ဧကဒေသျူပစာ။

ကုန္တံ ဝါ ဘိန္ဒိဝါလံ ဝါ။ ။အစိတ်ဖြစ်သော လှံ, ခက်ရင်းတို့၏ ဘိဏ္ဍိဝါလ-အမည်ကို အပေါင်းဖြစ်သော နံရံ, တံသင်း, ဆင်စွယ်ကောက်တို့၏အပေါ်၌ အလျားလိုက်တင်၍ ထားနိုင်ကောင်းသောပစ္စည်းတို့၌တင် ဧကဒေသူပစာ၊ ဥပလက္ခဏာနည်း။

နာဂဒန္တ။ ။အတူဖြစ်သော ဆင်စွယ်၏အမည်ကို အတူရှိသော ဆင်စွယ်ကဲ့သို့ကောက်သော ချိတ်၌ တင် သဒိသူပစာ။

## နံပါတ် (၁၀)

အာကဖုတိ-အရ အဒိန္နာဒါန-စေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကောက်။

## ဝါကျစဉ် (၆၀)

(က) တတ္ထ ဇာတကံ ပန တာလပိဏ္ဍိ စာလေန္တဿ ထုလ္လစ္စယံ၊ယသ္မိံ ဖလေ ပါရာဇိကဝတ္ထု ပူရတိ၊တသ္မိံ ဗန္ဓနာ မုတ္တမတ္တေ ပါရာဇိကံ။

(ခ) ပိဏ္ဍိံ ဆိန္ဒတိ ပါရာဇိကံ။

(ဂ) အင်္ဂေန ပဏ္ဏတ္တိံ အာရောပေတွာ ဌပိတာ ဒွေ ဌာနာနိ လဘတိ ဌပိတဌာနဉ္စ ဝဏ္ဍဌာနဉ္စ။

(ဃ) တတ္ထ ဝုတ္တနယေန ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

(င) ယော ပန "ဆိန္နမတ္တာ ပတမာနာ သဒ္ဒံ ကရေယျာ"တိ ဘယေန သယံ အင်္ဂေန ပဏ္ဏတ္တိံ အာရောပေတွာ ဆိန္ဒတိ၊ဆိန္နမတ္တေ ပါရာဇိကံ။

(စ) အတ္တနာ ကတဌာနံ ဟိ ဌာနံ န ဟောတိ။

(ဆ) ဧတေန ဥပါယေန သဗ္ဗရုက္ခာနံ ပုပ္ဖဖလေသု ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ (ဝိ၊ဋ္ဌ၊၁၊၂၈၅)

http://www.dhammadownload.com



## နံပါတ် (၁)

(က) ပန-ဆက်၊(ဘာ-ဋီ)၊ပန-အထူး(မအူ)၊တတ္ထ ဇာတကံ-ထိုထန်းပင်ပေါ်၌ဖြစ်သော၊တာလပိဏ္ဍံ-ထန်းသီးခိုင်ကို၊တသ္မိံ ဖလေ-သည်၊ဗန္ဓနာ-အညှာမှ၊မုတ္တမတ္တေ-သော်။

(ခ) ပိဏ္ဍံ-ထန်းသီးခိုင်ကို၊

(ဂ) အညေဟိ-တို့သည်၊ အဂ္ဂေန-အခိုင်၏အဖျားဖြင့်၊ပဏ္ဏန္တရံ-အရွက်တို့၏အကြားသို့၊ ဌပိတာ-ထားအပ်သောထန်းသီးခိုင်သည်၊ဌပိတဋ္ဌာနဥ္စ-ထားအပ်ရာဖြစ်သော အရပ်လည်းကောင်း၊ဝဏ္ဋဋ္ဌာနဥ္စ-အညှာအရပ်ကိုလည်းကောင်း။

(ဃ) တတ္ထ-ထိုထန်းသီးခိုင်၌။

(င) ပန-ဆက်၊ယောဘိက္ခု၊ဆိန္နမတ္တာ-ပြတ်အပ်ပြီးကာမျှသော ထန်းသီးခိုင်သည်၊ပတမာနာ-ကျလတ်သော်၊ဆိန္နမတ္တေ-ပြတ်အပ်သော်၊(ပိဏ္ဍိယာ-လက္ခဏာဝန္တ၊ဆိန္နမတ္တာယ-ဟု ပြင်သည်)

(စ) ဟိ-ယသ္မာ၊

(ဆ) ဌာနေ ဥပါယေန-ဤအကြောင်းဖြင့်။

## နံပါတ် (၂)

(ခ)ဝါကျသို့ အနုသန္ဓေ။ ။ဤသို့ (က)ဝါကျဖြင့် ထန်းပင်ပေါ်၌ရှိသော ထန်းသီးကိုဖြတ်၍ခိုးရာ၌ အဆုံးအဖြတ်ကိုပြပြီး၍၊ယခုအခါ၌ ထန်းသီးအခိုင်ကို ဖြတ်၍ခိုးရာ၌ အဆုံးအဖြတ်ကို ပြခြင်းငှါ (ခ)ဝါကျကိုမိန့်။

(ဂ)ဝါကျသို့ အနုသန္ဓေ။ ။ဤသို့ (ခ)ဝါကျဖြင့် ထန်းသီးခိုင်ကို ဖြတ်၍ခိုးရာ၌ အဆုံးအဖြတ်ကိုပြပြီး၍၊ယခုအခါ၌ ထန်းသီးခိုင်အဖျားဖြင့် ထန်းရွက်အဖျားသို့ သူတစ်ပါးတင်ထားအပ်သော ထန်းသီးခိုင်ကိုခိုးရာ၌ အဆုံးအဖြတ်ကိုပြလိုသော အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဌာနဘေဒကို ပြခြင်းငှါ (ဂ)ဝါကျကိုမိန့်။

(ဃ)ဝါကျသို့ စောဒနာ။ ။ဆရာ (ဂ)ဝါကျဖြင့် ထန်းသီးခိုင်အဖျားဖြင့် ထန်းရွက်ကြားသို့ သူတစ်ပါးတင်ထားအပ်သော ထန်းသီးခိုင်၏ ဌာနဘေဒကို ပြတော်မူ၏။ထိုထန်းသီးခိုင်၌ ဝိနိစ္ဆယကို အသို့သိအပ်ပါသနည်း။ဆိုလတ္တံ့သောနည်းအားဖြင့် (ဝါ)-ဆိုအပ်ပြီးသောနည်းမှတစ်ပါးသော နည်းအားဖြင့် သိအပ်ပါသလော။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

(င)ဝါကျသို့ အယုတ္တာဘောဂစောဒနာ။ ။ဆရာ(င)ဝါကျဖြင့် ခိုးသူရဟန်းကိုယ်တိုင် ထန်းသီးခိုင်အဖျားဖြင့် ထန်းရွက်အကြားသို့ တင်၍ခိုးရာ၌ အဆုံးအဖြတ်ကို ပြတော်မူ၏။အဘယ်ကြောင့် ထန်းသီးခိုင်ကို ဖြတ်ခြင်းမျှ၌ ပါရာဇိကအာပတ်သင့်ပါသနည်း။တည်ရာအရပ်မှ မရွေ့လျောသေးသည်မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က) ဝါကျစသည် ပက္ခန္တရ။ (ခ) ဝါကျ ပက္ခန္တရ။

http://www.dhammadownload.com



(က) ဝါကျတွင် ယသ္မိံ ဖလေ-စသည် ပက္ခန္တရတတ္ထ ဇာတကံ-စသည် ဖလ။
(ဂ) ဝါကျ ပက္ခန္တရ။ (ဃ) ဝါကျ ပက္ခန္တရ။
(င) ဝါကျ ပက္ခန္တရ။ (စ) ဝါကျ ကာရဏ။
(ဆ) ဝါကျ ပက္ခန္တရ။(တစ်နည်း)-ဝါကျာရမ္ဘဥပန်ျာသ။

## နံပါတ် (၄)

**တာလော။** **။တာလေတိ တာလယတိ တာလော။**
**ပုပ္ဖဖလာဒီနိ တာလေန္တိ ဧတ္ထာတိ တာလော။(ရုက္ခော)**
**တာလဿ ဣဒံ တာလံ။(ဖလံ)**

တလ-ဓာတ်အရ ကတ္တုရူ-ဥတုဇရုပ်တို့၏ ဥပါဒ်သည် မုချ။အဓိကရဏတ္ထ-ထန်းပင်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ဏ-ပစ္စည်းအရ ထန်းပင်ရ၏။

**တာလပိဏ္ဍိ။** **။ပိဏ္ဍော အဿ အတ္ထီတိ ပိဏ္ဍိ။(ပိဏ္ဍီဝါ)**
**အဝယဝဖလာနိ ပိဏ္ဍေန္တိ ဧတ္ထာတိဝါ ပိဏ္ဍိ။**
**တာလဿ ပိဏ္ဍိ တာလပိဏ္ဍိ။**

တာလ-ဟူသော ဝိသေသနပုဒ်အရ ထန်းသီးခြိုင်ရ၏။ထို-၏ ထန်းသီးခိုင်နှင့် အစိတ်+အပေါင်း စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ထန်းသီးခိုင်ရ၏။

**စာလေန္တော။** **။စာလေတီတိ စာလေန္တော။**

စလ-ဓာတ်အရ သုဒ္ဓကတ္တုရူ ထန်းသီးခိုင်၏ လှုပ်ခြင်းဟုဆိုအပ်သော ဒေသန္တရုပ္ပတ္တိဟောဂုဏ်သည် မုချ။ဟေတုကတ္တုရူ-ရဟန်း၏ပကတူပနိဿယသတ္တိသည် ဖလူ၊ အန္တပစ္စည်းအရ ရဟန်းခြိုပ်ရ၏။

**ပဏ္ဏန္တရံ။** **။ပဏ္ဏာနံ အန္တရံ ပဏ္ဏန္တရံ။**
**ဝဏ္ဋဋ္ဌာနံ။** **။ဝဏ္ဋဿ တံ ဌာနဥ္စာတိ ဝဏ္ဋဋ္ဌာနံ။**

## နံပါတ် (၅)

(က) တတ္ထ-ဌပိတပိဏ္ဍကိုစွဲရကား ဌာနာနုရူပအားဖြင့် ဣတ္ထိလိင်(တစ်နည်း) တတ္ထာတိ ဌပိတဌာနေဇဏ္ဍနဌာနေသု. ဟုယောဇနာဥ်ဆိုသောကြောင့် ဌာနာနုရူပ အားဖြင့် နပုလ္လိင်ဖြစ်ပါသည်။

**ဗန္ဓနာ။** **။ဗန္ဓ+ယု။ဗန္ဓနတ္ထ၊ကာရဏန္တ။**
**ပိဏ္ဍိ။** **။ပိဒိ+ဣ။သဃာတတ္ထ၊အဓိကရဏတ္ထ။**
**ဥပါယေန။** **။ဥ+အယ+ဏ။ဂတျတ္ထ၊ကရဏတ္ထ။**

## နံပါတ် (၇)

ပါရာဇိကဝတ္ထု ပူရတိ/ ပါရာဇိကဝတ္ထုံ ပူရတိ. . .

" ယသ္မိံ ဖလေ" ဟူသောအာဓာရပုဒ်ကိုထောက်၍ " ပါရာဇိကဝတ္ထု" ဟု သုဒ္ဓကတ္တားပုဒ်ဖြစ်သင့်သောကြောင့်လည်းကောင်း၊သုဒ္ဓကတ္တားအားလျော်စွာ ပူရတိ.

http://www.dhammadownload.com



ဟု သုဒ္ဓကြိယာရှိသင့်သောကြောင့်လည်းကောင်း " ပါရာဇိကဝတ္ထု ပူရတိ" ပါဌ်သာသင့်။

**ဝဇ္ဇာဋ္ဌာနံ/ဝဇ္ဇာဋ္ဌာနံ**

" ဝဇ္ဇံ ပုဗ္ဗာဒိ ဗန္ဓနံ" ဓာန် (၅၄၄)၊ဝဇ္ဇာန္တိ ဧတ္ထာတိ ဝဇ္ဇော၊(ကစ္စည်း) လောကီကျမ်းတို့၌ ဋနှင့်ရှိ၏၊မဂဓကျမ်းတို့၌ကား ဍနှင့်ရှိ၏။ဝဒိ ဓာတ်၌လည်း ဘာဇ နတ္ထ စသည်လာရကား (၂)ပါဌ်သင့်။

**ပတမာနာ သဒ္ဓိံ/ပတမာနံ သဒ္ဓိံ. . .**

ပတမာနသဒ္ဒါသည် သဒ္ဓိံဟူသောနောက်ပုဒ်၏ ဝိသေသနမဟုတ်၊ဆိန္နမတ္ထာ (ပိဏ္ဍိ)ဟူသောနောက်ပုဒ်တို့နှင့် အရတူသောကြောင့် တုလျာဒိကရဏပုဒ်ဖြစ်၍ ထို ပုဒ်တို့အားလျော်စွာ ဣတ္ထိလိုင်ပဌမန္တဖြစ်သင့်သောကြောင့် " ပတမာနာ သဒ္ဓိံ" ပါဌ် သာသင့်။

## နံပါတ်(၈)

**ကုရုန္ဒိယံ။** ။ကုရုန္ဒိဝလ္လိဝိဟာရမည်သော ကျောင်းတိုက်ကို ဧကဒေသ ဝေါဟာရအားဖြင့် ကုရုန္ဒိ. ဟုခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသဝေါဟာရနည်း။

**မှတ်ချက်။** ။ဘိမသေနောကို "ဘိမော"ဟုလည်းကောင်း၊ ဒေဝဒတ္တောကို "ဒတ္တော" ဟုလည်းကောင်း၊ခေါ်သကဲ့သို့တည်း။

ဌာနဖြစ်သောကျောင်း၏အမည်ကို ဌာနီဖြစ်သော ထိုကျောင်း၌စီရင်အပ်သော ကျမ်း၌တင် ဌာနူပစာ(ဋီကာ)အဘေဒနည်း(ဂဏ္ဌိ)

**ပိဏ္ဍိ ဆိန္နတိ။** ။အပေါင်းဖြစ်သော ထန်းသီးခိုင် တစ်ခိုင်လုံး၏အမည်ကို အစိတ်ဖြစ်သော ခါးဖြင့်ဖြတ်အပ်သောအရပ်၌တင် ဧကဒေသျူ/သမုဒါယူ။အဘေဒ နည်း။(ကြိယာနှင့်တွေ့လျှင်များသောအားဖြင့် ဧကဒေသျူများသည်)

## ဝါကျစဉ် (၆၁)

(က) ခုဒ္ဒကမာတိကာသု ပန အာဝါဠေသုပိ ပဝိဋ္ဌံ ဂဏ္ဍော ဂဟိတသ အဍ္ဍဝသေန ကာရေတဗ္ဗော။

(ခ) သစေ တတော ဂယှမာနော မဏ္ဍော အာကာသေဝ ဥပ္ပတတိ၊တီရေ ဝါ ပတတိ၊ တံ အာကာသဋ္ဌံ ဝါ တီရဋ္ဌံ ဝါ ဥဒကဝိမုတ္တံ ဂဏှတော အဝဟာရော နတ္ထိ။

(ဂ) ကသ္မာ? ယသ္မာ အတ္တနော ပရိဂ္ဂဟဋ္ဌာနေ ဋ္ဌိတသောဝ တေ သာမိကာ။

(ဃ) ဧဝရူပါ ဟိ တတ္ထ ကတိကာ (ဂတိကာ)။

(င) ကစ္ဆပေပိ ဧသေဝနယော။ (ဝိ၊၄၁၊၂၈၈)

## နံပါတ် (၁)

(က) ပန- ပြုစေအပ်သည်ကိုဆိုဦးအံ့၊ ခုဒ္ဒကမာတိကာသု- မြောင်းငယ်တို့၌

http://www.dhammadownload.com



သော်လည်းကောင်း၊အာဝါရေသု ဝါ-တွင်းယော်တို့၌သော်လည်းကောင်း၊ ပဝိဋ္ဌံ-ဝင်ပြီးသောငါးကို၊ ဂဏှန္တော-ဖမ်းယူသောရဟန်းကို၊ ဂဟိတဿ-ဖမ်းသောငါး၏။

(ခ) တတော-ထိုမြောင်းယော်မှ၊ (ဝါ)-ထိုတွင်းမှ၊ ဂယှမာနော-ဖမ်းယူအပ်သော်၊ (ဝါ)-ဖမ်းယူအပ်သော ။ပ။ တံ-ထိုငါးကို၊ အာကာသဋ္ဌံ ဝါ-ကောင်းကင်၌တည်သည်မှလည်းဖြစ်သော၊ ဥဒကဝိနိမုတ္တံ-ရေမှလွတ်သောငါးကို။

(ဂ) ကသ္မာ?၊အဝဟာရော၊နတ္ထိ၊ယသ္မာ၊အတ္တနော၊ပရိဂ္ဂဟဋ္ဌာနေ သိမ်းပိုက်အပ်သောအရပ်၌၊ ဌိတဿေဝ-တည်သောငါး၏သာ၊တေ-ထိုလူတို့သည်၊ သာမိကာ-ပိုင်ရှင်တို့တည်း၊တသ္မာ၊ အဝဟာရော၊ နတ္ထိ။

(ဃ) ဟိ-မှန်၊ ဧဝရူပါ-ဤသို့ကောင်းကင်၌သော်လည်းတည်ခြင်း, ကမ်း၌သော်လည်းတည်ခြင်း, ရေမှလွတ်ခြင်းသဘောရှိကုန်သော၊ တ ဘ္ဘဂတိကာ-ထိုကောင်းကင်၌တည်သောငါး, ကမ်း၌တည်သောငါးတို့နှင့် အလားတူကုန်၏၊ (ဝါ)-တစ်ဘက်ဆည်ကန်ကြီးမြောင်းမ၌တည်သော ငါးတို့နှင့်တူကြကုန်၏။တသ္မာ၊ အဝဟာရော၊ နတ္ထိ။

(ဟေတုဖလသမ္ဗန္ဓယောဇနာ-နည်းတည်း)(မအူ)

## နံပါတ် (၂)

(ခ)ဝါကျသို့ စောဒနာ။ ။ဆရာ (က)ဝါကျဖြင့် မြောင်းယော်တို့၌လည်းကောင်း တွင်းတို့၌လည်းကောင်း ဝင်လာသောငါးကို ဖမ်းယူသောရဟန်းကို ဖမ်းယူအပ်သောငါး၏တန်ဖိုးဖြင့် အာပတ်ကို ဆုံးဖြတ်ထိုက်၏ဟု ဖွင့်ပြအပ်၏။အကယ်၍ ထိုဖမ်းယူအပ်သောငါးသည် ကောင်းကင်၌လည်းကောင်း၊ ကမ်းပေါ်၌လည်းကောင်း တည်လျက် ရေမှလွတ်ချိန်ဖြစ်အံ့ ဖမ်းယူသောရဟန်းကို ရှေးနည်းတူ ဖမ်းယူအပ် သာငါး၏တန်ဖိုးဖြင့်ပင် အာပတ်ကိုဆုံးဖြတ်အပ်ပါသလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

(တစ်နည်း)-အာဘော်-ရေမှလွတ်သောငါးကို ယူရာ၌လည်း ဆိုကောင်းသည်မဟုတ်ပါလော။

(ဂ)ဝါကျသို့ စောဒနာ။ ။ဆရာ (ခ)ဝါကျဖြင့် ရေမှလွတ်သောအရပ်ဖြစ်သော ကောင်းကင်၌လည်းကောင်း၊ ကမ်းနား၌လည်းကောင်း ရောက်သောငါးကို ဖမ်းယူသောရဟန်းအား အဝဟာရ-မရှိဟု ဆိုတော်မူ၏။အဘယ်ကြောင့် အဝဟာရ-မရှိပါသနည်း။ ထိုငါးသည် ရဟန်း၏လှံ့လ ပယောဂကြောင့်ပင် ကောင်းကင်, ကမ်းနားတို့၌ တည်နေသည်မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

(ဃ)ဝါကျသို့ စောဒနာ။ ။ဆရာ (ဂ)ဝါကျဖြင့် မိမိသိမ်းပိုက်ရာအရပ်၌တည်သောငါး၏သာ လူတို့သည် အရှင်သခင်ဖြစ်သောကြောင့် အဝဟာရ-မရှိဟု ဆိုအပ်၏။ ထိုစကား အသို့လျှင်သင့်နိုင်ပါအံ့နည်း။ လူတို့သည် မြောင်းယော်, တွင်းယော်တို့၌တည်သောငါး၏ အရှင်သခင်ဖြစ်သကဲ့သို့ အာကာသ, တီရဌငါးတို့၏လည်း အရှင်သခင်ဖြစ်ကုန်ရာသည်မဟုတ်ပါလော၊ (ဝါ)-ထိုငါးတို့သည် သိမ်းဆည်းသည့်မြောင်းမှဖြစ်ကြသည်မဟုတ်ပါလော။(ဂဏ္ဌိ) ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

http://www.dhammadownload.com



(င)ဝါကျသို့ စောဒနာ။ ။ဆရာ (က)စသောဝါကျတို့ဖြင့် မြောင်းငယ်, တွင်းငယ်တို့၌ဝင်သော ငါး, အာကာသဌ္ဌ တီရဋ္ဌငါးတို့ကို ခိုးယူရာ၌ အဆုံးအဖြတ်ကို ပြဆိုတော်မူအပ်၏။ ထိုငါးပါးတို့၏အဆုံးအဖြတ်ကိုသာ မှတ်သားထိုက်ပါသလော။ အဘယ်၌လည်း အဆုံးအဖြတ်ကို မှတ်သားအပ်ပါသေးသနည်း။(ပိ-ကိုရှ)။

(တစ်နည်း)- ဌပနာတူပြီ။ လိပ်ကိုခိုးရာ၌ ဤမှတစ်ပါးသော နည်းတို့ဖြင့်လည်း အဆုံးအဖြတ်ကို မှတ်သားအပ်ပါသလော။ (ဇဝ-ကိုရှ) ဤသို့စုဒ်ကြောင့် (င)ဝါကျမိန့်။

## နံပါတ် (၃)

(ခ) ဝါကျ ဝိသေသ၊ ဗျတိရေက၊ (ဂ) ဝါကျ ကာရဏ။
(ဃ)ဝါကျ ဒဠှီကရဏ။ (င) ဝါကျ ပက္ခန္တရ၊ ဝါကျာရမ္ဘ။

## နံပါတ် (၄)

**မစ္ဆော။** ။မသန္တိ ဖလန္တိ မစ္ဆော။(မသ္မ အာမသနေ ၊ ဆ ၊ သဿ-စော)

မသ-ဓာတ်အရ ရေကိုသုံးသပ်သောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ (တစ်နည်း)-ငါး၏ ကူးခပ်သောအခြင်းအရာအားဖြင့်ဖြစ်သော ကာယ**ဝိညတ္တိ**သမုဋ္ဌာပက စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူပစာ။ဆ-**ပစ္စည်း**အရ ထို-သော ငါးရ၏။

**မစ္ဆော။** ။မရတီတိ မစ္ဆော။ (မရ+ဆ)

မရ-ဓာတ်အရ ဝိပါတ် ဥပစ္ဆေဒသဟဂုတ် သန္တိရဏစိတ္တုပ္ပါဒ်၏ ဘင်ခဏသည် မုချ။ ရှေးရှေးသော ရုပ်နာမ်အစဉ်သည် ဖလူပစာ။ နောက်နောက်သော ရုပ်နာမ်အစဉ်သည် ကာရဏူပစာ။ ဆ-ပစ္စည်းအရ ထို-သော ငါး ရ၏။

**ခုဒ္ဒကမာတိကာ။** ။ခုဒ္ဒမေဝ ခုဒ္ဒကာ။
**မာတာဝိယာတိ မာတိကာ။**
**ခုဒ္ဒကာ မာတိကာ ခုဒ္ဒကမာတိကာ။**

ခုဒ္ဒက-အရ ငယ်သောဂုဏ်သည် မုချ။ ထို-၏ မြောင်းနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ငယ်သောမြောင်း ရ၏။

**အာဝါဋော။** ။**အဇ္ဈတေ ခညတေတိ အာဝါဋော။(အဝ+အာဋဏ်ပစ္စည်း)**
**(မောဂ်၊၇၊၅၄)**

အဝ-ဓာတ်အရ ကတ္တုဋ္ဌ-ထူးသောပုဂ္ဂိုလ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌ-အာရမ္မဏ, ပကတ္တူပနိဿယသတ္တိသည် ဖလူပစာ။ အာဋဏ်-ပစ္စည်းအရ ထို-သော တွင်း ရ၏။

**အာကာသဋ္ဌော။** ။**အာကာသေ တိဋ္ဌတီတိ အာကာသဋ္ဌော။**

**ပရိဂ္ဂဟဌာနံ။** ။**ပရိဂ္ဂယှတိ ဓတ္တောတိ ပရိဂ္ဂဟံ။**
**ပရိဂ္ဂဟဉ္စ တံ ဌာနဉ္စာတိ ပရိဂ္ဂဟဌာနံ။**

http://www.dhammadownload.com



## နံပါတ် (၅)

| | |
|---|---|
| ပဝိဋ္ဌ॥ | ॥ပ+ဝိသ+တ॥ |
| တစ္ဆပေါ॥ | ॥ကစ္ဆသဒ္ဒူပပဒ ပါ+ဏွ॥ (ကစ္ဆေန ပိဝတီတိ ကစ္ဆပေါ)॥ |
| ကစ္ဆော॥ | ॥ကစ+ဆ॥ (ကစီယတိ ဗန္ဓီယတီတိ ကစ္ဆော)॥ |
| ခုဒ္ဒ॥ | ॥ခုဒ+ဒက်॥ (ခုဒတိအသဟတီတိ ခုဒ္ဒေါ)॥ |
| တီရ॥ | ॥တီရ+အ॥ |
| ဝိနိမုတ္တ॥ | ॥ဝိ+နိ+မုစ+တ॥ |
| နယ॥ | ॥နီ+ဏ॥ |

## နံပါတ် (၆)

(က) ဋ္ဌိတသောဝ တေ သာမိကာ-ဖြင့် မိမိသိမ်းပိုက်ရာအရပ်၌ တည်သောငါး၏သာ လူတို့သည် ပိုင်ရှင်ဖြစ်သည်ကို သိစေပါသည်။(အန္ဝယ)

မိမိသိမ်းပိုက်ရာအရပ်မှလွတ်သော အာကာသငှငါး, တီရငှငါးတို့ကို လူတို့သည် ပိုင်ရှင်မဟုတ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဗျတိရေက)

အတ္တနော ပရိဂ္ဂဟဋ္ဌာနေ-ဖြင့် ထိုလူတို့ပိုင်သော ငါးတို့ဟူသည် ပိုင်ရှင်၏ သိမ်းပိုက်ရာ မြောင်းငယ်တွင်းတို့၌တည်သော ငါးတို့ပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

အများနှင့်မဆက်ဆံသော သိမ်းပိုက်ရာအရပ်၌ တည်သောငါးတို့မဟုတ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

**သဗ္ဗသာဓာရဏော အပရိဂ္ဂဟဋ္ဌာနေ ဂဟိတတ္တာ॥ (သာရတ္ထ)**

အပေါင်းသံဝဏ္ဏနာ-ဖြင့် အဝဟာရ-မရှိခြင်းအကြောင်းကို သိစေပါသည်။

## နံပါတ် (၇)

**အာဝိဉ္ဆေသု/အဝိဉ္ဆေသု. . .**

အဝိဉ္ဆေ အာဝိဉ္ဆေသု စ ဒွေ ပရိယာယော-ဟု ယောဇနာ၌ဆိုသောကြောင့် နှစ်ပါဌ်သင့်။

**ခုဒ္ဒကမာတိကာသု/ခုဒ္ဒိကာမာတိကာသု. . .**

ခုဒ္ဒက-သဒ္ဒါသည် ဟောဖူးသောပုလ္လိင်ဖြစ်သောကြောင့်လည်းကောင်း။ကမ္မဓာရာယ်သမာသ်ဖြစ်သောကြောင့်လည်းကောင်း။ မာတိကာ-ဟူသော ဣတ္ထိလိင်-သဒ္ဒါနှောင်းသောကြောင့်လည်းကောင်း။ ပုလ္လိင်ကဲ့သို့ ငဲ့၍ပြီးသောကြောင့်လည်းကောင်း။ ခုဒ္ဒကမာတိကာသု-ပါဌ်သာသင့်။

(ပြာဟ္မဏီ စ သာ ဒါရိကာစာတိ ပြာဟ္မဏဒါရိကာ-ကဲ့သို့ မှတ်ပါ)။

**တတ္ထဂတိကာ/တတ္ထကတိကာ. . .**

တတ္ထ ဂတာ တတ္ထဂတာ၊ တတ္ထဂတာ ဝိယာတိ တတ္ထဂတိကာ။ ဏိက-ပစ္စည်း ဥပမာ-အနက်၌ သက်၍ပြီးသောကြောင့်လည်းကောင်း။တတ္ထဂတိကာပုဒ်ကို နိဿယ၊

http://www.dhammadownload.com



ဂဏ္ဍိ-တို့၌ အတ္ထယောဇနာသောကြောင့်လည်းကောင်း တတ္ထဂတိကာ-ပါဌ်သင့်။

သာရတ္ထဋီကာ-၌ကား **န အဝဟာရောတိ ဣဓ ပုဗ္ဗသဒိသံ န ဟောတီတိ အာဟ "တသ္မာ ။ပ။ ဝေရူပါ ဟိ တတ္ထကတိကာ"**တိ-ဟု ဖွင့်ဆိုသည်။ ထိုအလို တတ္ထကတိကာ-ပါဌ်သင့်။ (သာရတ္ထ၊ ၂၊ ၂၄၁)။

## နံပါတ် (၉)

**အဝဟာရော နတ္ထိ။** ။အကြောင်းဖြစ်သော ခိုးခြင်းမရှိခြင်း၏ အဝဟာရော နတ္ထိ-အမည်ကို အကျိုးဖြစ်သော ခိုးခြင်းကြောင့်သင့်ရောက်သော ပါရာဇိကအာပတ်, ထုလ္လစ္စည်းအာပတ်, ဒုက္ကဋ်အာပတ် သင့်ရောက်ခြင်းမရှိခြင်း၌တင် ကာရဏူပစာ။ နာနန္တရိက-နည်း။(တစ်နည်း)- ပါရာဇိကအာပတ်စသည်သို့ မရောက်ဟု အနက်ရောက်သောအားဖြင့် ဆိုအပ်သောကြောင့် အတ္ထာပန္န-နည်း။

**ဂယှမာနေ။** ။သော့်/သော နှစ်ချက်ပေး၍ ဘိန္နသတ္တိ-နည်းများ ရသည်ကို သတိပြုပါ။

**ဧသေဝ နယော။** ။သဒိသူပစာ။ (ဤနည်းနှင့်တူသောနည်း)။

**အာကာသဋ္ဌ,တီရဋ္ဌ။** ။ကေဒေသူပစာ။(လှုပ်ဆိုင်သော ရေသတ္တဝါအားလုံး ရနိုင်သောကြောင့်)။

## နံပါတ် (၁၀)

မစ္ဆ-အရ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ်နှင့် ကမ္မဇရုပ် အရကောက်။

## ဝါကျစဉ် (၆၂)

(က) နာဝဋ္ဌေ ပဌမံ တာဝ နာဝံ ဒဿေန္တော **"နာဝါ နာမ ယာယ တရတီ"**တိ အာဟ။

(ခ) တသ္မာ ဣဓ အန္တမသော ရဇနဒေါဏိကာပိ ဝေဏုကလာပကောပိ နာဝါတွေဝ ဝေဒိတဗ္ဗော။

(ဂ) သီမာသမ္မန္နနေ ပန ဓုဝနာဝါ အန္တော ခဏိတွာ ဝါ ဖလကေဟိ ဗန္ဓိတွာ ဝါ ကတာ သဗ္ဗန္တိမေန ပရိစ္ဆေဒေန တိဏ္ဏံ ဝါဟနိကာဝ ဝဋ္ဋတိ။

(ဃ) ဣဓ ပန ဧကဿပိ ဝါဟနိကာ နာဝါတွေဝ ဝုစ္စတိ။

(င) နာဝါယ နိက္ခိတ္တန္တိ ယံကိဉ္စိ ဣန္ဒြိယဗဒ္ဓံ ဝါ အနိန္ဒြိယဗဒ္ဓံ ဝါ။

(ဝိ၊၃၁၊ ၂၈၉)

## နံပါတ် (၁)

(က) နာဝဋ္ဌေ-နာဝဋ္ဌဘဏ္ဍာ၌၊ (ဝိနိစ္ဆယော၊ဝေ၊ဝေဒိတဗ္ဗော)ပဌမံ တာဝ-လေ

http://www.dhammadownload.com



၌တည်သောဘဏ္ဍာမှရှေးဦးစွာ၊ (ပဌမ+တာဝ အနက်တူ)၊ ပဌမံ-နာဝဋ္ဋမှရှေးဦးစွာ၊ တာဝ-အစဉ်အတိုင်း၊(အနက်တူ)။ (တစ်နည်း)-ပဌမံ-နာဝဋ္ဋ၏ရှေးဦးစွာ။

**နိယံ။ ။ပဌမံတာဝ၊ ရှိလတ်ကမူ၊ အပါဒါန်နှင့်၊ သမ္ဗန်အနေ၊ လာမြဲပေ။**

**(ရှင်တိပိဋက-၃၀)**

**ဒသေဿော-ကရိုဏ်း နာဝါနာမ ယာယတရတိတိပဒေန။**

**နိယံ။ ။အာကာရနှင့်၊ အာဟ၏ကံ၊ ဤနှစ်တန်၊ အမှန်ဒဿနကရိုဏ်းဖြစ်မြဲ။**

**(ဘုရားကြီး-၁၉)**

(ခ) တသ္မာ-ထိုသို့ကူးသွားကြောင်းဟူသမျှကို နာဝါ-ဟု ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ ဣဓ-ဤနာဝဋ္ဋကထာ၌၊ (ဘာ-ဋီ) ဝါ-ဤ နာဝါနာမ ယာယ တရတိ ဟူသောစကား၌၊ ရဇနဒေါဏိကာပိ-ဆိုးရည်ကျင်းကိုလည်းကောင်း၊ ဝေဏုကလာပကောပိ-ဝါးစည်းကိုလည်းကောင်း။

(ဂ) သီမာသမ္ဗန္ဓနေ-သိမ်သမုတ်ရာ၌၊ အန္တော-သစ်သားအတွင်း၌၊ ခဏိတွာ ဝါ-ထွင်း၍သော်လည်းကောင်း၊ ဖလကေဟိ-ပျဉ်ချပ်တို့ဖြင့်၊ ဗန္ဓိတွာ ဝါ-ဖွဲ့၍သော်လည်းကောင်း၊ကတာ-သော၊ သဗ္ဗန္တိမေန-အလုံးစုံတို့၏အဆုံး၌ဖြစ်သော၊ ပရိစ္ဆေဒေန-ဖြင့်၊ တိဏ္ဏံ-တို့ကို၊ ဝါဟနိကာဝေ-ဆောင်နိုင်သည်သာလျှင်ဖြစ်သော၊ ခုဒ္ဒနာဝါ-မြဲသောလှေသည်။

(ဃ) ပန-အထူးကား၊(သစေ ဣဓ၊ နောက် ပန၊ ဝိသေသဟူစွဲ)။ဣဓ-ဤနာဝဋ္ဋကထာ၌။

(င) ဣန္ဒြိယဗဒ္ဓံ-ကာယိန္ဒြေဖြင့် ဖွဲ့အပ်သောဘဏ္ဍာသည်လည်းကောင်း၊(ဝါ)-သက်ရှိဘဏ္ဍာသည်လည်းကောင်း။

## နံပါတ် (၂)

**(က)ဝါကျသို့ စောဒနာ။** ။ဆရာ မြတ်စွာဘုရားသည် ပဒဘာဇနီပါဠိတော်၌ "နာဝါနာမ ယာယ တရတိ"ဟူ၍ မိန့်ဆိုတော်မူအပ်၏။ ထလဋ္ဋကထာ၌ "ထလဋ္ဋံနာမ ဘဏ္ဍံ ထလေ နိက္ခိတ္တံ"ဟူသကဲ့သို့ ဤ၌လည်း "နာဝဋ္ဋံနာမ ဘဏ္ဍံ နာဝါယ နိက္ခိတ္တံ"ဟူ၍ ဆိုသင့်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် "နာဝါနာမ ယာယ တရတိ"ဟူ၍ ဆိုအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (က)ဝါကျမိန့်။

**(ခ)ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (က)ဝါကျဖြင့် နာဝဋ္ဋဘဏ္ဍာကို မပြမီရှေးဦးစွာ နာဝါ-ကိုပြတော်မူလိုသော ဘုရားရှင်သည် နာဝါနာမ-စသော စကားတို မိန့်ဆိုအပ်၏-ဟု ဖွင့်ပြအပ်၏။ ထိုသို့ဆိုအပ်သဖြင့် အဘယ်သို့သောအကျိုးကို ရအပ်ပါသနည်း။ အကျိုးမရ နိရတ္ထက-ဟု မှတ်အပ်ပါသလော၊ (တသ္မာ-ကို၍)။

(တစ်နည်း)-ဤနာဝါ-စသော စကားရပ်၌ နာဝါယ-အရ ဆိုးရည်ကျင်းကိုသာ အလိုရှိအပ်ပါသလော။ အဘယ်တို့ကိုလည်း အလိုရှိအပ်ပါသေးသနည်း။(သရုပ်နှင့် ပိ-ကို၍) ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**(ဂ)ဝါကျသို့ စောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် ဤနာဝဋ္ဋကထာ-၌

http://www.dhammadownload.com



နာဝါ-အရ အောက်ထစ်ဆုံးအားဖြင့် ဆိုးရည်ကျင်းကိုလည်းကောင်း၊ ဝါးစည်းငယ်ကိုလည်းကောင်း လိုအပ်သည်ကို ပြတော်မူ၏။ နဒီပါရ-ရေသိမ်သမုတ်ရာ၌ ထိုတို့ကိုသာ နာဝါ-အရ အလိုရှိအပ်ပါသလော။ အဘယ်ကိုလည်း အလိုရှိအပ်ပါသေးသနည်း။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**ကား။** ။သုံးပါးနိုင် "ဓုဝနာဝ"ကိုလည်း အလိုရှိအပ်သေး၏-ဟူလို။

(ဃ)ဝါကျသို့ **စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် နဒီပါရ-ရေသိမ်သမုတ်ရာ၌ သစ်ထွင်းလှေ, ပျဉ်ချပ်လှေသည် အဆုံးစွန်သုံးပါးကို ဆောင်နိုင်လျှင် သင့်၏-ဟု ဖွင့်ပြအပ်၏။ ဤ နာဝဋ္ဌကထာ၌ နာဝါ-အရ ထိုအဆုံးစွန်သုံးပါးကို ဆောင်နိုင်သော သစ်ထွင်းလှေ, ပျဉ်ချပ်လှေတို့ကိုသာ ဆိုအပ်ပါသလော။ အဘယ်ကိုလည်း ဆိုအပ်ပါသေးသနည်း။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။(ကေသဿပိ-၌ ပိ-ရှု)

## နံပါတ် (၃)

(ခ) ဝါကျ လဒ္ဓဂုဏ။ — (ဂ) ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ။

(ဃ)ဝါကျ ဝိသေသ၊ ပက္ခန္တရ။ အတ္ထုဒ္ဓါရမှတစ်ပါး အတ္ထုဒ္ဒေသ-ကို ပြ။

(င) ဝါကျ ပက္ခန္တရ။

**စာစပ်။** ။ကေသဿပိ-ကား ကို-ပေးသောကြောင့် ဝါဟနိကာ-၌ ဝဟ-ဓာတ် ဟူသော အန္တ-ပုဒ် ကမ္မ+ကမ္မီ-စပ်။

## နံပါတ် (၄)

**ရဇနဒေါဏိကာ။** ။**ရဇဿ ပက္ခိပနာ ဒေါဏိ ရဇနဒေါဏိ။ ရဇနဒေါဏိယေဝ ရဇနဒေါဏိကာ။**

ရဇန-အရ ဆိုးရည်သည် မုချ။ ထို-၏ တည်ရာကျင်းနှင့် ဌာနီ+ဌာန-စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော ဆိုးရည်တည်ရာကျင်း ရ၏။

**ဝေဏုကလာပကော။** ။**ဝေဏူနံ ကလာပေါ ဝေဏုကလာပေါ။ ခုဒ္ဒေါ ဝေဏုကလာပေါ ဝေဏုကလာပကော။**

ဝါးနှင့် ဝါးစည်း သမ္ဗဟီ+သမ္ဗဟ-စပ်။

**သဗ္ဗန္တိမော။** ။**သဗ္ဗေသံ အန္တော သဗ္ဗန္တော။ သဗ္ဗန္တေ ဘဝေါ သဗ္ဗန္တိမော။**

**ဒဿေါန္တော။** ။**ဒဿေတီတိ ဒဿေါန္တော။**

ဒိသ-ဓာတ်အရ ကတ္တုရှု- မြင်တတ်သောဝေနေယျတို့၏ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ဟေတုတ္တကြိယာ-မြတ်စွာဘုရား၏ မဟာကရုဏာရှေးရှိသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည် ဖလူပစာ။ ဏေ-ပစ္စည်းအရ ထို-သော မြတ်စွာဘုရား ရ၏။

**နာဝါ။** ။**နဝတိ တရတိ ယာယာတိ နာဝါ။ ဩရဏာပါရံ နေတီတိ နာဝါ။**

http://www.dhammadownload.com



## နံပါတ် (၅)

| | |
|---|---|
| နာဝါ။ | ။နု+အ။ |
| ရဇန။ | ။ရဉ္ဇ+ယု။ |
| ဒေါဏိ။ | ။ဒုဏ+အ+ဣတ္ထိဇောတက-ဤပစ္စည်း။ |
| ဝေဏု။ | ။ဝီ+ဉ၊ နာဂမော ဏာတ္တံ။ |
| ကလာပေါ။ | ။ကလသဒ္ဒူပပဒ ပါ+ကွိ၊ (ကလံ အဝယဝဘာဝံ·ပါတိ ရက္ခ တီတိ ကလာပေါ)။ |
| သီမာ။ | ။သိ+မန်၊ (သီယတိ ဗန္ဓီယတီတိ သီမာ)။ |
| ခုဝ။ | ။ခု+အ၊ (သဒ္ဒါ ခဝတိ ဂစ္ဆတီတိ ခုဝံ)။ |
| ဖလက။ | ။ဖလ+ဏ္ဍု၊ (ဖလတီတိ ဖလကံ)။ |
| ဝါဟနိကာ။ | ။ဝဟ+ယု။ |
| ဣန္ဒြိယ။ | ။ဣဒိ+ဏျ။ |
| သမ္ပန္န။ | ။သံ+မန+ယ+ယု။ |
| ယံကိဉ္စိ။ | ။သကလဝါစက သဗ္ဗနာမ်ပုဒ်။ |

## နံပါတ် (၆)

(ခ). ဖြင့် နာဝါနာမ-၌ နာဝါ-အရ လှေကိုသာ အလိုမရှိအပ် သဒိသူပစာ၊ဧကဒေသူပစာနည်းအားဖြင့် ဆိုးရည်ကျင်း, ဝါးစည်းငယ်တို့ကိုလည်း ကောက်ယူရမည်ကို သိစေပါသည်။

(ဃ) ဖြင့် ဤနာဝဋ္ဌကထာ၌ နာဝါ-အရ သုံးယောက်တို့ကိုလည်းကောင်း၊ အောက်ထစ်ဆုံးအားဖြင့် တစ်ယောက်ကိုလည်းကောင်း ဆောင်နိုင်သောလှေကို နာဝါ-အရ ကောက်ယူပုံကို သိစေပါသည်။

(င) ယံကိဉ္စိ-စသည်ဖြင့် နာဝါယ နိက္ခိတ္တ-အရ လှေ၌ထားအပ်သော သက်ရှိသက်မဲ့ ဘဏ္ဍာနှစ်မျိုးကို ကောက်ယူအပ်သည်ကို သိစေပါသည်။

## နံပါတ် (၇)

**(ခ)ဝါကျ ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗာ. . .**

**ရဇနဒေါဏိကာပဒံ အပေက္ခိတ္វာ ဝေဒိတဗ္ဗာတိ ဝုတ္တံ ဝေဒိတဗ္ဗောတိပိ အတ္ထိ-**ဟူသော ယောဇနာကိုထောက်၍ နှစ်ပါဌ်သင့်။

ထိုသို့ ယောဇနာဆိုသော်လည်း "ဧတာနိ ပုဗ္ဗကိစ္စာနိ ဝုစ္စတိ"စသည်၌ကဲ့သို့ အာကာရရှိသော ကံ-ဝါကျတွင် ကံ-၏လိင်ဝုစ်ကိုလိုက်၍ ကြိယာကိုထားလေ့မရှိ၊အာကာရကိုသာလိုက်၍ ကြိယာကို လိင်ဝုစ်ထားလေ့ရှိသောကြောင့် ဝေဒိတဗ္ဗာ-သည် ယုတ္တတရ။

**ဆောင်။ ။ကံ, အာကာရ၊ ထိုနှစ်ဝ၊ အရမပြားပေ။**

**အန္တောခဏိတွာ/အန္တောခဏိတာ. . .**

http://www.dhammadownload.com



အန္တောခဏ်ိတာတိပဒံ မုဝနာဝါတိပဒဿ ဝိသေသနံ ခဏ်ိတွာတိပိ အတ္ထိ-ဘု ယောဇနာ၌ဆိုသောကြောင့် နှစ်ပါး၌သင့်။ထိုသို့ပင် ထောဇနာ၌ဆိုသော်လည်း စပ်သောလှေသည် မုဝနာဝါ-မဖြစ်ရာရောက်ရကား ဆင်ခြင်ပါဟု ဂဏ္ဌိ-၌ဆိုသောကြောင့်လည်းကော^်း အန္တောခဏ်ိတွာ-ပါ၌သည် ယုတ္တတရ-ဖြစ်ပါသည်။

ိပ္ပန္နဌနာဝါ/ဝိပ္ပနဋ္ဌနာဝါ/ဝိပ္ပနဋ္ဌာ နာဝါ. . .

**ဝိပ္ပန္နဋ္ဌာနာဝါတိ ဝိသမဝါဒီဟိ ဝိနာသံ ပတ္တာ ဥဒကေ။**

**နိမုဇ္ဇိတွာ ဟေဋ္ဌာဘူမိတလံ အပ္ပတ္တာ မဇ္ဈေ ဌိတံ သန္ဒာယ ဝဒတိ။**

**(သာရတ္ထ၊ ၂ ၁၄၁)**

**ဝိပန္နဋ္ဌနာဝါတိ ဝိသမဝါတေဟိ ဒေသန္တရံ ပလာတာ၊ ဘိန္ဒိတွာ ဝါ ဝိနာသံ ပတ္တာ။** (ဝိမတိ၊ ၁၊ ၁၈၀)

ဝိပန္နာ-ပျက်စီးသည်(ဟုတ္တာ)တိဋ္ဌတီတိ ဝိပန္နဋ္ဌာ။(ဘာ-ဋီ)။

ဝိပန္နဋ္ဌံ ဇေတိဿာ နာဝါယာတိ ဝိပန္နဋ္ဌာ။(ပျက်သောတည်ရာရှိသောလှေ) (မအူ)

ဝိပ္ပန္နဋ္ဌနာဝါ-ကွဲသောပျက်သောလှေ၊ (ဂဏ္ဌိ)။

**ဝိပန္နဋ္ဌာ စ သာ နာဝါစာတိ ဝိပန္နဋ္ဌာနာဝါ။ (ယောဇနာ)။**

**ညှိနှိုင်းချက်။** ။ဝိ + ပ + နသ + တ-ပစ္စည်းဖြင့် ပြီးနိုင်ကောင်းသောကြောင့်လည်းကောင်း၊ပ-သည် ဒွေဘော်ဌာနဖြစ်သောကြောင့်လည်းကောင်း ဝိပ္ပနဋ္ဌာ-ပါ၌သင့်။

ဘာ-ဋီအလို ဝိ+ပဒ+တ-ဖြင့် ပြီးသောကြောင့်လည်းကောင်း၊ ဝိပန္န-ဝိပန္န-ပုဒ်၊ ဌာ+ကွိ-ပစ္စည်းဖြင့်ပြီးသောကြောင့်လည်းကောင်း ဝိပန္နဋ္ဌာ-ပါ၌သင့်။

ပ-ဥပသာရသည် ဒွေဘော်အက္ခရာဖြစ်၍ ပဒ-ဓာတ်၏ အာဒိဗျည်းသည် ဒွေဘော်ဌာန-မဟုတ်၊ ဝိပတ္တိ-ပုဒ်ကဲ့သို့ ပဒ-ဓာတ်သည် ဝိရှေ့ရှိသော် ပျက်စီးခြင်းအနက်ဟောနိုင်၏။ ထို့ကြောင့် ဋီကာဖွင့်များရှိ "ပျက်စီးခြင်းသို့ရောက်နေသောလှေ"ဟူသော အဓိပ္ပါယ်ကို သ္ဒနည်းသ္ဒဟန်ဖြင့် ညီညွတ်ကြသည်ကို တွေ့ရသည်။

## နံပါတ် (၉)

**နာဝါ။** ။အတူဖြစ်သောလှေ၏ နာဝါ-အမည်ကို အတူရှိသော ဆိုးရည်ကျင်း, ဝါးစည်းယေ်တို့၌လည်းတင် သဒိသူပစာ၊ (တစ်နည်း)-ဧကဒေသူပစာ၊ ဥပလက္ခဏ-နည်း။

**ဝေဏုတလာပ။** ။ဝါးနှင့် ဝါးစည်း အပြားမဲ့အားဖြင့်ဆိုသောကြောင့် အဘေဒဘေဒူပစာ။

## နံပါတ် (၁၀)

အာဟ-အရ မဟာကရုဏာဉာဏ်ရှေ့သွားရှိသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကောက်။

နာဝါ-အရ အဋ္ဌကလာပ်ရုပ် ရှစ်ပါးကိုကောက်။

http://www.dhammadownload.com



## ဝါကျစဉ် (၆၃)

(က) ယောပန တိဏ္ဏော ဋီတနာဝံ အာရုယှတွာ ထေယျစိတ္တော အရိတ္တေန ဝါ ဖိယေန ဝါ ပါဇေတိ၊ပါရာဇိကံ။

(ခ) သစေ ပန ဆတ္တံ ဝါ ပဏ္ဏာမေတွာ စီဝရံ ဝါ ပါဒေဟိ အက္ကမိတွာ ဟတ္ထေဟိ ဥက္ခိပိတွာ လင်္ကာရသဒိသံ ကတွာ ဝါတံ ဂဏှာပေတိ၊ဗလ ဝါ စ ဝါတော အာဂမ္မ နာဝံ ဟရတိ၊ဝါတေနေဝ သာပ ာ ဟောတိ၊ ပုဂ္ဂလဿ နတ္ထိ အဝဟာရော။

(ဂ) ပယောဂေါ အတ္ထိ သော ပန ဌာနာစာဝနပယောဂေါ န ဟောတိ။

(ဃ) ယဒိ ပန တံ နာဝံ ဇဝံ ဂစ္ဆန္တိံ ပကတိ ဂမနံ ဥပစ္ဆိန္ဒိတွာ အညံ ဒိသာ ဘာဂံ နေတိ၊ ပါရာဇိကံ။

(င) သယမေဝ ယံကိဉ္စိ ဂါမာတိတ္ထံ သမ္ပတ္တံ ဌ-နာ အစာဝေန္တော ဝိက္ကိဏိတွာ ဂစ္ဆတိ၊နေဝတ္ထိ အဝဟာရော၊ဘဏ္ဍာဒေယျံ ပန ဟောတိတိ။

(ဝိ၊ဋ္ဌ၊၁။ ၂၉၀)

## နံပါတ် (၁)

(က) ပန-ကား၊တိဏ္ဏော-ဆိပ်ကမ်း၌၊အရိတ္တေန ဝါ-ထိုးဝါးဖြင့်သော်လည်း ကောင်း၊ဖိယေန ဝါ-တက်ဖြင့်သော်လည်းကောင်း၊ပါဇေတိ-လှော်အံ့။

(ခ) ပန-ဆက်၊ပဏ္ဏာမေတွာ-ညွတ်စေ၍၊ဥက္ခိပိတွာ ဝါ-မြှောက်၍သော်လည်း ကောင်း၊လင်္ကာရသဒိသံ-လင်းယင်ရွက်နှင့်တူသည်ကို၊သာ-ထိုလှေသည်၊(ဝါ)-ကို။

(ဂ) ပန-ထိုသို့ပင် ပယောဂရှိပါသော်လည်း၊သော-ထိုပယောဂသည်၊ဌာနာ စာဝနာပယောဂေါ-ရွှေ့စေကြောင်းပယောဂသည်။

(ဃ) ပန-မရှိသည်မှတစ်ပါး ရှိသည်ကိုဆိုဦးအံ့၊ဇဝံ-ဤဆိုအပ်ပြီးသည့်အတိုင်း၊ ပကတိဂမနံ-ပကတိသွားခြင်းကို၊ယဒိနေတိ-။

(င) သမ္ပတ္တံ-ရောက်သောလှေကို၊ဌာနာ-မှ၊အစာဝေန္တော-မရွှေ့စေဘဲသာ လျှင်၊ဝိက္ကိဏိတွာ-ရောင်း၍။

## နံပါတ် (၂)

(ခ)ဝါကျသို့ စောဒနာ။ ။ဆရာ (က)ဝါကျဖြင့် ဆိပ်၌တည်သော လှေကိုတက်စီး၍ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ထိုးဝါးဖြင့်လည်းကောင်း၊လှော်တက် ဖြင့်လည်းကောင်း၊လှော်သောရဟန်းအား ပါရာဇိကအာပတ်သင့်၏ဟု ဖွင့်ပြတော်မူ ၏။ထီးကိုသော်လည်းဆောင်း၍ သင်္ကန်းကိုသော်လည်း လင်းယဉ်ရွက်နှင့် တူသည် ကိုပြု၍ လေကိုယူစေသည်ရှိသော် ထိုပုဂ္ဂိုလ်အား အဘယ်သည်မရှိပါသနည်း။အဝ ဟာရ ရှိလေသလော။ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

(ဂ)ဝါကျသို့ အယုတ္တာဘောဂစောဒနာ။ ။ဆရာ (ခ)ဝါကျဖြင့် ထီးကို သော်လည်းဆောင်း၍ သင်္ကန်းကိုသော်လည်း လင်းယဉ်ရွက်နှင့်တူသည်ကိုပြု၍ လေ

http://www.dhammadownload.com



ကိုယူလေသည်ရှိသော် ထိုပုဂ္ဂိုလ်အား အဝဟာရ မရှိသည်၏အဖြစ်ကို ပြဆိုတော်မူ၏။ အဘယ်ကြောင့် ထိုပုဂ္ဂိုလ်အား အဝဟာရမရှိပါသနည်း။ပဏ္ဏာမစသော လှံ့လပယောဂ ရှိသည်မဟုတ်ပါလော။ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

(ဃ)ဝါကျသို့ စောဒနာ။ ။ဆရာ (ခ+ဂ)ဝါကျဘို့ဖြင့် ထီးကိုသော်လည်းဆောင်း၍ သက်နန်းကိုသော်လည်း လင်းယဉ်ရွက်နှင့်တူသည်ကိုပြု၍ လေကိုယူစေသည်ရှိသော် ထိုပုဂ္ဂိုလ်အား အဝဟာရ-မရှိသည်၏အဖြစ်ကို အကြောင်းနှင့်တကွ ပြဆိုတော်မူ၏။ဤသို့ဆိုအပ်သောနည်းအားဖြင့် သွားနေသောလှေကို ပြကတေ့သော သွားခြင်းကိုဖြတ်၍ အရပ်တစ်ပါးသို့ဆောင်သောရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း။အာပတ်မှလွတ်လေသလော။(ဝါ)-ဒုက္ကဋ်-အာပတ်စသည် သင့်လေသလော။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က) ဝါကျ ပက္ခန္တရ။ (ခ) ဝါကျ ပက္ခန္တရ။(တစ်နည်း)ဝါကျာရမ္ဘ။
(ဂ) ဝါကျ ကာရဏ။ (ဃ)ဝါကျ ဝါကျာရမ္ဘ။(တစ်နည်း)အနွယ။
(င) ဝါကျ ပက္ခန္တရ။

## နံပါတ် (၄)

**နာဝါ။** ။**နုယတေတိ နာဝါ။**

နု-ဓာတ်အရ ကတ္တုသြ-ချီးမွမ်းသောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မသြ-လှေ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။အ-ပစ္စည်းအရ လှေရ၏။

**အရိတ္တံ။** ။**အရတိ ယေနာတိ အရိတ္တံ။**

အရ-ဓာတ်အရ ကတ္တုသြ-လှေ၏ ဒေသန္တရုပ္ပတ္တိဘောဂုဏ်-မုချ။(ဝါ)-အရပ်တစ်ပါးသို့ သွားသောအခြင်းအရာအားဖြင့်ဖြစ်သော ဥတုဇရုပ်တရားတို့၏ ဥပါဒ်သည် မုချ။ကရဏတ္တ-ထိုးဝါး၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ ထိုးဝါးရ၏။

**ပကတိဂမနံ။** ။**ပကတိယာ ဂမနံ ပကတိဂမနံ။**
**ဂါမတိတ္ထံ။** ။**ဂါမဿ အာသန္နံ တိတ္ထံ ဂါမတိတ္ထံ။**
**ဟာရော။** ။**ဝါတေန ဟရိတဗ္ဗာတိ ဟာရော။**

ဟရ-ဓာတ်အရ ကတ္တုသြ-လေ၏ အရပ်တစ်ပါးသို့ ရောက်စေခြင်းငှါစွမ်းနိုင်သော သတ္တိသည် မုချ။ကမ္မသြ-ဥတုဇရုပ်တို့၏ ဥပါဒ်သည် ကာရဏူပစာ။တ-ပစ္စည်းအရ ဥပ္ပါဒဝန္တ ဖြစ်သော ဥတုဇရုပ်ကိုစွဲ၍ လှေ-ဟု ခေါ်ဝေါ်ပညတ်သမုတ်အပ်သော သမူဟပညတ် ဒြပ်ဝိသေသ ရ၏။(ဝါ)-ဒြပ်ဝိသေသသည် အပဓာနအားဖြင့် ရ၏။ ဝိကတိ ကတ္တားပုဒ် ဖြစ်သောကြောင့် ။ပ။ ဂုဏ်သည်သာ ပဓာနအားဖြင့်ရ၏။

**ပယောဂေါ။** ။**အဝဿံ ကာတုံ ပယုဇ္ဇတိ ဥပယုဇ္ဇတီတိ ပယောဂေါ။**

http://www.dhammadownload.com



ပ-ပုဗ္ဗ ယုဇ-ဓာတ်အရ ကတ္တုမ္ဗ-လုံ့လဝီရိယကို အာရုံပြု၍ ယှဉ်သောအခြင်း အရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဗ္ဗ-လုံ့လဝီရိယ၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာ။ဏာ-ပစ္စည်းအရ လုံ့လပယောဂ ရ၏။

## နံပါတ် (၅)

| | |
|---|---|
| ဖိယ။ | ။ဖာ+ဣယ၊ပုလ္လိင်၊ဝုဒ္ဓိ-အနက်၊ကရဏသာဓန။ |
| စီဝရ။ | ။စီ+ဤဝရ။ |
| နာဝါ။ | ။နု+အ။ |

## နံပါတ် (၇)

**ပဏာမေတွာ/ပနာမေတွာ. . .**

"တထာ ဏော နဿ ပ-ပရိအာဒိတော"ဟု ရူပသိဒ္ဓိ၂၇၂-သုတ်၌ဆိုသော ကြောင့် မုဒ္ဓဇ ဏ-နှင့်ရှိသော "ပဏာမေတွာ"ပါဌ်သာသင့်။

**ဝိက္ကိဏိတွာ/ဝိက္ကီဏိတွာ/ဝိက္ကိနိတွာ/ဝိက္ကီနိတွာ. . .**

နာမှိ ကိဿ ရဿတ္တံ၊နော ဝ ဏော၊နီတိ-သုတ် ၁၀၆၆-ကို ထောက်၍ ရသ မုဒ္ဓဇ-ဏ-နှင့်ရှိသော "ဝိက္ကိဏိတွာ"ပါဌ်သာသင့်။

## နံပါတ် (၈)

ဂါမတိတ္ထ။ ။ဂါမတိတ္ထ-ဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် အပေါင်းဖြစ် သော နဂရတိတ္ထ-စသည်ကိုလည်း ရသောကြောင့် ဥပလက္ခဏ၊နိဒဿန-နည်း၊အဝ ယဝူပစာ။

## ဝါကျစဉ် (၆၄)

(က) ဣဒါနိ သီသေ ဘာရန္တိအာဒီသု အယံ အပုဗ္ဗဝိနိစ္ဆယော ယော ဘိက္ခု "ဣဒံ ဂဟေတွာ ဧတ္ထ ယာဟီ"တိ သာမိကေဟိ အနာဏတ္တော သယ မေဝ "မယှံ ဣဒံ နာမ ဒေထ ၊ အဟံ ဝေါ ဘဏ္ဍံ ဝဟာမီ"တိ တေသံ ဘဏ္ဍံ သီသေန အာဒါယ ဂစ္ဆန္တော ထေယျစိတ္တေန တံ ဘဏ္ဍံ အာမသ တိ ဒုက္ကဋံ။

(ခ) ယထာ ဝုတ္တသီသပရိစ္ဆေဒံ အနတိက္ကာမေန္တောဝ ဣတော စိတော စ ယံသန္တော သာရေတိပိ ပစ္စာ သာရေတိပိ၊ထုလ္လစ္စယံ။

(ဂ) ခန္ဓံ ဩရောပိတမတ္တေ ကိဉ္စာပိ သာမိကာနံ "ဝဟတူ"တိ စိတ္တံ အတ္ထိ၊ တေဟိ ပန အနာဏတ္တတ္တာ ပါရာဇိကံ။

(ဃ) ခန္ဓံ ပန အနောရောပေတွာပိ သီသတော ကေသဂ္ဂမတ္တံ မောစေန္တိဿ ပါရာဇိကံ။ (ဝိ၊ဠ၊၁။၂၉၃)

http://www.dhammadownload.com



## နံပါတ် (၁)

(က) ဣဒံ-ဤဘဏ္ဍာကို၊ထွေ-ဤမည်သောအရပ်သို့၊အနာဂတွော-မစေခိုင်းဘဲ၊တေသံ-ထိုဥစ္စာရှင်တို့၏။

(ခ) ယထာဝုတ္တာသီသပရိစ္ဆေဒံ-အကြင်အကြင်ဆိုအပ်ပြီးသော ဦးခေါင်း၏အပိုင်းအခြားကို၊အနတိက္ကာရမန္တော၀-မလွန်စေဘဲသာလျှင်၊ယံသန္တော-ပွတ်တိုက်လျက်၊သာရေတိပိ-ရွေ့မူလည်းရွေ့စေအံ့၊ပစ္စာသာရေတိပိ-တစ်ဖန်ရွေ့မူလည်းရွေ့စေအံ့၊ပစ္စာသာရေတိပိ-ပစ္စာဘာဂေ-နောက်အဖို့၌၊သာရေတိပိ-အံ့။(မအူ)

(ဂ) ခန္ဓ-ပခုံးသို့(တသ္မိံဘဏ္ဍေ-ကို)၊ဩရောပိတမတ္တေ-အောက်သို့ချအပ်ကာမျှလတ်သော်၊ကိဉ္စာပိ အတ္ထိ၊ပန၊တေဟိသာမိကေဟိ၊

(ဃ) အနာရောပေတွာ-မချမူ၍လည်း။

## နံပါတ် (၂)

**(ခ)ဝါကျသို့ စောဒနာ။** ။ဆရာ (က)ဝါကျဖြင့် အရှင်တို့မစေခိုင်းအပ်ဘဲ ထိုအရှင်တို့ ဥစ္စာကို ဦးခေါင်းဖြင့်ယူ၍သွားစဉ် ထေယျစိတ်ဖြင့် သုံးသပ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်၏အဖြစ်ကို ပြဆိုတော်မူ၏။ထိုမှဤမှ ရွေ့စေသောရဟန်းနှင့် နောက်အဖို့၌ ရွေ့စေသောရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း။ပါရာဇိကအာပတ် သင့်လေသလော။(ဝါ)-ဒုက္ကဋ်အာပတ် သင့်လေသလော။ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**(ဂ)ဝါကျသို့ အာဘောဂဒါယုတ္တစောဒနာ။** ။ဆရာ (က+ခ)ဝါကျတို့ဖြင့် အရှင်တို့ မစေခိုင်းအပ်ဘဲ ထိုအရှင်တို့ဥစ္စာကို ဦးခေါင်းဖြင့်ယူ၍သွားစဉ် ထေယျစိတ်ဖြင့် သုံးသပ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်၏အဖြစ်၊အကြင်အကြင်ဆိုအပ်ပြီးသော ဦးခေါင်းအပိုင်းအခြားကို မလွန်စေမူ၍ ထိုမှ-ဤမှ ပွတ်တိုက်လျက် ရွေ့စေသောရဟန်းနှင့် နောက်အဖို့၌ ရွေ့စေသောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်သည်၏အဖြစ်ကို ပြဆိုတော်မူ၏။အရှင်တို့အား "ဆောင်စေသတည်း"ဟု စိတ်ရှိသည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် ၎င်းဥစ္စာကို ပခုံးသို့ချကာမျှ၌ ထိုရဟန်းအား ပါရာဇိကအာပတ်သင့်ပါသနည်း (ဂ)ဝါကျကိုမိန့်။

**အမှာ။** ။မိမိ (ဂ)ဝါကျအတွင်းမှ "ခန္ဓ ဩရောပိတမတ္တေ ပါရာဇိကံ"ကို ဌပနာထား၍လည်း တက်နိုင်သည်။

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ၎င်းဥစ္စာကို ပခုံးသို့ချကာမျှ၌ ပါရာဇိကအာပတ် သင့်သည်၏အဖြစ်ကို ပြဆိုတော်မူ၏။ပခုံးသို့မချဘဲ ဦးခေါင်းမှ ဆံချည်ဖျားမှ လွတ်စေသောရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း။ပခုံးသို့ချသောရဟန်းအားသာ ပါရာဇိကအာပတ် သင့်လေသလော။ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က) ဝါကျစသည် ဝိတ္ထာရ-ဟီနဝါကျ။

http://www.dhammadownload.com



(ခ) ဝါကျ ပက္ခန္တရ။ (ဂ) ဝါကျ ပက္ခန္တရ။
(ဃ) ဝါကျ ပက္ခန္တရ။(တစ်နည်း)ဝါကျာရမ္မ။ဥပနျာသ။

**စာစပ်။** ။ဩရောပိတမတ္တေ-ကား ဌ-ပေးသောကြောင့် ဟောတိ-ဟူသော ပါဌသေသ၌ အာခါရ+အာခါယ်စပ်။

**တစ်နည်း။** ။သော်-ပေးသောကြောင့် ဟောတိ-၌ လက္ခဏ+လက္ချစပ်။

## နံပါတ် (၄)

**အာဏတ္တော။** ။အာဏာပိယတေတိ အာဏတ္တော။

အာဏ-ခါတ်အရ ကတ္တာ၌- စေခိုင်းတတ်သောပုဂ္ဂိုလ်၏သန္တာန်၌ စေခိုင်းသောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မ၌-စေခိုင်းအပ်သောရဟန်း၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ စေခိုင်းအပ်သော ရဟန်း ရ၏။

**အနာဏတ္တော။** ။န အာဏတ္တော အနာဏတ္တော။

**သီသံ။** ။သယန္တိ ဧတ္ထ ဉီကာဒယောတိ သီသံ။

**အနုပုဗ္ဗဝိနိစ္ဆယော။** ။အနုပုဗ္ဗေန ပဝတ္တော ဝိနိစ္ဆယော အနုပုဗ္ဗဝိနိစ္ဆယော။

**ယထာဝုတ္တော။** ။ယောယော ဝုတ္တော ယထာဝုတ္တော။

**ယထာဝုတ္တသီသပရိစ္ဆေဒေါ။** ။သီသဿ ပရိစ္ဆေဒေါ သီသပရိစ္ဆေဒေါ။
ယထာဝုတ္တော စ သော သီသပရိစ္ဆေဒေါစာတိ ယထာဝုတ္တ သီသပရိစ္ဆေဒေါ။

## နံပါတ် (၅)

**ခန္ဓံ။** ။ခါ+အ။ ခါရဏတ္ထ ၊ ကတ္တတ္ထ ။(တစ်နည်း)- ခမု+တ။
(တစ်နည်း)-ခါဒ+က။
"ခန္ဓော တဿန္တိ ဇတ္တုကံ"ခါန်၊၂၆၄-ထောက်၍ ပုလ္လိင်။
(ကံ မိတ္တကံ ဒခါတီတိ ကန္ဓော၊သော ဧဝ ခန္ဓော ကကာရဿ ခကာရကရဏဝသေန၊ခါန်-ဋီ)
(ခမတိ ဘာရန္တိ ဝါ ခန္ဓော၊ခမု သဟနေ၊တော တဿ ခော၊ မဿ နော နိဂ္ဂဟိတံ ဝါ။)

## နံပါတ် (၇)

**ကုမိန/ကုမိန. . .**

တမ ပဒဝိဂ္ဂဟေ အဿ ဥတ္တံ၊ကမန္တိ ဧတ္ထ မီနာဒယော ပဝိသန္တီတိ ကုမိနံ၊ မန္တ မဒ္ဒနော ပတာဏဝိသေသော)ဏွာဒိ-၁၀၃-၌ ကမု+ဣန၊အ-ကို ဥပြု၍ပြီးသော ကြောင့်လည်းကောင်း။မီ ဟိံသာယံ ။ပ။ ကုမိနန္တိ ကုစ္ဆိတာတာရေန မစ္ဆေ မိနန္တိ ဟိံသန္တိ ဧတေနာတိ ကုမိနံ -မစ္ဆေ ဗန္ဓန ပဥ္စရော-ဟု နိ-ခါတု၊၂၄၅-နှင့် ခါတွတ္ထသင်္ဂဟတို့၌

http://www.dhammadownload.com



ဆိုသောကြောင့်လည်းကောင်း ကုမိန့်၊ကုမီန့်-နှစ်ပါဌ်သင့်။

**ယထာဝုတ္တသီသပရိစ္ဆေဒံ အနတိက္ကာမေန္တော၀/**

**ယထာဝုတ္တသီသပရိစ္ဆေဒအနတိက္ကာမေန္တော၀. . .**

န-ပဒါန် ဝိပ္ပကတေ နုတ္တရေန သမာသော-ဟူသော နီတိသုတ် ၆၀၀-ကို ထောက်၍လည်းကောင်း။တ၀န္တု မာနန္တာဒိ ကိတန္တေဟိ ဝါကျမေ၀ ၀ဝတ္တိတဝိဘာသာ ဓိကာရတော၊အနဘိဓာနတော၀ါ-ဟူသော ရူပသိဒ္ဓိ ၁၉၃-ကိုထောက်၍လည်းကောင်း "ယထာဝုတ္တသီသ ပရိစ္ဆေဒံ အနတိက္ကာမေန္တော၀"ဟု ဝါကျအနေဖြင့်ရှိသောပါဌ်သာ သင့်။

## နံပါတ် (၈)

(က) ယောဘိက္ခု။ ။တစ်ဝါကျတည်းတည်လျက် အလုံးစုံသောဝါကျ အား ကျေးဇူးပြုတတ်သောကြောင့် အာဒိဒီပက-နည်း။

(ဂ) စိတ္တံ။ ။ပြဌာန်းသော် စိတ်ကိုဆိုသဖြင့် မပြဌာန်းသော ဖဿ ဝေဒနာ-စသော သမ္ပယုတ်တရားတို့ကိုလည်း ရသောကြောင့် ပဓာန-နည်း။

အစိတ်ဖြစ်သောစိတ်၏ စိတ္တ-ဟူသောအမည်ကို အပေါင်းဖြစ်သော နာ မက္ခန္ဓာလေးပါးလုံး၌တင် ဧကဒေသူပစာ။

(တစ်နည်း)- ဆန်းကြယ်သော စိတ်အပေါင်း၏ စိတ္တ-ဟူသောအမည်ကို အစိတ်ဖြစ်သောစိတ်၌တင် ဧကဒေသျူပစာ။အဘေဒ-နည်း။

## ဝါကျစဉ်(၆၅)

(က) အယံ ပန သုဒ္ဓသီသဘာရာဒီနံယေ၀ ဝသေန ဒေသနာ အာရဒ္ဓါ။

(ခ) ယောစာယံ သီသဘာရေ ဝုတ္တော၊ခန္ဓဘာရာဒီသုပိ အယမေ၀ဝိနိစ္ဆယော။

(ဂ) ဟတ္ထေ ဘာရန္တိ ဧတ္ထ ပန ဟတ္ထေန ဂဟိတတ္တာ ဩလမ္ဗကော "ဟတ္ထ ဘာရော" တိ ဝုတ္တော။

(ဃ) သော ပဌမံယေ၀ ဘူမိတော၀ါ ဂဟိတော ဟောတု၊သုဒ္ဓစိတ္တေန သီသာ ဒီဟိ၀ါ၊" ဟတ္ထဘာရော" တွေ၀ သင်္ချံ ဂစ္ဆတိ။

(င) တံ ထေယျစိတ္တေန တာဒိသံ ဂဟနဋ္ဌာနံ ဒိသွာ ဘူမိယံ၀ါ ဂစ္ဆာဒီသု၀ါ နိက္ခိပေန္တဿ ဟတ္ထတော မုတ္တမတ္တေ ပါရာဇိကံ။ (ဝိ၊ဋ္ဌ၁။ ၂၉၃/၄။)

## နံပါတ်(၁)

(က) ပန-ဆက်။သုဒ္ဓသီသဘာရာဒီနံယေ၀-သက်သက်သောသီသဘာရအစ ရှိသည်တို့၏သာလျှင်။အယံ-ဒေသနာ-ကို။

(ခ) စ-ဆက်။ယောအယံ-အကြင်အဆုံးအဖြတ်ကို။(ပန-ထိုသို့ပင်အားထုတ် ပြီးပါသော်လည်း)(မအူ)အယမေ၀-ဤဆိုအပ်ပြီးသော အဆုံးအဖြတ်သည်သာ။

(ဂ) ဩလမ္ဗကော-တွဲလွဲဆွဲအပ်သောဝန်ကို။

http://www.dhammadownload.com



(ဃ) သော-ထိုတွဲဆွဲအပ်သောဝန် သည်။(ဝါ)ကို။

(င) တံ-ဘဏ္ဍာကို။တာဒိသံ-ထိုဝန်ကိုဖုံးလွှမ်းခြင်း၌ စွမ်းနိုင်၏ဟုရှုအပ်သော။ ဂဟာနဋ္ဌာနံ-တောရှုပ်အရပ်ကို။ဂစ္ဆာဒိသုဝါ-ခြုံအစရှိသည်တို့၌လည်းကောင်း။ (တသ္မိံ ဘာရေ-သည်)မုတ္တမတ္တေ-သော်။

## နံပါတ်(၂)

(ခ)သို့စောဒနာ။ ။ဆရာ၊အကြောင်းဆိုအပ်ပြီးစကားရပ်တို့ဖြင့် ဦးခေါင်းဝန်၌ အဆုံးအဖြတ်ကိုပြတော်မူအပ်၏။ဤဦးခေါင်းဝန်၌ ဆိုအပ်ပြီးသောအဆုံးအဖြတ်ကို အဘယ်ဝန်တို့၌ သိအပ်ပါသနည်း။ဦးခေါင်းဝန်၌သာ သိအပ်သလော. (ခ)မိန့်။(ပိ. ရှု) တစ်နည်း-ဋ္ဌပနာတူ။ပခုံးစသည်တို့၌ အဘယ်အဆုံးအဖြတ်ကို သိအပ်ပါသနည်း။ဦးခေါင်းဝန်၌ဆိုအပ်ပြီးသော ဝန်မှတစ်ပါးသောအဆုံးအဖြတ်ကိုလည်းသိအပ်ပါသလော စုဒ်ကြောင့်(ခ)မိန့်။

(ဂ) သို့လီနတ္ထရစောဒနာ။ ။ဆရာ၊ပါဠိတော်၌ "ဟတ္ထေဘာရံ" ဟုတော်မူအပ်၏။အဘယ်ကြောင့်အဘယ်ကို "ဟတ္ထေဘာရံ" ဟုဟော်တော်မူအပ်ပါသနည်း၊အောက်၌ဟောအပ်ပြီးသော ဝန်လေးမျိုးမှ အသီးအခြား တစ်ပါးသောဝန်ကို ပြလိုသောကြောင့် ဟောတော်မူအပ်ပါသလော၊အဘယ်ကို"ဟတ္ထေဘာရံ" ဟုဟောတောမူအပ်ပါသနည်း၊ စုဒ်ကြောင့်(ဂ)မိန့်။

(ဃ)သို့ စောဒနာ။ ။ဆရာ၊ (ဂ)ဖြင့် အောက်၌ဟောတော်မူ အပ်ပြီးသော လက်ဆွဲဝန်ကိုပင် "ဟတ္ထေဘာရံ"ဟု ဟောတော်မူခြင်းကို အကြောင်းနှင့်တကွပြတော်မူအပ်၏။ရှေးဦးစွာမြေမှယူအပ်သော လက်ဆွဲဝန်သည်သာ "ဟတ္ထေဘာရ" မည်ပါသလော. ထိုသို့မဟုတ် သုဒ္ဓစိတ်ဖြင့် ဦးခေါင်းစသည်တို့မှ ယူအပ်သောလက်ဆွဲဝန်သည်သာ "ဟတ္ထေဘာရ" မည်ပါသလော. အဘယ်လက်စွဲဝန်သည် "ဟတ္ထေဘာရ" မည်ပါသနည်း။(ဃ)မိန့်။

(င)သို့ စောဒနာ။ ။ဆရာ၊(ဃ)ဝါကျဖြင့်၊ရှေးဦးစွာ မြေမှယူအပ်သော လက်ဆွဲဝန်နှင့် သုဒ္ဓစိတ်ဖြင့် ဦးခေါင်းစသည်တို့မှ ယူအပ်သောလက်ဆွဲဝန် နှစ်ပါးနှင့် "ဟတ္ထေဘာရ"မည်သည်၏အဖြစ်ကို ပြဆိုတော်မူ၏။ယင်းလက်ဆွဲဝန်ကို အဘယ်၌ ပစ်ချသော ရဟန်းအား ပါရာဇိကအာပတ်သင့်ပါသနည်း။"ဘူမိယံ နိက္ခိပတိ အာပတ္တိ ပါရာဇိကဿ"ဟု ဟောတော်မူသောကြောင့် မြေ၌ပစ်ချသောရဟန်းအားသာ ပါရာဇိကအာပတ်သင့်လေသလော။(င)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က)ဝါကျ ဝါကျာရမ္ဘ။ (ခ)ဝါကျ ပက္ခန္တရ(တစ်နည်း)ဝါကျာရမ္ဘ။

(ဂ) ဝါကျ ပက္ခန္တရ(တစ်နည်း)-ဝိသေသ။

(ဃ)ဝါကျ ဝါကျာရမ္ဘ။ (င)ဝါကျ ပက္ခန္တရ။

## နံပါတ် (၄)

ဒေသနာ။ ။ဒေသီယတေတိ ဒေသနာ။

http://www.dhammadownload.com



ဒိသ-(ဒိသိ)-ဓာတ်အရ ကတ္တုရူ-ဘုရားရှင်၏သန္တာန်၌ ဟောသောအခြင်းအရာအားဖြင့်ဖြစ်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ။ကမ္မရူ-ဝဲဘေဒသဒ္ဒ၏ ဥပါဒ်သည် ကာရဏူပစာ။ယု-ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော ဝဲဘေဒသဒ္ဒ-ဟု ဆိုအပ်သော ဒေသနာတော်ရ၏။

ဩလမ္ဗကော။ ။ဩလမ္ဗိယတေတိ ဩလမ္ဗကော။

ဩလမ္ဗိယတေတိ ဩလမ္ဗော။ဩလမ္ဗောယေဝ ဩလမ္ဗကော။

အဝ-ပုဗ္ဗ လဗိဓာတ်အရ ကတ္တုရူ-ဆွဲသောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မရူ-တတောင်ဆစ်မှနေ၍ လက်ဖျားတိုင်အောင်သောအရပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ဏွု-ပစ္စည်းအရ တတောင်ဆစ်မှစ၍ လက်ဖျားတိုင်အောင်သော အရပ်သည် မုချ။၎င်းအရပ်၌တည်သောဝန်သည် ဌာနူပစာအားဖြင့်ရ၏။

(တစ်နည်း)-ဘာရံ ဩလမ္ဗတိ ဓာတေနာတိ ဝါ ဩလမ္ဗကော။

အဝ-ပုဗ္ဗ လဘိ-ဓာတ်အရ ကတ္တုရူ-ဝန်ကိုဆွဲသောအခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဋ္ဌာန်သော စိတ္တုပ္ပါဒ်သည် မုချ။ကရဏတ္တ-တတောင်ဆစ်မှစ၍ လက်ဖျားတိုင်အောင်သော အရပ်သည် မုချ။၎င်းအရပ်၌တည်သောဝန်သည် ဌာနူပစာအားဖြင့်ရ၏။

(တစ်နည်း)-ဩလမ္ဗတီတိ ဝါ ဩလမ္ဗကော။

အဝ-ပုဗ္ဗ လဘိ-ဓာတ်အရ တွဲရရွဲကျသောအခြင်းအရာအားဖြင့်ဖြစ်သော ရုပ်နာမ်တရားတို့သည် မုချ။အကြောင်းဖြစ်သော ကံ, စိတ်, ဥတု, အာဟာရတို့သည် ဖလူပစာ။၎င်းတို့၏ ယထာရဟ နာနက္ခဏိက ကမ္မသတ္တိသည် ဖလူပစာ။နောက်နောက်ဖြစ်သော ရုပ်နာမ်တရားတို့သည် ကာရဏူပစာ။ဏွု-ပစ္စည်းအရ တွဲရရွဲကျသော ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓဖြစ်သော ဝန်ဒြပ်ရ၏။

## နံပါတ် (၅)

**သုဒ္ဓ။** ။သီသဘာရ-၏ ဝိသေသနဖြစ်သောကြောင့် ပုလ္လိင်။

**အာရဒ္ဓေါ။** ။အာ-ပုဗ္ဗ ရဘ+တ။

## နံပါတ် (၇)

**သီသေဘာရံ/သီသဘာရံ. . .**

အနိစ္စသမာသ်အရာ၌ ဝတ္တိစ္ဆာအားဖြင့် သမာသ် ဝါကျ နှစ်ပါးဆိုနိုင်သောကြောင့်လည်းကောင်း၊ပါဠိ, အဋ္ဌကထာတို့၌လည်း သမာသ် ဝါကျ နှစ်ပါးထင်သောကြောင့်လည်းကောင်း နှစ်ပါဌ်လုံးသင့်။

**ပဋ္ဌမံ/ပထမံ. . .**

ပဋ္ဌ ဝိယတ္တိယံ ဝါစာယံ အဓောပထ သဈ္ဈာနေဝါ အဓော၊ဝဏ္ဏဝိကာရော ပဋ္ဌမံ၊ပထမန္တိပိ။ ဓာန်-ဋီ၊၇၁၅-၌ ဆိုသောကြောင့် နှစ်ပါဌ်လုံးသင့်။

http://www.dhammadownload.com



ဂဟနဋ္ဌာနံ/ဂဟဏဋ္ဌာနံ. . .

နဝနဂဟနာဒီသု နီတိ-သုတ် ၁၁၃၆-ကိုထောက်၍ ဒန္တဇ-န-နှင့် ဂဟနဋ္ဌာနံ ပါဌ်သာသင့်။(ဟာဒိတော ဏ-သုတ်ဖြင့် ဉပါဒါန-အနက်ဟော ဂဟ-ဓာတ်နောင်သာ န-ကို ဏ-ပြုရသည်၊တစ်ပါးသော ဟကာရန္တဓာတ်တို့နောင် န-ကို ဏ-မပြုရ)။

(ဤ၌ ဟန-ဓာတ်ဟု ဓာန်-ဋီ ၇၁၉-၌ဆိုသည်၊ဂစ္ဆန္တိ ဟန္တီတိ ဂဟာနံ)။

## နံပါတ် (၈)

(ဃ)ဘူမိတော။ ။မြေတည်းဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် ညောင်စောင်း, အင်းပျဉ်စသော အလုံးစုံကိုလည်းရသောကြောင့် ဉပလက္ခဏ-နည်း၊ နိဒဿန-နည်း၊ဧကဒေသူပစာ။

(င)ဘူမိယံ ဝါ ဂစ္ဆာဒီသု ဝါ။ ။သံဝဏ္ဏနာဖြင့် "ဘူမိယံ နိက္ခိပတိ အာပတ္တိ ပါရာဇိကဿ"ဟူသော သံဝဏ္ဏေတဗ္ဗဝယ် ဘူမိယံ-၌ ဉပလက္ခဏ-နည်း၊နိဒဿန-နည်း၊အဝယဝူပစာ အဖြစ်ကို သိစေသည်။

## ဝါကျစဉ် (၆၆)

(က) အာရာမံ အဘိယုဥ္ဇတီတိ ပရသန္တကံ "မမ သန္တကံ အယ"န္တိ မုသာ ဘဏိတွာ အဘိယုဥ္ဇတိ။

(ခ) အဒိန္နာဒါနဿ ပယောဂတ္တာ ဒုက္ကဋံ။

(ဂ) သာမိကဿ ဝိမတိံ ဉပ္ပါဒေတီတိ ဝိနိစ္ဆယကုသလတာယ ဗလဝနိဿိ တာဒိဘာဝေ နဝါ အာရာမသာမိကဿ သံသယံ ဇနေတိ။

(ဃ) ကထံ တဉ္ဟိ တထာ ဝိနိစ္ဆယပ္ပဝုတ္တံ ဒိသွာ သာမိကောစိန္တေသိ"သက္ခိဿာ မိ နုခေါ အဟံ ဣမံ အာရာမံ အတ္တနော ကာတုံ န သက္ခိဿာမိ နု ခေါ"တိ ။

(င) ဧဝံ တဿ ဝိမတိ ဉပ္ပန္နမာနာ တေန ဉပ္ပါဒိတာ ဟောတိ။

## နံပါတ် (၁)

(က) အဘိယုဥ္ဇတိ-မိမိရမှု ရှေ့ရှုအားထုတ်၏၊(သဒ္ဒတ္ထ)၊ ငြင်းခုံ၏ (ဝေါဟာရတ္ထ)၊ တရားစွဲဆိုမှု ို ပြု၏၊(အဓိပ္ပါယတ္ထ)။

အဘိယုဥ္ဇတီတိ စောဒေတိ အဍ္ဍံ ကရောတိ။ (သာရတ္ထ၊၂။၁၄၃)

အာကာရအပြင်ထုတ်. . .

ပရသန္တကံ-ကို၊မုသာ-ကို၊ဘဏိတွာ-ပြော၍၊အဘိယုဥ္ဇတိ-ငြင်းခုံ၏၊ကိံ-?၊အယံ-ဤအာရာမ်သည်၊မမ-၏၊သန္တကော-ဉစ္စာတည်း၊ဣတိ၊အဘိယုဥ္ဇတိ။

(ခ) ပယောဂတ္တာ-၏ သမ္ဗန် အဘိယုဥ္ဇကဘိက္ခုနော-၏၊ (ဝါ)-သည်၊အဒိန္နာဒါနဿ-၏၊(ဝါ)-ကို။

http://www.dhammadownload.com



(ပယောဂ-ဟူသော ဘာဝယောဂ-ပုဒ်နှင့် အရတူပုဒ်ကို အလွတ်သမ္ဗန်ရှာ ထည့်ရသည်)။

(ဂ) ဝိနိစ္ဆယိကာနံ-တရားသူကြီးတို့၏၊(ဝါ)-တို့သည်၊(တစ်နည်း)-အဘိယုဥ္ဇကဘိက္ခုနော-(သမ္ဗန်)၊ဝိနိစ္ဆယကုသလတာယ-ဆုံးဖြတ်မှု၌ကျွမ်းကျင်သူ၏အဖြစ်ကြောင့်လည်းကောင်း၊တဿ အဘိယုဥ္ဇကဘိက္ခုနော-ထိုတရားစွဲဆိုသောရဟန်း၏၊(ဝါ)-သည်၊ဗလဝနိဿိတာဒိဘာဝေန ဝါ-အားရှိသူကို အမှီရသူ၏ အစရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(ဃ) ဟိ-ချဲ့၊တံ-ထိုတရားစွဲသောရဟန်းကို၊တထာ-ထိုအခြင်းအရာအားဖြင့်၊ဝိနိစ္ဆယပသုတံ-အဆုံးအဖြတ်၌ လေ့ကျက်နေသည်ကို။

(င) တဿ အာရာမသာမိကဿ-အား၊ဝိမတိ-ယုံမှားတွေးတောခြင်းသည်၊ ဥပ္ပဇ္ဇမာနာ-သော်၊တေန အဘိယုဥ္ဇကဘိက္ခုနာ-ထိုတရားစွဲဆိုသောရဟန်းသည်၊ဥပ္ပါဒိတာ-ဖြစ်စေအပ်သည်။

## နံပါတ် (၂)

(ခ)ဝါကျသို့ စောဒနာ။ ။ဆရာ (က)ဝါကျဖြင့် အာရာမံ အဘိယုဥ္ဇတိ-ဟူသည် သူတစ်ပါးပိုင်ဥစ္စာကို "ငါပိုင်ဥစ္စာ"ဟု မုသားပြော၍ အားထုတ်ခြင်းဖြစ်၏ဟု ဖွင့်ဆိုအပ်၏။ ထိုသို့ဆိုသော် ပါဠိတော်၌ "အာရာမံ အဘိယုဥ္ဇတိ၊အာပတ္တိ ဒုက္ကဋဿ"ဟူ၍ မဟောသင့်၊သမ္ပဇာနမုသာဝါဒ-ဖြစ်၍ "အာပတ္တိ ပါစိတ္တိယဿ"ဟူ၍ ဟောသင့်သည်မဟုတ်ပါလော။အဘယ်ကြောင့် ပါဠိတော်၌ ဒုက္ကဋ်ဟူ၍ ဟောဆိုအပ်ပါသနည်း။ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

(ဃ)ဝါကျသို့ စောဒနာ။ ။ဆရာ (ခ)ဝါကျဖြင့် ဝိနိစ္ဆယကုသလ-အဖြစ်ကြောင့်လည်းကောင်း၊ဗလဝနိဿိတ-စသည်၏အဖြစ်ကြောင့်လည်းကောင်း အာရာမ်ပိုင်ရှင်အား သံသယဖြစ်၏ဟု အကြောင်းနှင့်တကွ ဖွင့်ဆိုအပ်၏။ အဘယ်သို့သော အခြင်းအရာအားဖြင့် အာရာမ်ပိုင်ရှင်အား သံသယကိုဖြစ်စေပါသနည်း။အာရာမ်ပိုင်ရှင်၏ သံသယဖြစ်ပုံအခြင်းအရာကို အကျယ်အားဖြင့် ဆရာမပြဆိုပြီလော။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(ခ) ဝါကျ ဝါကျာရမ္ဘ။ (ဂ) ဝါကျ ပက္ခန္တရ။

(ဃ)ဝါကျ ဝိတ္ထာရ၊ဒဋ္ဌီကရဏ။ (တဉ္စီတိ ဟိ သဒ္ဒ)။

(င) ဝါကျ နိဂုမ်း၊ ဝါကျာရမ္ဘ။

**စာစပ်။** ။တေန-ကား သည်-ပေးသောကြောင့် ဥပ္ပါဒိတာ-၌ အဝုတ္တကတ္တား၊ ဥပ္ပါဒိတာ-ကား ထိုကတ္တားကိုမဟောသော ကိတ်ကြိယာဝါစက။

(ဣတိတိ ပဒံ စိန္တေသီတိ ပဒေ အာကာရော)။

## နံပါတ် (၄)

**ဥပ္ပါဒိတာ။** ။ဥပ္ပါဒိယထေတိ ဥပ္ပါဒိတာ။(ဥ+ပဒ+ကာရိတ်ဏေ+တ)

http://www.dhammadownload.com



ဟေတုကတ္တုရှ-သံသယကိုဖြစ်စေတတ်သော အဘိယုဥ္စကရဟန်း၏ ဝိနိစ္ဆယ ကုသလအဖြစ်, ဗလဝနိဿိတာဒိအဖြစ်သည် မှုချ။ဟေတုကမ္မရှ-ယုံမှားတွေးတောမှု သံသယ၏ (ဝါ)-မောဟမူစိတ္တုပ္ပါဒ်၏ ဥပ္ပါဒိဘောဂုဏ်သည် ကာရကဏ္ဍပစာ။တ-ပစ္စည်း အရ ထို-သော ယုံမှားတွေးတောမှုသံသယ၊(ဝါ)-မောဟမူစိတ္တုပ္ပါဒ် ရ၏။

**အာရာမော။** **။အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရာမော။**

အာ-ဥပသာရအရ အာဂမနဘောဂုဏ် ရ၏။ (ဝါ)-ဓာတွတ္ထဝိသေသကဘော ဂုဏ် ရ၏။ ရမု-ဓာတ်အရ ကတ္တုရှ-မွေ့လျော်ပျော်ပါးသောလူတို့၏ ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှုချ။ အဓိကရဏတ္ထ-အာရာမ်၏ အာရမ္မဏူပနိဿယ သတ္တိသည် ဖလူပစာ။ ဏ-ပစ္စည်းအရ ထို-သော အာရာမ် ရ၏။

**ပရသန္တကံ။** **။သဟ အန္တေန ယော ဝတ္တတီတိ သန္တော။**

**သန္တောယေဝ သန္တကံ။**

**ပရဿ သန္တကံ ပရသန္တကံ။**

သဟ+အန္တဟူသော ဗဟုဗ္ဗီဟိသမာသပုဒ်အရ သူတစ်ပါးပိုင်အာရာမ်၏ အနီး အရပ်နှင့်တကွဖြစ်ခြင်း သဟတ္ထဘောဂုဏ်သည် မှုချ။ ထို-၏ ယ-အညပုဒ်အရ သူတစ် ပါးပိုင်အာရာမ်နှင့် ဂုဏ်+ဂုဏော ဋ္ဌာန+ဋ္ဌာနီစပ် ဋ္ဌာနူပစာ။ ယ-အညပုဒ်အရ ထိုသော အနီးနှင့်တကွဖြစ်သော သူတစ်ပါးပိုင်အာရာမ် ရ၏။

သွတ္ထတဒ္ဓိတ်တို့၏သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် သူတစ်ပါးပိုင်အာရာမ် ရ၏။

**ဝိနိစ္ဆယကုသလတာ။** **။ဝိနိစ္ဆယေ ကုသလော ဝိနိစ္ဆယကုသလော။**

**ဝိနိစ္ဆယဿ ကုသလော ဝိနိစ္ဆယကုသလော။**

**ဝိနိစ္ဆယကုသလဿ ဘာဝေါ ဝိနိစ္ဆယကုသလတာ။**

**ဗလဝနိဿိတာဒိဘာဝေါ။** **။ဗလံ အဿ အတ္ထီတိ ဗလဝါ။**

**ဗလဝံ နိဿိတော ဗလဝနိဿိတော။**

**ဗလဝနိဿိတော အာဒိ ယဿာတိ ဗလဝနိဿိတာဒိ။**

**ဗလ၊ နိဿိတာဒိဿ ဘာဝေါ ဗလဝနိဿိတာဒိဘာဝေါ။**

**သံသယံ။** **။သယန္တိ ဧတေနာတိ သံသယော။**

**ဝိနိစ္ဆယပ္ပသုတော။** **။ဝိနိစ္ဆယေ ပသုတော ဝိနိစ္ဆယပ္ပသုတော။**

**ဝိမတိ။** **။ဝိဝိဓေန အာကာရေန မညတီတိ ဝိမတိ။**

**ဝိဝိဓေန ကာရေန မညနံ ဝိမတိ။**

## နံပါတ် (၅)

**မှသာ။** **။ဒုတိယန္တ, တတိယန္တနိပါတ်ပုဒ်။(မုသားစကားကို/ဖြင့်)**

**ဝိနိစ္ဆယ။** **။ဝိ+နိ+စိ+ဏ။(ဝိဝိစ္ဆိနာတိ ဧတေနာတိ ဝိနိစ္ဆယော)။**

**ကုသလ။** **။ကုသ+အလ။ လာ(လု)+ကွိ။**

**ကုသလ။** **။ကုသဒ္ဓူပပဒ+သလ+အ။**

http://www.dhammadownload.com



ပသုတ။ ။ပ+သု+တ။
သံသယ။ ။သံ+သိ+ဏ။
ဝိမတိ။ ။ဝိ+မန+တိ။

## နံပါတ် (၆)

(က) ပရသန္တကံ-ဖြင့် အာရာမ-အရ အရာဌာနအားလျော်စွာ သူတစ်ပါးပိုင် အာရာမ်ကို ကေဒေသျှပစာအားဖြင့် ကောက်ယူရမည်ကို သိစေပါသည်။

မမ သန္တကော-စသည်ဖြင့် အားထုတ်ပုံ အခြင်းအရာ (ဝါ)-တရားစွဲပုံအခြင်း အရာကို သိစေပါသည်။

(ခ) အဒိန္နာဒါနဿ ပယောဂတ္တာ-ဖြင့် ဒုက္ကဋ်အာပတ်သင့်ခြင်း၏အကြောင်း ကို သိစေပါသည်။

(ဂ) အာရာမသာမိကဿ-ဖြင့် သာမိက-အရ အာရာမ်ပိုင်ရှင်ကို ကောက်ယူရ မည်ကို သိစေပါသည်။

သံသယံ-ဖြင့် ဝိမတိ-သဒ္ဒါ၏ သံသယ-အနက်၌ဖြစ်သည်ကို သိစေပါသည်။ (ဝါ)-သံသယ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေပါသည်။

ဇနေတိ-ဖြင့် ဥ-ရှေးရှိသော ပဒ-ဓာတ်သည် ဇနန-အနက်၌ဖြစ်သည်ကို သိ စေပါသည်။

ဝိနိစ္ဆယကုသလတာယ-စသည်ဖြင့် သံသယဖြစ်စေခြင်း၏အကြောင်းကို သိ စေပါသည်။

## နံပါတ် (၇)

**အဒိန္နာဒါနဿ/အဒိန္နဒါနဿ. . .**

**ဒါ ဒါနေ၊ အာပုဗ္ဗော ဂဟဏေ၊ နီတိဓာတု၊ ၇၄-၌** ဆိုသောကြောင့် ဤ၌ ဒါ ဓာတ်သည် ဒါနတ္ထ-၌မဖြစ်၊ ဂဟဏတ္ထ-၌ ဖြစ်သောကြောင့် အာ-ရှေးရှိသော အဒိန္နာ ဒါနဿ ပါဌ်သင့်။

**ဝိနိစ္ဆယပ္ပသုတံ/ဝိနိစ္ဆယပသုတံ. . .**

ဝိနိစ္ဆယပ္ပသုတန္တိ ဝိနိစ္ဆယေ နိယုတ္တံ-သာရတ္ထ သံဝဏ္ဏနာတဗ္ဗ တည်ပုဒ်ပြုထား သောကြောင့်လည်းကောင်း၊ သရမှာ ပ ပဋိ ပတီနံ ပဿ ဒွိတ္တံ-ဟု နိရုတ္တိဒီပနီ၌ အ သရ်နောင် ပ ပဋိ ပတိ-တို့၏ ပ-သည် ဒွေဘော်ဌာနဖြစ်သောကြောင့် ဝိနိစ္ဆယပ္ပသုတံ-ဟု ဒွေဘော်နှင့်ရှိသောပါဌ်သာသင့်။

## နံပါတ် (၈)

**အာရာမံ အဘိယုဉ္ဇတိ။** ။ဌာနဝိသယဖြစ်သော အာရာမ်ဖြင့် ဌာ နီဝိသယီဖြစ်သော တရားစွဲဆိုခြင်းကိုမှတ်၍ဆိုသဖြင့် အာရာမ် တရားစွဲဆိုခြင်းဟူသော အများကိုဆိုသဖြင့် ဘူမဌဘဏ္ဍာ-စသည် တရားစွဲခြင်းတည်းဟူသော အနည်းကိုလည်း

http://www.dhammadownload.com



ရသောကြောင့် တပ္ပဟုလ္လ-နည်း။ (ဂဏ္ဌိ) ဝိမတိ၊၁။၁၈၂-၌ ယေဘုယျ-နည်း ရ၏။

**အာရာမာဒိထာဝရေသု ပန ယေဘုယျေန အဘိယောဂဝသေနေဝ ဂဟဏ သမ္ဘဝတော။** ဥပလက္ခဏ-နည်း၊ ကေဒေသူပစာ၊ ကေဒေသျူပစာ-စသည် ဖြေလေ။

**ပယောဂတ္တာ။** ။အပေါင်းဖြစ်သော ပုဗ္ဗပယောဂ, သဟပယောဂ တို့၏ ပယောဂ-အမည်ကို အစိတ်ဖြစ်သော သဟပယောဂ-၌တင် ကေဒေသျူပစာ။ ရှုဋ္ဌ်နည်း။ **ပယောဂတ္တာတိ သဟပယောဂမာဟ။** (ဝိမတိ၊ ၁။၁၈၂)

## နံပါတ် (၁၀)

အဘိယုဥ္စတိ-၌ မုသာဝါဒစေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ကောက်။

သံသယ ဝိမတိ-အရ ဝိစိကိစ္ဆာ, မောဟမူစိတ္တုပ္ပါဒ် ရ၏။

(တစ်နည်း)-ဝိတက်ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ရ၏။

## ဝါကျစဉ် (၆၇)

(က) **သာမိကံ ပရာဇေတီတိ** ဝိနိစ္ဆယိကာနံ ဥက္ကောစံ ဒတွာ ကူဋသက္ခိံ ဩတာရေတွာ အာရာမသာမိကံ ဇိနာတီတိ အတ္ထော။

(ခ) **အာပတ္တိပါရာဇိကဿာတိ** န ကေဝလံ တဿေဝ၊သဠိစ္စ တဿ အတ္ထသာဓနေ ပဝတ္တာနံ ကူဋဝိနိစ္ဆယိကာနမ္ပိ ကူဋသက္ခီနမ္ပိ သဗ္ဗေသံ ပါရာဇိကံ။

(ဂ) တွေ စ သာမိကဿ ဓုရနိက္ခေပဝသေနေဝ ပရာဇယော ဝေဒိတဗ္ဗော။

(ဃ) အနိက္ခိတ္တဓုရော ဟိ အပရာဇိတောဝ ဟောတိ။

(င) ဓမ္မံ စရန္တော ပရဇ္ဇတီတိ သစေပိ ဓမ္မေန ဝိနယေန သတ္ထုသာသနေန ဝိနိစ္ဆယဿ ပဝတ္တတ္တာ သယံ ပရာဇယံ ပါပုဏာတိ။

(စ) ဧဝမ္ပိ မုသာဝါဒေန သာမိကာနံ ပီဠာကရဏပစ္စယာ ထုလ္လစ္စယံ အာပဇ္ဇတိ။ (ဝိ ၊ ၄ ၊ ၁ ။ ၂၉၅)

## နံပါတ် (၁)

(က) ဝိနိစ္ဆယိကာနံ-တရားဆုံးဖြတ်မှု၌ယှဉ်ကုန်သော တရားသူကြီးတို့အား၊ ဥက္ကောစံ-တံစိုးလက်ဆောင်ကို၊ကူဋသက္ခိံ-ကောက်ကျစ်သောသက်သေကို၊ဩတာရေတွာ-သွင်းချ၍။

(ခ) ကေဝလံ-အခြားသော ဝိနည်းမိုရ်, သက်သေရဟန်းတို့မဖက် သက်သက်၊ တဿေဝ-ထိုတရားစွဲသော ရဟန်း၏သာ၊(ပါရာဇိကံ နဟောတိ) အထခေါ၊သဠိစ္စ-သညာနှင့်တကွ စေ့ဆော်၍၊တဿ-တရားစွဲသောရဟန်း၏၊ အတ္ထသာဓနေ-ကိစ္စကို ပြီးစေခြင်း၌။

http://www.dhammadownload.com



(ဂ) ဓုရနိက္ခေပဝသေနေဝ-ဝန်ကို ချခြင်း၏အစွမ်းဖြင့်။

(ဃ) မအူနိဿယ၌ ဟိ-ယသ္မာပေး၍ (ဂ)ဝါကျနှင့်ဝါကျအပြန်အလှန်ပေး။

(ဂ) ဇတ္တ ဧတသ္မိံ သာမိကံ ပရာဇေတီတိ အာဒိဝစနေ။(မအူ)။

ဇတ္တစာတိ ဓမ္မံ စရန္တောတိ ပဒေ(ယောဇနာ)၊တစ်နည်း-ဤသို့တရားစွဲဆိုရာ၌။ (ဘာ-ဋီ)

(ဃ) ဟိ-သစ္စံ၊အနိက္ခိတ္တဓုရော-မချအပ်သော လုံ့လဝီရိယရှိသော၊သာမိကော-ပိုင်ရှင်သည်၊(ဝါ)-ပိုင်ရှင်ကို၊အညေန-အခြားသူသည်၊(ကတ္တား-ယောဇနာ)၊အပရာဇိတောဝ-ရှုံးသောသူမဟုတ်သည်သာ။

(စ) ပီဠာကရဏပစ္စယာ-ညှဉ်းဆဲမှုကိုပြုခြင်းဟူသောအကြောင်းကြောင့်။

## နံပါတ် (၂)

**(ဂ)ဝါကျသို့ အယုတ္တစောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် တရားစွဲဆိုသောရဟန်း၏သာ ပါရာဇိကအာပတ်သို့ သင့်ရောက်သည်သာမဟုတ်သေး၊ စေတနာနှင့်တကွ စေ့ဆော်၍ ထိုရဟန်း၏ကိစ္စကို ပြီးစေခြင်း၌ဖြစ်ကုန်သော ကောက်ကျစ်သောတရားဆုံးဖြတ်မှု၌ယှဉ်သော ဝိနည်းမိုရ်, ကောက်ကျစ်သောသက်သေတို့အားလည်း ပါရာဇိကအာပတ် သင့်ရောက်၏ဟု ဆိုတော်မူ၏။ထိုရဟန်းတို့သည် ဌာနာစာဝနအမှုကို မပြုကြကုန်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ထိုရဟန်းတို့အား အဘယ်ကြောင့် ပါရာဇိကအာပတ် သင့်ရောက်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**ကား။** ။ဌာနာစာဝနမရှိသော်လည်း နှစ်ယောက်သောသူတို့၏ ဓုရနိက္ခေပသည်ပင် ဌာနာစာဝနအရာ၌ တည်သည်ဖြစ်ဘိသော်၊ ထိုသို့ဖြစ်ဘိသောကြောင့် အလုံးစုံပါရာဇိကအာပတ်သို့ ရောက်၏ ဟူလို။

**အသတိပိ ဇစတ္တ ဌာနာစာဝနေ "ဥဘိန္နံ ဓုရနိက္ခေပေါယေဝ" ဌာနာစာဝနဌာနေ တိဋ္ဌတိ။** (သာရတ္ထ၊၂။၁၄၃)

**(တစ်နည်း)**-ဆရာ ပါဠိတော်၌ သာမိကံ ပရာဇေတိ-ဟု ဟောတော်မူ၏။အဘယ်သို့လျှင် ပိုင်ရှင်ကို ဆုံးရှုံးစေပါသနည်း။ ဆုံးဖြတ်ချက်ဒီဂရီချခြင်း၏အစွမ်းဖြင့် ရှုံးစေအပ်ပါသလော။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။(ဤကား စာမေးပွဲ အဖြေ)။

**(ဃ)ဝါကျသို့ အယုတ္တစောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ပိုင်ရှင်၏ဝန်ခံခြင်း၏အစွမ်းဖြင့်သာ ရှုံးခြင်းကို သိထိုက်သောဟု ဖွင့်ဆိုတော်မူအပ်၏။ထိုစကားအသို့လျှင်သင့်နိုင်ပါအံ့နည်း။ လောက၌ ဆုံးဖြတ်ချက်ဒီဂရီချခြင်း၏အစွမ်းဖြင့်သာ တရားရှုံးခြင်းသည် ထင်ရှားသည်မဟုတ်ပါလော။(ဝါ)-ပရာဇေတိ-ဟူ၍ မိန့်ရကား ရှုံးသောခဏ၌သာ ပါရာဇိကဖြစ်ကောင်းသည်မဟုတ်ပါလော။ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**ကား။** ။ဝန်မချသ၍ ရှုံးသည်မည်သောကြောင့် ဟူလို။

**ဓုရနိက္ခေပဝသေနေဝ ပရာဇယောတိ သာမိကော "အဟံ န မုစ္စာမိ" တိ အနိက္ခိပန္တော အန္တောပရာဇိတောနာမ န ဟောတီတိ ဒဿေတိ။** (ဝိမတိ၊၁။၁၈၂)

http://www.dhammadownload.com



**(စ)ဝါကျသို့ စောဒနာ။** ။ဆရာ (င)ဝါကျဖြင့် ဓမ္မ, ဝိနယ, သတ္ထုသာသနဖြင့် ဝိနိစ္ဆယဖြစ်ခြင်းကြောင့် တရားစွဲဆိုသောရဟန်းကိုယ်တိုင် ရှုံး၏ဟု ဖွင့်ဆိုအပ်၏။ တရားစွဲဆိုသောရဟန်းကိုယ်တိုင် ရှုံးသောကြောင့် အာပတ်သို့မရောက်ထိုက်သည်မဟုတ်ပါလော။ အဘယ်ကြောင့် ပါဠိတော်၌ "အာပတ္တိ ထုလ္လစ္စယဿ"ဟူ၍ ဟောတော်မူအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က)ဝါကျ ပက္ခန္တရ။ (ခ)ဝါကျ ပက္ခန္တရ။
(ဂ) ဝါကျ ဝါကျာရမ္ဘ။ (ဃ)ဝါကျ ဒဋ္ဌီကရဏ၊ ကာရဏ။
(င) ဝါကျ ပက္ခန္တရ။ (စ) ဝါကျ ဝါကျာရမ္ဘ။

**စာစပ်။** ။သဉ္စိစ္စ-ကား ၍-ပေးသောကြောင့် ပဝတ္တာနံ-၌ ပုဗ္ဗကာလကြိယာဝိသေသန၊ပဝတ္တာနံ-ကား ပုဗ္ဗကာလကြိယာဝိသေသျ။

**သဉ္စိစ္စာတိပဒေ ပဝတ္တာနံ ပုဗ္ဗကာလကြိယာ၊(ယောဇနာ)။**
**သာမိကာနန္တိပဒံ ပိဋ္ဌာတိပဒေ သမ္ဗန္ဓိနံ (ကမ္မံ ဝါ)။**

## နံပါတ် (၄)

**ကူဋဝိနိစ္ဆယိကာ။** ။**ကုစ္ဆိတေန အာကာရေန အဋတီတိ ကူဋော။**
**သစ္စဘာဝံ ကူဋတိ ဆိန္ဒတီတိ ကူဋော။**
**ဝိနိစ္ဆယနံ ဝိနိစ္ဆယော။**
**ကူဋော ဝိနိစ္ဆယော ကူဋဝိနိစ္ဆယော။**
**ကူဋဝိနိစ္ဆယေ နိယုတ္တာ ကူဋဝိနိစ္ဆယိကာ။(သာရတ္ထ)**
**ဝိနိစ္ဆယံ ကရောန္တီတိ ဝိနိစ္ဆယိကာ။**
**ကူဋာ ဝိနိစ္ဆယိကာ ကူဋဝိနိစ္ဆယိကာ။**

ကူဋဝိနိစ္ဆယ-ဟူသော တဒ္ဓိတ်ပုဒ်အရကား ကောက်ကျစ်သော တရားဆုံးဖြတ်မှုသည် မုချ။ ထို-၏ ဣက-ပစ္စည်းအရ ဝိနည်းမိုရ်ရဟန်းနှင့် ဝိသေသန+ဝိသေသျစင် ဥာနူပစာ။ ဣက-ပစ္စည်းအရ ထို-သော ကောက်ကျစ်သောတရားဆုံးဖြတ်ခြင်း၌ ယှဉ်ကုန်သော ဝိနည်းမိုရ်ရဟန်း ရ၏။(မအူအလို ကမ္မဓာရည်း တစ်နည်းကောက်)။

**ကူဋသက္ခိ။** ။**သဟ အက္ခိနာ ယော ဝတ္တတီတိ သက္ခိ။**
**ကူဋော သက္ခိ ကူဋသက္ခိ။**

**ကူဋဝိနိစ္ဆယိကာ။** ။**ကူဋာ စ ဝိနိစ္ဆယိကာစာတိ ကူဋဝိနိစ္ဆယိကာ။**

**အနိက္ခိတ္တဓုရော။** ။**န နိက္ခိတ္တော အနိက္ခိတ္တော။**
**အနိက္ခိတ္တော ဓုရော ယေနာတိ အနိက္ခိတ္တဓုရော။**

အနိက္ခတ္တဓုရ-အရ မချသောဝန်သည် မုချ။ ထို-၏ ယ-အညပုဒ်အရ အာရာမ်ပိုင်ရှင်ရဟန်းနှင့် နိဿိတ+နိဿယစပ် ဥာနူပစာ။ ယ-အညပုဒ်အရ ထို-သော မချသောဝန်ရှိသော အာရာမ်ပိုင်ရှင်ရဟန်း ရ၏။

http://www.dhammadownload.com



| | |
|---|---|
| ပိဋ္ဌကရဏပစ္စယာ။ | ။ပိဋ္ဌကရဏဿ တံ ပစ္စယောစာတိ ပိဋ္ဌကရဏပစ္စယော။ |

## နံပါတ် (၅)

| | |
|---|---|
| ဥက္ကောစံ။ | ။ဥ+ကုစ+ဏ။ (ဝိဂတော ကောစာယေနာတိ ဥက္ကောစံ)။ ကင်းသော တွန့်ဆုတ်ခြင်းရှိသောဝတ္ထု။ |
| သက္ခိ။ | ။သဟ+အက္ခိ၊ အသု+ခ၊ အက္ခ+အ၊ (အသတိ ဝိသယေသု ဗျာပီ ဘဝတီတိ အက္ခိ၊သဿ ကော။) |
| ဩတာရေတွာ။ | ။အဝ+တရ+ဏေ+တွာ။ |
| သဉ္စိစ္စ။ | ။သံ+စိတ+တွာ။ |
| အတ္ထံ။ | ။အတ္ထ+အ။ (အတ္ထီယတေ ဉာယတေတိ အတ္ထော) (ဓာတွတ္ထ)။အရ+ထ။ (အရဏီယ ဂစ္ဆီယ ဇာနာတိ အတ္ထော)။ |
| ကူဋ။ | ။ကူဋ+အ။ |
| နိက္ခေပ။ | ။နိ+ခိပ+ဏ။ |
| နိက္ခိတ္တ။ | ။နိ+ခိပ+တ။ |
| ဓုရ။ | ။ဓရ+အ။ |
| ပိဋ္ဌာ။ | ။ပိဋ္ဌ+အ။ |

## နံပါတ် (၆)

(က) အာရာမသာမိကံ ဇိနာတိ-ဖြင့် သာမိက-အရ အာရာမ်ပိုင်ရှင်ရဟန်းကို ကောက်ယူရမည်ကိုလည်းကောင်း၊ ပရာဇေတိ-ရှုံးစေ၏ဟူသည် အာရာမ်ပိုင်ရှင် ရဟန်းကို နိုင်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ဇိ-ဓာတ်သည် ဘူဝါဒိ ကိယာဒိ ဒွိဂဏိကဓာတ် အဖြစ်ကိုလည်းကောင်း၊ ပရ-ဥပသာရ၏ ဓာတွတ္ထဗာဓက အဖြစ်ကိုလည်းကောင်း သိစေပါသည်။

ဝိနိစ္ဆယိကာနံ ။ပ။ ဩတာရေတွာ-ဖြင့် ပိုင်ရှင်ရှုံးစေပုံ အခြင်းအရာကို သိစေပါသည်။

(င) ပရာဇယံ ပါပုဏာတိ-ဖြင့် ရှုံးစေ၏ဟူသည် ရှုံးခြင်းသို့ရောက်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

သယံ-ဖြင့် ရှုံးခြင်းသို့ရောက်သည်ဟူသည် အခြားပုဂ္ဂိုလ်မဟုတ် ကောက်ကျစ်စွာ တရားစွဲဆိုသောရဟန်းကိုယ်တိုင်ဖြစ်သည်ကို သိစေပါသည်။

သစေပိ-ဖြင့် တိဝိဘတ်၏ ပရိကပ္ပန-အနက်၌ဖြစ်သည်ကို သိစေပါသည်။

ဓမ္မေန ။ပ။ ပဝတ္တတ္တာ-ဖြင့် ကောက်ကျစ်စွာ တရားစွဲဆိုသောရဟန်း၏ ရှုံးရခြင်းအကြောင်းကို သိစေပါသည်။

## နံပါတ် (၇)

ဥက္ကောစံ/ဥက္ကောဋံ. . .

ဥက္ကောစံ ဥက္ကောဋနံ့ စ ဒွေ ပရိယာယော-ဟူသော ယောဇနာထောက်၍ နှစ်ပါး၌လုံးသင့်။

http://www.dhammadownload.com



မှတ်ချက်။ ။ပရာဇေတိ-ကို ဇိနာတိ-ဟု ဖွင့်ဆိုရခြင်း၌ သဒ္ဒယုတ္တိ၊ ဇိ-ဓာတ်သည် "ဘူဝါဒိဂိုဏ်း, ကိယာဒိဂိုဏ်း"နှစ်ဂိုဏ်းတို့၌ဖြစ်၏။ဘူဝါဒိဂိုဏ်းဖြစ်သော ဇိ-ဓာတ်သည် ရှုံးခြင်း, နိုင်ခြင်း အနက်နှစ်မျိုးကို ဟော၏၊ ကိယာဒိဂိုဏ်းဖြစ်သော ဇိ-ဓာတ်သည် နိုင်ခြင်း, အောင်ခြင်းကိုသာ ဟော၏။ထို့ကြောင့် ဘူဝါဒိဂိုဏ်း ဇိ-ဓာတ် ရှုံးခြင်းအနက်ကို ကိယာ ဒိဂိုဏ်း ဇိ-ဓာတ်ဖြင့် နိုင်ခြင်းအဓိပ္ပါယ်ကို ဖွင့်၏။

## နံပါတ် (၉)

**သာမိကံ ပရာဇေတိ။** ။အပေါင်းဖြစ်သော ပိုင်ရှင်အားလုံး၏ သာမိကအမည်ကို အစိတ်ဖြစ်သော အာရာမ်ပိုင်ရှင်၌တင် ဧကဒေသျူပစာ။(ဂ)ဝါကျ-ပိုင်ရှင်၏ ဝန်ချ၍ရှုံးခြင်းကိုဆိုသဖြင့် "ကူဋ္ဌ, အဍ္ဍ,ကာရက, ကူဋ္ဌဝိနိစ္ဆယိက, ကူဋ္ဌ သက္ခိ" တို့၏ ပါရာဇိကအာပတ်သို့ ရောက်ခြင်းကိုလည်း ပြီးစေတတ်သောကြောင့် အဝုတ္တသိဒ္ဓိ-နည်း။

**အာပတ္တိပါရာဇိကဿ။** ။အစိတ်ဖြစ်သော တရားစွဲဆိုသောရဟန်း ၏ အာပတ္တိပါရာဇိကဿ-အမည်ကို အပေါင်းဖြစ်သော တရားစွဲဆိုသောရဟန်းနှင့် တကွ ကောက်ကျစ်သောဝိနည်းမိုရ်, ကောက်ကျစ်သော သက်သေတို့၌ တင် [illegible] သူပစာ၊ ဥပလက္ခဏ-နည်း။

## နံပါတ် (၁၀)

"ဝိနိစ္ဆယိကာနံ ဥက္ကောစံ ဒတွာ" လောဘပြဋ္ဌာန်းသော အကုသိုလ်စိတ်ဖြင့်ပြင်း ကောက်။

(မတရားရလိုမှုအတွက် ပေးကမ်းခြင်း, လဲလှယ်ခြင်းမျှသာဖြစ်၏။ပူဇော်နှုတ်ဟ ကား မဖြစ်ဟူလို။)

## ဝါကျစဉ် (၆၈)

(က) အဘိယောဂေပိ စေတ္ထ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခူနံ ဒိန္နံ ငှာရာမ- ဝါ ပရိဝေနံ ဝါ အာဝါသံ ဝါ မဟန္တမ္ပိ ခုဒ္ဒကမ္ပိ အဘိယုဉ္ဇတော အဘိ ယောဂေါ န ရုဟတိ။

(ခ) အစ္ဆိန္ဒိတွာ ဂဏှိတုမ္ပိ န သက္ကောတိ။

(ဂ) ကသ္မာ? သဗ္ဗေသံ ဓုရနိက္ခေပါဘာဝတော။

(ဃ) န ဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ ဓုရနိက္ခေပံ ကရောန္တိတိ။

(င) ဒီဃဘာဏကာဒိဘေဒဿ ပန ဂဏဿ စေပုဂ္ဂလဿ ဝါ သန္တကံ အဘိယုဉ္ဇိတွာ ဂဏှန္တော သက္ကောတိ တေ ဓုရံ နိက္ခိပါပေတုံ။

(ဝိ၊ဋ္ဌ၊၁။ ၂၉၅/၆)

http://www.dhammadownload.com



## နံပါတ် (၁)

(က) စ-ဆက်၊ တွေ-တေသွံ ဝိဟာရဋ္ဌဘဏ္ဍော၊အဘိယောဂေပိ၊တရားစွဲခြင်း၌လည်း၊စာတုဒ္ဒိသံ-အရပ်လေးမျက်နှာရှိသော၊(ဝါ)-အရပ်လေးမျက်နှာ၌ အပိတ်အပင်မရှိ လှည့်လည်သွားလာသော၊ဝိဟာရံဝါ-ကျောင်းတိုက်ကြီးကိုသော်လည်းကောင်း၊ပရိဝေဏံဝါ-ကျောင်းတိုက်ကြီးအတွင်း ပရဝုဏ်ကိုသော်လည်းကောင်း၊အာဝါသံဝါ-ပရဝုဏ်အတွင်း ကျောင်းကိုသော်လည်းကောင်း၊မဟန္တမ္ပိ-အကြီးကိုသော်လည်းကောင်း၊အဘိယုဥ္စတော-တရားစွဲသောရဟန်း၏၊အဘိယောဂေါ-သည်၊ န ရုဟတိ-မတက်ရောက်၊(ဝါ)-အထမမြောက်။

(ခ) အစ္ဆိန္နိတွာ-လုရ၍။

(ဂ) ကသ္မာ၊ နရုဟတိ၊ န သက္ကောတိ၊သဗ္ဗေသံ၊ ဘိက္ခူနံ၊ဓုရနိက္ခေပါဘာဝတော-ဓုရနိက္ခေပ၏၊(ဝါ)-ဝန်ကိုချခြင်း၏မရှိခြင်းကြောင့်၊ န ရုဟတိ၊ နသက္ကောတိ။

(ဃ) ကသ္မာ၊ဓုရနိက္ခေပါဘာဝေါ၊ဟောတိ၊ဟိ-ယသ္မာ၊တွေ-ဤဝိဟာရစသည်၌၊စတုဒ္ဒိသော၊ဘိက္ခူ၊ဓုရနိက္ခေပံ၊ န ကရောန္တိ၊ဣတိ၊ဓုရနိက္ခေပါဘာဝေါ၊ဟောတိ။

(င) ပန-တတ်နိုင်သည်ကိုဆိုဦးအံ့၊ဒီဃဘာဏကာဒိဘေဒသ-ဒီဃနိကာယ်ကိုဆိုတတ်သောမထေရ်တို့ အစရှိသော အပြားရှိသော၊တေ-ထိုဂိုဏ်းပုဂ္ဂိုလ်တို့ကို၊(ပရိစ္စိန္နသာမိကတ္တာ-ဟိတ်)ဓုရံနိက္ခိပါပေတုံ။

## နံပါတ် (၂)

(က)ဝါကျသို့ **အနုသန္ဓေ(အပရာနုသန္ဓေ)**။ ။ယခုအခါ၌ ပါဠိတော်ဝယ် "ဝိဟာရံ အဘိယုဥ္စတိ"စသည်ဖြင့် ပါရာဇိကအာပတ်တိုင်အောင် ဟောတော်မူအပ်သောကျောင်းသည် ကျောင်းဟူသမျှဖြစ်ရာ၏ဟူသော ပသင်္ဂကို နစ်စေခြင်းငှါ (က)ဝါကျကိုမိန့်။ (ဂဏ္ဌိ)

(ဂ)ဝါကျသို့ **စောဒနာ**။ ။ဆရာ (ခ)ဝါကျဖြင့် စတုဒ္ဒိသ သံဃာပိုင်ကျောင်းစသည်ကို လုယူခြင်းငှါ မစွမ်းနိုင်ဟု ဖွင့်ပြအပ်၏။ အဘယ်ကြောင့် လုယူခြင်းငှါ မစွမ်းနိုင်ပါသနည်း။ ပရပရိဂ္ဂဟိတ သသာမိက ဥစ္စာမဟုတ်လော၊(ဂဏ္ဌိ)။ဤသို့ စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**ကား**။ ။အညီဝန်ချခြင်း မရှိသောကြောင့် ဟူလို။

(ဃ)ဝါကျသို့ **စောဒနာ**။ ။ဆရာ (ဂ)ဝါကျဖြင့် အလုံးစုံသောရဟန်းတို့၏ ဓုရနိက္ခေပမဖြစ်နိုင်ခြင်းကြောင့် စာတုဒ္ဒိသ သံဃာပိုင်ကျောင်းစသည်ကို အစ္ဆိန္န န ဂဟဏ-မဖြစ်ဟု ဖွင့်ပြအပ်၏။ အညီတိုင်ပင်၍ပြုသော် ဓုရနိက္ခေပဖြစ်ကောင်းရာသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် အလုံးစုံသောရဟန်းတို့အား ဓုရနိက္ခေပမရှိနိုင်ဟု ဖွင့်ဆိုအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့်(ဃ)ဝါကျကိုမိန့်။

**ကား**။ ။အလုံးစုံအရပ်လေးမျက်နှာ၌တည်သော ရဟန်းတို့ဖြစ်၍ တညီတည်းမပြုနိုင်သောကြောင့် ဟူလို။(ဂဏ္ဌိ)။

(င)ဝါကျသို့ **ဟေတာလင်္ကာရာနုသန္ဓေ**။ ။ဤသို့ (က)စသည်ဖြင့် စာတုဒ္ဒိ

http://www.dhammadownload.com



သံ သံဃာပိုင်ကျောင်းစသည်၌ တရားစွဲဆိုလုယူ၍ မရနိုင်ခြင်းစသည်ကို အကြောင်းယုတ္တိနှင့်တကွ ပြဆိုတော်မူပြီး၍၊ ယခုအခါ၌ အရှင်ရှိသောကြောင့် ဝန်ချစေခြင်းငှါ စွမ်းနိုင်ရာသည်ကို ပြလိုတော်မူသော အဋ္ဌကထာဆရာသည် (င)ဝါကျကိုမိန့်။

**ဂဏသန္တကေ ပန ပရိစ္စိန္နသာမိကတ္တာ သက္ကာ ဓုရံ နိက္ခိပါပေတုန္တိ အာဟ၊ "ဒီဃဘာဏကာဒိဘေဒဿ ပန ဂဏဿာ"တိ။**

## နံပါတ် (၃)

(က) ဝါကျ ဝါကျာရမ္ဘ၊ ပါဠိတော်လာ "ဝိဟာရံ အဘိယုဥ္ဇတိ"၌ ဝိဟာရအရနှင့် ပိုင်ဆိုင်မှုအားလျော်စွာ အဘိယုဥ္ဇန-ဖြစ်/မဖြစ်ကို မပြပြီလောဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြ။

(ခ) ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ၊ တရားစွဲမယူနိုင်သည်မှတစ်ပါး လု၍လည်းမယူနိုင်သည်ကို ဆက်လက်ပြ။

(ဂ) ဝါကျ ကာရဏ။

(ဃ)ဝါကျ ဒဠှီကရဏ၊ ကာရဏ (မအူ)၊ ဝိတ္ထာရ။

နိယံ။ ။ဟေတုနောင်မှ၊ ဟိနှင့်ပြ၊ ခဲ့ထသညီ၊ ဝိတ္ထာရီ။

## နံပါတ် (၄)

| | |
|---|---|
| **စာတုဒ္ဒိသော။** | **။စတဿော ဒိသာ စတုဒ္ဒိသာ။** |
| | **စတုဒ္ဒိသော အပဋိဟတော စာတုဒ္ဒိသော။** |
| | **(အပရိဟတတ္ထေ ဏ-ပစ္စယော)။(ပါစိတ်ယောဇနာ၊ ၄၂)** |
| **စာတုဒ္ဒိသော။** | **။စတဿော ဒိသာ ဧတဿာတိ စတုဒ္ဒိသော။** |
| | **စတုဒ္ဒိသောယေဝ စာတုဒ္ဒိသော။** |
| | **စတဿော ဒိသာ စတုဒ္ဒိသံ။** |
| | **စတုဒ္ဒိသံ အဿ အတ္ထီတိ စာတုဒ္ဒိသော။** |

**(သီ၊ဋီ၊သစ်၊၂။၁၁၆)**

စတုဒ္ဒိသ-အရ အရပ်လေးမျက်နှာသည် မုချ။ထို-၏ ဏ-ပစ္စည်းအရ သံဃာနှင့် နိဿယ+နိဿိတစပ် ဌာနူပစာ။ ဏ-ပစ္စည်းအရ ထို-သော အရပ်လေးမျက်နှာရှိ သံဃာ ရ၏။

| | |
|---|---|
| **ဓုရနိက္ခေပါဘာဝေါ။** | **။ဓုရဿ နိက္ခေပေါ ဓုရနိက္ခေပေါ။** |
| | **တဿ အဘာဝေါ။** |
| **ဒီဃဘာဏကာဒယော။** | **။ဒီဃံ ဘဏန္တီတိ ဒီဃဘာဏကာ။** |
| | **ဒီဃဘာဏကာ အာဒယော ဧတေသန္တိ ဒီဃဘာဏကာဒယော။ (ဂဏော)** |

ဒီဃ-အရ ဒီဃနိကာယ်ကျမ်း ရ၏။ ထို-၏ ဘဏ-ဓာတ်အရ ရွတ်ဆိုကြကုန်သောရဟန်းတို့နှင့် ဝိသေသန+ဝိသေသျ၊ ကမ္မ+ကမ္မီစပ် ဌာနူပစာ။ဘဏ-ဓာတ်အရ

http://www.dhammadownload.com



သဒ္ဓါ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ယောနိသောမနသိကာရစသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည် ဖလူပစာ။ လူ, နတ်တို့ နာကြားရခြင်းစသော နောက်နောက်သော အကျိုးသည် ကာရဏ။ သမာသ်ပုဒ်အရနှင့် ဗျွ-ပစ္စည်းအရ ထိုမုချ, ဌာန, ကာရဏ,ဖလူပစာတို့ဖြင့်မှတ်အပ်သော ဒီယဘာဏကရဟန်းတို့ ရ၏။

## နံပါတ် (၅)

| | |
|---|---|
| **ဥဒ္ဒိဿ။** | ။ဥ+ဒိသ+တွာ။ |
| **ပရိဝေဏ။** | ။ပရိ+ဝိ+ယု၊ (ပရိစ္ဆေဒါကာရေန ဝေဏီယတိ ဒိဿတီတိ ပရိဝေဏံ။ (ပါစိတ်ယောဇနာ၊၃၁) |
| **အဘိယုဉ္ဇတော။** | ။အဘိ+ယုဇ+အ+အန္တ၊ (ဂစ္ဆန္တာဒိဂိုဏ်း၊ သ-နှင့်တကွ န္တ-ကို တော-ပြု။) |
| **ဒီယ။** | ။ဒိ+ယ။ (က္ယ-ကို ဤ-ပြု)။ |
| **ဂဏ။** | ။ဂဏ+အ၊(ဂဏီယတိ အဝယဝေန သဟာတိ ဂဏော)။ |
| **သဗ္ဗ။** | ။သရ+ဝ၊ (သရတီတိ သဗ္ဗ)။ (ရ-ကို ဝ-ပြု)။ |

## နံပါတ် (၆)

(က) ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ-ဖြင့် ဝိဟာရဋ္ဌကထာ၌ ဝိဟာရအရ ကျောင်းတိုက်ကြီးတစ်တိုက်လုံးကိုလည်းကောင်း၊ ကျောင်းတိုက်အတွင်း အသီးသီး တံတိုင်းကာရံအပ်သော ဌာနကိုလည်းကောင်း၊ တစ်ကျောင်းတည်းကိုလည်းကောင်း၊ ဝိဟာရ-အရ ဧကဒေသူပစာအားဖြင့် ကောက်ယူအပ်သည်ကို သိစေပါသည်။

စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခုနံ ဒိန္နံ-ဖြင့် ထို ဝိဟာရ-စသည်သည်လည်း ပုဂ္ဂလိကပိုင် လှူဒါန်းအပ်သည်မဟုတ်၊ သံဃိကပိုင်ရည်စူး၍ လှူဒါန်းအပ်သည်ကို သိစေပါသည်။

အဘိယောဂေပိ အဘိယုဉ္ဇတော အဘိယောဂေါ န ရုဟတိ-ဖြင့် ထိုဝိဟာရ ပရိဝေဏ အာဝါသတို့ကို တရားစွဲဆို၍မရနိုင်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

မဟန္တမ္ပိ ခုဒ္ဒကမ္ပိ-ဖြင့် ထိုဝိဟာရစသည်ကို ကြီးကြီးသေးသေး တရားစွဲ၍မရနိုင်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

## နံပါတ် (၇)

(င) ခုရံ နိက္ခိပါပေတုံ /ခူရံ နိက္ခိပါပေတုံ. . .

**ခုရ** ဓာရဏော၊ အသုံ၊ (ဓာန်ငြိ၊ ၃၇၅။ဂါထာ) ခုရဝါဟီ ဓောရ ယွော၊ဓာန်-၄၉၆။ဂါထာ၊"ဝန်"ဟူသောအနက်ကို ခုရသဒ္ဒါကသာ ဟောသောကြောင့်လည်းကောင်း၊ ခုရ-ဓာတ် ခ-၏ အ-ကို ဥ-ပြု၍ပြီးသောကြောင့်လည်းကောင်း၊ ခုရံ နိက္ခိပါပေတုံ-ပါဌ်သင့်။

**အဘိယုဉ္ဇိတွာ/အဘိယုဉ္ဇိတွာ. . .**

http://www.dhammadownload.com



အားထုတ်ခြင်း ယုဇ-ဓာတ်ကိုသာ ဤ၌အလိုရှိအပ်၏။ စပ်ထိုးခြင်း ယုဇ-ဓာတ်ကို ဤ၌အလိုမရှိအပ်၊ ထို့ကြောင့် အဘိ+ယုဇ-ဓာတ်၊ရုဓာဒိဂိုဏ်း၊အ-ပစ္စည်း၊ နိဂ္ဂဟိတ်လာ၍ တွာ-ပစ္စည်း၊က္က-အာဂုမ်တို့ဖြင့် ပြီးသောကြောင့် အဘိယုဉ္ဇိတွာပါဌ်သင့်၊

## နံပါတ် (၉)

**(ခ) အဘိယောဂေါ န ရူဟတိ။** ။အကြောင်းဖြစ်သော တရားစွဲဆိုခြင်း အထမမြောက်သည်ကိုဆိုသဖြင့် အကျိုးဖြစ်သော တရားဆုံးဖြတ်ခြင်းလည်း မဖြစ်နိုင်သည်ကိုလည်း သိအပ်သောကြောင့် နာနန္တရိကနည်း။

**ဇတ္ထ ဝိဟာရေ အဘိယောဂေပိ ဝိနိစ္ဆယော။ (ယောဇနာ)**။

အကြောင်းဖြစ်သော တရားစွဲဆိုမတက်ရောက်နိုင်ခြင်း၏ အဘိယောဂေါ န ရူဟတိ-အမည်ကို အကျိုးဖြစ်သော တရားစွဲ၍ယူခြင်း၏ မပြီးစီးနိုင်သည်၏အဖြစ်၌ တင် ကာရဏူပစာ။

**အဘိယောဂေ ကတေပိ အာဟာရဿ အသိဒ္ဓနတော ဝုတ္တံ "အဘိယောဂ် န ရူဟတီ"တိ။** (သာရတ္ထ၊၂။၁၄၄)

**မဟန္တ+ခုဒ္ဒက။** ။ကြီးသည်လည်းဖြစ်သော ဝိဟာရစသည်ဟူသော အစ၊ ငယ်သည်လည်းဖြစ်သော ဝိဟာရစသည်ဟူသော အဆုံးကိုဆိုသဖြင့် အလယ် အလတ်လည်းဖြစ်သော ဝိဟာရစသည်ဟူသော အလယ်ကိုလည်းရသောကြောင့် မိဂပဒဝဠဉ္ဇန-နည်း။

**ဂဏဿ။** ။အပေါင်းဖြစ်သော နှစ်ပါး, သုံးပါး ဂဏ၊ဒီဃဘာဏကာဒိအဖွဲ့-ဟူသော ဂဏ-အမည်ကို အစိတ်ဖြစ်သော ဒီဃဘာဏကာဒိအဖွဲ့ဟူသော ဂဏ-၌တင် ဧကဒေသျူပစာ။

## နံပါတ် (၁၀)

အစ္စိန္ဒိတွာ ဂဟိတုမ္ပိ-၌ ပရမတ္ထတရားကောက်၊ လောဘ, ဒေါသပြင်းထန်သော အကုသိုလ်စိတ္တုပ္ပါဒ် ရ၏။

## ဝါကျစဉ် (၆၉)

(က) တတ္ထ ပုဗ္ဗဏှာတ္တိ သာလိအာဒီနိ သတ္တဓညာနိ။
(ခ) အပရဏ္ဏာတ္တိ မုဂ္ဂမာသာဒီနိ။
(ဂ) ဥစ္ဆုခေတ္တာဒိကမ္ပိ ဧတ္တေဝ သင်္ဂဟိတံ။
(ဃ) ဣဓာပိ စတူဟိ ဌာနေဟိ နိက္ခိတ္တံ ဝုတ္တနယမေဝ။
(င) တတ္ထ ဇာတကေ ပန သာလိသီသာဒီနိ နိရုမ္ဘိတွာ ဝါ, ကေမေကံ ဟတ္ထေန ဆိန္ဒိတွာ ဝါ, အသိတေန လာယိတွာ ဝါ, ဗဟူနိ ဧကတော ဥပ္ပါဋေတွာ ဝါ ဂဏှန္တဿ ယဿ္မိံ ဝီဇေ ဝါ သီသေ ဝါ မုဋ္ဌိယံ ဝါ မုဂ္ဂမာသာဒိဖလေ ဝါ ဝတ္ထု ပူရတိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၉၆)

http://www.dhammadownload.com



## နံပါတ် (၁)

(က) သာလိအာဒီနိ-သလေးအစရှိကုန်သော၊(အာဒိပန်)-သလေး, ကောက်, မုယော, ဆပ်, လူး, ပြောင်း, နတ်ကောက်-ဟု ဆိုအပ်ကုန်သော။

(ခ) မုဂ္ဂမာသာဒီနိ-ပဲနောက်, ပဲကြီးအစရှိကုန်သော ပဲတို့တည်း။

(ဂ) ဇတ္တေဝ-တေသွိဝေ အပရဏ္ဏေ (မအူ)၊ ဇတ္တေဝ-ဤခေတ်၌ပင် (ဘာဋ္ဌီ)၊ ဥစ္ဆုခေတ္တာဒိကမ္ပိ-ကြံခင်းအစရှိသည်ကိုလည်း။

(ဃ) ဣက္ခာပိ-ဤခေတ္တဋ္ဌဘဏ္ဍာ၌လည်း။

(င) ပန-ဆက်၊ တတ္ထဇာတကေ-ထိုလယ်ယာ၌ ပေါက်သောဘဏ္ဍာတွင်၊(ဝါ)-၌၊ သာလိသီသာဒီနိ-သလေးနှံအစရှိသည်တို့ကို၊ နိရုမ္ဘိတွာ-မဖြုတ်မူ၍သော်လည်းကောင်း၊ ကေမေကံ-တစ်နှံစီ,တစ်နှံစီကို၊အသိတေန-တံစဉ်ဖြင့်၊ လာယိတွာ-ရိတ်၍သော်လည်းကောင်း၊ဗဟူနိ-များစွာသော ပဲပင်တို့ကို၊ဥပ္ပါဋ္ဋေတွာ ဝါ-နှုတ်၍သော်လည်းကောင်း၊ယသ္မိံ ဗီဇေ ဝါ-အကြင်အစေ့၌သော်လည်းကောင်း၊(ယသ္မိံ)သီသေ ဝါ-အကြင်အနှံ၌သော်လည်းကောင်း၊(ယဿံ) မုဋ္ဌိယံ ဝါ-အကြင်လက်ဆုပ်၌သော်လည်းကောင်း (ယသ္မိံ)မုဂ္ဂမာသာဒိဖလေ ဝါ-အကြင်ပဲနောက်, ပဲကြီး,အစရှိသော အသီး၌သော်လည်းကောင်း၊ဝတ္ထု-ပါရာဇိကဝတ္ထုသည်။

## နံပါတ် (၂)

(ဂ)ဝါကျသို့ **စောဒနာ**။ ။ဆရာ (ခ)ဝါကျဖြင့် ပဲနောက်, ပဲကြီးစသည်တို့သည် အပရဏ္ဏမည်သောဟု ဆိုတော်မူ၏။ ထိုအပရဏ္ဏ၌ အဘယ်တို့ကိုလည်း သိမ်းယူအပ်ပါသနည်း။ ပဲနောက်, ပဲကြီးစသည်တို့ကိုသာ သိမ်းယူအပ်ပါသလော။ (ဗိ-ကိုရှု)။ ဥစ္ဆုခေတ္တ-စသည်တို့ကို အဘယ်၌သိမ်းယူအပ်ပါသနည်း။ ပုဗ္ဗဏ္ဏ-၌လည်း သိမ်းယူအပ်ပါသလော။(ဇဝ-ကိုရှု)ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**(ဃ)ဝါကျသို့ စောဒနာ**။ ။ဆရာ (ဂ)ဝါကျဖြင့် ဥစ္ဆုခေတ္တ-စသည်ကိုလည်း အပရဏ္ဏ-၌ သွင်းယူအပ်သော-ဟု ဆိုတော်မူ၏။ ဤခေတ္တဋ္ဌကထာ-၌ လေးဌာနတို့ဖြင့် ထားအပ်သောဘဏ္ဍာကို အဘယ်၌ဆိုအပ်သောနည်းဖြင့် သိအပ်ပါသနည်း။ ဆိုခဲ့ပြီးသောနည်းမှ တစ်ပါးသောနည်းတို့ဖြင့်လည်း သိအပ်ပါသလော။(ဇဝ-ရှု) ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**(င+စ)ဝါကျသို့ ပုစ္ဆာ**။ ။ဆရာ (ဃ)ဝါကျဖြင့် လေးဌာနတို့ဖြင့်ထားအပ်သော ပုဗ္ဗဏ္ဏ, အပရဏ္ဏ-ကို ဆိုအပ်ခဲ့ပြီးသောနည်းတို့ဖြင့် အာပတ်အဆုံးအဖြတ်ကို သိအပ်၏ဟု ဖွင့်ဆိုအပ်၏။ လယ်, ယာတို့၌ ပေါက်ရောက်စိုက်ပျိုးထားအပ်သော သလေးနှံစသည်တို့ကို သတ်ခြင်း, ရိတ်ခြင်းစသည်ပြု၍ ခိုးယူရာ၌ကား အာပတ်အဆုံးအဖြတ်ကို မည်ကဲ့သို့မှတ်သားအပ်ပါသနည်း။ လေးဌာနတို့၌ထားအပ်သော ပုဗ္ဗဏ္ဏ အပရဏ္ဏ-တို့ကဲ့သို့ ဆိုအပ်ပြီးသောနည်းတို့ဖြင့် သိမှတ်အပ်ပါသလော။ ဤသို့စုဒ်ကြောင့် (င+စ)ဝါကျမိန့်။

## နံပါတ် (၃)

(က) ဝါကျ ဝိတ္ထာရ၊ ပက္ခန္တရ။ (ခ) ဝါကျ ပက္ခန္တရ။

http://www.dhammadownload.com



(ဂ) ဝါကျ ဝါကျာရမ္ဘ။ (ဃ)ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ။
(င) ဝါကျ ပက္ခန္တရ ဝါကျာရမ္ဘ၊ ဝိသေသ။

စာစပ်။ ။ဌာနေဟိ-ကား တို့ဖြင့်-ပေးသောကြောင့် နိက္ခိတ္တံ-၌ ကရိုဏ်း+ကရိုဏ်း၏ကိတ်ကြိယာအဖြစ်ဖြင့် စပ်။

တတ္ထ ဇာတကေ-ကား တွင်-ပေးသောကြောင့် သာလိသီသာဒီနိ-၌ နိဒ္ဓါရဏသမုဒါယ+နိဒ္ဓါရဏီယ-စပ်။

(တစ်နည်း)-တတ္ထ ဇာတကေ-ကား သော-ပေးသောကြောင့် သာလိသီသာဒီနိ-၌ တုလျာဒိကရဏဝိသေသန+သျ-စပ်။

(တစ်နည်း)-တတ္ထ ဇာတကေ-ကား ၌-ပေးသောကြောင့် ဧဝံ ဝိနိစ္ဆယောဧဝံ ဝေဒိတဗ္ဗော-၌ အာဓာရ+အာဓေယ်စပ်။

နိရုမ္ဘိတွာ ဝါ-စသည်ကား ၍-ပေးသောကြောင့် ဂဏှန္တဲ့ဿ-ဝယ် ဂဟဓာတ်၌ သမာနကာလကြိယာဝိသေသန+ဝိသေသျ စပ်။

## နံပါတ် (၄)

ပုဗ္ဗဏှံ။ ။ပုဗ္ဗေ ပဝတ္တံ အဟံ ပုဗ္ဗဏှံ။

ပုဗ္ဗ-ဝိသေသနအရ ရှေ့ကာလသည် မုချ။ ထို-၏ အန္တ-အရ အစာနှင့် ကာလ+ကာလဝန္တ စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ရှေ့အဘို့၌ဖြစ်သော အစာရ၏။

ဓညာနိ။ ။ဓနေသ ဟိတာနိ ဓညာနိ။ ဓနေ သာဓူနိ ဓညာနိ။(ဓာန်-ဋီ၊ ၄၅၀)

အပရဏှံ။ ။အဒီယတေ ဘက္ခိယတေတိ အန္နံ။
အပရသ္မိံ ပဝတ္တံ အန္နံ အပရဏှံ။

ခေတ္တံ။ ။ခိပန္တိ ဗီဇာနိ ဧတ္ထာတိ ခေတ္တံ။

ခိပ-ဓာတ်အရ ကတ္တုရှ-စိုက်ပျိုးကြဲချသူ၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏတ္ထ-လယ်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ ထို-သော လယ် ရ၏။

သာလိသီသံ။ ။သာလိနော သီသံ သာလိသီသံ။
သာလိမေဝ သီသံ သာလိသီသံ။

ဥစ္ဆုခေတ္တံ။ ။ဥစ္ဆုနံ ခေတ္တံ ဥစ္ဆုခေတ္တံ။

ကြံ၏ ပေါက်ရောက်ရာလယ်နှင့် ဌာနီ+ဌာန-စပ်။

## နံပါတ် (၅)

သာလိ။ ။သာလ+ဏ္ကဏ်၊ သေ သဒ္ဒူပပဒ လိ+ဏ။
မုဂ္ဂ။ ။မုစ+ဂ၊ မုဒ+ဂ။
အသိတံ။ ။အသု+တ၊ (အသန္တိ ခေပန္တိ ဧတေနာတိ အသိတံ)။
မာသ။ ။မသ+ဏ၊ မာ-သဒ္ဒူပပဒ အသ+အ၊ မာ+သိ+ဏ။
ဥစ္ဆု။ ။ဥသ+ဆုတ်၊ ဣသု+ဥ၊(ဥသတိ ဒဟတိ သန္တာပေန္တီတိ ဥစ္ဆု

http://www.dhammadownload.com



(က္ကသု ကုစ္ဆာယံ၊ ဥ၊ ဥသ၊ ဒါဟေဝါ၊ ဥသသံသစော၊ ပုဗ္ဗတ္ထ အသရူပေ)။

ဗီဇံ။ ။ဝိ-ဇနု+ကွိ။ (ဝိဇာယန္တိ ဧတေနာတိ ဗီဇံ)။

အနူ။ ။အဒ+တ၊ ဒွိတ္တံ။

## နံပါတ် (၆)

(က) သာလိအာဒီနိ-စသည်ဖြင့် ပုဗ္ဗဏ္ဏ-အရ ဖလူပစာရအားဖြင့် သလေးစသော စပါးခုနစ်မျိုးကို ကောက်ယူရမည်ကို သိစေပါသည်။ (အပရဏ္ဏာဒိ-၌လည်း နည်းတူ)။

(ဂ) ဥစ္ဆုခေတ္တာဒိကံ စသည်ဖြင့် ဇကဒေသူပစာအားဖြင့် ဥစ္ဆုခေတ္တ-စသည်ကိုလည်း အပရဏ္ဏ-အရ ကောက်ယူရမည်ကို သိစေပါသည်။

## နံပါတ် (၇)

**အပရဏ္ဏံ/အပရန္နံ. . .**

**ပုဗ္ဗဏ္ဏတော အပရဘာဂေ ပဝတ္တံ အန္နံ အပရန္နံ၊** အပရဏ္ဏဥ-ဓာန်-ဋီ၊၄၅၀၊ ဂါထာ၌ ဆိုသောကြောင့် နှစ်ပါး၌သင့်။

**နိရုမ္ဘိတွာ/နိရုမ္ပိတွာ/နိရမ္ဘိတွာ/နိဒမ္ဘိတွာ. . .**

**နိရုမ္ဘိတွာတိ အစ္ဆိန္ဒိတွာ၊ရုမ္ဘိ ဓာတု အစ္ဆေဒနေ (ယောဇနာ)၌** ဆိုသောကြောင့် နိ+ရုမ္ဘ(ရုမ္ဘိ)ဓာတ်+တွာ-ပစ္စည်း+က္က အာဂုံတို့ဖြင့်ပြီးသော နိရုမ္ဘိတွာ-ပါ၌သင့်။

နိဒမ္ဘော တု နိဒမ္ဘနေ (ဆွတ်ခူးသယ်ယူခြင်း၌) ဓာတွတ္ထ-၂၁၄၊ဂါထာတို့၌ နိဒမ္ဘ-ဓာတ်ကို ပြဆိုသောကြောင့် နိဒမ္ဘိတွာ-ပါ၌သင့်။

## နံပါတ် (၈)

**နိရုမ္ဘိတွာ, ဆိန္ဒိတွာ, လာယိတွာ ဥပ္ပါဋေတွာ-**ဟူသောလေးပုဒ်ကို ဗီဇေ, သီသေ, မုဋ္ဌိယံ, မုဂ္ဂမာသာဒိဖလေ လေးပုဒ်တို့နှင့် အစဉ်အတိုင်းတွဲယူအပ်သောကြောင့် ယထာက္ကမ-နည်း။

**ယသ္မိံ ဗီဇေဝါတိ အာဒီနိ နိရုမ္ဘိတွာ ဂဟဏာဒီသု ယထာက္ကမံ ယောဇေတဗ္ဗံ။**
**(ဝိမတိ၊ ၁၊ ၁၈၃)**

**အပရဏ္ဏာ။** ။(ခ)ဝါကျကိုရှုလျှင် အကျိုးဖြစ်သောအစာ၏ အပရဏ္ဏအမည်ကို အကြောင်းဖြစ်သော ပဲနောက်, ပဲကြီးစသည်၌တင် ဖလူပစာ၊ အဝိနာဘာဝ-နည်း။

(ဂ)ဂါကျကိုရှုလျှင် အစိတ်ဖြစ်သော ပဲနောက်, ပဲကြီး၏အပရဏ္ဏအမည်ကို အပေါင်းဖြစ်သော ပဲနောက်, ပဲကြီး, ကြံ-စသည်တို့၌ တင် ဧကဒေသူပစာ၊ ဥပလက္ခဏနည်း။

**ဥစ္ဆုခေတ္တ။** ။ဌာနဖြစ်သောကြံခင်း၏ ဥစ္ဆုခေတ္တအမည်ကို ဌာနီဖြစ်သော

http://www.dhammadownload.com



ကြံ၌တင် ဌာနူပစာ။

## နံပါတ် (၁၀)

သင်္ဂဟိတ-အရ ဥဇ္ဈခေတ္တ-ဟုဆိုအပ်သော ဥတုဇသုဒ္ဓဠကကလာပ် အဝိနိဗ္ဘော ဂရုပ် ရှစ်ပါး-ရ၏။

ဥဇ္ဈ-၏ ပရိယာယ်ကို ရသာလ-ဟု ပရိယာယ်ထုတ်ပါ။

## ဝါကျစဉ် (၇၀)

(က) အရည၌ဌေ အရည် တာဝ ဒဿေန္တော "အရည် နာမ ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတိ ၊ တံ အရည"န္တိ အာဟ။

(ခ) တတ္ထ ယသ္မာ အရည်နာမ မနုဿာနံ ပရိဂ္ဂဟိတမ္ပိ အတ္ထိ အပရိဂ္ဂဟိတမ္ပိ။

(ဂ) ဣဓ ပန ယံ ပရိဂ္ဂဟိတံ သာရက္ခံ။

(ဃ) ယတော န ဝိနာ မူလေန ကဋ္ဌလတာဒီနိ ဂဟေတုံ လဗ္ဘန္တိ ၊တံ အဓိပ္ပေတံ။

(င) တသ္မာ "ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတိ"တိ ဝတွာ ပုန "အရည"န္တိ ဝုတ္တံ။ (ပါ၊ ဌ၊ ၁။ ၂၉၈)

## နံပါတ် (၁)

(ခ) ပရိဂ္ဂဟိတမ္ပိ-သိမ်းဆည်းအပ်သည်လည်း။

(ဂ) ပန-ထိုသို့ပင် သိမ်းဆည်းအပ်ပါသော်လည်း၊ ဣဓ ဣဓသဒ္ဒိ အရည်နာမ ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတိ၊ တံ "အရည"န္တိ ဝစနေ။ တတ္ထ တသ္မိ(မအူ) မှတ်ချက်။ ။တတ္ထအစွဲသည် ရှေးအာဟ-၏ကံကို ပုံသေစွဲရမည်။

ဣဓ-ဤဒုတိယပါရာဇိကသိက္ခာပုဒ်၌ (ဘာ-ဋီ)၊ ယံ-အကြင်တောသည်၊ ပရိဂ္ဂဟိတံ-လူတို့သိမ်းဆည်းအပ်၏၊သာရက္ခံ-အစောင့်အရှောက်နှင့်တကွဖြစ်သည်၊ဟောတိ။

(ဃ) ယတော-ရည်တော-ဖုလေန-အဖို့နှင့်၊ ကဋ္ဌလတာဒီကံ-ထင်း, နွယ်အစ ရှိသည်တို့ကို၊ ဂဟေတုံ-ယူခြင်းကို၊ (ဝါ)-ငှါ။

## နံပါတ် (၂)

(က)ဝါကျသို့ စောဒနာ။ ။ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ အရည်နာမ ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတိ၊ တံ အရည်-ဟူသော စကားရပ်ကို ဟောတော်မူ၏။ အရည၌ နာမ ဘဏ္ဍံ(အရညေ စတူဟိ ဌာနေဟိ နိက္ခိတ္တံ)စသည်ဖြင့် ဟောတော်မူသင့်သည်မဟုတ်ပါလော။ (တစ်နည်း)-ဝတ္ထုဌေပိ-စသော စကားရပ်ဖြင့် ဝတ္ထုဌကထာ-ကို ဖွင့်ဆိုပြီးသည်မဟုတ်ပါလော။ ထို့ကြောင့် အရည်နာမ-စသောစ ကားကို မဆိုသင့် အဘယ်ကြောင့် ဆိုအပ်ပါနည်း။ နိရုတ္တကဒေါသ သင့်ရောက်ရာ၏ (ဝါ)-ဂါမဌ-ဟူသော မာတိကာဝိဘင်းနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရာ၏ ဤ သို့စုဒ်ကြောင့် (က)ဝါကျကိုမိန့်။

http://www.dhammadownload.com



**(ခ)ဝါကျစသည်သို့ ဗျတိရေကစောဒနာ။** ။ဆရာ (က)ဝါကျစသည်ဖြင့် အရည၌ဘဏ္ဍာ-၌ အရည-ကို ရှေးဦးစွာပြလိုသောကြောင့် အရည်နာမ-စသောစကားကို မိန့်ဆိုအပ်၏-ဟု ဖွင့်ဆိုတော်မူ၏။ အကယ်၍ အရည-ကို ရှေးဦးစွာပြလိုသောကြောင့် အရည်နာမ-စသောစကားကို မိန့်ဆိုငြားအံ့ ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတိ-ဟုဆိုက လိုအပ်သောအနက် ပြီးရာသည်ဖြစ်၍ တံ အရည-ဟု တစ်ဖန် အရည ကို မဆိုအပ်သည်မဟုတ်ပါလော။ အဘယ်ကြောင့် အရည်နာမ ။ပ။ တံ အရည္တို-ဟု အရည-သဒ္ဒါတစ်ခုကို အပိုစွက်၍ မိန့်ဆိုအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျစသည်မိန့်။

**ကား။** ။ရှေး၌ဆိုအပ်သောတော၏ လက္ခဏာနှင့် ပြည့်စုံရုံမျှဖြစ်သော တောကို အလိုမရှိအပ်၊ တော၏လက္ခဏာနှင့်လည်းပြည့်စုံ, လူတို့လည်း သိမ်းပိုက်အပ်သောတောကို ဤ၌အလိုရှိအပ်သည်ကို ပြတော်မူလိုသောကြောင့် ဟူလို။

**(ဃ)ဝါကျသို့ စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ဤဒုတိယပါရာဇိက အရာ၌ဖြစ်သော တောသည် သိမ်းပိုက်အပ်သော အစောင့်အရှောက်နှင့်တကွဖြစ်သော တော-ဟု ဖွင့်ဆိုတော်မူအပ်၏။ အဘယ်ကြောင့် ထိုသို့ဖွင့်ဆိုအပ်ပါသနည်း။ တော-၏လက္ခဏာနှင့်ပြည့်စုံ၍ လူတို့သိမ်းပိုက်အပ်သော အရည-မှန်သမျှဟု ဖွင့်ဆိုသင့်သည်မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**မှတ်ချက်။** ။(ခ)မှ (ဂ+ဃ)ဝါကျသို့ ပေါင်းတက်သော် -ဣတာဝိပ္ပေတတ္ထ-ပြရာဖြစ်၍ ရှောင်လွှဲတက်ရုံသာ။

## နံပါတ် (၃)

(ခ)ဝါကျ စသည် ဝိတ္ထာရ။ ထိုတွင်-

(ခ)ဝါကျ ကာရဏ၊ ပက္ခန္တရ၊ သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထ-ကိုပြ။

(ဂ)ဝါကျ ဝိသေသ။ (ဃ)ဝါကျ ကာရဏ၊ ဝါကျာရမ္ဘ။

(င)ဝါကျ ဖလ။

## နံပါတ် (၄)

**ကဋ္ဌလတာဒီနိ။** ။**ကဋ္ဌဉ္စ လတာစ ကဋ္ဌလတာ။**

**ကဋ္ဌလတာ အာဒယော ဧတေသံ တိဏာဒီနန္တိ ကဋ္ဌလတာဒီနိ။**

ကဋ္ဌ-ဟူသော ရှေ့ပုဒ်အရ ထင်းသည် မုချ။ ထို-၏ လတာ-ဟူသောနောက်ပုဒ်အရ နွယ်နှင့် ယူခြင်းကြိယာကိုအကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူပစာ။ပုဒ်လုံးအရ-ထို-သော ထင်း, နွယ်တို့ ရ၏။

**သာရက္ခံ။** ။**သံဝိဇ္ဇတိ အာရက္ခာ ယသ္မိံ အရညေတိ သာရက္ခံ။**

**သဟ အာရက္ခေန ယံ ဝတ္တတီတိ သာရက္ခံ။**

သဟ အာရက္ခ-ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံးအရ စောင့်ရှောက်ခြင်းနှင့် တကွဖြစ်ခြင်း သဟတ္ထဘောဂုဏ်သည် မုချ။ ထို-၏ အည-ပုဒ်အရ တောနှင့် ဌာနီ+

http://www.dhammadownload.com



ဌာန၊ နိဿိတ+နိဿယ-စပ် ဌာနူပစာ။ယ-အညပုဒ်အရ ထို-သော အစောင့်အရှောက် နှင့်တကွဖြစ်သော တော-ရ၏။

**(မအူ-၌ သဟ အာရက္ခာယ ယံ ဝတ္တတိတိ သာရက္ခံ)။**

## နံပါတ် (၅)

| | |
|---|---|
| မူလ။ | ။မူလ+အ။ |
| ကဋ္ဌ။ | ။ကသ(ဂတျတ္ထ)+ဌ။ ကသ(ဒိပ္ပနတ္ထ)တ-ပစ္စည်း။ |
| လတာ။ | ။လာ+တ၊ ဣတ္ထိဇောတက အာ-ပစ္စည်း။ |
| အဓိပ္ပေတ။ | ။အဓိ+အပိ+ဣ+တ။ |
| ဝိနာ။ | ။ဝိပ္ပယောဂအနက်ဟော နိပါတ်။ |
| ပုန။ | ။အပ္ပထမတ္တ-(ပထမ-မဟုတ်သောအနက်)ဟော နိပါတ်။ |

## နံပါတ် (၆)

(ခ) မနုဿာနံ ပရိဂ္ဂဟိတမ္ပိ-စသည်ဖြင့် အရည-မည်သည် လူတို့သိမ်းပိုက် အပ်သော တော, လူတို့မသိမ်းပိုက်အပ်သော တော-ဟူ၍ နှစ်မျိုးနှစ်စားရှိသည်ကို သိစေပါသည်။

(ဂ) ဝါကျဖြင့် ဤအရည္ဒကထာ၌ အရည-အရ အစောင့်အရှောက်နှင့်တကွဖြစ်သော လူတို့သိမ်းပိုက်အပ်သော တော-ကို ကောက်ယူရမည်ကို သိစေပါသည်။

(ဃ) ယတော-စသည်ဖြင့် လူတို့စောင့်ရှောက်ရခြင်းအကြောင်းကို သိစေပါ သည်။

## နံပါတ် (၇)

**(က) အရညန္တိ အာဟ/အရညန္တိ ဝုတ္တံ. . .**

အနုပုဗ္ဗ။ တက်လာက၊ ထားကြအာဟမှန်-ဟူသော နိယံ-အရ (က)ဝါကျသည် အနုသန္ဓေဝါကျ-ဖြစ်သောကြောင့် "အာဟ"ဖြင့်ရှိသော အရညန္တိ အာဟ-ပါဌ်သင့်။

**(င) အရညန္တိ အာဟ/အရညန္တိ ဝုတ္တံ. . .**

(င) ဝါကျသည် အနုသန္ဓေဝါကျမဟုတ်၊ အရည-ဟု ထပ်ဆိုရပုံပြလို၍ တက် လာသောဝါကျဖြစ်ရကား "ကွေ့ကောက်စကား၊ တက်ရငြား၊ ပုဒ်ထားဝုတ္တမှန်"-ဟူ သော နိယံအရ အရညန္တိ ဝုတ္တံ-ပါဌ်သင့်။

**တံ အရညန္တိ အာဟ/အရညန္တိ အာဟ. . .**

(င) ဝါကျလာ ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတိ၊ဝတ္ထာ ပုန အရညန္တိ ဝုတ္တံ- ဟူသော အဖွင့်ကိုထောက်၍ တံ-မပါသော အရညန္တိ အာဟ-ပါဌ်သာသင့်။

## နံပါတ် (၈)

အရည။ ။အပေါင်းဖြစ်သော သိမ်းပိုက်အပ်သောတော, မသိမ်းပိုက် အပ်သောတောတို့၏ အရည-အမည်ကို အစိတ်ဖြစ်သော မသိမ်းပိုက်အပ်သော တော

http://www.dhammadownload.com



၌တင် ကေဒေသျူပစာ။ရုဠီ-နည်း။

(တစ်နည်း)-ဌာနဖြစ်သော တော၏ အရှည-အမည်ကို ဌာနီဖြစ်သော ထို တော၌ပေါက်သော ထင်း, နွယ်, မြက်စသည်တို့၌တင် ဌာနူပစာ၊ နာနန္တရိက-နည်း။

## နံပါတ် (၁၀)

အဓိပ္ပေတံ-၌ အန္တတ္ထ-အရ ဆန္ဒပြဋ္ဌာန်းသော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ကောက်။

(င) ဝါကျ ဝုတ္တံ-၌ ဓာတ်အရ မဟာကရုဏာရှေ့ရှိသော ဒေသနာဉာဏ် ရ၏။

## ဝါကျစဉ် (၃၁)

(က) ဝနဿ ပတီတိ ဝနပ္ပတိ။

(ခ) ဝနဇေဋ္ဌကရုက္ခဿေတံ အဓိဝစနံ။

(ဂ) က္လစ ပန သဗ္ဗောပိ မနုဿေဟိ ပရိဂ္ဂဟိတရုက္ခော အဓိပ္ပေတော အမ္ဗ လဗုဇပနသာဒိကော။

(ဃ) ယတ္ထ ဝါ ပန မရိစဝလ္လိအာဒီနိ အာရောပေန္တိ။

(င) သော ဆိန္ဒမာနော သစေ ကောယပိဆလ္လိယာ ဝါ ဝါကေန ဝါ သက လိကာယ ဝါ ဖေဂ္ဂုနာ ဝါ သမ္ဗဒ္ဓေါဝ ဟုတွာ ဘူမိယံ ပတတိ၊ ရက္ခတိ တာဝ။ (ဝိ၊ ဋ္ဌ၊ ၁။၃၀၃)

## နံပါတ် (၁)

(ခ) ဝနဇေဋ္ဌကရုက္ခဿ-တော၏အကြီးအမှူးဖြစ်သော သစ်ပင်၏။

(ဂ) ပန-အဓိပ္ပေတတ္ထကိုပြဦးအံ့၊ က္လစ-က္လမသို့ ဝနပ္ပတိတိ ဝစနေ။

(တစ်နည်း)-ပန-ထိုသို့ပင်အကြီးဆုံးသစ်ပင်၏ အမည်ဖြစ်ပါသော်လည်း၊ က္လ စ-ဤသိက္ခာပုဒ်၌။

အမ္ဗလဗုဇပနသာဒိကော-သရက်ပင်, တောင်ပိန္နဲပင်, အိမ်ပိန္နဲပင်အစရှိသော။

(ဃ) ဝါ ပန-သည်သာမကသေး၊ ယတ္ထ-အကြင်သစ်ပင်၌၊ မရိစဝလ္လိအာဒီနိ-ငရုပ်နွယ်အစရှိသည်တို့ကို၊ အာရောပေန္တိ-တင်ကြကုန်၏၊ (သောပိ-ထိုငရုပ်နွယ်အစ ရှိသော သစ်ပင်ကိုလည်း၊ အဓိပ္ပေတော)။

(င) သော-ထိုသစ်ပင်သည်၊ ဆိန္ဒမာနော-ဖြတ်အပ်သော်၊ ဆလ္လိယာ ဝါ-အ ခေါက်အားဖြင့်သော်လည်းကောင်း၊ ဝါကေန ဝါ-လျှော်မျှင်အားဖြင့်သော်လည်းကောင်း၊ သကလိကာယ ဝါ-အပွေးအားဖြင့်သော်လည်းကောင်း၊ ဖေဂ္ဂုနာ ဝါ-အကာအားဖြင့် သော်လည်းကောင်း၊ သမ္ဗန္ဓောဝ-ဆက်စပ်နေသည်သာ၊(ဟုတွာ)၊ဘူမိယံ-၌၊စေပတတိ-အကယ်၍ကျအံ့၊(ဝါ)-အကယ်၍လဲအံ့။

## နံပါတ် (၂)

(ခ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (က)ဝါကျဖြင့် ဝနဿ ပတိ ဝနပ္ပတိ-ဟု

http://www.dhammadownload.com



ဝနပ္ပတိ-သဒ္ဒါ၏အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ ထိုဝနပ္ပတိ-အရ အဘယ်ကိုကောက်ယူရမည်နည်း။ တော၏အရှင်ကို ဝနပ္ပတိ-အရ ကောက်ယူပါမည်လော။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**ကား။** ။တော၏အရှင်ကို ဝနပ္ပတိ-ဒ.ရ မကောက်ရ၊ တော၏ အကြီးဆုံး သစ်ပင်ကို ဝနပ္ပတိ-အရ ကောက်ယူရမည်ကို သိစေပါသည်။

**မှတ်ချက်။** ။အာဘော်ကို "ဝနပ္ပတိ"သဒ္ဒါ၏ သဒ္ဒတ္ထ-ထားသည်။ (ဝန-တော၏၊ ပတိ-အရှင်)။

**(ဂ)ဝါကျသို့ စောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် ဝနပ္ပတိ-ဟူသောအမည်သည် တော၏ အကြီးဆုံးဖြစ်သော သစ်ပင်၏အမည်-ဟု ဖွင့်ဆိုတော်မူ၏။ ဤဒုတိယပါရာဇိက-၌ အဘယ်သို့သော ဝနပ္ပတိ-သစ်ပင်ကို အလိုရှိအပ်ပါသနည်း။ ဖလန္တိ ယေ ဝိနာ ပုပ္ဖံ တေ ဝုစ္စန္တိ ဝနပ္ပတိ၊(ဓာန်၊ ၅၄၈)-အရ အပွင့်ကိုကြည့်၍ အသီးသီးသော သစ်ပင်အားလုံးကို ဝနပ္ပတိ-အရ အလိုရှိအပ်ပါသလော။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**(ဃ)ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (ဂ)ဝါကျဖြင့် လူတို့သိမ်းပိုက်အပ်သော သရက်ပင်, ပိန္နဲပင်စသော သစ်ပင်ကို ဤဒုတိယပါရာဇိက၌ ဝနပ္ပတိ-အရ ကောက်ယူရမည်ကို ပြဆိုတော်မူပြီး၍။ ယခုအခါ၌ ငှရပ်နှယ်စသည်တို့၏ ပေါက်ရောက်ရာသစ်ပင်ကိုလည်း ဝနပ္ပတိ-အရ ကောက်ယူနိုင်ပုံ နည်းတစ်ပါးကို ပြလိုသော ဆရာသည် (ဃ)ဝါကျကိုမိန့်။

**(င)ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (ဂ+ဃ)ဝါကျတို့ဖြင့် ဤဝနပ္ပတိကထာ၌ အလိုရှိအပ်သော သစ်ပင်တို့ကို ပြဆိုတော်မူအပ်၏။ ထိုသစ်ပင်တို့ကို ဖြတ်၍ခိုးယူရာ၌ အာပတ်အဆုံးအဖြတ်ကိုကား အဘယ်ကဲ့သို့ မှတ်အပ်ပါသနည်း။ ဖြတ်ရုံမျှဖြင့်ပင် ပါရာဇိကအာပတ်သို့ သင့်ရောက်ပါသလော။ ဤသို့စုဒ်ကြောင့် (င)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က)ဝါကျ ပက္ခန္တရ။ (ခ)ဝါကျ ပက္ခန္တရ၊ ဝါကျာရမ္ဘ။
(ဂ) ဝါကျ ဝိသေသ။ (ဃ)ဝါကျ နယန္တရ ပက္ခန္တရ။
(င) ဝါကျ ပက္ခန္တရ၊ ဝါကျာရမ္ဘ။

## နံပါတ် (၄)

**အဓိပ္ပေတော။** ။အဓိပ္ပီယတေ ဣစ္ဆိယတေတိ အဓိပ္ပေတော။

ဣ-ဓာတ်အရ ကတ္တား၌-အလိုရှိတတ်သော ပုဂ္ဂိုလ်၏ ဆန္ဒပြဌာန်းသောစိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ၌-သိမ်းပိုက်အပ်သောသစ်ပင်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ တ-ပစ္စည်းအရ ထို-သော သိမ်းပိုက်အပ်သောတော-ရ၏။

**ဇေဒ္ဒေကာ။** ။အယဥ္စ ဝုဓ္ဓော အယမိမေသံ ဝိသေသေန ဝုဍ္ဎာတိ ဇေဋ္ဌော၊ ဝိသေသေန ဝုဍ္ဎော ဇေဋ္ဌော။(ဝိသေသ-တဒ္ဓိတ်)

http://www.dhammadownload.com



ဇေဋ္ဌောယေဝ ဇေဋ္ဌကော။

ဝုဓု-တဒ္ဓိတ်ပုဒ်အရ ကြီးရင့်သောသစ်ပင်သည် မုချ။ ထို-၏ ဣဋ္ဌ-ပစ္စည်းအရ သာလွန်၍ကြီးသောသစ်ပင်နှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။ဣဋ္ဌ-ပစ္စည်းအရ ထို-သော ကြီးသည်ထက် အလွန်ကြီးသော သစ်ပင်ရ၏။

| | |
|---|---|
| ဝနဇေဋ္ဌကရုက္ခော။ | ။ဝနဿ ဇေဋ္ဌကော ဝနဇေဋ္ဌကော။ |
| | ဝနဇေဋ္ဌကော စ သော ရုက္ခောစာတိ ဝနဇေဋ္ဌကရုက္ခော။ |
| မရိစဝလ္လိ။ | ။မရိစဿ ဝလ္လိ မရိစဝလ္လိ။ |

## နံပါတ် (၅)

| | |
|---|---|
| အမ္ဗော။ | ။အမ+ဗ၊ (အမိယတေ ဉာယတေတိ အမ္ဗော)။ |
| ပနသော။ | ။ပန+အသ၊ (ပညတေ ထဝိယတေတိ ပနသော)။ |
| မရိစ။ | ။မရ+စ+ဣ-အာဂုံ။ |
| ဝလ္လိ။ | ။ဝလ္လ+အ+နဒါဒိ ဤ-ပစ္စည်း။ |
| ဆလ္လိ။ | ။ဆဒ+လိ။ |
| ဝါက။ | ။ဝါ+က။ |
| ဖေဂ္ဂု။ | ။ဖလ+ဂု။ |
| ရုက္ခ။ | ။ရုဟ+ခ။ |

## နံပါတ် (၆)

(က) ဝနဿ ပတိ-ဖြင့် ဝနပ္ပတိ-သဒ္ဒါကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု ရမည်ကိုလည်းကောင်း၊ ပ-ဒွေဘော်လာ၍ ပြီးသည်ကိုလည်းကောင်း၊ ဝနပ္ပတိ-အရ သာမညအားဖြင့် တော၏ အကြီးဆုံးသောသစ်ပင်ကို ကောက်ယူရမည်ကိုလည်း ကောင်း သိစေပါသည်။

(ဂ) ဝါကျဖြင့် ဤဝနပ္ပတိ-ကထာ၌ ဝနပ္ပတိ-အရ ဝိသေသအားဖြင့် လူတို့ သိမ်းပိုက်အပ်သောသစ်ပင်ကို အရကောက်အပ်သည်ကို သိစေပါသည်။

အမ္ဗလဗုဇပနသာဒိကော-ဖြင့် ထိုလူတို့သိမ်းပိုက်အပ်သော သစ်ပင်ဟူသည် အပင်လည်းကြီး, အသီးလည်းသီးသော သရက်, တောင်ပိန္နဲ, အိမ်ပိန္နဲ-စသော အပင် ၏အဖြစ်ကို သိစေပါသည်။

## နံပါတ် (၇)

ဝနပ္ပတိ/ဝနမ္ပတိ. . .

ဝနပ္ပတိဿ ပဿ မော-ဝနပ္ပတိ ဝနမ္ပတိ ဝါ၊ အထဝါ ပတိမှိ ဝနာကာရော အမံ ဝနမ္ပတိ-ဟူသော သဒ္ဒနီတိ-သုတ်တို့ကိုထောက်၍ နှစ်ပါဌ်သင့်။

ယောဇနာ၌လည်း ဝနပ္ပတိ ဝနမ္ပတီတိ စ ဒွေပါဌာ သဒ္ဒနီတိယမ္ပိ ဝနမ္ပတီတိ ဝုတ္တံ-စသည်ဖြင့် နှစ်ပါဌ်မှန်ကို ဖွင့်ဆိုပါသည်။

လဗုဇ/လဗုစ. . .

လဗုနာမ ပဏ္ဏတေ ဇယတီတိ လဗုဇော။ လဗု-သဒ္ဒူပပဒ ဇန+ကွိ-ပစ္စည်းဖြစ်

http://www.dhammadownload.com



သောကြောင့် တတိယကွရာဖြင့်ရှိသော လဗုဇ-ပါဠိသင့်။

## နံပါတ် (၉)

ဝနပ္ပတိ။ ။အပေါင်းဖြစ်သော သစ်ပင်အားလုံး၏ ဝနပ္ပတိ-အမည်ကို အစိတ်ဖြစ်သော အကြီးဆုံးသစ်ပင်၌ တင် ဧကဒေသျူပစာ၊ ရုဠှီ-နည်း။(ခ-ဝါကျကိုရှု)။

(တစ်နည်း)- အစိတ်ဖြစ်သော အကြီးဆုံးသစ်ပင်၏ ဝနပ္ပတိ-အမည်ကို အပေါင်းဖြစ်သော အလုံးစုံသော လူတို့သိမ်းပိုက်အပ်သော အပင်လည်းကြီး, အသီးလည်း သီးသော သစ်ပင်အားလုံး၌တင် ဧကဒေသူပစာ၊ ဥပလက္ခဏ-နည်း။

## နံပါတ် (၁၀)

ရုက္ခ-အရ ဥတုဇဖြစ်သော သုဒ္ဓဋ္ဌကကလာပ်ရုပ်ကို ကောက်ပါ။
(ဩတရဏနေတ္တိ)

## ဝါကျစဉ် (၇၂)

(က) သုကံ့ တတော ဟနန္တိတိ သုကံဃာတံ။
(ခ) သုကံဌာနဿေတံ အဓိဝစနံ။
(ဂ) တဋ္ဌိ ယသ္မာ တတော သုကံ့ရဟံ ဘဏ္ဍံ အဒတွာ နီဟရန္တာ ရညော သုကံ့ ဟနန္တိ ဝိနာသေန္တိ။
(ဃ) တသ္မာ သုကံဃာတန္တိ ဝုတ္တံ။
(င) တတြ ပဝိသိတွာတိ တတြ ပဗ္ဗတခဏ္ဍာဒိသု ရညာ ပရိစ္ဆေဒံ ကတွာ ဌပိတေ သုကံဌာနေ ပဝိသိတွာ။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၁၄)

## နံပါတ် (၁)

(က) တတော-ထိုအရပ်မှ၊ (နီဟရန္တာ-ထုတ်ဆောင်သောသူတို့သည်၊)(ကတ္တား) (သာရတ္ထ)၊ သုကံ့-ကင်းခွန်ကို၊ ဟနန္တိ-ဖျက်ဆီးကုန်၏။ (ရာဇပုရိသာ)(ကတ္တား၊ ဝိမတိ)။

(ခ) သုကံဌာနဿ-ကင်းခွန်ကောက်ရာအရပ်၏။

(ဂ) ဟိ-သစ္စံ၊ တံ-ထိုအရပ်ကို၊ တတော၊ သုကံ့ရဟံ-ကင်းခွန်ပေးထိုက်သော၊ ဟိ-ထိုအနက်ကို ထင်စွာပြဉီးအံ့၊(မအူ)

(င) တတြ-ပဗ္ဗတခဏ္ဍာဒိသု-ထိုတောင်၏အပြတ် အစရှိသည်တို့၌ (ဝါ)-ထိုတောင်၏အပြတ်, မြစ်၏ဆိပ်, ရွာ၏တံခါးတို့၌၊ (အာဒိဝန်ဖော်)။

## နံပါတ် (၂)

(ခ)ဝါကျသို့ စောဒနာ။ ။ဆရာ (က)ဝါကျဖြင့် ဟနန္တိ တတောတိ ယာတံ-ဟု ဝစနတ္ထကို ပြဆိုတော်မူအပ်၏။ ထိုသုကံဃာတ-အရ အဘာယ်ကိုကောက်

http://www.dhammadownload.com



ယူအပ်ပါသနည်း။ ယင်းကင်းခွန်ကို ဖျက်ဆီးရာအရပ်ကို သုက်ဃာတ-အရ ကောက်ယူရပါမည်လော။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**ကား။** ။ကင်းခွန်ဖျက်ဆီးရာအရပ်ကို မကောက်အပ်၊ ကင်းခွန်ကောက်ရာအရပ်ဌာနကို သုက်ဃာတ-အရ ကောက်ယူရမည် ဟူလို။

**(ဂ)ဝါကျသို့ စောဒနာ။** ။ဆရာ (ခ)ဝါကျဖြင့် ကင်းခွန်ကောက်ရာအရပ်ကို သုက်ဃာတ-ဟု ဆိုတော်မူ၏။ ကင်းခွန်ကောက်ရာအရပ်သည် ကင်းခွန်ကို မဖျက်ဆီးရာသည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် သုက်ဃာတ-အရ ကင်းခွန်ကောက်ရာအရပ်ကို ကောက်ယူ-ဟုဆိုသော ဆရာ့စကား အသို့လျှင် သင့်နိုင်ပါအံ့နည်း။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။(ဘာ-ဋီ-အလို)

**တဉ္စိတိ ပါကဋကဏ်ရဏ်၊ ဟိ-သစ္စံ၊ တံ ဌာနံ၊ သုက်ဃာတန္တိ ဝုတ္တံ၊(ယောဇနာ)။**

**(တစ်နည်း)**-ဌပနာ-တူ၊ ကင်းခွန်ကောက်ရာအရပ်သည် ကင်းခွန်ကို အဘယ်သို့ဖျက်ဆီးပါသနည်း။ ကင်းခွန်ကောက်ရာအရပ်၏ ကင်းခွန်ဖျက်ဆီးပုံကို အကျယ်အားဖြင့် ဆရာမပြဆိုပြီလော။ ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။(မအူ-အလို)

**ဝုတ္တမေဝတ္ထံ ပါကဋံ ကာတုံ "တဉ္စ"တိ အာဒိ ဝုတ္တံ။** (ဝိမတိ၊ ၁။ ၁၉၂)

## နံပါတ် (၃)

(ခ) ဝါကျ ပကာ္ခန္တရ၊ ဝါကျာရမ္ဘ။

(ဂ)ဝါကျ ဝိတ္ထာရ၊ ဒဠှီကရဏ၊ (တပ္ပါကဋီကရဏ)

(ဃ)ဝါကျ လဒ္ဓဂုဏ၊ ဖလ။ (င)ဝါကျ ပကာ္ခန္တရ။

## နံပါတ် (၄)

**ဘဏ္ဍော။** ။ဘဏ္ဍန္တိ ပရိဘာသန္တိ ဧတေနာတိ ဘဏ္ဍော။(ဘဏ္ဍံ)

ဘဏ္ဍီယတေ ပရိဘာသီယတေတိ ဘဏ္ဍော။(ဓာဝတ္ထ)

(ဉာဉ်ကောက် ရှေ့မှာရှု)

**သုက်ာရဟံ။** ။သုက်ံ အရဟတီတိ သုက်ာရဟံ။

သုက်-ဝိသေသနပုဒ်အရ ကင်းခွန်သည် မုချ။ ထို-၏ ထိုက်သောဘဏ္ဍာနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။အရဟ-ဓာတ်အရ ဘဏ္ဍာ-ဟုဆိုအပ်သော အဋ္ဌကလာပ်ရုပ်တို့၏ ဥပါဒ်သည် မုချ။ သမာသ်ပုဒ်အရနှင့် ဏ-ပစ္စည်းအရ ထို-သော ကင်းခွန်ကိုထိုက်သော ဥပ္ပါဒဝန္တဖြစ်သော ဘဏ္ဍာ-ဟုဆိုအပ်သော အဋ္ဌကလာပ်ရုပ် ရ၏။

**ပဗ္ဗတော။** ။ပဗ္ဗံ ဧတ္ထ အတ္ထီတိ ပဗ္ဗတော။

**နီဟရန္တာ** ။နီဟရန္တီတိ နီဟရန္တာ။

နိ-ရှေးရှိသော ဟရ-ဓာတ်အရ ကင်းခွန်ကိုရှောင်လွှဲသောသူတို့၏ လောဘ, ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးသော အကာသိုလ်စိတ္တုပ္ပါဒ်သည် ဖလူပစာ။ နောက်နောက်သော အဖမ်းခံရမှုစသည်ကြောင့် စိတ်သောကရောက်ခြင်း အစရှိသည်သည် ကာရဏူပစာ။ အန္တ-ပစ္စည်းအရ ထို-သော ကင်းခွန်ကို ရှောင်လွှဲ

http://www.dhammadownload.com



ကြကုန်သောလူတို့ ရ၏။

| | |
|---|---|
| ပဗ္ဗတခဏ္ဍာဒယော။ | ။ပဗ္ဗတဿ ခဏ္ဍော ပဗ္ဗတခဏ္ဍော။ သော အာဒိ ယေသန္တိ ပဗ္ဗတခဏ္ဍာဒယော။ |
| အဓိဝစနံ။ | ။အဓိကိစ္စ ပဝတ္တံ ဝစနံ အဓိဝစနံ။(စွဲမှီ၍ဖြစ်သောစကား)။ အဓိနံ ဝစနံ အဓိဝစနံ။ (စပ်ဆိုသောစကား)။ |

## နံပါတ် (၅)

| | |
|---|---|
| သုက်။ | ။သုစ+ဏ၊ သုက်+အ။ (သုက်ီယတေ အဘိသင်္ခရီယတေတိ သုက္ကော၊ သုက်ီ။ |
| ခဏ္ဍ။ | ။ခဍိ+တ။ |
| အဒတွာ။ | ။န ဒဒါတီတိ အဒတွာ။ တွာ-ပစ္စယန္တပုဒ်များကို ဝိဂ္ဂဟပြု ရာ၌ ကတ္တုသာခန-ပြုရမည်။ (တစ်နည်း)နိပါတ်ပုဒ်ဖြစ်၍ ဝိဂ္ဂဟမပြုရ။ |

## နံပါတ် (၆)

(က) တတော ဟနန္တိ-ဖြင့် သုတ်ယာတံ-၌ ယာတံ-ကို ဟနန္တိ တတော်တိ ဿာတံ-ဟု အပါဒါနသာခနေ ဝစနတ္ထပြု၍၊ ဏ-ပစ္စည်း အပါဒါနသာခနေ၌သက်သည်ကို သည်းကောင်း၊ ဟန-ဓာတ်ကို ယာတ-ပြု၍ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

သုက်-စသည်ဖြင့် သုက်ယာတံ-ကို သုက်ဿ ယာတံ သုက်ယာတံ-ဟု ကမ္မ၌ ဆဋ္ဌီတပ္ပုရိသသမာသ် ဝစနတ္ထပြုရမည်ကို သိစေပါသည်။

(ဂ) တတော ဟနန္တိ-ဖြင့် အထက်ပါအတိုင်းဖော်လေ။

ဝိနာသေန္တိ-ဖြင့် ဟန-ဓာတ်သည် ဂတိ-အနက်မဖြစ် ဝိနာသနတ္ထ-၌ ဖြစ်သည်ကို သိစေပါသည်။

နီဟရန္တော-ဖြင့် ဖျက်ဆီးတတ်သောပုဂ္ဂိုလ်ကို သိစေပါသည်။

ရညော သုက်ီ-ဖြင့် ဖျက်ဆီးခံ ကံ-ကို သိစေပါသည်။

သုက်ာရဟံ ။ပ။ အဒတွာ-ဖြင့် ဖျက်ဆီးပုံ အခြင်းအရာကို သိစေပါသည်။

ယသ္မာ ။ပ။ တသ္မာ-ဖြင့် သုက်ယာတ-မည်ခြင်း၏ အကြောင်းကိုသိစေသည်။

(င) ပဗ္ဗတခဏ္ဍာဒီသု-ဖြင့် တတြ-၌ တ-သဗ္ဗနာမ်သည် ပဗ္ဗတ-စသည်ကို စွဲ ယူသုံးသပ်အပ်သည်ကိုလည်းကောင်း၊ တြ-ပစ္စည်း သတ္တမီ ဗဟုဝုစ်ဝိဘတ်အနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

ရညာ-စသည်ဖြင့် ဝင်ရာအရပ်ဌာန-ကို သိစေပါသည်။

## နံပါတ် (၇)

ရာဇဂ္ဂ/ရာဇဂ်/ရာဇဂ္ဂံ. . .

ရာဇ-ဂဟ၊ကို-ပစ္စည်း၊ ကို-ပစ္စည်းကြောင့် ဓာတွန် ဟ-နှင့်တကွ ကွိ-ကိုချေ၍

http://www.dhammadownload.com



ဂ-ဒွေဘော်လာ၍ ပြီးသောကြောင့် ရာဇဂ္ဂ-ပါဌ်သင့်။

ယင်းအဋ္ဌကထာ၌ပင် **ရာဇကန္တိပိ ပါဌော အယမေဝတ္ထော**-ဟု ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ ရာဇကန္တိ ရာဇာယတ္တံ၊ သာရတ္တ-၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ ရညော ဣဒံ ရာဇကံ-ဟု ဝစနတ္ထပြု၍ ပြီးနိုင်သောကြောင့်လည်းကောင်း၊ ရာဇကံ-ပါဌ်သင့်။

ထို ရာဇဂ္ဂ-အဖွင့်၌ပင် ယတော ရညော ။ပ။ အဋ္ဌနကံ သုကံ-စသည်ဖြင့် အဓိပ္ပါယ်အဖွင့်ကိုထောက်၍ ဘဏ္ဍာ, အဂ္ဂ-ပုဒ် နှစ်ပုဒ်စပ်၍ ဘဏ္ဍဂ္ဂ ဂသောပုဒ်တို့ကဲ့သို့ ရာဇဂ္ဃ-ပုဒ် ပြီးနိုင်၍ အတ္ထယုတ္တိ ရှိသောကြောင့် ရာဇဂ္ဂ-ပါဌ်လည်းသင့်ပါသည်။

**သုက်ဃာတ/သုံကဃာတ. . .**

သုစ+ဏ၊ ဏ-ပစ္စည်းကြောင့် စ-ကို က-ပြု၊ ဝါစာသိလိဋ္ဌနိဂ္ဂဟိတ်လာ၍ ပြီးသောကြောင့်လည်းကောင်း၊ နိဂ္ဂဟိတ်ကို င-ပြု၊ မပြုနိုင်ကောင်းသောကြောင့်လည်းကောင်း နှစ်ပါဌ်သင့်။

## နံပါတ် (၉)

**ပဗ္ဗတခဏ္ဍာ**။ ။တောင်နှင့် အပြတ် မကွဲပြားသည်ကို ကွဲပြားသသို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**သုက်ဃာတ**။ ။အပေါင်းဖြစ်သော ကင်းခွန်သက်ရာအရပ်လုံး၏ သုက်ဃာတ-အမည်ကို အစိတ် ကင်းခွန်ကောက်ရာအရပ်၌ တင် ဧကဒေသျူပစာ၊ ရုဠ္ဌီ-နည်း။

**(ဂ) ရညော**။ ။ရညော-မင်းအား၊ အဒတွာ၊ ရညော-မင်း၏၊သုကံ၊ ဤသို့ နှစ်ပုဒ်တို့ကို ငဲ့သောကြောင့် ကာကောလောကန-နည်း။

## နံပါတ် (၁၀)

ထေယျစိတ္တ-အရ မုချ-လောဘမူရှစ်ပါး ရ၏။(ဣန္ဒြိယောတရဏာဟာရထုတ်)
ဥပစာ-အရ ကြွင်းသဟဇာတ စေတသိက် ၂၂-ပါး၊ စိတ္တဇရုပ်ကောက်။

## ဝါကျစဉ် (၄၃)

(က) **ရာဇဂ္ဂ ဘဏ္ဍန္တိ** ရာဇာရဟံ ဘဏ္ဍံ။
(ခ) ယတော ရညော ပဌမာသကံ ဝါ အတိရေကပဌမာသကံ ဝါ အဋ္ဌနကံ သုကံ ဒါတဗ္ဗံ ဟောတိ၊ တံ ဘဏ္ဍန္တိ အတ္ထော။
(ဂ) ရာဇကန္တိပိ ပါဌော။
(ဃ) အယမေဝတ္ထော။
(င) **ထေယျစိတ္တောတိ** ဣတော ရညော သုကံ န ဒဿာမီတိ ထေယျစိတ္တံ ဥပ္ပါဒေတွာ တံ ဘဏ္ဍံ အာမသတိ၊ ဒုက္ကဋံ။ (ပါ၊ ဠ၊ ၁။ ၃၁၅)

http://www.dhammadownload.com



## နံပါတ် (၁)

(က) ရာဇာရဟံ-မင်းအားထိုက်သော။

(ခ) ယတော-နီဟရိယမာနဘဏ္ဍတော၊ရာဇဂ္ဂန္တိပဒဿ၊ (အတ္ထော-သမ္ဗန်)

(ဃ) အယမေဝ-ဤဆိုအပ်ပြီးသည်သာလျှင်ဖြစ်သော၊ အတ္ထော-ရာဇာရဟံ ဘဏ္ဍံ-ဟူသော အနက်သည်။(ဟောတိ)။

(င) ဣတော-ဘဏ္ဍတော။

## နံပါတ် (၂)

(ခ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (က)ဝါကျဖြင့် "ရာဇဂ္ဂဘဏ္ဍ"ဟူသည် မင်းအားထိုက်သောဘဏ္ဍာတည်း-ဟု ဖွင့်ပြတော်မူအပ်၏။အဘယ်သို့လျှင် မင်းအားထိုက်ပါသနည်း။ ဘဏ္ဍာ၏ မင်းအားထိုက်ပုံကို အကျယ်အားဖြင့် မသိအပ်သေးသည်မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

(ဂ)ဝါကျသို့ စောဒနာ။ ။ဆရာ (က)ဝါကျဖြင့် ရာဇဂ္ဂ-ပုဒ်ကို ရာဇာရဟံ-ဟု ဖွင့်ပြတော်မူအပ်၏။ ရာဇဂ္ဂ-ဟူ၍သာ ပါဌ်ရှိပါသလော။ အဘယ်ပါဌ်လည်း ရှိပါသေးသနည်း။ဤသို့စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့်။

**မှတ်ချက်။** ။အာဘော်၌ အဝဓာရဏ-ဧဝ-နှင့် စောဒနာ-၌ သမုစ္စည်း(လည်း)-တို့ကို သတိပြုပါ။

(ဃ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (ဂ)ဝါကျဖြင့် ရာဇဂ္ဂံ-ဟူ၍ ပါဌ်တစ်မျိုးရှိသည်ကို ဖွင့်ပြတော်မူ၏။ ရာဇဂ္ဂံ-ပါဌ်၏အနက်ကို အဘယ်သို့မှတ်သားအပ်ပါသနည်း။ ဆိုအပ်ပြီးသော ရာဇာရဟံ-အနက်မှတစ်ပါး အခြားအနက်ကိုလည်း မှတ်သားအပ်ပါသလော။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**နိယံ။** ။**ဧဝကာရဏ၊ အဖြေပြ၊ သမုစ္စယ အာဘော်ဆင်။**

## နံပါတ် (၃)

(ခ) ဝါကျ ဝါကျာရမ္ဘ။

(ဂ) ဝါကျ ဝါကျာရမ္ဘ။ ဤ ရာဇဂ္ဂံ-ဟူသောပါဌ်သာ ရှိပါသလော-ဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြ။ (တစ်နည်း)-ပက္ခန္တရ။

(ဃ)ဝါကျ ဝါကျာရမ္ဘ။ (င)ဝါကျ ပက္ခန္တရ။

## နံပါတ် (၄)

**ရာဇဂ္ဂံ။** ။ရညော ဂယှတေ ရာဇဂ္ဂံ။ (ရာဇ-သဒ္ဒူပပဒ ဂဟ+ကွိ၊ဘာဝ)

ရာဇ-အရ မင်းသည် မုချ။ ထို-၏ ယူအပ်သောကင်းခွန်နှင့် သာမိ+သံ၊ ဝိသေသန+ဝိသေသျ စပ် ဌာနူပစာ။ ဂဟ-ဓာတ်အရ ကတ္တုရှ-ယူတတ်သောမင်း၏ လောဘပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရှ-ကင်းခွန်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ။ သမာသ်ပုဒ်လုံးအရနှင့် ကွိ-ပစ္စည်းအရ ထို-သော မင်း

http://www.dhammadownload.com



အားထိုက်သော ကင်းခွန် ရ၏။

**ရာဇကံ။** ။ရညော ဣဒံ ရာဇကံ။ (ရာဇပုဒ်+က-ပစ္စည်း) (ဘာ-ဋီ) (ဉာဏ်ကောက် တူ၏)

**ဥပ္ပါဒေတွာ။** ။ဥပ္ပါဒေတီတိ ဥပ္ပါဒေတွာ။ (ဥ-ပဒ+ဏေ+တွာ)။

ဥ-ပဒ-ဓာတ်အရ သုဒ္ဓကတ္တုရှ-ဖြစ်သော ထေယျစိတ်၏ ဥပါဒ်သည် မုချ။ ဟေတုကတ္တုရှ-ကင်းခွန်ဘဏ္ဍာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ ဏေ-ပစ္စည်း အရ ရူပသိဒ္ဓိ ပဒသိလိဋ္ဌတာ-ဘောဂဏ် ရ၏။ တွာ-ပစ္စည်းအရ ထို-သော အခွန် ဘဏ္ဍာကို အပဓာနအားဖြင့် ရ၏။ ကြိယာတို့၏သဘောသည် ကြိယာကိုသာပဓာန အားဖြင့် ဟောမြဲဖြစ်သောကြောင့် ကြိယာဝိသေသနနှင့်တကွ ဆိုအပ်ပြီးသော ဓာတွတ္ထ ကို ပဓာနအားဖြင့် ရ၏။

**(တစ်နည်း)-ဥပ္ပါဒေတွာနာတိ ဥပ္ပါဒေတွာ။**

## နံပါတ် (၅)

**ယတော။** ။အလိင်+နိပါတ်ပုဒ်+ဧကဝုစ်၊ (ရှု ၂၇၃)သုတ်။

**အဋ္ဌနက။** ။အဋ္ဌ+ယု၊ သောဏ္ဌ က-ပစ္စည်း၊ တဒ္ဓိတ်ပုဒ်။

**အဋ္ဌနက။** ။အဋ္ဌ+ယု၊ အနက-ပြု၊ ကိတ်နာမ်ပုဒ်။

**ပါဋ္ဌ။** ။ပဋ္ဌ+ဏ။

## နံပါတ် (၆)

(က) ရာဇာရဟံ-ဖြင့် မင်းသည် ယူအပ်၏ဟူသည် မင်းအားထိုက်ခြင်းပင်ဖြစ် ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(ခ) ယတော ရညော အဋ္ဌနကံ သုကံ ဒါတဗ္ဗံ-ဖြင့် ငါးပဲ, ငါးပဲအထက်တန် သောဘဏ္ဍာဟူသည် မိမိဘဏ္ဍာမှ မင်းအားပေးထိုက်သော ကင်းခွန်ပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဂါ)-ငါးပဲ, ငါးပဲတန်အရ မိမိဘဏ္ဍာမှ မင်းအားပေးထိုက် သောကင်းခွန်ကို အရကောက်ရမည်ကို သိစေပါသည်။

(ဂ) ထေယျစိတ္တံ ဥပ္ပါဒေတွာ-ဖြင့် ခိုးလိုသောစိတ်ရှိသည်ဟူသည် ခိုးလိုစိတ်ကို ဖြစ်စေခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

ဣတော ရညော-စသည်ဖြင့် ခိုးလိုစိတ်ဖြစ်ပုံကို သိစေပါသည်။

တံ ဘဏ္ဍံ-ဖြင့် အာမသတိ-၌ မသ-ဓာတ်သည် အကမ္မက-ဓာတ်မဟုတ် သ ကမ္မက-ဓာတ်အဖြစ်ကို သိစေပါသည်။

## နံပါတ် (၇)

**ရာဇာရဟံ/ရာဇရဟံ. . .**

**ရာဇရဟံ, ရာဇာရဟန္တိစ ဒွေ ပါဌာ-ဟု ယောဇနာ၌ဆိုသဖြင့်** ဒီဃပြု, မပြုမူ သာထူး၍ အနက်မထူးသောကြောင့် နှစ်ပါဌ်သင့်။

http://www.dhammadownload.com



ဦရုနာ သဒ္ဒိ/ဥရုနာ သဒ္ဒိ. . .-

ဦရုနာ, ဥရုနာတိ စ ဒွေပါဌာ-ဟု ယောဇနာ-၌ဆိုသောကြောင့် ယင်းအလို နှစ်ပါဌ်သင့်။ ထိုသို့ဆိုသော်လည်း အရ-ဂမနေ၊ ဥ၊ အဿုကာရော-ဟု ဓာန်-ဋီ၊၂၇၆၊ ဂါထာ-နှင့် အရ-ဂမနေ၊ အဿ ဥတ္တမုတ္တဥ္စ၊ အရတိ မဟန္တဘာဝံ ဂစ္ဆတီတိ ဥရု၊ မဟာ၊ အရတိ အနေနာတိ ဥရု-သတ္တိ-ဟု မောဂ္ဂလာန်၊ ၇၊ ၆၊သုတ်၌ သဲ-ဟောလျှင် ဥရု၊ ပေါင်-ဟောလျှင် ဦရု-သတ္တိ-ကို ဖွင့်ဆိုသောကြောင့် ဦရု-ဟု ဒီဃဖြင့်ရှိသောပါဌ်သည် ယုတ္တတရ။

## နံပါတ် (၈)

ရာဇဂ္ဂံ ဘဏ္ဍံ။ ။ပြဋ္ဌာန်းသော မင်းသည်ယူအပ်သော ဘဏ္ဍာကို ဆိုသဖြင့် မပြဋ္ဌာန်သော မင်းချင်းယောက်ျားတို့ ယူအပ်သောဘဏ္ဍာကိုလည်း ရသော ကြောင့် ပဓာန-နည်း။

အပေါင်းဖြစ်သော ဘဏ္ဍာအားလုံး၏အမည်ကို အစိတ်ဖြစ်သော မင်းအား ပေးထိုက်သော အခွန်ဘဏ္ဍာ၌တင် ဧကဒေသျူပစာ။

ထေယျစိတ္တံ။ ။အစိတ်ဖြစ်သော ထေယျစိတ်၏အမည်ကို အ ပေါင်းဖြစ်သော ထေယျစိတ်, ယင်းစိတ်နှင့်ယှဉ်သော စေတသိက်၌လည်း တင် ဧက ဒေသူပစာ၊ ပဓာန-နည်း။

## နံပါတ် (၁၀)

(ခ)ဝါကျ ဒါတဗ္ဗံ-၌ ဓာတ်အရ ပေးသောအခြင်းအရာအားဖြင့်ဖြစ်သော မ ဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်။

(တစ်နည်း)-ကြောက်၍ပေးသောကြောင့် ဒေါသမူစိတ္တုပ္ပါဒ်ကောက်။

## ဝါကျစဉ် (၇၄)

(က) ဣတော ပရဿိ ဧကံသေန အဝဟာရပ္ပဟောနကပါဏံ ဒဿေန္တော "မနုဿပါဏော"တိ အာဟ။

(ခ) တမ္ပိ ဘဟိဿံ ဟရန္တဿ အဝဟာရော နတ္ထိ။

(ဂ) အန္တောဇာတက ဓနက္ကီတကကရမရာနီတုပ္ပဘေဒံ ပန ဒါသံ ယေဝ ဟ ရန္တဿ အဝဟာရော ဟောတိ။

(ဃ) တမေဝ ဟိ သန္ဓာယ ဣဒံ ဝုတ္တံ "ပါဏောနာမ မနုဿပါဏော"ဝုစ္စ တီတိ။ (ဝိ၊ ၄၊ ၁။ ၃၁၆)

## နံပါတ် (၁)

(က) ဣတော-သုက်ယာတတော၊ ဧကံသေန- တစ်ပါးသော အဖို့အားဖြင့်၊ (သဒ္ဒတ္ထ)၊ ဝါ-စင်စစ်အားဖြင့်(ဝေါဟာရတ္ထ)၊ အဝဟာရပ္ပဟောနကပါဏံ-ခိုးခြင်းငှါ လောက်သောသတ္တဝါကို။

http://www.dhammadownload.com



(ခ) တမ္ပိ မနုဿပါဏံ၊ ဘုဇိဿံ-မိမိ၏လက်ရုံးကဲ့သို့ မိမိကိစ္စ၌ စေခိုင်းအပ်စေခိုင်းနိုင်သူကို (သဒ္ဒတ္ထ)၊ ဝါ-မိမိအလိုရှိတိုင်း နေနိုင်သူကို၊ (ဝါ)-မိမိကိုယ်ကို ပိုင်ဆိုင်သူကို (အဓိပ္ပါယတ္ထ)၊ ဝါ-ကျွန်မဟုတ်သူကို (ဝေါဟာရတ္ထ)၊ ဟရန္တဿ၊ အဝဟာရော၊ နတ္ထိ၊ ကသ္မာ?၊ပရပရိဂ္ဂဟိတာဘာဝတော၊(ဟေတာလင်္ကာရ)

**အပရာဓိနတာယ အတ္တနော ဘုဇော ဝိယ သကိစ္စေ ဒေသိတဗ္ဗော ပေသိတဗ္ဗောတိ ဘုဇိဿော၊ သယံ ဝသီတိ နိဗ္ဗစနံ၊ အတ္ထမတ္တံ ဒဿေန္တော "အတ္တနော သန္တကော"တိ။ (သီ၊ ဋီ၊ သစ်၊ ၂။ ၁၂၉)**

**အဒါသော တု ဘုဇိဿောထ။ (ဓာန်၊ ၅၁၆။ ဂါထာ)**

(ဂ) ပန-အဝဟာရရှိသည်ကို ဆိုဦးအံ့၊ အန္တောဇာတက ဓနက္ကီတကရမရာနီတပ္ပဘေဒ-အိမ်တွင်း၌ပေါက်ဖွားသောကျွန်, ငွေဝယ်ကျွန်, သူတစ်ပါးနိုင်ငံမှ ညှဉ်းဆဲဆောင်ယူအပ်သော သုံ့ပန်းကျွန် အပြားရှိသော။

(ဃ) ဟိ-သစ္စံ၊ တမေဝ ဒါသံ-ထိုကျွန်ကို၊ သန္ဓာယ၊ "ပါဏောနာမ မနုဿပါဏော"တိ-ဟူ၍၊ ဣဒံ ဝစနံ၊ ဘဂဝတာ၊(ကတ္တား)။

## နံပါတ် (၂)

**(က)ဝါကျသို့ စောဒနာ။** ။ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ "ပါဏောနာမ မနုဿပါဏော ဝုစ္စတိ"ဟု မိန့်ဆိုတော်မူအပ်၏။ ပါဏော-အရ ပါဏတိုင်းကိုမယူမူ၍ မနုဿပါဏော-ဟု အဘယ့်ကြောင့် မိန့်ဆိုတော်မူအပ်ပါသနည်း။ တိရစ္ဆာန်တို့သည်လည်း ခိုးလောက်သောသတ္တဝါ ဖြစ်ကောင်းသည်မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (က)ဝါကျကိုမိန့်။ (ဂဏ္ဌိ)။

**ကား။** ။တိရစ္ဆာန်ကား ပါရာဇိကလောက်ဖို့မသေချာ၊ ထို့ကြောင့် ဧကန်ပါရာဇိကလောက်သော သတ္တဝါကို ပြလိုသောကြောင့် မနုဿပါဏော-ဟု မိန့်ဆိုတော်မူအပ်၏ ဟူလို။

**တိရစ္ဆာနဂတဿ ဧကံသေန ပါဒဂ္ဃနကတာ န သမ္ဘဝတီတိ အာဟ "ဧကံသေန အဝဟာရပ္ပဟောနကပါဏံ ဒဿေန္တော"တိ။ (သာရတ္ထ၊ ၂။ ၁၅၃)**

**(ခ)ဝါကျသို့ ပုစ္ဆာ။** ။ဆရာ (က)ဝါကျဖြင့် ဧကန်ပါရာဇိကလောက်သောသတ္တဝါကို ပြလိုသောကြောင့် မနုဿပါဏော-ဟု ပါဠိတော်၌ မိန့်ဆိုသည်ကို ဖွင့်ပြအပ်၏။ ထိုသို့ဆိုသော် လူပုဂ္ဂိုလ်အိုင်းကို ခိုးယူက အဝဟာရမြောက်၍ ပါရာဇိကကျရာသည်မဟုတ်ပါလော။ ထို့ကြောင့် အဝဟာရမမြောက်၍ ပါရာဇိကသို့မရောက်သော လူခိုးမှုကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုချေသော် အတိဗျာပိတဒေါသသင့်ရောက်ရာ၏။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**(ဂ)ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (ခ)ဝါကျဖြင့် လူကိုခိုးရာ၌ ကျွန်မဟုတ်သူကိုခိုးယူက အဝဟာရမမြောက် ခိုးယူရာမရောက်သည်ကို ဖွင့်ပြတော်မူပြီး၍။ ယခုအခါ၌ လူကိုခိုးယူရာတွင် အဝဟာရမြောက်၍ ခိုးယူရာရောက်သော ကျွန်ခိုးမှုကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကျကိုမိန့်။

http://www.dhammadownload.com



(ဃ)ဝါကျသို့ အာဘောဂါယုတ္တစောဒနာ။ ။ဆရာ (ဂ)ဝါကျဖြင့် အန္ဓောဇာတကျွန်, ဓနက္ကီတကျွန်, ကရမရာနီတကျွန်-ဟူသော အပြားရှိသောကျွန် ကိုသာ ခိုးယူသောရဟန်းအား အဝဟာရမြောက်၍ ခိုးရာရောက်၏-ဟု ဖွင့်ပြအပ်၏။ ပါဠိတော်၌ ပါဏောနာမ မနုဿပါဏော-ဟု ကျွန်, ကျွန်မဟုတ်သူ-ဟု ဝိသေသမဖက် သက်သက် သာမညအားဖြင့်သာ မိန့်ဆိုသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ် ကြောင့် ဒါသံယေဝ-ဟူ၍ ဝိသေသနှင့်တကွ ဖွင့်ဆိုအပ်ပါသနည်း။ သာမည, ဝိသေ သဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏၊ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျမိန့်။

## နံပါတ် (၃)

(ခ) ဝါကျ ဝါကျာရမ္ဘ။ (ဂ)ဝါကျ ပက္ခန္တရ၊ ဝါကျာရမ္ဘ။
(ဃ)ဝါကျ ဒဠှီကရဏ၊ ကာရဏ။

## နံပါတ် (၄)

**ဇေကံသော။** ။ဇေကော အံသော ဇေကံသော။

ဇေက-အရ တစ်ခုသော်ချာသည် မုချ။ ထို-၏ အဖို့အစုနှင့် သော်ချာ+သော်ချယ်၊ ဂုဏ်+ဂုဏေး-စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော တစ်ပါးသောအဖို့အစု ရ၏။

**အဝဟာရပ္ပဟောနကပါဏော။** ။အဝဟာရာယ ပဟောနကော အဝဟာရပ္ပဟော နကော။
အဝဟာရပ္ပဟောနကော စ သော ပါဏောစာတိ အဝဟာရပ္ပဟောနကပါဏော။

**ဘုဇိဿော။** ။သေိတဗ္ဗော ပေသိတဗ္ဗောတိ ကိ္လဿော။ (ကိ္လဿ+ဏျ)
ဘုဇောဝိယ ကိ္လဿော ဘုဇိဿော။
ဘုဇော ကိ္လဿော ကိစ္စိတဗ္ဗော ဇတ္တောတိ ဘုဇိဿော။
(သီ၊ ဋီ၊ သစ်၊ ၂။ ၁၂၉)
ဘုဇော တေဿ အတ္ထီတိ ဘုဇိဿော။(ပါစိတ်ယောဇနာ၊ ၂၄၂) (အလိုရှိတိုင်း စားနိုင်သောဘောဇဉ်ရှိသူ)

ဘုဇ-အရ လက်ရုံးနှင့်တူသည်၏အဖြစ်ဟူသော သဒိသဘောဂုဏ်သည် မုချ။ ထို-၏ အလိုရှိသလို စေခိုင်းအပ်သော မိမိကိုယ်နှင့် သဒိသ+သဒိသီ-စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော လက်ကဲ့သို့ အလိုရှိသလို စေခိုင်းအပ်သော မိမိကိုယ် ရ၏။- (ဝါ)-ကျွန်မဟုတ်သူ ရ၏။

**အန္ဓောဇာတော။** ။အန္ဓော ဇာတော အနောဇာတော။
**ဓနက္ကီတော။** ။ဓနေန ကီတော ဓနက္ကီတော။
**ကရမရာနီတော။** ။ကရေန ဟတ္ထေန မရီတဗ္ဗောတိ ကရမရော။
ကရမရဘာဝေန အာနီတော ကရမရာနီတော။
**ဒါသော။** ။ဒုက္ခေဝါ ဒုဌကမ္မေဝါ အံသိယတိ ခိပီယတီတိ ဒါသော။

http://www.dhammadownload.com



(ဒု+အံသ+ဏ)(ပါစိတ်ယောဇနာ၊ ၄၃၂)
ဒါသန္တေ တဿာတိ ဒါသော။ (ဒါသ-ဒါဟ+အ)(ဓာန်၊ ဋီ၊ ၅၁၄)
အန္တ-အရ အိမ်အတွင်းသည် မုချ။ ထို-၏ အိမ်ပေါက်ကျွန်နှင့် ဌာန+ဌာနီ-စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော အိမ်ပေါက်ကျွန် ရ၏။

## နံပါတ် (၅)

အံသ။ ။အန+သ၊ (အနတိ ဇီဝတိ ဧတေနာတိ အန္တော)။ (မောဂ်၊ ၇။ ၂၈၇)

ပါဏ။ ။ပဏ+ဏ၊ ပဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏော။ ပါဏော အဿ အတ္ထီတိ ပါဏော။

ဘုဇ။ ။ဘုဇ+အ၊ ဘုဥ္စတေ အနေနာတိ ဘုဇော။

ဓန။ ။ဓေ+အ။

## နံပါတ် (၆)

(က) ဝါကျ အန္ဝယ, ဗျတိရေကအာဘော် ကေန်ပါရာဇိကလောက်သော သတ္တဝါကို ပြတော်မူလိုသောကြောင့် ပါဏ-အရ မနုဿပါဏ-ကို ယူရခြင်းအကြောင်းကို သိစေပါသည်။ (တစ်နည်း)-ပါဏော-ကို မနုဿပါဏော-ဟု ဖွင့်ဆိုသော ဘုရားရှင်၏နှလုံးသွင်း မနသာဝဝတ္ထပိတ-ကို သိစေပါသည်။(အန္ဝယ)။ တိရစ္ဆာန်၏ စင်စစ်ကေန် တစ်မတ်ထိုက်သည်၏အဖြစ် မရှိနိုင်သောကြောင့် ပါဏ-အရ တိရစ္ဆာန်သတ္တဝါ-ကို မယူအပ်သည်ကို သိစေပါသည်။ (ဗျတိရေက)။

(ယ) တမေဝ ဟိ သန္ဓာယ ဣဒံ ဝုတ္တံ-ဖြင့် လူသတ္တဝါတို့တွင် ကျွန်ဖြစ်သူ, ကိုယ့်ကိုယ်ကိုပိုင်ဆိုင်သူ နှစ်မျိုးတို့တွင် ဤပါဏကထာ၌ ပါဏ-အရ ကျွန်ဖြစ်သူကို ယူအပ်၏-ဟု မြတ်စွာဘုရား၏ သန္ဓာယဘာသိတကို သိစေပါသည်။

## နံပါတ် (၇)

**ဓနက္ကီတော/ဓနက္ကိတော. . .**

ကီ-ဓာတ်+တ-ပစ္စည်းဖြင့်ပြီးသောကြောင့်လည်းကောင်း၊ ကီ-ဓာတ်သည် ဒွေဘော်ဌာနဖြစ်သောကြောင့်လည်းကောင်း၊ ဒီဃ-ဖြင့်ရှိသော ဓနက္ကီတော-ပါဌ်သင့်။

**ကရမရာနီတ/ကရမရာဏီတ. . .**

ရ-ကာရန္တနောင် န-အက္ခရာရောက်သော်လည်း အန-အပြု, အနီယ-အပြု ပစ္စည်းတို့၏ န-မဟုတ်သောကြောင့် ဏ-မပြုနိုင်ရကား ကရမရာနီတ-ပါဌ်သာသင့်။

**အနာနိ ယဒိ နသောဝ၊ သမထ္ဗာယံ န-ကာရတာ။ (ရူ၊ ၅၅၃-သုတ်)။**

## နံပါတ် (၈)

ပါဏ။ ။စင်စစ် ပါရာဇိကလောက်သော လူသတ္တဝါတို့ကို အလွန်

http://www.dhammadownload.com



အားဖြင့် ယူ အပ်သောကြောင့် ဥက္ကဋ္ဌ-နည်း။ ကေဒေသျူပစာ။

အန္တောဇာတ။ ။ဌာနဖြစ်သော အိမ်တွင်း၌မွေးဖွားသောကျွန်၏ အန္တောဇာတ-အမည်ကို ဌာနီအိမ်တွင်းရှိ အိမ်ကျွန်မ၏ဝမ်း၌ မွေးသော ကျွန်၌ တင်ဌာနူပစာ၊ နာနန္တရိက-နည်း။ အဘေဒဘေဒူပစာ။(ဝိ၊ ဋ္ဌ၊ ၁။ ၃၁၆)

အိမ်တွင်းတည်းဟူသောဌာနဖြင့် မွေးဖွားသောကျွန်ဟူသော ဌာနကိုမှတ်၍ အိမ်တွင်း၌မွေးဖွားသော အများကိုဆိုသဖြင့် အိမ်ပြင်ပ၌မွေးဖွားသော ကျွန်ဟူသော အနည်းငယ်ကိုလည်းရသောကြောင့် တဗ္ဗဟုလ္လ-နည်း။

(ခ) အဝဟရော နတ္ထိ။ ။အကြောင်းဖြစ်သော ခိုးရာမမြောက်ခြင်းကိုဆိုသဖြင့် အကျိုးဖြစ်သော ပါရာဇိကအာပတ်သို့ မရောက်ခြင်းကိုလည်း သိအပ်သောကြောင့် နာနန္တရိက-နည်း။ ကာရဏူပစာ။

(ဂ) အန္တောဇာတ, ဓနက္ကီတ, ကရမရာနီတ ကျွန်သုံးမျိုးအပြင် မိမိကိုယ်တိုင်ကျွန်အဖြစ်သို့ကပ်ရောက်သော သာမံဒါသဗျောပကတ-ကျွန်ကိုလည်း သိမ်းယူအပ်သောကြောင့် ဥပလက္ခဏ-နည်း။ (ဋီကာ)

## နံပါတ် (၁၀)

ကရမရာနီတ-၌ ကရမရ-အရ လက်ဖြင့်ပုတ်ခတ်၍ သေထိုက်သောပုဂ္ဂိုလ်၏ ခန္ဓာပဉ္စက။

(တစ်နည်း)- ပုတ်ခတ်သောအခြင်းအရာအားဖြင့်ဖြစ်သော ကာယဝိညတ္တိ သမုဋ္ဌာပက ဒေါသမူစိတ္တုပ္ပါဒ်ကောက်။ (၄-နံပါတ် ရှု ဘာဝပ္ပဓာန၊ ဘာဝလောပပုဒ်ဖြစ်နေ၏)။

## ဝါကျစဉ် (၇၅)

(က) ဒွိပဒေသု ယေ အဝဟရိတုံ သက္ကာ၊ တေ ဒဿေန္တော "မနုဿာ ပက္ခဇာတာ"တိ အာဟ။

(ခ) ဒေဝတာ ပန အဝဟရိတုံ န သက္ကာ။

(ဂ) ပက္ခာ ဇာတာ ဧတေသန္တိ ပက္ခဇာတာ။

(ဃ) တေ လောမပက္ခာ, စမ္မပက္ခာ, အဋ္ဌိပက္ခာတိ တိဝိဓာ။

(င) တတ္ထ မောရကုက္ကုဋာဒယော လောမပက္ခာ ၊ ဝဂ္ဂုလိအာဒယော စမ္မပက္ခာ၊ ဘမရာဒယော အဋ္ဌိပက္ခာတိ ဝေဒိတဗ္ဗာ။ (ဝိ၊ ဋ္ဌ၊ ၁။၃၁၈)

## နံပါတ် (၁)

(က) ဒွိပဒေသု-အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင်၊ ယေ-အကြင်သတ္တဝါတို့သည်၊ (ဝါ)-တို့ကို။

(ဂ) ဧတေသံ-ဤသတ္တဝါတို့အား၊ ဇာတာ-ပေါက်ကုန်သော၊ ပက္ခာ-အတောင်

http://www.dhammadownload.com



တို့သည်၊ သန္တိ၊ ဣတိ၊ တေ၊ ပက္ခဇာတာ။

(ဃ) အနိယမ-ထည့်၍ အနက်-ယေ ပက္ခဇာတာ-အကြင်ပေါက်သောအတောင်ဟူသော အမွေးရှိကုန်သောသတ္တဝါတို့သည်၊ (သန္တိ)၊ တေ-တို့သည်၊လောမပက္ခာ-အမွေးဟူသောအတောင်ရှိကုန်သော သတ္တဝါတို့လည်းကောင်း၊ စမ္မပက္ခာ-အရေဟူသောအတောင်ရှိကုန်သော သတ္တဝါတို့လည်းကောင်း၊ အဋ္ဌိပက္ခာ-အရိုးဟူသောအတောင်ရှိကုန်သော သတ္တဝါတို့လည်းကောင်း၊ ဣတိ၊ တိဝိဓာ။

(င) တတ္ထ-ထိုသုံးမျိုးတို့တွင်၊ ယေ မောရကုက္ကုဋာဒယော-ေကြင်ဥဒေါင်း, ကြက်အစရှိသော သတ္တဝါတို့သည်၊ (သန္တိ)၊တေ၊ လောမပက္ခာ-တို့တည်း၊ ယေ ဝဂ္ဂုလိအာဒယော-အကြင်လင်းနို့အစရှိသောသတ္တဝါတို့သည်၊ (သန္တိ)၊တေ၊ စမ္မပက္ခာ၊ ယေ ဘမရာဒယော-အကြင်ပိတုန်းအစရှိသည်တို့သည်၊ (သန္တိ)၊ တေ၊ အဋ္ဌိပက္ခာ၊ ဣတိ၊ ဝေဒိတဗ္ဗာ။

## နံပါတ် (၂)

(က)ဝါကျသို့ စောဒနာ။ ။ဆရာ မြတ်စွာဘုရားသည် ပဒဘာဇနီပါဠိတော်၌ "ဒွိပဒံနာမ မနုဿာ ပက္ခဇာတာ"ဟု ဟောတော်မူအပ်၏။ အဘယ်ကြောင့် မနုဿပက္ခဇာတာ-နှစ်မျိုးကိုသာ ဟောဆိုအပ်ပါသလော။ အခြားသော ခြေနှစ်ချောင်းရှိသော သတ္တဝါတို့ကိုလည်း ဟောဆိုသင့်သည်မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (က)ဝါကျကိုမိန့်။

(ခ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (က)ဝါကျဖြင့် ခိုးခြင်းငှါတတ်ကောင်းသော သတ္တဝါတို့ကို ပြတော်မူလိုသောကြောင့် မနုဿာပက္ခဇာတာ-ဟု မိန့်ဆိုအပ်သည်ကို ဖွင့်ပြအပ်၏။ နတ်တို့ကိုကား အဘယ်သို့မှတ်သားအပ်ပါသနည်း။ မနုဿပက္ခဇာတာတို့နည်းတူ ခိုးခြင်းငှါတတ်ကောင်း၏ဟူ၍ပင် မှတ်သားအပ်ပါသလော။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

နိယံ။ ။န-မရှိလျှင်းက ၊ န-ကိုသွင်း ၊ န-ရှိလျှင်းက ၊ န-ကိုပယ်၊ ရှုဖွယ်အာဘောဂ၊ မှတ်သားကြ။

## နံပါတ် (၃)

(ခ)ဝါကျ ဗျတိရေက။

(ဂ)ဝါကျ ဝိတ္ထာရ၊ (က)ဝါကျထောက်၊ (တစ်နည်း)-ပက္ခန္တရ။

(ဃ)ဝါကျ ပက္ခန္တရ။ အဘိဓာနတ္ထမှတစ်ပါး သရုပ်အရကောက် အဘိဓေယျတ္ထပြ။ (တစ်နည်း)-ဝါကျာရမ္ဘ။

(င)ဝါကျ ဝိတ္ထာရ၊ အရကောက်ချဲ့ပြ။

စာစပ်။ ။ဒွိပဒေသု-ကား တို့တွင်-ပေးသောကြောင့် ယေ-၌ နိဒ္ဓါရဏသမုဒါယ+နိဒ္ဓါရဏီယ။

## နံပါတ် (၄)

ဒေဝတာ။ ။ဝိဗ္ဘတ္တိ ကီဋိတ္တိ ဒေဝါ၊ ဒေဝါယေဝ ဒေဝတာ။

http://www.dhammadownload.com



**လောမပက္ခာ။** ။**လောမံ ဧဝ ပက္ခော ယေသန္တိ လောမပက္ခာ။**

လောမပက္ခ-အရ အမွေးဟူသောအတောင်သည် မုချ။ ထို-၏ ယ-အညပုဒ် အရ ဒေါင်း, ကြက်စသော သတ္တဝါတို့နှင့် နိဿိ+နိဿယ-စပ် ဌာနူပစာ။ ယ-အညပုဒ် အရ ထို-သော အတောင်ဟူသော အမွေးရှိသော ဒေါင်း, ကြက်စသော သတ္တဝါတို့ ရ၏။

**စမ္မပက္ခာ။** ။**စမ္မာနိဧဝ ပက္ခာ ဧတေသန္တိ စမ္မပက္ခာ။**

**အဋ္ဌိပက္ခာ။** ။**အဋ္ဌိဧဝ ပက္ခာ ဧတေသန္တိ အဋ္ဌိပက္ခာ။**

**တယောဝိဓာ။** ။**တယော ဝိဓာ ဧတေသန္တိ တယောဝိဓာ။**

**မောရကုက္ကုဋ္ဌာဒယော။** ။**မောရာ စ ကုက္ကုဋ္ဌာ စ မောရကုက္ကုဋ္ဌာ။**

**မောရကုက္ကုဋ္ဌာ အာဒိ ယေသန္တိ မောရကုက္ကုဋ္ဌာဒယော။**

**ကုက္ကုဋ္ဌ။** ။**ကုကတိ ဂေါစရံ ဒဒါတီတိ ကုက္ကုဋ္ဌော။(ကုက+ကုဋ္ဌက်)**

ကုက-ဓာတ်အရ ဂေါစရံကို ယူသောအခြင်းအရာအားဖြင့်ဖြစ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူပစာ။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာ။ ကုဋ္ဌက်-ပစ္စည်းအရ ထို-သော ကြက် ရ၏။

## နံပါတ် (၅)

| | |
|---|---|
| ပက္ခ။ | ။ပတ+ခ၊ တဿ ကော။ တစ်နည်း-ပက္ခ-ဓာတ်။ |
| လောမ။ | ။လူ+မာန်၊ လူယတေတိ လောမော။ |
| စမ္မ။ | ။စရ-စမ္မ+မာန်၊ စရိတံ တန္တိ စမ္မံ။ |
| အဋ္ဌိ။ | ။အသု+က္ထ၊ သဿံ ဋ္ဌော။ |
| မောရ။ | ။မုရ+ဏ။ |
| ဝဂ္ဂုလိ။ | ။ဝဂ္ဂ+ဥလိ။ |
| ဘမရ။ | ။ဘမ+အရ၊ ပုပ္ဖမတ္တကေ ဘမတီတိ ဘမရော။ |

## နံပါတ် (၆)

(ဃ)ဝါကျဖြင့် ပက္ခဇာတာ-အရ အမွေးဟူသောအတောင်ရှိသော သတ္တဝါ, အရေဟူသောအမွေးရှိသော သတ္တဝါ, အရိုးဟူသောအတောင်ရှိသော သတ္တဝါသုံးမျိုးကို ကောက်ယူအပ်သည်ကို သိစေပါသည်။

(င)မောရကုက္ကုဋ္ဌာဒယော-ဖြင့် အမွေးဟူသော အတောင်ရှိသောသတ္တဝါတို့ဟူသည် ဒေါင်း, ကြက်အစရှိသော သတ္တဝါတို့ပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (တစ်နည်း)-အရကောက်အပ်သည်ကို သိစေပါသည်။

ဝဂ္ဂုလိအာဒယောဖြင့် အရေဟူသောအတောင်ရှိသော သတ္တဝါတို့ဟူသည် လင်းနို့အစရှိသော သတ္တဝါတို့ပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုသိစေပါသည်။ဘမရာဒယောဖြင့် အရိုးဟူသောအတောင်ရှိသောသတ္တဝါတို့ဟူသည် ပိတုန်းအစရှိသော သတ္တဝါတို့ပင် ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။

http://www.dhammadownload.com



## နံပါတ်(၇)

ပက္ခဇာတာ/ဇာတပက္ခာ. . .

**ဆန္ဒဇာတာဒီသု ဝိသေသနဝိသေသိတဗ္ဗာ ယဒိစ္ဆိတတ္တာ ဉဘယံ ပုဗ္ဗံ နိပတတိ။** ရူ၃၅၂။သုတ် အဖွင့်အရ ဇာတသဒ္ဒါ ရှေ့နေနောက်နေ နှစ်ထွေသင့်နိုင်သောကြောင့် နှစ်ပါဌ်သင့်ပါသည်။

ဝဂ္ဂုလိ/ဝဂ္ဂုလီ. . .

ပုလ္လိင်၌ ဝဂ္ဂုလိရှိပြီး၊ဣတ္ထိလိင်၌ ဣတ္ထိဇောတက ဤပစ္စည်းထပ်သက်၍ ပြီးနိုင်ကောင်းသောကြောင့် နှစ်ပါဌ်သင့်။

## နံပါတ်(၈)

မနုဿာ။ ။အတူဖြစ်သောတောင်ကျွန်းသူတို့၏မနုဿအမည်ကိုအတူရှိသော အခြားကျွန်းသူတို့၌လည်း တင်စား သဒိသူ။

**တေ ဟိ သမာနရူပတာယ ပန သဒ္ဒိ ပရိတ္တဒိပဝါသိဟိ ဣတရမဟာဒိပဝါသိ နောပိ မနုဿာတွေဝ ပညာယိံ သုတိဓကေ။(သာရတ္ထ၊၁။၂၉၀။)**

တစ်နည်း။ ။အပေါင်းဖြစ်သောလူအားလုံးတို့၏ မနုဿအမည်ကို အစိတ်ဖြစ်သော သူတစ်ပါးဉစ္စာကို ခိုးခြင်း၄ါစွမ်းနိုင်သော လူ၌တင် ဧကဒေသူူ။

ဒွိပဒေသု။ ။ဆိုလတ့်သောနည်းမှကြွင်းသော လူသတ္တဝါ. ပက္ခဇာတ သတ္တဝါနှစ်မျိုးကိုသာ ယူအပ်သောကြောင့် ပါရိသေသနည်း။

## နံပါတ်(၁၀)

ကုက္ကုဋ္ဌအရ။ ။ဝေဝစန. ,
တမ္ဗစူဠ၊

မောရ။ ။ဝေဝစန. .
မယူရ၊ဝရဟီ၊နီလဂီဝ၊သိခဏ္ဍန၊ကလာပီ၊သိခီ၊ကေကီ။

ဝဂ္ဂုလိ။ ။ဝေဝစန. .
ဇတူက၊အဇိနပတ္တ၊

ဘမရ။ ။ဝေဝစန. .
ဆပ္ပဒ၊မဓုဗ္ဗတ၊မဓုလီဟ၊မဓုကရ၊မဓုပ၊အလိ၊

## ဝါကျစဉ်(၇၆)

(က) ဩစရတီတိ ဩစရကော။

(ခ) တတ္ထ တတ္ထ အန္တော အနုပဝိသတီတိ ဝုတ္တံ ဟောတိ။

(ဂ) ဩစရိတွာတိ သလ္လက္ခေတွာ။

(ဃ) ဥပဓာရေတွာတိ အတ္ထော။

http://www.dhammadownload.com



(င) အာစိက္ခတီတိ ပရကုလေသု ဝါ ဝိဟာရာဒီသု ဝါ ဒုဋ္ဌပိတံ အသံဝိဟိတာ
ရက္ခံ ဘဏ္ဍံ အညဿ စောရကမ္မံ ကာတုံ ပဋိဗလဿ အာရောစေတိ။
(ဝိ၊ဋ္ဌ၊၁။၃၂၀။)

## နံပါတ်(၁)

(က) ယော ဘိက္ခု-(ကတ္တား)၊ ဩစရတိ-သက်ဝင်လှည့်လည်တတ်၏။

(ခ) တတ္ထ တတ္ထ-ထိုထိုအရပ်၌၊ အန္တော-သို့၊ အနုပဝိသတိ-အစဉ်အတိုင်း သက်ဝင်တတ်၏။

(ဃ) ဥပဓာရေတွာ-စူးစမ်း၍။

(င) ပရကုသလေသု ဝါ-သူတစ်ပါးတို့၏အိမ်၌သော်လည်းကောင်း၊ ဒုဋ္ဌပိတံ-မကောင်းသဖြင့်ထားအပ်သော (သဒ္ဒတ္ထ)၊ ဝါ-လုံလုံခြုံခြုံမထားတတ်သော (အဓိပ္ပါယတ္ထ)၊ အသံဝိဟိတာရက္ခံ-မစီရင်အပ်သော အစောင့်အရှောက်ရှိသော၊ ဘဏ္ဍံ၊ အညဿ၊ စောရကမ္မံ-ခိုးမှုကို၊ ကာတုံ၊ ပဋိဗလဿ-စွမ်းနိုင်သောရဟန်းအား၊ "ဣတ္ထန္နာမံ ဘဏ္ဍံ အဲဝဟာရာ"တိ (အာကာရထည့်)၊ အာရောစေတိ။

## နံပါတ် (၂)

(ခ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (က)ဝါကျဖြင့် ဩစရကော-၌ ဏွု-ပစ္စည်းသည် ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း၊ ဩစရတီတိ ဩစရကော-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊(ဗာဟျတ္ထ) ဖွင့်ပြအပ်၏။ အန္တတ္ထဖြစ်သော အဝ-ပုဗ္ဗ-စရ-ဓာတ်၏အနက်ကိုကား အဘယ်သို့မှတ်သားအပ်ပါသနည်း။(ဂဏ္ဌိ)။ အဝ-ဥပသာရပုဒ်၏အနက်ကိုကား အဘယ်ကဲ့သို့မှတ်သားအပ်ပါသနည်း၊ (ဘာ-ဋီ)။ အဝသည် ဓာတွတ္ထာနုဝတ္တကဖြစ်၍ စရ-ဓာတ်သည် ဂတိ. အာစာရအနက်တို့၌ ဖြစ်ပါသလော။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**ကား။** ။အန္တောအနုပဝိသန-အနက်၌ဖြစ်၏ ဟူလို။

(ဃ)ဝါကျသို့ **စောဒနာ။** ။ဆရာ (ဂ)ဝါကျဖြင့် ဩစရိတွာ-၌ အဝ-ပုဗ္ဗ စရ-ဓာတ်သည် ဓာတူနံ အနေကတ္ထတ္တာ-နည်းအရ သလ္လက္ခဏ-အနက်၌ဖြစ်သည်ကို ဖွင့်ပြအပ်၏။ အမှတ်အသားပြုခြင်းဟူသည် အဘယ်ပါနည်း။ အမှတ်အသားပြုပုံကို ထင်ရှားစွာမပြဆိုပြီလော။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

## နံပါတ် (၃)

(က)ဝါကျ ဝါကျာရမ္ဘ၊ ပက္ခန္တရ။-ဗာဟျတ္ထ-မှတစ်ပါး အန္တတ္ထကိုပြ။

(ဂ) ဝါကျ ပက္ခန္တရ။ (ဃ)ဝါကျ ဝိတ္ထာရ။

(င) ဝါကျ ပက္ခန္တရ။

**စာစပ်။** ။ဝိဟာရာဒီသု-ကား တို့၌-ပေးသောကြောင့် ဒုဋ္ဌပိတံ-ဝယ် ဌပ-ဓာတ်၌ အာဓာရ+အာဓေယ် စပ်။

http://www.dhammadownload.com



## နံပါတ် (၄)

**ပရကုလာနိ။** **။ပရေသံ ကုလာနိ ပရကုလာနိ။**

ပရ-အရ တစ်ပါးကုန်သော သူတို့သည် မုချ။ ထို-၏ ကုလာနိ-အရ အိမ်တို့နှင့် သာမိ+သံ စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော အခြားသောသူတို့၏အိမ် ရ၏။

**ဒုဋ္ဌပိတံ။** **။ဒုဋ္ဌု ဋ္ဌပိတံ ဒုဋ္ဌပိတံ။**

**အသံဝိဟိတာရက္ခံ။** **။န သံဝိဟိတာ အသံဝိဟိတာ။**

**အသံဝိဟိတာ အာရက္ခာ ယဿာတိ အသံဝိဟိတာရက္ခံ။**

အသံဝိဟိတာရက္ခ-အရ မစီရင်အပ်သော အစောင့်အရှောက်သည် မုချ။ ထို-၏ယ-အညပုဒ်အရ ဘဏ္ဍာနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူပစာ။ ယ-အညပုဒ်အရ ထို-သော မစီရင်အပ်သော အစောင့်အရှောက်ရှိသော ဘဏ္ဍာ ရ၏။

**စောရကမ္မံ။** **။စောရဿ ကမ္မံ စောရကမ္မံ။**

## နံပါတ် (၅)

**သလ္လက္ခေတွာ။** ။သံ-လက္ခ+ဏေ+တွာ။
**ဉပဓာရေတွာ။** ။ဉပ-ဓရ+ဏေ+တွာ။
**ကုလေသု။** ။ကုလ+အ။
**အသံဝိဟိတ။** ။န-သံ-ဝိ-ဓာ+တ။
**ပဋိဗလ။** ။ပဋိ-ဗလ+အ။

## နံပါတ် (၆)

(င)ဝါကျ အာရောစေတိ-ဖြင့် အာစိက္ခတိ-၌ အာပုဗ္ဗ စိက္ခ-ဓာတ်သည် အာရောစနတ္ထ-၌ ဖြစ်သည်ကို သိစေပါသည်။

အညဿ-ဖြင့် အခြားသောပုဂ္ဂိုလ်အား ပြောပြသည်ကို သိစေပါသည်။

စောရကမ္မံ ကာတုံ ပဋိဗလဿ-ဖြင့် ထို အခြားပုဂ္ဂိုလ်ဟူသည် ဟူးဟူးဒြားဒြားသော ပုဂ္ဂိုလ်မဟုတ် ခိုးမှုကိုစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ဖြစ်သည်ကို သိစေပါသည်။

(ဝါ)-ခိုးမှုကိုစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ကို အရကောက်ရမည်ကို သိစေပါသည်။

ဘဏ္ဍံ-ဖြင့် ခိုးမှုကိုစွမ်းနိုင်သူအား ခိုးဖို့ရာဘဏ္ဍာကို ပြောပြ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

ဒုဋ္ဌပိတံ အသံဝိဟိတာရက္ခံ-ဖြင့် ထိုဘဏ္ဍာဟူသည်လည်း ကောင်းစွာမထားအပ်၊ မစောင့်ရှောက်အပ်သောဘဏ္ဍာဖြစ်သည်ကို သိစေပါသည်။

ပရကုလေသု ဝါ-စသည်ဖြင့် ဘဏ္ဍာတည်ရှိရာအရပ်ကို သိစေပါသည်။

## နံပါတ် (၇)

ဒုဋ္ဌပိတံ/ဒုတ္ထပိတံ. . .

ဋ္ဌပိတံ၊ ထပိတံ-နည်းတူ နှစ်ပါငြသင့်။ ဤ၌ ဒု-နောင်ဖြစ်၍ ဒွေဘော်ရောက်နေ

http://www.dhammadownload.com



မှုသာ ထူးသည်။ ဥ, ဒု, နိ-နောက်၊ ဒွေဘော်ရောက်-နိယံကို ထောက်ပါ။

## နံပါတ် (၈)

ပရကုလေသု။ ။အပေါင်းဖြစ်သော သူတစ်ပါးပိုင် တစ်ဆောင်လုံး၏ ပရကုလေသုအမည်ကို အစိတ်ဖြစ်သော ဘဏ္ဍာတည်ရှိရာ, ထားရာနေရာ၌ တင် ဧကဒေသျူပစာ၊ ရဋ္ဌိ-နည်း။

တစ်နည်း။ ။ဌာနီဖြစ်သော သူတစ်ပါးပိုင်အိမ်၏ ပရကုလေသု အမည်ကို ဌာနဖြစ်သော အိမ်တည်ရှိရာ အိမ်ဝိုင်းမြေ၌လည်း တင် ဌာနျူပစာ၊ အဝိနာဘာဝ-နည်း။

ဒုဋ္ဌပိတံ အသံဝိဟိတာရက္ခံ။ ။အကြောင်းဖြစ်သော ကောင်းစွာမထားအပ်ခြင်း အစောင့်အရှောက်မရှိခြင်းကိုဆိုသဖြင့် အကျိုးဖြစ်သော ခိုးယူဖို့ရန် လွယ်ကူခြင်းကိုလည်း သိအပ်သောကြောင့် နာနန္တရိက-နည်း။

## နံပါတ် (၁၀)

သလ္လက္ခေတွာ-၌ ဓာတ်အရ သညာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို ကောက်ပါ။

## ဝါကျစဉ် (၇၇)

(က) ဩဏိ ရက္ခတီတိ ဩဏိရက္ခော။

(ခ) သော ပရေန အတ္တနော ဝသနဋ္ဌာနေ အာဘတံ ဘဏ္ဍံ "ဣဒံ တာဝ ဘန္တေ မုဟုတ္တံ ဩလောကေထ ၊ ယာဝါဟံ ဣဒံ နာမ ကိစ္စံ ကတွာ အာဂစ္ဆာမီ"တိ ဝုတ္တော ရက္ခတိ။

(ဂ) တဿေတံ အဓိဝစနံ။

(ဃ) တေနေဝါဟ "ဩဏိရက္ခောနာမ အာဟဋံ ဘဏ္ဍံ ဂေါပေန္တော"တိ။

(ဝိ၊ ဋ္ဌ၊ ၁။ ၃၂၀)

## နံပါတ် (၁)

(က) ယော ဘိက္ခု-(ကတ္တား)၊ ဩဏိ-ဆောင်ယူအပ်သောဘဏ္ဍာကို။

(ခ) ယော-အကြင်ရဟန်းသည်၊ ဝါ-ကို၊ ပရေန-အခြားသောဘဏ္ဍာရှင်ရဟန်းသည်၊ အာဘဋံ-ဆောင်ယူအပ်သော၊ ဘဏ္ဍံ-ကို၊ ဘန္တေ၊ ယာဝ-အကြင်မျှလောက်၊ အဟံ၊ ဣဒံ နာမ ကိစ္စံ-ကို၊ ကတွာ၊ အာဂစ္ဆာမိ-ပြန်လာ၏၊ တာဝ-ထိုပြန်လာသည်တိုင်အောင်၊ ဣဒံ-ဤဘဏ္ဍာကို၊ မုဟုတ္တံ-တစ်မုဟုတ်လောက်၊ ဩလောကေထ-ကြည့်လိုက်ကြပါကုန်၊ ဣတိ-ဝုတ္တော၊(ဟုတွာ) ရက္ခတိ။

(ဂ) ဧတံ-ဤဩဏိရက္ခ-ဟူသောအမည်သည်၊တဿ-ထိုခေတ္တအပ်ထားသောဘဏ္ဍာကို စောင့်ရှောက်သောရဟန်း၏၊ အဓိဝစနံ-တည်း။

http://www.dhammadownload.com



## နံပါတ် (၂)

(ခ)ဝါကျသို့ ပုစ္ဆာ။ ။ဆရာ (က)ဝါကျဖြင့် ဩဏိရက္ခ-ဟူသည် ဆောင်ယူအပ်သောဘဏ္ဍာကို စောင့်ရှောက်တတ်သောရဟန်းဟု ဖွင့်ပြတော်မူအပ်၏။ အဘယ်သူသည် ဆောင်ယူအပ်သောဘဏ္ဍာကို အဘယ်သို့လျှင်စောင့်ရှောက်စေပါသနည်း။ ဆောင်ယူလာသောပုဂ္ဂိုလ်နှင့် ဘဏ္ဍာတို့ စောင့်ရှောက်စေပုံအခြင်းအရာကို အကျယ်အားဖြင့် မပြဆိုပြီလော။ ဤသို့စုဒ်ကြောင့် (ခ)ဝါကျကိုမိန့်။

**မှတ်ချက်။** ။အာကာရကို ယာဝ, တာဝ-တို့ဖြင့် ဖွင့်ဆိုရေးသား၍ အာကာရနှင့် စိတ္တာရ-အသံ ပေါ်လွင်စွာပေး။

(ဃ)ဝါကျသို့ စောဒနာ။ ။ဆရာ (ဂ)ဝါကျဖြင့် ဩဏိရက္ခ-ဟူသည် ခေတ္တထားအပ်သောဘဏ္ဍာကို စောင့်ရှောက်သောရဟန်း၏ အမည်ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ဆရာ၏စကားမျှဖြစ်၍ မယုံကြည်နိုင်ရာသည်မဟုတ်ပါလော။ ဝါ-ဆောင်ယူအပ်သောဘဏ္ဍာကို စောင့်ရှောက်သူမှန်သမျှ ဩဏိရက္ခ-ဟူ၍ မည်နိုင်ကောင်းရာသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ခေတ္တထားအပ်သောဘဏ္ဍာကို စောင့်ရှောက်သောရဟန်းသည်သာ ဩဏိရက္ခမည်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ဃ)ဝါကျကိုမိန့်။

**နိယံ။** ။**တေနေဝါဟ၊ ဉာပက၊ တစ်ဝဒဠီယာ။**

## နံပါတ် (၃)

(ခ+ဂ) ဝါကျတို့သည် ဝိတ္ထာရ။ ထိုတွင်- (ဂ)ဝါကျ ဝါကျာရမ္ဘ။
(ဃ) ဝါကျ အာဂမဒဠီကရဏ၊ ဉာပကဟေတု။

**စာစပ်။** ။ပရေန-ကား သည်-ပေးသောကြောင့် ဝုတ္တော-၌ အဝုတ္တကတ္တား+အဝုတ္တကတ္တိစပ်။ အာဘတ-၌လည်း စပ်နိုင်သည်။
**ပရေနာတိပဒံ ဝုတ္တောတိ ပဒေ ကတ္တာ။ (ယောဇနာ)။**

## နံပါတ် (၄)

ဩဏိ။ ။**အဝနီယတေတိ ဩဏိ။ (အဝ-နီ+အ) (နပုလ္လိင်)။**

အဝ-နီ ဓာတ်အရ ကတ္တု၌-ဆောင်ယူတတ်သောပုဂ္ဂိုလ်၏ ဝီရိယပြဋ္ဌာန်းသော ဝိညတ္တိသမုဋ္ဌာပက စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ၌-ဘဏ္ဍာ၏ အာရမ္မဏပစ္စယသတ္တိသည် ပကတူပနိဿယသတ္တိသည် ဖလူပစာ။ အ-ပစ္စည်းအရ ထို-သော ဆောင်ယူအပ်သော ဘဏ္ဍာ ရ၏။

**အာဘတံ။** ။**အာဘရီယတေတိ အာဘတံ။ (အာ-ဘရ+တ) ဉာဏ်ကောက်တူ။**

**အာဟဋံ။** ။**အာဟရီယတေတိ အာဟဋံ။(အာ-ဟရ+တ) ဉာဏ်ကောက်တူ။**

**ဂေါပေန္တော။** ။**ဂေါပေတီတိ ဂေါပေန္တော။ (ဂုပ+ဏေ+အန္တ)**

http://www.dhammadownload.com



ဂုပ-ဓာတ်အရ စောင့်ရှောက်တတ်သူ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးသော ယောနိသောမနသိကာရ-စသော စိတ္တုပ္ပါဒ်သည် ဖလူပစာ။ နောက်နောက်သော ဘဏ္ဍာကိုခံစားခွင့်ရရှိခြင်းအကျိုးတို့သည် ကာရဏူပစာ။ ဏော-ပစ္စည်းအရ ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာဘောဂုဏ် ရ၏။အန္တ-ပစ္စည်းအရ ထို-သော ဘဏ္ဍာကို စောင့်ရှောက်တတ်သော ရဟန်း ရ၏။

## နံပါတ် (၅)

မုဟုတ္တ။ ။ဟုစ္ဆ+တ၊ ဟုစ္ဆတိ ကုဋိလယတိ ရတ္တိဒိဝသေ သုဘာသုဘ ဒဿနကောတိ မုဟုတ္တော။

ရှုပ်ပြီးပုံ။ ။ဟုစ္ဆ+တ-ဓာတ်၏အစ၌ မု-အက္ခရာလာ၊ စ္ဆ-ချေ။တ-ဒွေဘော်လာ။

## နံပါတ် (၆)

(က) ဩဏိ ရက္ခတိ-ဖြင့် ဩဏိရက္ခော-၌ ဩဏိ-ပုဒ်+ရက္ခပုဒ်၊ ရက္ခ-၌ ရက္ခ ဓာတ်+အ-ပစ္စည်း၊ ယင်းအ-ပစ္စည်း၏ ကတ္တားအနက်၌သက်၍ ရက္ခတီတိ ရက္ခော-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ ဩဏိ ရက္ခော ဩဏိရက္ခော-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ သိစေပါသည်။

(ခ) အာဘတံ ဘဏ္ဍံ-ဖြင့် ဩဏိရက္ခော-ဝယ် ဩဏိ-၌ အဝ-နီ-ဓာတ်၊ ယင်း နီ-ဓာတ်၏ ဆောင်ယူခြင်းအနက်၌ဖြစ်၍ အဝနီယတေတိ ဩဏိ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ ဩဏိ-အရ ဘဏ္ဍာကို အရကောက်အပ်သည်ကိုလည်းကောင်း၊ သိစေပါသည်။

ပရေဟိ-ဖြင့် မိမိဆောင်ယူအပ်သည်မဟုတ်၊ အခြားသူဆောင်ယူအပ်သည်ကို သိစေပါသည်။

ရက္ခတိ-ဖြင့် ရက္ခော-၌ ရက္ခ+အ-ပစ္စည်း၊ အ-ပစ္စည်း ကတ္တားအနက်၌သက်၍ ရက္ခတီတိ ရက္ခော-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ သိစေပါသည်။

အပေါင်းသံဝဏ္ဏနာ-ဖြင့် ဩဏိ (အာဘတံ ဘဏ္ဍံ) ရက္ခတီတိ ဩဏိရက္ခော ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ မိမိနေရာသို့လာ၍ ဘဏ္ဍာကိုစောင့်ရှောက်ရန် အပ်နှံပုံအခြင်းအရာကိုလည်းကောင်း သိစေပါသည်။

## နံပါတ် (၇)

ဩဏိ/ဩနိ. . .

ပ, ပရိ, နှင့် နီ, ဉ, ဩ-နောက်၊ န-ငယ်ရောက်၊ မဖောက် ဏ-ကြီးပြန်လေပါ-ဟူသော နိယံအရ ဩနောင်ရောက်၍ န-ကို ဏ-ပြန်၍ ပြီးရကား ဩဏိ-ပါဌ်သင့်ပါသည်။ (ဘုရားကြီးနိယံ၊ ၁၅၈၊ စာပိုဒ်)။

ပသိဗ္ဗနာဒိ/သိဗ္ဗနာဒိ ပုန ပါကတိကံ. . .

သိဗ္ဗနာဒိ-ချုပ်ခြင်း, အပ်လျှိုခြင်း-အစရှိသော၊ ပါကတိကံ-ပင်ကိုယ်သဘော

http://www.dhammadownload.com



ရှိသည်ကို။ ပသိဗ္ဗနာဒိ-အိတ်အစရှိသည်ကို၊ ပုန-တစ်ဖန်၊ ပါကတိကံ။ ဤသို့ ဂဏ္ဌိ-၌ နှစ်ပါဌ်ရှိ၏-ဟု ယောဇနာတော်မူ၏။ နိဿယတို့၌ သိဗ္ဗနာဒိ-ပါဌ်ကိုသာ အတ္ထယောဇနာခြင်း၊ ပသိဗ္ဗကံဝါ ပုဋကံဝါ ဆိန္ဒိတွာ-ပါဌ်ဖြင့် အိတ်ကိုဖောက်ပြီး, ဖြပြီး၍၊ ယင်းအိတ်ကို တစ်ဖန်ပြန်၍ပင်ကိုယ်အတိုင်းဖြစ်အောင်ချုပ်ခြင်း အဓိပ္ပါယ်ကိုပြရာဖြစ်၍ သိဗ္ဗနာဒိ-ပါဌ်သည်သာ ယုတ္တတရ ဖြစ်ပါသည်။

## နံပါတ် (၉)

**ဩဏိရက္ခ။** ။ဆောင်ယူအပ်သော အရာဝတ္ထုအားလုံးကို စောင့်ရှောက်တတ်သူ၏ ဩဏိရက္ခအမည်ကို ဆောင်ယူအပ်သော ဘဏ္ဍာကို ခေတ္တခဏ ကြည့်ရှုစောင့်ရှောက်ထားသူ၌ တင် ဧကဒေသျူပစာ။ ရုဠ္ဟီ-နည်း။

**အတ္တနော ဝသနဋ္ဌာနေ။** ။အနီးဖြစ်သော မိမိ၏နေရာ၏ ဝသနဋ္ဌာန-အမည်ကို အနီးရှိသော မိမိနေရာဋ္ဌာန၏ အနီးပတ်ဝန်းကျင် မျက်စိမြင်လောက်ရာအရပ်၌ တင် သမီပူပစာ။

## နံပါတ် (၁၀)

**ဩလောကေထ။** ။စက္ခုပသာဒရုပ်(ဝါ)စက္ခုဝိညာဉ်စိတ္တုပ္ပါဒ်ကောက်။
**(ဃ) တေနေဝါဟ။** ။ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကောက်။

## ဝါကျစဉ် (၃၈)

(က) သံဝိဓာယ အဝဟာရော သံဝိဒါဝဟာရော။
(ခ) အညမညသညတ္တိယာ ကတာဝဟာရောတိ ဝုတ္တံ ဟောတိ။
(ဂ) **သံဝိဒဟိတွာတိ** ဧကစ္ဆန္ဒတာယ ဧကဇ္ဈာသယတာယ သမ္မန္တယိတွာတိ အတ္ထော။
(ဃ) တတြာယံ ဝိနိစ္ဆယော-
(င) သမ္ဗဟုလာ ဘိက္ခူ "အသုကံနာမ ဂေဟံ ဂန္တွာ ဆဒနံ ဝါ ဘိန္ဒိတွာ သန္ဓိံ ဝါ ဆိန္ဒိတွာ ဘဏ္ဍံ ဟရိဿာမာ"တိ သံဝိဒဟိတွာ ဂစ္ဆန္တိ။
(စ) တေသု ဧကော ဘဏ္ဍံ အဝဟရတိ။
(ဆ) တဿုဒ္ဓါရေ သဗ္ဗေသံ ပါရာဇိကံ။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၂၁)

## နံပါတ် (၁)

(က) သံဝိဓာယ-သဘောတူစီစဉ်၍ (သမ္ဗန္ဓတ္ထ)၊ ဝါ-တိုင်ပင်၍ (ဝေါဟာရတ္ထ)၊ အချင်းချင်း သဘောပေါက်နားလည်မှုဖြင့် (အဓိပ္ပါယတ္ထ)။

(ခ) အညမညသညတ္တိယာ-အချင်းချင်းသိစေခြင်းဖြင့်၊ (ဝါ)-အချင်းချင်းနား

http://www.dhammadownload.com



လည်မှုဖြင့်၊ ကတာဝဟာရော-ပြုအပ်သောခိုးခြင်းတည်း။

(င) စေတ္တနတာယ-တူသောဆန္ဒရှိကုန်သည်၏အဖြစ်ဖြင့်၊ ဧေကဇ္ဈာသယတာယ-တူသောအဇ္ဈာသယ ရှိကုန်သည်၏အဖြစ်ဖြင့်၊ သမ္ဗန္ဓယိတွာ-တိုင်ပင်၍၊ (သမ္ဗဟုလာနံ ဘိက္ခူနံ-ဟု သမ္ဗန်ခံ)။

(ယ) တတြ-ထိုသို့ သဘောတူတိုင်ပင်၍ ခိုးရာ၌။

(င) အာကာရအတွင်းသွင်း, အပြင်ထုတ် လေ့ကျင့်ရန်- သမ္ဗဟုလာ ဘိက္ခူ သံဝိဒဟိတွာ ဂစ္ဆန္တိ (ကိ) အသုကံနာမ ဂေဟံ-သို့၊ ဂန္တွာ-၍၊ ဆဒနံ-အမိုးကို၊ ဘိန္ဒိတွာ-ဖောက်၍၊ (ဘဏ္ဍံ-ကို၊ ဟရိဿာမ-ဆောင်ချေကြစို့၊ ဣတိ ဝါ-ဤသို့သော်လည်းကောင်း) သန္ဓိ-အိမ်၏အစပ်ကို၊ ဘိန္ဒိတွာ-ဖြတ်တောက်၍ (ဘဏ္ဍံ ဟရိဿာမ ဣတိ ဝါ-ဤသို့သော်လည်းကောင်းတည်း၊) (အနက်အားဖြင့် အာကာရအပြင်ထုတ်)။

(စ) တေသု-ထိုရဟန်းတို့တွင်။

## နံပါတ် (၂)

